www.burmeseclassic.com

the bookhouse



ရွှေကူမေနှင်း

# ပျောက်ဆုံးနေသော ၃၃

ချီလီသတ္တုတွင်းထဲမှ ၆၉ ရက်ကြာရှဲ့ခန်း

THE 33 BY JONATHAN FRANKLIN

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

the bookhouse

ပုံနှိပ်သူ
ဦးတင့်ဆောင်ကျော်
(မြ ၀၃၀၅၃)
ရွှယ်တော်ပုံနှိပ်တိုက်၊
အမှတ် ၁၄၇၊ ၅၁-လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
၂၀၁၂၊ ဇွန်လ၊ ပထမအကြိမ်။
အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၃၅၀၀ ကျပ်
ဖြန့်ချိရေး
the bookhouse
၀၉ ၅၀၀ ၈၇၂၇
၀၉ ၅၁၁ ၁၈၅၁




ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း (CIP)

၈၉၅-၈၃

ရွှေကူမေနှင်း၊
ပျောက်ဆုံးနေသော-၃၃ / ရွှေကူမေနှင်း ၊ ရန်ကုန်။
the bookhouse စာပေ၊ ၂၀၁၂
၂၂၁ စာ၊ ၁၇.၇၈ စင်တီ × ၁၇.၇၈ စင်တီ
(၁) ပျောက်ဆုံးနေသော-၃၃

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC

စုစည်းမှု


| | | |
|---|---|---|
| ကမ္ဘာ့မြင်ကွင်း | | ၁ |
| အခန်း ၁ | အရှင်လတ်လတ်မြေမြှုပ်ခံရခြင်း | ၆ |
| အခန်း ၂ | စိတ်ပျက်ဖွယ်ရှာဖွေမှု | ၂၀ |
| အခန်း ၃ | ငရဲတွင်းထဲမှာ | ၃၈ |
| အခန်း ၄ | မြန်နှုန်းနှင့်တိကျမှန်ကန်မှု | ၅၁ |
| အခန်း ၅ | ၁၇ ရက်တိုင်ငြိမ်သက်ခြင်း | ၆၈ |
| အခန်း ၆ | မိုင်းအောက်ခြေဦ | ၈၂ |
| အခန်း ၇ | အသက်ရှင်ရေးသို့ ပြန်လည်လူးလွန့်လာခြင်း | ၉၇ |
| အခန်း ၈ | မာရသွန်ပြေးပွဲကြီး | ၁၁၂ |
| အခန်း ၉ | ရုပ်မြင်သံကြားအစစ်အမှန် | ၁၂၇ |
| အခန်း ၁၀ | အပြီးသတ်ဖို့မြင်ရပြီ | ၁၄၄ |
| အခန်း ၁၁ | နောက်ဆုံးရက်များ | ၁၅၈ |
| အခန်း ၁၂ | နောက်ဆုံးပြင်ဆင်မှုများ | ၁၇၀ |
| အခန်း ၁၃ | ကယ်ဆယ်ပြီ | ၁၈၇ |
| အခန်း ၁၄ | လွတ်မြောက်ခြင်း၏ပထမနေ့ရက်များ | ၂၀၅ |
| မျှော်လင့်ခြင်းအောင်ပွဲ | | ၂၁၈ |


the bookhouse
we bring your future
serial - 0039 (12-023)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့။
ချီလီပြည်မြောက်ပိုင်း။

တောင်တန်းဘေးတွင် နှင်းများက ထူထပ်စွာကျဆင်းနေသည်။ မှုန်မှိုင်းမှိုင်းမြူခိုးများက တောင်ဆင်ခြေလျှောကို တွယ်တက်နေကြ၏။ နေမင်းကား မိုးကုပ်စက်ဝိုင်းနောက်တွင် ပုန်းနေဆဲ။ ပစိဖိတ်သမုဒ္ဒရာထက်မှ အေးစက်လေးလံသော လေအေးများက လူ့ခန္ဓာကိုယ်တွင်းမှ အပူဓာတ်ကို စုပ်ယူလွင့်ပစ်လိုက်သည်။ ကမ္ဘာ့အခြောက်သွေ့ဆုံး သဲကန္တာရတစ်ခုဖြစ်သော 'အတာကမာ သဲကန္တာရ' ထဲတွင် ယာယီတဲစခန်းများအထဲရှိ မီဒီယာစခန်းများက 'အင်တာနာ' များ တပ်ဆင်ထားရာ အလင်းရောင်လွင်ပြင်ကြီး ဖြစ်နေလေ၏။ ဂြိုလ်တုဆက်သွယ်ရေး ထပ်ဆင့်အသံလွှင့်တိုင်များက ကွင်းပြင်၏ထိပ်တွင် မိုးလျက်ရှိနေသည်။

စခန်းဝန်းကျင်တွင် လက်ချင်းချိတ်တွဲထားသော 'အေဗာလို့စ်' မိသားစုသည် ငြိမ်သက်စွာ ဝတ်ပြုဆုတောင်းလျက်ရှိ၏။ သူတို့သည် သေဆုံးသွားပြီဟု ယူဆရသော ဆွေမျိုးနှစ်ဦးအတွက် ဆုတောင်းနေကြခြင်းဖြစ်သည်။ အသက် ၂၉ နှစ်အရွယ် 'ရေနန်' နှင့် ၃၁ နှစ်အရွယ် 'ဖလိုရန်စီယိုအေဗာလို့စ်' တို့ ညီအစ်ကိုသည် ဩဂုတ်လ ၅ ရက်နေ့တွင် 'ဆန်ဂျိုးသတ္တုတွင်း' မြေအောက်သို့ ၁၂ နာရီ တာဝန်ထမ်းဆောင်ရန် ဆင်းသွားခဲ့ကြပြီး နေ့လည်ပိုင်း၌ ကျောက်တောင်ထုကြီး ပြိုကျပြီး အတွင်းမှာ ပိတ်မိခဲ့ကြသည်။

အေဗာလို့စ် မိသားစုသည် ၉ ပတ်လုံးလုံး ဝတ်ပြုဆုတောင်းခဲ့ကြ၏။ ၉ ပတ်မြောက်တွင် ညီအစ်ကိုများ အသက်ရှင်နေဆဲဖြစ်ကြောင်းနှင့် ကယ်ဆယ်နိုင်တော့မည်ဖြစ်ကြောင်း မျှော်လင့်ချက်သတင်းကို ကြားကြရသည်။



the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဩဂုတ်လအစောစောပိုင်း သတ္တုတွင်းပြိုကျကြောင်း ကြားရသည့်အချိန်မှစ၍ ဤမျှဝေးလံသည့် ချီလီမြောက်ပိုင်းသို့ ရာပေါင်းများစွာသော ဝါရင့်အင်ဂျင်နီယာများ၊ ကယ်ဆယ်ရေးလုပ်သားများ၊ တွင်းတူးသမားများ ဆင်းလာခဲ့ကြသည်။ ၎င်းတို့လာရောက်ခြင်းကား စေတနာ့ဝန်ထမ်းလုပ်အားပေးရန်၊ အကြံအဉာဏ်ပေးရန်၊ ပစ္စည်းကိရိယာပေးရန်အတွက် ကြိုးပမ်းလုပ်ဆောင်ကြရန် ဖြစ်ပေသည်။

ချီလီနိုင်ငံသမ္မတ 'ဆီဘက်စ်တင် ပီနာရာ' ကလည်း သံတမန်ရေးအရလည်းကောင်း၊ စီးပွားရေးနယ်ပယ်ဆက်သွယ်ရေးအရလည်းကောင်း အကူအညီတောင်းခံခဲ့သည်။ 'ကျွန်ုပ်တို့လူများ မီတာ ၇၀၀ မြေအောက်မှာ ပိတ်မိနေပါသည်။ ဘယ်လို နည်းလမ်းများနဲ့ ကူညီနိုင်ကြမလဲ' ဟု ဖိတ်ခေါ်ပြောကြားခဲ့၏။

BURMESE CLASSIC

တုန့်ပြန်မှုကား အပြည့်အလျှံတည်း။

ယခုဆိုလျှင်

ကယ်ဆယ်ရေးအစီအစဉ်သည် နောက်ဆုံးအဆင့်သို့ ရောက်နေပြီ။ ၂၄ နာရီအတွင်း ဒုံးပျံပုံသဏ္ဌာန်အတွင်း၌ လူတစ်ယောက်ဝင်နိုင်သောယာဉ် (ဖိုးနစ်ခ်ဟု သိကြသည်) ကို မြေတွင်းသို့ ချပေးနိုင်တော့မည်။ သတ္တုတွင်းအောက်ခြေသို့ ရောက်သွားနိုင်တော့မည်။ ဖလိုရင်ရှိအေဗလို့စ်သည် အဆိုပါယာဉ်၏တံခါးကိုဖွင့်ပြီး အပေါ်သို့တက်လာမည့် ပထမဆုံးသတ္တုတွင်းသမားတည်း။ ဤလုပ်ဆောင်ချက်သည် ဂုဏ်ရှိခြင်းနှင့်အတူ စွန့်စားရခြင်းလည်းဖြစ်၏။

ယနေ့ ဤအချိန်သို့ရောက်အောင် ကယ်ဆယ်ရေးလုပ်သား ရာပေါင်းများစွာသည် လအတော်ကြာ ကြိုးပမ်းခဲ့ကြရသည်။ အများစုသည် စကားမပြောဘဲ ငြိမ်သက်စွာ လုပ်ဆောင်ခဲ့ကြခြင်းဖြစ်၏။ ယခုကား ဤကြီးမားသော စွန့်စားမှုကြီးတွင် မိမိတို့ တစ်စိတ်တစ်ဒေသပါဝင်ခဲ့ရခြင်းအတွက် အားလုံးဂုဏ်ယူနိုင်ကြလေပြီ။ ကမ္ဘာပေါ်ရှိ ထူးခြားသောဖြစ်စဉ်ကြီး၌ သေးငယ်သောအခန်းမှဖြစ်စေ ပါဝင်ခဲ့ရပြီပဲ။ ယခင်က ဤမျှလောက် နက်ရှိုင်းသောနေရာ၊ ဤမျှကြာမြင့်သည့်အချိန်အတွင်း ကယ်ဆယ်နိုင်ခဲ့ဖူးသောအဖြစ် တစ်ခါမျှမရှိခဲ့သေးပေ။ ဤသို့ ကယ်ဆယ်လျှင် ဖြစ်နိုင်သည်ဟူသော နည်းလမ်း အများအပြားရှိစေကာမူ အားလုံးနားလည်ထားကြသည်မှာ သတ္တုတွင်းလုပ်ငန်းသည် အန္တရာယ်အများဆုံးဟူ၍ ဖြစ်၏။ မြေအောက်၌ ပိတ်မိနေသူအားလုံးကို အသက်ရှင်လျက် ကယ်ဆယ်နိုင်ခြင်းမှာ ဖြစ်နိုင်ခြေမကြီးမားပေ။

ဤကယ်ဆယ်ရေးအစီအစဉ်ကို 'ဆန်လိုရင်း ထိုးစစ်ဆင်ရေး' ဟု အမည်ပေးခဲ့ပြီး သတ္တုတွင်းလုပ်သားများ၏ ဆရာတော်ဖြစ်သော 'စိန့်လိုရင်းဇိုး' ကို အမှူးထားလျက်၊ ချီလီနိုင်ငံပိုင် သတ္တုတွင်းကုမ္ပဏီ 'ကိုဒယ်လ်ကို' ဦးဆောင်ကာ ကမ္ဘာ့အကျွမ်းကျင်ဆုံး တွင်းတူးသမားများ၊ မြေပုံ၊ ပစ္စည်းကိရိယာများကို စုစည်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ လွန်ခဲ့သည့် နှစ်လက လုပ်ကိုင်ခဲ့ခြင်းဖြစ်ပြီး ယခုအခါမှ နောက်ဆုံးအဆင့် ရောက်လာခြင်းပါ။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ကိုဒယ်လ်ကိုကုမ္ပဏီသည် ဤသတ္တုတွင်းလုပ်ငန်းမှ တစ်နှစ်လျှင် ဒေါ်လာ ၄ ဒသမ ၅ ဘီလီယံ အမြတ်ရခဲ့၏။ ဤကုမ္ပဏီမှ အကုန်အကျခံကာ တွင်းတူးသမားများ ငှားရမ်းကာ မြေအောက်ရှိလူများ ရှာဖွေရေးနှင့် ဖြ၉ ရက်လုံးလုံး မြေအောက်လူများအား အစားအစာကျွေးမွေးရေးကို ပြုလုပ်ခဲ့သည်။ ယခုအခါ ဆောင်ရွက်မျှော်လင့်သမျှ ဖြစ်လာလေပြီ။ ၄င်းတို့ မြေအောက်မှလူများကို ဆွဲတင်နိုင်ကြပါ့မလား။ ဆွဲတင်ရာမှာ လုံခြုံပါ့မလား။ စိတ်ချရပါ့မလား။ မြေအောက်အနက်သည် 'အီဖယ်လ်မျှော်စင်' ၏ နှစ်ဆဖြစ်သည်။ ကယ်ဆယ်ရေးလမ်းကြောင်းအပေါက်က ကျဉ်းကျဉ်းလေးဖြစ်ရာ မြေအောက်မှ လူများအား ယာဉ်ထဲဝင်၍ရအောင် လေ့ကျင့်ထားကြရန် ညွှန်ကြားခဲ့ရသည်။

■

နံနက်မလင်းသေးသော်လည်း ရာနှင့်ချီ၍ရှိနေသော သတင်းသမားများကား အိပ်ယာမှ နိုးထနေကြပါပြီ။ မိမိပုံက ပို၍အခွင့်အရေးသာနိုင်ဖို့ ကင်မရာများကို နေရာယူနေကြသည်။ ဤရုပ်ပုံများကား ကမ္ဘာအနှံ့ရှိ ရုပ်မြင်သံကြားကြည့်ရှု သူများထံရောက်ရှိကာ ပရိတ်သတ်၏ နှလုံးသားနှင့် စိတ်ကူးစိတ်သန်းတို့ကို ဖမ်းစားကြရန် ဖြစ်ပေသည်။ လကမ္ဘာသို့ ခြေချခြင်းဖြင့် နည်းပညာထိုးဖောက်မှုကို စိန်ခေါ်ခဲ့ပြီး ကမ္ဘာကိုဖမ်းစားခဲ့ပြီးနောက်မှာ ၂၀၁၀ အတွင်း နည်းပေါင်းဒါဇင်နဲ့ ချီ၍ အသစ်တီထွင်ခဲ့ကြပြီးလေပြီ။

အေဗာလို့စ်မိသားစုသည် ငြိမ်သက်စွာခေါင်းငုံ့၍ ဆုတောင်းနေကြသည်။ သတင်းသမားများ မေးမြန်းခြင်းကို အနည်းအကျဉ်းသာဖြေကြပြီး ကင်မရာရွေ့လျားမှုကို ဥပေက္ခာပြုလိုက်ကြ၏။ သတင်းသမားများသည် ကေဘယ်လ်ကြိုးများ၊ အသံဖမ်းသမားများနှင့်အတူ တိုက်ရိုက်လွှင့်ထုတ်မှုကို မိနစ်အနည်းငယ်ပြုလုပ်ကြ၏။ သူတို့လွှင့်လိုက်သော စကားလုံးတိုင်းကို ကမ္ဘာတစ်ဝှမ်းလုံးမှ ပရိတ်သတ်များ ကြားကြရသည်။ ထို့နောက် သတင်းသမားများက နောက်မိသားစုတစ်စုထံ မေးကြလေသည်။

အေဗလို့စ်မိသားစု၏နောက်တွင် ပိတ်သားပြင်၌စာလုံးဖော်ထားသော စာတန်းရှိ၏။ ထိုစာတန်းကား 'မြေမြှုပ်ခံထားရသည်။ ကျော်လွှားနိုင်ချင်မှ ကျော်လွှားနိုင်လိမ့်မည်' ဟူ၍ဖြစ်၏။ ရုပ်မြင်ဖန်သားပေါ်၌ မြင်ရသော မြင်ကွင်းတွင် သတ္တုတွင်းသမားတို့က ငေးနေကြ၏။ အမှောင်တစ်ဝက်ဖုံးနေ၏။ တစ်ဦးစီတို့၏မျက်နှာမှာ မှတ်မိဖွယ်မရှိ။ လေးနက်တည်ငြိမ်စွာ၊ တင်းမာစွာ ရာသီဥတုဒဏ်ခံထားရသော အသားအရေဖြစ်နေကြသည်။ အုပ်စုတစ်စုလုံးကိုတော့ Los - 33 ဟု ကမ္ဘာတစ်ခုလုံး၏ ပြန်လည်ကောင်းမွန်လာခြင်း သင်္ကေတအဖြစ် အမှတ်အသားပြုထားကြသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



၂၀၁၀ ဇော်တင်ဘာနှင့် အောက်တိုဘာ နှစ်လလုံးလုံး တွင်းတူးသမားတို့သည် လိပ်သည်းကျောက်မြေဖြစ်သော တောင်ကုန်းကိုတူးပြီး ပိတ်မိနေသောလူများကို ရှာဖွေခဲ့ကြ၏။ ကမ္ဘာအရပ်ရပ်မှ သတင်းသမားများ စုပြုံ၍ပြေးလာကြသည်။ လူ ၃၃ ဦး၏ကံကြမ္မာကား အစုလိုက်ပြောစရာဖြစ်လာသည်။ သတင်းသမားတို့သည် 'ကိုပီယာပို'မြို့သို့ လေယာဉ်လက်မှတ် ရဖို့အရေး ရှုံ့ဖြစ်ကြရ၏။ ဤမြို့လေးကို ယခင်က မည်သူမျှ အလေးမထားခဲ့ကြချေ။ ချီလီပြည် အသံလွှင့်သမားတို့သည် နိုင်ငံ၏ မိုးလေဝသ အခြေအနေကို ကြေညာလျှင်ပင် ဤမြို့လေးကို ကျော်လွှားခဲ့ကြမြဲဖြစ်၏။ ချီလီသို့ ကမ္ဘာ့ဖလားပွဲလာ ကစားသူများ ခရီးထွက်လျှင်လည်း ဤမြို့မှာ တစ်ခါမျှ မရပ်နားခဲ့ကြချေ။

ဤကဲ့သို့ တစ်ကမ္ဘာလုံးက စိတ်ဝင်စားနေကြသည့်ကိစ္စဖြစ်သော်လည်း ကင်မရာများကို အနီးကပ်ခွင့်မပြုချေ။ ရှေ့တန်းလိုင်းသို့လည်းကောင်း၊ မြေအောက်အခြေအနေသို့လည်းကောင်း ရိုက်ကူးခွင့်မပေးချေ။ ရဲအစောင့်များ ချထားပြီး ကြပ်တည်းစွာ တားဆီးထားသည်။ သမ္မတ ပီနာရာကိုယ်တိုင် လွှဲဆော်ခဲ့သော အကူအညီများ၊ လူထုဆက်သွယ်ရေးများသည် နှစ်လကြာအောင် မိသားစုဝင်များ၊ နိုင်ငံရေးသမားများနှင့် တွေ့ဆုံဆွေးနွေးခန်းများသာ ပြုလုပ်ခဲ့ရ၏။ ထိုအခါကမ္ဘာလူထုမှာ မြေအောက်သတင်းမကြားရသဖြင့် မြေအောက်မှာဘာဖြစ်ကုန်ပြီလဲဟု ရှုပ်ထွေးကုန်ကြတော့သည်။ လှောင်ပိတ်နေသော ဝှထဲတွင် ထိုလူ ၃၃ ယောက်သည် ဤမျှကြာသော ရက်သတ္တပတ်များနောက်ပိုင်း မည်သို့အသက်ရှင်နိုင်ပါတော့မည်နည်း။

■

ညနေခင်းစောစောတွင် နောက်ဆုံးတွက်ချက်မှု စတင်လေပြီ။ ဆွေမျိုးလူထုသည် အိမ်လုပ်နေရသောကားများ၊ မီဒီယာတဲများရှေ့၌ချထားသော ကြီးမားသည့် TVကြီးရှေ့တွင် စုပြုံမတ်တပ်ရပ်နေကြသည်။ ယခု မြင်ရသောမြင်ကွင်းကား ကယ်ဆယ်ရေးလုပ်သားများက 'ဖိုးနစ်ခ်' ကယ်ဆယ်ရေးယာဉ်ကို နောက်ဆုံးအပြီးသတ် ပြုလုပ်နေခြင်းဖြစ်၏။ ယာဉ်ကို ချီလီအလံတော်ဖြစ်သော အပြာ၊ အဖြူနှင့် အနီးချယ်ပြီး နာဆာအဖွဲ့နှင့် ချီလီရေတပ်တို့က အထူးစီမံတီထွင်လုပ်ကိုင်ခဲ့ခြင်း ဖြစ်သည်။

ည ၁၁း၀၀ နာရီ။

ဖိုးနစ်ခ် အဆင်သင့်ဖြစ်ပါပြီ။

အဝါရောင်ဘီးကြီးတွင် ကေဘယ်လ်ကြိုးများရစ်ထားပြီး လှည့်သည်။ မမြင်နိုင်သောအရာများက လည်ပတ်မှု တစ်ခုလုံးကို ဆောင်ရွက်နေခဲ့၏။ ခေတ်မီကိရိယာများသည် ထုထည်ကြီးသော စက်တွင်းများတူးကာ မြေအောက်မှလူများ

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ကို ရှာဖွေခဲ့၏။ ကေဘာယ်လ်မိုင်ပေါင်းများစွာသည် ဝါယာလက်စ်လွှင့်စက်များဖြင့် အလုပ်သမားများ၏ လက်ကောက်ဝတ်မှ သွေးခုန်နှုန်းကိုတိုင်းပြီး မြေပေါ်ရှိဆရာဝန်၏ ကွန်ပျူတာလက်ပ်တော့တွင် ဖော်ပြခဲ့ကြ၏။

လွန်ခဲ့သော ၆၉ ရက်က လူများသည် မြေအောက်၌ ပျောက်ဆုံးခဲ့ကြသည်။ နှစ်ပတ်ကျော်ရှာဖွေမှုများ မအောင်မြင်ခဲ့ချေ။ ၎င်းတို့ပိတ်မိနေသော လိုဏ်ခေါင်းကို မတွေ့နိုင်ခဲ့ပေ။ သေဆုံးဖို့သေချာနေသဖြင့် အလုပ်သမားများသည် နှုတ်ဆက်စာ များကိုပင် ရေးသားခဲ့ကြပြီးပြီ။ အစိုးရကိုယ်တိုင်ပင် တောင်စောင်း၌ ၎င်းတို့ မြေပုံများကို အမှတ်အသားပြုရန် အဖြူရောင် ကြက်ခြေခတ်တိုင်များပုံစံကို စတင်ပြုလုပ်နေလေပြီ။ ယခုကား သူတို့မသေတော့။ ပြန်လည်မွေးဖွားကြတော့မည်။ ပြန်လည်ကယ်ဆယ်နိုင်ကြတော့မည်။ ဤဖြစ်နိုင်ရန်ခက်ခဲသော ကယ်ဆယ်မှုကိုရော တကယ်ဆွဲတင်နိုင်ကြပါ့မလား။

ကမ္ဘာက အသက်မရှူနိုင်ဘဲ ရပ်ထားချိန်တွင် ဖိုးနစ်ခ်ယာဉ်ကို ဖြည်းညှင်းစွာချလိုက်ကြသည်။ မြေကြီးတွင်းထဲ ဝင်သွားလေပြီ။ ထုထည်ကြီးသော လျှောင်လှုပ်လေ့ရှိသည့်နယ်မြေတွင် ကယ်ဆယ်ရေးကိစ္စ ကျဆုံးနိုင်ကြောင်း တွက်ဆနိုင်သည်။ အလုပ်ဖြစ်ဖို့အတွက် ဤကယ်ဆယ်ရေးလုပ်ငန်းသည် နည်းပညာအစွမ်းတင်မက ကံကောင်းဖို့လည်းလိုနေသည်။ ကယ်ဆယ်ရေး လုပ်ငန်းလုပ်ချိန်တစ်လျှောက်လုံးတွင် ကမ္ဘာပေါ်ရှိ ကျွမ်းကျင်သူများနှင့် တိုင်ပင်ခဲ့၏။ အကြံဉာဏ်ယူခဲ့၏။ ဆေးပညာဆိုင်ရာ အစီအစဉ်များ အကူအညီပေးခဲ့၏။ အင်ဂျင်နီယာပိုင်းဆိုင်ရာများ ရရှိခဲ့၏။ နာဆာကိုယ်တိုင် နှုတ်ပိတ်နေခဲ့၏။ ယခုလုပ်ငန်းစဉ်တွင် လူ့စွမ်းအားကို ချီလီနိုင်ငံသားများကိုယ်တိုင် ရေးရပေတော့မည်။

■

the bookhouse we bring your future
www.burmeseclassic.com

www.burmeseclassic.com



## အခန်း-၁
## အရှင်လတ်လတ် မြေမြှုပ်ခံရခြင်း

**ဩဂုတ်လ ၅ ရက်၊ ကြာသပတေးနေ့၊ နံနက် ၇ နာရီ။**

ဆန်ဂျိုးစီးသင်္ချိုင်းတွင်းသို့ ၁၅ မိနစ်ခရီးဖြစ်သော ဤနေရာသည် ယခင်ကထက် ပို၍လှပနေသည်။ သေးငယ်သော ခရမ်းရောင်ပန်းပွင့်လေးများက တောင်ကုန်းကို အကွေ့အလိမ်လေးများဖြင့် ဆေးပန်းချီချယ်ထား၏။ ဤ 'ပန်းများပွင့်ရာ သဲကန္တာ'သည် ပြည်ပနိုင်ငံခြားသားခရီးသည် ထောင်ပေါင်းများစွာကို ခေါ်ဆောင်နေပေသည်။ ခရီးသည်တင်ဘတ်စ်ကားပေါ်မှ လူအနည်းငယ်ကသာ ဤအလှအပတောင်ကုန်းကို သတိထားမိကြပြီး အများကမူ အိပ်ပျော်ရင်း ဆန်ဂျိုးစီးသင်္ချိုင်းတွင်း၏ အကွေ့အကောက်များကို ကျော်လွန်သွားကြမြဲတည်း။

ဤသင်္ချိုင်းတွင်းကား ရွှေနှင့်ကြေးနီ အများအပြား ထွက်ရှိရာမြေဖြစ်၍ ရာစုနှစ်တစ်စုမကအချိန်အတွင်း သင်္ချိုင်းရှာဖွေရေး လမ်းကြောများကို မြွေလိမ်မြွေကောက်လိုဏ်များအဖြစ် ထားပစ်ခဲ့ကြလေသည်။ ထိုလိုဏ်ခေါင်းလမ်းအတွန့်များသည် လူ့ခန္ဓာကိုယ်ထဲရှိ သွေးကြောများနှင့်ပင် တူနေတော့၏။

ဘတ်စ်ကားကြီးထဲတွင် 'မာရီယို ဂိုမက်စ်' တစ်ယောက်ကား မအိပ်နိုင်ချေ။ မိုဘိုင်းလ်ဖုန်း၏ နှိုးစက်ကြောင့် သူ နံနက် ၆း၀၀ နာရီမှာ အိပ်ယာမှနိုးလာခဲ့သည်။ သူ့စိတ်ထဲတွင် တစ်စုံတစ်ရာ အနှောင့်အယှက်ဖြစ်ပြီး စနိုးစနောင့်ခံစားရသဖြင့် ဇနီးဖြစ်သူအား 'ငါ သွားသင့်သလား'ဟု မေးခဲ့သေးသည်။ သူ့ဇနီး လီလီယန်က 'အလုပ်ဖျက်လိုက်ပါ'ဟု တိုက်တွန်း၏။ လီလီယန်သည် သူ၏ ၆၃ နှစ်အရွယ် ခင်ပွန်းဖြစ်သူကို အငြိမ်းစားယူဖို့ တိုက်တွန်းနေခဲ့သူ ဖြစ်သည်။ ဂိုမက်စ်က သဘောပေါက်ဖို့ များများ မလိုအပ်ပါ။ သူသည် အသက် ၁၂ နှစ်အရွယ်ကပင် ဘ၀ကို သင္ချိုု

www.burmeseclassic.com

www.burmeseclassic.com



တွင်း၌ စတင်ခဲ့သူပဲ။ ၅၁ နှစ်လုံးလုံး မြေအောက်၌ မည်သို့မည်ပုံသေဆုံးနိုင်ကြောင်းကို အတွေ့အကြုံများအရ သင်ယူခဲ့ပြီးပြီ။ တစ်နည်းအားဖြင့် သူ့ဘယ်ဘက်လက်ကလည်း သတိပေးနေသည်။ ဒိုင်းနမိုက် အနီးကပ်ခွဲခဲ့စဉ် သူ့လက်ချောင်းနှစ်ချောင်း ပြတ်ပါ သွားခဲ့၏။ သူ့လက်မသည် အရင်းမှ စုတ်ပြတ်သွားခဲ့၏။

ဂိုမက်စ်သည် ဘတ်စ်ကားပြတင်းမှနေ၍ လွင်တီးခေါင်ဖြစ်နေသော ကန္တာရကို ငေးကြည့်နေသည်။ တောင်ကုန်းသည် သစ်ပင်တစ်ပင်မျှပင် ပေါက်ရောက်ရှင်သန်ခွင့်မပေးသော်လည်း တောင်ကုန်းမြေအောက်ကား ကြွယ်ဝချမ်းသာမှု ပြည့်လျှံအောင် ပေးနေပေသည်။ ဤမြေအောက်သို့ အိပ်ငိုက်နေသောလူများ ဝင်ကြရဦးမည်။ ဆန်ဂျိုးသတ္တုတွင်းကား ဤ နယ်ပယ်၌ အန္တရာယ်အများဆုံးတွင်း ဖြစ်၏။ လုပ်အားခကိုလည်း သူမတူအောင် ပေးလေသည်။ ထိုများပြားသော လုပ်ခကြောင့်လည်း လုပ်သားများသည် သစ္စာရှိရှိတည်မြဲနေကြခြင်းဖြစ်၏။ လုပ်သားတိုင်းသည် အန္တရာယ်နှင့် ငွေကို ချိန်စစ်ခဲ့ကြပြီး ငွေကို အနိုင်ပေးခဲ့ကြသည်ချည်း ဖြစ်ပေသည်။

ဘတ်စ်ကား မောင်းလာသောလမ်းတွင် ရိုရိုးပူဇော်ရန် စင်ကလေးများ တန်းနေသည်ကို မြင်ရ၏။ ဤစင်ကလေးများကား ရှောင်တခင်သေဆုံးခဲ့ကြသူများကိုရည်စူး၍ ပူဇော်ရန်ထားခြင်းဖြစ်သည်။ ဤဒေသမှအယူအဆအရ မတော်တဆ ထိခိုက်၍ ရုတ်တရက်သေဆုံးသူများ၏ ဝိဉာဉ်သည် ကောင်းကင်ဘုံနှင့် ကမ္ဘာမြေအကြား ခေတ္တနားခိုနေကြသေးသည်ဟု ဆိုသည်။ ယခုကဲ့သို့ စင်ကလေးများပြုလုပ်ပေးထားခြင်းဖြင့် မိသားစုနှင့်မိတ်ဆွေများသည် ယင်းတို့ ချစ်ခင်သော သေဆုံးသူများအား ကောင်းကင်ဘုံသို့ လမ်းညွှန်နိုင်ကြလိမ့်မည်။ ထို့ကြောင့် ထိုစင်ကလေးများပေါ်တွင် သေဆုံးသူတို့၏ ဓါတ်ပုံများနှင့် ပန်းများ၊ ဖယောင်းတိုင်များ ထွန်းညှိထားကြခြင်းတည်း။ နောင်ဆိုလျှင် ဤမြင်ကွင်းများ ဒါဇင်နှင့်ချီ၍ ပေါ်လာနိုင်ပေသည်။

မြေအောက်ဆင်းကြမည့်လူအများစုသည် နေ့လယ်စာအတွက် တနင့်တပိုးယူသွားတတ်ကြ၏။ သတ္တုတွင်းပိုင်ရှင်က ၁၂ နာရီအဆိုင်းတွင် ဆင်းဒ်ဝစ်နှစ်ခု၊ နို့တစ်ကာတွန်းဆိုလျှင် ခွန်အားအတွက် လုံလောက်သည်ဟု တွက်ချက်ထားသော်လည်း အလုပ်သမားများကား ထပ်မံအားဖြည့်ရန် ချောကလက်တစ်တောင့်၊ စွပ်ပြုတ်ဓါတ်ဗူးတစ်ဗူး၊ အသားနှင့် ခရမ်းချဉ်သီးညှပ်ဆင်းဒ်ဝစ်တို့ကို ယူသွားကြ၏။ ထို့ပြင် အနီးပတ်ဝန်းကျင်ရှိ စူပါမားကက်၌ရောင်းသော ၅၅၀ စီစီ ဝင်သည့် ရေပုလင်း၊ ရေဗူးများကိုလည်း ပလပ်စတစ်အိတ်ဖြင့် ယူသွားကြသည်။ သတ္တုတွင်းအတွင်းမှာ အပူချိန်သည် ၃၀ ဒီဂရီအောက် ကျဆင်းလေ့မရှိ။ လုပ်သားများသည် တစ်နေ့လျှင် ရေ ၃ လီတာခန့် သောက်ကြရသည်။ လေထုသိပ်သည်းမှုက ထူထပ်လွန်းသဖြင့် သူတို့ စီးကရက်သောက်လျှင် အောက်သို့ အလိုလို ငိုက်ကျသွားတတ်သည်။

သတ္တုတွင်းအဝင်ဝတွင် လုပ်သားများသည် မြေအောက်လုပ်ငန်းဝတ်စုံကို လဲကြရ၏။ အလုပ်သမားဘောင်းဘီ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



များ၊ တီရှပ်များ၊ ခေါင်းဆောင်းဦးထုပ်များနှင့် ခေါင်းပေါ်မှာတပ်ဆင်ရသော မါတ်မီးများကို ဝတ်ဆင်ကြရသည်။ သူတို့အလုပ်ဆင်းကြောင်း ပြသသည့်အနေနှင့် သတ္တုကတ်ပြားတစ်ခုကိုလည်း တွယ်ချိတ်ရသည်။ ဤသတ္တုပြားမပါလျှင် အလုပ်ပျက်ကြောင်း ပြသခြင်းဖြစ်၏။ သူတို့သည် ခုနစ်ရက် အလုပ်ဆင်းပြီး ခုနစ်ရက် နားရသည်။ အလုပ်ဆင်းသော ခုနစ်ရက်လုံးလုံး တီရိစ္ဆာန်များကဲ့သို့ ချွေးတလုံးလုံးလုပ်ရပြီး နားရက်ခုနစ်ရက်မှာကား စည်းစိမ်ဖြင့် နေနိုင်ကြသည်။ အကယ်၍ တနင်္လာနေ့တွင် အလုပ်နားရသည်ဆိုပါက 'မွန်မြတ်သောတနင်္လာနေ့' အဖြစ် ဝတ်ပြုတတ်ကြသည်။

အလုပ်သမားများနောက်ကျပါက ပိုင်ရှင်များက တစ်မျိုးမြင်ကြ၏။ ဤတောင်ကုန်းတွင် ဆန်ဂျိုးစီးသတ္တုတွင်း အပါအဝင် အခြားတွင်းများ အများအပြားရှိသည်။ ချုပ်ကိုင်သောကုမ္ပဏီမှာ 'ဆန်အီတာဗင်ပရီးမီးရား' ဖြစ်၏။ အလုပ်သမား ၂၅၀ ခန့်ရှိ၏။ ယင်းအလုပ်သမားများတွင် မိုဘိုင်းလ်ဖုန်းများမရှိ။ လုံခြုံမှုမရှိ။ မတော်တဆမှုများက မကြာခဏဖြစ်သည်။ လုပ်သားထဲတွင် အမျိုးသမီးမရှိသလောက်နည်းသည်။ နယ်စွန်နယ်ဖျားဖြစ်၍ နယ်စပ်တစ်ခွင်တွင် သတ္တုတွင်းနယ်ပယ် ဖြစ်ကြောင်း ဆိုင်းဘုတ်များထားရှိ၏။ ညလုံးပေါက်ဖွင့်သော 'ပြည့်တန်ဆာအိမ်' များ ရှိ၏။ တစ်ဂျူတီမှာ ဒေါ်လာ ၄၀ ဖြစ်သည်။ မကြာမီကဆိုလျှင် 'ကာစီနို' ကစားပွဲဖွင့်ခဲ့သည်။ အလုပ်သမားများ၏ လစာငွေကို တစ်ထိုင်တည်းနှင့် ပြုတ်စေနိုင်သော လောင်းကစားများပင်တည်း။

ချီလီနိုင်ငံ၏ တင်ပို့ကုန်များအနက် ၅၀ ရာခိုင်နှုန်းသည် သတ္တုတွင်းမှရသောထွက်ကုန်များဖြစ်၏။ ချီလီသည် သတ္တုတွင်းနည်းပညာနှင့် သတ္တုတွင်းလုပ်ကိုင်ရေးတွင် ကမ္ဘာ့ခေါင်းဆောင်အဖြစ် ကြာရှည်ခဲ့ပြီးဖြစ်ပေသည်။ ကမ္ဘာ့အကြီး ဆုံး ကြေးနီကုမ္ပဏီမှာ ချီလီအစိုးရကိုယ်တိုင် ကြီးကြပ်လုပ်ကိုင်သော 'ကိုဒယ်လ်ကို' ကုမ္ပဏီဖြစ်၏။

သတ္တုတွင်းလုပ်ငန်းသည် အကျိုးအမြတ်ကြီးမားသည်နှင့်အတူ လုံခြုံမှုနှင့် ဆက်စပ်နေသည်။ နေ့စဉ် လှိုဏ်ဂူများ အတွင်း ကျောက်များကို ဒိုင်းနမိုက်ဖြင့်ခွဲကြရ၏။ ရရှိသောအခဲများတွင် အလူမီနီယံနိုက်ထရိတ်များပါသည်။ ယင်းအခဲများကို ထရပ်ကားများပေါ်တင်ကာ လှိုဏ်ခေါင်းများအတွင်း သက်စွန့်ဆံဖျားမောင်းကြရ၏။

ဤအလုပ်များအားလုံးကို ကမ္ဘာပေါ်၌ အကြီးဆုံးမြေငလျှင်လှုပ်သည့်အရပ်ဟု သိထားကြသော ချီလီမှာပြု လုပ်ရခြင်းဖြစ်ရာ မတော်တဆထိခိုက်မှုများက ဖြစ်ဖို့အတော် သေချာနေသည်။ ချီလီနိုင်ငံ၌ ပါတီပေးလျှင် 'ပီစ်ကို' စပျစ်ဘရန်ဒီဖြင့် ဧည့်ခံသောယဉ်ကျေးမှုကို လူသိများသကဲ့သို့ အရေးပေါ်ဆေးခန်းသို့ လူသေရောက်လာလျှင်လည်း ဤလူသည် 'သတ္တုတွင်းမှ အလောင်း' ဟု လူသိများပေသည်။

ဆန်ဂျိုးသတ္တုတွင်းမှ လူများသည် လုံခြုံစိတ်ချရသော ခေတ်မီသတ္တုတွင်းများ၌ လုပ်ကိုင်ရခြင်းမဟုတ်ဘဲ နည်းပညာနိမ့်ကျသည့် စွန့်စားမှုအများဆုံးလုပ်ရသောတွင်း၌ လုပ်ရခြင်းဖြစ်၏။ ဆန်ဂျိုးသတ္တုတွင်းအလုပ်သမားများသည်

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်ကြား၌ အလုပ်လုပ်ရကာ နည်းပညာမှာ အီဗရာဟင်လင်ကွန်းခေတ် ကာလီဖိုးနီးယားရွှေတူးသမားများလောက်သာရှိ၏။ တခြား ခေတ်မီသတ္တုတွင်းများမှာရှိတတ်သော ကြွက်များ၊ ပိုးမွှားများ မရှိဘဲ တစ်ခါတစ်ခါ ကင်းမြီးကောက်များကိုတွေ့ရတတ်သည်။ ၄၀ ကီလိုဂရမ်လေးသော ကျောက်ထုများက အမိုးပေါ်မှ ပုံမှန်ကျလာတတ်သည်။ ဆန်ဂျိုးတွင်းမှ ကျောက်များသည် အလွန်ကြမ်းရှသဖြင့် နံရံကိုလက်ဖြင့်ပွတ်လိုက်လျှင် အရေပြားကို 'ရေဓား'ဖြင့် ပွတ်သကဲ့သို့ ခံစားကြရသည်။

၂၀၁၀၊ ဇူလိုင် ၅ ရက်နေ့ကပင် အန္တရာယ်ကျရောက်နိုင်သော အလားအလာကို သတိပေးခဲ့လေသည်။ ရေခဲသေတ္တာအလုံး ၂၀ အလေးချိန်နှင့်ညီမျှသော ကျောက်ဆောင်ခဲကြီးသည် လုပ်သား 'ဂျီနို'အပေါ် ကျခဲ့၏။ သူ့ခြေထောက်တစ်ဖက်က ပြတ်ထွက်သွားသည်။ ပြတ်ထွက်ပုံက မြန်လွန်းသဖြင့် ပထမအစတွင် နာရကောင်းမှန်းမသိခဲ့ချေ။ သူ့အဖော်အလုပ်သမားတစ်ယောက်က ပြတ်ထွက်သွားသောခြေထောက်ကို ကောက်ယူပြီး ရှပ်အင်္ကျီဖြင့်ပတ်ကာ ဂျီနိုကို အရေးပေါ်ဆေးခန်းသို့ပို့သည်။ ဂျီနိုက စင်ဘီယာကို ဆေးရုံသို့ရောက်သောအခါ 'ကျွန်တော်ကံကောင်းပါတယ်။ ညာဖက်ခြေထောက်လည်း ပြန်ရတယ်။ အသက်လည်း ချမ်းသာခဲ့တယ်။ ဘုရားသခင်ကို ကျေးဇူးတင်တယ်'ဟု ပြန်ပြောပြသည်။ သို့သော်သူ့ဘယ်ဘက်ခြေထောက်ကို ချုပ်ထားသည်မှာ ဒူးအောက်ခြေ၌ 'ကြိတ်ထားသောအသားလုံး' ကြီးနှင့်ပင် တူနေတော့သည်။

အကယ်၍ သူတို့ဒဏ်ရာမရလျှင်လည်း အဆုတ်ရောဂါဖြင့် သေကြရတတ်ပါသည်။ လွန်ခဲ့သည့် နှစ်လကပင် လုပ်သား အဲလက်စ်ဗီဂါသည် မိုင်းထဲတွင် လမ်းလျှောက်စဉ် ခြေမနိုင်ဘဲ လဲကျသွားခဲ့၏။ စက်များမှထွက်လာသော 'အိတ်ဇောအငွေ့'များသည် အဆိပ်ငွေ့များအဖြစ် လူ့ခန္ဓာကိုယ်တွင်းမှအောက်ဆီဂျင်ကို ဖယ်ရှားပစ်ကြခြင်းတည်း။ လူနာတင်ယာဉ်ဖြင့် ဗီဂါကို 'ကိုပီယာပို' ဆေးရုံသို့ပို့ပြီး တစ်ပတ်ခန့်ကုသခဲ့ရ၏။

ဓာတ်ငွေ့များကို ကြာရှည်ရှူရှိုက်ရခြင်းသည် အဆုတ်ကို အဆိပ်သင့်စေသည်။ နှစ်ပေါင်းများစွာ ကျောက်မှုန့်လေးများကို ရှူရှိုက်ရခြင်းသည်လည်း အဆုတ်ကိုပိတ်ဆို့စေသည်။ မာရီယိုဂိုးမက်စ်ကဲ့သို့ အသက်အကြီးဆုံးအလုပ်သမားသည် ၅၁ နှစ်လုံးလုံး အသက်ရှူကြပ်သည့်ရောဂါရခဲ့သည်။

သတ္တုတွင်းတူးသမားတစ်ယောက်သည် တစ်ပတ်လုံးလုံး၊ တစ်ခါတစ်လေ တစ်လလုံးလုံး မိုင်းတွင်းထဲနေခဲ့ရပြီးလျှင် တောင်ကုန်း၌ အထီးကျန်နေရခြင်းကို ဖြေဖျောက်သည့်အနေနှင့် ကာမဖြေဖျောက်မှုကို လုပ်တတ်ကြသည်။ ယင်းကိစ္စကို ဒေသဆရာဝန်တစ်ဦးက 'တောင်ပေါ်နားနေစဉ် အခြေအနေ' ဟု ဖွင့်ဆို၏။ သတ္တုတွင်းလုပ်သားများနှင့်အတူ အလုပ်လုပ်ခဲ့သော ချီလီနိုင်ငံသားစိတ်ပညာဆရာဝန်တစ်ဦးကလည်း ဤကိစ္စကို 'သဘောသားများ ရာစုနှစ်နှင့်ချီပြီး လုပ်လာသော ကိစ္စ' ဟု အမည်တပ်၏။ လိင်တူဆက်ဆံခြင်းဖြစ်သည်။ ဤကိစ္စကို ယင်းစိတ်ပညာဆရာဝန်က 'မိန်းမ

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



အဖော်မရှိ၍ စိတ်ညစ်မှုကို လက်တွေ့ဖြေရှင်းခြင်း' ဟု အဓိပ္ပာယ်ဖွင့်လေသည်။

သတ္တုတွင်းအလုပ်သမားများ မြို့ပြန်သောအခါမျိုးတွင်ကား သူတို့သည် အရက်ကိုအလွန်အကျွံသောက်တတ်ကြ၏။ မိန်းမနှင့် ပျော်ပါးတတ်ကြ၏။ တဒင်္ဂသာယာမှုကို ရှာဖွေကြခြင်းဖြစ်သည်။ ဤသို့ဖြစ်ခြင်းကြောင့် နောက်ထပ်ငွေရှာရန်လိုလာပြန်သည်။ ဒေသထွက် ကိုကင်းများကိုလည်း ၁ ဂရမ်ကို ၁၅ ဒေါ်လာမျှနှင့် ဝယ်ယူမှီဝဲကြသေးသည်။

ဆင်မြူရယ်အေဗာလို့စ်သည် လွန်ခဲ့သည့် ၂၄ နာရီအတွင်း လောင်းကစားကာ ချီလီ ပီဆို ၁၆၀၀၀ (၃၂ ဒေါ်လာ) ရခဲ့ပြီးနောက် ကိုပီယာပိုသို့ ပြန်လာခဲ့၏။ သူသည် စင်တီယာဂိုတောင်ဘက်ရှိ သတ္တုတွင်းမြို့လေးတစ်မြို့တွင် နေထိုင်သူ ဖြစ်၏။ ယင်းမြို့တွင် ကမ္ဘာ့အကြီးဆုံး သတ္တုတွင်းများရှိသော်လည်း အေဗာလို့စ်ကား မြေအောက်အတွေ့အကြုံ အနည်းငယ်သာရှိ၏။ သူ၏ မူရင်းအလုပ်မှာ လမ်းဘေးဈေးသည်ဖြစ်သည်။ သူ အထူးပြုရောင်းသောပစ္စည်းမှာ သီချင်း CD ချပ်များဖြစ်၏။ ရဲက မကြာခဏ ဒုက္ခပေးသည်။ ထိုနေ့ကမူ သူ့၌ ပိုက်ဆံအလုံအလောက်ဖြင့် ကိုပီယာပိုမြို့သွားမည့် ဘတ်စ်ကားတက် စီးနိုင်ခဲ့သည်။ ခံနေရာလွတ်ရသည်။ နောက်မှ ထိုကားပေါ်တွင် သူ့လို သတ္တုတွင်းတူးသမား ဂျို့စီဟာန်ရီကွစ် ပါလာသည်ကို သိလိုက်ရသည်။

ဘတ်စ်ကားစီးရင်း အေဗာလို့စ် အရက်သောက်သည်။ ထို့နောက် ဆန်ဂျိုးသတ္တုတွင်းသို့သွားသော ဘတ်စ်ကားကို ပြောင်း၍စီးခဲ့သည်။ မူးမူးနှင့် သူ့မိခင်ကို သတိရနေခဲ့သေးသည်။

အေဗာလို့စ်က သူ့မူလပုံစံအတိုင်း ဂျာကင်ထဲတွင် ချောကလက်များ၊ ကိတ်မုန့်များ၊ ကွတ်ကီးများ၊ နို့နှင့် သစ်သီးရည်များ ထည့်သည်။ သူ့ဂျာကင်မှာ ဖောင်းကားနေလေ၏။ သူတို့၏ ကြီးကြပ်ရေးမှူး(ဖိုမင်)က အစားအသောက်ယူသည်ကို မကြိုက်။ အေဗာလို့စ်က သူ့ရှေ့တွင် အစားအသောက်များကို ဝှက်ထည့်၍ ယူရသည်။ ဤသို့ပြုခြင်းကို ဖိုမင်က ပျက်စီးခြင်းဟု ယူဆ၏။

'အဲဒီနေ့ကတော့ဗျာ ကျွန်တော် အစားအသောက်တွေကို အပေါ်မှာပဲထားခဲ့ရတယ်။ ချောကလက်လေး တစ်ခုတောင် ပါမသွားဘူး' ဟု အေဗာလို့စ်က နောက်ပိုင်းတွင်ပြောပြခဲ့သည်။

သတ္တုတွင်းလုပ်သားတစ်ဦးဖြစ်သူ 'အာရာယာ'ကား အသက် ၄၂ နှစ်ဖြစ်၏။ သူသည် ဆန်ဂျိုးတွင် ၆ နှစ်လုပ်ခဲ့ပြီးဖြစ်သည့်တိုင် မိုင်းတွင်း၌ သက်တောင့်သက်သာ မခံစားတတ်ချေ။ တွင်းဝတွင်ကပ်ထားသော 'လုံခြုံရေး' စာတမ်းသည် ဟာသဖြစ်နေသည်ဟု သူခံစားရသည်။ တွင်းထဲတွင် မတော်တဆထိခိုက်မှုများက အဆက်မပြတ်ဖြစ်နေပြီး ဂူထဲတွင်ပိတ်မိကာ မေ့လဲသွားသူများကလည်း မရှားပေ။ အာရာယာသည် မိုင်းတွင်းထဲ၌ အရေးပေါ်ဆေးကျွမ်းကျင်သူ ခေါင်းဆောင်ဖြစ်ရာ ပြဿနာဖြစ်လျှင် သူ့ကိုခေါ်ရသည်။ သူက သတ္တုတွင်းထဲမှအနံ့ကို အလွန်မုန်းသည်။ တွင်းထဲမှအနံ့မှာ

the bookh

www.burmeseclassic.com

www.burmeseclassic.com



အသားပုပ်သောအခါဖြစ်လာသည့်အနံ့နှင့် တူသည်ဟု သူဆိုသည်။

တွင်းထဲတွင် ယဉ်များမှထုတ်သော ကာဗွန်မိုနောက်ဆိုဒ်ဓါတ်ငွေ့နှင့် ဒိုင်းနမိုက်ခွဲရာမှထွက်လာသော ဓါတ်ငွေ့၊ ညစ်ညမ်းလေများအပြင် လူတွေ စီးကရက်မပြတ်သောက်ကြ၍ ထွက်လာသော မီးခိုးများကြောင့် အာရာယာကို အရေးပေါ် မကြာခဏခေါ်ကြရသဖြင့် ဒါကို အရေးပေါ်ဟုပင် မထင်တော့။ အမြဲခေါ်နေရသော ပုံမှန်ဖြစ်နေပြီ။ ထိုအခါ သူသည် လိုဏ်ခေါင်းမှ ၄ မိုင်ကွာသောအောက်ခြေသို့ ၂၅ မိနစ် ကားမောင်းသွားရပြီး လူနာကြည့်ရသည်။ ထိုနေရာမှာ လူနှစ်ယောက် အောက်ဆီဂျင်ရှူနေကြတာ မြင်ရမည်။ ဒါဆိုလျှင် ဒီလူများကို ဒီညဆက်ထား၍မရ။ အိမ်ပြန်လွှတ်ရမည်။ ဆိုး၀ါးပါက ဒေသဆေးခန်းတွင် တစ်ရက်နှစ်ရက် ထားရမည်။ အလုပ်ပြန်ဆင်းနိုင်သည်။ ထို့နောက် ဒိုင်းနမိုက်ခွဲ။ ဖုန်တွေရှူ။ ညည်းညူဖို့ သိပ်မစဉ်းစားကြ။ ဒါဟာ သူတို့ဘ၀ပဲ။

အာရာယာသည် တစ်ညလုံးအလုပ်ဆင်းပြီးသောအခါ ကော်ဖီရောင်ဖုန်တွေနှင့် တစ်ကိုယ်လုံး ပေရေညှိညစ်နေလေပြီ။ စက်ဆီများနှင့်ရောပြီးပေနေရာ ရေချိုးပစ်၍ပင် ပြောင်စင်ဖို့မလွယ်ချေ။ မနက်က သူ့အိမ် (ကိုပီယာပိုနှင့် ၁ နာရီအဝေး) မှာတုန်းကလည်း သူ့စိတ်ထဲ မသက်မသာ စနိုးစနောင့်ဖြစ်နေခဲ့၏။ တောင်တန်းသည် တစ်ညလုံး အော်နေခဲ့သည်။ အက်ကွဲသံတွေကြားနေခဲ့ရသည်။ ဆန်ဂိုးလို သတ္တုတွင်းအော်ပြီဆိုလျှင် ကျရမည့်မျက်ရည်မှာ ကျောက်တုံးလောက်ကြီးရှေမည်။

ရာစုနှစ်တစ်ခုကျော်ကျော် ဒိုင်းနမိုက်တွေခွဲ၊ စက်တွင်းတွေ တူးခဲ့သဖြင့် တောင်ကုန်းသည် အပေါက်များ၊ လိုဏ်ခေါင်းများဖြင့် ပြည့်နေခဲ့ပြီ။ လူသွားလမ်းများအပေါ်က အမိုးသည် ဘာကြောင့်များ ပြိုမကျပါလိမ့်ဟု အလုပ်သမားသစ်များက အံ့သြကြရသည်။

နှစ်ပေါင်း ၁၁၁ နှစ်ကြာပြီးနောက် တူးဖော်ခဲ့သော ရွှေနှင့်ကြေးနီ သန်းပေါင်းများစွာ ရရှိခဲ့သည့် အဆောက်အဦးများကို ချွတ်ခွာခဲ့ပြီးပေပြီ။ သို့သော် အာရာယာတို့ အလုပ်သမားများက သတိမထားခဲ့မိကြပေ။ ဆန်ဂိုးစီးသတ္တုတွင်း အနက်ထဲတွင် အလုပ်သမားတို့သည် အခြေခံလိုအပ်ချက်များကို ပယ်ဖျက်ပြီး မီးလုံးပါသော ခေါင်းဆောင်း၊ ရေပုလင်း၊ အတွင်းခံဘောင်းဘီနှင့် MP 3 သီချင်းခွေများကိုပါ ယူသွားလေ့ရှိ၏။ စိတ်လှုပ်ရှားဖွယ် အချစ်သီချင်းများအပြင် အလုပ်သမားလုတန်းစား၏ မွန်မြတ်မှုနှင့် စွန့်လွှတ်မှုများအကြောင်းကိုလည်း နားထောင်လေ့ရှိသည်။ အားလုံးသည် အတွင်းခံဘောင်းဘီဝတ်၍သာ အလုပ်လုပ်တတ်ကြ၏။ ပူလွန်း၍ အဝတ်အစားများများ မဝတ်နိုင်ကြချေ။

လုပ်သားတစ်ဦးဖြစ်သော 'ဒါရီယို ဆီဂိုဗီးယား' သည် ဩဂုတ်လ ၅ ရက်နေ့နံနက်တွင် သတ္တုတွင်းအမိုးအောက်၌ သတ္တုပိုက်ကွန်များကို ဆက်နေခဲ့၏။ ဤပိုက်ကွန်များက အမိုးမှကျောက်တုံးများကျလာလျှင် လူနှင့်စက်များကို မထိနိုင်အောင်

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



ကားဆီးနိုင်ကြမည်ဖြစ်သည်။ ဆီဂိုဗီးယားဏ်အလုပ်မှာ အလွန်အန္တရာယ်ကြီးသော အလုပ်ဖြစ်၏။ မီးလောင်ပြင်တွင် အလုပ်လုပ်ရသော မီးသတ်သမားနှင့်တူသည်။

'မနက် ၁၁း၀၀ နာရီ မထိုးခင်ကတည်းက တွင်းပြိုတော့မယ်ဆိုတာ ကျွန်တော်သိနေတယ်။ ဒါပေမဲ့ သူတို့က ထပ်ပြီးအားဖြည့်ဖို့ သတ္တုပိုက်ကွန်တွေ ပို့ပေးတယ်။ အမိုးမခိုင်တော့ဘူးဆိုတာ ကျွန်တော်တို့အားလုံး သိတယ်။ ပြိုကျတော့မယ်ဆိုတာလည်း သိတယ်။ အချိန်ကုန်အောင်ဆိုပြီး ကျွန်တော်တို့လည်း ရေတိုင်ကီမှာရေခပ်ဖို့ ကားမောင်းသွားခဲ့ကြတယ်။ အန္တရာယ်ကြီးနေပြီ။ အမိုးက သိပ်ပြိုချင်နေပြီ'ဟု သူကပြောပြခဲ့သည်။

ထိုနေ့မနက်တွင် 'မာရီယို ဆီပူလ်ဗီဒါ'သည် ကိုပီယာပိုဘတ်စ်ကားကို မမီခဲ့ချေ။ နံနက် ၉း၀၀ နာရီတွင် ကား ကြုံစီးရန် ကြံစည်သည်။ လမ်းတွင် ကားအသွားအလာကျဲနေ၍ တားစီးရန်မလွယ်ကူပေ။ နောက်မှ မိုးကုပ်စက်ဝိုင်းဘက်မှ ထရပ်ကားတစ်စီးကို မြင်ရသည်။ ကားကရပ်ပြီး သူ့ကိုတင်ခေါ်သောအခါ ကံကောင်းသည်ဟု ခံစားရ၏။ သူ အလုပ်သို့ ရောက်နိုင်ပေတော့မည်။ နံနက် ၁၀း၀၀ နာရီတွင် သတ္တုတွင်းသို့ရောက်သည်။ အဝင်ဝတွင် စစ်ဆေးခံပြီး အလုပ်ဆင်းရန် စာရင်းပေးရင်း လုံခြုံရေးသမားများနှင့် ရယ်စရာမောစရာပြောသည်။ ၁၀း၃၀ တွင် တောင်တန်း၏ ဝမ်းဗိုက်တွင်းသို့ မောင်းဝင်ခဲ့လေသည်။

နံနက် ၁၁း၃၀ တွင် တောင်သည် စတင်အက်ကွဲခဲ့၏။ အလုပ်သမားများက တွင်းလုပ်ငန်းခေါင်းဆောင်ကို ဘာဖြစ်တာလဲဟု မေးကြသည်။ ထိုအချိန်တွင် ခေါင်းဆောင် 'ကားလို့စ်ပင်နီလာ'က လှိုဏ်ခေါင်းအတွင်းထဲသို့သွားရန် ပြင်နေစဉ်ဖြစ်ပြီး ယခုကြားရသောအသံမှာ ခါတိုင်းလိုပင် မိုင်းတွင်း၌ဖြစ်နေကျဟုဖြေသည်။ အလုပ်သမားများအား လှိုဏ်ခေါင်းနက်နက်တွင် နေကြရန်ပြောသည်။ သူကိုယ်တိုင်ကမူ ပထမဆုံးတွေ့ရသောယာဉ်ဖြင့် မြေပေါ်သို့အလျင်အမြန် လိုက်သွားကြောင်း အလုပ်သမားများက ပြောကြသည်။

'သူက အဲဒီနေ့ကအစောကြီးပြန်သွားတယ်။ ခါတိုင်းဒီလိုမဟုတ်ဘူး။ နေ့ခင်း ၁း၃၀ လောက်မှပြန်တတ်တာ' အဲဒီနေ့ကတော့ ၁၁း၀၀နာရီဝန်းကျင်လောက်မှာ ပြန်သွားတယ်။ သူကြောက်နေခဲ့တယ်' ဟု အလုပ်သမား ဂျော့ချ် ဂယ်လီဂူလိုစ့်က အစစ်ခံခဲ့၏။

အလုပ်သမားတစ်ဦးဖြစ်သော 'ရောလ်ဘတ်စ်တိုစ်'ကတော့ သတ္တုတွင်းထဲ ဝင်သွားခဲ့စဉ် ဘာဖြစ်မယ်မှန်း မသိခဲ့ပေ။ အမှန်တော့ သူက ရေပေါ်မှာအိမ်ပြုနေသူပါ။ လှေတွေပြင်၏။ ချီလီရေတပ်စခန်းမှာ ဝရိန်ဆော်သည်။ စနစ်ပြောင်းတာတွေလုပ်သည်။ ၂၀၁၀၊ ဖေဖော်ဝါရီအထိ ထိုနေရာမှာအလုပ်လုပ်ခဲ့ပြီး ၁၀ မီတာမြင့်သော ဆူနာမီလှိုင်း ရိုက်၍ အလုပ်နေရာ ပျောက်သွားခဲ့သဖြင့် ဤသတ္တုတွင်းလုပ်ငန်းသို့ ပြောင်းလာသူဖြစ်လေသည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



အသက် ၄၀ အရွယ် ဘတ်စ်တိုစ်သည် သတ္တုတွင်း၏ အန္တရာယ်များပုံ သတင်းကိုသိပါသည်။ သို့သော် သူ မစိုးရိမ်ချေ။ သူ့အလုပ်က တောင်ခြေမှာ သွပ်မိုးတဲကလေး၌ မော်တော်ကားပြင်ရခြင်းဖြစ်သည်။ နေပူပြင်းပြင်း၊ အိမ်လွမ်းခြင်းလောက်ကိုသာ သူ့အတွက်အကြီးဆုံးအန္တရာယ်ဟု မြင်ခဲ့သည်။ အပတ်စဉ် သူ့ဇနီးထံ ဘတ်စ်ကားစီး၍သွားခဲ့သည်။ သူ့ဇနီးထံရောက်ရန် ၂၄ နာရီကားစီးရခြင်းကို မည်သည့်အခါမျှ မညည်းညူခဲ့ပေ။ သူ့အလုပ်သစ်ကိုလည်း သူ သဘောကျသည်။ ထိုနေ့။ ဩဂုတ်လ ၅ ရက် နံနက်တွင် မြေအောက်၌ ကားတစ်စီး တာယာပေါက်ပြီး စက်ပြင်ရန်ရှိကြောင်း သတင်းပို့သဖြင့် ပစ်ကပ်ကားထဲတက်ပြီး မြေအောက်အနက် ၄ မိုင်သို့ ရောက်ခဲ့ရ၏။

သတ္တုတွင်းကား လိုဏ်ခေါင်းအရှည် ၄ မိုင်ကျော်မှာရှိသည်။ နှစ်ပေါင်း ၁၀၀ ကျော် ရွှေနှင့်ကြေးနီသတ္တုကြောများကို တူးဖော်ခဲ့ပြီးဖြစ်ရာ လိုဏ်ခေါင်းများသည် စနစ်တကျမရှိတော့ပေ။ မြင်ကွင်းမှာ ပျက်ယွင်းနေသည်။ မျက်နှာကြက်ဆီမှ ကေဘယ်လ်ကြိုးများက တိုးလို့တန်းလန်းကျနေကြပြီ။ အပေါ်မှ ကျောက်တုံးများကျလာလျှင် ဖမ်းထားရန် ဝါယာကြိုးတုတ်တုတ်များကို ယှက်ထားသည်။ လိုဏ်ခေါင်း ပင်မလမ်းကျဉ်းတစ်လျှောက်၌ မှတ်တိုင်လေးများရှိသည်။ ယင်းတို့မှာ သေဆုံးခဲ့သော အလုပ်သမားများ သေဆုံးသည့်နေရာကို မှတ်သားထားခြင်းများဖြစ်လေသည်။

ယေဘုယျအားဖြင့် အလုပ်သမားများသည် သုံးလေးယောက်တစ်စု အလုပ်လုပ်ကြမြဲဖြစ်၏။ တချို့လည်း တစ်ယောက်တည်းလုပ်ရ၏။ အားလုံးနီးပါးသည် နားကိုကာကွယ်သော ကိရိယာများတပ်ဆင်ထားကြသဖြင့် စကားပြောဖို့ ခက်ခဲပြီး အသံကြားရဖို့လည်း ခက်ခဲလေသည်။ သို့သော် မိုင်းတွင်းအလုပ်ခွင်၏ အသံကျယ်ကျယ်ကြီးများကိုမူ ကြားနိုင်ကြ၏။

နေ့ခင်း ၁း၃၀ တွင် အလုပ်သမားများသည် နေ့လည်စာစားရန် အလုပ်နားကြသည်။ အချို့က ကယ်ဆယ်ရေး လိုဏ်သို့ဆင်းကြ၏။ ထိုလိုဏ်တွင် ခုံတန်းလျားများရှိပြီး အောက်ဆီဂျင်ရှူရန်လည်း ထားရှိသည်။ အောက်ဆီဂျင်ကို ၅ မိနစ်ရှူလိုက်လျှင် အလုပ်ခွင်ပြန်ဆင်းဖို့ ခွန်အားရရှိနိုင်သည်။ အနည်းဆုံး နေ့လည်စာစားရန် ခုံတန်းလျားသို့သွားပြီး နေ့လည်စာစားရင်း 'အထီးကျန်ကမ္ဘာအတွင်း ပေါင်းသင်းဆက်ဆံရေး' ကို လုပ်နိုင်သည့်အချိန်ရပေသည်။ နေ့လည်စာစားရင်း ရယ်စရာများ ပြောတတ်ကြသည်။ ဤသို့ ရယ်မောစားသောက်နေဆဲမှာပင် တောင်တစ်ခုလုံး သူတို့အပေါ်မှ အိကျလာနေလေသည်။

အလုပ်သမားကြီး ဖရန်ကလင်လိုဘိုစ်ကား ထိုမိုင်းတွင်းသို့ နောက်ဆုံးမှဝင်ရောက်ခဲ့သူတည်း။ သူသည် မိုင်းတွင်းမှယာဉ်များကို မောင်းနှင်ရန် ငှားရမ်းထားသူဖြစ်သည့်အတိုင်း မိုင်းအတွင်းလိုဏ်ခေါင်းလမ်းများတွင် မောင်းရင်း ဟာသဇာတ်လမ်းများပြောကာ အလုပ်သမားများကို ဖျော်ဖြေတတ်သူဖြစ်သည်။ သူသည် ယခင်က ချီလီဘောလုံးသမား

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့၏။ သူ၏ ဘောလုံးသမားဘဝက ဒဏ္ဍာရီဟုပင်ဆိုရတော့မည်။ ဒေးဗစ်ဘက်ခ်ဟမ်းကို ဟိုင်ရိုးလေဆိပ်သို့ ကားမောင်းနိုင်းရခြင်း၊ သို့မဟုတ် မိုက်ကယ်တိုင်ဆင်ကို သမ္မတကနေဒီထံ ကားမောင်းခိုင်းရခြင်းနှင့် တူနေသည်။ ယခုအခါ လိုဘိုစ်သည် အသက် ၅၃ နှစ် ထိပ်ပြောင်ကြီးနှင့် မျက်နှာဝိုင်းဝိုင်းကြီးနဲ့ အသံကလည်း သိပ်ကျယ်ကျယ်မပြောနိုင်တော့ပေ။ သူသည် အတိတ်က သူရွှေခေတ်ဖြစ်ခဲ့စဉ် တောက်ပသောနေ့များအကြောင်း၊ ချီလီဘောလုံးကလပ်တစ်ခုဖြစ်သည့် 'ကိုဘရီစယ်' တွင်နေစဉ်ကအကြောင်းများကို သူ့ကားပေါ်မှာပါလာသည့် အလုပ်သမားများအား ပြောပြလေ့ရှိသည်။ သူ၏ အတွေ့အကြုံများက သူ့ကို ပုံပြောကောင်းသူဖြစ်စေခဲ့သည်။ အလုပ်သမားများကလည်း သူ့ကိုချစ်ခင်ကြ၏။ သူ ဘောလုံးကွင်းမှာ တစ်ဂိုးပြီးတစ်ဂိုးသွင်းသည်ကိုကြည့်၍ ကြီးပြင်းခဲ့ရသောလူများ ပါဝင်နေသဖြင့် သူ့ကိုချစ်ခင်ရင်းစွဲ ရှိကြခြင်းလည်းဖြစ်သည်။

၁၉၈၁ မှ ၁၉၉၅ အတွင်း လိုဘိုစ်သည် ချီလီပြည်မြောက်ပိုင်း လူကုန်ထံအသိုင်းအဝိုင်းသို့ လှမ်းတက်ခဲ့၏။ လိုဘိုစ်သည် တစ်ကိုယ်တော်ဖရီးကစ်ကန်ရာ၌ ကျော်ကြားသည်။ လိုဘိုစ်က ဘောလုံးကိုမထိမီမှာပင် ကစားကွင်းတစ်ခုလုံး အားပေးသံတွေ ညံနေခဲ့သည်။ သူဘယ်လိုများကန်မလဲဟု စိတ်ဝင်စားကြသည်။ လိုဘိုစ်သွင်းသောဂိုးများကား မယုံနိုင်စရာ တွေဖြစ်သဖြင့် ချီလီသတင်းစာများက သူ့ကို 'မှော်ဆရာ မော်တာမောင်းသူ' ဟု တင်စားခဲ့ကြ၏။

သူသည် ကွင်းတစ်ဝက်ကို စီးနင်းပြီး ပစ်မှတ်ကိုပို့ပေးနိုင်သော ကစားသမားတည်း။ သူကစားသည်ကို ဘက်ခ်ဟမ်းပင် လက်ခုပ်တီးမည်ဖြစ်သည်။ သို့သော် ချီလီဘောလုံးသမား လူတော်များသည် ၁၀ နှစ်မျှသာ သက်တမ်းရှိတတ်ကြ၏။ သူအသက် ၃၅ ရောက်သောအခါ အလုပ်လက်မဲ့ဖြစ်သွားတော့၏။ အလုပ်လည်းမရှိ၊ ငွေလည်းမရှိ။ ဒဏ္ဍာရီအဆင့်မှ လျှောကျခဲ့ရလေသည်။

သူက တက္ကစီမောင်းသမားအဖြစ် သူ့ဘဝကိုရပ်တည်နိုင်အောင် ကြိုးစားပါသေးသည်။ သို့သော် သူ့သမီး နှစ်ယောက်က တက္ကသိုလ်တက်ရန် ဦးတည်လာလေရာ သူ ငွေလိုလာသည်။ ကိုပီယာပိုမြို့က ငွေရနိုင်သည်။ ဆန်ဂျိုး ကြေးနီသတ္တုတွင်းမှာ အလုပ်ရှိသည်လေ။

လိုဘိုစ် သတ္တုတွင်းထဲ ကားမောင်းဝင်လာသောအချိန်မှာ ၁း၀၀ နာရီထိုးပြီးခါစဖြစ်၏။ သူ့ကားပေါ်တွင် ရျောချ် ဂယ်လီဂူလိုစ့် ပါလာသည်။ သူတို့ကားက ကုန်တင်ထရပ်ကားဖြစ်၏။ လမ်းတစ်ဝက်ရောက်သောအခါ ကြေးနီနှင့် ရွှေ ရောနေသော ကျောက်များကို တင်ဆောင်လာသည့် ထရပ်ကားတစ်စီးနှင့်တွေ့ရာ ထရပ်ကားမောင်းသူ 'ဗီလီဂက်စ်' နှင့် စကားရပ်ပြောကြသေးသည်။ ဤအချိန်မှာပင် သတ္တုတွင်းက အက်လာခြင်းဖြစ်၏။

'ကျွန်တော်တို့ နောက်ပြန်မောင်းတော့ နောက်နားမှာ ကျောက်တုံးတွေပိတ်သွားတယ်။ ကျွန်တော်တို့မြန်မြန်

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



မောင်းလို့ပေါ့။ မောင်းပြီး စက္ကန့်ပိုင်းအတွင်း ပြိုကျလာတာ' ဟု ဂယ်လီဂူလိုစ့်က နောက်ပိုင်းတွင် ရေးခဲ့၏။ 'အဲဒီနောက်တော့ ကျွန်တော်တို့နားမှာ ဖုန်တွေ၊ အမှိုက်တွေဖုံးသွားတယ်။ မျက်နှာရှေ့မှာ လက်မြှောက်ကြည့်ရင် လက်ကိုမမြင်ရဘူး။ လှိုဏ်ခေါင်း ပြိုနေပြီ။ အမေရိကန်မှာ ကုန်သွယ်ညီနောင်တာဝါ ပြိုကျတာနဲ့ဆင်တယ်။ တစ်ထပ်ချင်းအိပြီး ကျလာတာ'

■

သတ္တုတွင်းအက်ကွဲစဉ် ကျောက်ခဲ၊မြေခဲ အစိုင်အခဲများသည် အဆက်မပြတ်ကျလာခဲ့ကြသည်။ လိုဘိုစ်သည် ကားကို အရှိန်မတင်ရဲချေ။ လှိုဏ်ခေါင်းလမ်းကို တစ်ဝက်တစ်ပြက်ပိတ်ဆို့လာကြသော ကျောက်တုံးများကို ရှောင်တိမ်းဖို့ အာရုံစိုက်ရသည်။ ထို့နောက် တောင်ပြိုမှုသည် သူ့ရှေ့မှာရော သူ့နောက်မှာပါ ပိတ်သွားတော့၏။ သူလည်း လှိုဏ်ခေါင်း နံရံကို ဝင်တိုက်ရတော့သည်။

ဂယ်လီဂူလို့စ်သည် ဘာမှမမြင်ရတော့ဘဲ ထရပ်ကားပေါ်မှဆင်းလိုက်၏။ ကားမောင်းသူ လိုဘိုစ်ကို ကားပေါ်မှ ဆင်းဖို့ ကူညီရန်ကြိုးပမ်း၏။ လှိုဏ်အမိုးက ဆက်၍ပြိုကျလာသည်မှာ မိုးရွာသကဲ့သို့တည်း။ ဂယ်လီဂူလို့စ်လည်း အကာအကွယ်ရလိုရငြား ရေတိုင်ကီနားသို့ကပ်ရသည်။ သူတို့နှစ်ယောက် တိုင်ပင်ပြီး ဖုန်တွေ၊ သဲတွေကြားမှ လွတ်အောင်၊ အောက်ဖက်ရှိ ကယ်ဆယ်ရေးလှိုဏ်သို့ ပြေးဆင်းကြရသည်။

အောက်ခြေရှိ ကယ်ဆယ်ရေးလိုဏ်ထဲတွင် သူတို့ အလုပ်သမားများနှင့် ဆုံကြ၏။ အလုပ်သမားများနှင့် ဂယ်လီတို့လည်း တစ်ယောက်ကိုတစ်ယောက် ထိတ်လန့်တုန်လှုပ်စွာ ကြည့်ကြသည်။ ဘာဖြစ်နေသည်ဆိုခြင်းကို မည်သူမျှ မပြောနိုင်ကြချေ။ ယခုဖြစ်နေသည်မှာ ခါတိုင်းကျနေကျအချိန်ဖြစ်သော ဖုန်များ၊ ကျောက်များ အသေးစားကျမှုနှင့် မတူသည်ကို အားလုံးသိလိုက်ကြ၏။

နောက်တစ်ခု သူတို့ သိတာရှိသည်။ ထိုအရာမှာ အန္တရာယ်လာနေပြီဟူသော အသိတည်း။ သူတို့သည် ကယ်ဆယ်ရေးလိုဏ်အတွင်း ထောင့်ထဲသို့ ပြေးကပ်လာကြပြီ။ အားလုံးဖက်လိုက်ကြသည်။

ယခင်ကဆိုလျှင် အသေးစားကျောက်တုံးကျောက်ခဲ ပြိုကျခြင်းများက တစ်လတစ်ခါဖြစ်နေကျဖြစ်၏။ ကြောက်လန့်ဖွယ်ဖြစ်စေကာမူ အလုပ်သမားများအနေနှင့် ယာယီပြိုကျမှုဆိုပြီး နေ့စဉ်ဖြစ်နေကျကိစ္စအဖြစ် သဘောထားနိုင်ကြသည်။ သူတို့နားနှစ်ဖက်၌ နားကြပ်များတပ်ထားလျက်နှင့်ပင် 'ခရက်…ခရက်' ဆိုသည့် စအက်ကွဲသံ၊ ကျဆင်းသံများကို ကြားနေခဲ့ရမြဲဖြစ်သည်။ အလုပ်သမားများက ခိုအောင်းရန်နေရာရှာသည်။ နောက်မကြာခင်သိရမြဲမှာ လေမုန်တိုင်းတိုက်၍

www.burmeseclassic.com

www.burmeseclassic.com



ဖုန်တွေ၊ သဲတွေ ကျလာတာမျိုးဖြစ်တတ်ပြီး အဆိုးဆုံးမှာ လုပ်သားတစ်ဦး ထိခိုက်သေဆုံးခြင်းမျိုး ဖြစ်၏။ နာရီပိုင်းအတွင်း ပြီးဆုံးသွားမြဲပါ။

ယခုကား ထိုသို့မဟုတ်။ ချီလီနိုင်ငံ သတ္တုတွင်းကယ်ဆယ်ရေးလုပ်ငန်း၌ အတွေ့အကြုံအများဆုံးရှိသော 'မီရှယ်ဖို့ဒ်'၏ အပြောအရ တောင်ပြိုသော လှုပ်ရှားမှုသည် အထက်အောက်လှုပ်ရှားမှုဖြစ်ပြီး ပေါက်ကွဲမှုနှင့်တူသည်။ အသံမှာနက်ရှိုင်းပြီး ကျွဲအုပ်တစ်အုပ် ကဆုန်ပေါက်ပြေးလာသံနှင့်လည်းတူသည်။ ထိုသို့ဖြစ်လာလျှင် ဘာမှလုပ်၍ မရနိုင်တော့ဟုဆိုသည်။ တုံ့ပြန်ရန်အချိန်လည်း များများမရနိုင်ချေ။

အလုပ်သမားတစ်ဦးဖြစ်သူ 'အိုမာရေဂါဒါ'၏ ပြန်လည်ပြောကြားချက်မှာ 'ကျွန်တော့်စိတ်ထဲ မျက်လုံးတွေ ပေါက်ထွက်သွားတော့မယ်လို့ ထင်တယ်။ နားတွေလည်း ပေါက်ကွဲကုန်ကြတယ်။ ခေါင်းဆောင်းသံခမောက်ဆောင်းပြီး နားကြပ်တပ်ထားရက်နဲ့တောင် နားတွေကန်းသွားပြီလို့ ထင်မိတယ်' ဟူ၍ဖြစ်၏။

နောက်တစ်ဦး 'ဗစ်တာဇာမိုရာ' ကမူ လွင့်ကျသွားပြီး သူ၏သွားတုများ ထွက်ကျကာ ကျောက်ခဲအမှိုက်များထဲ တွင် ပျောက်ဆုံးသွားခဲ့ကြလေသည်။ 'တော်နေဒို' မုန်တိုင်းကဲ့သို့ ပြင်းထန်လျက် ကျောက်တုံးများ၊ အမှိုက်များ၊ ဖုန်မှုန့်များက လှိုဏ်ခေါင်းတစ်လျှောက် လွင့်ပျံလာကြတော့၏။

ထူထပ်များပြားလှသော အမှိုက်များကြောင့် လူတွေမှာ မျက်ကန်းသဖွယ်ဖြစ်ကြရလေသည်။ အမှိုက်ပုံကြီးက ယင်းတို့အားဖုံးအုပ်ထားသည်မှာ တစ်လက်မခန့်ထူနေသည်။ ယင်းတို့က မိုင်းတွင်းမှလွတ်မြောက်ရန် ရုန်းကန်ကြစဉ် ပြိုလဲကြရ၏။ လေးဖက်ထောက်ပြီး သတ္တုတွင်းလှိုဏ်တလျှောက် တိုးဝှေ့ကြရလေသည်။ တချို့လူများက ဘုရားသခင်ကို တိုင်တည် ရှိခိုးကြတော့၏။

တောင်ထိပ်ဘက်မှ ရိုက်ခတ်လာသော လေထုကြီးက ကြီးမားလှသဖြင့် မိုင်းအပြင်ဘက်မှ ကြည့်လျှင် မီးတောင် ကြီးပမာ ဖြစ်နေခဲ့လေသည်။ မိုင်းတွင်းနက်ရှိုင်းသော နေရာမှာကား ဖုန်သဲမုန်တိုင်းကြီးနဲ့ ရင်ဆိုင်နေရ၏။ ဖုန်သဲမုန်တိုင်းကြီး သည် မိုင်းတွင်းမှ လုပ်သားများ၏ကမ္ဘာသို့ ကျူးကျော်ဝင်ရောက်လျက်ရှိပြီး မုန်တိုင်းနှင့် ရင်ဆိုင်ခဲ့ရသောအချိန်မှာ ၆ နာရီကြာလေသည်။

အမိုးကြီးပြိုကျပြီးသောအခါ လူအားလုံးသည် ဘာကိုမျှ မမြင်ကြရတော့ချေ။ ကျောက်တုံးများ၊ ဖုန်များ၊ သဲများ၊ အဖိုးတန်ကြေးနီအမှုန့်များ၊ ငွေမှုန်များက လိုဏ်တစ်ခုလုံးတွင် တိမ်စိုင်တိမ်ခဲများသဖွယ် ပိတ်ဆီးနေကြ၏။ အလုပ်သမားတစ်ဦးဖြစ်သော ဖရန်ကလင်လိုဘိုစ်က 'ကျွန်တော့်နားတွေ ပေါက်ကွဲကုန်ပြီလို့ ထင်တယ်။ ပြီးတော့ ကျွန်တော်တို့အားလုံး ထရပ်ကားကြီးတစ်စီးထဲ ရောက်နေတယ်လို့ ထင်ရတယ်' ဟုပြောပြသည်။ သူ့လုပ်ဖော်ကိုင်ဖက်

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးဖြစ်သော 'ဂျူစီ အိုဂျီဒါ'ကား အသံဖိအားကြောင့် နားအတွင်းဖက် ထိခိုက်ပျက်စီးသွားခဲ့ရသည်။

တောင်ပြိုပြီး ဆယ်မိနစ်အကြာတွင် တောင်သည် နောက်တစ်ကြိမ် ကွဲကျလာပြန်သည်။ တန်ချိန်သန်းနှင့်ချီသော မြေကြီးနှင့် ကျောက်များ ပြိုကျလာကြပြန်သည်။ မိုင်းအပြင်ဖက်မှကြည့်လျှင် ကြီးမားသော ရိုက်ခတ်မှုဖြစ်လိမ့်မည်။

မိုင်းလုပ်ငန်းလုပ်ကိုင်သူများ၊ ကြီးကြပ်သူများက ပထမအကြိမ်အက်ကွဲမှုကို မိုင်းလုပ်သားများက ကျောက်တောင်များကို ဒိုင်းနမိုက်ဖြင့် ခွဲခြင်းဟု ယူဆခဲ့ကြ၏။ သို့သော် ဆယ်မိနစ်အတွင်း 'ပေါက်ကွဲမှု'ကား ထူးဆန်းနေသည်။ မဖြစ်နိုင်ချေ။ ဘယ်တုန်းကမှ ဤကဲ့သို့ မလုပ်ခဲ့ဖူးချေ။ နောက်တစ်ကြိမ်၊ တတိယမြောက် 'ခရက်‥ ခရက်' မြည်လာသောအခါတွင်ကား မှားယွင်းဖွယ် မရှိတော့ပြီ။ အန္တရာယ်ဖြစ်နေတာ သေချာပြီ။

မိုင်းပေါ်ရှိ လူများရော တွင်းထဲရှိလူများပါ ထိတ်လန့်တုန်လှုပ်နေကြရလေပြီ။ ထိတ်လန့်တုန်လှုပ်မှုကြောင့် ခြေမကိုင်မိ၊ လက်မကိုင်မိနဲ့။ အောက်မှာဘာတွေဖြစ်နေပြီလဲ။

သိလိုစိတ်နှင့် ထိတ်လန့်စိတ်သည် သဲကန္တာရအတွင်း ပျံ့နှံ့သွားပြီ။ မိုင်းတွင်းရှိလူများအနက် ၁၅ ယောက်ခန့်သည် ဖုန်သဲများနှင့် စစ်ခင်းရင်း လှိုင်ခေါင်းအတွင်း လုံခြုံရာကို ရှာဖွေနေခဲ့ကြ၏။ သို့သော် ယင်းတို့ရှေ့တွင် ကြီးမားထုထဲသော ကျောက်တုံးကျောက်စိုင်များက ပိတ်ဆို့ထားသည်ကို ရင်ဆိုင်လိုက်ကြရ၏။ သူတို့ရှေ့တွင် ထွက်ပေါက်မရှိတာ သေချာသွားလေပြီ။

'ကျွန်တော်တို့ဟာ သိုးကလေးတွေလို အားငယ်သွားကြရတယ်။ အသံတွေကလည်း ဘာသံလို့ဖော်မပြတတ်ဘူး။ သိပ်ကိုကြောက်စရာကောင်းလှတယ်။ ကျောက်တုံးတွေဟာ ဒဏ်ရာရပြီး နာလွန်းလို့ အော်ဟစ်နေကြသလိုပဲ။ အဲဒီအသံတွေကြားမှာ ရှေ့တိုးဖို့ ကြိုးစားကြတယ်။ ဒါပေမယ့် ကျောက်တုံးနံရံကြီးက ပိတ်ဆီးထားလိုက်ပါပြီ'

ဂျူစီအိုဂျီဒါ၏ ပြောကြားချက်ဖြစ်သည်။

လိုဏ်ခေါင်းလမ်းထဲကို ဖလိုရန်စီယို၏ ပစ်ကပ်ကားဝင်လာသည်။ အားလုံးတိုးဝှေ့တက်လိုက်ကြ၏။ ဒုက္ခသည်ခိုကိုးရာမဲ့တွေ အားကိုးတကြီးရှာဖွေကြခြင်းပင်တည်း။ လှိုဏ်ခေါင်းတစ်လျှောက် ကားက နှစ်ကြိမ်တိုက်မိခဲ့သည်။ မှောင်နေသော လမ်းထဲတွင် ဟိုနံရံတိုက်လိုက် သည်နံရံတိုက်လိုက်နဲ့ ယိမ်းထိုးနေခဲ့၏။ ကားက ခုန်ပေါက်စဉ် လွင့်ကျသောလူများရှိသည်။ ကားထဲမှလူက ဖမ်းယူလိုက်နိုင်သော်လည်း ဘယ်သူ့ကိုဖမ်းမိမှန်းမသိ။ သူ့နောက်ကျောပေါ်သို့ လူတစ်ယောက် ကျလာပြန်သည်။ ဘယ်သူမှန်းမသိ။ နာရီအတော်ကြာနေခဲ့လေသည်။

ဤသို့ မမြင်မစမ်းမောင်းလာခဲ့ပြီး တစ်နာရီမျှ ကြာသောအခါမှ အမိုးကို အကာအကွယ်ပြုထွင်းထားသော 'ဒုက္ခသည် ခိုလှုံရာနေရာ' သို့ရောက်သည်။ ထိုအခါ သူတို့သည် သတ္တုတံခါးများကို ပိတ်ပြီး ဖုန်များမဝင်နိုင်ရ

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



ပြုလုပ်ကြ၏။ အထဲရှိ အောက်ဆီဂျင်ဘူးများကို အလှည့်ကျ ရှူကြရသည်။ စုစုပေါင်း လူ ၃၃ ယောက်ဖြစ်၏။

ဒုက္ခသည်ခိုလှုံရာနေရာကား ၁၆၅ မီတာ ပတ်လည်ကျယ်သည်။ နံရံတွင် အပေါက်သေးသေးလေးခန့်သာဖြစ်ပြီး မြေသားကို သရိုးကိုင်ထားသော ကြမ်းပြင်ရှိ၏။ မျက်နှာကြက်ကို နိုင်မာအောင် ပြန်ထောက်ထားသည်။ အောက်ဆီဂျင် စည် နှစ်စည်ရှိသည်။ ရက်လွန်ဆေးဝါးများနှင့် စားစရာအနည်းငယ်ရှိသည်။

လှိုဏ်အတွင်းဒုက္ခခိုလှုံရာနေရာကို ကြီးကြပ်ရသော 'အာရာယာ' က အောက်ပါအတိုင်း ပြောပြပါသည်။

'အခု လူတွေကံကောင်းတယ်။ ခါတိုင်းဆိုရင် အောက်ဆီဂျင်တစ်စည်ပဲရှိတာ။ အခုနှစ်စည်ရှိနေတယ်။ အလုပ်သမားတွေက ဒီနေရာကို မကြာမကြာဝင်ပြီး စားစရာတွေ ခိုးတတ်ကြတယ်။ ချောကလက်တွေ၊ ကွပ်ကီးတွေ ခိုးစားကြတယ်။ ဘယ်လောက်ကျန်မှန်းလည်း ကျွန်တော်တို့မသိဘူး။ ခုတော့ တော်ပါသေးတယ်။ ဒီလူတွေကံကောင်းတယ်'

ထိုလူအုပ်ထဲတွင် 'မာရီယို ဆီပူလ်ဗီဒါ' ပါသည်။ ယင်းက ယခင်အပျော်တမ်းဘောလုံးနည်းပြဖြစ်၏။ ထို့ကြောင့် အရေးကြုံလျှင် မည်ကဲ့သို့ ဦးဆောင်ရမည်ဆိုခြင်းကို နားလည်သည်။ သူ့မှာ မိုင်းလုပ်သားအဖြစ် အတွေ့အကြုံကလည်း နှစ်ပေါင်း ၂၀ ရှိသည်။ ဤအုပ်စု၏ အဆိုင်းခေါင်းဆောင်မှာ 'အာဗူရာ' ဖြစ်ပြီး သူကတရားဝင် ခေါင်းဆောင်ဖြစ်သည်။ သို့သော် သူက ယခု မိုင်းတွင်း၌ ၃ လသာ လုပ်ခဲ့သူဖြစ်၍ သူ့အဖွဲ့ကို ကောင်းစွာမသိချေ။

ယင်းက ဤအဆိုင်းအတွက် ရေ ၁၀ လီတာ၊ သစ်တော်သီးတစ်ဘူး၊ ပဲသီးတစ်ဘူး၊ ဆော်လမွန်ငါးတစ်ဘူး၊ နို့ ၁၆ လီတာ၊ ငှက်ပျောသီးမှုန့် ၆ ဘူး၊ စတော်ဘယ်ရီမှုန့် ၆ ဘူး၊ သစ်သီးဖျော်ရည် ၁၈ လီတာ၊ တူနာငါး ၂၀ ဘူး၊ ဘီစကစ် ၉၆ ထုပ်နှင့် ပဲ ၆ ဘူး ထုတ်ပေးခဲ့သည်။

သာမန် အနေအထားအရဆိုလျှင် အဆိုပါအစားအသောက်များသည် မိုင်းလုပ်သား ၁၀ ဦးအတွက် ၄၈ နာရီ ကျွေးလောက်၏။ သို့သော် ယခုကား လူ ၃၃ ယောက် ဖြစ်နေသည်။ အားလုံး ဆာလောင်နေကြပြီ။ ထိုနေ့က လူများစုမှာ သူတို့နေ့ခင်းစာများကို မိုင်းအပေါ်တွင် ထားခဲ့ကြသဖြင့် သာမန်ထက်အစားအစာ လျော့နေလေသည်။

ညနေ ၄ နာရီထိုးပြီ။

ဤအချိန်သည် ပထမအကြိမ် တောင်ပြိုအက်သည့်အချိန်မှ ၂ နာရီခွဲအကြာဖြစ်သည်။ ယခုမိုင်းသည် လုံးလုံးလျားလျား ပြိုကျခဲ့ပြီ။ မီးတောင်ပေါက်ကွဲတာနဲ့ အတော်တူသည်။ တောင်စောင်းမှ အမှိုက်သရိုက်ပေါင်းစုံ ထွေးထုတ်ပစ်ခဲ့သည်။ ဆန်ဂိုးအပြင်ဖက်မှ ကြားရသောအသံက အသံရှည်ကြီးဖြစ်၏။ အသံနက်ကြီးဖြစ်သည်။ နောက်ဆုံး ပေါက်ကွဲမှုသည် တန်ချိန် ၇ သိန်းခန့် ကျောက်ဆောင်ကြီးဖြင့် မိုင်း၏ဝင်ပေါက်ကို ပိတ်ပစ်ခဲ့လေသည်။

ပိတ်မိနေသော လုပ်သားများက ပေါက်ကွဲသံသည် ဖြစ်နေကျဖြစ်ပြီး ကြားနေကျအသံဟု ထင်သည်။ အရှုရာယ်

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ကြီးသော်လည်း ဆန်ဂျိုးမိုင်းတွင်း ဤအသံမျိုးက မဆန်းပေ။ ဖုန်များ၊ အမှိုက်များချည်းကပင် လူတွေကို သေစေနိုင်သည်။ လူတွေကို ချောင်းဆိုးစေသည်။ ငိုကြွေးစေသည်။ မျက်စိကို တစ်ဝက်တစ်ပြက်ကန်းစေနိုင်ပေသည်။ မျက်စိထဲအမှိုက်ဝင်သဖြင့် မျက်စိထဲသို့ အဝါရောင်အကာဖြင့် ဖုံးကြသည်။ မျက်စိဖွင့်လိုက်သောအခါ မှောင်နေခြင်းကိုသာ တွေ့ရ၏။ နံရံမှ ရေတွေ ကျလာပြန်သည်။

ဤတွင် အမှိုက်များ၊ ဖုန်များဖြင့် တိုက်ခိုက်နေရမည့်အစား ရွှံ့တွေနှင့် ရင်ဆိုင်ရတော့သည်။ ဒုက္ခသည်စခန်းမှာ ချော်နေသည်။ ကျောက်တုံးများကျသံကလည်း အရူးတစ်ယောက် ဒရမ်တီးနေသကဲ့သို့ တဖျောက်ဖျောက်၊ တဝုန်းဝုန်းကြားနေရသည်။ သူတို့သည် မှောင်မည်းမည်းတွင်း၌ သူတို့ဦးထုပ်မှ မီးပွင့်များကို ဘက်ထရီချွေတာသည့်အနေနှင့် အတူနှင့်ပိတ်လိုက်ကြရသည်။

သူတို့အိပ်မက်ဆိုးကြီးကား စတင်လေပြီ။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



## အခန်း-၂
## စိတ်ပျက်ဖွယ် ရှာဖွေမှု

ကြာသပတေး၊ ဩဂုတ်လ ၅ ရက်။ ၅း၄၀ နာရီ။

ချီလီနိုင်ငံ ကိုပီယိုပိုမြို့ ရဲဌာနတွင် 'မာရီယိုဆီဂူရာ' ဆိုသူသည် နာမည်ကျော် ကယ်ဆယ်ရေးအရာရှိတစ်ဦးဖြစ်၏။ သူနှင့် လုပ်ဖော်ကိုင်ဖက် ရဲဘော်ရဲဘက်ကား ဂျူးဆီနန်ကူယိုဖြစ်သည်။ ၄င်းတို့နှစ်ယောက်သည် ချီလီနိုင်ငံ၏ အထက်တန်းရဲအရာရှိသင်တန်း ကောင်းစွာ တက်ထားပြီးသူများဖြစ်ကာ ဗုံးအမျိုးမျိုးမှ မီးတောင်များအတွင်းအထိ အရာရာကို သင်ယူခဲ့ကြပြီးသူများ ဖြစ်၏။ ချီလီတောင်တန်း မိုင်ပေါင်း ၂၇၀၀ တွင် မီးတောင်များက သရဖူဆောင်းထားကြလေရာ မကြာခဏ ကယ်ဆယ်ရေးလုပ်ကြရသည်။ စွန့်စားသွားလာကြသော ကမ္ဘာလှည့်ခရီးသည်တစ်စု ပေါက်ကွဲနေသော မီးတောင်အဝနားတွင် ခြေချော်ကြစဉ် ၄င်းအရာရှိနှစ်ဦး သွားရောက်ကယ်ဆယ်ခဲ့ရ၏။ စင်တီယာဂို၌ လစဉ်ဖြစ်လေ့ရှိသော မင်းမဲ့စရိုက်ဗုံးများပေါက်ကွဲတိုင်းလည်း ဤအရာရှိများပင် ဖြစ်ပွားရာသို့ စေလွှတ်ခြင်းခံရလေ့ရှိသည်။

ယခုလည်း ဆီဂူရာသည် ပစိဖိတ်သမုဒ္ဒရာတွင်း ကယ်ဆယ်ရေးသင်တန်းမှ ပြန်လာခါစ ၄ နာရီပဲ ရှိသေးသည်။ ရေချိုးပူပူချိုးပြီး လုပ်ဖော်ကိုင်ဖက် နန်ကူယိုနှင့် ဘီယာအေးအေးသောက်ရန် ပြင်နေဆဲ တယ်လီဖုန်းခေါ်သံ မြည်လာ၏။ တောင်အာဖရိက တစ်ခွင် ထင်ရှားသော ရဲကယ်ဆယ်ရေး အရာရှိများပီပီ တယ်လီဖုန်းမြည်သောအခါ ဆီဂူရာက 'ကယ်ဆယ်ရေးဖြစ်ရမယ် လောင်းရဲတယ်' ဟုနောက်လိုက်သေးသည်။ သူတို့သည် နီးသောအချိန်အများအပြားကို ဒုက္ခဖြစ်ပွားရာနေရာ၌ အသုံးပြုခဲ့ရသဖြင့် ကျင့်သားရနေသည်။ ယခု ဆီဂူရာ၏ လုပ်ဖော်ကိုင်ဖက်နန်ကူယို တယ်လီဖုန်းကိုင်သောအခါ ဘေးကနားထောင်ရင်း အရေးတကြီးတစ်ခုခု

www.burmeseclassic.com



ဖြစ်ပြီဟု သဘောပေါက်သွားသည်။ ဖုန်းထဲမှာ အသေးစိတ်ကြားရသည်။ မိုင်းတွင်း၌ မတော်တဆမှု နောက်ထပ်ဖြစ်ပွားခြင်း။ ယခုအကြိမ်က ဆန်ကျူးသတ္တုတွင်းတောင်အောက် ၂၇ မိုင် ၄၄ ကီလိုမီတာအနက်မှာတဲ့။

'ကျွန်တော်က လက်ပတ်နာရီကို ကြည့်လိုက်တယ်။ ထွက်ခါနီးမှာပါ။ ညနေ ၆ နာရီ။ ကျွန်တော်က ပြောလိုက်တယ်။ တို့ ၃ နာရီအတွင်း ပြန်ရောက်မယ်လို့။ ဟုတ်ပါတယ်။ ကယ်ဆယ်ရေးတွေက ၃ နာရီပဲ ကြာတာကို။ ပြန်လာမှ မုန့်စားမယ်ဆိုပြီး အသင့်ချထားတဲ့ လက်ဘက်ရည်ပွဲကိုလည်း ဒီအတိုင်း ထားပစ်ခဲ့တယ်' ဟု ဆီဂူရာက ပြောပြပါသည်။

သူတို့သည် လူ ၆ ယောက်၊ ၉၁ မီတာရှည်သော ကြိုးခွေများ၊ လက်အိတ်များ၊ တောင်တက်ကိရိယာများ၊ ဓာတ်မီးပါသော ဦးထုပ်များကိုတင်ပြီး ပစ်ကပ်ကားနှင့် ထွက်ခဲ့ကြ၏။ ကားနောက်ခန်းတွင်လည်း လီမွှော်ရောင်အဝတ်သေတ္တာထဲ၌ ဓာတ်ပုံဆရာများသုံးလေ့ရှိသော မီးစလောင်းကို ထည့်ထားသည်။ သို့သော် အလျင်စလို ပြင်ဆင်ရသဖြင့် အဓိကကျသော ပစ္စည်းတစ်ခုကို မေ့ကျန်ခဲ့ကြ၏။ ၎င်းမှာ ကြိုးကို အဆင်းအတက် လုပ်ပေးနိုင်သော ကြိုးစင်တစ်ခုဖြစ်သည်။ ကြိုးဆွဲတက်သောအခါ အမြန်တက်နိုင်ရန်ဖြစ်၏။

နေက နိမ့်ဆင်းသွားခဲ့ပြီ။

ရဲပစ်ကပ်ကားသည် မိုင်းတွင်းသို့ အပြင်းမောင်းနေသည်။ သဲကန္တာရအတွင်း လူသွားလူလာများသော ဤအချိန်ပိုင်းတွင် ရဲကား၏မီးရောင်များက တဖျတ်ဖျတ် ရိုက်ခတ်နေသည်။ ကားပေါ်ရှိ လူများသည် စကားမပြောနိုင်ကြပေ။ ဘယ်လိုကယ်ရမည်လဲဟူသော အကြောင်းကိုသာ စိတ်ထဲ၌စဉ်းစားရင်း ငြိမ်သက်နေခဲ့ကြသည်။ ကားမောင်းချိန်က ၃၅ မိနစ်သာ ကြာသော်လည်း မောင်းပုံမှာ အန္တရာယ်ကြီးလှ၏။ ရုတ်တရက်အချိုးအကွေ့များနှင့် ထူထပ်သောလူများကြောင့် ကားမောင်းရသည်မှာ အနှောင့်အယှက်ဖြစ်ရသည်။ လမ်းပေါ်မှာ မမြင်ရသော ရေလွှာရှိနေကာ ချောက်ကျိုကျိုဖြစ်နေသေးသည်။ ထို့ကြောင့်ပင် ဒေသတွင်းရှိ အငှားယာဉ်များသည် ကားရှေ့ဘားတန်းကို နှစ်ခုထားပြီး စပယ်ယာဘီးနှစ်ဘီး ဆောင်လေ့ရှိရုံမက ရှေးဦးသူနာပြုပစ္စည်းများလည်းပါအောင် ယူဆောင်ခဲ့ကြခြင်းတည်း။ ကယ်ဆယ်ရေးအဖွဲ့ မိုင်းတွင်းသို့ ရောက်သောအခါ ဘူမိဗေဒပညာရှင်တစ်ဦး၊ ဘူမိဗေဒနှင့် ရူပဗေဒဆိုင်ရာပညာရှင်တို့က တွင်းပိတ်မိနေသော လူများရှိနိုင်သည့် အနေအထားကိုရှင်းပြရန် စောင့်ကြိုနေကြသည်။ တိကျမှန်ကန်သော မြေပုံကိုမူ မရရှိနိုင်ကြပေ။ ဤမျှအချိန်တိုတိုအတွင်း ခန့်မှန်းတွက်ချက်ရခြင်းဖြစ်ပြီး ဤကိစ္စသည် ကယ်ဆယ်ရေးစီမံကိန်း၏ အဓိကလုပ်ငန်းလည်းဖြစ်၏။ ဘူမိဗေဒပညာရှင်သည် တိကျပြီး ပူပန်နေသည်။

'အခုကိစ္စဟာ အလွန်ရှုပ်ထွေးတဲ့ စီမံကိန်းပဲ။ အချိန်ယူရလိမ့်မယ်'

www.burmeseclassic.com
the bookhouse

www.burmeseclassic.com


ဘူမိဗေဒပညာရှင်က မြေပုံအကြမ်းရှိ ကယ်ဆယ်ရေးခိုလှုံရာနေရာကိုညွှန်ပြီး ဖြစ်နိုင်လျှင် ရဲများက အရင်ဆင်းရန် အကြံပြုလေသည်။

ရှာဖွေရန်အတွက် လိုဏ်ခေါင်းများက မိုင်ပေါင်းများစွာ ရှိနေ၏။ မိုင်းလုပ်သားများသည် မိုင်းတွင်းရှိ ကယ်ဆယ်ရေးခိုလှုံရာ အောက်ခြေသို့ ဘေးကင်းစွာရောက်မှ ရောက်ကြပါရဲ့လား။ သို့မဟုတ် ၂ ဖာလုံ ပိုမြင့်သော ယာဉ်ပြင်ဆင်ရာ ဝပ်ရှော့ဆီများ ရောက်နေကြလေသလား။ လိုဏ်ခေါင်းအတွင်း၌ ယာဉ်ပေါင်းတစ်ဒါဇင်ကျော်ရှိနေသည်။ ထို့ကြောင့် ကယ်ဆယ်ရေးသမားတို့သည် အောက်ရှိလူများ အသက်ရှင်နေကြောင်း ဖြစ်နိုင်ခြေကို ရှာဖွေကြလေသည်။

လူများသည် အသက်ရှင်နေသေးလျှင် တစ်နေရာရာ၌ ရှိရမည်။

ပထမတွင် ဆန်ကိုးအုပ်ချုပ်ရေးမှူးများက ပျက်စီးမှုအတိုင်းအဆကို အသိအမှတ်ပြုရန် ဝန်လေးနေခဲ့ကြ၏။

ဂျေဗီယားကာစတီလို၏ ပြောကြားချက်အရ မိုင်းတွင်းအလုပ်သမားသမဂ္ဂကိုယ်စားလှယ်က တာဝန်ရှိသူများကို သတင်းပို့သောအခါ အကူအညီတောင်းရန် ဖုန်းခေါ်ခြင်းကို ကုမ္ပဏီ၏ဖုန်းများ မသုံးရန် တားမြစ်သည်ဟု ဆိုသည်။

တွင်း၌ပိတ်ခံနေရသူ အက်ဒီဆင်ပီနာ၏ ဇနီးဖြစ်သော အင်ဂျလီကာကလည်း ထိုနည်းအတိုင်းပင် ပြောပြပါသည်။

'မိုင်းလုပ်သားတွေက ဖုန်းဆက်ချင်ကြတယ်။ ဒါပေမယ့် တောင်ပေါ်က မိုဘိုင်းလ်ဖုန်းမရှိလို့ ကြိုးဖုန်းကို တောင်းဆိုကြတယ်။ သူတို့က မီးသတ်သမားမခေါ်ဖို့ တင်းတင်းကြပ်ကြပ်တားမြစ်တယ်။ ရဲနှင့်လူနာတင်ယာဉ်လည်း မခေါ်ရဘူးတဲ့။ ကုမ္ပဏီက သူ့အစီအစဉ်နဲ့သူပဲလုပ်ဖို့ စိတ်ကူးခဲ့တယ်'

သို့သော် စစ်ပြန်မိုင်းလုပ်သားကြီးများက တောင်တက်အဖွဲ့များအဖြစ် ကြီးထွားလာပြီဖြစ်ရာ ၄င်းတို့စိတ်တိုင်းကျ ရွေးချယ်လိုက်ကြသည်။ မိုင်းလုပ်သားများ၏ မိသားစုများနှင့် ချီလီရှိ ပြည်သူများလည်း တယ်လီဗီးရှင်းပေါ်၌ သတင်းထုတ်ပြန်ချက်မြင်ရသောအခါ ငေးကြည့်ရင်း ထိတ်လန့်တကြား ဖြစ်သွားခဲ့ကြရတော့သည်။

ယခုအခါ မိုင်းလုပ်သားများအနက် ထိုနေ့ 'အဆိုင်း' အတွက် တာဝန်ကျသူများစာရင်းကို တယ်လီဗီးရှင်းတွင် ဖော်ပြပါရှိခဲ့လေပြီ။ ၄င်းစာရင်းမှာ အောက်ပါအတိုင်းဖြစ်၏။

၁။ လူးဝစ်အယ်လ်ဘာတို အာရွှရာ အိုင်ရီဘာရင်

၂။ ဖလိုရန်စီယို အဗေလို့စ် စယ်လ်ဗာ

၃။ ရေနန် အန်စယ်မို အဗေလို့စ် စယ်လ်ဗာ

၄။ ဆယ်မြူရယ် အဗေလို့စ် အကေုနာ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



၅။ အော့စ်မင် အိုင်စီဒရို အာရာယာရာယာ
၆။ ကားလို့စ် ဘူဂူနို အယ်လ်ဖာရို
၇။ ပီဒရိုကောတစ် ကွန်တာရပ်စ်
၈။ ကားလို့စ် အယ်လ်ဘာတို ဘာရီးယက်စ် ကွန်တာရပ်စ်
၉။ ဩန်နီ ဘာရီးယက်စ် ရိုဂျာ့စ်
၁၀။ ဗစ်တာ ဆီဂိုဗီးယား ရိုဂျာ့စ်
၁၁။ ဒါရီယို အာတူရို ဆီဂိုဗီးယား ရိုဂျို
၁၂။ မာရီယို ဆီပူလ်ဗီဒါ အက်စ်ပီနာဇီး
၁၃။ ဖရန်ကလင် လိုဘိုစ် ရာမီရစ်
၁၄။ ရောဘတ်တို လိုပက်စ် ဘော်ဒိုနီးစ်
၁၅။ ရော့ချ် ဂယ်လီဂူလို့စ် အော်ရီလာနာ
၁၆။ ဗစ်တာ ဇာမိုရာ ဘူဂီနို
၁၇။ ဂျင်မီ အေလီဂျင်ဒရို ဆန်ရှယ်လာဂက်စ်
၁၈။ အိုမာ အော်လန်ဒို ရေဂါဒါ ရိုဂျာ့စ်
၁၉။ အေရီယယ်လ် တီကိုနာယန်နီး
၂၀။ ကလော်ဒီယို ယန်နီးလာဂိုးစ်
၂၁။ ပါဗလို ရိုဂျာ့စ် ဗီလာကော်တာ
၂၂။ ဂျူယန် ကာလို့စ် အဂျီလာဂီတာ
၂၃။ ဂျူယန် အင်ဒရီးစ် အီလန်စ်ပါလ်မာ
၂၄။ ရစ်ချာ့ဒ် ဗီလာရီး ဂိုဒီ
၂၅။ ရောလ် အင်ရီကျူ ဘတ်စ်တိုစ် အိုင်ဘင်နီ
၂၆။ ဂျူစီ ဟင်နရီကွစ် ဝွန်ဇာလီ
၂၇။ အက်ဒီဆင် ပီနာ ဗီလာရီး
၂၈။ အဲလက်စ် ရစ်ချာ့ဒ် ဗီဂါဆာလာဇာ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



၂၉။ ဒယ်နီယယ်လ် ဟာရီးရာ ကမ်ပိုစ်
၃၀။ မာရီယို ဂိုမက်ဇ် ဟီရာဒီးယာ
၃၁။ ကားလို့စ် မာမာနီ
၃၂။ ဂျိုစီ အိုဂျီဒါ
၃၃။ ဝီလျံ အော်ဒင်နီးစ်

မိသားစုအများအပြားအဖို့ တယ်လီဗီးရှင်း လွှင့်ထုတ်ချက်သည် ဒုက္ခဖြစ်ပြီဟု ၄င်းတို့အား ပထမဆုံးပြသလိုက်ခြင်းပင်တည်း။ မိုင်းပိုင်ရှင်များအနေဖြင့် ဆွေမျိုးများကို သတင်းပို့ရာ၌ နှောင့်နှေးကြန့်ကြာခဲ့ရုံမက စာရင်းကလည်း အမှားတွေပါနေခဲ့သေးသည်။ မိုင်းလုပ်သား နှစ်ဦးမှာ စာရင်း၌ မပါချေ။ သူတို့မိသားစုမှာ အမှန်ကိုမသိမချင်း စိတ်ပူခဲ့ကြရ၏။ ထို့အတူ ဝီလျံအော်ဒင်နီးစ်နှင့် ရောဘတ်တို လိုပက်စ်တို့ကို ပိတ်မိသူများအဖြစ် စာရင်းတွင် ပါခဲ့သော်လည်း မကြာမီမှာပင် မိုင်းအပြင်၌ ဘေးကင်းစွာ တွေ့ခဲ့ရသည်။ (ယွန်းနီချီကို ဘားရီးယက်စ်နှင့် အက်စ်တင်ဘင်ရီဂျုစ်တို့ကမူ စာရင်းထဲမှာမပါသော ပိတ်မိသူများဖြစ်နေသည်။) အလုပ်သဘာဝ အရ ဆန်ဂျိုးမိုင်း၌ လုံခြုံမှုနှင့်မှတ်တမ်းထားပုံမှာ ထိုအချိန်၌ သက်သေဖြစ်လာလေသည်။

အမျိုးသားရုပ်မြင်သံကြားမှ ဆန်ဂျိုးသတ္တုတွင်း ပြိုကျသည့် သတင်းကို ကြားကြရသော ဆွေမျိုးများသည် ဆန်ဂျိုးသို့ စတင်ရောက်ရှိလာကြပြီး အရေးယူဆောင်ရွက်ရန် ကြိုးစားကြတော့သည်။

■

မြို့မှ ကယ်ဆယ်ရေးအဖွဲ့များ ရောက်ရှိသွားသောအခါ သူတို့သည် စိန်ခေါ်မှုအသစ်နှင့် ရင်ဆိုင်ကြရတော့၏။ မီတာ ၇၀၀ အနက်ဟုဆိုသော နေရာကို မည်ကဲ့သို့ရှာဖွေကြမည်နည်း။ ထိုအနက်ရှိ ဒဏ်ရာရသူများကို ကယ်ဖို့ဆိုသည်မှာ ဖြစ်နိုင်ပါ့မလား။ မိုင်းကရော အထဲဝင်ဖို့ စိတ်ချရပါ့မလား။

ကယ်ဆယ်ရေးအဖွဲ့သည် စီမံချက်နှစ်ခုကို စတင်ရွေးချယ်လိုက်ကြ၏။ မိုင်းလုပ်သားများ အသက်ရှင်နေခြင်း ရှိ မရှိ ရှာဖွေရန်ဖြစ်သည်။ အဆိုးဝါးဆုံးအနေအထားမှာ အစိုးရတာဝန်ရှိသူများသည် အလောင်းများကို ဖယ်ရှားပြီး မိသားစုများထံ ပို့ရန်စီစဉ်ကြခြင်းဖြစ်၏။ ၁၉၇၃ နှင့် ၁၉၉၀ အတွင်း ချီလီနိုင်ငံတွင် နာမည်ဆိုးဖြင့် ကျော်ကြားခဲ့သော ပြည်သူထောင်နှင့်ချီ၍ အသတ်ခံရမှုတွင် အလောင်းများကို မြေမြှုပ်ခဲ့သဖြင့် မိသားစုများက မမြင်ခဲ့ရချေ။ ထိုလူသတ်ပွဲကို

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



လုပ်ခဲ့သူမှာ စစ်အာဏာရှင် အာဂတ်စ်တိုပီနိုချက်ဖြစ်သည်။ ထိုသို့ မိသားစုများ မမြင်လိုက်ရဘဲ ကွယ်ပျောက်ခဲ့ရခြင်းမျိုးကို မဖြစ်စေချင်ပေ။ ထို့ကြောင့် တွင်းပြို၍ မြေအောက်၌သေခဲ့လျှင် အလောင်းရအောင်လုပ်ရန် စဉ်းစားကြခြင်းပင်ဖြစ်၏။

တွင်းပြိုပြီး မကြာခင်ပြုလုပ်သော ကြိုးပမ်းမှုမှာ မိုင်းလုပ်သားများကိုယ်တိုင် မိုင်းတွင်းသို့ ထရပ်ကားများနဲ့ ဆင်းရန်ဖြစ်၏။ မရလျှင် ခြေလျင်ဆင်းရန်ဖြစ်၏။ ဤကြိုးပမ်းမှု မအောင်မြင်ချေ။ ဦးထုပ်၌ တပ်ဆင်ထားသော မီးများသည် ဖုန်၊ သဲ၊ အမှိုက်များပြည့်နေသော လေထုကို မထိုးဖောက်နိုင်ပေ။ ပြိုကျမှု၏အင်အားကို ထူထဲသောအက်ကြောင်းများ၊ ရေစီးကြောင်းများက ပုံဖော်လျက်ရှိသည်။ ကယ်ဆယ်ရေးသမားများသည် ဖုန်၊ သဲ၊ အမှိုက်များ၏ ထုထည်ကို အနည်းငယ်သာကျော်၍ မြင်နိုင်ကြ၏။ ကျောက်စိုင်ကျောက်ခဲများက မြေပေါ်သို့ ပြိုကျနေဆဲဖြစ်ကာ တောင်အော်သံကလည်း သတ္တဝါကြီးတစ်ကောင် ဒေါနှင့်မောနှင့် မာန်ဖီနေသည့်အလား ကြားနေရသည်။ တောင်က ငိုနေသည်ဟု ပြောကြရပြီး တောင်ငိုသည်နှင့်အတူ လူတွေလည်း မျက်ရည်ကျနေရလေပြီ။

ကယ်ဆယ်ရေးအဖွဲ့မှ အကြီးအမှူးဖြစ်သော မိုလ် ဂျူးစီလို့စ်ဗီးလပ်စ်က အောက်ပါအတိုင်း ပြောပြခဲ့၏။

'မိုင်းလုပ်သားတွေက တောင်ဟာ အသက်ရှိတယ်လို့ ပြောလေ့ရှိတယ်' အဓိပ္ပာယ်က တောင်ဟာ 'ရွေ့လျား' နေတယ်လို့ ဆိုလိုတာပါ။ ဒီလိုဘာကြောင့် ပြောရလဲဆိုတော့ ကျောက်ဆောင်တွေက ဟိန်းတဲ့အသံပေးလို့ပဲ။ ဒီနေ့ဖြစ်တဲ့ အဖြစ်ကတော့ တောင်တစ်ခွင်လုံး အော်ဟစ်ဟိန်းဟောက်နေတာပါ'

ဆန်ဂျိုးမိုင်းအတွင်းသို့ ဝင်ရသော ဝင်ပေါက်ကား ခပ်ကြမ်းကြမ်းထွင်းထားခြင်းဖြစ်၏။ ထောင့်များက 'ထောင့်မှန်' ကျနေပြီး အကျယ်ထက် နှစ်ဆနီးပါးမြင့်သည်။ ဟထားသော ပါးစပ်နှင့်တူပေသည်။ ဆင်ခြေလျှောသည် ဖြည်းညင်းစွာလျှောသွားပြီး ကြမ်းပြင်လမ်းက ကြမ်း၏။ အတွင်း၌ကား မဲမှောင်သွားလေသည်။ မြေအောက်ကမ္ဘာဆီသွားသောလမ်းဟုပင် ဆိုနိုင်၏။ တွင်းအဝ ပါးစပ်ကြီးနောက်တွင် မိုင်း၏ကိုယ်ထည်က ကွေ့ဝိုက်၍သွားသည်။ ခွေဝိုက်၍သွားသည်။ လေးမိုင်နီးပါး ရောက်သောအခါ မြေကြီးထဲသို့ နက်ရှိုင်းစွာနစ်ဝင်၍သွားရာ ပုန်းအောင်းနေသော မြွေကြီးနှင့်တူပေသည်။ ဘေးတိုက်ကြည့်လျှင် ရှည်လျားလှသော ရေမြွေကြီးခွေနေပုံနှင့်တူသည်။

မိုင်းဝင်ပေါက်နံဘေးတွင် အစိမ်းရောင်ဆိုင်းဘုတ်ကြီးရှိ၏။ ဆိုင်းဘုတ်ပေါ်မှာ ကုမ္ပဏီအမည်ကို ရေးထားရာ 'ဆန်အီစတာဆင်ပရီမီလာ S.A' ဟူ၍ဖြစ်သည်။ သရုပ်ဖော်ပုံအဖြစ် အလုပ်ဆင်းသောဦးထုပ်ကြီးနှင့် မိုင်းတွင်းစီးဖိနပ်ကြီးကို ရေးဆွဲထားကာ ကုမ္ပဏီ၏ ကြွေးကြော်သံအဖြစ် 'အလုပ်က ဂုဏ်ရှိစေသည်။ အလုပ်ကို စိတ်ချလုံခြုံအောင်လုပ်ခြင်းသည် ထိုက်တန်စေသည်' ဟူ၍ ရေးသားထားလေသည်။

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



ကယ်ဆယ်ရေးလုပ်သားများသည် ဆိုင်းဘုတ်များကို ဖြတ်သန်းပြီး မိုင်းတွင်းသို့ ဝင်သောအခါ ကြမ်းပြင် အက်နေသည်ကို တွေ့ကြရ၏။ မျက်နှာကြက်ကလည်း အက်နေသည်။ နံရံကား ကွဲထွက်နေလေသည်။ သက်ရှိတစ်စုံတစ်ရာ ကိုမျှ အစအနမမြင်ရချေ။ ပျက်စီးကြေမွမှု၏ အကြွင်းအကျန်များကိုသာ သက်သေခံပစ္စည်းအဖြစ် မြင်တွေ့ကြရလေသည်။

ထိုကဲ့သို့ ဆိုးဝါးသော အနေအထား။ သံဖုန်များက တွင်းနှုတ်ခမ်းမှ လွင့်လာနေဆဲ။ ဆောင်းထု၏လေအေးများ က ခိုက်ခိုက်တုန်အောင် တိုက်နေဆဲတွင် မာရီယိုဆီဂူရာကား တွင်းထဲသို့ ပထမဆုံးဆင်းသော ရဲသားပေတည်း။

'ကျွန်တော်တို့မိုင်းထဲဆင်းပြီး ဝင်လို့ရသလောက်အထိ ဝင်ကြတယ်။ အဲဒီနောက် အမှိုက်တွေ၊ ကျောက်တုံး တွေနဲ့ ပိတ်ဆို့နေတဲ့လမ်းကို ရောက်သွားတယ်။ ခါတိုင်းဆိုရင် လှိုဏ်အခွန်အဖျားတစ်လျှောက်မှာ လမ်းရှိမြဲပဲ။ အခုကျတော့ လမ်းမရှိဘဲ ခိုလှုံရေးစခန်းကို တံခါးနဲ့ပိတ်ထားတဲ့ ပုံစံမျိုးဖြစ်နေတယ်။ အခု တောင်ပြိုတာဟာ ဘယ်လောက်ထုနဲ့ထည်နဲ့ ပြိုလိုက်သလဲဆိုတာ မိုင်းရဲ့ကျွမ်းကျင်သူတွေတောင် နားမလည်နိုင်လောက်အောင် ဖြစ်နေတယ်။ တောင်တစ်ကြောလုံး ဒီလိုဖြစ်နေသလား။ သူတို့မဖြေရှင်းနိုင်ခဲ့ဘူး' ဟု ဆီဂူရာက ရှင်းပြခဲ့သည်။

ယခုပြိုကျသွားသော ကျောက်တောင်သည် ဓားကဲ့သို့ ပြိုကျခြင်းမဟုတ်။ သင်္ဘောတစ်စီးလောက်ရှိမည်။ မီတာ ၉၀၀ ခန့်ရှည်ပြီး ၃၀ မီတာထုထည်။ အမြင့်က မီတာ ၁၂၀ ခန့် ရှိမည်။ နောက်ပိုင်းတွင် ခန့်မှန်းသော ကျောက်တုံးအလေးချိန်များမှာ တန်ပေါင်း ၇ သိန်းဖြစ်၏။ တိုက်တင်းနစ်သင်္ဘောအလေးချိန်၏ အဆပေါင်း ၁၅၀ တည်း။

ဤမျှထုထဲသော ကျောက်အစိုင်အခဲကို ထိုးဖောက်ဝင်ရောက်ရန် မဖြစ်နိုင်ကြောင်း ကယ်ဆယ်ရေးအဖွဲ့က သိရှိရာ ကယ်ဆယ်ရေးသမားတို့သည် 'ချိမိနိယာ' အမည်ပေးထားသော ကယ်ဆယ်ခိုလှုံရာစခန်းကို တွေ့အောင်ရှာကြ သည်။ ၎င်းစခန်းကိုတွေ့ဖို့ တောင်တက်ကိရိယာများ အသုံးပြုရသည်။ ၎င်းတို့သည် ပြိုကျနေဆဲ၊ အော်ဟစ်ဆူညံနေဆဲ ခိုလှုံရာစခန်းဆီသို့ ဖြည်းဖြည်းချင်းဆင်းခဲ့ကြလေသည်။

ရဲသား ၄ ယောက်က ပြိုနေဆဲ အမိုးကို စောင့်ကြည့်ရ၏။ အခြား နှစ်ယောက်က နှစ်မီတာကျယ်သော ခိုလှုံရာ စခန်းထဲသို့ ဆင်းကြသည်။ အထောက်တိုင်မပါဘဲ ဆင်းကြရသဖြင့် နံရံ၏ ကြမ်းရှသောဒဏ်ကိုခံကြရ၏။ ၎င်း တို့သည် ကြိုးများကို ပါလာသောပစ်ကပ်၏ဘန်ဘာတွင် ချည်ကာ အောက်သို့လျှောကျမသွားအောင် လုပ်ရ၏။

'ကျွန်တော်တို့ရှေ့ ၅ မီတာလောက်မှာ ကျောက်တွေက မိုးရွာသလို ရွာကျနေတယ်။ ပြိုတဲ့အသံက ရေစီးသံနဲ့ တူတယ်။ အဲဒီနောက်တော့ အမိုးတစ်ခုလုံး ပြိုကျလာခဲ့တော့တယ်။ ကျွန်တော်တို့ ညာဖက်တည့်တည့်ပဲ။ အဲသလို ကျောက်မိုးရွာပြီဆိုရင် သတိထားရမယ်။ ဘယ်အချိန်ပြိုကျမလဲဆိုတာ ဘယ်သူမှမပြောနိုင်ဘူး' ဟုဆီဂူရာက ဆိုသည်။

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



ချီလီနိုင်ငံသတ္တုတွင်းဥပဒေအရ ခေါင်းတိုင်ပါသော ခိုလှုံရာနေရာ ကယ်ဆယ်ရေးစခန်းများသည် ထွက်ပေါက်လှေခါးထားရှိရန် လိုအပ်သည်။ သို့သော် ဆန်ဂျိုးသတ္တုတွင်းကား လုံခြုံရေးစည်းကမ်းများကို တင်းကြပ်စွာလိုက်နာသော နေရာမဟုတ်ချေ။ မိုင်းလုပ်သားတစ်ဦးဖြစ်သူ အိုင်ဗင်တိုရီက သူ ၁၉၈၅ ခုမှစ၍ ဤမိုင်းတွင် အလုပ်လုပ်သောအခါ အဆင့်မီဖိနပ်ထုတ်ပေးရာမှာ ကင်းဘတ်စ်ဖိနပ်များသာဖြစ်ကြောင်း ပြောပြပါသည်။ ၂၀၀၁ ခုနှစ် စက်တင်ဘာလ၌ တိုရီသည် အပေါ်လွှာသို့တက်ရန် ထရပ်ကားအလာကို ထိုင်စောင့်စဉ် လိုဏ်ခေါင်းအမိုးတစ်ပိုင်း ပြိုကျခဲ့၏။ ၄င်းကျောက်စိုင်းတုံးက တိုရီ၏ ခြေထောက်ပေါ်သို့ တည့်တည့်ကျသဖြင့် ဒဏ်ရာရပြီး သတိလစ်သွားခဲ့သည်။ ဆေးရုံတက်၍ ခြေထောက်ဖြတ်ပစ်ရသည်။ ဤကိစ္စအတွက် လျော်ကြေးပေးရန် ကုမ္ပဏီက ငြင်းခဲ့၏ အကြောင်းပြချက်မှာ ထိုအချိန်တွင် တိုရီက ထိုင်နေ၍ဟုဆိုသည်။ နောက်ဆုံးမှ တိုရီက တရားစွဲပြီး အနိုင်ရရာ ခြေထောက်တစ်ဖက်အတွက် လျော်ကြေးငွေ ပီဆို ၁၅ သန်း (ဒေါ်လာ ၄၅၀၀၀) ခန့်သာ ရခဲ့လေသည်။

ဤတောင်ကုန်းကား သေမင်းနှင့်လောင်းကြေးထပ်ပြီး ရွှေနှင့်အသက်ကို လောင်းကစားသူတည်း။ ပထမကြည့်လိုက်လျှင် မိုင်းတွင်းသည် အန္တရာယ်များပြားလှ၏။ အင်ဒီယားနားဂျုံး ရုပ်ရှင်ထဲကနှင့် တူနေသည်။ ရေအိုင်များ၊ ဂူများ၊ စုတ်ပြဲနေသော အမိုးများ၊ အမိုးပြိုကျလျှင် ဆီး၍ခံထားရန်ပိုက်ကွန်များဖြင့် ရှုပ်နေသည်။ မိုင်းတွင်းရှိအနံ့အသက်ကလည်း အာမိုးနီးယန်းနိုက်ထရိတ်နှင့် မြေနံ့၊ စီးကရက်မီးခိုးနံ့ ရောနေသည်။ ဤပတ်ဝန်းကျင်မျိုး၌ နေရသူများသည် အဆုတ်ကင်ဆာဖြင့် သေရဖို့အတွက် အတော်ကြာကြာနေရသေးသည်မှာ ရယ်ဖွယ်ပင်ဖြစ်၏။

ဆန်ဂျိုးမိုင်းသည် စံချိန်မီမိုင်းအဖြစ် ဆောင်ရွက်ခြင်းမရှိခဲ့။ အခန်းများတွင် ထပ်မံအားဖြည့်သော ဒေါက်တိုင်များ မပြုလုပ်ခဲ့။ တောင်တစ်ခုပြိုကျလျှင် သိပ္ပံနည်းကျ ထွက်ပေါက်မရှိ။ ဘာ့ကြောင့်ပြိုကျကြောင်း မရှင်းနိုင်။ နောက်ပိုင်းတွင်မူ ရွှေနှင့်ကြေးနီတို့ကခွဲထွက်ခြင်းဟု သုံးသပ်ကြလေသည်။ ဒေါက်တိုင်မလုံလောက်ခြင်းကို အလုပ်သမားကြီးကြပ်သူ တစ်ဦးဖြစ်သူက ဝေဖန်ဖူးသည်။

ကယ်ဆယ်ရေးရဲသားများကား တရားဝင်ထားရှိရမည့် လှေခါးမပါဘဲ လိုဏ်ထဲသို့ ဆင်းခဲ့ကြသည်။ ၁၅ မီတာရောက်သောအခါ ပင်မအခန်းကြီးထဲသို့ ရောက်နေကြောင်း သိလိုက်ကြ၏။ သူတို့သည် ရှေ့ရှိမြင်ကွင်းကို မျက်ခြည်မပြတ် ဂရုစိုက်ကြည့်ရာ မျက်နှာကြက်အမိုးမှ တွဲလောင်းကျနေသော ကျောက်တုံးများကို မြင်ရသည်။ အချိန်မရွေးပြုတ်ကျကြမည်ဖြစ်၏။ လိုဏ်ခေါင်းက ၅ မီတာမြင့်ပြီး ၆ မီတာ ကျယ်သည်။ ထရပ်ကားတစ်စီးမောင်းသာရုံဖြစ်ပြီး ဤလမ်းမှနေ၍ သတ္တုများကို တင်ယူကြခြင်းဖြစ်၏။ လိုဏ်အတွင်း၌ အပူချိန်မှာ ၃၂ ဒီဂရီ စယ်လ်စီးယပ်စ် အမြဲရှိနေပြီး ကိုယ်ပေါ်ရှိ တန်ဆာပလာများက ၁၁၈ ကီလိုဂရမ်လေးသဖြင့် ကယ်ဆယ်ရေးရဲများမှာ ချွေးသံတရွှဲရွှဲဖြစ်နေကြလေသည်။ ချွေးရွှဲစေကာ

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



မှ သူတို့ကား လှိုဏ်ခေါင်းတွင်းသို့ ဆက်လက်ရှာဖွေနေကြ၏။

ဆီဂူရာနှင့် ဗီလီဂက်စ်တို့ကား အခက်အခဲမြင်ကွင်းမျိုးကို မြင်ဖူးနေကျဖြစ်သည်။ ဗုံးထိသောလူများ၊ ကားတိုက်သူများ၊ ပင်လယ်ထဲ၌ပေါလောပေါ်နေသည့် ပုတ်ပွနေသောအလောင်းများကို မြင်နေကျဖြစ်၏။ ယခုကား မြင်ကွင်းက တစ်မျိုးဖြစ်နေသည်။ မြေအောက်ထဲတွင် လမ်းကြောင်းက နက်ရှိုင်းပြီးရင်း နက်ရှိုင်း၍သွားသည်။ အောက်ဘက်တွင် ဘာတွေရှိနေမည်လဲဟု မှန်းဆ၍မရ။ လှို့ဝှက်ဆန်းကြယ်လွန်းလှ၏။ လှိုဏ်ခေါင်း၏ အကွေ့အချိုး၊ အနက်အရှိုင်း၊ ဖောက်ထားပုံက ထောင့်နားတွင် သက်ရှိတစ်စုံတစ်ရာ ရှိနေမည်ဟု ခံစားစေသည်။ ထိုသတ္တဝါကိုကား မြင်နိုင်ခြင်းမရှိ။ မျက်နှာကြက်ရှိ ပိုက်ကွန်များကလည်း ကျောက်တုံးကျောက်ခဲများဖြင့် ပြည့်နေသည်။ လမ်းကြောင်းကို ကန့်လန့်ဖြတ်ပြီး ပြန့်ကျဲနေကြသော ချောကျိကျိကျောက်တုံးများကလည်း ချော်လဲမည့်သူကို စောင့်ဖမ်းရန်အသင့်ဖြစ်နေကြ၏။

သူတို့စိတ်ထဲတွင် သူတို့သေနိုင်သည်ဟူသော ခံစားချက်က စိုးမိုးထားသည်။ မိုင်းကြီးသည် ဂေါဇီလာအရွယ် သတ္တဝါကြီးတစ်ခုဖြစ်နေကာ သတိမပေးဘဲ သူတို့ကို ဆွဲဖြဲသွားနိုင်သည်။

ဆီဂူရာက 'ရှာဖွေတာကိုဆက်ပြီး လုပ်နေရမှာပဲဆိုတာ သိပါတယ်။ ဒါပေမယ့် တောင်အော်သံက ငိုနေသလိုပဲ' ဟု ပြန်ပြောပါသည်။

ဆီဂူရာသည် အဖော်တစ်ယောက်နှင့်အတူ နားခိုရန်နေရာတစ်ခုကို ထပ်၍တွေ့ရ၏။ ထိုနေရာမှ အောက်လှာသို့ ဆင်းရပြန်သည်။ ထိုဒုတိယခေါင်းတိုင်၏ အောက်ခြေသို့ ရောက်သောအခါ နှစ်ယောက်သား ပြိုင်တူအော်လိုက်မိကြ၏။

'အဲဒီမှာ တစ်ယောက်ယောက်ရှိလား' ဟူ၍ဖြစ်သည်။

သူတို့သည် သက်ရှိတစ်စုံတစ်ရာ၏ လက္ခဏာကို နားစွင့်ကြ၏။ တုံ့ပြန်မှုအဖြစ်ကမူ ရေစီးသံသာ ဖြစ်လေသည်။ ထိုနေရာတွင် လမ်းအသစ်ပေါ်နေပြီး ရေစီးကျနေကာ ကျောက်တုံးတွေ ပြန့်ကျဲနေသည်။

သူတို့သည် ခေါင်းတိုင်တစ်ခုပြီးတစ်ခုကို ဆင်းခဲ့ကြ၏။ ခေါင်းတိုင်တိုင်းတွင် ကျောက်တုံးများမဝင်နိုင်ရန် ဝါယာကြိုးများဖြင့် ကာရံထားသည်။ နောက်ဆုံးခေါင်းတိုင်တွင်ကား အကာအကွယ်များ ပေါက်ပြဲလွင့်ကျနေပြီ။ အောက်ခြေနားရောက်သောအခါ ကျောက်တုံးများပိတ်သွားလေသည်။

'ကျွန်တော်တို့အားလုံး စိတ်ပူသွားကြတယ်။ နောက်အလှာက ပိတ်နေပေမယ့် သွားလို့ရသေးတယ်။ ဗိုလ်ဗီးလားဂက်စ်က နောက်အလှာမှာ ပွင့်နေမှာပါလို့ ပြောပေမယ့် အလှာတိုင်းဟာ ပိတ်နေတာချည်းပဲ' ဟု ဆီဂူရာကဆိုသည်။

ရဲသားဒုတိယအုပ်စုသည် ခိုနားရာ စခန်းတစ်ခုသို့သွားရာလမ်းကို တွေ့ကြ၏။ ထိုစခန်းက သူတို့အဖွဲ့ကို ရေနှင့်လှမ်းပက်သကဲ့သို့ ပြုလုပ်လေသည်။ မျက်နှာကို တံတွေးနှင့်ထွေးခံရသကဲ့သို့ ခံစားကြရ၏။ ၄င်းတို့ အောက်တစ်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



လှာဆင်းလိုက်စဉ်မှာပင် မြေပြိုကျလာပြီး ခိုလှုံရာစခန်းကို ပိတ်ပစ်လိုက်လေသည်။ ထိုနောက်တွင်မူ ခိုလှုံရာစခန်းကို ဖြတ်ဝင်ရန် မဖြစ်နိုင်တော့ချေ။

■

ရဲကွန်မန်ဒိုများ မိုင်းတွင်းထဲဆင်းပြီး ပိတ်မိသောလူများကို ရှာဖွေနေစဉ် ထိခိုက်မှုသတင်းက ပျံ့သွားခဲ့သည်။

'ဆန်ဂျိုးတွင် ပိတ်မိနေခြင်း'

'အထဲ၌ လူ ၃၃ ဦး ပိတ်မိနေခြင်း'

ထိုသတင်းများ၌ ကောလဟာလများလည်း ပါနေသည်။ ပိတ်မိသူများအနက် ၂၂ ယောက် သေဆုံးသည်ဟု ဆိုကြ၏။ မိုင်းလုပ်သားကြီး ဖရန်ကလင်လိုဘိုစ်၏ သမီးဖြစ်သူ၊ အသက် ၂၅နှစ် အရွယ်ရှိ ကာရိုလိုင်းနားလိုဘိုစ်က 'ကျွန်မ သတင်းကြားရတာ ကျွန်မအဖေပါတဲ့ ထရပ်ကားကို သူတို့တွေ့ခဲ့ရသတဲ့။ ကားထဲမှာ သွေးတွေနဲ့ အဖေက သေနေပြီတဲ့။ ကျွန်မငိုတယ်။ တစ်နေ့လုံးငိုတယ်။ ကျွန်မမှာ မျက်ရည်မကျန်တော့ဘူး။ ဒါပေမယ့် ကျွန်မငိုနေခဲ့တယ်' ဟု ပြန်လည်ပြောပြသည်။

ချီလီအာမခံကုမ္ပဏီမှ ဒေါက်တာဂျော်ဂျီဒိုင်ယာကလည်း ဆန်ဂျိုးမိုင်းပြိုကျသော သတင်းရရှိသောအခါ ဆေးရုံမှ ကုတင်များကို ရှင်းလင်းပြီး သူ့ဝန်ထမ်းများကို အမိန့်ပေးထားခဲ့သည်။ ဒဏ်ရာရသူများကို ကုသရန်အသင့်ပြင်ဆင်ခဲ့ကြသည်။ သို့သော် တစ်ဦးမျှ ရောက်မလာခဲ့ကြချေ။

မာရီယိုဂိုမက်စ်၏ ဇနီးလီလီယန်ကလည်း သူ့ခင်ပွန်းအကြောင်း သိရှိဖို့ကြိုးပမ်းရာ မအောင်မြင်သည့်အဆုံး အလုပ်မသွားနိုင်ဘဲ အိမ်ထဲမှာပင် နေခဲ့သည်ဟုဆိုသည်။ ညနေ ၈ နာရီထိုးသောအခါ သူ့ခင်ပွန်းအား အိမ်သို့လိုက်ပို့နေကျ ထရပ်ကားရောက်လာသည်။ သူက ညစာအတွက် ပြင်နေဆဲဖြစ်၏။ သူ့ခင်ပွန်းက အထဲသို့ အတော်ကြာသည်အထိ ရောက်မလာ၍ ပြတင်းလိုက်ကာကို ဖွင့်ကြည့်သောအခါ ခင်ပွန်း၏ အလုပ်ရှင်ကို မြင်လိုက်ရလေသည်။ ဤကိစ္စကား အလွန် ထူးခြားနေသည်။ လီလီယန်က မျက်နှာကို လက်ဖြင့်အုပ်ပြီး ဘုရား·· ဘုရား တစ်ခုခုဖြစ်လို့လား' ဟု ပြောလိုက်စဉ် မိုင်းတွင်းအုပ်ချုပ်ရေးမှူးက ထိခိုက်မှုအနည်းငယ်ရှိကြောင်း၊ နောက်ရက်တွင် ရှင်းသွားမည်ဖြစ်ကြောင်း ပြောသည်။ အသေးစိတ်ပြောပြရန် ငြင်းဆိုသည်။ ဤတွင် လီလီယန်လည်း ပို၍စိတ်ပူသွားပြီး သူ့တူဖြစ်သူအားရှာကာ မိုင်းရှိရာသို့ ကားမောင်းထွက်ခဲ့တော့၏။ အိမ်ပြန်ဖို့ကား လအတော်ကြာလိမ့်ဦးမည်။

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



ဆန်ဂျူးသတ္တုတွင်းဝင်ပေါက်၏ ပတ်ပတ်လည်တွင်ကား ရွှေညိုရောင်သဲကန္တာရမြေသည် မီးခိုးရောင်အမှိုက်သရိုက်များ၊ ကြမ်းရှသော ကျောက်တုံးကျောက်စများဖြင့် စုပုံနေလေ၏။ ဤကျောက်တုံးကျောက်စများတွင် အဖိုးတန်ရွှေနှင့်ကြေးနီပါသောလက္ခဏာမရှိသဖြင့် မည်သူမျှ အရေးမစိုက်ဘဲ ဆယ်စုနှစ်များစွာ စုပုံနေခဲ့ကြခြင်းဖြစ်သည်။

အဆိုပါ ကျောက်ပုံများသည် ယခုအခါမှာ မြေအောက်ပိတ်မိသူများ၏ မိသားစုများအတွက် တည်းခိုရာနေရာဖြစ်လာရ၏။ မိသားစုများစွာသည် မိုင်းပြိုသတင်းကြားကြားချင်း ဤနေရာသို့ အပြေးအလွှား ရောက်လာကြခြင်းဖြစ်သည်။ သူတို့သည် ဘုတ်တိုင်လေးများစိုက်ကာ ထိုတိုင်တွင် မိမိတို့သက်ဆိုင်ရာ ဓာတ်ပုံလေးကပ်၍ ဖယောင်းတိုင်ထွန်းညှိထားကြသည်။ ၎င်းအပြင် 'တောင့်ထားကြ။ ခင်ဗျားတို့ကို ကျုပ်တို့စောင့်နေတယ်' ဟု အဓိပ္ပာယ်ရသော စာတမ်းလေးများကိုလည်း ရေးကပ်ထားကြ၏။ တချို့လုပ်သားများ ဓာတ်ပုံမှာ အလုပ်လျှောက်လွှာတင်စဉ်က တင်ပြခဲ့သော ဓာတ်ပုံများဖြစ်ပြီး ယခုထိုဓာတ်ပုံက တိတ်ဆိတ်စွာ ငေးကြည့်နေပုံဖြစ်နေသည်။ တစ်နေရာတွင်မူ မိုင်းလုပ်သားတစ်ဦး၏ ဦးထုပ်ကဖယောင်းတိုင်နှစ်တိုင်ကိုမိုးပြီး လေကွယ်အောင် လုပ်ပေးထားလေ၏။

ဩဂုတ်လ ၅ ရက်နေ့ အာရုဏ်တက်ချိန်မှ နောက်နေ့ ၆ ရက်အတွင်း ရာပေါင်းများစွာသောလူများ စုဝေးရောက်လာခဲ့ကြခြင်းဖြစ်သည်။ မိသားစုများအပြင် မိတ်ဆွေများလည်းပါသည်။ ၎င်းတို့သည် အိပ်ယာလိပ်များ၊ အစားအစာများ၊ စီးကရက်များကို ယူဆောင်လာခဲ့ကြ၏။ တွင်းအဝင်ဝအနီး စိတ်လှုပ်ရှားစွာစောင့်ဆိုင်းကြရင်း ပါလာသော အစာများကိုစားကြရသည်။

'အဖေက အသက်ရှင်မှာပါ။ တစ်ခါတုန်းကလည်း သင်္ဘောပျက်ပြီး ၁၂ ရက် အစားမစားရဘဲ နေခဲ့ဖူးတယ်' ဟု အသက် ၂၈ နှစ်အရွယ် ရိုဇာနာက ဂုဏ်ယူစွာပြောနေခဲ့၏။ ရိုဇာနာ၏အဖေမှာ အပိတ်ခံရသူများထဲတွင် အသက်အကြီးဆုံးဖြစ်၏။ မာရီယိုဂိုမက်စ်ဖြစ်သည်။ ဂိုမက်စ်ကား အဆုတ်နာရခဲ့ပြီးဖြစ်၏။ သူ့လက်ချောင်းများက ၇ ချောင်းသာရှိတော့သည်။ ဤအဖြစ်က သူသည် စစ်မှုထမ်းဟောင်းတစ်ဦးဖြစ်ကြောင်း သက်သေပြ၏။ သူသည် လုပ်ဖော်ကိုင်ဖက်၊ သူ့ထက်ငယ်ရွယ်သူများအား အလုပ်ထဲ၌ ရှင်သန်ရေးအတွက် မည်သို့မည်ပုံနေထိုင်ရမည်ဆိုခြင်းကို သင်ပေးနိုင်လိမ့်မည်ဟု သမီးရိုဇာနာက ယုံကြည်သည်။ ဂုဏ်ယူသည်။ သူ့အပေါင်းအသင်းများအတွက် ခွန်အားပေးပါလိမ့်မည် ဟုလည်း ပြောကြားခဲ့၏။

အုပ်စုထဲတွင် ချီလီနိုင်ငံသားမဟုတ်သူ တစ်ဦးပါသည်။ သူ့နာမည်မှာ ကားလို့စ်မာမာနီဖြစ်ပြီး ဗိုလစ်ဗီးယား၌မွေးဖွားခဲ့သူတည်း။ ဩဂုတ်လ ၅ ရက်သည် မာမာနီ၏ ပထမဆုံးအလုပ်ဆင်းရက်ဖြစ်၏။ သူ့မိသားစုတွင် ၁၁ လအရွယ်ကလေးလေး တိုးလာသည့်အတွက် ဝင်ငွေအပိုရရေးအတွက် ဤအလုပ်ကို လာရောက်လုပ်ကိုင်ခြင်း ဖြစ်လေသည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ယခုမူ မိုက်ဗီးယားသားသည် ချီလီပြည်မြေအောက်မီတာ ၇၀၀ ၌ လူ ၃၂ ယောက်နှင့်အတူ ပိတ်မိနေလေပြီ။

အဆိုပါ လူ ၃၃ ဦးအနက် ၂၄ ယောက်မှာ မိုင်းနှင့်အနီးဆုံးဖြစ်သော 'ကိုပီယာပို' မြို့၌ နေထိုင်ကြ၏။ ထိုမြို့တွင် လူဦးရေနှစ်သောင်းခွဲကျော်ရှိပြီး မြို့၏စီးပွားရေး ၇၀ရာခိုင်နှုန်းမှာ မိုင်းတွင်းများ၌ တည်မှီနေသည်။ မိုင်းတွင်းပြိုကျသော သတင်းသည် ဒေသခံအနည်းငယ်မျှကိုသာ အံ့သြစေခဲ့၏။ အများစုမှာ မိုင်းလုပ်သား တတိယမျိုးဆက်များဖြစ်သည်။ ဒေသတွင်းထုတ် 'ကိုပီယာပိုသတင်းစာ'က မိုင်းလုပ်သားများပိတ်မိသည့် သတင်းကို ပုံမှန်အတိုင်း ခေါင်းကြီး၌ ထည့်သည်။ ကြားဖူးနေကျ မဆန်းသောသတင်းဖြစ်သော်လည်း ယခုအကြိမ်မှာ မြေအနက်ပမာဏနှင့် လူ ၃၃ ဦးဖြစ်နေခြင်းကြောင့် ထူးခြားသွားသည်။ မိုင်းတွင်းကြေကွဲဖွယ်များ ကြားဖူးနေကျလူထုအတွင်းမှာပင် ပြောစရာဖြစ်သွားခဲ့ရလေသည်။

■

ချီလီနိုင်ငံ၏ သဲကန္တာရတောင်ကုန်းများကား သယံဇာတကြွယ်ဝသဖြင့် နိုင်ငံ၏ပြည်ပပို့ကုန် အခွန်ရငွေတစ်ဝက်ကျော်မှာ မိုင်းတွင်းများမှဖြစ်၏။ အချိန်အခါသင့်သော လဆိုလျှင် ဤနိုင်ငံမှ ကြေးနီတင်ပို့မှုများမှာ ဒေါ်လာ ၄ ဘီလျံခန့်ရှိသည်။ ကမ္ဘာပေါ်ရှိကြေးနီ ၃ ပုံ ၁ ပုံသည် ချီလီမှရရှိခြင်းဖြစ်၏။ လွန်ခဲ့သော နှစ်၂၀ ကျော်ကစ၍ နိုင်ငံ၏ စီးပွားရေးအောင်မြင်မှုပေးသော ကြေးနီကို 'အစိမ်းရောင်ရွှေ'ဟုခေါ်ဝေါ်ခဲ့ကြသည်။

ကြေးနီဈေးနှုန်းက တစ်ကီလို ၀.၅၄ ဒေါ်လာရှိခဲ့ရာမှ ၁.၃၅ ဒေါ်လာသို့ ၅ နှစ်အတွင်းတက်လာခဲ့ရာ တွင်းဟောင်းများ၊ ဒုတိယတန်းစားတွင်းများလည်း ပြန်လည်တန်ဖိုးတက်လာခဲ့ကြသည်။ ပစ်ထားသော တွင်းများ၊ တွင်းဟောင်းတွင်းအိုများ၊ အန္တရာယ်ရှိသော တွင်းများသည်လည်း ချက်ချင်းပင် တန်ဖိုးတက်လာပြီး သက်ဝင်လှုပ်ရှားခဲ့ကြသည်။

'အတာကမာ' သဲကန္တာရကား မိုင်းလုပ်ငန်း၏ ဗဟိုအချက်အချာတည်း။ သို့သော် ဤဒေသသည် ချီလီ၌ အလုပ်လက်မဲ့ဒုတိယအများဆုံး နေရာလည်းဖြစ်နေသည်။ ချီလီရှိ ကြေးနီကုမ္ပဏီကြီးများသည် ၂၀၀၉ ခုတွင် ၂၀ ဘီလျံ အမြတ်အစွန်းရခဲ့စဉ်၊ အစိုးရကိန်းဂဏန်းအရ ချီလီတွင် ဤဒေသ၌ဆင်းရဲမှု အမြင့်ဆုံးဟုဖော်ပြခဲ့၏။ တစ်နည်းဆိုရလျှင် နိုင်ငံ၌အချမ်းသာဆုံးနေရာတွင် အဆင်းရဲဆုံးကို တွေ့ရခြင်းဖြစ်သည်။ ဤအကြောင်းကို စင်တီယာဂိုအခြေစိုက်အပတ်စဉ်ထုတ် The Climic သတင်းစာဆောင်းပါး၌ ကောက်ချက်ချထားခဲ့၏။

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



ယခု ဆန်ဂျိုးမိုင်းအနီးရှိမိသားစုများ စုမိကြသောအခါ အားလုံးသည် တူညီသောဒေါသ ဖြစ်နေကြရသည်။ ပြိုကျမှုသည် ကြာနေပြီ။ ပိတ်မိသူများထဲမှ ဒါရီယိုဆီဂိုဗီးယား၏အတွဲဖြစ်သူ အသက် ၄၈ နှစ်အရွယ် ယက်စီကာချီလာက ယခုလို ပြန်ပြောပါသည်။

'ပြိုကျမှုမဖြစ်ခင် တစ်ရက်မှာ ဒါရီယိုက ကျွန်တော့်ကို ပြောတယ်။ မိုင်းက ပြိုလုနီးနေပြီတဲ့။ သူအလုပ်မဆင်းချင်ဘူးတဲ့။ ဒါပေမဲ့ ကျွန်တော်တို့ ငွေလိုတယ်လေ။ သူ့အလှည့်က ပြီးပြီးသားပါ။ အဲသလို ပြီးပြီးသားတွေ အချိန်ပိုဆင်းရင် လုပ်ခ ၂ ဆရတယ်ဆိုတော့ ဘယ်သူမှ မငြင်းကြဘူးပေါ့။ အဲဒီနေ့မှာသူ ပီဆို ၉ သောင်းရမယ်။ ဒါပေမယ့် ဒီအလုပ်ကို သူ နားပြီး ကားလုပ်ငန်းလုပ်ချင်နေတာတဲ့'

ပိတ်မိသောလုပ်သားတစ်ဦး၏ ဇနီးဖြစ်သူ 'အယ်လ်ဗီရာ ကေတီဗာလ်ဒီဗီးယား'ကား မိုင်းသတင်းကို အတော်ကြာသည်အထိ မကြားခဲ့ရချေ။ ကောလိပ်မှ သူ့သူငယ်ချင်းတစ်ဦးက ဖုန်းဆက်ပြီး 'ကေတီ ဘာဖြစ်နေလဲမသိဘူးလား။ မိုင်းထဲမှာ ပိတ်မိနေတဲ့ လူစာရင်းထဲ မာရီယိုပါနေတယ်ထင်တယ်' ဟုပြောပြီး TV ဖွင့်ဖို့ပြောသဖြင့် ဖွင့်ကြည့်တော့မှ သူ့ခင်ပွန်းမှာ စာရင်းထဲပါနေမှန်း သိခဲ့ရလေသည်။ စာရင်းထဲမှ ဓာတ်ပုံထဲတွင် မာရီယိုပါနေသည်။ အသားမည်းမည်း၊ ဆံပင်နက်နက်ဖြောင့်ဖြောင့်၊ စူးရှသောအကြည့်။ မကြာခင်ကမှ မျက်စိစစ်ဆေးခဲ့သေးသော စူးနစ်သည့်မျက်လုံးများ။

ကေတီသည် မိုင်းအနီးမိုးကာတဲထဲမှပင် သူ့အလုပ်ဖြစ်သော စာရင်းစစ်လုပ်ငန်းကို ကွန်ပျူတာလက်ပ်တော့ဖြင့် လုပ်ခဲ့ရသေးသည်။ သူ့စာရင်းတွေပြီးမှာပဲ ခင်ပွန်းထံ တွင်းတူးပြီးသွားချင်စိတ်ကို ပြောပြခဲ့ရ၏။

'သူ့အတွက် ကျွန်မသိပ်ဝမ်းနည်းတယ်။ ကျွန်မကဒီနေရာမှာရောက်နေတယ်။ သူကအောက်ထဲမှာ မီတာ ၇၀၀' ကေတီက မြေကြီးကို လက်ညိုးထိုးပြီးပြောသည်။

'ကျွန်မ သူနဲ့အတူ ရှိချင်တယ်။ သူ့ကို ထိတွေ့နိုင်တဲ့ အခြေအနေရှိချင်တယ်။ သူ့ကို သိပ်ချစ်တယ်ဆိုတာ ပြောချင်တယ်'

ကေတီက မိုင်းတွင်းပိုင်ရှင်များအား ခါးသီးမှုကိုလည်း ပြောသည်။

'သူတို့ ကျွန်မကို ဘာတစ်ခုမှ လာမပြောဘူး။ ဘယ်သူ့ကိုမှလည်း မပြောဘူး။ ကျွန်မတို့မိသားစုတစ်ဦး မြေအောက်မှာ ပိတ်မိနေတယ်ဆိုတာ လုံးဝအကြောင်းမကြားဘူး'

ကေတီ၏ အလုပ်ရှင်ဖြစ်သူ အမေရိကန်စာရင်းအင်းရုံးကမူ ကေတီတစ်ယောက် သူ့ခင်ပွန်းကြောင့် အဝေးရောက်နေသောရက်များအတွက် ကေတီ၏လစာကို အပြည့်အဝပေးမည်ဖြစ်ကြောင်း အာမခံခဲ့၏။ ကေတီသည် အသက် ၁၈ နှစ် အရွယ် သမီး စကားလက်နှင့် ၁၃ နှစ်သမီး ဖရန်စီကိုတို့အား မိုင်းအနီးရှိ ခေတ္တနေအိမ်မှသာ စီစဉ်နေခဲ့သည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ စောင့်ဆိုင်းနေစဉ်မှာလည်း ကောလဟာလသတင်းတွေက မကြာခဏပေါ်လာသည်။ သေကုန်ပြီဆိုသောသတင်း ကြားရတတ်သည်။

'လူတွေက ဟိုပြေးဒီပြေးနဲ့ ယောက်ယက်ခတ်နေတယ်။ အော်ကြဟစ်ကြနဲ့ ဂနာမငြိမ်ဘူး။ သားလေးကငိုလို့ ချော့နေရသေးတယ်။ ကျွန်မ မအိပ်နိုင်ဘူး။ ငါဘာလို့ ဒီလိုဖြစ်ရတာလဲ။ ဘာ့ကြောင့် ဖြစ်ရတာလဲ။ မေးခွန်းတွေမေးပြီး မအိပ်နိုင်ခဲ့ဘူး' ဟုလည်း ပြောပြပါသည်။

■

ထိုအချိန်တွင် ချီလီသမ္မတ 'ပီနာရာ' မှာ အီကွေဒေါနိုင်ငံ၌ ရောက်နေသည်။ သတင်းကြားသောအခါ သူသည်လည်း ကေတီဗာလ်ဒီးဗီးယားလိုပင် ဘာဖြစ်လို့ဖြစ်ရတာလဲ။ တို့ကျမှ ဒီလိုဖြစ်ရတယ်ဟု တွေးနေခဲ့မိသည်။

ယခုအကြိမ်ကား ပီနာရာအဖို့ သူ၏သမ္မတသက်တမ်းတိုတိုလေးအတွင်း ဒုတိယအကြိမ်ဒုက္ခနှင့် ကြုံရခြင်းဖြစ်၏။ လွန်ခဲ့သည့် ၄ လက သူ သမ္မတအဖြစ် နိုင်ငံရေးအစီအစဉ်များ ရေးဆွဲမှုသည် ၈.၈ ရစ်ချာစကေးရှိသော မြေငလျင်နှင့် အတူအပြိုင်ဖြစ်ခဲ့၏။ ဤငလျင်ကား ပဥ္စမအကြီးမားဆုံးငလျင်ပင်ဖြစ်သည်။ ပီနာရာ၏ အစွဲသည် နိုင်ငံအတွက် စိတ်ကူးသစ်များ အကောင်အထည်ဖော်ရမည့်အစား ထောင်ပေါင်းများစွာ စုပုံနေသော အဆောက်အဦးအပြိုအပျက်များ၊ ပျက်စီးနေသော ဆေးရုံများသည် ချီလီ၏ မိုင်ပေါင်း ၁၂၀၀ အရှည် ခေတ်မီလမ်းမကြီးတွင် ဖြစ်ပေါ်လာကြ၍ ၄င်းအပျက်အစီးများကို ဖြေရှင်းနေခဲ့ရလေသည်။

သမ္မတပီနာရာက အောက်ပါအတိုင်း ပြောပြပါသည်။

'အဲဒီတုန်းက ကျွန်တော်က အီကွေဒေါသမ္မတ ကော်ရီးယားနဲ့အတူ ရှိနေတာပါ။ ပထမဆုံးညနေမှာ ရခဲ့တဲ့ အချက်အလက်တွေက ရှင်းပါတယ်။ လူပေါင်း ၃၃ ယောက်လို့ သိရတယ်။ မြေအောက်မီတာ ၇၀၀ မှာ ပိတ်မိနေတယ်။ ကုမ္ပဏီက စစ်ဆေးစမ်းသပ်ပြီးသွားတဲ့အခါ အခြေအနေဟာ မရေရာတဲ့အနေအထားမှာ ရှိတယ်ဆိုတာ မြင်ရတယ်။ လူတွေကတော့ ဘာမှပြန်လုပ်နိုင်တဲ့ အနေအထားမရှိဘူး။ ဒီတော့ ဒီကိစ္စကို အစိုးရကပဲ တာဝန်ယူရဖို့ရှိတယ်။ ကယ်ဆယ်ရေးကို ဘယ်သူမှ လုပ်နိုင်မှာမဟုတ်ဘူး။ လူတွေထင်ထားတာထက် ထင်ရှားနေတယ်'

ပီနာရာသည် အစည်းအဝေးကို ထားပစ်ခဲ့၏။ ကိုလံဘီယာ၏ အသစ်ရွေးကောက်ပြီးခါစ သမ္မတဂျူဟာန်မန်နူယယ်ဆန်တိုးနှင့် မဟာဗျူဟာအရ ပြန်လည်ပေါင်းစည်းရေးကိုလည်း ပယ်ဖျက်ထားခဲ့၏။ ချီလီသို့ ပြန်ပြေးလာခဲ့သည်။

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



ထိုညမှာပင် ထိပ်တန်းတာဝန်ရှိသူများကို အရေးဖြစ်ပွားရာသို့ သွားကြရန် အမိန့်ထုတ်လေသည်။

ပီနာရာအစိုးရသည် ဤကိစ္စနှင့်ပတ်သက်၍ ဂရုစိုက်ရမည့် တာဝန်ရှိသကဲ့သို့ ကိုယ်တိုင်ဆောင်ရွက်ရမည့် ကြိုးပမ်းချက်ဟုလည်း ခံယူသည်။ အစိုးရအနေနှင့် လုပ်ကိုင်နိုင်ကြောင်း မြင်အောင်ပြရမည့် အကောင်းဆုံးအနေအထားလည်း ဖြစ်သည်။ အမှန်ကလည်း ရာစုနှစ်ဝက်တစ်ခုလုံး၌ ယခုအစိုးရသည် တိုင်းပြည်၏ပထမဆုံး ရွေးကောက်ခံရသော လက်ယာဘက်သားအစိုးရဖြစ်ရာ ယခု လူ ၃၃ ယောက်၏ ကံကြမ္မာကို သူ၏နိုင်ငံရေးအရင်းအနှီးဖြင့် လောင်းကြေးထပ်ရတော့ပေမည်။ ယခုကိစ္စသည် နောင်အခါ စီးပွားရေးလုပ်ငန်းရှင် ဘီလျံနာတစ်ယောက်အား တောက်ပသည့် စတော့ဈေးကစားသူအဖြစ် ဂုဏ်သတင်းမြှင့်တင်ပေးနိုင်သော လောင်းကစားတစ်ခုပင်တည်း။

■

**နှစ်ရက်မြောက်နေ့၊ စနေ၊ ဩဂုတ်လ ၇ ရက်။**

ယခုအခါ မြေအောက်ရှိလူတို့ အပိတ်ခံနေရသည်မှာ နှစ်ရက်တင်းတင်းရှိလေပြီ။ သို့သော် သက်ရှိထင်ရှားရှိနေကြောင်း သတင်းအခြေအနေတစ်ခုမျှ မတွေ့ရသေး။ ဤတွင် ကယ်ဆယ်ရေးသမားတို့ ကြောက်လန့်စပြုခဲ့သည်။

ထိုလူများ လေရှူစရာရှိပါ့မလား။

သူတို့ ဒဏ်ရာရပြီး သေလုဆဲဆဲ ဖြစ်ကြပြီလား။

သူတို့ ဘယ်လိုများစားကြမလဲ။

မြေအောက်တွင်း ကယ်ဆယ်ရေးသမားများသည် နောက်တစ်မျိုး ကြိုးစားကြသည်။ ကယ်ဆယ်ရေးသမားများက ပိတ်ဆို့နေသော ကျောက်တုံးများပတ်လည်တွင်သာ လမ်းကြောင်းရှာဖို့ ကြိုးစားနေခဲ့ခြင်းဖြစ်၏။ သို့သော် မိုင်းကဆက်လက် ပြိုနေဆဲဖြစ်ရာ၊ ခိုလှုံရေးစခန်းများလည်း စတင်၍ပြိုစပြုလာသည်။ ကျောက်တုံးထုထည်ကြီးများက အောက်ရှိ အပျက်အစီးများပေါ် ပိကျသောအခါ လိုဏ်ခေါင်းအတွင်း ကျောက်တုံးအသေးများ ပိုဖြစ်လာရန် ဖန်တီးနေသည်။ ထို့ကြောင့်အပေါ်ရှိ ကယ်ဆယ်ရေးကြီးကြပ်သူများသည် ပိတ်မိနေသူများကို ကယ်ဆယ်မည့်အစား အောက်ဆင်းသွားသော ကယ်ဆယ်ရေး သမားများကို ဘေးကင်းရာသို့ပြောင်းရွှေ့ရန် အစီအစဉ်ပြောင်းကြရ၏။ ဒုတိယအကြိမ် ပိတ်မိခြင်းကို ရှောင်ရှားရန်တည်း။

ရဲကယ်ဆယ်ရေးသမားများသည် ကြိုးကိုထိန်းမတ်ပေးသော ဒေါက်တိုင်များမပါဘဲ ဆင်းခဲ့ကြခြင်းဖြစ်ရာ

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



တစ်ဖက်ဘက်သို့ ယိမ်းပြီးကျသွားပါက ကြိုးစလွတ်ပြီး ကယ်ဆယ်ရေးသမားကိုယ်တိုင် သေသွားနိုင်သည်။ ပို၍ဖြည်းဖြည်း သွားနေပါကလည်း နောက်တစ်ကြိမ်ပြိုကျလာမည့်ကျောက်တုံး ပိပြီး သတိလစ်သွားနိုင်သည်။ 'ဒီကိစ္စကို ကျွန်တော်တို့ သင်တန်းပေးရတယ်။ ကျွန်တော်တို့ဟာ ဘူမိဗေဒပညာကိုလည်း လေ့လာဖို့လိုပါတယ်။ မိုင်းတွေမှာ ကယ်ဆယ်ရေးလုပ်ဖို့ သင်တန်းမှာ ဒီဘူမိဗေဒပညာကို သင်ရိုးရဲ့ တစ်စိတ်တစ်ဒေသအဖြစ် သင်ရတာဖြစ်တယ်' ဟု ကယ်ဆယ်ရေး အဖွဲ့ဝင် တစ်ဦးဖြစ်သူ 'ဟာမင် ပူဂါ' ကပြောပြပါသည်။

ဤတောင်ကြောတွင် မိုင်းတွင်းငယ်ပေါင်း နှစ်ထောင်ခန့်ရှိသည်။ ရဲများသည် မတ်စောက်သော အဆင်းနှင့် အတက်ကို မည်သို့ပြုလုပ်ရမည်ဟု လေ့ကျင့်ခဲ့ကြရသည်။

'သူတို့လည်း စိတ်ပျက်နေကြတယ်။ ကျွန်တော်တို့လည်း စိတ်ပျက်နေကြတယ်။ ဒါပေမယ့် အောက်မှာပိတ်မိ နေသူတွေရဲ့ မိသားစုတွေနဲ့ ဆက်သွယ်မိတဲ့အခါ တစ်မျိုးပြောင်းသွားခဲ့တယ်။ မိသားစုတွေးရဲ့ မျှော်လင့်ချက်နှင့် ယုံကြည် ချက်တွေက ကျွန်တော်တို့ကို အားရှိစေခဲ့တယ်' ဟု ကွန်မန်ဒိုတစ်ဦးဖြစ်သူ ဗီးလီးဂက်စ်က ဆိုသည်။

■

စနေနေ့တွင် ချီလီနိုင်ငံသတ္တုတွင်းဝန်ကြီး 'လောရင့်စ် ဂိုလ်ဘိုနီ' မိုင်းသို့ရောက်ရှိလာခဲ့သည်။ သူက ပီရူးမှ နေ၍ ချီလီသို့ ပုဂ္ဂလိကစီးပွားရေးလေကြောင်းဖြင့် ပြန်လာပြီးနောက် ချီလီလေတပ်မှ လေယာဉ်ဖြင့် မိုင်းတွင်းသို့ ပျံ သန်းလာခဲ့ခြင်းဖြစ်၏။ ရောက်ရောက်ချင်းမှာပင် မြင်တွေ့ရသော ပတ်ဝန်းကျင်မြင်ကွင်းကြောင့် အံ့အားသင့်သွားခဲ့ရ၏။ မိုင်းတွင်းမှ တာဝန်ရှိသူများက ကယ်ဆယ်ရေးကို အင်တိုက်အားတိုက်လုပ်နေတာ မြင်ရသဖြင့် သမ္မတထံ ဂုဏ်ယူစွာ သတင်းပို့သည်။ သူသည် မြေတွင်းတစ်ခုတူးပြီးကြောင်းကို အစီရင်ခံလိုက်၏။ သမ္မတကား မကျေနပ်ချေ။ 'ဟုတ်ပြီ ကောင်းပါတယ်။ ဒါပေမဲ့ ကျုပ်က ခင်ဗျားကို တွင်းတစ်ခုပဲမဟုတ်ဘူး ဆယ်တွင်းတူးစေချင်တာ' ဟု ပြန်ပြောလေ သည်။ သမ္မတ ဖြစ်စေချင်သော ကယ်ဆယ်ရေးက ထင်ရှားမှတ်သားလောက်သော စစ်ဆင်ရေးမျိုးဖြစ်၏။

ကယ်ဆယ်ရေးသမားများက သတ္တုတွင်းဝန်ကြီးအား အောက်ရှိလူများ အသက်ရှင်နေနိုင်သည်ဟု မျှော်လင့် ကြောင်း ပြောပြကြသည်။ ကောလာဟာလများ ရှိနေသည့်ကြားကပင် သေကြေသောအလောင်းတစ်ခုမျှ သက်သေမရ ခဲ့သေးချေ။ မိုင်းတွင်း နေ့စဉ်လုပ်ငန်းအရ မိုင်းပြိုသောအခါ အောက်ပိုင်းအလွှာရှိလူများသည် မိုင်း၏လမ်းကြောင်း လှိုဏ်ခေါင်းများတွင် ပိတ်မိနေတာဖြစ်နိုင်ကြောင်း၊ အသက်ရှင်နေနိုင်ကြောင်း ဟောကိန်းထုတ်ခဲ့ကြသည်။

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



'မိုင်းလုပ်သားတွေဆီမှာ ရေအလုံအလောက်ရှိတယ်။ ပြဿနာက အောက်ဆီဂျင်ပဲ' ဟုသတ္တုတွင်း ဝန်ကြီးက ဆိုသည်။

'တွင်းပြိုသွားတဲ့အကြောင်း ကြားတော့ ကျွန်တော်တို့ တကယ်ကိုဒေါသဖြစ်တယ်။ ဘာလုပ်ရမှန်းမသိ ဖြစ်ရတယ်။ ဆွေမျိုးတွေကို အကြောင်းကြားပြီး ဒီပိတ်မိနေသူတွေကို အစဉ်အလာရှိတဲ့အတိုင်း တွင်းဝကနေ မကယ်ထုတ်နိုင်တဲ့အကြောင်းလည်း ပြောပြခဲ့တယ်။ ကျွန်တော်က သူတို့ကို မျှော်လင့်ချက်အများကြီး မပေးချင်ဘူး။ အမှန်အတိုင်းပဲပြောချင်တယ် အတင်းအဖျင်းပြောတာတွေ မလိုချင်ဘူး။ အခု အခြေအနေကတော့ အမျိုးမျိုးပြောကြ၊ ဆိုကြတာပေါ့။ အားလုံးသေကုန်ပြီလို့တောင် ပြောချင်ပြောနေကြမှာပါ' ဟုလည်း ၎င်းကပြောကြားခဲ့သည်။

သတ္တုတွင်းဝန်ကြီး ဂိုလ်ဘိုနီ၏ မိသားစုထံအကြောင်းကြားပုံမှာ ရိုးသားဖြောင့်မတ်သည်။ ကယ်ဆယ်ရေးကြိုးပမ်းမှုအစီအစဉ်ကို ရပ်ထားရကြောင်းလည်း သူက ပြောပြသည်။ ထိုကဲ့သို့ မိသားစုများကို ကြေညာစဉ် သူအကြီးအကျယ်စိတ်ဆင်းရဲရသဖြင့် မိသားစုများရှေ့တွင်ပင် သူငိုကြွေးခဲ့မိ၏။

ထိုနောက် ကယ်ဆယ်ရေးအဖွဲ့ဝင်များ အထုပ်အပိုးပြင်ကာ ပြန်ရန်စတင်ကြလေသည်။ မီးသတ်သမားများ၊ တောင်တက်သမားများ၊ ရဲကယ်ဆယ်ရေးအဖွဲ့ဝင်များ စသဖြင့် ကယ်ဆယ်ရေးအဖွဲ့ဝင်တို့သည် တောင်ကုန်းမှ ဆုတ်ခွာကြရန် ပြင်ဆင်ကြတော့သည်။ ဆီဂူရာနှင့် နန်ကူချီယိုတို့လည်း အားလျှော့သွားကြသည်။ သူတို့သည် ဤမြတိုင်မီက၊ လူတွေကို ကယ်နိုင်လိမ့်မည်ဟု သေချာပေါက် တွက်ထားခဲ့ကြသူများပါ။

'ရဲကယ်ဆယ်ရေးအဖွဲ့ဝင်တွေ ပြန်တော့ တခြားကယ်ဆယ်ရေးသမားတွေလည်း ပြန်ကြတယ်။ ဒီလို သူတို့ ပြန်ကြပြီဆိုတော့ မြေအောက်က လူတွေအားလုံးသေကုန်ကြတာပဲဖြစ်မယ်လို့ ယူဆပြီး ကျွန်မငိုခဲ့တယ်။ ကျွန်မတို့ အားလုံး ငိုကြပါတယ်'ဟု ကာရီလိုင်းနားလိုဘိုစ်က ပြောပြ၏။

လီလီယန်ရာမိရိုကလည်း အောက်ပါအတိုင်း ပြောခဲ့သည်။

'ကျွန်မမှာ အကူအညီမဲ့သွားပြီလို့ ခံစားရတယ်။ စိတ်ဓာတ်လည်းအကြီးအကျယ် ကျသွားခဲ့တယ်။ အဲဒီနောက် မိသားစုတွေအားလုံး ဆန္ဒပြကြတယ်။ သစ်သားတုတ်တွေနဲ့ မိုင်းပိုင်ရှင်တွေကို ရိုက်ဖို့တောင် လုပ်ချင်ခဲ့ကြတယ်။ ကျွန်မတို့လည်း အချင်းချင်း စုစည်းလိုက်ကြပြီး မိုင်းနားကနေ ဘယ်သူ့ကိုမှ ထွက်သွားခွင့်မပြုကြဘူးလို့ ပြောစေတယ်။ ကျွန်မ ဒေါသဖြစ်လွန်းလို့ ရဲသားတစ်ယောက်ကို တွန်းပစ်ခဲ့မိသေးတယ်။ နောက်တော့ ဒါဟာမှားတယ်လို့ သတိရလာပါတယ်။ ဒါပေမယ့် အရမ်းစိတ်ပျက်နေတဲ့အခါ လုပ်မိလုပ်ရာလုပ်တတ်ကြတာပါပဲ။ ဒါဟာ လူသားသဘာဝပဲ။ ခင်ဗျာက ဘာဖြစ်နေတယ်ဆိုတာ တကယ်ကို မသိခဲ့ကြရဘူး'

www.burmeseclassic.com

www.burmeseclassic.com



ဤအချိန်မှာ 'ပါဘလိုရာမီရာ' ကတော့ ဆန့်ကျင်ခဲ့သည်။ သူက ကယ်ဆယ်ရေးလုပ်ငန်းတွင် ပထမဆုံးလုပ်အားပေးရန် ရှေ့ဆုံးမှထွက်ခဲ့သော ကြီးကြပ်ရေးလုပ်သားကြီးဖြစ်၏။ ၄င်းက ယခုကိစ္စကို ရှေ့ဆက်ရန် တွန်းကြရမည်ဟု ပြောသည်။ လူတွေကိုရှာဖွေမှု မဖြစ်မနေဆက်လုပ်ရန် ပြောသည်။ သူတို့ အောက်သို့ဆင်းခဲ့စဉ်က သူ့ အဖွဲ့ဝင်တစ်ဦးသည် ထရပ်ကားဟွန်းတီးသံကြားခဲ့ရကြောင်း ပြောရာ မည်သူမျှ သူ့ကိုမယုံကြချေ။ ၄င်းအသံမှာ လူတွေသေပြီး ဝိညာဉ်တွေက ခြောက်လှန့်ခြင်းဖြစ်မည်ဟုပင် ပြောဆိုခဲ့ကြလေသည်။

■

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



## အခန်း - ၃
## ငရဲတွင်းထဲမှာ

**ကြာသပတေး၊ ဩဂုတ်လ ၅ ရက်၊ နေ့လည်ခင်း။**

'ပါဗလို ရီဂျာ့စ်'သည် ထိုနေ့မနက်က မိုင်းတွင်း၌ တာဝန်ကျနေသည်။ သူ့အဖွဲ့က မိုင်းအမိုးကို ထောက်ခြင်း၊ မျက်နှာကြက်များ ပြုပြင်ခြင်းတို့ကို ပြုလုပ်ပြီးခဲ့၍ ခေတ္တအေးအေးဆေးဆေးအနားယူရန် လဲလျောင်းလိုက်သည်။ သူ့အလွှာကား မြေတွင်း မီတာ ၆၅၈ ရှိ လှိုဏ်တွင်းဖြစ်၏။ မိုင်း၏အောက်ခြေနှင့် နီးနေပြီ။ သူက လှဲလျောင်းရင်း သူ့အဖေကိုသတိရနေသည်။ သူ့အဖေ ကွယ်လွန်ခဲ့သည်မှာ မကြာသေး။ သူ ခေါင်းကိုက်နေသည်။ ရုတ်တရက် မိုင်းပြိုကျလာတော့ သူ အိပ်နေရာမှ ထထိုင်လိုက်၏။ ဒုက္ခဖြစ်ပြီဟု မသိသေး။

'ကလော်ဒီယို ယန်နီး' က မိုင်းတွင်းဒိုင်းနမိုက်ခွဲရန် ပြင်ဆင်နေ၏။ ဤအချိန်မှာပင် အမိုးပြိုကျပြီး လေတွေဝုန်းခနဲ တိုက်ရာ သူ့ကို တွန်းထိုးလဲကျသွားစေခဲ့၏။ သူသည် ခိုလှုံရာစခန်းသို့ ရောက်သွားသော ပထမအုပ်စု၌ ပါသွားခဲ့သည်။ သူရောက်ပြီးနောက်မှ တခြားမိုင်းလုပ်သားများ တဖြည်းဖြည်းနှင့် တိုးဝှေ့ရောက်လာကြခြင်းဖြစ်၏။ ရောက်လာသူများသည် စခန်းတွင်းရှိ တယ်လီဖုန်းများကို ဆက်ရန်ကြိုးစားကြသည်။ သို့သော် ဖုန်းများက ဆက်၍မရတော့ချေ။ ဤတွင် တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး ထိတ်လန့်စိတ်ပျက်သွားကြရသည်။ ဘာဖြစ်နေမှန်းမသိဘဲ အခြေအနေကို မယုံနိုင်အောင်ဖြစ်ခဲ့ကြရ၏။

လုပ်သားတစ်ဦးဖြစ်သူ 'ရောလ်ဘတ်စ်တိုစ်'က ကားပြင်ရုံအတွင်း ရောက်နေခဲ့သည်။ မိုင်းပြိုသောအခါ လှိုဏ်အတွင်း ရောက်ခါစ ဖြစ်သည်။ ခိုလှုံရေးစခန်းတွင် စုမိကြသောအခါ တွဲဖက်မိတ်ဆွေများ ဆွေမျိုးများသည် ဘယ်သူ အသက်ရှင်နေလဲဟု ရှာဖွေ

www.burmeseclassic.com

www.burmeseclassic.com






အတာကမာ သဲကန္တာရ၏
ဝေးလံသီခေါင်သော
တောင်စွန်းတွင်ရှိသည့်
ဆန်ဂျိုးသတ္တုတွင်း
(ဓာတ်ပုံ.... နာသာ)

www.burmeseclassic.com

www.burmeseclassic.com



သဏ္ဌာန်တွင်းဝန်ကြီး
"ဂိုလ်ဘိုနီ" က
မိသားစုများနှင့်
တွေ့ဆုံအားပေးစဉ်



ရာပေါင်းများစွာသော
မိသားစုများ စိတ်ဒေသများ

www.burmeseclassic.com

www.burmeseclassic.com



ကြရ၏။ အသက် ၃၁နှစ်အရွယ် 'ဖလိုရန်စီယို အေဗာလို့စ်' က သူ့ညီဖြစ်သူ ၂၇ နှစ်ရွယ် 'ရေနန်အန်စယ်မို'ကိုတွေ့ရာ ညီငယ်ကို အားပေးရ၏။ တကယ်တော့ ဤအလုပ်ကိုလုပ်ဖို့ သူကစပြီး ခေါ်လာခြင်းဖြစ်သည်။ သူ့မှာ ဖခင်ကဲ့သို့ တာဝန်ရှိသည်ဟု သူခံစားရ၏။ သူတို့ညီအစ်ကိုနှစ်ယောက်လုံးက ဤမိုင်းအလုပ်နှင့် အသက်မွေးဖို့ စိတ်မကူးခဲ့ကြချေ။ သို့သော် တောင်ကြိုတောင်ကြားမှာ စပျစ်သီးခူးရသော အလုပ်နှင့်နှိုင်းယှဉ်လျှင် မိုင်းအလုပ်ကား ရွှေတွင်းကြီးဖြစ်သည် မဟုတ်ပါလား။

'အက်စ်တင်ဘင် ရိဂျာ့စ်'ကား သူ့ညီ ၃ ယောက်ကို တင်းတင်းကြပ်ကြပ်ကြီး ဖက်ထားခဲ့လေသည်။ သူ တို့ အားလုံး အသက်ရှင်ခွင့်ရကြသဖြင့် အလွန်အမင်း ကျေးဇူးတင်နေမိ၏။ အရင်းအချာမိတ်ဆွေနှစ်ဦးဖြစ်သော ပီဒရိုကောတစ် နှင့် ကားလို့စ်ဘူဂူနီတို့မှာလည်း အသက်မသေခြင်းအတွက် ပျော်ရွှင်သွားကြရ၏။ သူတို့ကား ကလေးဘဝကတည်းက အိမ်နီးချင်းများ ဖြစ်ခဲ့ကြပြီး ဤမိုင်းလုပ်ငန်းသို့ တစ်ရက်တည်းဝင်ရောက်ခဲ့ကာ ယခုထိ မခွဲမခွာနေခဲ့ကြသူများတည်း။

ဖရန်ကလင်လိုဘိုစ်ကား စိတ်ဆင်းရဲနေသည်။ သူသည် မိုင်းတွင်းသို့ နောက်ဆုံးဆင်းခဲ့သောကားကိုမောင်းသည့် ဒရိုင်ဘာဖြစ်၏။ မိုင်းပြိုကျလာသည်ကို သိသဖြင့် အချိန်ကိုတွက်ပြီး မိမိထရပ်ကား၏ အနေအထားကို ခန့်မှန်းမိသည်။ သူ့မျက်စိထဲတွင် သူ့ကားသည် အစိတ်စိတ်ကွဲသွားမည်ကို မြင်နေခဲ့သည်။ မိုင်းတစ်ခုလုံး ထုထည်ကြီးမားစွာ ပြိုဆင်းလာသောအခါ မိမိတို့လုပ်ဖော်ကိုင်ဖက်များ၏ အသက်ကို ရယူသွားမည်ဟု သံသယစိတ် အနည်းငယ် ရှိခဲ့၏။

လိုဘိုစ်က ခိုလှုံရာစခန်းကို ကောင်းကောင်းသိသည်။ သူ့အလုပ်မှာ လုံခြုံစိတ်ချရသော ခိုလှုံရေးစခန်းသို့ အရင်ဆုံးသွားရန်ဖြစ်၏။ သူကား မိုင်းတွင်း၌ အလုပ်လုပ်ရခြင်းကို မည်သည့်အခါကမျှ မနှစ်သက်ခဲ့ချေ။ သူယခင် မိုင်းတွင်းလုပ်ခါစကပင် မီးခိုးတွေကြား ပိတ်မိခဲ့သည်ကို ကြုံဖူးသည်။ မီးခိုးများမှလွတ်အောင် မိုင်းအောက်ဆုံးရှိ ခိုလှုံရာစခန်းသို့ ပြေးခဲ့ရဖူးသည်။ ထိုနေရာမှာ ၈ နာရီလုံးလုံး ခိုပုန်းနေခဲ့ရပြီး အသက်ရှင်ဖို့ အခွင့်အရေးရမှရပ့ါမလားဟု စိတ်ညစ်ခဲ့ရသည်။ အပြင်မှာလည်း မိသားစုများ စုဝေးလာခဲ့ကြသည်။ ထိုအခါက လွတ်မြောက်ခွင့်ရခဲ့သည်။ အသက်ရှင်ရန် ဒုတိယအခွင့်အရေးရခဲ့၏။ ယခု တတိယမြောက်အခွင့်အရေး ရပ့ါမလား။ သူစိတ်ပူနေပြီ။

အားလုံးသော လူ ၃၃ ဦးတို့သည် အစုလိုက်အပြုံလိုက် ပြိုကျလာသော ကျောက်တုံးများဘေးမှ တစ်နည်းမဟုတ် တစ်နည်းဖြင့် ဘေးလွတ်ခဲ့ကြရပြီးလေပြီ။ အများအပြား ထိခိုက်ဒဏ်ရာရကြ၏။ တချို့က သွေးထွက်သံယိုဖြစ်၏။ သို့သော် တစ်ယောက်မျှ ကျိုးပဲ့ခြင်းမရှိ။ တစ်ယောက်မျှ မပျောက်မရှခဲ့ချေ။ အားလုံး အသက်နှင့်ကိုယ် တည်မြဲနေကြဆဲ။

ဤကဲ့သို့ တွင်းထဲတွင်စုမိကြပြီး အားလုံးအသက်ရှင်နေကြကြောင်း သိရပြီးနောက် သူတို့အထဲမှ ရာထူးအကြီးဆုံးဖြစ်သူ 'လူးဝစ်အာစူရာ' က အားလုံးကို ထိန်းချုပ်ရန် စီစဉ်သည်။ ယခုအဆိုင်း၏ 'ဖိုမင်' ဖြစ်သူ မိမိသည် ကာယ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



အလုပ်များလုပ်ရန် မလိုပေ။ သူက 'ညွှန်ကြား' ရပေမည်။ သူ့အမိန့်၌ လူအများလိုက်လုပ်ရန် မောင်းနှင်ရပေမည်။ မိုင်းတွင်း၏ သဘာဝအရ 'ဖိုမင်' သည် ခေါင်းဆောင်ဖြစ်၏။ သူ့စကားကို 'စစ်စည်းကမ်း' ကဲ့သို့ လိုက်နာကြရ၏။ သူ့စကား၊ သူ့အမိန့်သည် စည်းကမ်းပင်ဖြစ်ပြီး အလုပ်သမားတစ်ယောက်ကို အလုပ်ထုတ်ပစ်နိုင်သည်အထိ ပါဝါရှိသည်။ ဤကဲ့သို့ ဩဇာရှိသော မိုင်းဖိုမင်ဖြစ်ဖို့ အမျိုးမျိုး စစ်ဆေးခံရပြီးမှ ရရှိကြခြင်းဖြစ်သည်။

အာဇူရာသည် ကိုယ်ခန္ဓာကြီးမားကြံ့ခိုင်၏။ မျက်လုံးများကား နူးညံ့သည်။ ခေါင်းဆောင်စတိုင်လ် ရှိသည်။ မှန်ကန်တိကျသူလည်း ဖြစ်သည်။ သူသည် မိုင်းတွင်း၌ နှစ်ပေါင်း ၂၀ ကျော် အတွေ့အကြုံရှိခဲ့ပြီး လုပ်သားများကို အမိန့်ပေးနိုင်သူ ဖြစ်ပါ၏။ သို့သော် 'ဆန်ဂျိုးမိုင်း' သို့ရောက်သည့်အချိန်ကား မကြာသေး။ ၃ လပင် မပြည့်သေးချေ။ လူများက ဤဒုက္ခတွင်းမှ မည်သို့လွတ်မြောက်အောင် လုပ်ကြမည်နည်းဟု သူ့ကိုမေးကြလေပြီ။ သူ့အရည်အသွေး၊ စွမ်းဆောင်ရည်ကို မေးနေကြပြီ။ သူက ဘာဖြစ်လို့ ခေါင်းဆောင်ဖြစ်နိုင်မှာလဲ။ သူက မိုင်းအကြောင်းကိုတောင် သိမှသိရဲ့လား ဟု သံသယရှိနေကြပြီ။

အာဇူရာကမူ လူများအား ဤခိုလှုံရေးစခန်းတွင်း၌သာ နေကြရန် အကြံပြုသည်။ ကယ်ဆယ်ရေးအစီအစဉ်ဖြင့် သူတို့အား ကယ်တင်ကြလိမ့်မည်ဟု သူယုံကြည်သည်။ ဤသို့ဖြင့် ပြိုကျပြီးနာရီပိုင်းအတွင်းမှာ ငြင်းခုံကြရသည်။ တချို့ ဒေါသဖြစ်ကြသည်။ အာဇူရာ ထိန်း၍မရခဲ့။

■

မြေအောက်အပိတ်ခံရသူများထဲမှ 'ဆီပူလ်ဗီဒါ'ကမူ ငြိမ်နေခဲ့၏။ သူက အခြေအနေကို တွက်ဆနေသည်။ ဖြစ်နိုင်ခြေကို မှန်းဆနေသည်။ 'ကိုပီယာပို' မြို့အတွင်း အလုပ်သမားလုံခြုံရေး စစ်ဆေးသူ အင်စပိတ်တာများနှင့် သူအကြိမ် ပေါင်းများစွာ ငြင်းခုံခဲ့သည်။ ဆန်ဂျိုးလုံခြုံရေးနှင့်ပတ်သက်ပြီး စူးစမ်းရှာဖွေပေးကြဖို့ သူ ရက်ပေါင်းများစွာ အကြံပြုခဲ့သည်။ ဆန်ဂျိုးအလုပ်သမားသမဂ္ဂ ထူထောင်ဖို့ပင် သူကြိုးစားခဲ့ဖူးသည်။ သို့သော် ဗဟိုမှလူများ၊ အမျိုးသား လုပ်သားများ သမဂ္ဂမှ လူများကား သူတို့ကောင်းစားရေးအတွက်သာ လုပ်နေကြ၏။ တာဝန်ရှိသူ ကိုယ်စားလှယ်များအားလုံး ဆန်ဂျိုး လုံခြုံရေးကို ဂရုမပြုခဲ့ကြချေ။ ဆီပူလ်ဗီဒါနှင့် လုပ်ဖော်ကိုင်ဖက်များလည်း အလုပ်သမားသမဂ္ဂအပေါ် အယုံအကြည် ပျောက်ဆုံးခဲ့ရသည်။

တကယ်တော့ ဆီပူလ်ဗီဒါသည် အလုပ်ကိုချစ်ပြီး စိတ်ဓာတ်ကြံ့ခိုင်သူဖြစ်၏။ သူ့လုပ်ဖော်ကိုင်ဖက်များကို

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



ပျော်ရွှင်စေရန် ရယ်စရာလေးများ ပြောတတ်၏။ တစ်နေ့တာ လုပ်ငန်းပြီးဆုံး၍ ထရပ်ကားစီးပြီး အပေါ်ပြန်တက်ရသော ၂၅ မိနစ်ခန့် အချိန်တွင် ထရပ်ကားထဲ၌ သူပြောသမျှ နားထောင့်မည့်ပရိသတ် ရှိခဲ့မြဲတည်း။ သူလုပ်ဖော်ကိုင်ဖက်များက အင်အားကုန်နေကြပြီ။ သူတို့ကို သူက ဖျော်ဖြေခဲ့သည်။ ယခုကား သူ နည်းလမ်းမရှာနိုင်တော့ချေ။

ဆီပူလ်ဗီဒါနှင့် မာရီယိုဂိုမက်စ်တို့သည် မိုင်းလုပ်သားများကို ၃ စုခွဲလိုက်ကြသည်။ တောင်က အော်နေဆဲဖြစ်ပြီး ဖုန်တွေ၊ သဲတွေက တရစပ်ကျနေဆဲဖြစ်သည့်တိုင် အလုပ်သမားများသည် လွတ်မြောက်ရေးလမ်းကို တွက်ဆနေခဲ့ကြ၏။ အစားအစာ၊ လေနှင့်ရေသန့်တို့သည် အကန့်အသတ်ဖြစ်နေပြီ။ မိုင်းက နောက်တစ်ကြိမ်ပြိုကျမည့် အရိပ်အယောင်ပြနေသည်။ သူတို့ ဘာမျှမလုပ်နိုင်ဘဲ သေကြဖို့ ထင်ရှားနေသည်။

သူတို့ ယခုခိုလှုံနေရသော စခန်းမှာ နံရံတွေက မခိုင်တော့ပေ။ သူတို့ကားမှ မီးရောင်ဖြင့် နံရံများကို ထိုးကြည့်သောအခါ နံရံပေါ်မှ အရိပ်များက ခုန်ပေါက် ယိမ်းယိုင်ပြကြလေသည်။ ဘေးရှိ အစားသိုလှောင်သော အခန်းများကလည်း ပျက်နေကြပြီ။ ရေလှောင်သော တွင်းကြီးများမှာ တစ်စည်လျှင် ၁၈၁၈၀ လီတာဆန့်ပြီး မိုင်းတွင်းမြေတူးသောအခါ သုံးရန်ထားခြင်းဖြစ်၏။ ဤအခန်းများကို ဘေးမှကြည့်လျှင် ပုရွတ်ဆိတ်တွင်းများနှင့် တူပေလိမ့်မည်။

မိုင်းတွင်းရှိလှိုဏ်များကို တိုင်းတာရာတွင် ပင်လယ်ရေမျက်နှာပြင်ထက် ဘယ်မျှမြင့်ကြောင်း ဖော်ပြလေ့ရှိ၏။ တောင်အပေါ်ထိပ်ဝရှိ ဝင်ပေါက်များမှာ ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၈၀၀ ဖြစ်သည်။ မိုင်းတွင်းအောက်ဆုံးအခြေ၏အမြင့်မှာ ၄၅ ဟုခေါ်ကြ၏။ ပင်လယ်ရေမျက်နှာပြင်မှ ၄၅ မီတာကိုဆိုလိုသည်။ ယခုမိုင်းလုပ်သားများ ခိုလှုံနေကြသော စခန်းကား ၉၀ ဖြစ်လေသည်။ သို့ဖြစ်ရာ လူ ၃၃ ဦးတို့သည် ကျယ်ပြန့်သော မိုင်းကြီးအတွင်း အောက်ဆုံးအခြေအနီး၌ ပိတ်မိနေခြင်းဟု ဆိုရပေလိမ့်မည်။

သူတို့၏ ယုံကြည်ချက်ထဲတွင် ကယ်ဆယ်ရေးလုပ်ငန်းများ စတင်နေလောက်ပြီဟု ယုံကြည်ထားကြ၏။ သူတို့ မသေသေးကြောင်း သတင်းပို့ချင်ကြသည်။ ပို့၍မရသည်ကို စိတ်ပျက်ကြရသည်။ လုပ်သားတချို့ကမူ ကားတာယာ အဟောင်းများနှင့် ညစ်ပေနေသောဆီဖြည့်သည့်ဖူးများကို စုကောက်ကြ၏။ ၄င်းတို့အထဲမှ 'ရစ်ချာ့ဒ် ဗီလာရိုး' ဆိုသူက အဆိုပါတာယာဟောင်းများ၊ ဆီဖူးများကို ထရပ်ကားနှင့်တင်ပြီး လှိုဏ်ခေါင်းတစ်လျှောက် မောင်းသွားသည်။ လှိုဏ်အဆင့် ၁၅၀ ရောက်သောအခါ ကျောက်တုံးကြီးဖြင့် ပိတ်မိနေ၏။ ရစ်ချက်သည် ကျောက်တုံးကြီး၏ အက်ကြောင်းများကို အသေအချာကြည့်ပြီး ထိုအက်ကြောင်းများထဲသို့ တာရာဟောင်းနှင့် ဆီဘူးများကို ထိုးထည့်ပြီး မီးရှို့လိုက်သည်။

မီးခိုးတွေက မဲမှောင်သွားကာ လှိုဏ်ခေါင်းအတွင်းပြည့်သွား၏။ ဤမီးခိုးများသည် ကျောက်တုံးအက်ရာများ တစ်လျှောက် အပေါ်သို့တက်သွားပါက မြေပေါ်ရှိ ကယ်ဆယ်ရေးအဖွဲ့များအနေနှင့် ယခုသူတို့ပိတ်မိသည့်နေရာကို

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



သိလောက်မည်ဟု သူမျှော်လင့်လေသည်။

နောက် အုပ်စုတစ်စုကမူ တစ်မျိုးကြံစည်၏။

မိုင်းခွဲရာ၌ အသုံးပြုသော ဒိုင်းနမိုက်များကို စုပြီးဖောက်ခွဲရန်ဖြစ်သည်။ ဤပေါက်ကွဲသံကို အပေါ်က ကြားမည်ဟု မျှော်လင့်ကြခြင်းဖြစ်ပေသည်။

နောက်အုပ်စုတစ်စုကား မိုင်းထဲရှိ လေရနိုင်သောနေရာများကို ရှာဖွေခဲ့ကြသည်။

အာဇူရာကား မြေပုံဆွဲရန် စတင်ကြိုးစားသည်။ ယခုသူတို့ရောက်နေသော နေရာကို မြေပုံကြမ်း ထုတ်ရန်ဖြစ်၏။ ပစ်ကပ်ကားအဖြူတစ်စီးကို ရှုံးခန်းပြုလုပ်ပြီး မြေပုံထုတ်ခြင်းကို စိတ်ပါဝင်စားစွာ ပြုလုပ်နေခဲ့လေသည်။

အားလုံးသောလုပ်သားများထဲမှ အာဇူရာကို လေးစားပြီး သူ၏ခေါင်းဆောင်မှုကို နာခံကြသူများရှိစေကာမူ ခြွင်းချက်များလည်း ရှိခဲ့၏။ အသက် ၅၂ နှစ်ရှိ 'ဂျူယန်အီလန်စ်'မှာ ပန်တဂိုနီးယားတွင် စစ်မှုထမ်းခဲ့ပြီး နှစ်နှစ်ခန့် လျောင်ပိတ်ခံခဲ့ရသော အတွေ့အကြုံရှိသူဖြစ်၏။ ၄င်းက အာဇူရာ၏အမိန့်ကို မနာခံချေ။ သူနှင့်အတူ အခြားလုပ်သား ၄ ဦးမှာ မိုင်းတွင်းရှိကားများပြင်ရန် ငှားထားသူများဖြစ်ရာ မိုင်းလုပ်သားမဟုတ်ချေ။ အဓိပ္ပာယ်မှာ သူတို့သည် ချီလီသတ္တုတွင်း စည်းမျဉ်းအရ ဒုတိယတန်းစားအရပ်သားများတည်း။ လုပ်သားများမဟုတ်။

■

မြေအောက်လိုဏ်ထဲတွင် အလင်းရောင်မရသဖြင့် နေ့လည်းမရှိ၊ ညလည်းမရှိဖြစ်နေသည်။ ခါတိုင်းပြုလုပ်နေကျ အချိန်ဇယားများလည်း ပျက်သွားခဲ့ပြီ။ ဖယ်ရှားလိုက်ကြပြီ။ သူတို့ခေါင်းပေါ်မှ ဦးထုပ်တွင် တပ်ဆင်ထားသော မီးအိမ်များကလည်း ဘတ်ထရီကုန်၍ မီးမလင်းတော့ချေ။ သေလုမျောပါးအတွေ့အကြုံကြောင့် စိတ်လှုပ်ရှားမှုများ ဖိစီးနေလေရာ၊ အချိန်ကိုလည်း သတိမထားမိကြတော့ပေ။ စစ်ပြန်မိုင်းလုပ်သားများ အနေနှင့်မူ အပေါ်မှ ကယ်ဆယ်ရေးသည် မြေကြီးကို တူးပြီးလာရမည်ဆိုပါက မီတာပေါင်းများစွာနက်သော နေရာအထိ တူးရမည့်ကိစ္စသည် စိန်ခေါ်မှုများစွာရှိနေမည်ဆိုခြင်းကို သဘောပေါက်ကြသည်။ အကယ်၍ ကယ်ဆယ်ရေးလာခဲ့လျှင်ပင် ထိုကိစ္စမှာ ရှုပ်ထွေးပြီး မရေမရာလုပ်ငန်းသာ ဖြစ်ပေမည်။

စိတ်ပညာရှင်များကမူ ဤကဲ့သို့ အခြေအနေမျိုးဖြစ်ခဲ့လျှင် တစ်ဦးစီ၏ အသက်ရှင်ရေးသည် ဆုရှင်ဒ်အဖြစ် ကောင်းသော အနေအထားတည်း။ အားလုံးသည် အသက်ရှင်ရေးအတွက် အာရုံစိုက်နေပြီး တစ်ခုခုစီမံဖို့ကို မေ့နေတတ်ကြ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုကဲ့သို့ အချိန်များကုန်သွားသောအခါ ၃၃ ဦးသော လူတို့သည် ဆာလောင်နေသော တိရစ္ဆာန်များကဲ့သို့ အော်ဟစ်ပြေးလွှားကြလေ၏။ စနစ်တကျမစင်စွန့်ခြင်း၊ ဆီးသွားခြင်းတို့ မပြုလုပ်နိုင်ကြတော့ချေ။ အုပ်စုတွင်း ညီညွတ်ရမည်ဆိုခြင်းကို ဥပေက္ခာပြုပြီး လိုဏ်ခေါင်းထောင့်များမှာ ခိုဝင်ခဲ့ကြ၏။ ပထမညတွင် အိပ်ပျော်နိုင်သူ အနည်းငယ်သာ ရှိခဲ့သည်။

■

**သောကြာနေ့၊ ဩဂုတ်လ ၆ ရက်။**

တစ်ညလုံး သစ်သားချောင်းများပေါ်မှာ ခြောက်ခြောက်သွေ့သွေ့ နေနိုင်ဖို့ လူးလိမ့်နေခဲ့ရာမှ မနက်ရောက်သောအခါ စိုစိုစိစိနဲ့ ထကြရ၏။ လုပ်သားတစ်ဦးဖြစ်သူ "ဂျိုစီဟင်နရီကွစ်"သည် မနက်ခင်းကို မျှော်လင့်ချက်ဖြင့် ကြိုလိုက်သည်။ ၄င်းမှာ ဘုရားရှိခိုးခြင်းပါ။ သူက မျက်နှာဝိုင်းဝိုင်း ပျော်ပျော်နေတတ်သူ။ အသက် ၅၄နှစ် ဖြစ်၏။ သူက မိုင်းတွင်းစက်ဆရာဖြစ်ပြီး အလုပ်ထဲ၌ အမြင့်ဆုံးလစာရရှိသူဖြစ်သည်။ ယခုသူသည် ခရစ်တော်၏ တန်ခိုးပါဝါများကို ဟောကြားပြီး သူ့လုပ်ဖော်ကိုင်ဖက်များကို ဘုရားရှိခိုးစာ အတိုချုပ်ပေးသည်။ လူတွေ စိတ်သက်သာစေရန်ဖြစ်၏။

ကလော်ဒီယို ယန်နီးမှာက ကက်စီယိုလက်ပတ်နာရီရှိသည်။ သူက သူ့လက်ပတ်နာရီ မလိုတော့ကြောင်း၊ နာရီ၏အလုပ်က အလုပ်လုပ်ဖို့ညွှန်ပြရန်ဖြစ်ကြောင်း၊ ယခုအခါမှာ မိမိတို့ဝမ်းဗိုက်သာ အဓိကဖြစ်နေကြောင်း မိမိဘာစားချင်ကြောင်းသိလာလျှင် ဘယ်အချိန်ဟု ပြောနိုင်ကြောင်း မနက် ၇ နာရီမှာ စားချင်သော အရာနှင့် ည ၇နာရီ မှာ စားချင်သောအရာ မတူကြောင်း ပြောခဲ့သေးသည်။

မိုင်းလုပ်သားအများအပြားသည် ယခုအခြေအနေ၌ မိမိတို့ဘာသာ ဘာမျှမလုပ်နိုင်ကြောင်း၊ ခိုလှုံရေးစခန်းတွင် ကယ်ဆယ်ရေးကို စောင့်ရန်သာရှိတော့ကြောင်း သဘောပေါက်နားလည်ခဲ့ကြပေသည်။

ဆီပူလ်ဗီဒါက ထိုပရိသတ်အလယ်တွင် သူစိတ်ကူးရမိသောကိစ္စကို ပြောခဲ့သေးသည်။ အသံကျယ်ကျယ်ကြီး ပြောခဲ့ပုံမှာ "မိမိကိုယ်မိမိ သေကြောင်းကြံဖို့" တည်း။ သူကား ကလေးဘဝကတည်းက အသက်ရှင်ဖို့ တိုင်ပွဲဝင်ခဲ့ရသူဖြစ်၏။ သူ့မိခင်သည် သူ့ကိုမွေးပြီးပြီးချင်း သေဆုံးသွားခဲ့ပြီး ဖခင်က စွန့်ပစ်ထားခဲ့သည်။ သူသည် မောင်နှမ ၆ ယောက်နှင့် အိပ်ယာတစ်ခုတည်းမှာ အတူတိုးဝှေ့အိပ်ခဲ့ရ၏။ တိရစ္ဆာန်ထက်ပင် ပိုမိုဆိုးဝါးစွာ ဆက်ဆံခံခဲ့ရသည်။ ယခုအခါ အသက် ၃၉ နှစ်၊ ဇနီးတစ်ဦး၊ ကလေးနှစ်ယောက်။ မိုင်းတွင်းမှ လွတ်မြောက်သွားလျှင် သူ့ကံပဲဟု သူထင်သည်။

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



ထို့နောက် လုပ်သားများသည် အုပ်စု နှစ်စု ခွဲလိုက်ကြ၏။ တစ်စုက လေးလံသော စက်ပစ္စည်းများသုံးကာ အသံထွက်ပေါ်ဖို့ ဖန်တီးကြသည်။ မိုင်းက ထုထည်ကြီးမားစွာ ပြိုကျခဲ့စေကာမူ ကားများကား ရှိနေသေးသည်။ ပစ်ကပ်မှ ဂျမ်ဘိုကားအထိ အစားစားရှိသည်။ ၉ မီတာရှည်သော ထရပ်ကားများ၏ ရှေ့ပိုင်းတွင် မြေတူးစက်နှင့် ဒိုင်းနမိုက်ဖောက်ရန် တွင်းတူးသော ကိရိယာများပါသည်။

လူများသည် ကားအားလုံးကို လိုဏ်ခေါင်း၏ အမြင့်ဆုံးနေရာသို့ ပြောင်းရွှေ့လိုက်ကြ၏။ ထိုနေရာ၌ ကျောက်တုံး ပိတ်နေရာ ထိုနေရာမှ အသံထွက်အောင် လုပ်ရန်ဖြစ်သည်။ ကားဟွန်းများတီးကြသည်။ ဒိုင်းနမိုက်များ ခွဲကြသည်။ ဘူဒိုဇာသံပြားကို သတ္တုပြားများဖြင့် တီးကြသည်။ ဒိုင်းနမိုက်ခွဲမှုနှင့် သတ္တုပြားထုသံများကြောင့် လှိုဏ်ခေါင်းတစ်လျှောက် တုန်ခါသွားကြပါ၏။ သို့သော် အပေါ်က ကြားပါ့မလား။ ကယ်ဆယ်ရေးအဖွဲ့မှ တစ်ယောက်တလေက သတိထားမိနိုင်ပါ့ မလား။ သူတို့သည် လိုဏ်၏အမိုးကိုလည်း ကားနှင့်တိုက်သေးသည်။ စက်ကတုန်ခါပြီး အသံထွက်ဖို့ပါ။

သူတို့သည် နံရံကိုလည်း ထရပ်ကားများနှင့် တိုက်ကြသည်။ ထို့ပြင် အပေါ်မြေပြင်သို့ သွားသောပိုက်လိုင်း ထဲသို့လည်း ကားဟွန်းများတီးပြီး ထည့်ကြသည်။ အပေါ်ကလူတွေ ကြားလိုကြားငြား ကြိုးစားကြခြင်းပါ။ ထိုပိုက်လိုင်း များထဲ ဟွန်းသံပေးရန် လူများက အလှည့်ကျတာဝန်ယူခဲ့ကြသည်။ သို့သော် ဘာမျှမထူးခြား။ စိတ်ပျက်စပြုလာကြ၏။

'အဲလက်စ်ဗီဂါ' ဆိုသူကလည်း တစ်မျိုးကြံစည်သည်။ တောင်ကြားတွင် အက်ကြောင်းများရှိရာ ထိုအက်ကြောင်း များအတိုင်း အပြင်သို့ရောက်အောင် တက်ရန်ဖြစ်သည်။ ထိုလမ်းဖြင့် အပြင်ရောက်နိုင်မည်ဟု သူထင်သည်။ သို့သော် သူတို့တွင် ဘတ္တရီအားမရှိတော့ပေ။ ရေယူသွားဖို့လည်း မလုံလောက်ပေ။ တစ်နေ့တာ ထွက်ပေါက်သွားရှာဖို့ မဖြစ်နိုင်။ နောက်ထပ်ပြိုကျလာမည်ကိုလည်း ထိတ်လန့်နေရသည်။

ဆီပူလ်ဗီဒါနှင့် ရောလ်ဘတ်စ်တိုစ် ခေါင်းဆောင်သော ဒုတိယအဖွဲ့က ထွက်လမ်းကို 'ခေါင်းတိုင်'မှ တစ်ဆင့် သွားဖို့ကြိုးစားကြ၏။ ခေါင်းတိုင်မှာ ၂၄ မီတာမြင့်သည်။ မတ်မတ်စောက်စောက် စိုက်ထူထားပြီး အတွင်း၌ လေဝင်ဖြတ်သန်း နိုင်သော ပိုက်ကလေးများ တစ်ဒါဇင်ခန့်ရှိ၏။ ဤခေါင်းတိုင်မှရသောလေကို မိုင်းတွင်း၌ရှူရန်အတွက် လမ်းဖောက်ထား ခြင်းဖြစ်သည်။

ဆီပူလ်ဗီဒါတို့သည် ချိတ်ထားသော လှေခါးဖြင့် ခေါင်းတိုင်ပေါ်သို့ တက်ကြည့်ကြ၏။ အဆင့် ၂၁၀ သို့ရောက် သောအခါ ကျောက်တုံးများ ပိတ်ဆို့နေသည်ကို တွေ့ကြရ၏။ နောက်ထပ် ခေါင်းတိုင်တစ်ခုရှိသေးသော်လည်း လှေခါး မရှိချေ။

ချီလီရှိသတ္တုတွင်းအများအပြားတွင် မိုင်းတွင်းအောက်တစ်လွှာသို့ ကောင်းကင်မှ အလင်းရောင်ပို့ပေးရသည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



လှေကားစသဖြင့် လုံခြုံရေးအတွက် ပစ္စည်းကိရိယာများ ထားရှိပေးရမည်ဖြစ်၏။ မိုင်းအတွင်းသို့ လေဝင်ပေါက်ပေးရန် အပြင် လိုဏ်ခေါင်းမှထွက်ရန် ဒုတိယထွက်ပေါက်လည်း ဖြစ်ရပေမည်။

ယခု ဆန်ဂျိုးမိုင်းတွင်းမှ ခေါင်းတိုင်ကား အလင်းရောင်လည်းမရှိ။ ထို့အပြင် ခေါင်းတိုင်သည် ပင်မလှိုဏ်ခေါင်း လမ်းထဲသို့သာ ဆောက်ထား၏။ အဓိပ္ပာယ်မှာ တစ်စုံတစ်ခုမတော်တဆဖြစ်လာခဲ့လျှင် ထွက်ပေါက်နှစ်ခုလုံး ပိတ်မိပေ တော့မည်။ ဤကိစ္စမှာ မိုင်းတွင်းလုပ်သားများသမဂ္ဂမှ နှစ်ပေါင်းများစွာ ဝေဖန်ရှုံ့ချခဲ့မှုကို ဥပေက္ခာပြုခြင်းဖြစ်လေသည်။

ဆီပူလ်ဗီဒါသည် ခေါင်းတိုင်ကို ရှာဖွေစစ်ဆေးကြည့်၏။ ထိုအခါ ထွက်လမ်းသည် စွန့်စားမှုတစ်ခုဖြစ်သော်လည်း ဖြစ်နိုင်ခြေကားရှိသည်ဟု ဆုံးဖြတ်သည်။ ခေါင်းတိုင်အတွင်း ကျောက်တုံးအစအနများ ကျနေဆဲဖြစ်သော်လည်း သူ့မှာ ကာကွယ်ရေးဦးထုပ်ရှိသည်။ သူသည် သူ့ဦးထုပ်မှမီးရောင်ကို ချိန်ကြည့်သည်။ အပေါ်သို့ မီးထိုးကြည့်သည်။ ထို့နောက် တဖြည်းဖြည်း တက်ခဲ့လေသည်။ သူတက်ခဲ့သောလှေခါးမှာ အသက်ကယ်အရေးပေါ်သုံးရန် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး နှစ်ပေါင်း များစွာ ရေငွေ့တိုက်စားသဖြင့် ဆွေးမြေ့နေလေပြီ။ လှေခါးထစ်တစ်ချို့ မရှိကြတော့။

ဆီပူလ်ဗီဒါ စိတ်ဓာတ်ကျသွားသည်။ ခေါင်းတိုင်အကျယ်က တစ်မီတာရှိသည်။ သည်တော့ သူ့ခြေထောက်များ ကို ခေါင်းတိုင်နံရံ ဟိုဖက်သည်ဖက်သို့ ကားပြီး ကန်ထားရန်ဝေးလွန်းနေ၏။ ထို့ကြောင့် ခေါင်းတိုင်တလျှောက်ကပ်ပြီး ရှိနေသော ပလပ်စတစ်ပိုက်ကိုသာ လက်ဖြင့်ဆုပ်ကိုင်လျက် ခြေကုပ်ရရန် ဝက်အူရစ်တန်လေးတစ်ခုတလေ ရှိလိုရှိငြား ရှာဖွေရတော့၏။ ထိုအချိန်တွင် သူ့ခေါင်းပေါ်သို့ ကျောက်ခဲများကျလာကြပြန်သည်။ တောင်ကုန်းကား အော်ဟစ်ဆဲတည်း။ ကွဲပြိုနေဆဲတည်း။

ဆီပူလ်ဗီဒါသည် လေးဘက်တွားပြီး အပြင်သို့ထွက်ရန် ကြိုးစားရ၏။ သူ့ကြွက်သားများကို ကြံ့ခိုင်ဖို့ အမိန့်ပေးရ ၏။ လျှောကျသောအခါ လက်များဖြင့် ကုပ်ထားပြီး သူ့ကိုယ်လုံးကို ပြန်လည်မတင်ခဲ့ရ၏။ သူ့မျက်နှာကို ကျောက်တုံး တစ်တုံးလာ၍ ရိုက်သည်။ သူ့နှုတ်ခမ်းပေါ်ကျပြီး သွားတစ်ချောင်းကျွတ်ထွက်သွားသည်။ သူက လူငယ်တစ်ယောက်လို သူ့မှာ ခွန်အားရှိသည်ဟု ခံစားပြီး ဤအလုပ်သည် မွန်မြတ်သည်ဟု ခံယူသည်။ သူလိုချင်တာ တစ်ခုပဲရှိ၏။ ၎င်းမှာ အပြင်ရောက်ရေးတည်း။ ဤသို့ ရုန်းတက်နေစဉ် သူ့ဆံပင်များက ထောင်လာကြပြီး 'အားမငယ်နဲ့ ငါလည်းမင်းနဲ့အတူ ရှိတယ်'ဟု အားပေးနေသယောင် ခံစားရလေသည်။ သူ့ဘဝအတွက် စိန်ခေါ်မှုကို အမြင့်ဆုံးဂီယာသွင်းပြီး တိုက်ခဲ့ရသည် ဟုပင် သူယူဆခဲ့တော့၏။ ဤသို့ဖြင့် သူကား အဖွဲ့၏ခေါင်းဆောင်နေရာ၌ ပျော်မွေ့နေခဲ့ပေသည်။

■

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



**နှစ်ရက်မြောက်နေ့၊ စနေ၊ ဩဂုတ်လ ၇ ရက်။**

ယခုအချိန်အထိ မြေပေါ်မှအဆက်အသွယ် တစ်စုံတစ်ရာမျှ မရရှိသေးသောအခါ မိုင်းလုပ်သားတို့သည် စိုးရိမ်ပူပန်မှုပိုလာပြီး ထိတ်လန့်လာကြလေသည်။ မနက်ရောက်သောအခါ လူအများသည် 'ဟင်နရီကွစ်' နှင့်အတူ ဝတ်ပြုဆုတောင်းဖို့ သဘောတူလာခဲ့ကြ၏။ အတူတကွ ဝတ်ပြုဆုတောင်းကြရန် စီစဉ်ကြ၏။ သို့သော် စိတ်ပျက်တုန်လှုပ်ခြင်းက သူတို့အား ဖိနှိပ်ထားဆဲဖြစ်သည်။ အစားအစာကလည်း ပြတ်စပြုလေပြီ။ ၁၀ လီတာဝင်သော ရေပုလင်းများမှာ မလုံလောက်တော့ချေ။ ထိုအခါ သူတို့သည် လီတာ ၅,၀၀၀ ဝင်သောရေစည်ကြီးများမှ ရေကိုသောက်ကြ၏။ ထိုရေများမှာ မြေတူးလျှင်သုံးရန် စက်သုံးရေများဖြစ်သည်။ စည်ထဲမှာ လှောင်ထားခဲ့သည်မှာ လပေါင်းများစွာကြာခဲ့ပြီ။ ရေထဲတွင် ဖုန်များ၊ အမှိုက်များ ရှိနေသည်။ ထိုရေကိုသောက်သောအခါ 'ဆီကိုသောက်ရသလိုပဲ'ဟု လုပ်သားကြီးရစ်ချတ် ဗီလာရိုကပြောပြသည်။

ကလော်ဒီယိုယန်နီးက ထိုစည်ထဲမှ ရေကိုတစ်နေ့ ၇ လီတာသောက်ခဲ့၏။ ရေအရသာမှာ ဒီဇယ်နှင့်ဖုန်း ရောထားသကဲ့သို့ ရှိသည်။ ရေထဲတွင် သတ္တုတွေပါနေမှန်း သိသော်လည်း ရေငတ်ခြင်းကိုမခံနိုင်၍ ကြိတ်မှိတ်ပြီးသောက်ခဲ့ရ၏။

မိုင်းတွင်း၌ ၁၀ နှစ်ကျော်အလုပ်လုပ်လာခဲ့သူ အဲလက်စ် ဗီဂါကား မိုင်းအကြောင်းအသေးစိတ် နားလည်သည်။ ၄င်းက သူတို့ ၃၃ ယောက်လုံးသည် တစ်စုတည်း ဖြစ်လာခဲ့ကြောင်း၊ ဒီမိုကရေစီနည်းစနစ်ကို သုံးခဲ့ကြကြောင်း၊ အကောင်းဆုံးအမိပ္ပာယ်ပေးနိုင်သောစိတ်ကူးကို ရွေးချယ်ကျင့်သုံးခဲ့ကြကြောင်း ပြောပြခဲ့သည်။

ဆုံးဖြတ်ချက်အားလုံးနီးပါးကို သူတို့ ၃၃ ဦးသည် မဲစနစ်ဖြင့် ဆုံးဖြတ်ကြ၏။ နေ့လည်ဆိုလျှင် အစည်းအဝေးလုပ်ကြသည်။ နယူးအင်္ဂလန်နှင့် ဗြိတိသျှပါလီမန် အခြေအတင်ပြောခြင်းဟု သဘောထားခဲ့သည်။ ထိုအစည်းအဝေးတွင် စိတ်ကူးသစ်များကို တင်ပြကြသည်။ ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြသည်။ အားလုံး ညီမျှသောအသံဖြစ်ခဲ့၏။ စိတ်ကူးများကို အကဲဖြတ်ကြရာတွင် ရာထူးကြီးသူက တင်ပြသည်ဖြစ်စေ၊ အငယ်ဆုံးက တင်ပြသည်ဖြစ်စေ၊ မိမိတို့ ကိုယ်ပိုင်ဉာဏ်ဖြင့်သာ တိုင်းတာခဲ့ကြသည်။

ယခုအခါ လုပ်သားတို့သည် မြေအောက်၌ ၂ ရက်တိတိ ကြာခဲ့ပြီ။ သူတို့ဦးထုပ်ထိပ်၌ တပ်ထားသောဘတ်ထရီများက မှေးမှိန်လာကြပြီ။ မိုဘိုင်းလ်ဖုန်းများက စက်ပိတ်သွားကြပြီ။ ထိုမြေအောက်ခန်းများတွင် မိုဘိုင်းလ်ဖုန်းများလိုင်းမမိသော်လည်း လုပ်သားများသည် ထိုဖုန်းများကို အလင်းရောင်ရဖို့ အသုံးပြုခဲ့ကြ၏။ နာရီသိဖို့ အသုံးပြုခဲ့ကြ၏။ ထို့ပြင် တိတ်ဆိတ်ငြိမ်သက်နေသောဝန်းကျင်၌ ဂီတသံနားထောင်ရန်လည်း ဖုန်းများကိုယူလာပြီး ဒုက္ခဆင်းရဲကို လျှော့ချရန် ကြိုးစားခဲ့ကြသည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



အတွေ့အကြုံနည်းပြီး အသက်ငယ်သေးသောသူတချို့ကမူ ထိန်းမရသိမ်းမရ ကြောက်လန့်နေကြ၏။ ၁၉ နှစ်အရွယ် ဂျင်မီဆန်ရှယ်ဆိုလျှင် သူ့မိခင်က မိုင်းထဲဆင်းလာပြီး သူ့ကိုလာပွေ့သည်ဟု ထင်နေသည်။ သူ့မိခင်သည် ချီလီပြည်၏ အသားပြားနှင့်ကြက်သွန်ကို သံလွင်ဆီနှင့်ကြော်ကာ သူ့ကိုလာကျွေးသည်ဟု မြင်ပြီး ကယောင်ကတမ်းတွေ ပြောနေလေ၏။

တချို့လုပ်သားများကား ဘာမျှမတတ်နိုင်သည့်အဆုံး အိပ်ယာပေါ်လှဲပြီး တစ်နေ့လုံး မထဘဲနေကြတော့၏။ အချိန်ကားကုန်ခဲလှသည်။ တစ်ခန်းလုံးတိတ်ပြီး ငြိမ်နေသည်။ မြေတူးသံမရှိ။ ဒိုင်းနမိုက်ခွဲသံ မရှိ။ အပေါ်မှအသံလည်း တစ်ခုမျှ မကြားရ။ ရေကျသံနှင့် ကျောက်တုံးကျသံများသာ ကြားနေကြရလေသည်။

သူတို့သည် လိုဏ်ခေါင်းဆင်ခြေလျှောထဲတွင် မီတာပေါင်းများစွာ လမ်းလျှောက်ခဲ့ကြပြီးပြီ။ အကွေ့အချိုးများမှာ ရှာဖွေခဲ့ကြပြီးပြီ။ အပေါ်ကလူများ ကယ်ဆယ်ရေးလုပ်ကြလိမ့်မည်ဟု သေချာပေါက်သိကြသော်လည်း တိတ်ဆိတ်နေပုံက ကြောက်စရာကောင်းလှသည်။ ထိုအခါ မှေးမှိန်သော အတွေးတစ်ခုက ကြီးထွားလာ၏။

'တို့ ဒီမှာပဲ အမြဲနေသွားရတော့မှာလား'

တချို့ကလည်း ကျောက်တုံးတွေကို ကျိန်ဆဲကြ၏။

တချို့က 'ချီလီပြည် သက်တော်ရှည်ပါစေ' ဟု ခဏသာစိတ်ဝင်တစား ရေရွတ်ပြီး လိုဏ်ခေါင်းအထက်ဘက် သွားကြည့်ကြသည်။ ပြန်လာသောအခါ ဘာသတင်းမျှမကြားရချေ။

သူတို့သည် စွမ်းအင်တစ်ခုကို အမှန်လိုနေသည်။

ထိုအရာကား 'အစားအစာ' ဖြစ်၏။

နှစ်ရက်ကျော်သောအခါ သူတို့ခန္ဓာကိုယ်တွေ တုန်ချိလာကြသည်။ သူတို့မျက်နှာတွေ အရိုးငေါငေါဖြစ်လာကြသည်။ မျက်တွင်းတွေ ကျလာကြသည်။ သူတို့အင်အားတွေလည်း ကုန်လာလေပြီ။ ဆံပင်တွေလည်း ညစ်ပတ်ပွလန်နေကြပြီ။ တစ်ယောက်နှင့်တစ်ယောက် မျက်နှာချင်းဆိုင်ပြီး စကားပြောလျှင် ယဉ်ကျေးခြင်းမရှိကြတော့။ ချွေးနံ့လူနံ့တွေက အလွန်အမင်းနံစော်လာရာ ခိုလှုံရာနေရာကို စွန့်ခွာပြီး လိုဏ်ခေါင်းကြမ်းပြင် ကျောက်ခဲများပေါ်၌ သွားအိပ်ကြသည်။

သူတို့သည် အုပ်စုလေးများအဖြစ် ကွဲသွားခဲ့ကြ၏။ သူတို့၏ မူလစရိုက်အရ အုပ်စုကွဲသွားကြခြင်းဖြစ်သည်။ လူမျိုးတူအုပ်စုများက ဆွေမျိုးများသဖွယ် ပူးပေါင်းခဲ့ကြပြီး အသက်ကြီးပိုင်းများက အသက်ရှင်သန်ရေးအတွက်ဟူသော စိတ်ဓာတ်ဖြင့် ပူးပေါင်းမိကြသည်။ ဆီပူလ်ဗီဒါနှင့် အာဗူရာအပါအဝင် ခေါင်းဆောင်များက ပင်လယ်ရေမျက်နှာပြင်အထက် ၁၀၅ မီတာရှိ လိုဏ်ခေါင်းဖြစ်သော လိုဏ်ခေါင်း '၁၀၅' သို့ ပြောင်းရွှေ့ခဲ့ကြသည်။ ဤနေရာတွင် လေအများဆုံးရှိ

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



စိုစွတ်မှုသက်သာသည်။ တခြားအုပ်စု နှစ်စုမပါ၍ လေရှူရန်ပို၍ ရလေသည်။ နောက်အုပ်စုတစ်စုကား အောက်ထပ်ရှိ ကယ်ဆယ်ရေးစခန်းတစ်ခုသို့ ပြောင်းကြသည်။ ထိုစခန်းရှိ ကြမ်းပြင်က မာကျောသဖြင့် အိပ်၍မကောင်းချေ။ သို့သော် အမိုးကို ပြန်လည်အားပြုထောက်ထားပြီး အမိုးမှကျလာမည့် ကျောက်ခဲများကို ကာကွယ်ပေးသည့် သတ္တုပြားရှိသည်။

တတိယအုပ်စုလည်း သူတို့ချည်းကျန်ရစ်သဖြင့် ကိုယ့်ဘာသာစုစည်းကြရ၏။ ဤအုပ်စုတွင် 'အက်စတင်ဘင်ရီဂျာစ်' နှင့် 'ပါဗလိုရိုဂျာစ်' ညီအစ်ကိုတို့ပါပြီး ယောက်ဖဖြစ်သူ 'အေရီယယ်လ်တီကိုနာ' လည်းပါဝင်သည်။ ၄င်းတို့က ခိုလှုံရာစခန်း၏ အပြင်ဘက် မိုင်းတွင်း၏ပင်မလမ်းမကြီးပေါ်တွင် နေရာယူကြသည်။ အိပ်သောအခါ အောက်မှလေအနည်းငယ် ရနိုင်ပေသည်။ သို့သော် ထိုနေရာက စိုစွတ်၏။ ကောင်းစွာအိပ်မပျော်နိုင်ကြချေ။ ထိုအခါ တချို့က ထရပ်ကားများပေါ်တွင် သွားအိပ်ကြသည်။ ချက်ချင်းကယ်ဆယ်ရေးရောက်လာမည်ဆိုသော မျှော်လင့်ချက် သူတို့တွင် မရှိတော့ပေ။ ဘာဖြစ်လာမည်လဲဟူသည်ကို မသေချာမရေရာစွာဖြင့် တိတ်ဆိတ်နေခဲ့ကြရလေတော့သည်။

■

၃ ရက်မြောက်နေ့၊ တနင်္ဂနွေ၊ ဩဂုတ်လ ၈ ရက်။

တတိယမြောက်မနက် ၆း၃၀ နာရီတွင် လုပ်သားများအားလုံးသည် ဝတ်ပြုဆုတောင်းဖို့ အသင့်ဖြစ်နေကြလေသည်။ 'ဟင်နရီကွစ်' က ပျော်ပျော်ရွှင်ရွှင်နေတတ်သူဖြစ်ပြီး သူတို့ဝတ်ပြုဆုတောင်းခြင်းကို ဘုရားသခင်က တုံ့ပြန်မှာဖြစ်ကြောင်း ကတိပေးသည်။ နေ့တိုင်းနေ့တိုင်း သူ၏တရားဟောမှုများက အသက်ရှင်လမ်းကြောင်းတစ်ခုသဖွယ် တစ်ခုတည်းသော ဆုပ်ကိုင်ရာဖြစ်ခဲ့သည်။ ကယ်ဆယ်ရေးသည် မြန်မြန်ရောက်ချင်ရောက်နိုင်သည်။ ကြာချင်လည်း ကြာနိုင်သည်။ သို့သော် လုပ်သားများ၏ ယုံကြည်မှုက ကြာရှည်ခံနိုင်ရည်ရှိစေ၏။ သူတို့က ခရစ်တော်ကို '၃၄ ယောက်မြောက် မိုင်းလုပ်သား' ဟု မှတ်ယူထားကြလေသည်။

ဝတ်ပြုဆုတောင်းပြီးသောအခါ ဆီပူလ်ဗီဒါက အုပ်စုအစည်းအဝေးပြုလုပ်ရန် လှုံ့ဆော်သည်။ သူက လုပ်သားများအား သူ၏ကိုယ်ပိုင် အမှတ်အသားဖြစ်သော 'စိတ်ပါဝင်စားမှု' ဖြင့် အားဆေးထိုးပေး၏။ သူက 'အာဗူရာ' အား လေးစားရန် ဟောပြောသည်။ အကယ်၍ ခေါင်းဆောင်ဖြစ်သူက ခေါင်းမဆောင်ချင်လျှင် သူကိုယ်တိုင် ခေါင်းဆောင်နေရာကို ဝမ်းသာစွာ တာဝန်ယူမည်ဟု လူတွေကို ခြိမ်းခြောက်ရာလည်းရောက် ရှေ့တိုးချင်အောင်လည်း ဖြစ်လာရန် လှုံ့ဆော်ခဲ့၏။ အပေါင်းလက္ခဏာ အင်အားဖြစ်ရန် တွန်းပို့ခဲ့လေသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဤတွင် တစ်ဦးချင်းခွန်အားများ ချည့်နဲ့နေရာက တစ်ဦးစီ၏အင်အားများ စတင်တောက်ပလာခဲ့ကြ၏။ ကြီးမားသော ငလျှင်လှုပ်စဉ်က အသက်မသေဘဲ ကျန်ရစ်ခဲ့သော 'ရောလ်ဘတ်စ်တိုစ်'က ကားလို့စ် မာမာနီအား သူရေးဆွဲနေသော မြေပုံတွင် ရေထွက်ပေါက်များကို ကူညီရှာဖွေပေးရန် ဆွဲခေါ်ခဲ့သည်။

'အက်ဒီဆင်ပီနာ'က မော်တော်ယာဉ်များမှ ဘတ်ထရီများကို အသုံးပြုပြီး အလင်းရောင်ရရန် စနစ်တစ်ခုပြုလုပ်သည်။ အထူးသဖြင့် ဘူဒိုဇာနှင့်တူသော ထရပ်ကားသည် ဗို့အား ၂၂၀ ထုတ်နိုင်သော ပစ္စည်းပါသဖြင့် ထိုစနစ်မှ အလင်းရောင်ရရှိအောင် ပြုလုပ်ခဲ့ရာ မှေးမှိန်သောမီးအိမ်များအစား အမြဲလင်းနေသောအလင်းရောင်ကို ရရှိလေသည်။

ထို့အတူ 'ဂျူယန်အီလန်စ်'ကလည်း ဦးထုပ်မှာတပ်ဆင်သော မီးများလင်းစေရန် မော်တော်ယာဉ်များမှ ဘတ္တရီများ နှင့်ဆက်၍ သုံးခဲ့သည်။ လက်ဖက်ရည်ပူပူရရှိနိုင်ရန်အတွက် ကြံစည်ပုံကလည်း ဤသို့ဖြစ်၏။ ထရပ်ကားတစ်စီးကို စက်နှိုးထားလိုက်ပြီး အိတ်ဇောပိုက်မှ အပူများထွက်လာသောအခါ လီတာဝက်ဝင်သော ရေပုလင်းများကို အိတ်ဇောပိုက် ပတ်လည်တွင်ချပြီး ဆူအောင်လုပ်ခြင်းတည်း။

ထိုရေနွေးကို လက်ဖက်ခြောက်အနည်းငယ်ခတ်ပြီး သောက်သောအခါ အနည်းငယ်သက်သာမှုရကြလေသည်။ ရေစိုသော အဝတ်များ၊ ဖိနပ်များကိုလည်း မော်တော်ကားအင်ဂျင်ပေါ်တင်ပြီး အခြောက်ခံကြသည်။ လုပ်သားကြီးများသည် ရေချိုးရန်အတွက် အနီးအနားရှိ ရွံ့အိုင်ကိုအသုံးပြုကြရ၏။ ဆပ်ပြာကားမရှိ။ ခေါင်းလျှော်ရည်၊ သွားတိုက်ဆေးလည်းမရှိ။ အခင်းကြီး အခင်းငယ် သွားဖို့အတွက်ကား ဓာတ်ဆီထည့်ခဲ့သော စည်အလွတ်ကြီးကို အသုံးပြုကြလေသည်။ ပြည့်ခါနီးသောအခါ အပေါ်ယံ၌ သဲများ၊ အမှိုက်များဖို့ပြီး ၎င်းတို့စခန်းအောက်ဘက်ရှိ ရေမြောင်းထဲသို့ သွားရောက်သွန်ပစ်ကြရ၏။ ထိုနေရာ၌ ညစ်ပတ်နေသောအမှိုက်ပုံကို ပို၍ညစ်ညမ်းအောင်လုပ်ကြရခြင်းတည်း။ ထိုသို့အောက်ဘက်၌ စွန့်ပစ်လိုက်ခဲ့ကြသော်လည်း အနံ့အသက်များက လေလှိုင်းဖြင့် တက်လာကြ၏။ အနံ့မခံနိုင်သူများက ခိုလှုံရာစခန်းအပြင်ဖက်မှာ သွားအိပ်ကြပြီး တချို့လည်း အိပ်မက်ဆိုးတွေ မက်နေခဲ့ကြသည်။ 'ဗစ်တာဇာမိုရာ' ဆိုသူ လုပ်သားတစ်ဦးကမူ နေ့စဉ်ဒုက္ခများမှ အတန်ငယ်လွတ်မြောက်ရန်အတွက် ဒိုင်ယာရီစာအုပ်ကလေးတွင် နေ့စဉ်အတွေ့အကြုံများကို မှတ်တမ်းတင်လေသည်။

ယခုအခါ ခိုလှုံရာစခန်းတွင် အစားအစာကို တင်းကြပ်စွာစောင့်ရှောက်ရလေပြီ။ အစာထားရှိရာနေရာသို့ 'လူးဝစ် အာဇူရာ'နှင့် 'မာရီယိုဆီပူလ်ဗီဒါ' တို့နှစ်ဦးသာ သွားကြသည်။ ၎င်းတို့က တင်းကြပ်သော ဝေစုပေးခြင်းအစီအစဉ်ကို လုပ်ရ၏။ ဤအစီအစဉ်ကို အများသဘောတူ ပြုလုပ်ကြခြင်းပင်ဖြစ်သည်။ သူတို့မဲပေးကြရ၏။

'ကျွန်တော်တို့ဟာ အစစအရာရာကို မဲနဲ့ဆုံးဖြတ်ခဲ့ကြတယ်။ အားလုံးက တစ်နေ့မှာ တစ်ကြိမ်ပဲ အစာစားဖို့ သဘောတူကြတယ်။ တူနာငါးသေတ္တာလေးတစ်ဖွန်း ပုလင်းအဖုံးလေးရဲ့ တစ်ဝက်စာလောက်ပဲ။ ဒါဟာ ကျွန်တော်တို့ရဲ့

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



အစာပဲ။ ကျွန်တော်တို့ကိုယ်တွေ ချုံးကျသွားတယ်’ ဟု ရစ်ချတ်ဒ်ဗီလာရီးက ပြန်ပြောပြပါသည်။

စခန်းမှာကျန်နေတဲ့ အစာနည်းနည်းဟာ မမြင်ရတော့ဘူး။ နို့ကာတွန်းဝက်ရှိတာက ရက်လွန်နေခဲ့ပြီ။ ငှက်ပျော မှုန့်အခြောက်တွေလည်း အပူကြောင့် ပျက်စီးနေကြပြီ။ တချို့လူတွေကလည်း ရက်လွန်နို့ကို အနံ့နမ်းကြည့်ပြီး ရပါသေးတယ် ဆိုပြီး သောက်ပစ်ခဲ့ကြသည်။ တချို့က စဉ့်အိုးဖုံးများကို အစာရလိုရငြားဖွင့်ကြည့်၏။ မိုင်းတွင်းအစီရင်ခံစာ စက္ကူများကိုသာ တွေ့ရသည်။ ကိုကာကိုလာဗူးများ၏ အောက်ခြေတွင်လည်း အမှုန့်များ၊ အနယ်များကိုသာ တွေ့ရ၏။ လိမ္မော်ခွံတွေသူတစ် ယောက်ကမူ ဝမ်းသာအားရ စားခဲ့ရလေသည်။

မာရီယိုဂိုမက်ဇ်သည် စစ်မှုထမ်းဟောင်းဖြစ်ပြီး ယခင်က ရေတပ်၌ကုန်ကူးခဲ့သူဖြစ်ရာ လူများကို ကြံ့ကြံ့ခံ ကြရန် အားပေး၏။ သူငယ်ရွယ်စဉ်က ဘရာဇီးလ်ကုန်တင်သင်္ဘောကြီးတစ်စီးအတွင်း ၁၁ ရက်တိတိ ပုန်းအောင်းနေခဲ့ပုံကို ပြောပြသည်။ ငါတို့အသက်ရှင်မှာပါဟု အားပေးသည်။ သူသည် ၁၉၆၄ တွင် ဆန်ဂျိုးမိုင်း၌ စတင်အလုပ်လုပ်ခဲ့၏။ ယခုလုပ်ဖော်ကိုင်ဖက်များ မမွေးသေးခင်ကာလက ဖြစ်သည်။ ယခင်က မိုင်းသေးသေးလေး။ ပေါက်ဆိန်တစ်ခုစာလေး တူးခဲ့ရာမှ ယခုအရွယ်အထိ ကြီးမားလာသည်ကို သူမြင်ခဲ့ရပြီ။ သူ့လက်ချောင်းတချို့မရှိတော့ခြင်းက ဒဏ္ဍာရီသဖွယ် ဖြစ်နေသည်။ သို့သော် သူစိတ်ဓာတ်မကျချေ။ ဆုတံဆိပ်တွေပေါ့ဟု သူယူဆ၏။

လုပ်သား ‘ပါဗလိုရီဂျာ့စ်’ ကား စိတ်ဓာတ်ကျနေသည်။ မကြာခင်တစ်ယောက်နှင့်တစ်ယောက် ကိုက်ဖြတ်စား ဆဲကြတော့မည်ဟု သူထင်သည်။ သူ့အနေနှင့် မြန်မြန်ထွက်ချင်လှပြီ။ လူတွေက သူ့မှုနှင့်သူ။ တချို့က ဆေးလိပ်စွဲကြသည်။ တချို့က အရက်စွဲကြသည်။ ဤလိုလူများအတွက် ဆေးလိပ်မရခြင်း၊ အရက်မရခြင်းက အဆိုးဝါးဆုံးဖြစ်နေလေ၏။

၃ ရက် ကုန်သွားခဲ့ပြီ။

လူတွေ ပိတ်ခံခဲ့ရသည်မှာ နာရီပေါင်း ၇၂ နာရီရှိပြီ။

သူတို့ မြေအောက်မှာ တစ်ခါမျှ ဤအချိန်လောက် ကြာကြာမနေဖူးခဲ့ကြပေ။ ယခုထိ ကယ်ဆယ်ရေးအဖွဲ့နှင့် အဆက်အသွယ်မရသေး။ အပေါ်ကသိအောင် ကြိုးစားကြသော်လည်း ဘာမျှမထူးခြား။ အစာက ရှားသွားပြီ။ ရေကလည်း စိုးရိမ်ဖွယ်ဖြစ်နေ၏။ ကွဲအက်သံ၊ ကျောက်တုံးကျသံတွေကလွဲပြီး တိတ်ဆိတ်နေသည်။ သူတို့၏ စိတ်ပျက်မှုတိုးလာသည်။ သူတို့သည် မေးခွန်းတစ်ခုကို ရှောင်ချင်ကြ၏။ ထိုမေးခွန်းကား ‘တို့ ဒီကအသက်ရှင်လျက် ထွက်နိုင်ပါ့မလား’ ဟူ၍တည်း။

■

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



**၃ ရက်မြောက်နေ့၊ တနင်္ဂနွေ၊ ဩဂုတ်လ ၈ ရက်။**

ချီလီနိုင်ငံ 'ကိုပီယာပို'မြို့လေးကား မဖွံ့ဖြိုးသေးသော ပင်လယ်ကမ်းခြေများ၊ လွင်တီးခေါင်သဲကန္တာရနှင့် ဘီလျံပေါင်းများစွာ ကြွယ်ဝသည့်ရွှေ၊ ငွေ၊ ကြေးနီသတ္တုများ ကိန်းအောင်းနေသော တောင်တန်းများနှင့် ဝန်းရံလျက်ရှိနေသည်။

ဤပုန်းအောင်းနေသော ရတနာများကို ၁၇၀၇ ခုနှစ်တွင် စတင်၍ ပထမဆုံးအကြိမ်အဖြစ် တူးဖော်ခဲ့ကြ၏။ ထိုစဉ်က ကိုပီယာပိုမြို့၏ လူဦးရေမှာ ၉၉၀ သာရှိခဲ့သည်။ ယခုအခါ၌ကား ပတ်ဝန်းကျင်နယ်မြေ အပါအဝင် မြို့နေလူထု ၁၂၅,၀၀၀ ရှိနေပြီး လေဆိပ်မှာ အသံဗလံများဖြင့် ဆူညံနေတော့၏။ ဤမြို့နှင့် 'စင်တီယာဂို' မြို့သို့ သွားချည်လာချည် လုပ်နေကြသော လေယာဉ်များ နေ့စဉ် ၁၄ စီးရှိသည်။ ထိုလေယာဉ်များတွင် သတ္တုတွင်းအင်ဂျင်နီယာများ၊ ဘူမိဗေဒပညာရှင်များ၊ မြေတိုင်းသမားများ အစုလိုက်အပြုံလိုက် ပါလာလေ့ရှိ၏။ ၎င်းတို့သည် လေယာဉ်ပေါ်မှ မတ်စောက်သော သတ္တုလှေခါးဖြင့် ဆင်းလာကြပြီး လေယာဉ်လမ်းမ၌ အစောင့်အရှောက်မဲ့စွာ လျှောက်သွားတတ်ကြသည်။ တစ်ခါတစ်ရံ တန်ဆာပစ္စည်းထားရာသို့ မှား၍ဝင်သွားတတ်ကြသည်။ ထိုနေရာတွင် ဒေသခံများက ပုစွန်များ၊ ဂဏန်းများ၊ ပင်လယ်ငါးကင်များ ရောင်းကြ၏။

ထိုလူများသည် နောက်ဆုံးပေါ်ကြေးနီသိုက်မှ အမြတ်အစွန်းထုတ်ရန် လာရောက်သူများဖြစ်သည်။ ဤမြေရှိ ကြေးနီတောင်တန်းသည် ၂၀၀၂တွင် လူအရောက်အပေါက်များလာခဲ့ပြီး ၂၀၁၀ ဩဂုတ်လအထိ ကျင်းပြိုမည့် လက္ခဏာမပြခဲ့ပေ။ တရုတ်ပြည်မှ ကြေးနီစက်ရုံများက ချီလီမိုင်းတွင် ဆက်လက်လုပ်ကိုင်နေကြပြီး

**အခန်း - ၄**
**မြန်နှုန်းနှင့်**
**တိကျ မှန်ကန်မှု**

www.burmeseclassic.com

www.burmeseclassic.com



နေ့စဉ် ကြေးနီထုတ်ကုန်ဒေါ်လာ ၇ သန်းဖိုးခန့်ကို ထုတ်လုပ်လျက်ရှိ သည်။ လအနည်းငယ်ကြာတိုင်း သတ္တုတွင်းစီမံကိန်း အသစ်များကို ကြေညာခဲ့သည်။ ဤချီလီမြောက်ပိုင်းနယ်မြေသည် ကမ္ဘာ့အမြင့်မားဆုံး နည်းပညာပစ္စည်းများ၊ စက်ကိရိယာများ၊ မြေကြိတ်စက်၊ မြေတူးစက်များ၊ ကျောက်တောင်ထုထည်ကို မီတာပေါင်းထောင်ချီ၍ တူးနိုင်သော ခေတ်မီမြေတူးစက်များ ထုတ်လုပ်သူတို့၏ အာရုံစိုက်ရာဌာနလည်း ဖြစ်လာလေသည်။

ဆန်ဂျိုးမိုင်းပြိုကျခဲ့သည်မှာ ၄ ရက်ရှိလေပြီ။ သမ္မတပီနာရာသည် သတ္တုတွင်းဆိုင်ရာ စက်ကိရိယာများကို ကျယ်ပြန့်စွာ ရွှေပြောင်းကွပ်ကဲနေပုံမှာ စစ်ဆင်ရေးလုပ်သည့် စစ်ဗိုလ်ချုပ်ကြီးနှင့် တူနေသည်။ သူ့လူများက သူ့ကိုသတိထားရန် ပြောဆိုသမျှကို ပယ်ရှားပြီး ပီနာရာက တွင်းထဲမှလူများကို သူကယ်နိုင်မှာသေချာသည်ဟု လောင်းခဲ့၏။ အောင်မြင်အောင် ဆောင်ရွက်နိုင်မည့် တာဝန်ခံအဖွဲ့အဖြစ်အာမခံသည့်အနေနှင့် သူမျက်နှာကိုမော့ထားခဲ့၏။ သူ့အဖွဲ့အစည်းအတွင်းမှ လူများက သူ့ကို စေတနာ့ဝန်ထမ်းကယ်ဆယ်ရေးလုပ်ရုံသာဖြစ်မည်ဟု ထင်ထားခဲ့ခြင်းအား ဖျက်ပစ်လိုက်ခြင်းလည်း ဖြစ်၏။

သမ္မတပီနာရာ၏ ပထမဆုံးတာဝန်ပေးသောအဖွဲ့တွင် အထွေထွေမန်နေဂျာ တစ်ဦးကိုတွေ့ခဲ့သည်။ သူ၏ အတွင်းအဖွဲ့အစည်း၌ လူငယ်များသာခန့်ထားခဲ့ရာ သတ္တုတွင်းနှင့် ပတ်သက်သူမရှိချေ။ ၂၀၁၀ မတ်လတွင် သူခန့်ထားခဲ့သော သတ္တုတွင်းဝန်ကြီး 'လောရင့်စ်ဂိုလ်ဘိုနီ' သည်လည်း သတ္တုတွင်းလောက၏ ပြင်ပမှလူ ဖြစ်နေသည်။

ဂိုလ်ဘိုနီကို သတ္တုတွင်းဝန်ကြီး အဖြစ်ခန့်ရခြင်းမှာ တောင်အမေရိကရှိ စူပါမားကတ်များ၌ လက်လီအရောင်းဌာနများကို ချိတ်ဆက်သော တစ်နှစ်လျှင် ဒေါ်လာ ၁၁ဘီလျံရရှိသည့် 'စင်ကိုဆတ်' ၌ အမှုဆောင်အရာရှိအဖြစ် အရည်အချင်းပြနိုင်သူ ဖြစ်ခြင်းကြောင့်ပါ။

အမှန်မှာသူသည် သူ၏ i phone တွင် ရှော့ခ်သီချင်းများသွင်းပြီး နားထောင်နေသူမျှသာဖြစ်ပြီး ချီလီမိုင်းစက်ရုံ ခေါင်းဆောင်များက သူ့ကိုအထင်မကြီးချေ။ စက်ရုံပြဿနာများကိုလည်း သူမဖြေရှင်းတတ်ပေ။ သူဘယ်လိုနည်းနှင့် အတွေ့အကြုံမရှိဘဲ ဦးဆောင်နေလဲဟူသော မေးခွန်းကိုမူ 'ကျုပ်က သင်ရင်တတ်လွယ်တဲ့လူပါ' ဟုဖြေလေသည်။ ပီနာရာနှင့် ဂိုလ်ဘိုနီတို့တွင် သတ္တုတွင်းစက်ပညာနှင့် ပတ်သက်၍ စုစုစည်းစည်းနားလည်ထားမှုက အပေါ်ယံမျှသာရှိသည်။ မြေအောက်၌ ပိတ်မိနေသောလူများကို ကယ်ဆယ်ရန် မည်ကဲ့သို့ စည်းရုံးရမည်ဟူသော ဗဟုသုတကပို၍ပင် နည်းပါးနေသည်။ သူတို့သည် နိုင်ငံတော်ပိုင် ကြေးနီသတ္တုတွင်း တစ်ခုဖြစ်သော ကမ္ဘာ့ကြေးနီ ၁၁ ရာခိုင်နှုန်းကို ထုတ်လုပ်နေသည့် 'ကိုဒယ်လ်ကို' သတ္တုတွင်းထံ အကူအညီတောင်းရတော့သည်။

ချီလီအစိုးရနှင့် ကိုဒယ်လ်ကိုအမြင့်ဆုံးအရာရှိများအကြား ဖုန်းအကြိမ်ကြိမ်ဆက်၍ အမြန်ဆုံးအစီအစဉ်ဆွဲပြီးနောက်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



တွင်မှ သမ္မတပီနာရာသည် သူ၏ကယ်ဆယ်ရေးလုပ်ငန်းအတွက် ကြီးကြပ်သူကို တွေ့ရှိခဲ့ရ၏။ သို့တိုင် ထက်မြက်မှုမရှိသောလူအတွက် မည်သူမျှ ပြောဆိုပေးရန် စိတ်မကူးကြချေ။

ဩဂုတ်လ ၉ ရက် ညနက်ပိုင်း၌ နောက်ဆုံးတယ်လီဖုန်း ဝင်လာသောအချိန်တွင် 'အင်ဒရီ ဆောင်ဂါရက်' သည် အိပ်ယာထဲ ရောက်နေပြီ။ အိပ်ဖို့အသင့်ဖြစ်နေပြီ။ ဖုန်းထဲမှ သူ၏ကုမ္ပဏီပိုင်ရှင်အရာရှိက သူ့ကိုပြောသည်။

'ဒါရိုက်တာအဖွဲ့က ဆုံးဖြတ်လိုက်ပြီ။ ကယ်ဆယ်ရေးအဖွဲ့ကို ကြီးကြပ်ဖို့ ခင်ဗျားကိုယ်တိုင် အဖွဲ့တစ်ခုဖွဲ့ပြီး ဆောင်ရွက်ရမယ်'

အသက် ၄၆ နှစ်ရှိပြီဖြစ်သော 'ဆောင်ဂါရက်' ကား အပြုံးကို ဆင်ယင်လေ့ရှိသူတည်း။ ယခုသူက သူ့အထက်အရာရှိ ပြောစကားကို ကျကျနနအာရုံစိုက်၍ နားထောင်သည်။ သို့သော် ပြောစကားအပေါ် ထူးထူးထွေထွေ စိတ်လှုပ်ရှားမှုမရှိ။ သူ့ဇနီးအား ဖုန်းထဲမှ ကြားရသောကိစ္စကို ပြောပြလိုက်ပြီး အိပ်ယာဝင်ခဲ့လေ၏။

ဆောင်ဂါရက်၏ သတ္တုတွင်းအတွေ့အကြုံက သူ့အသက် ၂၀ ကျော်ကတည်းက စတင်ခဲ့ခြင်းဖြစ်သည်။ ချီလီမိုင်းတွင်းစက်ရုံသို့ သွားရာတက်လမ်းတွင် မိတ်ဆွေဖွဲ့ဖို့ ဝန်မလေးခဲ့ချေ။ သူသည် မြေအောက်မိုင်းများနှင့် ပတ်သက်၍ အထူးကျွမ်းကျင်သူဖြစ်လာခဲ့ပြီး လောလောဆယ်တွင် 'အယ်လ်တင်းနတီ' မိုင်း၌ ကြီးကြပ်သူဖြစ်သည်။

၄င်းမိုင်းကား ကမ္ဘာ့အကြီးဆုံးမြေအောက်မိုင်းဖြစ်ပြီး လိုဏ်ခေါင်းအရှည်မိုင်ပေါင်း ၁၅၀၀ ရှိ၏။ အလုပ်သမားအင်အား ၁၅၀၀၀ ဖြင့် ၂၀၀၉ ခု၌ ကြေးနီတန်ချိန် ၄ သိန်း ထုတ်လုပ်ခဲ့သည်။ ၄င်းမိုင်းသည် နိုင်ငံပိုင်မဟုတ်ဘဲ ပုဂ္ဂလိကပိုင်ဖြစ်လျှင် ကမ္ဘာပေါ်၌ ကြေးနီထုတ်လုပ်မှုနံပါတ် ၁၂ နေရာရမည်ဖြစ်သည်။

ဆောင်ဂါရက်သည် ဆန်ဂျိုးမိုင်းပြိုကျသည့် သတင်းကို သိရှိပြီးဖြစ်၏။ သို့သော် ကြေးနီဘုရင်နှင့်ပတ်သက်လာလိမ့်မည်ဟု မယူဆခဲ့။ မိုင်းပြိုကျမှုက မိုင်ပေါင်း ၆၀၀ အကွာ ဝေးလံသီခေါင်သော မြောက်အရပ်ရှိ ပုဂ္ဂလိကမိုင်းမှာ ဖြစ်ခြင်းဖြစ်၏။ သို့သော် ယခုတခြားလူတွေကိစ္စ ဖြစ်လာပြီ။

**၄ ရက်မြောက်နေ့၊ တနင်္လာ၊ ဩဂုတ်လ ၉ ရက်။**

နံနက် ၁၀ နာရီတွင် ဆောင်ဂါရက်သည် နောက်တစ်ကြိမ် တယ်လီဖုန်းခေါ်သံကို ကြားရ၏။ ယခုတယ်လီဖုန်းက 'အလျှင်အမြန် အမိန့်' တည်း။ ယခုချက်ချင်း သမ္မတအိမ်သို့ လာရန်ဖြစ်သည်။ ဆောင်ဂါရက်က ဤဖုန်းသည် မှားခေါ်ခြင်းဖြစ်ရမည်ဟု ထင်နေခဲ့သေးသည်။ သူ့ကိုဘာကြောင့် သမ္မတအိမ်ခေါ်ရမည်လဲဟု သူမယုံချေ။ သူသည် ကျောပိုးအိတ်ကလေးတစ်အိတ်နှင့် မိုင်းတွင်းသုံးဦးထုပ်ကိုယူကာ သမ္မတနေအိမ်ရှိရာသို့ ကားဖြင့် ၉၀ မိနစ်ကြာ မောင်း

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



ခဲ့သည်။ သူသည် ဤအဆောက်အဦကို အကြိမ်ကြိမ်ဖြတ်ခဲ့ဖူး၏။ သို့သော် တစ်ခါမျှ အထဲမဝင်ဖူးခဲ့ပေ။ ယခု အခါမှာတော့ အိမ်တော်ဒုတိယထပ်ရှိ သမ္မတနှင့် ထိပ်တန်းဗျူရိုကရက်များ နေထိုင်ရာသို့ ရောက်နေသည်။ သူ့ကို မည်သူကမျှ စကား မပြောပေ။ စောင့်နေရန်သာပြော၏။

ဤအဆောက်အဦကား သမိုင်းဝင်ဖြစ်လေသည်။ ဆောင်ဂါရက်အနေနှင့် ဂရုစိုက်ကြည့်လျှင် နံရံတွေမှာ သေနတ်ကျည်ဆံမှန်ထားသောအပေါက်များ ရာချီ၍မြင်နိုင်သည်။ ၁၉၇၃ ခု၊ စက်တင်ဘာ ၁၁ တွင် ထိုစဉ်က သမ္မတ ဖြစ်ခဲ့သော 'ဆယ်လ်ဗာဒေါ် အယ်လင်ဒီး' ကို နေရာမှ ဖယ်ရှားခဲ့ကြသည်။ အယ်လင်ဒီးက မင်းမျိုးမင်းနွယ် တစ်ဦးဖြစ်ပြီး ဆိုရှယ်လစ်တော်လှန်ရေးစနစ်ကို သစ္စာခံသူဖြစ်သည်။ စစ်တပ်က တိုက်ခိုက်သောအခါ ဤသူ၏နေအိမ် ဒုတိယထပ်မှနေ၍ ခုခံခဲ့သည်။ သူ့တွင် ကက်စထရိုက ဆောင်ပေးထားသော စက်သေနတ်တစ်လက်သာ ရှိသည်။ နေအိမ်ကိုသိမ်းပြီးသောအခါ အယ်လင်ဒီး၏ အလောင်းကို ဦးခေါင်း၌ ကျည်ဆံရာတစ်ခုတည်းဖြင့် တွေ့ခဲ့ကြရလေသည်။ သမိုင်းဆရာအများစုက ဤအဖြစ်အပျက်၌ အယ်လင်ဒီး သူ့ကိုယ်သူသတ်သေသွားခြင်းဖြစ်သည်ဟု သဘောတူခဲ့ကြ၏။

နောက် ၇ နှစ်ကြာသောအခါ ဗိုလ်ချုပ်ကြီးဂတ်စ်ထရီပီနိုချက်သည် ချီလီနိုင်ငံအား ပြင်သစ်ထောက်လှမ်းရေး နှိပ်စက်ညှင်းပန်းမှုနည်းစနစ်များနှင့် ခေတ်သစ်စီးပွားရေးပြုပြင်ပြောင်းလဲမှုနှစ်မျိုး ရောလျက်အုပ်ချုပ်ခဲ့သည်။ စစ်တပ်၏ လက်တွင်း၌ ချီလီနိုင်ငံသား ၃၀၀၀ ကျော် သေဆုံးခဲ့၏။ သို့သော် ချီလီ၏ စီးပွားရေးကား လက်တင်အမေရိက၌ အတည်ငြိမ်ဆုံးအဖြစ် တိုးတက်ခဲ့သည်။ နောက်ဆယ်စုနှစ်များ၌ကား စစ်ဗိုလ်ချုပ်၏ ရန်သူများပြားစေခဲ့တော့၏။

ဗိုလ်ချုပ်ပီနိုချက် ကွယ်လွန်ပြီးနောက် သူ့အုပ်ချုပ်ရေး နောက်ပိုင်းတွင် သွေးထွက်သံယိုမှုများနှင့် ညှင်းပန်းမှု ကို မခံမရပ်နိုင်သော မျိုးဆက်သစ်တို့က လက်ယာနိုင်ငံရေးသမားများကို တော်လှန်ခဲ့ကြ၏။ ၁၉၉၀ မှ ၂၀၀၉ အထိ တိုးတက်ရေးအမြင်ရှိသည့် သမ္မတများ တက်လာကြပြီး ဆင်းရဲမွဲတေမှုကို တိုက်ခဲ့ကြသည်။ လူထုကောင်းစားရေး အခြေခံများ၌ ရင်းနှီးမြှုပ်နှံခဲ့ကြသည်။ ပုဂ္ဂလိကလွတ်လပ်မှုကို တိုးမြှင့်ခဲ့ကြသည်။ နိုင်ငံပေါင်းများစွာနှင့် လွတ်လပ်သော ကုန်သွယ်မှုလက်မှတ် ရေးထိုးခဲ့ကြသည်။

၂၀၁၀ ရွေးကောက်ပွဲတွင် သမ္မတပီနာရာ တက်လာသည်။ ပီနာရာက 'ရီနိုဗေးရှင်း နာစီနယ်ပါတီ' (လက်ယာ ပါတီ)မှ အလယ်အလတ်လမ်းစဉ်သမားဖြစ်ပြီး ယခင်ဗိုလ်ချုပ်ပီနိုချက်၏ အရာအားလုံးကို မြေမြှုပ်လိုက်သည်။ အစိုးရအမျိုး အစားအသစ်တစ်ရပ်ကို ထူထောင်ခဲ့သည်။

ပီနာရာ၏ အတွင်းစည်းလူများကား မိမိတို့ကို လက်ယာသမားများအဖြစ် ချီလီပြည်သူများက မြင်နေလျှင် တည်မြဲမည်ဟုသိကြသည်။ သူတို့အနေနှင့် ချီလီကို ဦးမဆောင်နိုင်ခဲ့ပါက နောက်မျိုးဆက်တစ်ဆက်လက်ထဲ ရောက်သွား

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



လိမ့်မည်ဟု နားလည်ထားကြ၏။

ယခု ချီလီသမ္မတအိမ်တော်တွင် ဆောင်ဂါရက်တစ်ယောက် နေမထိထိုင်မသာ ဖြစ်နေသည်။ သူက ဂျင်းဘောင်းဘီအပြာနှင့်၊ ကျောပိုးအိတ်ကလေးနှင့်၊ မိုင်းတွင်းသုံးဦးထုပ်နှင့်ဖြစ်ပြီး အရာရှိများက စမတ်ကျကျ ဝတ်ဆင်ကြသည်။ သူ ရောက်ရှိနေသည့် ခန်းမထဲတွင် ဂျာနယ်လစ်များ ပူးပန်းခတ်မျှ ရှုပ်ယှက်ခတ်နေသည်ကို မြင်ရသောအခါ အရေးကြီးကိစ္စတစ်စုံတစ်ရာဖြစ်နေပြီဟု သူတွေးမိသည်။ သို့သော် ဆောင်ဂါရက်က ဝေခွဲမရပေ။ နှစ်နာရီလုံးလုံး သူ့ကို စကားတစ်ခွန်းမျှလည်း မပြောကြ။ သူ စဉ်းစားရခက်နေသည်။

နောက်ဆုံးကျမှ သတင်းက ရောက်လာသည်။

'သွားကြစို့' ဟူ၏။

ဆောင်ဂါရက်လည်း အောက်ဆုံးထပ်ရှိ ကားရုံသို့ ဒရောသောပါးသွားရ၏။ ကားတန်းကြီးဖြစ်သွားသည်။ ကားတိုင်းမှာ ဘော်ဒီဂတ်တွေပါသည်။ စင်တီယာဂိုမြို့ကို ဖြတ်ရသည်။ လေဆိပ်သို့ ဝင်ရသည်။ သူတို့ ယာဉ်ထိန်းသည် စီးပွားရေးဂိတ်များကို ဥပေက္ခာပြုထားခဲ့ကြ၏။ လေတပ်အုပ်စု ၁၀ ဆီ ဦးတည်မောင်းကြသည်။ ၎င်းနေရာကား သမ္မတ၏ ကိုယ်ပိုင်ဂျက်လေယာဉ် ထားရာတည်း။

ယခုထိ ဆောင်ဂါရက် ဘာအမိန့်မျှ မရသေး။ သူ့တာဝန်က ဘယ်အထိ ဘာလုပ်ရမည်မသိရသေး။ လေယာဉ်ပေါ် ရောက်သွားပြီ။ သည်တော့မှ သမ္မတပီနာရာက ဆောင်ဂါရက်ကို သူ့အထူးခန်းသို့ ခေါ်ယူလေသည်။ ပီနာရာက မြေပုံကြမ်းတစ်ခုကို ဆွဲထုတ်ဖြန့်ပြရင်း မြေအောက်ရှိ ခိုလှုံရာစခန်းတည်နေရာကိုညွှန်လျက် 'သူတို့ကို အပြင်ရောက်အောင်လုပ်ပါ'ဟု ညွှန်ကြားလေတော့သည်။

ပီနာရာက ယခုထိ ဝေဝါးဝါးဖြစ်နေသော အင်ဂျင်နီယာအား အကောင်းဆုံးဖြစ်နိုင်သည့် ကယ်ဆယ်ရေးစီမံကိန်းကို ဒီဇိုင်းဆွဲရန်ပြောသည်။ ဆက်လက်၍ ဤစီမံကိန်းဆောင်ရွက်မှုကို အစိုးရမှ လိုအပ်သမျှထောက်ပံ့ပြီး အပြည့်အစုံပံ့ပိုးပေးမည်ဖြစ်ကြောင်းကိုလည်း အာမခံလိုက်သည်။

ယခုမှပင် ဆောင်ဂါရက်သည် မိမိအား တာဝန်ခံအဖွဲ့ကို ဦးဆောင်ရန် စီစဉ်ထားကြောင်း သဘောပေါက်သွားရ၏။ သူ့အနေနှင့်က ဆန်ဂျိုးမိုင်းကို တစ်ခါမျှမရောက်ဖူးခဲ့ချေ။ ယခုမူ ကြိုတင်သတိပေးခြင်းမရှိဘဲ ရောက်ရတော့မည်။ သူ့တာဝန်များက ကြီးမားလှသည်။ သမ္မတပီနာရာက စုရုံးရောက်ရှိနေကြသော မီဒီယာသမားများကို မိမိအနေဖြင့် ထွမ်းကျင်သူကို ခေါင်းဆောင်ခဲ့ပြီးဖြစ်ကြောင်း၊ ကယ်ဆယ်ရေးကို ၎င်းက တာဝန်ယူမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

ဆောင်ဂါရက်လည်း အတော်တော့ ရှုပ်ထွေးလှသည်ဟု တွေးမိ၏။ တည်းခိုနေကြသော မိသားစုများရှိရာသို့

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



လျှောက်သွားကြသောအခါ လူတွေ၏မျက်နှာမှာ ဒေါသများကို မြင်ရသည်။ လူအားလုံး ၅၀ ရှိ၏။ အားလုံးပူပန်နေကြသည်။ တချို့မှာ စိတ်ဓာတ်ကျနေကြသည်။ မသက်မသာဖြစ်နေကြသည်။ သမ္မတကို ရေရွတ်ကျိန်ဆဲသံလည်း ကြားရ၏။ အကြောင်းမှာ သမ္မတက သူတို့ဆီအရင်မလာဘဲ သတင်းသမားများထံ အရင်သွား၍ဖြစ်၏။ ဤကိစ္စက ဆောင်ဂါရက် ဦးနှောက်မှာ စွဲသွားလေသည်။

ထို့နောက် သမ္မတက သူသည် ကျွမ်းကျင်သူများကို ခေါ်ဆောင်လာကြောင်း၊ ဤပြဿနာကို ကြိုးစားဖြေရှင်းကြမည်ဖြစ်ကြောင်း၊ လိုအပ်သမျှအားလုံး ရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။ ဤသို့ လူထုအား ရှင်းပြပြီးသောအခါ သမ္မတက ထွက်ခွာသွားပြီး ဆောင်ဂါရက်တစ်ယောက်တည်း ကျန်ရစ်ခဲ့တော့၏။

သူ ထိပ်တန်းမန်နေဂျာအဖြစ် လုပ်ကိုင်ခဲ့သော 'အယ်လ်တင်းနတီ' မိုင်း၌ မီးခိုးလုံးများ ပိတ်မိခဲ့ဖူးသည်။ ၁၉၄၅ ခုနှစ်ကဖြစ်၏။ အတွင်းရှိ ပစ္စည်းသိုလှောင်ခန်းတွင် ဓာတ်ဆီတိုင်ကီများ မီးလောင်ပြီး ထောင်နှင့်ချီသော မိုင်းလုပ်သားများကို မီးခိုးငွေ့ဖြင့် ဖုံးအုပ်မိခဲ့၏။ လုပ်သားများသည် မိမိတို့မျက်နှာကို ရေစိုအဝတ်များဖြင့်  နာရီပေါင်းများစွာ အုပ်နေခဲ့ရသည်။ လူအများ မူးလဲကြသည်။ မိုင်း၏ လုံခြုံရေးစနစ်များကား အဆင့်အတန်းမမီချေ။ အရေးပေါ်ထွက်ပေါက်များကိုလည်း ရှင်းရှင်းလင်းလင်း မှတ်သားထားခြင်းမရှိ။

မိုင်းထဲမှ မီးခိုးလုံးမည်းမည်းများ ထွက်လာသောအခါ သတ္တိပြောင်သော ကယ်ဆယ်ရေးကြိုးပမ်းမှုများရှိခဲ့သည်။ လုပ်သားများသည် မီးလှျံများအတွင်းသို့ ပြေးဝင်ငြိမ်းသတ်ခဲ့ကြ၏။ သတိမရတစ်ချက် ရတစ်ချက်ဖြစ်နေသူများကို အပေါ်သို့ ထမ်းပြေးကြ၏။ လူ ၆၀၀ အသက်ချမ်းသာရခဲ့ပြီး ၃၅၅ ယောက်သေဆုံးခဲ့ရသည်။

အထက်ပါ မီးခိုးပိတ်မှုသတင်းသည် တစ်နိုင်ငံလုံးသို့ ပျံ့နှံ့ကာ သတ္တုတွင်းလုံခြုံရေးဌာနသို့ ရောက်ရှိသွားသည်။ ကြိုတင်ကာကွယ်ရေးစနစ်များ ပြုလုပ်ကြသည်။ စီမံချက်များ ကောင်းမွန်သဖြင့် အယ်လ်တင်းနတီမိုင်း၏ လုံခြုံရေး အစီအစဉ်များသည် အပြည်ပြည်ဆိုင်ရာ လုံခြုံရေးဆုကိုပင် ၁၄ နှစ်တိုင် ရရှိခဲ့လေ၏။ ထိုစဉ်က အဖြစ်အပျက်ကို ပီနာရာ၏လူများက အမှတ်ရသဖြင့် အကောင်းဆုံးပရော်ဖက်ရှယ်နယ်လ်ဟု ယူဆပြီး အယ်လ်တင်းနတီမှ အဖွဲ့များကို ခေါ်ယူကာ ဆောင်ဂါရက်ကို ဦးဆောင်စေခြင်းပေတည်း။

ဆောင်ဂါရက်၏ ပထမဆုံးစိန်ခေါ်မှုမှာ မြေတွင်းတူးခြင်းကို ကူညီရန်ဖြစ်၏။ တွင်းပြိုကျပြီးကတည်းက ချီလီနိုင်ငံမိုင်းနှင့် ပတ်သက်သူများသည် အခင်းဖြစ်ပွားရာနေရာသို့ ၄ ရက်လုံးလုံး ပစ္စည်းကိရိယာများကို ပို့ခဲ့ကြသည်။ ၎င်းတို့တွင် လေးလံသော ဘူဒိုဇာများ၊ ရေကားများ၊ ကရိန်းများ၊ တွင်းတူးစက်များ၊ မီတာရာနှင့်ချီပြီး ကျောက်သားကို တူးနိုင်သည့် စက်များ စသည်ဖြင့် ပါဝင်သည်။ မိုင်းရှိ အင်ဂျင်နီယာများက တွင်းပါးစပ်ဝမှတစ်ဆင့် ကယ်ဆယ်ရေး

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



လုပ်လျှင် အန္တရာယ်ရှိသည်ဟု ဆုံးဖြတ်ပြီး ပိုမိုစိတ်ချရသည့် ခိုလှုံရာတွင်းများကို ဆက်သွယ်ရန်စီစဉ်ကြသည်။ မြေတူးသောစက်များသည် ခိုလှုံရေးနေရာများသို့ တစုတဝေးကြီးဖြစ်နေပြီး စက်အော်သံများက ဆူညံနေသည်။ ရေနံတွင်း၌ ရေနံထုတ်လုပ်နေသည်ဟု ထင်ရလောက်သည်။ ချီလီနိုင်ငံ အလံများကလည်း တလူလူ လွင့်နေကြတော့၏။

ယခုအသုံးပြုနေသော မြေတူးစက်များကား ခေတ်မီစက်များ မဟုတ်ချေ။ ဤစက်များက ၁၉၅၀ ပြည့်လွန်နှစ်များကကတည်းက အသုံးပြုလာသော စက်များဖြစ်ကာ ဟောင်းနွမ်းနေကြလေပြီ။ သူများသုံးပြီးမှ ကမ္ဘာထောင့်ကြားက နိုင်ငံလေးဆီသို့ တင်ပို့ခဲ့ကြသည်ကို အကောင်းလုပ်ပြီး သုံးနေကြရခြင်းဖြစ်၏။ ရာစုနှစ်တစ်ဝက်ကျော်ပြီဖြစ်၍ ကုန်ရိုင်းရှာရန်မျှသာ အသုံးဝင်ကြတော့သည်။ ယခု ဤတွင်းတူးစက်များကို စုစည်းပြီး ရှာဖွေရေးနှင့်ကယ်ဆယ်ရေးတာဝန်ပေးကြရ၏။ ၉၀ မီလီမီတာ အချင်းဝအကျယ်ရှိသော တွင်းကိုတူးရသဖြင့် မီတာ ၇၀၀ ရှည်သော ခရီးသို့ အပ်ကလေးသဖွယ်သွားရလေသည်။

ဆောင်ဂါရက် ရောက်သွားသောအချိန်တွင် တွင်းပေါင်း ၆ တွင်း တူးပြီးခဲ့ပြီ။ မအောင်မြင်ချေ။ သူတို့က တွင်းတွေ အများကြီးလျှောက်တူးနေတာ နည်းစနစ်မကျဘူးဟု တွင်းအနေအထားကိုကြည့်ပြီး ဆောင်ဂါရက်က မှတ်ချက်ချ၏။

'ကျုပ်တို့က တွင်းတူးနည်း ၃ ခုနဲ့လုပ်ဖို့ ဆုံးဖြတ်ခဲ့တယ်။ ဒီ ၃ မျိုးက တစ်ခုနဲ့တစ်ခု သဘောတရားချင်းမတူဘူး။ တချို့က တူးတာမြန်မယ်။ တချို့က နှေးပေမယ့် စေ့စပ်သေချာမယ်။ ကျုပ်တို့က အချိန်ကို လုနေရတာ။ စနစ်ကျပြီး စေ့စေ့စပ်စပ် ဖြစ်ချင်ရင် ပိုပြီးနှေးနှေးလုပ်ရမယ်။ မြန်မြန်ရောက်ချင်ရင်တော့ ဒရောသောပါးဖြစ်မယ်'

ဆောင်ဂါရက်က တွင်းတူးနှုန်းကိုတွက်သည်။ တစ်နေ့လျှင် မီတာ ၁၀၀ နက်အောင် တူးနိုင်လျှင် ပိတ်မိနေသူများဆီ ရောက်ရန် ၇ ရက်တစ်ပတ်လုံးလုံး ကြာလိမ့်မည်။

မိုင်း၏ မြေပုံကြမ်းများကို လေ့လာပြီး မြေအောက်ခိုလှုံစခန်းရှိသည့် နေရာအတိအကျသိရန် ကြိုးစားကြရ၏။ သို့သော် မြေတွင်းရှိ လူများသည် ခိုလှုံစခန်းကိုရော ရောက်မှရောက်ကြရဲ့လား။ ကားပြင်ရုံထဲများ ရောက်နေကြလေမလား။ ဒါမှမဟုတ် အားလုံးမြေပိပြီး သေဆုံးကုန်ကြပြီလား။ လူကိုယ်တိုင် ဆင်းကြည့်ခဲ့ကြသော ကယ်ဆယ်ရေးသမားများ၏ ခန့်မှန်းချက်အရဆိုလျှင် စေ့စပ်သေချာသောလမ်းညွှန်မှုများနှင့် အသားကျနေခဲ့သော အင်ဂျင်နီယာများအဖို့ ထိတ်လန့်ဖွယ် ကောင်းလှသည်။

အမှန်မှာ တွင်းတူးပြီးရှာဖွေသောစနစ်သည် မြေအောက်ရှိ ရေနံတွင်း၊ ရေနံကန်များကို ရှာခြင်းဖြစ်၏။ ယခု တွင်းတူးရှာဖွေရမည်မှာ ခိုလှုံရာစခန်းဖြစ်သည်။ ခိုလှုံရာစခန်း၏ ပမာဏမှာ အိမ်နောက်ဖေးတွင်ထားလေ့ရှိသော ရေကူးကန်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



လောက်ပဲရှိရာ အကယ်၍ အင်ဂျင်နီယာများက တွင်းကို ၅ စင်တီမီတာလောက် မှားယွင်းညွှန်ပြခဲ့မိလျှင် မြေအောက်မီတာ ၇၀၀ ရောက်သည့်တိုင် ခိုလှုံစခန်းနှင့် လွဲသွားနိုင်သည်။

တွင်းတူးအဖွဲ့ကို ကြီးကြပ်သူတစ်ဦးက ယခုကဲ့သို့ပြော၏။

'ကျုပ်တို့ မိုင်းကိုရောက်တော့ ခိုလှုံရာစခန်းနဲ့ တည့်တည့်နေရာချရမယ်လို့ ပြောပါတယ်။ ဘူဒိုဇာက တွင်းတူး လက်ခံစက်ချထားဖို့ မြေညှိတယ်။ မြေတိုင်းတဲ့သူက တိုင်းတယ်။ အဲဒီအချိန်မှာ 'အယ်လ်ဆယ်လ်ဗာဒိုမိုင်း'က ဘူမိဗေဒအရာရှိ ရောက်လာတယ်။ သူက နေရာဌာနကို ကောင်းကောင်းသိတယ်။ ဒီတော့ စက်ကိုနေရာပြောင်းဖို့ ပြောရော။ သူတို့က တောင်တန်းတစ်ခုလုံး ပြိုနေသေးတယ်လို့ စိတ်ပူနေကြတာပါ' တဲ့။

■

၅ ရက်မြောက်နေ့ အင်္ဂါ၊ ဩဂုတ်လ ၁၀ ရက်။

မြေအောက်လူများကို တွေ့ရန်ဆိုသည်မှာ ကြီးမားလှသော စိန်ခေါ်မှုကြီး ဖြစ်နေစေကာမူ တွင်းတူးစက်များ၏ ဆူညံသံကား မြေပေါ်မှလူများအတွက် အပေါင်းလက္ခဏာ ဖြစ်နေလေသည်။ မြေအောက်၌ မည်သူပဲ အသက်ရှင်နေပါစေ ထိုတစ်ယောက်ယောက်သည် မြေတူးစက်၏အသံကို ကြားနိုင်ပြီး အပေါ်ကလူများ ကယ်ဆယ်ရန် ကြိုးပမ်းနေကြောင်း သိသွားလိမ့်မည်ဟု ထင်သည်။

'ကျောက်တူးနေတဲ့အသံကြားရင် သူတို့ဝမ်းသာမှာပဲ။ သူတို့အတွက် အခြေခံလိုအပ်တဲ့ အောက်ဆီဂျင်၊ အစားအစာနှင့် ရေတော့ရမယ်လို့ သူတို့သိကြမှာပါ' ဟု သမ္မတပီနာရာက ဆိုသည်။

၄င်းကဆက်လက်၍…

'ကျုပ်မျှော်လင့်ပါတယ်။ မရပ်မနား အလုပ်လုပ်နေတဲ့ တွင်းတူးစက် ၆ လုံးဟာ ဝမ်းမြောက်ဖွယ် ရလဒ်ကို ယူပေးနိုင်မယ်လို့။ ဒါပေမယ့် ဒါဟာ မလွယ်ကူဘူးဆိုတာလည်း သိစေချင်တယ်။ အခြေအနေက သိပ်ကိုရှုပ်ထွေးတယ်။ မိုင်းကလည်း ဆက်ပြီးပြိုနေတယ်။ မိုင်းလုပ်သားတွေပြောသလို မိုင်းက အမြဲအသက်ရှင်နေတာဆိုတော့ ကယ်ဆယ်ရေး လုပ်ရတာ သိပ်ကိုခက်ခဲပါတယ်'

ဤအတောအတွင်း ဒေသတွင်းရှိလူများ ရာနှင့်ချီပြီး ရောက်ရှိလာကြသည်။ ဩဂုတ်လ ၁၀ ရက်နေ့ကား ချီလီနိုင်ငံ၏ 'မိုင်းလုပ်သားများနေ့' ဖြစ်၏။ ထို့ကြောင့် ဒေသတွင်းရှိ မိုင်းလုပ်ဖော်ကိုင်ဖက်များ၊ မြေအောက်ရှိ လုပ်သား

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



များ၏ မိသားစုများ၊ မိတ်ဆွေများသည် ဆန်ဂျိုးမိုင်း၌ အခမ်းအနားကျင်းပရန် ရောက်ရှိလာကြခြင်းဖြစ်လေသည်။ သာမန်အားဖြင့် ကား မိုင်းလုပ်သားများနေ့ကို ရိုးရာဓလေ့အတိုင်း ပျော်ပွဲစားကြသည်။ ကကြ၊ ခုန်ကြ၊ ဆုတောင်းပွဲလုပ်ကြဖြင့် ချီလီနိုင်ငံ၏ နေအင်အားကို ထိန်းသိမ်းကြသည်။

၂၀၁၀ ဩဂုတ်လ ၁၀ ရက်မှာမူ ပျော်ပွဲရွှင်ပွဲများအားလုံးကို ပယ်ချလိုက်ကြ၏။ ဆန်ဂျိုးမိုင်းတွင် တန်းစီလှည့်လည်ပွဲလုပ်သည်။ လူ ၂၀၀၀ ခန့်သည် ရင်နာဖွယ်ဆုတောင်းပွဲကို ခပ်တိုတိုလုပ်ကြ၏။ ချီလီအမျိုးသားရုပ်မြင်သံကြားဌာနက ဝေးလံသီခေါင်အရပ်မှနေ၍ တိုက်ရိုက်လွှင့်ထုတ်ပေးသည်။ မိသားစုများ ဖြည်းညှင်းစွာ လမ်းလျှောက်ရင်း မျက်နှာပေါ် မျက်ရည်စီးကျနေကြပုံကို ရုပ်မြင်ပရိတ်သတ်များ ရှုမြင်ခဲ့ကြရသည်။ လူတစ်စုက 'စိန့်လိုရင်းဇိုး' ဘုန်းတော်ကြီးရုပ်တုကို ကိုင်ဆောင်ပြီး လမ်းလျှောက်၏။ တခြားသူများက 'ကင်ဒီလာရီးယား' ဒေဝီရုပ်တုကို ပခုံးထမ်းကြသည်။ ထိုဒေဝီက သူတို့အား စောင့်ရှောက်သူဟု ယုံကြည်လျက် မိုင်းတစ်ခုအနီး ကျောင်းတော်တွင် ထားရှိခဲ့ကြ၏။ တန်းစီလှည့်လည်ပွဲပြီးသောအခါ ဒေဝီရုပ်တုကို ဘုရားကျောင်းသို့ ပြန်ပို့ရန်အစီအစဉ်ကို ဖျက်လိုက်ကြသည်။ ဤနေရာတွင် ဒေဝီသခင်မ၏ တန်ခိုးလိုအပ်သည်ဆိုပြီး ထရပ်ကားတစ်စီးပေါ်၌ နေရာချလျက် ဘုန်းတော်ကြီးဂက်စ်ပါက မိသားစုများကြွကြွခံကြဖို့ အားပေးခဲ့လေသည်။

■

ချီလီသမ္မတကိုယ်တိုင် ဆင်းလာပြီး အားပေးသည့်နည်းတူ ဒေသဆိုင်ရာအုပ်ချုပ်ရေးမှူး 'မားတပ်စ်' ကလည်း ဝမ်းနည်းကြောင်းကြေညာခဲ့ပြီး မိသားစုများကို စိတ်ပိုင်းဆိုင်ရာ ကူညီအားပေးရန် အဖွဲ့တစ်ဖွဲ့သို့ တာဝန်ပေးခဲ့၏။ စိတ်ပညာရှင်များ စုစည်းထားသော ထိုအဖွဲ့က ဒေသတွင်းရှိ မူးယစ်ဆန့်ကျင်ရေးရုံးနှင့် ပူးပေါင်းကာ စင်တီယာဂိုမှ စိတ်ပညာရှင်များကိုပါ ခေါ်ယူပြီး မိသားစုများကို နှစ်သိမ့်အားပေးခဲ့ကြလေသည်။

'မိတ်ဆွေတို့အဖို့ နေ့ရှေ့ညပါ ဘယ်လောက်ပင်ပန်းခက်ခဲနေတယ်ဆိုတာ သံသယကင်းစွာ နားလည်ပါတယ်။ ဘယ်လောက်ခံစားနေရတယ်ဆိုတာလည်း သိရှိကြပါတယ်။ ဒါပေမယ့် မိတ်ဆွေတို့ကို ဘယ်လောက်ဝိုင်းဝန်းကူညီနေကြကြောင်းကိုလည်း မြင်ကြပါတယ်။ ကိုယ်ချစ်တဲ့လူတွေအတွက် ဒီလိုစောင့်မျှော်နေရတဲ့ ကာလအတွင်း မိတ်ဆွေတို့ဘယ်လောက်ခွန်အားပြနေကြောင်းကိုလည်း ကျွန်တော်တို့ မြင်ပါတယ်'

ထို့နောက် အုပ်ချုပ်ရေးမှူးက အစိုးရကိုယ်တိုင် ခေါ်ယူခဲ့သော စိတ်ပိုင်းဆိုင်ရာကျန်းမာရေး နှစ်သိမ့်ဆွေးနွေးသူများနှင့် ခံစားမှုမျှဝေခြင်း၏ အရေးပါပုံကို လမ်းညွှန်ပေးခဲ့သည်။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



၆ ရက်မြောက်နေ့၊ ဗုဒ္ဓဟူး၊ ဩဂုတ်လ ၁၁ ရက်။

ထိုနေ့ နံနက်စောစော မိသားစုလူပေါင်း ၂၀၀ ကျော်တို့ အိပ်ပျော်ရာမှ နိုးလာသောအခါ သဲကန္တာရထဲ၌ အုံ့ဩဖွယ် တစ်ခုကို ရုတ်တရက်တွေ့မြင်လိုက်ကြရလေသည်။ သည်းထန်သောမိုးကြီး ရွာသွန်းခြင်းဖြစ်၏။ အချိန်အခါမဟုတ်၊ ဖြစ်ရိုးဖြစ်စဉ်မဟုတ်သော မိုးမုန်တိုင်းကြီးသည် 'အတာကမာ' သဲကန္တာရတွင်း ဝင်ရောက်ခဲ့သည်။ ယာယီမိုးကာတဲများ အားလုံးစိုရွဲကာ ရွှံ့တွေနဲ့ပေကျံခဲ့ပြီး ခိုက်ခိုက်တုန်အောင်အေးစေခဲ့သည်။

တချို့မိသားစုများက ကားအတွင်း ဝင်ပြီးခိုကြရသည်။ ကားထဲမှ အပူချိန်မြင့်စက်ကို ဖွင့်ကြရ၏။ ကားများကို ပြတင်းအလုံပိတ်ပြီး နေကြရ၏။

'ကျွန်မတို့အစ်ကိုကို ပစ်မထားနိုင်ဘူး။ သူတို့ အပြင်ရောက်မလာမချင်း ဒီမှာ မိုးရွာရွာ၊ နေပူပူ ဘယ်သူမှ မပြန်ကြဘူး' ဟု မိသားစုဝင်တစ်ဦးကဆိုသည်။

မိသားစုများသည် အိပ်ရာလိပ်များထဲတွင် လူးလိမ့်လိုက် ဓာတ်ဘူးများထဲမှာ လက်ဖက်ရည်၊ ကော်ဖီငှဲ့သောက် လိုက်နှင့် သူတို့တဲကို မိုးဒဏ်မှလွတ်အောင် ပလပ်စတစ်အကြည်စများကာ၍ တစ်နေ့ကုန်တစ်နေ့ခန်း ကြံ့ကြံ့ခံခဲ့ကြသည်။

ထိုနောက် စစ်တပ်မှ စစ်သားများရောက်လာသည်။ ၎င်းတို့က တဲအများအပြားကို ထပ်မံဆောက်ပေးကြသည်။ ထိုနေရာများမှာ ကားများ၊ တွင်းတူးစက်အော်သံများနှင့် အတော်လေးအလှမ်းဝေးရာ သီးသီးသန့်သန့်နေထိုင်နိုင်ကြ၏။ ညနေရောက်သောအခါ အပူဒီဂရီက ၂ ဒီဂရီအထိ ကျဆင်းသွားသည်။ ဒေသခံများက စပျစ်ခြံများမှ စပျစ်ရိုးအခြောက်များကို လှူကြသဖြင့် ထိုအမှိုက်များကို မီးဖို၍ မီးလှုံကြရသည်။ တစ်ညလုံးနီးပါး အိပ်စက်နိုင်သည်ဟူ၍ အလွန်နည်းပါးခဲ့ရ၏။

■

၇ ရက်မြောက်နေ့၊ ကြာသပတေး၊ ဩဂုတ်လ ၁၂ ရက်။

တစ်ပတ်တိတိ ကုန်လွန်သွားခဲ့ပြီ။

မြေအောက်လုပ်သားများ အသက်ရှင်နေကြသေးသည်ဟု ထင်မြင်ရန် အရိပ်အယောင်တစ်ခုမျှ မမြင်ခဲ့ရချေ။ မိုင်းက ဆက်၍ပြိုနေဆဲဖြစ်သည်။ ကယ်ဆယ်ရေးလုပ်သားများ၏ ရွေးချယ်စရာနည်းက ပို၍ကျဉ်းမြောင်းလာခဲ့၏။ မျှော်လင့်ချက်တွေ တစ်စစနည်းပါးသွားခဲ့ရပြီ။

ချီလီတစ်နိုင်ငံလုံးမှ မိုင်းနှင့်သက်ဆိုင်သော ကယ်ဆယ်ရေးအဖွဲ့များက အဆင့်မြင့်နည်းပညာများဖြင့် လိုအပ်သော တွင်းတူးမှုများ ပြုခဲ့ပြီးပြီ။ 'ပျောက်ဆုံးနေသူတွေအဖို့ စိတ်ဓာတ်ကျရမယ့် အချိန်တော့ မဟုတ်ဘူး။ အပေါ်က တွင်းတူးနေ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



သံကို အောက်ကလူတွေကြားနိုင်မှာပါ။ အဲသလို အသံကြားတာဟာ သူတို့အတွက် ခွန်အားပိုပေးခြင်းပဲ။ သတ္တုတွင်းအလုပ်ဆိုတာ လွယ်တာမှမဟုတ်ဘဲ။ အန္တရာယ်များတယ်ဆိုတာ အားလုံး သိပြီးသားပါ။ ဒီတော့ ဒီလိုဖြစ်တာကို လက်ခံနိုင်စရာအကြောင်း ရှိပါတယ်' ဟု လွန်ခဲ့သည့် ၅ ပတ်ကမှ ခြေပြတ်ခဲ့ရသော မိုင်းလုပ်သား ဂျီနိုကော်တီက ဆိုသည်။

နေ့ခင်း ၂ နာရီတွင် ဘုရားကျောင်းမှ ခေါင်းလောင်းများထိုးပေးသည်။ ခရာများ၊ ကျွဲချိုများ မှုတ်ကြသည်။ သို့သော် ပြန်၍ ငြိမ်သက်မြဲ ငြိမ်သက်သွားကြ၏။ ဘာသတင်းမျှ မကြားကြရချေ။ မိသားစုများသည် တောင်ခြေသို့ သွားကာ သူတို့၏ ပျောက်ဆုံးနေသူများ၏ဓာတ်ပုံနှင့် နာမည်များကို စိုက်ထူကာ တန်ဆာဆင်ကြသည်။ ကျောက်တောင်များကို ဆေးခြယ်ကာ ပျောက်ဆုံးသူများ၏ နာမည်ကို ရေးကြသည်။ တဲများအတွင်း ကုတ်ကတ်နေထိုင်လျက် မြေအောက်မှလူများအတွက် မျှော်လင့်ချက်ကို အဆုံးမခံဘဲ တောင့်ခံနေခဲ့ကြ၏။ ၄င်းစခန်းကိုလည်း မျှော်လင့်ခြင်းနယ်မြေ (Camp Hope) ဟု အမည်တွင်စေခဲ့သည်။

မြေအောက်ရောက်လုပ်သားများမှာ ရွာခံအိမ်နီးချင်းများဖြစ်ခြင်း၊ တချို့ဆိုလျှင် ညီရင်းအစ်ကို၊ ယောက်ဖ၊ ဆွေမျိုးများဖြစ်နေခြင်းတို့ကြောင့် ယခုစခန်းသို့ ရောက်လာကြသူများမှာလည်း သူစိမ်းများမဟုတ်ကြရကား အချင်းချင်း တိုင်ပင်နိုင်ကြ၏။ ဆွေးနွေးနိုင်ကြ၏။ ကိုယ်ချင်းစာစိတ်နှင့် ပူးပေါင်းနိုင်ကြသည်မှာ အံ့ဩစရာမဟုတ်ပေ။

ဤကဲ့သို့ တောင်ကုန်းတွင် မှိုပေါက်သကဲ့သို့ စုဝေးရောက်ရှိနေကြသော လူထုအတွက် ချီလီတပ်မတော်ကလည်း ရွှေ့ပြောင်းနိုင်သော သန့်စင်ခန်းများကို ဆောက်ပေးကြသည်။ အစားအစာများ လာရောက် ဝေငှကြသည်။

ကွင်းထဲတွင် ချက်ပြုတ်ရသည့် မီးဖိုဆောင်များ ဆောက်လုပ်ပေးကြသည်။ တစ်နေ့ ၄ ကြိမ် အစားအသောက် ကျွေးသည်။ စတုတ္ထမြောက် ညစာမှာ ညနေ ၆ နာရီဖြစ်ပြီး ဗြိတိသျှတို့၏ လက်ဖက်ရည်ချိန်ဖြစ်သည်။ ဤစခန်း၌ အလုပ်လုပ်နေသော ရဲသားတစ်ဦးကဆိုလျှင် အကူအညီတွေ အလျှံအပယ်ပေးနေသည်ကို ပီတိဖြစ်ပြီး 'နိုင်ငံမှာ လူမျိုးမရွေး၊ ဘာသာမရွေး စည်းလုံးနေကြတယ်' ဟု အမှတ်တရပြောခဲ့သည်။ ၄င်းက မိသားစုများနှင့် စကားစမြည်သွားပြောသည်။ မိုင်းအနီးအနားတွင် မိသားစုများနှင့်ပါလာသော ကလေးများနှင့်အတူ ဘောလုံးကစားသည်။ ဤနေရာသို့ ရောက်လာကြသော လုပ်အားပေးများသည် စေတနာဖြင့်သာလာကြခြင်းဖြစ်ပြီး ပိတ်မိသူများနှင့် အဆက်အစပ်ရှိသူများ မဟုတ်ကြချေ။

ကယ်ဆယ်ရေးအဖွဲ့ခေါင်းဆောင် 'ဆောင်ဂါရက်' ၏ လုပ်ငန်းများကိုလည်း တိုးချဲ့ထားသည်။ ဆန်ဂျိုးမိုင်း အဝင်ဝ ပတ်ပတ်လည်ရှိ တောင်နံရံတစ်ခုလုံးမှာ တန်ဆာပလာများနှင့် ပြည့်နေ၏။ ယခင်ကကြေးနီများ သဘော်တင်ရန် ထားသော 'ကွန်တိန်နာ' များကို ရုံးခန်းများနေရာသို့ ပြောင်းရွှေ့ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



အင်ဂျင်နီယာများ နေပူသက်သာရန် အကာအကွယ်များ ပြုလုပ်ပေးရသည်။ ထို့ပြင် သတင်းသမားများ နေထိုင်ရန်အတွက်လည်း မော်တော်ကားများကို နေအိမ်သဖွယ် ပြုလုပ်ပေးကြရသေးသည်။ ခေါင်းဆောင်းဦးထုပ်ဆောင်းပြီး အလုပ်သမားဝတ်စုံဝတ်ထားသော လူဒါဇင်ပေါင်းများစွာကလည်း ညွှန်ကြားချက်ကိုနာခံရန် အသင့်စောင့်နေကြ၏။ ထို့ပြင် မီးသတ်ကားများ၊ ဘူဒိုဇာများ၊ လူနာတင်ကားများကလည်း စခန်းမှာ အသင့်ရောက်နေကြသည်။

မော်တော်ကားထရေလာနှင့် ထရပ်ကားများသည်လည်း ဝင်၍ရသလောက် နောက်ဆုံးလှိုဏ်ခေါင်းအထိဝင်ပြီး အဆင့်မြင့်ကိရိယာများကို သယ်ပေးနေကြသည်။ စိတ်ပျက်စပြုနေသော အင်ဂျင်နီယာများက အဖြေရှာရန် အကြံထုတ်နေကြရသည်။

ယခုထိ အခြေအနေမထူးခြားသေးသော်လည်းနှင့် စခန်းသည် ဆက်လက်ရှင်သန်ရေးစိတ်ဓာတ်ဖြင့် လှုပ်ရှားနေဆဲဖြစ်၏။ နာရီအနည်းငယ်ကြာတိုင်း ခပ်လှမ်းလှမ်းရှိ စခန်းရုံးမှနေ၍ အစားအစာရိက္ခာအလှူများ သို့မဟုတ် ကယ်ဆယ်ရေးပစ္စည်းများ ရောက်ရှိလာကြောင်းကို ကြေညာပေးနေလေသည်။

ညအခါ စခန်းသည် တိတ်ဆိတ်မနေချေ။ မြို့ပြကားလမ်းများလိုပင် စက်သံများ တဂျုန်းဂျုန်းမြည်ဟီးလျက်ရှိသည်။ စခန်းထဲမှ အပေါ်မော့ကြည့်လိုက်လျှင် ကောင်းကင်သည် တောက်ပကာ ထောင်ပေါင်းများစွာသော ကြယ်တာရာတို့ကိုမြင်နိုင်သည်။ ကမ္ဘာ့နက္ခတ်ပညာရှင်များက ကြယ်တာရာများကြည့်ရန် ဤတောင်အမေရိကထောင့်စွန်းကို အကောင်းဆုံးနေရာအဖြစ် ရွေးချယ်ထားခဲ့၏။

၄င်းတို့သည် နက္ခတ်လေ့လာကြည့်ရှုရန်အတွက် ငွေဘီလျံပေါင်းများစွာ ရင်းနှီးကြရ၏။ ထိုသို့ နက္ခတ်လေ့လာသော လူများက အခြားကမ္ဘာများကို ရှာစမ်းရှာဖွေရေးတွင် 'အတာကမာ' ကုန်းမြင့်ဒေသသည် ကမ္ဘာ့အကောင်းဆုံးမှန်ဘီလူးဖြစ်သည်ဟု ယူဆကြသည်။ ယခု အတာကမာရှိ 'မျှော်လင့်ခြင်းစခန်း' လူထုအဖွဲ့ကား သူတို့၏ ဝတ်ပြုဆုတောင်းစာများက ကောင်းကင်သို့ ပျံတက်သွားကြစေကာမူ သူတို့၏သောကများကား မြေအောက်သို့သာ ရည်ရွယ်နေကြလေသည်။

ချီလီသတ္တုတွင်းဝန်ကြီး ဂိုလ်ဘိုနီလည်း စိတ်ဓာတ်ကျနေသည်။ သူက သမ္မတထံမှ အမိန့်ရကတည်းက ဇနီးနှင့်သားသမီး ၆ ယောက်ကို ပစ်ထားခဲ့ပြီး လူ ၃၃ ယောက်၏ ကံကြမ္မာအတွက် ခရီးနှင်ခဲ့၏။ ယခုအခါ သူစိတ်ညစ်နေပြီ။ အစိုးရ၏ အတွင်းပိုင်းလေ့လာရေးက အဆိုးမြင်ဖြစ်နေသည်။ လေ့လာချက်တစ်ခုကဆိုလျှင် မြေအောက်ရှိလူထဲမှ အသက်ရှင်ကျန်ရစ်သူ ၂ ရာခိုင်နှုန်းသာရှိသည်ဟု ဆိုသည်။

ဂိုလ်ဘိုနီလည်း စိတ်ပျက်လက်ပျက်နဲ့ အကြားအမြင်ဆရာမတစ်ယောက်ထံ ဗေဒင်မေးရန် တိတ်တဆိတ်သွားခဲ့၏။ အကြားအမြင်ဆရာမက အာရုံခံကြည့်ပြီး သူ့အမြင်အာရုံ၌ မြေအောက်မှလူများကိုတွေ့ရကြောင်း ၁၆ ယောက်

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



အသက်ရှင်နေပြီး တစ်ယောက်မှာ ခြေထောက်၌ ဆိုးဆိုးဝါးဝါးဒဏ်ရာရထားကြောင်း ဟောလေသည်။ ထို့နောက်ပိုင်းတွင် ဂိုလ်ဘိုနီလည်း လူတွေရှင်နေသေးသည်ဆိုသည်မှာ ဖြစ်နိုင်ခြေရှိ မရှိ မသေချာတော့ချေ။

ဂိုလ်ဘိုနီ၏ ရုံးခန်းတွင် အကြံပေးချက်တွေက ပလူပျံနေသည်။ အလှူငွေတွေလည်း နည်းပညာများနှင့်အတူ ရောက်လာကြသည်။ ကုမ္ပဏီတစ်ခု၏ အကြံပြုချက်မှာ ထူးခြားသည်။ တူးနေသောတွင်းများအတွင်းသို့ အသံမြည်နိုင်သော ခလုတ်တပ်ထားသည့် ကိရိယာလေးများတစ်ထောင်ခန့်ကို အတွဲလိုက်ချပေးလိုက်ရန်ဖြစ်၏။

ခလုတ်တစ်ခုခုက မြေအောက်လုပ်သားများနှင့် လက်လှမ်းမီသောနေရာသို့ ရောက်ရှိသွား၍ တစ်ယောက်ယောက်က ခလုတ်နှိပ်လိုက်ပါက အတွဲလိုက် အဆင့်ဆင့်အသံမြည်လာပြီး အသက်ရှင်နေသူရှိနေကြောင်း သိနိုင်မည်ဟူ၍ ဖြစ်လေသည်။

ဩဂုတ်လ ၁၂ ရက်နေ့တွင် သံသယတွေ များလာသည်။ သတ္တုတွင်းဝန်ကြီးကိုယ်တိုင်က လူများ အသက်ရှင်လျက် တွေ့ရဖို့ မျှော်လင့်ချက်နည်းနေပြီဟု သံသယရှိလာသည်။ မိသားစုဝင်များ စိတ်အားလျော့လာကြသည်။ ဤအခါ သမ္မတပီနာရာလည်း လူထုကို အားပေးရပြန်သည်။ အစိုးရအနေနှင့် မျှော်လင့်ချက်မှာ ယခင်ကထက် ရှင်သန်နေသည်ဟု ကြေညာလိုက်၏။ သူ့အတွင်းလူများ၏ ဗဟုသုတမှ ဤအကောင်းမြင်ဝါဒ ထွက်ပေါ်လာဟန်တူသည်။

တွင်းတူးစက်များက ထင်ထားသည်ထက် နှစ်ဆမြန်နေ၏။ နှစ်ရက်အတွင်း မီတာ ၃၀၀ နီးပါးရောက်နေသည်။ ဤနှုန်းအတိုင်းဆိုပါက ၄၈ နာရီအတွင်း အဆက်အသွယ်ရနိုင်လိမ့်မည်။ အထဲရှိ ကားပြင်ရုံသို့ဖြစ်စေ၊ ခိုလှုံရာစခန်းသို့ဖြစ်စေ ရောက်လိမ့်မည်ဟု မျှော်လင့်ရသည်။ သို့စေကာမူ တူးနေသောတွင်းက ပန်းသီးတစ်လုံးစာပင် မကျယ်ချေ။ ဤအခါ ဘာလုပ်မည်လဲ။

■

၈ ရက်မြောက်နေ့၊ သောကြာ၊ ဩဂုတ်လ ၁၃ ရက်။

အကယ်၍ မြေအောက်လူများ အသက်ရှင်နေသေးသည်ဆိုလျှင် တွင်းတူးလမ်းများမှနေ၍ အစားအစာနှင့် ဆေးများပေးပို့နိုင်သည်ဟု ဒေသခံရှုပဗေဒပါမောက္ခတစ်ဦးဖြစ်သူ 'ဖို့ဒ်' က အဖြေထုတ်သည်။ ဖို့ဒ်ကား ချီလီမှာရော ပြည်ပမှာပါ ဤသို့မိုင်းကယ်ဆယ်ရေးများကို ရှေ့တန်းမှပါဝင်ဆောင်ရွက်ခဲ့သည်မှာ ၁၂ ကြိမ်ရှိခဲ့ပြီးဖြစ်၏။ သူသည်ယခင်က မိုင်းလုပ်သားလုပ်ဖူးသူဖြစ်ရာ လက်တွေ့နှင့် နည်းပညာပေါင်းစပ်ပြီး ယခင်အောင်မြင်ခဲ့ဖူးသောအကြောင်းကို ပြောနိုင်ခြင်းဖြစ်၏။ တွင်းတူးပြီး ၄င်းတွင်းတစ်လျှောက် ၃ မီတာအကျယ် ပိုက်ကိုသုံးလျက် ရေပုလင်းများ၊ အစားအစာ

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



များကို မြေအောက်အထိ ကြိုးဖြင့်ချပေးနိုင်မည်ဟု သူ ရှုမြင်သုံးသပ်လေသည်။ ဤကား အကောင်းမြင်စိတ်ကိန်းတည်း။

ယခုကဲ့သို့ အစိုးရရော ပညာရှင်များကပါ ကယ်ဆယ်ရေးကို အမျိုးမျိုးလုံးပမ်းနေကြစဉ် အသံတိတ်နေသော နေရာနှစ်ခုရှိ၏။ မိုင်းတွင်းပိုင်ရှင်များဖြစ်သည်။ 'မာစီလို ကီမင်နီ' နှင့် 'အယ်လ်ဂျင်ဒရီ' တို့ဖြစ်၏။ တောင်ပြိုကျသောနေ့မှာကတည်းက ၎င်းတို့သည် မိုင်းပိုင်ရှင်များဖြစ်ပါလျက် မှန်ကန်တိကျသောမြေပုံကို ထုတ်မပေးနိုင်ကြချေ။ ထိုကိစ္စအတွက် မိသားစုများ ကျေနပ်အောင် မဆောင်ရွက်ခဲ့ကြချေ။

ကီမင်နီနှင့် အယ်လ်ဂျင်ဒရီတို့၏ မိုင်းပြိုကျသည့်ကိစ္စကို မိသားစုများထံ သတင်းပေးခြင်းမရှိမှုနှင့် တာဝန်ယူရန် ငြင်းဆိုမှုတို့သည် 'ရာဇဝတ်မှု' များပင်ဖြစ်သည်။ မျှော်လင့်ခြင်းစခန်းရှိ ဆွေမျိုးများအမြင်မှာ ဤကဲ့သို့ ရာဇဝတ်မှုကျူးလွန်သူများအား 'မိုင်းအကျဉ်းထောင်' သို့ ပို့ရမည်ဟူ၍ဖြစ်၏။ ကောလဟာလသတင်းအရ တရုတ်ပြည်တွင် မိုင်းလုပ်ငန်း၌ တာဝန်ယူသူများသည် မြေအောက်ရှိလူများကို အချိန်မီကယ်တင်ရန် ဥပေက္ခာပြုသဖြင့် လုပ်သားများသေကြေအောင်ပြုမှုအတွက် အပြစ်ရှိသည်ဟူ၍ဖြစ်သည်။

ယခုမိုင်းပြိုကျမှုမဖြစ်မီကပင် ဆန်ဂိုးမိုင်းပိုင်ရှင်များသည် အစိုးရအားပေးရန် ဒေါ်လာ ၂ သန်းကျော် အကြွေးတင်နေခဲ့၏။ ကုမ္ပဏီတစ်ခုလုံးလည်း ခိုင်မာခြင်းမရှိပေ။ ကြွေးတွေ တစ်ပုံတပင်ကြီးနှင့်ဖြစ်သည်။ လုံခြုံစိတ်ချရမှုကိုလည်း လုပ်မပေးခဲ့ကြချေ။ နေ့စဉ်ကြေးနီကီလိုဂရမ်ပေါင် ၂၇၅၀ ခန့် ထုတ်လုပ်နေပါလျက်နှင့် ရွှေတွေလည်း အရန်အဖြစ် ဘီလျံဒေါ်လာတစ်ခုအထိ ရှိနေပါလျက်နှင့် ပိုင်ရှင်တို့သည် ပျက်စီးလုလုဖြစ်နေကြသည်။ ၂၀၀၉ ခုနှစ်အတွက် နှစ်ပတ်လည်အစီရင်ခံစာ၌ စာလုံးမည်းကြီးဖြင့်

**အခြေအနေ**

**မိုင်းတွင်းရှိနေသော ပြဿနာများ**

**မိုင်းပိတ်ရန်**

**မိုင်းရောင်းပစ်ရန်** ဟူ၍ပါရှိခဲ့လေသည်။

ချီလီနိုင်ငံ၏ တရားရေးစနစ်ကလည်း နှေးကွေးလှသည်။ သို့သော် ယခုဆန်ဂိုးမိုင်းပြိုမှုကိုကား မီဒီယာမှ အကြီးအကျယ်တိုက်ခိုက်ခဲ့၍ စုံစမ်းရေးဌာနကြီးအနည်းဆုံး ၃ ခုလုပ်ခဲ့ရ၏။

ပထမတစ်ဖွဲ့မှာ ချီလီပါလီမန်ကွန်ဂရက် လွှတ်တော်ဖြစ်၏။ ဒုတိယအဖွဲ့မှာ အစိုးရ၏ တာဝန်ရှိသူများဖြစ်ပြီး တတိယအဖွဲ့မှာ ပုဂ္ဂလိကရှေ့နေများဖြစ်သည်။ ၎င်း ၃ ဖွဲ့က မိသားစုများဘက်မှ ဆောင်ရွက်နေကြသည်။ သမ္မတပီနာရာက သတိပေး၏။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



'တာဝန်ရှိသူများအတွက် လွတ်မြောက်ရာမရှိ' ဟူ၍ဖြစ်သည်။ ၎င်းနောက် ပီနာရာသည် အစိုးရ၏ 'သတ္တုတွင်း လုံခြုံရေးအေဂျင်စီ' မှ ခေါင်းဆောင်မှုကို ဖြုတ်ချလိုက်၏။ ထိပ်တန်းလူသုံးဦးအား ဆန်ဂျိုးမိုင်းပိုင်သော ကုမ္ပဏီရုံးခန်းမှ အထောက်အထားစာရွက်စာတမ်းများကို တောင်းယူပြီး အစိုးရ၏စုံစမ်းစစ်ဆေးရေး အမြန်လုပ်သည်။ အကြိမ်ပေါင်း များစွာ မတော်တဆထိခိုက်မှုများရှိခဲ့ပါလျက်နှင့် မိုင်းကိုမည်ကဲ့သို့ ပြန်ဖွင့်ရန် စီမံအုပ်ချုပ်ခဲ့ကြောင်း မေးခွန်းထုတ်သည်။ အကယ်၍ ယခုကိစ္စတွင် မိုင်းလုပ်သားတချို့ သေဆုံးခဲ့ပါက ကုမ္ပဏီကို လူသတ်မှုအဖြစ် စွဲဆိုရန် စီစဉ်နေကြလေသည်။

■

**၉ ရက်မြောက်နေ့၊ စနေ၊ ဩဂုတ်လ ၁၄ ရက်။**

ကယ်ဆယ်ရေးအဖွဲ့ကို တာဝန်ယူထားသော ဆောင်ဂါရက်သည် နည်းပညာပြောင်းရန် အမိန့်ထုတ်လိုက်၏။ အနက်ဆုံးရောက်နေသော တွင်းနှစ်ခုကိုရပ်လိုက်သည်။ ထို့နောက် ပိုက်တစ်ခုလုံးကို မြေကြီးထဲမှ ဆွဲထုတ်လိုက်သည်။ သူစိုးရိမ်ထားသည့်အတိုင်းပင် တွင်းသည် အရှိန်ဖြင့်တုန်ခါပြီး ယိုင်သွားသည်။ အမေရိကနှင့် ဩစတေးလျမှဝင်လာသော စက်အပိုပစ္စည်းများဖြစ်၍ မူလအတိုင်းခိုင်ခန့်မည်ဟု ထင်ခဲ့သည်မှာ လွဲသွားသည်။ ထို့ကြောင့် နည်းလမ်းအသစ်များဖြင့် ပြန်လည်စတင်ရပြန်၏။

ဤတောင်ကုန်းတွင် မြေတူးသမား ၉ ယောက်သည် စစ်ပြန်များဖြစ်ကာ တပ်တစ်တပ်ထဲ နေခဲ့ကြသူများ ဖြစ်သည်။ ချီလီမြောက်ပိုင်း၌ ဘီလျံများစွာထုတ်လုပ်သော မိုင်းများ၌ လှည့်လည်အမှုထမ်းနေသူများဖြစ်သည်။ ယခု ဆန်ဂျိုးမိုင်းမှာကား ခေတ်မီသတ္တုတွင်းအဆင့်ကို ပေးထားသော်လည်း လက်တွေ့၌ကား စက်မှုမထွန်းကားမီခေတ်ကလို ဖြစ်နေသည်။ ၎င်းတို့သည် ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ရေကိုတူးဖော်ရှာဖွေနေကြသူများဖြစ်သော်လည်း ယခုအခါ မြေအောက်ပိတ်မိသူများကို ရှာဖွေရာ၌လည်း တစ်စိတ်တစ်ဒေသအသုံးတည့်နေကြ၏။ ၎င်းတို့သည် သတ္တုများရှာဖွေရင်း ၎င်းတို့တူးသောတွင်းများက ပိတ်မိနေသူဆန်ဂျိုးလုပ်သားများအား တွေ့လိုတွေ့ငြား မျှော်လင့်ခဲ့ကြသည်။ ၎င်းတို့အနေနှင့် သာမက ၎င်းတို့ကုမ္ပဏီကလည်း ပစ္စည်းကိရိယာများ၊ လုပ်အားများကို လှူဒါန်းခဲ့ကြလေသည်။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



၁၂ ရက်မြောက်နေ့၊ အင်္ဂါ၊ ဩဂုတ် ၁၇ ရက်။

ရှာဖွေရေးကိရိယာသည် ပထမဆုံးအကြိမ်အဖြစ် မြေအောက်မီတာ ၆၀၀ ဆီရောက်သွားလေသည်။ ဆီယိုစိမ့်သဖြင့် စက်အားရပ်သွားခဲ့၏။ သတ္တုတွင်းဝန်ကြီးက မီဒီယာသမားများအား အောက်ပါအတိုင်း ပြောပြသည်။

'ဒီတွင်းကိုတော့ ပြင်လို့မရတော့ဘူး။ ဒီတွင်းကို ၃ နေရာမှန်းထားတာ။ ဒီတွင်းဟာ လှိုဏ်ခေါင်းတစ်ခုခုကို ဝင်ချင်ဝင်နိုင်တယ်။ ကြားကျချင်ကျနိုင်မယ်။ ဝင်ဖို့တော့ အခွင့်အလမ်းရှိတယ်။ ဒါပေမယ့် ချော်ချင်လည်း ချော်နိုင်တယ်။ ဥပမာ အဝေးကို ဂေါက်သီးပို့ရသလိုပဲ။ ရည်ရွယ်ချက်က လှိုဏ်ခေါင်းလမ်းထဲ ဝင်ဖို့ပါ'

ဤတွင် မီဒီယာများက မိုင်းပိုင်ရှင်များ၏ တာဝန်ရှိမှုကိုမေးရာ ထိုမေးခွန်းများကို ခေတ္တစောင့်ဆိုင်းထားပါရန် ဖြေသည်။

'ဒီမှာက ကျွန်တော်တို့ဟာ အရေးအကြီးဆုံးပန်းတိုင်အဖြစ် အထဲကလူတွေကို ရှာတွေ့ဖို့ပဲ။ ဦးစားပေးသူတို့ကိုတွေ့ဖို့ အဆက်အသွယ်ရဖို့ပါ။ လုပ်အားပေးနေသူတွေ အများကြီးရှိတယ်။ ဂရုတစိုက်ခွန်နဲ့အားနဲ့ လုပ်နေကြတယ်။ အပေါင်းလက္ခဏာအပေါ်ပဲ အာရုံစိုက်ကြရအောင်။ ကုန်ကျစရိတ်တွေ တာဝန်တွေက အချိန်ရှိပါသေးတယ်'

■

၁၃ ရက်မြောက်နေ့၊ ဗုဒ္ဓဟူး၊ ဩဂုတ်လ ၁၈ ရက်။

သတ္တုတွင်းဝန်ကြီး ဂိုလ်ဘိုနီ၏ သတိပေးချက်များကား တိကျမှန်ကန်ပေသည်။ မိမိတို့လူများရှိမည်ဟု ထင်ထားသော လှိုဏ် ၃ ခုလုံးကို ဖြတ်သွားခဲ့သည်။ လူများကိုမူ မတွေ့ရ။ စိတ်ပျက်သွားသော အင်ဂျင်နီယာများက စောင့်ကြည့်နေစဉ် တွင်းသည် ချောမွတ်စွာ ဆင်းသွား၏။ လုံးဝနှားခြင်းမရှိဘဲ ဆက်တူး၏။ မီတာ ၇၃၀ တွင် ရပ်သွားသည်။ မြေအောက်လူများနှင့် အဆက်အသွယ်ရဖို့ စီမံကိန်းသည် ပျက်ပြယ်သွားပြီ။

'ဒီမိုင်းမှာ ကျွန်တော်တို့ အင်ဂျင်နီယာလုပ်ငန်းအတွက် အခြေခံ အဆင့်အတန်းမမီဘူး။ မိုင်းဆိုတာ လစဉ်မှတ်တမ်းရှိရမယ်။ အလုပ်လုပ်နေတဲ့နေရာကိုပြတဲ့ ဇယားမြေပုံရှိရမယ်။ အခုတော့ အဲဒါတွေမရှိဘူး။ မြေပုံရှိတာတွေကကျတော့ မတိကျဘူး။ ဒီတော့ အစစ်အမှန်ကို ရှာလို့မရဘူး'

ဆောင်ဂါရက်သည် ပူဆွေးသောကရောက်နေကြသော ဇနီးမယားများနှင့် ရင်ဆိုင်နေရ၏။ သူ့အားတောင်းပန်နေကြသော မိန်းမများသည် မုဆိုးမများဖြစ်ဖို့ အတော်နီးနေပြီ။ မီတာ ၇၀၀ ရှိ လူ ၃၃ ယောက်ကို ကယ်ဖို့ဆိုသည်မှာ

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



မသေချာတော့ချေ။ ဤကယ်တင်မှုမျိုး ဘယ်တုန်းကမျှ မရှိခဲ့။ နေ့စဉ်နှင့်အမျှ စိန်ခေါ်မှုတွေ ကြုံနေရသည်။ တီထွင်ခြင်း၊ စမ်းသပ်ခြင်း၊ လုပ်ဆောင်ခြင်း၊ မသေချာခြင်း၊ မမြင်နိုင်ခြင်းစသဖြင့် အမျိုးမျိုးရှိနေသည်။ မိုင်းလုပ်သားအများစုက တွင်းတူးခြင်းကို မလိုအပ်ဟုထင်ကြ၏။ ၄င်းတို့က ပိတ်ဆို့ထားသော ကျောက်တုံးကျောက်စိုင်များကို ဒိုင်းနမိုက်ဖြင့်ခွဲလျှင် ပိုကောင်းမည်ဟုယူဆကြသည်။ အဝကို ပိတ်ထားသည့်ကျောက်ဆောင်အရွယ်နှင့် အထုကို အစိုးရကိုယ်တိုင် စမ်းသပ်ရှင်းပြမှုက ၄င်းတို့စိတ်ကူးကို အနည်းငယ်သာ လျှော့ချနိုင်၏။ စိတ်မရှည်တော့သော မိသားစုများက အပေါက်ဝမှ ဝင်ဖောက်ခွဲရန် အားပေးကြသည်။ မာကျောကျောဒေသခံမိုင်းလုပ်သားများကလည်း အပေါက်ဝထဲ ဝင်ရန်လုပ်ကြသည်။ လူထုက ထောက်ခံသဖြင့် ကြိုးစားကြည့်ရန် အားသန်ကြသည်။ ဆောင်ဂါရက်က သဘောမတူချေ။ သို့သော် အုံကြွနေသော လုပ်သားများသည် စုဝေးကြကာ အပေါက်ဝသို့ သွားရန်ပြင်ကြ၏။ ဤတွင် စောင့်နေသောရဲများက လမ်းပိတ်ကြရသည်။ ရဲစုစုပေါင်း ၃၀ ခန့် ပြေးဝင်လာကြပြီး လက်နက်တင်ထရပ်ကားများ၊ မျက်ရည်ယိုဓာတ်ငွေ့များ၊ ရေပိုက်များပါ သယ်လာကြရ၏။ ရေပိုက်အားက လူကြီးတစ်ယောက်ကို မတ်တပ်က လဲကျစေနိုင်သည်။ မျက်ရည်ယိုဓာတ်ငွေ့က ကလေးငယ်များကို မေ့လဲစေနိုင်သည်။ ထရပ်ကားများ၏ နံဘေးနံရံများကား မကြာမီက စစ်ပွဲများကြောင့် ပိန့်လိန့်နေကြလေသည်။

ထို့နောက်တွင်ကား အစိုးရအရာရှိများက ဆောင်ဂါရက်ကို တင်းခံမထားဖို့ ဖိအားပေးကြ၏။ သူတို့ ကြိုးစားချင်သည်ကို မျက်နှာလွှဲထားဖို့ ပြောကြ၏။ ဆောင်ဂါရက်ကား ခိုင်မာလှသည်။ ကယ်ဆယ်ရေးလမ်းတစ်ခု ထပ်ရွေးခြင်းသည် သူ့အားအလုပ်ထဲမှ ထွက်ခွာစေမည်ဖြစ်၏။ သို့သော် မိသားစုလူထုထဲမှ အသက်ကြီးကြီးလူတစ်ယောက် သူ့အနီးရောက်လာကာ သူ၏သား အောက်၌ပိတ်မိနေကြောင်း၊ သူ့သားကိုကယ်ရန် သူ့အသက်ကို စွန့်နိုင်ကြောင်း ပြောဆိုသည်။

'ခင်ဗျားသားဆိုရင် ခင်ဗျားဘာလုပ်မလဲလို့ မေးတယ်။ ကျုပ် သိပ်ကိုထိခိုက်သွားတယ်။ အဲဒီမေးခွန်းကို ကျုပ်ခေါင်းထဲက ထုတ်ပစ်လို့မရဘူး'ဟု ဆောင်ဂါရက်ကဆိုသည်။

■

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



## အခန်း - ၅
## ၁၇ ရက်တိုင် ငြိမ်သက်ခြင်း

**၄ ရက်မြောက်နေ့၊ တနင်္လာ၊ ဩဂုတ်လ ၉ ရက်။**

တပ်စိတ်တစ်စိတ်ကို ကွပ်ကဲရသော တပ်စိတ်မှူးတစ်ဦးကဲ့သို့ ဆီပူလ်ဗီဒါ နားလည်ထားသော အရာ ရှိ၏။ ၄င်းမှာ တပ်သားတို့၏ သစ္စာရှိမှုသည် အစာအိမ်၌ စတင်ပြီးမှ ဦးနှောက်အသိသို့ သွားသည်ဟူ၍ဖြစ်၏။ ထိုအသိကြောင့် လုပ်သားများ ဝမ်းဗိုက်ကို နှစ်သိမ့်ရန် ကြိုးစည်ခဲ့သည်။ ပထမဆုံး ဓာတ်ဆီတိုင်ကီတစ်ခုကို လှန်လိုက်၏။ ဟင်းချက်ရန် အိုးကြီးဖြစ်သွားသည်။ ငါးသေတ္တာဗူးတစ်ခုကို ဖွင့်ပြီး တူနာငါးများကို အိုးကြီးထဲ ထည့်လိုက်သည်။ ထို့နောက် ရေဖြည့်သည်။ ဆူအောင် မီးအပူတိုက်လိုက်သည်။ ဤငါးသေတ္တာပြုတ်သည် အစားအစာတစ်နပ်ဟု မဆိုနိုင်သော်လည်း ငါးအရသာနှင့် ငါးအနံ့ကိုပေး၏။ သူတို့သည် ဤပြုတ်ရည်ကို အတူသောက်ကြသည်။ အတူဘုရားဝတ်ပြုကြသည်။ ထို့ပြင် ဂျူစီပာင်နရီနုကွစ်၌ ရှိနေသည့်၊ သုံး၍ရသည့် တစ်ခုတည်းသော တယ်လီဖုန်းဖြင့် ဓာတ်ပုံရိုက်ကြလေသည်။ ဤသို့ ပြုလုပ်ခြင်းဖြင့် ရွှေချင်လောက်အောင် စိတ်ဓာတ်ပျက်ပြားနေမှုမှ ခေတ္တ သက်သာ

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ရာရခဲ့သည်။

မြေပြိုကျပြီး ၄ ရက်ကြာသောအခါ အမှိုက်များ၊ ဖုန်သဲများ ငြိမ်သွားခဲ့၏။ လုပ်သားတို့ စိတ်တွေကမူ မငြိမ်နိုင်ချေ။ ချာချာလည်နေကြဆဲဖြစ်သည်။ မြေအောက်မှ ထွက်နိုင်မည့်လမ်းကို ရှာဖွေနေကြသည်။ သောက်ရေအတွက် ရေစည်များထဲမှ ယူသောက်နိုင်သော်လည်း ထိုစည်များထဲမှရေမှာ လပေါင်းများစွာက ဖြည့်ထားခြင်းဖြစ်၍ မသန့်ရှင်းတော့ချေ။ ဤတွင် ဆီးရောဂါရှိသူ ဂျိုစီအိုဂျီဒါက မသန့်ရှင်းသောစည်းတွင်းမှ ရေကိုမသောက်ဘဲ သူစွန့်ပစ်သည့် 'ဆီး'ကို ပြန်သောက် လေသည်။ ဤအကြောင်း အခြားသူများကို ပြောပြရာ သူ့ကို အရူးဟုစွပ်စွဲကြ၏။ 'လော့စ်ဥရုဂွေးစ်'များလည်း ဤသို့လုပ်ဖူးကြောင်း ဂျိုစီကဆိုသည်။ ဤကဲ့သို့ 'လော့စ်ဥရုဂွေးစ်' အကြောင်းပြောသောအခါ သူတို့ အကြောက်ဆုံးအရာတစ်ခုကို ရှောင်ကြရန် ပြောဖြစ်ကြ၏။ ထိုအရာကား တစ်ယောက်ကိုတစ်ယောက် သတ်ဖြတ် စားသောက်မိမည့်ကိစ္စတည်း။ ၁၉၇၂ ခုနှစ်တွင် ဥရုဂွေးမှ ချီလီပြည် စင်တီယာဂိုသို့ ပျံသန်းသော လေယာဉ်တစ်စီးသည် အင်းဒီးစ်တောင်တန်း၏ အစွန်အဖျားဖြစ်သော အာဂျင်တီးနားနှင့် ချီလီနယ်စပ်၌ ပျက်ကျခဲ့သည်။ လေယာဉ်ထဲ၌ကျန်ရစ်သော ဥရုဂွေးနိုင်ငံသား နှစ်ဦးသည် အစာငတ်မွတ်လာသောအခါ လေယာဉ်ပျက်ကျစဉ် သေဆုံးခဲ့ကြပြီး ရေခဲ၌မပုပ်မသိုးရှိနေသည့် လူသားအလောင်းကောင်များကို လေယာဉ်ပျက် သံမဏိအပိုင်းအစများပေါ်၌ အပူပေး ဖုတ်ကင်ပြီး စားခဲ့ကြလေသည်။ ထိုသူနှစ်ဦးကား 'နာဒို ပါရာဒို'နှင့် 'ရိုဘာတိုကာနက်စာ' တို့တည်း။

သူတို့နှစ်ဦးသည် တောင်ကြိုတောင်ကြား လျှောက်သွားရင်း ချီလီနွားကျောင်းသားတစ်ဦးနှင့်တွေ့မှ လွတ်မြောက်လာခဲ့ကြ၏။ ဤအဖြစ်အပျက်ကြောင့် ကမ္ဘာကြီးသည် တုန်လှုပ်သွားခဲ့သည်။ ဤ 'လော့စ်ဥရုဂွေးစ်'ကား ပုံပြင်မဟုတ်။ သူတို့နိုင်ငံနယ်စပ်၌ ဖြစ်ပျက်ခဲ့သော အမှန်တရားတစ်ခုတည်း။ ယခုမိုင်းတွင်း၌လည်း ပထမနေ့ အစာငတ်ချိန်ကပင် အဆိုပါ 'လူသားစားဝါဒ'ကို စတင်၍ သတိရမိကြသည်။

မိုင်းလုပ်သားများထဲတွင် 'ဗစ်တာဇာမိုရာ' ဆိုသူလည်းရှိ၏။ သူက လက်မောင်းအတွင်းပိုင်းမှာ ဆေးခြောက်ရွက်ပုံ တက်တူးထိုးထားသည်။ သူ့ကိုယ်သူ ငရဲကျပြီဟု သေချာနေသည်။ သူသည် ဘာသာတရားကိုင်းရှိုင်းသူ မဟုတ်။ ယခုမှ သူ့ကံကြမ္မာကို ဘုရားသခင်ထံ အပ်နှံလိုက်ပြီး ရယ်စရာဟာသတွေ ပြောနေသည်။ 'ကျုပ်တို့မှာ ရွေးချယ်စရာတစ်လမ်းပဲရှိတယ်။ ကယ်ဆယ်ခံဖို့ ဒါမှမဟုတ် သေဖို့ စောင့်နေရုံပဲ'ဟု သူကဆိုသည်။

ဖိုမင်ဖြစ်သူ အာဇူရာ တစ်ယောက်ကလည်း ကံအတိုင်းပဲဟု လက်ခံနေလိုက်၏။ 'သူတို့ တို့ကိုရှာလို့တွေ့ရင်ကောင်းပါတယ်။ မတွေ့တော့လည်း မတွေ့ပေါ့ကွာ'ဟု သူ့လူတွေကို ပြောခဲ့၏။ သူ့အသံကား ခေါင်းဆောင်တစ်ယောက်နှင့် မတူပေ။ ဆီပူလ်ဗီဒါ၏ ကြံ့ခိုင်ဖန်ရည်ရှိသော ခေါင်းဆောင်မှုနှင့် တခြားစီဖြစ်နေသည်။ မည်သို့ပင်ဖြစ်စေ ဆီပူလ်ဗီဒါ

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



နှင့် အာရှရာတို့သည် ချက်ချင်းပင် အမြင့်ဆုံးတာဝန်ရှိသူများ ဖြစ်သွားကြသည်။ အစာပြတ်တောက်မှုအပေါ် ထိန်းချုပ်ခြင်းကို အထူးဂရုစိုက်ကြရ၏။ သူတို့သည် ရက်ပေါင်းများစွာ ပိတ်ဆို့ခံကြရတော့မည်ဆိုခြင်းကို အမှန်အတိုင်း သိခဲ့ကြရပြီ။ ပထမတွင် မိမိတို့ရရှိသော ခွဲတမ်းကို ၁၂ နာရီ တစ်ကြိမ်စားခဲ့ကြသည်။ တပတ်ကျော်သောအခါ ၂၄ နာရီမှာ တစ်ကြိမ် ကျွေးသည်။ ရရှိသော ခွဲတမ်းမှာ တူနာငါးတစ်ဖွန်း နို့ခွက်တစ်ဝက် သို့မဟုတ် ဖျော်ရည်တစ်ဝက်နှင့် ခရက်ကာဘီစကစ် တစ်ချပ်ဖြစ်၏။ သူတို့သည် ၃၃ ယောက်လုံးကို အစာဝေငှပြီးသည်အထိ စောင့်ပြီးမှ မိမိရသော ခွဲတမ်းကို စားသုံးကြရန်ဖြစ်လေသည်။

ဆုံးဖြတ်ချက်များကိုကား အာရှရာရော ဆီပူလ်ဗီဒါပါ ညွှန်ကြားခြင်းမပြုပေ။ ရက်တွေကြာလာသောအခါ ဆုံးဖြတ် ရန်ကိစ္စကို လုပ်သားများအချင်းချင်း ငြင်းခုံကြပြီးနောက် အများသဘောတူရန် မဲပေးကြသည်။ ဆီပူလ်ဗီဒါက မျှတသူ ဖြစ်သည်။ သူသည် တစ်ဦးချင်းနှင့်ဆက်ဆံပြီး စုပေါင်းအုပ်စုကို စည်းရုံးသည်။ ဆီပူလ်ဗီဒါက သူသည် အများရှေ့တွင် ခွန်အားတောင့်တင်းဟန်ပြပြီး ညအခါသူများတွေ အိပ်ပျော်နေကြချိန်မှာကား ငိုမိသည်ဟု ပြောပြသည်။ သူ့တွင် အစား အစာဖန်တီးပေးနိုင်သော မှော်အတတ်ရှိချင်သည်ဟုပင် ဆန္ဒဖြစ်ခဲ့ကြောင်း ပြောဆိုခဲ့လေသည်။

လုပ်သားများသည် ဒီမိုကရေစီ နည်းစနစ်အရ နေ့စဉ်တာဝန်များ ခွဲဝေယူကြ၏။ ဆီပူလ်ဗီဒါက လူတစ်ဦးချင်းကို တာဝန်တစ်ခုစီ သတ်မှတ်ပေးသည်။ သူတို့အထဲမှာ စက်ပြင်မက္ကင်းနစ်များပါသည်။ လျှပ်စစ်ကျွမ်းကျင်သူများပါသည်။ အင်ဂျင်နီယာတွေပါသည်။ လေးလံသောစက်များ မောင်းနှင်သူတွေပါသည်။ ဤအခါ ဤကဲ့သို့ ဗဟုသုတကြွယ်ဝသူတွေကို မည်ကဲ့သို့အသုံးချရမည်ဆိုခြင်းကို ဆီပူလ်ဗီဒါကသိသည်။ သင့်တော်သောအလုပ်တာဝန်များပေးသည်။

ဤကဲ့သို့ ဆီပူလ်ဗီဒါက စနစ်တကျခေါင်းဆောင်နေသည့်တိုင် လုပ်သားများက ဖိုမင်ဖြစ်သူ အာရှရာအား ရာထူး အတိုင်း လေးစားမြဲဖြစ်၏။ မိုင်းလုပ်သားများသည် ၎င်းတို့အဆိုင်း၏ ခေါင်းဆောင်ကို လေးစားကြသည်။ ရှိသေကြသည်။ သူ့ကိုဖယ်ရှားရန် လုံးဝမစဉ်းစားကြချေ။ ကျောက်တိုင်မှာ စာထွင်းထားသကဲ့သို့ ခိုင်မာသော သဘောထားရှိသည်။ ဤကား မိုင်းလုပ်သားတစ်ဦး၏ ဘဝ၌ "ပဋိညာဏ်" တစ်ခုပင်တည်း။ အာရှရာကား ယခင်ကတည်းက မိုင်းတွင်းများတွင် နှစ်ပေါင်းများစွာ အလုပ်လုပ်လာသူ ခေါင်းဆောင်တစ်ဦးဖြစ်ကာ သူ့ပြိုင်ဘက်များကပင် အသိအမှတ်ပြုရသူဖြစ်၏။

လုပ်သားများသည် နေ့စဉ် တင်းကျပ်သောအုပ်ချုပ်မှုအောက်၌ နေခဲ့ကြ၏။ ဘုရားဝတ်ပြုရသည်။ အုပ်စုအစည်းအဝေးလုပ်ရသည်။ လုံးဝလိုအပ်ခြင်းမဖြစ်လျှင် ကိုယ်ခန္ဓာလှုပ်ရှားမှုကို အတတ်နိုင်ဆုံး လျှော့ချထားကြရသည်။ သို့အပ်၍ ကျပ်တည်းစွာ တားမြစ်ထားသော အလုပ်တစ်ခုလည်းရှိ၏။ ၎င်းမှာ မျက်နှာကြက် ခေါင်မိုးမှ ပွဲနေသောကျောက်တုံး

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



များကို ဆွဲယူပြီး ကြမ်းပေါ်သို့ ချရခြင်းဖြစ်သည်။ ဤသို့ပြုခြင်းဖြင့် ကျောက်တုံးပိခံရမှု လျော့နည်းသွားစေလေသည်။ သူတို့ ဤကဲ့သို့ အလုပ်လုပ်လေ စည်းလုံးညီညွတ်လေ ဖြစ်လာကာ အသင်းအဖွဲ့တစ်ခုအသွင် ဖြစ်လာတော့သည်။

အက်ဒီဆင်ပီနာ၏ အစီအစဉ်ဖြင့် အလင်းရောင်ရရေးအတွက် ဦးထုပ်မီးအိမ်များကို ခတ်အားသွင်းခဲ့ကြ၏။ နေ့နှင့်ည ခွဲခြားနိုင်ရန် ထိုအလင်းရောင်များကို ၁၂ နာရီကြာလျှင် ပိတ်ခဲ့ကြ၏။ အလင်းရောင်က ၄င်းတို့ကမ္ဘာကို အသေးငယ်ဆုံး ပုံမှန်ဖြစ်ရေးအတွက် ဖန်တီးလေသည်။ အလင်းရောင်ကြောင့်ပင် သူတို့အချင်းချင်း တွေ့မြင်နိုင်ကြကာ အုပ်စုဖွဲ့နိုင်ကြ ခြင်းဖြစ်သည်။ နေ့လည် ၁၂ နာရီကျော်ပြီး မွန်းလွဲ ၁ နာရီထိုးတိုင်း သူတို့ အစည်းအဝေးလုပ်ကြသည်။ စုပေါင်းအဖြေရှာခြင်း၊ ဆုံးဖြတ်ချက်ချခြင်းများ ပြုလုပ်ကြလေသည်။

ထိုသို့ အစည်းအဝေးလုပ်သောနေရာကို သူတို့အနေဖြင့် 'မြို့တော်ခန်းမ' ဟု သတ်မှတ်ရတော့၏။ အစည်းအဝေး ပြီးသည်နှင့် သူတို့ဝတ်ပြုဆုတောင်းခြင်းကို အတူပြုလုပ်ကြလေသည်။ ကက်သလစ်ဘာသာဝင်များ၊ ပရိုတက်စတင့်ဘာသာ ဝင်များနှင့် အခြားဘာသာဝင်များသည် မျှော်လင့်ချက်တည်းဟူသော အမြင်တစ်ခုတည်း၌ စည်းလုံးမိကြ၏။ ၄င်းတို့ကို 'ဂျိုစီဟင်နရီကွစ်' ကဦးဆောင်သည်။ ဂျိုစီအား လုပ်သားအားလုံးက မွေဆရာအဖြစ် တင်မြှောက်လိုက်ကြသည်။ ဂျိုစီ ဟင်နရီ၏ ပရိုတက်စတင့် အဆုံးအမများကို 'ဗစ်တာဆီဂိုဗီးယား' က တစ်ဆင့် အတိုချုပ်ရှင်းပြပြီး တစ်နေ့တာလုပ်ငန်း တာဝန်များကို ချပေးသည်။

ဆီဂိုဗီးယားက 'ကျုပ်က ဘူဒိုဇာမောင်းတဲ့လူပါ။ အဲဒီဒရိုင်ဘာခုံထဲမှာ စာရွက်နှင့် ဖောင်တိန်ရှိနေတယ်။ ခြောက်နေကြပြီ။ ဒါကိုယူပြီး နေ့စဉ်မှတ်စုရေးတယ်။ ဒါနဲ့ပဲ ကျုပ်က စာရေးဆရာဖြစ်လာရော' ဟုပြောသည်။ ယခုအခါ ဆီဂိုဗီးယား၏ မှတ်စုစာအုပ်သည် မိုင်းလုပ်သားများ၏ နေ့စဉ်လုပ်ငန်းများကို ပြဆိုသော ဂျာနယ်တစ်ခုဖြစ်သွားခဲ့ပြီ။

ဒေါက်တာ အယ်လ်လာရီနာ၏ စကားမှာ

'သူတို့ဟာ သူတို့အလုပ်ရုံးခန်းမှာ ပိတ်မိနေကြတာ။ သူတို့ဟာ ဂူတွေထဲ လှေလာရေးဆင်းတဲ့ ခရီးသွားတွေ မဟုတ်ဘူး။ သူတို့က တွင်းတူးတဲ့ကိစ္စကို သိတယ်။ ဘယ်လိုထွက်မှရမယ်ဆိုတာ သိတယ်။ အရင်က သူတို့မြေအောက်မှာ အပူချိန်များများ၊ ရေထုနည်းနည်းထဲ ၁၀ နာရီက ၁၂ နာရီအထိ နေနေကျပါ။ အခုလည်း ဒီလိုနေနေကြရတယ်။ အလုပ် တာဝန်အဆိုင်းတော့ အဆိုင်းပဲ။ ဒါပေမယ့် အကြာကြီးဆင်းရတဲ့ အဆိုင်းဖြစ်နေတယ်' ဟူ၍ဖြစ်သည်။

မီဂွလ်ဖို့တ်ကလည်း လုပ်သားများဘဝကို အောက်ပါအတိုင်း ပြောပြသည်။

'ဒီကိစ္စဟာ သင်္ဘောပျက်တာနဲ့ တူတယ်။ သူတို့ဟာ လူအများဆုံး အသက်ရှင်အောင် လုပ်ရတယ်။ အသက်ရှင် နေဆိုတဲ့ စိတ်ဓာတ်ဟာ အလွန်ထူးထူးကဲကဲ ခိုင်မာပါတယ်'

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



လုပ်သားများသည် ယခုအချိန်အထိ ရေပေါ်ပေါ်ရနေသည်။ လေရှူစရာလည်း လုံလောက်နေသည်။ အခြေခံကိစ္စကား အစားအစာဖြစ်၏။ နေ့စဉ်ပေးနိုင်သော အနည်းဆုံးခွဲတမ်းမှာ ၂၅ ကီလိုရီသာရှိသော တူနာငါးနှင့် ၇၅ ကီလိုရီရှိ နို့သာဖြစ်ရာ သူတို့ကြာရှည်ခံနိုင်ရန် မလွယ်ချေ။ ရေကို ကန့်သတ်မထားဘဲ သုံးနိုင်သဖြင့် လုပ်သားများအနေနှင့် ရက်သတ္တ ၄ ပတ်မှ ၆ ပတ်အထိ အသက်ရှင်နိုင်သေးသည်။ လူဆိုသည်မှာ ခန္ဓာကိုယ် ခွန်အားနည်းလျှင် ပိုးမွှားဒဏ်မခံနိုင်ဘဲ သေတတ်၏။ ယခုအခါအချိန်ပြည့်ပူနေရာ သူတို့ခန္ဓာကိုယ်တွင် ကယ်လိုရီတွေ ပိုပြီးလောင်ကျွမ်းနေသည်။ ချွေးက တရစပ်ထွက်နေရာ ပို၍ပင်အားကုန်နေရသည်။ လုပ်သားအများစုမှာ ခန္ဓာကိုယ်ဝဝဖိုင့်ဖိုင့်ကြီးများ ဖြစ်၏။ အစားအစာများများ စားရန်လိုအပ်၏။ ယခုအစားကို ဝဝမစားရသောအခါ ဆာလောင်မှုဖြင့် အစာအိမ်တွေ ဒုက္ခဖြစ်ကြသည်။ ပိန်သောသူများအဖို့မှု ကယ်လိုရီလျှော့စားရသည့်အတွက် ခွန်အားမကျဆင်းတော့ချေ။

အစာမလုံလောက်မှုကြောင့် သူတို့ခန္ဓာကိုယ်တွေ ရှုံ့တွလာကြသည်။ ရင်ဘတ်နှင့်ခြေထောက်မှ အရေပြားတွေ တွန့်လာကြသည်။ အဆက်မပြတ်ပူပြင်းခြင်းနှင့် လေထုနည်းပါးခြင်းက သူတို့ ခန္ဓာကိုယ်မှာ ပျံ့နှံ့လာကြသည်။ ပါးစပ်ထဲမှာ အသားတွေကွဲလာသည်။ ဤပုံနှင့်ဆိုလျှင် ပိုးဝင်ဖို့လွယ်နေသည်။

'ယွန်းနီရှိုကို ဘားရီးယက်စ်သည် သူတို့အထဲ၌ တရားဝင်ခန့်အပ်ထားခြင်းမဟုတ်သော ဆရာဝန်ဖြစ်လာ၏။ သူက ဆေးစာအုပ်တွေကို နှစ်ပေါင်းများစွာ မွှေနှောက်နေခဲ့သူဖြစ်သည်။ အမှန်မှာ သူသည် မိုင်းပြိုသောနေ့တွင် ဂျူတီဆင်းရမည့်သူမဟုတ်ချေ။ သူက အလုပ်တာဝန်ဇယား၌ ၇ ရက်လုံးလုံး ဆင်းပြီးခဲ့သူဖြစ်ပြီး နေ့အားရက်ရရန် ဖြစ်သည်။ သို့သော် နောက်တစ်ရက်ဆက်ပြီးဆင်းလျှင် လုပ်ခ နှစ်ဆရမည်ဟု ဆိုသဖြင့် ထိုနေ့က သူ့ရက်မဟုတ်ဘဲ ဆင်းခဲ့သူဖြစ်၏။ ယခုမိုင်းအတွင်းမှာ ဘားရီးယက်စ်သည် သူ့ကံကြမ္မာကိုသူ ဝမ်းနည်းချိန်မရ။ သူများ၏ အကြံဉာဏ်တောင်းခံခြင်းကိုသာ အဆက်မပြတ် ခံနေရလေသည်။

ဘားရီးယက်စ်၏ ဇနီးဖြစ်သူက အောက်ပါအတိုင်းပြောပြ၏။

'သူက ဆရာဝန်သိပ်ဖြစ်ချင်ခဲ့တာပါ။ ဆေးပညာစာအုပ်တွေ အများကြီးဖတ်တယ်။ ဆေးနဲ့ပတ်သက်ပြီး အားလုံးသိတယ်။ သူ့မိခင်ကိုလည်း ဆေးထိုးပေးနိုင်ခဲ့တယ်'

ယခုအခါ မိုင်းတွင်း၌ သူက လူများကို စမ်းသပ်ပေးသည်။ ထောက်ခံအားပေးသည်။ စိတ်ဓာတ်မကျအောင်လည်း အားပေးသည်။ ဤတွင်လုပ်သားများက သူ့အား ချစ်စနိုးနာမည်တစ်ခု ပေးလေသည်။ 'ဒေါက်တာဟောက်စ်' ဟူ၏။ ဤစခန်း၏ ဆရာဝန်ဟုဆိုလိုပေသည်။

လူအားလုံးကား နေ့စဉ်ပုံမှန်တာဝန်များကို လုပ်လိုကြခြင်းမရှိချေ။ 'ပါဗလိုရှိဂျူစ်' ဆိုလျှင် သူ့ဦးနှောက်ထဲမှာ

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



ဒုက္ခတွေ၊ ကြေကွဲမှုတွေနှင့် ပြည့်နှက်နေသူဖြစ်၏။ သူသည် ဆယ်စုနှစ်တစ်စုလုံးလုံး အရက်စွဲသောဖခင်ကို ပြုစုနေခဲ့ရသည်။ မိုင်းမပြိုမီတစ်ပတ်မှာမှ သူ့ဖခင်ကွယ်လွန်သွားခဲ့၏။ သူ့အနေနှင့် သူ့ဖခင်အတွက် ပူဆွေးဒုက္ခရောက်နေဆဲ ဖြစ်ရုံမက သူ့ဖခင်မှာ နှစ်ရှည်လများ မိုင်းတွင်း၌အလုပ်လုပ်လာသူဖြစ်ရာ သူ့ဖခင်၏ လုပ်ငန်းကိစ္စ၊ စာရွက်စာတမ်းများကိစ္စက မပြီးသေးချေ။ သူ့ခေါင်းထဲတွင် ဖခင်၏ပုံရိပ်ပဲ ပေါ်နေသည်။ သည်ကြားထဲ မိုင်းတွင်း၌ ပိတ်လှောင်ခံရခြင်းဖြစ်၍ ပိုပြီးခံစားရ၏။

မိုင်းထဲနေစဉ် ရိုဂျာ့စ်က 'စားစရာ' ကိုရှာသည်။ မိုင်းထဲမှာ ပိုးကောင်များ၊ ကြွက်များမရှိချေ။ ရှိသာရှိလျှင် စားမိမှာ သံသယမရှိဟု ရိုဂျာ့စ်ကဆိုသည်။ ရိုဂျာ့စ်သည် မိုင်းထဲနေရသည်ကို ဝမ်းနည်းမှု၊ ကြေကွဲမှုကြီးအဖြစ် ခံစားသည်။ သူသည် ၂၀၀၅ ခုနှစ်က မိုင်းလုပ်သားဘဝမှ နှုတ်ထွက်လာခဲ့သူဖြစ်၏။ သို့သော် လစာတွေမြင့်လာသဖြင့် ၂၀၁၀ တွင် မိုင်းသို့ပြန်လာခဲ့ခြင်းဖြစ်သည်။ ယခုတော့ သူ မည်သူ့ကိုမျှ မကျေနပ်တော့ချေ။ မိုင်းပိုင်ရှင်။ မိုင်း။ ထို့ပြင် သူ့ကိုယ်သူပင် မကျေနပ်တော့ပေ။ ဒီလို ဘာ့ကြောင့်ဖြစ်ရတာလဲ။ သူ သတိထားခဲ့ပါလျက်နှင့် ဤမိုင်းထဲမှာ ပိတ်မိခံရလောက်အောင် သူ အ ခဲ့ရသလား။ သူ မကျေနပ်။

■

၅ ရက်မြောက်နေ့၊ အင်္ဂါ၊ ဩဂုတ်လ ၁၀ ရက်။

သူတို့အပိတ်ခံရပြီး ၅ ရက်မြောက်နေ့တွင် တုန်ခါသော အသံသဲ့သဲ့တစ်ခုကို သိလာကြရသည်။ ခပ်လှမ်းလှမ်းမှ ခွဲတောင်သံသည် လုပ်သားအားလုံးအတွက် မမှားနိုင်သော အသိကိုပေး၏။ ဟုတ်ပြီ။ သူတို့ဆီကို မြေတွင်း တူးနေတာ ဖြစ်ရမည်။

တချို့လုပ်သားများက ဤအသံကြားရသော နေ့မှာ ၃ ရက်မြောက်နေ့၊ ဩဂုတ်လ ၈ ရက်ဟု ရေးခဲ့ကြ၏။ အချို့ကလည်း ဩဂုတ်လ ၉ ရက်ဟုဆိုသည်။ ဖြစ်နိုင်ခြေများဖြင့် သူတို့ခန့်မှန်းခဲ့သည်မှာ အမှန်ထက်လျော့သော်လည်း ခပ်ဝေးဝေးမှ တွင်းတူးသံသည် သူတို့အား မျှော်လင့်ချက်ကို စိမ့်ဝင်စေခဲ့တာ အမှန်ပင်။

သူတို့အထဲမှ 'အဲလက်စ်ဗီဂါ' ဆိုသူသည် ဝါးလုံးခေါင်းတစ်ခုကို နံရံ၌တပ်ပြီး အသံချဲ့စက်ကဲ့သို့ အသံကိုမြှင့် ကြည့်ရာ သူတို့ဆီဦးတည်ပြီး တွင်းတူးနေကြောင်း သက်သေကို ထင်ထင်ရှားရှား တွေ့လိုက်ကြလေသည်။ သို့သော် အကြိမ်မှာပင် ၂ ကီလိုမီတာရှိ လိုဏ်ခေါင်း၏ မည်သည့်အစိတ်အပိုင်းမှဖြစ်စေ နံရံကပ်ဝါးလုံးခေါင်းသည် အလားတူအသံမျိုး

www.burmeseclassic.com



ပေးကြောင်း သိလိုက်ရပေရာ အဲလက်စ် စိတ်ဓာတ်ကျသွားသည်။

သူတို့အထဲမှ လူနှစ်ဦးသာ တွင်းတူးစက်များနှင့် လုပ်ကိုင်ဖူးကြ၏။ သူတို့နှစ်ယောက်လုံးကပင် ဤလုပ်ငန်း စဉ်သည် ကျရှုံးနိုင်သည်ဟု သိကြသည်။ အဘယ်ကြောင့်ဆိုသော် တွင်းတူးသောကိစ္စတွင် ပထမမီတာ ၅၀ သည် မြန် နိုင်သော်လည်း နောက်တွင် နှေးသွားနိုင်၍ဖြစ်၏။

တွင်းတူးသောအသံသည် တုန်ခါမြည်ဟီးလှသဖြင့် အားရှိစရာ ကောင်းသကဲ့သို့ ကြောက်စရာလည်း ကောင်း သည်။ ကယ်ဆယ်ရေးအစီအစဉ် တစ်ခုတော့ စတင်ခဲ့ပြီဟု သိရသည်။ သို့သော် အသံလာရာကား အတော်ကြီး ဝေး လှ၏။ ပြီးတော့ သဲ့သဲ့မျှသာ ကြားရ၏။ မီတာ ၇၀၀ အထိဆိုလျှင် အများကြီးကြာဦးမည်ဟု လုပ်သားများက သဘော ပေါက်ကြသည်။ ကျောက်သားပျော့ပျော့မျိုးမှာပင် တွင်းတူးစက်တို့သည် တစ်နေ့မှာ ၇၅ မီတာသာ တူးနိုင်ကြောင်း လုပ်သားအားလုံး သိရှိပြီးဖြစ်၏။ ယခုတောင်ကုန်းမှာ အမာဆုံးကျောက်များဖြင့်သာ ဖွဲ့စည်းထားခြင်းဖြစ်ရာ လွယ်မည်မဟုတ်ဟု သိကြသည်။ လုပ်သားများသည် ခဏချင်းပင် စိတ်ပါလက်ပါ ဖြစ်ခဲ့ကြသော်လည်း ဆာလောင်ခြင်းနှင့် ကြောက်လန့်ခြင်းသည် တွင်းတူးမှုကြောင့် ပြေပျောက်၍မသွားချေ။ လက်တွေ့မှာကား အခြားဂြိုဟ်တစ်ခုသို့ ရောက်နေဆဲ ဟု ခံစားကြရလေသည်။

ညရောက်သောအခါ လူများထဲမှ အများအပြားသည် အိပ်ရာမှထခုန်ကာ တွင်းတူးနေရာဆီသို့ အော်ဟစ်ကြ၏။

'ဟေး..လာကြ။ မင်းတို့ဖြတ်ခဲ့ကြ။ ပေါက်တော့မယ်ကွ' စသဖြင့် အော်ဟစ်ကြသည်။ ထို့နောက် မောပြီး အိပ်ပျော်သွားကြသည်။ သို့သော် ၂ နာရီလောက်ကြာသောအခါ နိုးလာပြီး နံရံကျောက်သားများကို ကျိန်ဆဲနေကြပြန်သည်။

၉ ရက်နေ့တွင် အစာခွဲတမ်းသည် ထပ်၍လျှော့ကျခဲ့၏။ ၂၄ နာရီမှာ တစ်ကြိမ်စားရာ ၃၆ နာရီမှာ တစ်ကြိမ်စား ကြ ဖို့ဆုံးဖြတ်ကြသည်။ အစာခွဲတမ်းကျက အလွန်နည်းသည်။ အစာအိမ်ကို ကျွေးနေပါသည်ဟု လှည့်စားရုံသာ ဖြစ် လေသည်။ အစာငတ်မွတ်ခြင်းနှင့် စိတ်ရောကိုယ်ပါအားကုန်ခြင်းများက လုပ်သားများကို လှုပ်ရှားမှုနည်းပါးစေ၏။ သူတို့သည် တစ်နေ့လုံးအိပ်ခြင်းဖြင့် အချိန်ကုန်စေပြီး ကျန်ရှိသမျှခွန်အားကို ထိန်းထားကြရသည်။ အစားအစာက အလွန်ရှားပါးသွားပြီ ဖြစ်၍ သူတို့၏ အူသိမ်၊ အူမများ ရှုံ့လာကြသည်။

'စိတ်ပူသောက ဖြစ်ရခြင်းနှင့် ဆာလောင်ခြင်းကို တိုက်ခိုက်ဖို့ ခွန်အား ဘုရားသခင်က တို့ကို ခွန်အားပေးပါတယ်။ မြေအောက်မှာ တို့အားလုံး မေ့မျောလုလုဖြစ်နေကြတယ်။ ငါလည်း ဝတ်ပြုပြီး တို့အားလုံး သေခြင်းဆိုတဲ့ အဖြစ်ရောက်ရင် ကောင်းကောင်းလက်ခံနိုင်ဖို့ ဆုတောင်းနေရတယ်' ဟု လုပ်သား 'ရောလ်ဘတ်စ်တိုစ်'က သူ့ဇနီးထံ စာရေးခဲ့သည်။ ၁၁ ရက်မြောက်နေ့တွင်ကား မာရီယိုဆီပူလ်ဗီဒါကိုယ်တိုင် လဲကျသွားခဲ့သည်။ သူ တာဝန်ယူခဲ့ရသော ဝန်ထုပ်ဝန်ပိုးက

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



ကြီးမားလှ၏။ သူ ငိုသည်။ အိပ်ယာထဲတွင် လဲနေသည်။ တစ်ဖွဲ့လုံးကို ခေါင်းဆောင်ခဲ့သော သူသည် ယခု သူကိုယ်တိုင် လဲကျခဲ့ပြီ။

အခြားလူများလည်း သူ့ကိုကူညီရန် အပြေးအလွှား ရောက်လာကြ၏။ မာရီယိုဆီပူလ်ဗီဒါကို ပြန်ထူနိုင်ခြင်းသည် အုပ်စုအသက်ရှင်ရေး၏ သော့ချက်ဖြစ်၏။

'ခင်ဗျားသေလို့မရဘူး မာရီယို ခင်ဗျားမပါပဲ ကျုပ်တို့မလုပ်နိုင်ဘူး' ဟု ဗစ်တာဇာမိုရာက တောင်းပန်သည်။

'ကျုပ်တို့ဟာ မိသားစုဖြစ်နေပြီ။ တခြားတစ်ယောက်ယောက်လဲရင် ခင်ဗျားထူပေးတယ်။ အုပ်စုတစ်စုအနေနဲ့ ဘယ်လောက် ဖိအားများတယ်ဆိုတာ နားလည်ပါတယ်။ ဒါပေမဲ့ ခင်ဗျား ဒီ'လေ့' ကို စွန့်ခွာသွားလို့ မဖြစ်ဘူး။ ခင်ဗျားကို ခေါင်းဆောင်မှုလုပ်ဖို့ ကျုပ်တို့ အပ်နှင်းခဲ့တယ်' ဆယ်မြူရယ် အေဗာလို့စ်ကလည်း ပြောသည်။ ဇာမိုရာက သူ့ကိုဟာသတွေပြောသည်။ ဒီနေရာမှ ထွက်ကိုထွက်ရမည်ဟု အားပေးသည်။

မာရီယိုဆီပူလ်ဗီဒါ နေပြန်ကောင်းလာမှ လူတွေလည်း ပြန်၍အားရှိလာသည်။ ဆီပူလ်ဗီဒါသည် သူတို့ကို ကယ်တင်ခဲ့သည်ဟု သူတို့ယုံကြည်ကြလေသည်။

■

လူ ၃၃ ယောက် မိုင်းတွင်းထဲ ပိတ်မိသည်ဆိုခြင်းမှာ မလိုလားအပ်သော စမ်းသပ်မှုတစ်ခုဖြစ်သည်။ ရက်စက်သောစမ်းသပ်မှု တစ်ခုဖြစ်သည်။ လူအနည်းအကျဉ်းသာတွေ့နိုင်သော စိတ်ပိုင်းဆိုင်ရာ စိန်ခေါ်မှု တစ်ခုလည်းဖြစ်သည်။ ကမ္ဘာကြီးနှင့် အဆက်အသွယ်ဖြတ်ပြီး သဘာဝအလင်းရောင်မရ။ သဘာဝအသံမရှိ။ ဘာဖြစ်လာမည်ဟု မှန်းဆ၍မရ။ ကျောက်အကျိုးအပဲ့တွေကြားမှာ အသံတွေက မြည်ဟီးနေသည်။

'မိုင်းတွင်းထဲဆိုတာ အမျိုးမျိုးဖြစ်နိုင်တယ်။ အတူတူ ခံစားနေရတယ်။ နှိပ်စက်ခံနေရတယ်။ သူတို့ဟာ မြေအောက်မှာ လှောင်ပိတ်ခံရတယ်ဆိုတာက တစ်ချက်၊ နောက်တစ်ချက်က မှောင်မိုက်နေတဲ့ နေရာဖြစ်တယ်။ နောက်တစ်ခုက စားစရာမရှိဘူး၊ နောက်တစ်ခါ ညစ်ပတ်တဲ့ရေ၊ ဒါတွေအားလုံး တစ်ယောက်ချင်းစီမှာ ခံစားရပြီး စုပေါင်းလိုက်တဲ့အခါ စိတ်ကျသွားနိုင်တဲ့အားတွေ ဖြစ်လာပါလိမ့်မယ်' ဟု စိတ်ထိန်းချုပ်ရေး စမ်းသပ်မှုများနှင့် မေးခွန်းများနည်းစနစ် အကြောင်း စာအုပ်ရေးသူ ဒိုမီနတ်စထရက်ဖီးလ်ဒ်က ရေးသားခဲ့သည်။

လုပ်သားများထဲမှ 'ဂျင်မီဆန်ရှယ်' က အိပ်မက်ဆိုးများမက်ပြီး ကယောင်ချောက်ချား ဖြစ်သွားသည်။

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



သေဆုံးသော မိုင်းလုပ်သားများက တဖွဲလာခြောက်သည်ဟု မြင်နေသည်။ တစ်ဦးတည်း ငါးရှာထွက်သူများသည် ဤကဲ့သို့ပင် ဒဏ္ဍာရီများ၊ ပုံပြင်များ၏ လွှမ်းမိုးခံရတတ်သည်။ ခန္ဓာကိုယ်မှ ရေဓာတ်ထွက်သွားပြီး အင်အားကုန်ခမ်းသွားသော လူများသည် ကိုးကွယ်ရာကို ရှာတတ်မြဲဖြစ်ပေသည်။

မာရီယိုဆီပူလ်ဗီဒါသည် မာရ်နတ်နှင့် စကားစမြည်ပြောဖြစ်၏။

'ကျုပ်က ဘယ်သူမှမရှိတဲ့ နေရာတစ်ခုမှာ ဘုရားဝတ်ပြုဖို့သွားတယ်။ အဲဒီနေရာမှာ 'ဂျီနို'ရဲ့ ခြေထောက်ပြတ်ခဲ့ဖူးတယ်။ အဲဒီနေရာမှာ တခြားလူတွေလာပြီး ဝတ်ပြုကြတယ်။ ကျုပ်လည်း ဘုရားရှိခိုးစာကို အကျယ်ကြီး အော်ဆိုလိုက်တော့ ကျောက်တုံးကြီးတစ်ခု ကျုပ်ဘေးကို ကျလာပါရော။ အဲဒီကျောက်တုံးဟာ ဘုရားသခင်မဟုတ်ဘူး ဆိုတာ ကျုပ်သိတယ်။ ဒါပေမယ့် အဲဒါမာရ်နတ်ဗျ။ မာရ်နတ်ဖြစ်နေတာကိုး။ သူက ကျုပ်အတွက် ရောက်လာတာ။ ကျုပ်ကိုယ်က အမွေးတွေအကုန်လုံး ထောင်ထလာကြတယ်။ အဲဒီနောက် ကျုပ်အော်ပစ်လိုက်တယ်။ ဟေး‥ ကျောက်တုံးတွေ မင်းတို့ ဘယ်အချိန်ကျမှ နားလည်မှာလဲ။ မင်းတို့လည်း ဘုရားသခင်ရဲ့သားပဲ။ အသံ့ခံကြစမ်းဆိုပြီး အော်ဟစ်ပစ်လိုက်တယ်။ အဲသလို ထိပ်တိုက်ရင်ဆိုင်လိုက်တော့မှ မာရ်နတ်လည်း ဘာမှမပြောတော့ဘဲ ထွက်သွားတော့တယ်'

မာရီယိုကဲ့သို့ပင် မိုင်းတွင်းရှိ လုပ်သားများသည် အရိပ်တွေကိုမြင်ကြ၏။ ရုပ်ပုံလို ပုံရိပ်များ မြင်ကြ၏။ ကြည့်ရင်းကြည့်ရင်းမှ တဖြည်းဖြည်း မှိန်ပြီးပျောက်သွားတတ်သည်။ လုပ်သားများသည် ၎င်းတို့နှင့်အတူ ဘုရားသခင်ရှိနေသည်ဟုလည်း ယုံကြည်ကြ၏။ ထို့ကြောင့် ၎င်းတို့အားလုံး ၃၃ ဟု မပြောပဲ ၃၄ ဟု ဘုရားသခင်ကို အပါအဝင် ထည့်တွက်ပြီး ပြောဆိုကြ၏။ ဘုရားမယုံသူများပင် စတင်၍ဝတ်ပြုဆုတောင်းခြင်းကို ပြုလုပ်ခဲ့ကြလေသည်။

ဗစ်တာဇာမိုရာကား အသားပြားကို ခရမ်းချဉ်သီးနှင့် ညှပ်၍မြို့ရင်း ဘီယာသောက်ရန် စိတ်ကူးယဉ်အိပ်မက်ကို ပြောနေ၏။ အဲလက်စ်ဗီဂါတစ်ယောက်ကမူ ကားတစ်စီးမှ ထိုင်ခုံကိုဖြုတ်ယူပြီး အိပ်ယာလုပ်ကာ ဖိမ်ကျကျနေနိုင်သူတစ်ဦးဖြစ်သွားသည်။ အခြားလူတစ်ယောက်က ယာဉ်တစ်စီးမှ သစ်သားတြိဂံတစ်ခုကို တွေ့သောအခါ ထိုသစ်သားတြိဂံကို ကြဲကြဲဖန်ဖန် ဖြတ်တောက်ပြီး 'ဒိုမီနို' ကစားရန် အတုံးကလေးများ ပြုလုပ်လေသည်။ လုပ်သားအများစုသည် အုပ်စုငယ်လေးများဖွဲ့ကာ မိမိတို့ ကြောက်စိတ်များ စိတ်ကူးအိပ်မက်များကို ရင်ဖွင့်ကြ၏။ ပြီးတော့ အမှောင်ထုထဲတွင် ချစ်သူစုံတွဲများပမာ အကြာကြီးလမ်းလျှောက်နေတတ်ကြသည်။

'အေရီယယ်လ်တီကိုနာ' ဆိုသူ လုပ်သားမှာ တခြားသူများနှင့် မတူသော စိတ်ဝေဒနာတစ်မျိုးကို ခံစားနေရသည်။ အိမ်မှာ သူ့ဇနီးသည် မီးဖွားခါနီးဖြစ်၏။ သူသည်မကြာခင် ဖခင်တစ်ဦးဖြစ်လာတော့မည်ဖြစ်သည်။ ယခုဆိုလျှင် သူ၏ ပထမဆုံး သမီးလေး မွေးခါနီးနေရှာမည်။ ဒါမှမဟုတ် မွေးများမွေးသွားပြီးပြီလား။ မွေးဖွားမှုကရော ကျန်းကျန်းမာမာ



www.burmeseclassic.com

www.burmeseclassic.com



ချောချောမောမောမှ ဖြစ်ပါ့မလား။ သူ့အမေကော ဘယ်လိုရှိမလဲ စသဖြင့် သူစိတ်ပူသည်။ လူများစုက သူတို့ကို ကယ်ဆယ်မည့်ကိစ္စရောက်လာပြီး မြေတွင်းထဲမှ ထုတ်ယူသွားမည့်ရက်ကို တွက်နေကြစဉ် အေရီယယ်လ်တီကိုနာကမူ သူ့သမီးမွေးဖွားမည်ဟု တွက်ထားသော စက်တင်ဘာ ၂၀ ကိုပဲ စိတ်ရောက်နေသည်။ အခုဆိုလျှင် အစာမစားဘဲ နေလာခဲ့သည်မှာ ၁၅ ရက်ရှိပြီ။ သူနေသာထိုင်သာရှိ၏။ ရေသာလုံလုံလောက်လောက်ရလျှင် နောက်တစ်လ နေနိုင်မှာပါဟု နောက်တစ်လအတွက်သူ ပြင်ဆင်ထားလေသည်။

'ကျုပ်ကတော့ သေမင်းကို လက်လျှော့လိုက်ပါပြီ'

ဤစကားကို ပြောသူကား ရစ်ချာ့ဒ်ဗီလာရီးဝယ်တည်း။

သူကလည်း ဖခင်လောင်းတစ်ဦးဖြစ်၏။ သူက ကိုယ်အလေးချိန် ၂၈ ပေါင်ကျသွားသည်။ သူ့ကလေးလေးကို မတွေ့ရတော့မှာ ပူနေသည်။ ယခုဆို သူ အရိုးပေါ်အရေတင်ဖြစ်နေပြီ။ ဘေးမှအပေါင်းအသင်းတွေကို ကြည့်တော့လည်း အခြေအနေက ဆိုးဝါးလှ၏။ ဤအချက်ကပင် သူ့ကိုပို၍ ခြောက်ချားစေတော့သည်။ သူသည် ဦးခေါင်းက ကောင်းနေမှန်း သိသော်လည်း အိပ်ယာမှထလိုက်လျှင် ယိမ်းထိုးနေသည်။ သို့သော်သူက အဆင့် ၉၀ သို့ ဆင်းသည်။ စည်ဟောင်းတွေထဲမှာ ဆီအကပ်အသပ်တွေကို ရှာသည်။ ထို့နောက် အထက်ဆင့်သို့ပြန်တက်ပြီး ရလာသောဆီနှင့် အမှိုက်မီးရှို၏။ မီးခိုးသင်္ကေတပြနေတည်း။

အထက်အဆင့်တစ်ခု၏ နံရံတွင် 'ပျောက်ဆုံးသူ ၃၃' ဟုရေးထားသောစာကို သူဖတ်ရ၏။ ထို့ပြင် လိမ္မော်ရောင်များဖြင့် 'ခိုလှုံရေးစခန်း' ဟုရေးထားသည်ကိုလည်း မြင်ရသည်။ စိတ်ဓာတ်ခြောက်ချားရသော ပထမနေ့ရက်များတွင် လူတွေကယ်ဆယ်ဖို့ ရောက်လာမည်ဟု တွေးထင်ကြရပြီး ထိုလူများရောက်လာလျှင် မိမိတို့ရှိသောနေရာကို သိရှိရန် ယခုကဲ့သို့ မြားပြ၍ စာရေးထားကြခြင်းဖြစ်သည်။ ယခုတော့ ဤသတင်းပေးစာက ဘာမျှမကယ်နိုင်။ ရှေးခေတ်ကျောက်စာလို ဖြစ်သွားခဲ့ပြီ။

ကြမ်းပေါ်မှာ သူတို့ လဲလျောင်းနေကြစဉ် စကားတွေ ထပ်ကာထပ်ကာပြောကြရင်း တဖြည်းဖြည်းသေဖို့ နီးလာသည်။ မာရီယိုဆီပူလ်ဗီဒါက သူ့လူတွေကို သတိထားမိလာ၏။ သူတို့ကား ဘုရားသခင်မကယ်လျှင် သို့မဟုတ် မြေတူးသူများရောက်မလာလျှင် ဘယ်လိုရှင်းနိုင်ကြပါ့မလဲဟု အားလျော့ကုန်ကြပြီ။ မြေတူးသံကတော့ နီးသည်ထက် နီးလာပါ၏။ သို့သော် သူတို့မျှော်လင့်ချက်ကား ရေရှည်ခံဖို့ ခက်ခဲနေလေပြီ။

'ကျုပ်တို့ ရယ်စရာတွေ ပြောကြပါတယ်။ ပျော်စရာတွေ ပြောကြပါတယ်။ တစ်ခါမှာတော့ တို့ဒီကလွတ်ရင် သူတို့က တို့ကိုလေယာဉ်နဲ့ ပို့လိမ့်မယ်။ အဲဒီလေယာဉ် ပျက်ကျရင်လည်း တို့ကအသက်ရှင်မှာပဲ။ မိုင်းလုပ်သား ၃၃

www.burmeseclassic.com



ယောက်က ထပ်ပြီးရှင်သန်နေမှာ အသေအချာပဲလို့ ပြောဖြစ်တယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျုပ်တို့အားလုံး ရယ်မောဖြစ်ကြတယ်' ဟု မာရီယိုဆီပူလ်ဗီဒါက ပြောသည်။

သူတို့အထဲမှ ဖရန့်ကလင်လိုဘိုစ်မှာ ဘောလုံးသမားဟောင်းတစ်ဦးဖြစ်၏။ သူက သူတို့လွတ်ပြီးသောအခါ အကျိုးအမြတ်မယူသော ဖောင်ဒေးရှင်းတစ်ခု ထူထောင်မည်ဟု ပြောသည်။ ထိုဖောင်ဒေးရှင်းတွင် သူတို့အားလုံး အမြင်တွေ စုစည်းကြမည်။ သူတို့လောကတွင် အလုပ်သမားများကို နေ၍ထိုင်၍ရလောက်သော သင့်တင့်သည့် လုပ်ခလစာရအောင်စုပေါင်း မြှင့်တင်ကြမည်ဟု ဆိုသည်။ သူတို့ကား 'ရဲ ၃၃ ဖော်' (33 Musketeers) ဖြစ်ရမည်။ ဘယ်တော့မှ မပြိုကွဲနိုင်သော စုစည်းမှုဖြစ်ရမည်ဟု စိတ်ကူးယဉ်ခဲ့လေသည်။

ဘဝကို အကောင်းမြင်ရှုထောင့်မှ ရှုကြည့်တတ်ရန်၊ ဘဝအပြောင်းအလဲကို လက်ခံတတ်ရန် ဘာသာရေးဆရာများက လေ့ကျင့်ပေးခဲ့ကြ၏။ ပိတ်လှောင်ခံနေရသူများအတွက် ငြိမ်းချမ်းခြင်း၊ စည်းလုံးခြင်းသည် လွယ်ကူစွာရောက်ရှိလာသည်။ သို့သော် အမှန်တရားကြောင့် ချက်ချင်း ပြိုကွဲသွားပြန်သည်။ သူတို့အထဲတွင် ညီအစ်ကိုများ၊ ဦးလေးသားချင်းများ၊ ဝမ်းကွဲများစသည့် သွေးတော်သူများရှိနေသည်။ သူတို့က အခြားသူများနှင့် ယှဉ်လျှင် ပို၍နီးစပ်ပြီး ပေါင်းစည်းနေကြသည်။ တစ်သက်လုံး မိုင်းထဲမှာ အတူလုပ်လာသူများလည်း ပိုရင်းကြသည်။

စုစုပေါင်း ၃၃ ဦးသည် ဆုံးဖြတ်ချက်ချရန် အစည်းအဝေးတက်ခြင်း၊ စုပေါင်း ဝတ်ပြုခြင်း၊ အစားအစာဝေငှခြင်းများ၌ စုဝေးနေကြစဉ် မိုင်းပိုင်ရှင်က ခန့်ထားခြင်းမဟုတ်သော အခြားလုပ်သား ၅ဦးခန့်သည် ခွဲခြားဆက်ဆံခံရ၏။ ထို့အတူ စစ်ပြန်အလုပ်သမားများသည်လည်း မကြာမီကမှ ရောက်လာသူများဖြစ်ရာ နောက်ခံယဉ်ကျေးမှုအရလည်းကောင်း ဘာသာရင်း အရပ်သားအချင်းချင်းဖြစ်စဉ်အရလည်းကောင်း မတူသဖြင့် ရင်းနီးမှု လျော့ကြသည်။

သူတို့၏ ခိုလှုံရာစခန်းသည် အိပ်စရာနေရာဖြစ်သော်လည်း အလွန်ပူပြင်းပြီး အနံ့အသက် မကောင်းချေ။ အနံ့က မခံမရပ်နိုင်အောင် ဆိုးဝါးလှသဖြင့် 'အိုမာရေဂါဒါ' သည် ဝင်ပေါက်တံခါးမကြီးကို ဆွဲဖျက်ပစ်လိုက်၏။ ယခင်က ဖုန်များ၊ သဲများ၊ ကျောက်ခဲများ ဝင်လာမည်စိုး၍ ပိတ်ထားခဲ့သော တံခါးများ ယခုအခါ ပိတ်ရန်မလိုတော့ပေ။ လှောင်နေသော အနံ့များ သက်သာရန်ဖွင့်ပစ်ရသည်။ သို့တိုင်အောင်လည်း အနံ့အသက်တွေက မပျောက်သေးပေ။ ချေးများဖြင့် ညစ်ပတ်နံစော်နေသော လူနံ့တွေရှိနေသည်။ တစ်ခါတစ်ခါ လေပြေတစ်ချက်ရလျှင်ပင် သူတို့အဖို့ မွှေးပျံ့သော ရေမွှေးဖြစ်တော့၏။

■

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



**၁၄ ရက်မြောက်နေ့၊ ကြာသပတေး၊ ဩဂုတ် ၁၉ ရက်။**

ပိတ်မိခဲ့သည်မှာ ၁၄ ရက်ရှိခဲ့ပြီ။

ဤ ၁၄ ရက်မြောက်နေ့တွင်ကား တွင်းတူးစက်သည် သူတို့ထံရောက်တော့မည်ဟု သူတို့အသေအချာ တွေးမိကြသည်။ သို့သော် မြန်ပါ့မလား။ မည်သို့ပင်ဖြစ်စေ သူတို့ ကြိုတင်ပြီးစီမံကိန်းဆွဲကြရ၏။ အကယ်၍ တွင်းတူးစက်က ခေါင်မိုးကို ထိုးဖောက်မိတော့မည်ဆိုလျှင် အားလုံးလှိုဏ်ခေါင်းထောင့်များထဲ ပြေးဝင်ကြရန်ဖြစ်သည်။ လှုတိုင်းတွင် လက်ရေးဖြင့် ရေးသားသော ညွှန်ကြားချက်ရှိနေသည်။ တွင်းတူးစက်ဖောက်လာပါက ဆက်သွယ်ရန်ဖြစ်သည်။

သူတို့လက်ထဲတွင် လိမ္မော်ရောင် ဆေးဖျန်းဗူးများလည်း ရှိနေသည်။ ထိုဆေးဖျန်းကိရိယာများဖြင့် တွင်းဝသို့ ပက်ရန်ဖြစ်၏။ ထို ဆေးဖျန်းခြင်းကိုမြင်လျှင် ကယ်ဆယ်ရေးသမားများမှ အတွင်း၌အနည်းဆုံး လူသားတစ်ယောက်တော့ အသက်ရှင်နေကြောင်း သိသွားရန်ဖြစ်သည်။ ထို့ပြင် အကြီးစားစက်ကိရိယာများကိုလည်း အသင့်ပြုလုပ်ထားကြ၏။ ထိုအပ်လာပါက တွင်းကိုချဲ့နိုင်ဖို့ 'ဂျမ်ဘို' ခေါ် စက်ကိုလည်း အသင့်လုပ်သည်။ တွင်းတူးရာမှ ကျလာမည့် ကျောက်တုံးအစနှင့်အမှိုက်များကို ရှင်းလင်းရန် ဘူဒိုဇာနှင့်တူသော စက်ကိုလည်း အသင့်ပြင်ထားကြလေသည်။

တွင်းတူးမှုက တစ်လက်မတိုးလာတိုင်း လုပ်သားများ၏ စိတ်ဝင်စားမှုက တစ်ဆင့်တိုးပွားလာရလေပြီ။

သူတို့သည် တွင်းတူးစက်သံကို ချစ်မြတ်နိုးနေခဲ့ကြ၏။ ၂၄ နာရီလုံးလုံး သူတို့ စိတ်လှုပ်ရှားစွာ စကားပြောနေမိကြ၏။ ကယ်ဆယ်ရေးအဖွဲ့ကို သူတို့ မည်သို့မည့်ပုံသတင်းပေးမည်ဆိုခြင်းကို တစ်ယောက်နှင့်တစ်ယောက်ပြောရင်း ဝီတီဖြစ်နေခဲ့ကြ၏။ သူတို့ အပေါ်ဘက်မှာ ထုနှက်နေသံကြားရခြင်းကို ဝမ်းသာနေခဲ့ကြ၏။

ထို့နောက်တွင်ကား သူတို့အဖို့ စိတ်ညစ်ဖွယ်နားလည်မှုတစ်ခုကို ရလိုက်ကြရသည်။ အခြားမဟုတ်ပေ။ တွင်းတူးမှုသည် မရပ်မနားဆက်နေပြီး သူတို့အောက်ခြေသို့ ရောက်သွားခြင်းတည်း။ သူတို့နေရာနှင့် လွဲသွားပြီ။ မီတာ ၇၀၀ အထိ တူးနိုင်ပါလျက်နှင့် နေရာလွဲသွားခဲ့လေပြီ။ သူတို့ အောက်လွှာသို့ အပြေးအလွှားသွားကြည့်ကြ၏။ လွဲပြီဟု သိပြီးစိတ်ဓာတ်ကျရ၏။ သူတို့အောက် ၂၅ မီတာတွင် တွင်းတူးမှုရပ်သွားခဲ့သည်။ မြေကြီးပေါ်မှာရော မြေအောက်မှာပါ ငြိမ်သက်သွားပုံမှာ ကြောက်ခမန်းလိလိပါပဲ။ တစ်ယောက်က မအောင့်နိုင်ဘဲ 'တို့သေတော့မယ်' ဟု အော်ဟစ်လိုက်၏။ အခြားတစ်ယောက်က ဘုရားသခင်ကို ယုံကြည်ဖို့ပြော၏။

'လူတွေကလည်း အရမ်းစိတ်ဓာတ်ကျသွားတယ်။ ဘာမှမလုပ်တော့ဘူး။ အိပ်ပဲအိပ်နေကြတော့တယ်။ စိတ်ဓာတ်ကျရောဂါ ကူးကုန်ကြပြီ။ ကျွန်တော်ငိုတယ်။ ထပ်ခါတလဲလဲ ငိုမိတယ်။ ဒါပေမယ့် သူတို့ကိုတော့ အမြင်မခံဘူး' ဟု

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



ဆယ်မြူရယ်လ်အေဗာလို့စ်က ပြောသည်။

'ကျုပ် ရစ်ချာ့ဒ်ဗီလာရီးကို ကြည့်တယ်။ သူ့မိန်းမက ကိုယ်ဝန်ကြီးနဲ့။ ပြီးတော့ အော့စ်မင်အာရာယာကို ကြည့်တယ်။ သူ့မှာ ကလေးငယ်ငယ်လေးတွေ ၄ ယောက်တောင်ရှိတယ်။ ကျုပ်ကမှ ကလေးတစ်ယောက်တည်းရှိတာ ဒီလိုစဉ်းစားမိတော့ အခြားလူတွေအတွက် ပိုပြီးစိတ်သောကဖြစ်မိတယ်။ သူတို့မှာ ကလေးလေးတွေနဲ့၊ ကိုယ်ဝန်ဆောင် ဇနီးနဲ့ အဲဒါတွေမြင်လေ ကျုပ် ငိုပြီးရင်း ငိုမိလေပါပဲ။ ဒီအဖြစ်ဟာ တကယ်ရှုးစရာတွေပဲ ' ဟုလည်း ဆင်မြူရယ်အေဗာလို့စ်က ပြောခဲ့၏။ အဲလက်စ်ဗီဂါကမူ -

'အဲဒီကာလဟာ အမှောင်ဆုံးအချိန်ပဲ။ အောက်ဆုံးလှာကို ကျုပ်တို့ဆင်းကြည့်တယ်။ တွင်းတူးတာ ရပ်သွားပြီလို့ သိလိုက်ရတယ်။ လူအတော်များများက သေမယ်လို့တွေးကြတယ်။ အိမ်ကို 'နှုတ်ဆက်စာ' တွေတောင် ရေးနေကြတယ်။ ဗစ်တာဇာမိုရာက အရင်ဆုံးစရေးတာ။ နောက် ဗစ်တာဆီဂိုဗီးယား။ နောက် မာရီယိုဆီပူလ်ဗီဒါ'ဟု ပြောပြသည်။

မာရီယိုဆီပူလ်ဗီဒါကလည်း...

'ကျွန်တော်တို့အားလုံး သေခြင်းကို စောင့်နေရတဲ့ အခန်းထဲရောက်နေပြီ။ ကျွန်တော်လည်း သေခြင်းကို စောင့်နေတယ်။ လူဟာ ငြိမ်သွားတယ်။ ကျွန်တော်သိပါတယ်။ ကျွန်တော့်မျက်လုံးတွေ အချိန်မရွေးမှောင်ကျသွားမယ်။ အဲဒီအခါ ခမ်းနားတဲ့ သေဆုံးခြင်းပဲ။

ကျွန်တော်က ခေါင်းဆောင်းဦးထုပ်ကိုလည်း ပြင်ထားတယ်။ ကျွန်တော်တို့ ပစ္စည်းပစ္စယလေးတွေ သိမ်းတယ်။ ခါးပတ်ကို ပတ်တယ်။ ဖိနပ်တွေကိုလည်း အစီအစဉ်အလိုက် ချထားခဲ့တယ်။ ကျွန်တော်ဟာ မိုင်းလုပ်သားတစ်ယောက်အဖြစ် သေချင်တယ်။ သူတို့ကျွန်တော့်ကို တွေ့သွားတဲ့အခါကျရင် ကျွန်တော်ခေါင်းမော့ပြီး သိက္ခာရှိရှိသေဆုံးနေတာကို တွေ့စေရမယ်' ဟု စဉ်းစားခဲ့၏။

ကလော်ဒီယိုယန်နီးဆိုသူ လုပ်သားကမူ ငြိမ်းချမ်းစွာသေဆုံးမှုကို မပြင်ဆင်နိုင်ခဲ့ချေ။ သူ့အပေါင်းအသင်းများ က ယခုအချိန်သည် အပြင်းထန်ဆုံးအချိန်ဖြစ်နေကြောင်း အသစ်ရောက်လာသော လူပိန်ပိန်ယန်နီးကို စားကြရန်ဖြစ်ကြောင်း ရက်ပေါင်းများစွာ ပြောခဲ့ကြ၏။ ယန်နီး မိုင်းမပြိုခင် ၃ ရက်ကမှ မိုင်းထဲရောက်ခဲ့သူဖြစ်၏။ သူ့လူများက သူ့ကိုစားကြမည် ဆိုခြင်းကို နောက်နေခြင်းဟု ခံစားခဲ့ပြီးသော်လည်း တကယ်တမ်း၌ သူ့ကိုသတ်ပြီး ကျန်လူများအတွက် အစာဖြစ်သွားနိုင် သည်ကို မတွေးဘဲ မနေနိုင်ချေ။

ဒယ်နီယယ်ဆင်ဒါဆင်ဆိုသူ ရေးသောစာထဲတွင်လည်း သူတို့သည် တစ်ဦးကိုတစ်ဦး သတ်စားနိုင်ကြမည်ဟု ထည့်သွင်းရေးသားခဲ့၏။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



■

၁၅ ရက်မြောက်နေ့ ရောက်လေပြီ။

သူတို့တွင် အစားအစာက နောက်ဆုံးလက်ကျန်သာ ရှိတော့သည်။ ဓမ္မဆရာဂျိုးစီဟင်နရီကွစ်က တူနာငါးနှစ်ဗူးကို နှစ်ဆတိုးလာပါစေဟု လက်ချင်းတွဲပြီး ဆုတောင်းရန် အားလုံးကို အားပေးခဲ့၏။ လုပ်သားများလည်း သူပြောသည့်အတိုင်း လက်ချင်းတွဲလျက် အစားအစာဗူးပေါ်တင်ပြီး ဆုတောင်းကြသည်။ တချို့လူများကမူ ဘုရားသခင်ထံ ငါးသေတ္တာထုတ်ပေးဖို့ တောင်းခံခြင်းအပေါ် ပြုံးမိကြပေသည်။

■

ဩဂုတ်လ ၂၁ ရက်၊ ၁၆ ရက်မြောက်နေ့။

မာရီယိုဆီပူလ်ဗီဒါသည် သူသေတော့မည်ဟု သူ့ဘာသာသေချာနေသည်။ အစာ နှစ်ရက် မစားရသောအခါ သူ ရေတွေအန်သည်။ သူ၏ ၁၃ နှစ်အရွယ်သားထံ နောက်ဆုံးစာရေးသည်။

'သတ္တိရှိတဲ့ နှလုံးသားတွေကို သတိရပါ။ သူ့လူမျိုးကို ကာကွယ်တဲ့ စေ့စ်သည်တွေကို သတိရပါ။ အဲဒါမင်းလုပ်ရမယ့်အလုပ်ပဲ ။မင်းအမေကိုလည်း ဂရုစိုက်ပါ။ ကာကွယ်ပါ။ မင်းအစ်မရောပေါ့။ အခုမင်းဟာ အိမ်မှာလူကြီးဖြစ်သွားပြီ'

■

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



## အခန်း - ၆
## မိုင်းအောက်ခြေ၌

၁၆ ရက်မြောက်နေ့၊ စနေ၊ ဩဂုတ်လ ၂၁ ရက်။

ဆန်ဂျိုးမိုင်းဝင်ပေါက်၏ အပေါ်တွင် အီဒူရာဒူနှင့် အဖွဲ့သား ၆ ယောက်တို့သည် မရပ်မနားတွင်းတူးလျက်ရှိကြ၏။ တွင်းတူးမြေပတ်ဝန်းကျင်မှာကား ပစ်ထားသော မိုင်းရုံးခန်းရှိသည်။ သစ်သားအိမ်ကလေးနှစ်ခုမှာ လူမနေတော့၍ တစ္ဆေမြို့ကဲ့သို့ ဖြစ်နေသည်။ အံဆွဲတွေက ပွင့်ကျလျက်။ ဖွင့်ထားသော သစ်သားတံခါးမှ ဖုန်တွေက တသောသောဝင်လျက်။ သစ်သားရုပ်တာပြတင်းများက ပျင်းရိစွာလှုပ်ခါလျက်။ သဲကန္တာရကလည်း ပူပြင်းလှသည်။

ညရောက်သောအခါမှာမူ အအေးဓာတ်က ရေခဲအမှတ်အောက်သို့ရောက်သည်။ ပစိဖိတ်သမုဒ္ဒရာဘက်မှ နှင်းခဲများက လေနှင့်ပါလာသောအခါ အအေးလွှာ နောက်ထပ်တစ်လွှာ ဖိလိုက်ပြန်သည်။ မည်သို့ပင် ပူသော်လည်း၊ အေးသော်လည်း တစ်ဦးတစ်ယောက်မျှ မညည်းညူကြချေ။ ရာသီဥတုဆိုးဝါးခြင်းသည် ယင်းတို့ ဒုက္ခထဲမှာ နောက်ဆုံးအဆင့်ဖြစ်သည်။ သူတို့အာရုံပြုနေသည်မှာ မြေအောက်မီတာ ၇၀၀ ပစ်မှတ်ပါ။

တွင်းတူးအဖွဲ့များကား ၂၄ နာရီ မရပ်မနားအလုပ်လုပ်လျက်ရှိသည်။ စက်ပြင်ရန်၊ ဆီဖြည့်ရန်၊ ဟိုက်ဒရောက်စ်အက်ဆစ်စစ်ဆေးရန် ကိစ္စများအတွက် မနက် ၈ နာရီမှာတစ်ကြိမ်၊ ည ၈ နာရီမှာ တစ်ကြိမ်သာ တွင်းတူးမှုနားသည်။ သူတို့အားလုံးတွင်း ၉ တွင်း တစ်ပြိုင်နက်တူးနေကြခြင်း ဖြစ်၏။ အဖွဲ့တစ်ဖွဲ့တွင် လူ ၇ ဦးပါသည်။ တွင်းကို အသုံးပြုပုံချင်းကား မတူချေ။ နည်းပညာလည်း ကွဲသည်။ တွင်းနံပါတ် ၁၀ B သည် 'လေလည်ပတ်ရန်' ဖြစ်၏။ တစ်နေ့တည်းမှာ ၂၄၄ မီတာ တူးနိုင်သော်လည်း လမ်းချော်သွားလျှင် ပြန်စ၍မရတော့ချေ။ ယင်းတွင်းတူးနည်းမှာ

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



နေးသော်လည်း ပို၍စနစ်ကျ၏။

တွင်းတူးစက်များသည် အောက်ရောက်လျှင် လိုဏ်ခေါင်းတစ်ခုခု သို့မဟုတ် စက်ပြင်ရုံ သို့မဟုတ် ခိုလှုံစခန်းကိုတွေ့နိုင်မည်ဟု ပစ်မှတ်ထားခဲ့ကြသည်။ မိုင်း၏မြေပုံကို အင်ဂျင်နီယာများက အထပ်ထပ်ဖတ်သည်။ တွင်းထဲ၌ ဒေါက်တိုင်များမှာ သတ္တုနှင့်လုပ်ထားခြင်းမရှိကြောင်း တွေ့ရ၍ တွင်းထပ်ပြိုပြီး တပတ်စာလုပ်ခဲ့သမျှ အလကားဖြစ်သွားနိုင်သည်။

ပုံမှန်တွင်းတူးမှုများဆိုလျှင် ၈၀ မီတာခန့် ပစ်မှတ်ထား၍ တူးလေ့ရှိခဲ့သည်။ ယခုကိစ္စမှာကား ပစ်မှတ်တစ်ခုလုံးကို ၁၀ မီတာရှည်ပြီး စတုရန်းမီတာ ၁၆၅ အထိသာ ပစ်မှတ်ထားခဲ့၏။

အစားအစာစားချိန်ဟူ၍လည်း အလွန်နည်းပါးပါသည်။ အောက်ခြေရှိ စားသောက်ခန်းမှာ လူမရှိ။ မည်သူမျှသွား၍မစားနိုင်ကြ။ ရက်အနည်းငယ်ကြာတိုင်း ဆင်းဒဝစ်အခု ၁၀၀ နှင့် ရေပုလင်းတို့ကို သွန်ပစ်ကြရသည်။ ယင်းစားစရာများမှာ ဆန်တာဖီးခေါ် အနီးအနားရှိမိုင်းတစ်ခုမှ လာရောက်လှူဒါန်းခြင်းဖြစ်၏။ ထိုသို့ ကယ်ဆယ်ရေးအဖွဲ့ဝင်များ မစားနိုင်သော အစာများကို ကျောက်တောင်များကြား၌ ကျက်စားသော စိမ်းပြာရောင်ပုတ်သင်များကသာ ယူ၍စားသောက်နေခဲ့ကြတော့၏။ သာမန်အချိန်တွင်အသားများ၊ ကြက်များချက်စားခဲ့ကြသော်လည်း ယခုအခါမှာကား ဘာဘီကျူးအကင်များ အချိန်မဟုတ်။ သူတို့အားလုံး စိတ်ပူ ရင်ဆာဖြစ်နေကြတော့သည်။

'ဟာတာဒို' ခေါ် ၅၃ နှစ်အရွယ် တွင်းတူးအတွေ့အကြုံ အနှစ် ၂၀ ရှိသူသည် အချိန်ကြာသည်နှင့်အတူ စိတ်ညစ်ညူးလာသည်။ သူက စက်ကိုလည်အောင်လုပ်နေဆဲ နေ့ရက်တွေက ကုန်သွားကြ၏။ သူတို့အလုပ်လုပ်နေသည်မှာ ၅ ရက်ရှိသွားပြီလား။ ၇ ရက်ရှိသွားပြီလား။ သူမတွေးနိုင်တော့ပေ။ အောက်၌ တစ်ယောက်ယောက် အသက်ရှင်နေသေးသည် ဆိုလျှင်လည်း စက္ကန့်နှင့်အမျှ သေဖို့နီးလာပြီ။ ကယ်ဆယ်ရေးအဖွဲ့ဝင်အများအပြားအတွက် မီတာ ၇၀၀ ပိုက်ကိုသွင်းနေခြင်းသည် နားမလည်နိုင်ဖွယ် ဖြစ်လာသည်။

ဟာတာဒို၏ အဖွဲ့သားများကမူ စိန်ခေါ်မှုကို စနစ်တကျနားလည်သည်။ သူတို့သည် မိုင်းပြိုပြီး ၄၈ နာရီအတွင်း ရောက်လာခဲ့ကြသူများ ဖြစ်ပြီး အိပ်ရသည်ဟု အလွန်နည်းပါးသည်။ နောက်တစ်ရက် နှစ်ရက်အတွင်းလောက်မှ လူများကို တွေ့လျှင် သေနိုင်သည်ဟု သူတို့ သောကရောက်နေကြသည်။

■

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



**၁၆ ရက်မြောက်နေ့၊ မိုင်းအောက်တွင်။**

ငါးသေတ္တာက နှစ်ဘူးပဲကျန်တော့သည်။ လုပ်သားတို့သည် နောက်ထပ်ဆုံးဖြတ်ချက်တစ်ခုကို ဆင်းရဲပင်ပန်းစွာ ချရ၏။ နှစ်ရက်မှာ တစ်ကြိမ် အစာတစ်ကိုက်စားနေရာမှ ၃ ရက် တစ်ကြိမ်စားရန်တည်း။

လုပ်သားများသည် အင်အားကုန်ခန်းလုပြီဖြစ်၍ အပေါ်အပါးသွားဖို့ကို မိနစ် ၃၀ ခန့် လမ်းလျှောက်ခဲ့ရာက ယခု မလျှောက်နိုင်တော့ပေ။ ယခင်က အလွန်အကြမ်းခံနိုင်သော လုပ်သားများသည်လည်း ဝေ်မွတ်ခြင်း၊ စွန့်ပစ်ခံရခြင်းများရိုက်ခတ်မှုကြောင့် အားအင်ကုန်ဆုံးခဲ့လေပြီ။ လူအတော်များများသည် စကားပြောနေကြသေးသော်လည်း လမ်းမလျှောက်နိုင်ကြတော့ပေ။ တစ်ချိန်လုံး လှဲလျောင်းနေကြရတော့၏။

ချီလီမိုင်းဆရာဝန်ကလည်း လုပ်သားတို့၏ ကျန်းမာရေးကျဆင်းနိုင်ပုံကို ပြောနေသည်။ လုပ်သား ဗစ်တာဇာမိုရာ၏ ဩဂုတ်လ ၂၁ ရက်နေ့ရေးသော မှတ်ဆက်စာတွင် 'ငါမနေရတော့ဘူး။ ငါ့ဇနီးနဲ့ ကလေးတွေကိုပြောနိုင်တာ တစ်ခုပဲရှိတယ်။ အဲဒါကတော့ ငါစိတ်မကောင်းပါဘူး ဆိုတာပါပဲ' ဟုဖော်ပြခဲ့၏။

သူတို့ထံ အဆက်မပြတ်တူးနေသော စက်သံများကိုမူ ကြားနေရပါသည်။ သို့သော် မိုင်း၏ပွဲတင်သံကြောင့် လူများအမှန်တကယ် ရှိသည့်နေရာသို့ ဝင်လာမည့်အရေးကို ဖျက်သကဲ့သို့ရှိနေသည်။ သေချာပေါက် မှန်းဆတူးခဲ့ပြီး လွဲသွားခဲ့သော တွင်းများကြောင့် အကောင်းမြင်စိတ်ကလည်း ပျောက်သွားပြီ။ သို့သော် အားလုံးသတိရှိနေဆဲဖြစ်၏။ တွင်းတစ်ခုရောက်ရှိလာ လျှင် ဘာလုပ်ရမည်ဆိုသည်ကို သူတို့သိသည်။ သူတို့ လေ့ကျင့်ထားခဲ့ပြီးပြီ။ သို့သော် သူတို့ဆီရောက်မှ ရောက်လာပါဦးမလား။

■

**၁၆ ရက်နေ့၊ ကယ်ဆယ်ရေးလုပ်ငန်းစဉ်**

ယင်းနေ့ (ဩဂုတ် ၂၁) ညနေပိုင်းတွင် တွင်းနံပါတ် ၁၀Bသည် ၆၄၀ မီတာသို့ရောက်သည်။ ပစ်မှတ်သို့ ၄၈ မီတာသာ လိုတော့လေသည်။ တွင်းတူးသမားများအနေနှင့် သူတို့ပစ်မှတ်ကို နီးနေပြီဟု မှတ်ယူထားကြ၏။ တခြားတွင်းများ တူးစဉ်က ကျောက်ထုထပ်သော နေရာများတွင် ၄၈ မီတာ ရောက်ဖို့အတွက် ခက်ခဲသည်။ ယခုကား ၄၈ မီတာသည် နောက်ဆုံးပစ်မှတ်ဖြစ်နေပြီဟု ယူဆခဲ့ကြ၏။ နောက် ၂၄ နာရီဆိုလျှင် ပစ်မှတ်အနက်သို့ ရောက်တော့မည်။ သို့သော် ယင်းတို့၏ တွင်းသည် မူလလမ်းကြောင်းမှ နည်းနည်းလေး ယွင်းနေကြောင်းလည်း သိကြသည်။

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



ယင်းတို့အဖွဲ့ခေါင်းဆောင် အင်ဂျင်နီယာမှာ 'နယ်လ်ဆင်ဖလိုးစ်' ဖြစ်၏။ ယင်းတို့ အသုံးပြုသောစက်မှာ ကမ္ဘာ့အဆင့်မီစနစ်ကျသော ဆော့ဖ်ဝဲပရိုဂရမ်ဖြစ်၏။ ယင်းစက်က တွင်းတူးနေစဉ် အင်ဂျင်နီယာများအား ပစ်မှတ်ရှိရာကို ညွှန်ပြနိုင်လေသည်။ ဖလိုးစ်သည် အထက်မှအကူအညီကိုလည်း တောင်းခံထားသေးသည်။ တွင်းတူးသောနေရာသို့ သူရောက်လာသောနေ့တိုင်း သူ့အင်္ကျီအိတ်ကပ်ဖွင့်ကာ စိပ်ပုတီးတစ်ကုံးကို ဆွဲထုတ်ပြီး စက်၌ချိတ်သည်။ ထိုစိပ်ပုတီးမှာ မနှစ်ကမှ ကွယ်လွန်သွားခဲ့သော ၁၆ နှစ်အရွယ် သူ့သမီးလေး၏ ပုတီးဖြစ်၏။ သူတွင်းတူးစက်မောင်းသောအခါ စိပ်ပုတီးသည် အနည်းငယ်ယိမ်းထိုး လှုပ်ရှားလေသည်။

ဆောင်ဂါရက်လည်း ထူးထူးဆန်းဆန်း စွမ်းရည်သတ္တိလိုနေပြီ။ ဟာတာဒိုခေါင်းဆောင်သော တွင်းတူးမှုသည် အလျင်အမြန် ခရီးရောက်နေပြီး တွေ့ရှိဖို့လမ်းကြောင်းပေါ် ရောက်ခါနီးနေပြီ။ လမ်းကြောင်းက အနည်းငယ်ကွေ့သွားသည်။ မူလပစ်မှတ်ကို မထိဘဲ တိမ်းသွားနိုင်ကြောင်း သူတို့သဘောပေါက်ကြ၏။ ယခုထက် မျဉ်းမတ်ကျအောင် ချိန်ပြီး လမ်းကြောင်းအနည်းငယ်ပြောင်းရန် လိုနေသည်။ သို့သော် နောက်ဆုံးအဆင့် ရောက်နေသဖြင့် အခက်ခဲဆုံးဖြစ်သွားပြီ။

■

၁၇ ရက်မြောက်နေ့၊ မြေပေါ်တွင်။

မီတာ ၆၆၀ ရောက်သောအခါ ဖလိုးစ်က စက်ကို အရှိန်လျှော့လိုက်၏။ ပုံမှန်ပြနေကျ တစ်မိနစ်လျှင် ၂၀ သွားနှုန်းကို ၅ သို့ လျှော့ချသည်။ ရည်ရွယ်ချက်မှာ တွင်းကိုသေသေသပ်သပ်ဖြစ်ရန်ဖြစ်၏။ အမြန်နှုန်းသွားခြင်းက တွင်းဝန်းကျင်တစ်ခုလုံးကို တိုက်စားတတ်သည်။

နံနက် ၄ နာရီ။

တွင်းနံပါတ် ၁၀B တွင် လူစုလူဝေးဖြစ်လာသည်။

ညကား ငြိမ်သက်လှ၏။ လာနေကျ လေကလည်းမလာ။ နှင်းခဲများလည်း မကျချေ။

မီးမောင်းများထိုးပုံက ရုပ်ရှင်ရိုက်ကွင်းနှင့်တူနေသည်။ ကျောက်ပုံကြီးများပေါ်တွင် ရှည်လျားသော အရိပ်မည်းများပေါ်လျက်။ အင်ဂျင်စက်သံများက မကြာမကြာရပ်နားနေ၏။

နောက်ဆုံးမီတာများ၌ ထိုးနှစ်သောပုံစံက ရေထဲသို့ တုတ်တံထိုးနှစ်လိုက်သကဲ့သို့ ပြောင်းသွားသည်။ နှစ်ပတ်လုံးလုံး သူတို့ကြိုးပမ်းခဲ့မှုနောက်ပိုင်းတွင် ဆောင်ဂါရက်နှင့် ဟာတာဒိုတို့ မထင်မှတ်ဘဲ ဆုရရှိသွားကြပြီ။ တွင်းသည်

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



မည်သည့်နည်းနှင့်ဖြစ်စေ မှန်ကန်အောင် လမ်းကြောင်းပြောင်းနိုင်ခဲ့၏။

'တွင်းတူးတဲ့ကိစ္စမှာ အင်ဂျင်နီယာဆိုင်ရာ လောဂျစ်နည်းမရှိပါဘူး။ တစ်ခုခု ဖြစ်သွားတာလို့ပဲ ကျွန်တော်ယုံကြည်တယ်။ ကျွန်တော်တို့မှာ ကံကောင်းခြင်းရှိနေခဲ့လို့ အကူအညီရှိနေခဲ့တာပါ' ဟု ဆောင်ဂါရက်က ဆိုသည်။

နံနက် ၅း၅၀ နာရီမှာ တွင်းသည် ၆၈၈ မီတာကို ကျော်သွားခဲ့သည်။ ဖလိုးစ်က တွင်းသည် အခန်းလွတ်တစ်ခုထဲ ဆင်းသွားသည်ဟု ခံစားလိုက်ရ၏။ ထိုအခန်းထဲ၌ လူသူမရှိချေ။ တွင်းတူးစက်ကား ၄ မီတာနက်သော ဟာလာဟင်းလင်း နေရာတစ်ခုထဲ ဝင်ရောက်သွားခြင်းပင် ဖြစ်လေသည်။

■

**၁၇ ရက်မြောက်နေ့၊ မိုင်းအတွင်းတွင်။**

ယခုအခါ မိုင်းတွင်းရှိ လုပ်သားများအားလုံး မည်သည့်ခွန်အားမျှ မရှိတော့ပေ။ ယခင်ကတော့ တွင်းတူးစက် ဝင်ရောက်လာမည့်အချိန်ကို တစ်ညလုံးမအိပ်ဘဲ စောင့်နေကြမည်ဟု တိုင်ပင်ခဲ့ကြ၏။ သို့သော် ထိုစိတ်ကူးကို စွန့်ပစ်လိုက်သည်မှာကြာပြီ။ အိပ်ပျော်ခြင်းကိုလည်း လွယ်လွယ်နှင့်မရကြ။ လေထုက ညစ်ညမ်းသည်။ မြေပြင်က စိုစွတ်သည်။ ပတ်ဝန်းကျင်တစ်ခုလုံး မွန်းကျပ်နေသည်။ ဤအခြေအနေမျိုးတွင် မည်ကဲ့သို့ နှစ်နှစ်ခြိုက်ခြိုက် အိပ်နိုင်ကြပါမည်နည်း။ အစာငတ်၍သေရခြင်းကို တုံ့ပြန်နိုင်ဖို့ စိတ်ပြေလက်ပျောက် ဒိုမီနိုကစားကြတာပဲရှိ၏။

စက်လည်သံသိမ့်သိမ့်သည် ကျောက်တုံးကိုဖြိုခွင်းကာ ငြိမ်သက်နေသော လှိုဏ်အတွင်းသို့ တုန်ဆင်းလာလေသည်။

'အဲဒီတုန်းက ကျွန်တော်က နိုးနေတာပါ။ ဒိုမီနိုကစားရင်းပေါ့လေ။ တွင်းတူးစက်လည်း ခွဲဆင်းလာရော ကျွန်တော်တို့အားလုံးအတွက် အခမ်းနားဆုံးအချိန် ဖြစ်သွားခဲ့ပါတော့တယ်။ ကျွန်တော်တို့ဟာ တွင်းတူးပိုက်ကြီးကိုကြည့်ပြီး ကြက်သေသေသွားကြတယ်။ ဘာဖြစ်တယ်ဆိုတဲ့အမှန်ကို နားလည်ဖို့အတော်ကြာခဲ့တယ်။ ပြီးတော့မှ ကျွန်တော်တို့ တစ်ယောက်ကိုတစ်ယောက် ပြေးဖက်ပြီး ဂုဏ်ပြုမိကြပါတယ်။ ခုတော့မှပဲ အစစ်အမှန်ကို သဘောပေါက်သွားတယ်။ သူတို့ကျွန်တော်တို့ကို ကယ်နေကြပြီ။ ဒုက္ခတွေ ပြီးငြိမ်းသွားပြီ။ တအားကို အံ့သြစရာကောင်းတာပဲ။ လူတွေရဲ့တာ ဟိုပြေးဒီပြေးနဲ့။ ကျွန်တော်ဆိုရင် ဝမ်းသာလွန်းလို့ ပိုက်ကြီးကိုပြေးရိုက်ဖို့ တုတ်ရှာမိတယ်' ဟု ရစ်ချာ့ဗီလာရီးက ပြန်ပြောပြပါသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



၁၇ ရက်မြောက်နေ့၊ ကယ်ဆယ်ရေးလုပ်ငန်းစဉ်။

နံနက်စောစော အရုဏ်တက်အလင်းရောင်ထဲတွင် တွင်းတူးစက်ဝန်းကျင်ရှိ အလုပ်သမားများသည် ခုန်ပေါက်ကြ၏။ အော်ဟစ်ကြ၏။ ပြေးဖက်ကြ၏။ ဟာတာဒိုထံမှ ညွှန်ကြားချက်ကို စောင့်ကြ၏။ ဟာတာဒိုဖလိုးစ်လည်း တွင်းတူးစက်ကို အမြန်ရပ်ပစ်လေသည်။

တွင်းနားသို့ ဝိုင်းအုံကြပြီး လက်ထောက်ဖြစ်သူ ဂါဘရီယယ်ဒိုင်းစ်က ၇ ကီလိုဂရမ်လေးသော တူကြီးဖြင့် ပိုက်ကို ၃ ကြိမ်တိတိ ထုရိုက်သည်။ ချက်ချင်းပင် ဟာတာဒိုက ပိုက်အတွင်းဝသို့ သူ့နားကိုကပ်ပြီး နားထောင်သည်။ အောက်ဖက်ဆီမှ တိုးညှင်းသော တီးခတ်သံမှန်မှန်ကို ကြားလိုက်ရ၏။ တွင်းကို ဖွန်းတစ်ခုဖြင့် ရိုက်နေသံနှင့် တူပေသည်။ ခဏကြာသော် အသံမျိုးစုံကို ကြားရလေ၏။ ယုံမှားဖွယ်မရှိတော့ချေ။ အောက်မှာ အသက်ရှင်မှုရှိနေတာ သေချာပြီ။

အောက်ဘက်မှလာသော ပဲ့တင်သံများက ထင်ရှားနေသည်။ မြေအောက်အနက်ကြီးထဲတွင် တစ်ယောက်ယောက်က ပိုက်ကို ရိုက်လှုပ်နေတာ သံသယဖြစ်ဖွယ်မရှိတော့ချေ။ သို့သော် ဟာတာဒိုနှင့် သူ့အဖွဲ့သားများက အသေအချာ မပြောနိုင် ကြသေးပါ။ လွန်ခဲ့သည့် တစ်ပတ်ကပင် ဆန်ကျိုးမိုင်း၌ တွင်းတူး၍ မီတာ ၅၀၀ အရောက်မှာ အသံတွေကြားခဲ့ရသည်။ ထိုအခါ ဗီဒီယိုကင်မရာကို လျှောချပြီး စုံစမ်းခဲ့၏။ သက်ရှိသတ္တဝါမရှိပါ။ လုပ်သားများမရှိပါ။ သည်တော့ ယခုလည်း အောက်၌အသက်ရှင်သူ ရှိမည်ဟုဆိုနိုင်ပါ့မလား။ မိုင်းတွင်းကိုယ်တိုင်က သူတို့ကိုလှည့်စားနေလေသလား။

သတ္တုတွင်းဝန်ကြီးဂိုလ်ဘိုနီနှင့် အဖွဲ့ခေါင်းဆောင်ဖြစ်သော ဆောင်ဂါရက်တို့သည် တွင်းဝသို့ အပြေးအလွှား ရောက်လာကြ၏။ ဆောင်ဂါရက်က ဆရာဝန်တစ်ဦး လူနာသွေးစမ်းသကဲ့သို့ပုံမျိုးဖြင့် အဝေးမှအသံကိုချဲ့သောကိရိယာဖြင့် နားထောင်သည်။ အသံကား တစ်ယောက်ယောက်က ထုနှက်နေပုံတည်း။

ဂိုလ်ဘိုနီကလည်း သူ့ကယ်ဆယ်ရေးသမားများကို ပြေးဖက်သည်။ သူ့ခေါင်းဆောင်းဦးထုပ်ကို ချွတ်ချပြီး တောင်အောက်သို့ ပြေးဆင်းသည်။ မိသားစုများကို အကြောင်းကြားရန် ဖြစ်၏။ ဝန်ကြီးသည် မိုးကာတဲတစ်ခုချင်းဆီသို့ သတိပေးစကားပြောလိုက်၏။

'ဒီနေ့ ကျုပ်တို့ သတင်းရလိမ့်မယ်။ နားစွင့်နေကြပါ'

ထိုအခါ စခန်းတစ်ခုလုံးသည် မျှော်လင့်ချက်ဖြင့် နိုးထလာကြ၏။ ဂျာနယ်လစ်များကလည်း ဝန်ကြီးထံ မေးခွန်းတွေ လာမေးကြသည်။ သို့သော် ဝန်ကြီးက အားလုံးဖွင့်မပြောသေး။ လျှို့ထားသည်။ 'သမ္မတကြီး လာပါလိမ့်မယ်' ဟု သာ အဖြေပေးခဲ့၏။ မိသားစုများလည်း ပျော်ရွှင်စွာအော်ဟစ်ရင်း ချီလီအလံတော်ကို ဝှေ့ရမ်းကြသည်။

■

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



**၁၇ရက်မြောက်နေ့၊ မိုင်းအတွင်းမှာ။**

မိုင်းတွင်း၌လည်း လုပ်သားများသည် ရောက်လေရာမှပြေးလာကာ တွင်းတူးပိုက်ကို ကြည့်နေကြ၏။ ဆေးမှုတ်ဗူးများဖြင့် ပိုက်ကိုဆေးဖျန်းသူဖျန်းသည်။

'ကျူပ်တို့မှာလေ ဒီပိုက်ကြီးကို ပြန်မသွားပြီး ပျောက်သွားမှာကို စိုးရိမ်နေကြတယ်။ ဒီတော့ မြန်မြန်လုပ်မှ ဖြစ်မယ်' ဟု အဲလက်စ်ဗီဂါကပြောပြသည်။ သူတို့သည် သူတို့နေရာကို ခိုင်မာအောင် လုပ်ဖို့လိုနေသည်။ မျက်နှာကြက်မှ ကျိုးပဲ့နေသော ကျောက်တုံးများ အချိန်မရွေးတိုက်မိပြီး ကျလာနိုင်သည်။ သို့သော် အပေါ်သို့ သတင်းဆက်သွယ်ရမည်။ သူတို့အလျင်လိုသဖြင့် ကျလာသောပိုက်ကိုသာ အာရုံစိုက်နေကြရာ မျက်နှာကြက်ကကိစ္စမှာ အန္တရာယ်ဖြစ်ဆဲ ဖြစ်နေတော့သည်။

ဗီလာရီးသည် ဘော့စ်ဘောရိုက်တံအရွယ်ရှိ လေးလံသော သံတုတ်ဖြင့် ပိုက်ကို စတင်ထုရိုက်၏။ လိုဏ်ခေါင်းထဲတွင် အက်ကွဲသံများ ပဲ့တင်ဟီး၍သွားသည်။ သို့သော် ဤအသံက အပေါ်အထိ ပဲ့တင်ပါ့မလား။ ဗီလာရီးသည် မိုင်းတွင်းသုံး စက်တစ်ခုမှ သံပိုက်တစ်ခုကိုယူသည်။ ထိုသံပိုက်ကို သံတုတ်ဖြင့် ရိုက်သည်။ သံကိုသံဖြင့်ရိုက်သံက အရှည်ကြီးမြည်သွား၏။ သူတို့သည် ကျလာသော တွင်းတူးပိုက်ကို သံတူဖြင့် တစ်ယောက်တစ်လှည့်စီ ထုရိုက်ကြလေသည်။

သူတို့ခေါင်းပေါ်မှ အန္တရာယ်ရှိသော ကျောက်တုံးများရှိနေလျက်နဲ့ လုပ်သားတို့သည် တွင်းတူးပိုက်၌ စာများချည်နှောင်ကြလေသည်။ မာရီယိုဂိုမက်စ်နှင့် ဂျိုစီအိုဂျီဒါတို့က သူတို့ဇနီးနှင့် ကယ်ဆယ်ရေးအရာရှိများထံ လေးစားစွာ စာရေးကြ၏။ သူတို့ရေးထားသော စာများကို မလှုပ်မယှက်ရှိနေသော တွင်းတူးပိုက်ကြီး၌ ချည်နှောင်ကြလေသည်။ မာရီယိုဆီပူလ်ဗီဒါကမူ သူ့အတွင်းခံဘောင်းဘီ၏ ခါး၌ချုပ်ထားသော သားရေကြိုးကိုဆွဲထုတ်ပြီး စာများကိုပိုက်တွင် ပတ်၍ချည်သည်။

တစ်နာရီခန့် ကြာသွားပြီ။ ပိုက်ကို ဆေးဖျန်းကြသည်မှာ ဆေးဗူးကုန်သည်အထိဖြစ်၏။ ခဏကြာသော် တွင်းတူးပိုက်သည် ဖြည်းညှင်းစွာ တက်၍သွားလေသည်။

ယခုတော့ သူတို့ချည်း ကျန်ရစ်ကြပြန်သည်။ လိုဏ်ထဲရှိဝန်းကျင်မှာ 'ရှင်ပြန်ထမြောက်ခြင်း' စိတ်များဖြင့် အင်အား ပြန်လည်ရောက်ရှိလာသည်။

အစာငတ်မွတ်၍ ဇာတ်တူသားစားရတော့မည့်စိတ်ကူးတွေ မရှိကြတော့။ သူတို့ဆုတောင်းခဲ့သော 'အစားအစာ' ရတော့မည့်အချိန် မဝေးတော့ပေ။

■

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



၁၇ ရက်မြောက်နေ့၊ ကယ်ဆယ်ရေးလုပ်ငန်းစဉ်။

တွင်းနံပါတ် ၁၀B တွင်ကား ဟာတဒိုနှင့် သူ၏တွင်းတူးသမားများသည် တွင်းတူးပိုက်ကို အပေါ်ဆွဲတင်ရမည့် တာဝန် ရှိနေသည်။ သံထည်အရှည်မီတာ ၇၀၀ နီးပါးရဖို့ ပိုက်ပေါင်း ၁၁၄ ခုဆက်ထားရခြင်းဖြစ်၏။ တစ်ခုလျှင် ၆ မီတာ ရှည်သည်။ ၁၀၈ ကီလိုဂရမ်လေးသည်။ ဤပိုက်များကို အပေါ်သို့ ဆွဲတင်ရသောအချိန်မှာ ၆ နာရီကြာလိမ့်မည်။

သမ္မတပီနာရာ။

သူ့လူများက တစ်မနက်လုံးအချိန်နှင့်အမျှ သတင်းပို့နေသဖြင့် တွင်းတူးပိုက်ရောက်ကြောင်း ချီလီသမ္မတပီနာရာ သိရလေပြီ။ သို့သော် သမ္မတမှာ အရေးတကြီးကိစ္စက ရှိနေသည်။ တခြားမဟုတ်ပေ။

အသက် ၈၇ နှစ်အရွယ် ယောက္ခမကြီးက သေလုမျောပါးဖြစ်နေခြင်းတည်း။ ပီနာရာသည် သူ့ဇနီးနှင့်အတူ ယောက္ခမကြီးအိပ်ယာဘေးမှာ နောက်ဆုံးချိန်ကို စောင့်နေရ၏။ ယောက္ခမကြီးအား မိုင်းတွင်းလုပ်သားများ အသက်ရှင် နေကြောင်းသတင်းကို ပြောပြနေ၏။ လေတပ်အရာရှိများက သမ္မတ၏လေယာဉ်ကို အသင့်ပြင်ထားကြသည်။ နေ့လည် ၁၂း၀၀ နာရီမှာ ယောက္ခမသေဆုံးသည်။ တစ်နာရီ အကြာတွင် ပီနာရာသည် စင်တီယာဂိုလေဆိပ်သို့ အပြေးအလွှားသွားရ၏။ လေယာဉ်ငယ်လေးထဲတွင် ပြည်ထဲရေးဝန်ကြီး ရိုဒရီဂိုဟင်ပီတာနှင့်အတူ ကိုပီယာပိုမြို့ရှိရာသို့ ပျံသန်းခဲ့လေသည်။

ဆန်ဂျိုးသို့ ပီနာရာမရောက်မီမှာပင် တွင်းတူးပိုက်၏ နောက်ဆုံးအစိတ်အပိုင်းကို မယူနိုင်ခဲ့လေပြီ။ ဟာတဒိုက ရွှံ့ပေနေသောပိုက်ကို ကြည့်သောအခါ လိမ္မော်ရောင်ဆေး ဖျန်းထားသည်ကို မြင်သည်။ ဒါ သတင်းပို့တာများလား။

ဟာတဒိုသည် တစ်ဂါလံဝင်ရေဗူးထဲမှရေဖြင့် သံပိုက်ကိုဆေးချသည်။ ဆေးရောင်ပေါ်လာ၏။ သူက ဝန်ကြီးကို ပြောသည်။

'ဒါ ကျွန်တော်တို့ မှတ်ထားတဲ့ဆေးမဟုတ်ဘူး ဝန်ကြီး။ ဒါဟာ အောက်မှာ အသက်ရှင်နေတယ်ဆိုတဲ့ အမှတ်အသားပဲ'

ညနေ ၂ နာရီ။

ဂိုလ်ဘိုနီက သံပိုက်ကိုစစ်ဆေး၏။

တိုးညင်းသော အသံများက သူ့ကိုအားရှိစေသည်။ တွေ့ပါပြီ။ လက်ဖြင့်ဆေးခြယ်ထားသော အရာများ။ အသက်ရှင်နေကြောင်း သက်သေ။

စက္ကန့်အနည်း ငယ်ကြာသောအခါ။

တွင်းတူးပိုက်တစ်ခုလုံး အပေါ်ရောက်လာသည်။

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



ပိုက်တွင် ကြိုးများပတ်ထား၏။ ဆီပူလ်ဗီဒါ၏အတွင်းခံဘောင်းဘီမှ သားရေကြိုးနှင့် ချည်နှောင်ထားသောအိတ်ထုပ်ကလေးများ။ ကယ်ဆယ်ရေးလုပ်သားများက ရွှံ့ပေနေသောပလတ်စတစ်စများကို ခွာသည်။ ဂိုလ်ဘိုနီက အထဲမှ စာရွက်သေးသေးလေးကို နူးညံ့သောလက်ဆောင်တစ်ခုအဖြစ် ဂရုတစိုက်ဖွင့်သည်။ စာရွက်က ဆုတ်ဖြဲထားသော စာရွက်ပဲ။ မြေအောက်မှ သတင်းစကား။

တွင်းတူးပိုက်က လယ်ဗယ် ၄၄ ကို ထိုးဖောက်ဝင်လာတယ်။ မျက်နှာကြက်ရဲ့ ထောင့်နားမှာ ညာဖက်ခြမ်းက ရေနည်းနည်းကျလာတယ်။ ကျွန်ုပ်တို့အားလုံး ခိုလှုံရာစခန်းထဲမှာ သင်တို့ထံ ဘုရားသခင်က အလင်းရောင်နှင့် နှုတ်ဆက်မှု ယူဆောင်လာပါစေ။ မာရီယိုဂိုမက်စ်' စာရွက်အခြားဖက်တွင်လည်း စာရေးထားသေးသည်။

ဂိုလ်ဘိုနီက လူထုအားအသံကျယ်ကျယ်ဖြင့် ဖတ်ပြ၏။ 'ချစ်သောလီလီ စိတ်ရှည်ရှည်ထားပါ။ ကိုယ် ဒီက ချက်ချင်းထွက်လာချင်တယ်။ ထို့နောက်သူက အသံမထွက်ဘဲ ဖတ်ပြီးမှ 'ဒါက ကိုယ်ရေးကိုယ်တာပဲ' ဟု ဆိုလေသည်။

ဂိုလ်ဘိုနီသည် စာရွက်အပိုင်းအစများကိုယူကာ ဆောင်ဂါရက်နှင့်အတူ တောင်အောက်သို့ဆင်းရန် ပစ်ကပ်ကား တစ်စီးစီစဉ်သည်။ သတင်းမထုတ်ပြန်မီ မိသားစုများကို အတိုချုံးရှင်းပြရန်ဖြစ်၏။

တွင်းတူးအဖွဲ့မှ စက်ဆရာတစ်ဦးဖြစ်သူ ဖရန့်စစ်စကိုပိုယာကိုသည် နောက်ဆုံးပိုက်အစိတ်အပိုင်းမှ ရွှံ့များကိုဖယ်ပြီး နိုင်လွန်အိတ်နှင့် ကြိုးများကိုရှင်းယူသောအခါ ဂိုမက်စ်၏စာကို တွေ့ရခြင်းဖြစ်သည်။ ရောနေသော မြေများ၊ အမှိုက်များထဲမှ တိပ်အခွေတစ်စကိုလည်း တွေ့ရ၏။

ယင်းကို ကောက်ယူသောအခါ နောက်ထပ်ထုတ်ထားသော အထုပ်တစ်ခုကို တွေ့ပြန်သည်။ ယင်းမှာတခြား လုပ်သားတစ်ဦးရေးသောစာ ဖြစ်နေ၏။ ထိုစာကို အိမ်ယူသွားလျှင် အမှတ်တရဖြစ်နိုင်သည်ဟု သူ သဘောကျနေမိသည်။ သို့သော် စာကိုဖြည်ကြည့်တော့မှ ရှင်းလင်းသော လက်ရေးအနီရောင်ဖြင့် ရေးထားသည်ကို ဖတ်ရ၏။ စာ၏အဓိပ္ပာယ်မှာ 'ကျွန်ုပ်တို့အားလုံးနေကောင်းသည်။ ၃၃ ဦးလုံးပါ' ဟုဆိုလိုသည်။ သေချာလေပြီ။ အားလုံးအသက် ရှင်နေကြလေသည်။

ပိုယာကိုလည်း ဂိုလ်ဘိုနီထံအပြေးသွားကာ ရွှံ့ထဲ၌တွေ့ရသော စာကိုပြ၏။ ထို့နောက် လူတွေအားလုံးအသက်ရှင် နေသည်ဟု စတင်အော်ဟစ်တော့သည်။ ဟာတဒူလည်း အော်သံတွေကြား၏။ ဂိုလ်ဘိုနီက ခေတ္တကြည့်ပြီး ပိုယာကိုလက်မှ စာကိုမြင်ရသောအခါ ကျယ်ကျယ်ဖတ်ဖို့ပြောရ၏။ အသက် ၃၀ အရွယ် စက်ဆရာလေးလည်း စာကိုဖြန့်လျက် ချီလီဘာသာဖြင့် ရေးထားသော စာလုံး ၇ လုံးကို ကျယ်လောင်စွာ ဖတ်ပြလေသည်။ အဓိပ္ပာယ်မှာ 'လူ ၃၃ ယောက်လုံး အသက်ရှင်နေသည်' ဟု ဆိုလိုသည်။ ဆိုက်တစ်ခုလုံး ဆူညံသွားတော့၏။ ဘောလုံးပွဲ၌ အနိုင်ဂိုးသွင်းသကဲ့သို့ပင်။ ခေါင်းဆောင်ဦးထုပ်များနဲ့ အင်ဂျင်နီယာများသည် ကောင်းကင်သို့ လက်တွေမြှောက်လျက် အော်ဟစ်ကြ၏။ ပြေးဖက်ကြ၏။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ခုန်ပေါက်ကြ၏။ အားလုံး ပျော်ရွှင်သွားခဲ့ကြလေသည်။

ဆန်ဂျိုးမိုင်းတွင် အဖေ့ကိုယ်စား အလုပ်လုပ်နေသော အသက် ၂၂ နှစ်အရွယ် ခရစ်ရှန်ပွန်စာလာ၏ တုံ့ပြန်မှုကား လျင်မြန်လှ၏။ သူသည် မျှော်လင့်ခြင်းစခန်းရှိရာတောင်ခြေသို့ ပြေးဆင်းသွားပြီး 'သူတို့အသက်ရှင်နေတယ်။ သူတို့ အသက်ရှင်နေတယ်။ သူတို့သတင်းပို့လိုက်ပြီ။ သူတို့နေကောင်းတယ်တဲ့။ တခြားတော့ဘာမှ မသိရသေးဘူး။ သိရရင် သိရချင်း လာပြောပါမယ်' ဟု အော်ပြောခဲ့လေသည်။

■

၁၇ ရက်မြောက်နေ့၊ မိုင်းအတွင်းမှာ။

မိုင်းအတွင်းရှိ တွင်းတူးမှုပြုလုပ်ထားသော နေရာ၌ ဓာမိုရာသည် အမိုးခိုင်ခန့်ရေးကို ကြီးကြပ်ကွပ်ကဲနေခဲ့သည်။ ဤအလုပ်ကို ဖြစ်ခါစကတည်းက တောက်လျှောက်လုပ်လာခဲ့ခြင်းလည်းဖြစ်သည်။ အချိန်မရွေးအမိုးပြိုနိုင်သဖြင့် အလုပ်ကို လုပ်မြဲတိုင်းလုပ်နေခဲ့၏။ သူသည် အမိုးမှ ကျလာသော ကျောက်တုံးအစများ၊ အမှိုက်များကို ရှင်းလင်းသည်။ အကယ်၍ မြေလျောင်လျှပ်ခဲ့လျှင် သူတို့ကို ပိတ်မိမည်ကို စိုးရိမ်သည်။

ယခုအခါ တွင်းထဲရှိ အလုပ်သမားများရော အပေါ်ကလူများပါ နားလည်ထားခြင်းကား လုပ်သားများ အပေါ် ရောက်အောင် ကယ်ဆယ်ဖို့ ဆိုသည်မှာ အတော်အလှမ်းဝေးနေသေးကြောင်းပင်တည်း။ လောလောဆယ်မှာတော့ ကယ်ဆယ်ရေးအဖွဲ့၏ အရေးပေါ်တာဝန်မှာ အထဲသို့ အာဟာရပေးပို့ရေးနှင့် ဆေးဝါးပေးပို့ရေးဖြစ်သည်။

■

၁၇ ရက်မြောက်နေ့၊ ကယ်ဆယ်ရေးလုပ်ငန်းစဉ်။

နေ့ခင် ၂း၃၀ တွင် မျှော်လင့်ခြင်းစခန်းသို့ သမ္မတပီနာရာ၏လေယာဉ် ဆိုက်လာသည်။ ဝမ်းသာ ရွှင်မြူး နေကြသော မြင်ကွင်းသည် သမ္မတလေယာဉ်ရောက်လာသည့်အခါ ပို၍ပင် မျှော်လင့်ချက်ပြည့်လျှံသွားတော့၏။ သမ္မတပီနာရာသည် မိသားစုများကို အတိုချုံးတွေ့ဆုံခဲ့ပြီး၊ သတင်းသမားများကြား ရောက်သွားသည်။ ပလတ်စတစ် အကြည်အိတ်၌ထည့်ထားသော မိုင်းလုပ်သားဂျူစီအိုဂျီဒါ၏ စာလုံး ၇ လုံးပါစာကို အသံထွက်၍ဖတ်ပြသည်။

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



'ဟောဒီစာ ဒီနေ့ထွက်လာတယ်။ ဒီမိုင်းရဲ့ အနက်ဆုံးနေရာကနေ ထွက်လာခဲ့တာပဲ။ သူတို့ အသက်ရှင်နေကြောင်း သူတို့ တစ်စုတစ်ဝေးတည်းရှိနေကြောင်း ရေးထားတယ်။ သူတို့ဟာ နေ့ရဲ့အလင်းရောင်ကို မြင်နိုင်ဖို့ သူတို့မိသားစုကို ပြေးဖက်ဖို့ စောင့်နေကြတယ်'

၁၇ ရက်လုံးလုံး အထဲရောက်ဖခင်ဖြစ်သူ၏ အဖြူအမဲတီရှပ်ကိုဝတ်ပြီး စောင့်နေသော ကာရိုလိုင်းနားလိုဘိုစ်က လည်း အောက်ပါအတိုင်း ပြောဆိုသည်။

'သူတို့ဘာမှမဖြစ်ဘူးလို့ကြားတော့ ကျွန်မငိုမိတယ်။ လူတိုင်းလူတိုင်းကလည်း သူတို့အသက်ရှင်နေတယ်လို့ အော်နေကြတယ်။ ကျွန်မ ပထမ တုန်ခါသွားတယ်။ နောက်တော့ ကျွန်မရဲ့အမေဆီဖုန်းခေါ်ပြီး အမေ သူတို့အသက်ရှင်နေတယ်လို့ ပြောလိုက်တယ်။ ပျော်လွန်းလို့ ကျွန်မ ငိုတယ်။ ကျွန်မတို့ကို စောင့်ရှောက်နေတဲ့ စိတ်ပိုင်းဆိုင်ရာဆရာဝန်ကို ပြေးဖက်ခဲ့တယ်'

ဤအချိန်၌ မျှော်လင့်ခြင်းစခန်းတစ်ခုလုံး မျက်ရည်များဖြင့် ဖုံးလွှမ်းခဲ့သည်။ အပြုံးများဖြင့် လှုပ်ရှားခဲ့သည်။ ပြေးဖက်ကြသည်။ အလံတွေ ဝေ့ယမ်းကြသည်။ သူတို့၏ ယုံကြည်ချက်သင်္ကေတဖြစ်သော အလံတွေကို တောင်ကုန်းတွင် စိုက်ထူကြရာ တောင်ကုန်းတွင်အလံ ၃၃ ခု လွင့်နေလေသည်။ အလံတစ်ခုစီ၌ မိမိတို့၏ အတွင်းရောက်မိသားစုဝင်၏ 'အမည်' ကို ရေးထားသည်။ အလံတိုင်တစ်ခုစီကို ဖယောင်းတိုင်မီးအရည်ပျော်ကျသည့် ပန်းကုံးများ ဝန်းရံနေခဲ့သည်။ ယင်းတို့သည် 'ချီလီအမျိုးသားသီချင်း' ကို ပျော်ရွှင်စွာ သံပြိုင်ဆိုကြသောအခါ သမ္မတပီနာရာလည်း ဝင်ရောက်သီဆိုလေသည်။

သတင်းသည် ချီလီတစ်နိုင်ငံလုံးသို့ မိနစ်အနည်းငယ်အတွင်း ပျံ့နှံ့သွားသည်။ လမ်းလယ်ခေါင်တွင် ဆုံတွေ့ကြသော လူများသည်ပင် အချင်းချင်းအသိအကျွမ်းမဟုတ်ဘဲ ဝမ်းသာအားရ ပြေးဖက်ခဲ့ကြ၏။ 'လုပ်သားတွေ အသက်ရှင်နေတယ်။ အားလုံးရှင်တယ်' ဟု ပြောခဲ့ကြ၏။ ကားမောင်းသူတွေကလည်း ဟွန်းတီးပြီး ဂုဏ်ပြုကြ၏။ စင်တီယာဂိုမြို့လမ်းမကြီးများတွင် ထောင်ပေါင်းများစွာသော လူများသည် ဘောလုံးပွဲနိုင်လျှင် ဂုဏ်ပြုပွဲကျင်းပလေ့ရှိသော 'အီတာလီယာပလာဇာ' သို့ ဦးတည်သွားနေကြ၏။ သူတို့နိုင်ငံက ကမ္ဘာ့ဖလားကို အနိုင်ရခဲ့သည့်ပမာ ပျော်ရွှင်မှု၊ မျိုးချစ်စိတ်ပြင်းပြမှုတို့ကို ပြသခဲ့ကြလေသည်။

ဤကဲ့သို့ နိုင်ငံတစ်ဝှမ်းလုံး အုံးအုံးကျက်ကျက် ဂုဏ်ပြုပွဲကျင်းပနေချိန်တွင် ကယ်ဆယ်ရေးအဖွဲ့သည် ရေရှည် ဦးစားပေးအစီအစဉ်များကို တွက်ချက်နေကြရ၏။ လုပ်သားများထံ ပိုက်တစ်ခုရောက်သွားရုံနှင့် မည်သူမျှ ကျေနပ်ရောင့်ရဲမနေကြချေ။ သူတို့ကို ကယ်ဆယ်ရေးအတွက် သီးခြားပိုက် ၃ ခုလိုအပ်သည်။ ပိုလျှင် ပိုနိုင်သည်။ မြေငလျင်လှုပ်၍ဖြစ်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



စေ တခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ တွင်းတစ်ခုက ပိတ်သွားနိုင်သောကြောင့်ဖြစ်၏။ အစာသိုလှောင်မထားနိုင်လျှင် လုပ်သားများ အပေါ်မရောက်မီ သေကျေနိုင်သည်။

ပိုက်လိုင်း (၁) ကို အလျင်အမြန် ဒီဇိုင်းဆင်ကြ၏။ ဤပိုက်လိုင်းဖြင့် အစားအစာနှင့် ရေ ပေးပို့မည်။ ပိုက်လိုင်း (၂) က အောက်ဆီဂျင်အများအပြား၊ ရေနှင့် လျှပ်စစ်ဓာတ်အားပေးပို့မည် ဖြစ်၏။ ဤလိုင်းမှနေ၍ အောက်ဆီဂျင်ပါသော လေအေးများကို ပန့်ဖြင့်ဖိအားပေး၍ ပို့ရန်ဖြစ်ပြီး လေအေးဓာတ်က အောက်ရှိအပူချိန်ကို လျှော့ချရန်ဖြစ်သည်။ ဤလိုင်းမှပင် လျှပ်စစ်ဓာတ်အားဖြင့် မြေအောက်လူများနှင့် အပေါ်ရှိမိသားစုများကို အဆက်အသွယ်ရရန် ဆောင်ရွက်နိုင်မည်ဖြစ်၏။

တတိယတွင်းကား အောက်ရှိလူများနေထိုင်ရာနေရာနှင့် အလှမ်းဝေးဝေးမှ ဝင်ရမည်။ များစွာမသေချာသော်လည်း ထိုပိုက်လိုင်းတွင်းကို တဖြည်းဖြည်းချဲ့ပြီး လူတစ်ကိုယ်စာဝင်နိုင်လောက်သည့် အနေအထားအထိ လုပ်ရန်ရည်ရွယ်သည်။ ဤရွေးချယ်မှုသည် အခြားပိုက်လိုင်းနှင့် မနီးစေရ။ သီးခြားဖြစ်ရမည်။ မြေအောက်၌ ကယ်ဆယ်ရေးစခန်းတစ်ခု ထားရန်အတွက် အောက်ရှိလူများ၏အထက် ၃၆၅ မီတာအကွာရှိ ယာဉ်ပြုပြင်ရေးစခန်းကို ရွေးချယ်ခဲ့၏။ ဤနေရာမှနေ၍ ကယ်ဆယ်ရေးလုပ်ခြင်းက ပိုမိုမှတ်သို့ ပိုပြီးနီးမည်။ နောက်ဆုံးကယ်ဆယ်မှုအတွက် အခြေခံနေရာဖြစ်မည်။

ဤကဲ့သို့ စီမံကိန်းများ ဆွဲနေပါလျက် သူတို့ တော်တော်နှင့်မအောင်မြင်နိုင်ကြောင်း အားလုံးသိနေကြ၏။ ယခုအခါမှာတော့ အောက်မှလူများအတွက် ဆေးဝါး၊ အစားအစာနှင့် အသက်ရှင်ရေးစီမံချက်တို့ လိုအပ်နေသည်။

အကယ်၍သာ ဤလူများသည် မျိုးဆက်တစ်ဆက်စာပြီး မြေတွင်းပိတ်မိခဲ့ပါက အပေါ်ကလူများနှင့် ဆက်သွယ်ရေးသည် အကန့်အသတ်ရှိနေမည်။ လက်ရေးစာနှင့် တယ်လီဖုန်းပဲရှိမည်။ ယခုကား အင်ဂျင်နီယာတို့က အောက်ထဲသို့ ဒီဗီယိုကင်မရာတစ်လုံးကို ဂရုတစိုက်နဲ့ ချလေသည်။ ဤကင်မရာက အောက်မှလုပ်သားများ၏ အခြေအနေကို စုဆောင်းပြီး ပို့နိုင်မည် ဖြစ်လေသည်။

■

၁၇ ရက်မြောက်နေ့၊ မိုင်းအတွင်းတွင်။

မြေအောက်မှလူများသည် အပေါ်မှပေးပို့မည့် အရိပ်လက္ခဏာများကို တွင်းအဝမှ ချောင်းကြည့်နေခဲ့ကြ၏။ သူတို့၏ မီးအိမ်များက တွင်းထဲသို့ ၁၀ မီတာထက်ပိုပြီး မပြနိုင်ကြပေ။ သူတို့စုဝေးနေစဉ် ရေတွေကျလာကြ၏။ သူတို့ကား ဖယ်ရှားခြင်းမပြု။ အပေါ်သို့ အစဉ်မပြတ်ချောင်းကြည့်လျက်သာ နေကြသည်။ ထိုစဉ်မှာပင် လေအေးတန်းတစ်ခု

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



ဝင်လာသည်ကို ခံစားလိုက်ကြရ၏။ ဟုတ်ပြီ။ အပေါ်မှ ဒုတိယမြောက် ကြိုဆိုစရာ ရောက်လာခြင်းဖြစ်သည်။

သူတို့အားလုံး စုရုံးမိကြလေပြီ။ တစ်ယောက်နှင့်တစ်ယောက် ပြေးဖက်ကြသည်။ ချွေးစတွေ သုတ်ပစ်ကြသည်။ အခုဆိုလျှင် သူတို့သည် ဒုက္ခတောမှ လွတ်ကြပေတော့မည်။ အစားအစာက ရောက်မလာသေး။ သို့သော် သူတို့ ဆာလောင်မနေကြတော့ပါ။ သူတို့ပျော်နေပြီ။ သူတို့ဆုတောင်းတွေအတွက် ရလဒ်ကို ရပြီ။ သူတို့ဆက်လက်အသက်ရှင်ဖို့ ယုံကြည်မှုကို အသစ်တစ်ဖန်ပြန်လည်ရရှိခဲ့ကြလေပြီ။

သူတို့လည်း အမျိုးမျိုး တွေးတောကြံဆကြ၏။

ပထမဆုံး သူတို့ထံ ဘာရောက်လာမည်လဲ။

အစားအစာ ပူပူနွေးနွေးလား။

ဆပ်ပြာနှင့် ခေါင်းလျှော်ရည်လား။

လတ်ဆတ်သော သွားပွတ်တံလား။

အသက်ရှင်ဖို့ လှုပ်ရှားရန် ညွှန်ကြားချက်လား။

လူတစ်ဦးချင်းသည် မိမိထင်မြင်ချက်ကို ပြောကြ၏။ ရိုးရိုးလေးမြင်သော စိတ်ချမ်းသာမှုကို ဆွမ်းဆောင်နိုင်ရန်ဖြစ်၏။ အပေါ်မှပေးခဲ့သော အသေးအဖွဲလေးများသည် အောက်မှလူများအတွက် စိတ်ဓာတ်တစုတဝေးတည်း နိုးကြားရန် အာဟာရလို စွမ်းအားပေးနိုင်ပါပေသည်။

၃ နာရီ ကြာသွားသည်။

အလင်းရောင်အနည်းငယ် ဆင်းလာသည်ကို မြင်ကြရ၏။ အရာဝတ္ထုသေးသေးလေးတစ်ခုက သူတို့ထံကျဆင်းရွေ့လျားလာသည်။ လုပ်သားများလည်း တွင်းဝအနီးစုပြုံ တိုးဝှေ့လာကြ၏။ ယခုရောက်လာသော ပထမဦးဆုံး သမိုင်းဝင်ပို့သမှုကား ဘာပါလိမ့်ဟု စူးစမ်းကြည့်ကြပြီး တအံ့တသြဖြစ်ကြရလေသည်။

ပထမမှာ ထိုအရာကို ရေပန်းတစ်ခုဟု ထင်မိကြောင်း ပါဗလိုရီဂျာစ်က ဆိုသည်။ ထိုအရာမှာ သေးသေးရှည်ရှည်ဖြစ်ပြီး အဖျားတစ်ဘက်တွင် မီးလုံးပါသည်။ အမိုးကိုဖြတ်ပြီး ထိုအရာဝတ္ထုလေး ဆင်းလာသောအခါကျမှ ထိုအရာကား အဆင့်မြင့်နည်းပညာဖြင့်ပြုလုပ်ထားသော လျှပ်စစ်ဓာတ်သုံး ဗီဒီယိုကင်မရာဟု သိကြရ၏။ သို့သော် ဒါမျိုးမည်သူမျှ မမြင်ဖူးခဲ့သေးပေ။ ထိုကင်မရာလေးသည် မြွန်းဆို ကြမ်းပြင်သို့ ဆင်းသည်။ စက်ရုပ်ပိုးကောင်လေးနှင့်ပင် တူနေသေးတော့သည်။

ထို့နောက် ကင်မရာမှ မှန်ဘီလူးများ ပွင့်လာပြီး ကင်မရာသည် လှည့်ပတ်ပြီးမှ တက်လာ၏။ အဝေးမှီနိုးစနစ်ဖြင့်

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



အလုပ်လုပ်သော ကင်မရာတည်း။ သို့သော် အသံအတွက်ကရော ဤစက်ကလေးသည် ကြားနိုင်ခြင်းရှိပါ့မလား။ ပါဗလိုရိုဂျာစ်က ကင်မရာအနီးသို့ တိုးကပ်လိုက်၏။ ဒါလေးက ဘာလေးပါလိမ့်ဟု သူ့မျက်နှာကို နီးနိုင်သမျှ နီးအောင်ကြည့်သည်။ ကင်မရာကလှည့်ပတ်နေသည်။ ထို့နောက်တွင် ကြမ်းပြင်ပေါ်မှ ကြွတက်လာလေသည်။ ထိုအခါ ဖိုမင် လူးဝစ်အာဇူရာက စက်ကလေးကို စကားပြောလိုက်၏။

'မင်း ငါပြောတာကြားတယ်ဆိုရင် အပေါ်တက်ပြပါ'

လုပ်သားများလည်း စောင့်ကြည့်ကြသည်။ ကင်မရာက အပေါ်တက်မလာပေ။ အောက်သို့ဆင်းသွားသည်။ လုပ်သားများလည်း တဝါးဝါးနှင့် ရယ်ကြလေသည်။ စိတ်လှုပ်ရှားစွာ စောင့်ကြည့်ရင်း အချိန်က မိနစ် ၂၀ ကြာသွား၏။ ကင်မရာက ပတ်ချာလည်လှည့်ပြီး မှတ်တမ်းတင်နေသည်။ ပါဗလိုရိုဂျာစ်က ကင်မရာမြင်ကွင်းမှ ပျောက်သွားသည်အထိ စောင့်ကြည့်ပြီးမှ 'ကျုပ်ဖြင့်အဲဒီကင်မရာနဲ့ချိတ်ပြီး လိုက်သွားချင်လိုက်တာ။ ကျုပ်ကိုဆွဲခေါ်သွားရင် ကောင်းမှာပဲ။ ဒါပေမဲ့ ကျုပ်က ကင်မရာနဲ့မဆန့်ဘူး' ဟုပြောလေသည်။

■

၁၇ ရက်မြောက်နေ့၊ မြေပေါ်ရှိ ကယ်ဆယ်ရေးလုပ်ငန်းစဉ်။

ချီလီသတ္တုတွင်းလုပ်သားများ သတင်းကို ကမ္ဘာကသိရသောအချိန်တွင် မိုင်းအင်ဂျင်နီယာများသည် ဗီဒီယိုကင်မရာကို အလိုအလျောက် လုပ်ကိုင်သောစနစ်များရအောင် အသေအလဲကြိုးပမ်းခဲ့ကြ၏။ ရေဖြင့်ထိသွားသဖြင့် နူးညံ့သောစက်ကလေးမှာ ပျက်စီးသွားခဲ့သည်။ အသံဖမ်း၍မရတော့ချေ။

ထိုစက်ကလေးက လူတွေ၏ ရုပ်ပုံများကိုသာ ပြန်လည်လွှင့်ထုတ်ပေးနိုင်လေသည်။ နောက်ခံမှာ အလင်းရောင်မှိန်မှိန်မျှသာ မြင်ကြရ၏။ ထိုမီးရောင်တို့ကား ကင်မရာအနီးလာ၍စုကြသော လုပ်သားများ၏ ဦးထုပ်မှ မီးလုံးရောင်များဖြစ်မည်မှာ ထင်ရှားပါသည်။ မီးရောင်ကမှိန်သဖြင့် မျက်နှာတွေကိုသာ မြင်ရသလောက် ခန့်မှန်းနိုင်သည်။ အသံဖမ်းစနစ်ပေါ်သော်လည်း လူတွေကိုမြင်ရသည်မှာ မတ်တပ်ရပ်နေကြပြီး လှုပ်ရှားနေကြလေသည်။ ယခုတော့ အပေါ်မှလူများ သိလိုသော မေးခွန်းများကို ဖြေပြီးသားဖြစ်သွားပါပြီ။ ဒဏ်ရာများရထားကြသလား။ ဆိုးဆိုးဝါးဝါး ထိခိုက်ခံထားရလား။ ၁၇ ရက်လုံးလုံး အစာနည်းနည်းလေးသာ စားရသဖြင့် နာတာရှည်ဖျားနာနေကြလေသလား။ စသောမေးခွန်းများအတွက် ပူစရာမရှိတော့ချေ။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



နောက် ၂ နာရီကြာသောအခါတွင်ကား ဗီဒီယိုခွေကို အပေါ်ရှိမိသားစုများအား ပြသနိုင်ခဲ့ပေသည်။ ပြသပုံမှာ မိုးကာတဲတစ်ခုဘေး၌ ပရိုဂျက်တာဖြင့် ပြသခြင်းဖြစ်၏။ ရုပ်ပုံများမှာ အဖြူအမဲဖြစ်ပြီး ပီပီပြင်ပြင်မရှိချေ။ ထူးခြားသော ရှုထောင့်တစ်ခုမှာ မျက်နှာတစ်ပိုင်းတစ်စကို မြင်ရခြင်းဖြစ်၏။ မျက်လုံးတစ်စုံက ကင်မရာထဲသို့ စူးစိုက်ဝင်ရောက်လာသည်။ ထိုမျက်လုံးပိုင်ရှင်ကား ဖလိုရန့်စီယိုအေဗာလို့စ်လား။ ဒါမှမဟုတ် လူးဝစ်အာရူရာလား။ ဒါမှမဟုတ် အက်စ်တင်ဘာရီဂျာ့စ်လား။ မခွဲခြားနိုင်ဖြစ်နေဆဲ မိသားစုအများအပြားက ထိုမျက်လုံးများသည် သူတို့အိမ်ကလူ၏ မျက်လုံးများဟု ပြောဆိုကြလေသည်။ အမှန်က အမှောင်ထဲမှ မထင်မရှားပုံရိပ်တို့သည် ထင်ယောင်ထင်မှားအတွေးများကို အစားဝင်ခဲ့ကြခြင်းဖြစ်၏။ ယခင်က စိတ်ပူခဲ့သော ဒေါသဖြစ်ခဲ့သော လူထု၏စိတ်သည် ယခုအခါ စွမ်းဆောင်နိုင်မှုဟူသော စိတ်ကြောင့် နေချင်ဖွယ်ဖြစ်လာတော့သည်။

မီးရှူးမီးပန်းများက တဖျတ်ဖျတ်တောက်ပလျက်။ ဂီတသံတွေက မြူးကြွလျက်။ မျှော်လင့်ခြင်းစခန်းသည် အဆိုအကများဖြင့် အသက်ဝင်လှုပ်ရှားရင်း ညဥ့်သန်းခေါင်ကျော်ခဲ့လေပြီ။ ည ၂ ချက်တီးအထိ မိသားစုများက ခုန်မြူးတူးဆဲ။ လုပ်အားပေးစေတနာ့ဝန်ထမ်းများက ကြက်ဆူပ်ပြုတ်များ ကမ်းကြသည်။ မုန့်များ ကျွေးကြသည်။ နိုင်ငံတစ်လွှားလူသိများသော လူရွှင်တော် 'အရိုးပိန်' က မတ်တပ်ရပ်လျက် သရုပ်ဖော်ဖျော်ဖြေခဲ့ပြီး ဒေသခံဘုန်းတော်ကြီး ဂျူယင်ဘာရာဇာကား မိုးကာတဲတစ်ခုအတွင်း၌ ဆုတောင်းဝတ်ပြုခဲ့လေသည်။

■

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com




တွင်းတူးခြင်း
တစ်ဒိဇင်ကျော်
ပြုလုပ်ခဲ့ရခြင်း



သတ္တုတွင်းစခန်းသို့
သွားရာလမ်းတစ်လျှောက်
ဖယောင်းတိုင်ထွန်း

www.burmeseclassic.com

www.burmeseclassic.com




ချီလီသမ္မတ "ပီနရာ" ဩဂုတ်လ ၂၂ ရက်နေ့၌ တွင်းထဲ
လုပ်သားများထံမှ အသက်ရှင်နေကြောင်း စာရွက် ဖတ်ပြစဉ်







အထဲသို့ အစာနှင့်ဆေး ထည့်ပို့သောပုလင်း





www.burmeseclassic.com

www.burmeseclassic.com



**၁၈ ရက်-မြောက်နေ့၊ တနင်္လာ၊ ဩဂုတ်လ ၂၃ ရက်။**

ပထမဆုံးအဆောက်အအွယ် ရပြီးသောအခါ လုပ်သားများသည် စားဖို့အတွက်စတင်ပြင်ဆင်ကြလေသည်။ သူတို့သည် အစာမစားရသော ရက်များအတွင်း အရသာရှိသောအသားမုန့်များ၊ အရည်ရွှမ်းသစ်သီးများ၊ ညစာစားပွဲကြီးများကို စိတ်ကူးယဉ်ခဲ့ကြ၏။ သို့သော်ယခု အပေါ်မှပထမဆုံးပို့လိုက်သော အစားအစာမှာ သူတို့ စိတ်ကူးထဲကကဲ့သို့ အသားမုန့်များမဟုတ်။ သစ်သီးများမဟုတ်။ 'အရည်' မျှသာဖြစ်သည်။

အလုပ်သမားတစ်ဦးဖြစ်သော ဇီဂါက

'သူတို့ဟာ ကျွန်တော်တို့ဆီကို ပလပ်စတစ်ခွက်သေးသေးလေးနဲ့ ဂလူးကို့စ်ပဲ ပေးလိုက်တယ်။ ပါလာတဲ့ဂလူးကို့စ်က ကျွန်တော်တို့ ဆီးစစ်တဲ့အခါ ဆရာဝန်တွေကိုပေးရတဲ့ ဆီးပမာဏလောက်လေးပါဗျာ' ဟုပြန်ပြောပါသည်။

ပိန်တာရိုးကလော်ဒီယိုယန်နီးဆိုလျှင် ၁၇ ရက် အစာမစားခဲ့ရသဖြင့် အရိုးရုပ်ကလပ်ကို အဝတ်ပတ်ထားသလိုဖြစ်နေပြီ။ သူ့မျက်နှာကလည်း မျက်တွင်းဟောက်ပက်နှင့် ဖြစ်နေ၏။

'ကျွန်တော်တို့က စားစရာ ရောက်လာမယ်ထင်တာ ခုတော့ အရည်ချည်းပဲ အရင်ရောက်လာတယ်' ဟု သူကဆိုသည်။ ဆရာဝန်များက လုပ်သားများအား ပထမ ၄၈ နာရီအတွင်းအစာအစိုင်အခဲ ခွင့်မပြုဟုသိရ၍ အံ့အားသင့်ခဲ့ကြ၏။ မည်သို့ဆိုစေသူတို့သည် အထက်မှပေးသောအမိန့်ကို လိုက်နာကြရသည်။ ပေးလာသော ဆေးဝါးများကို သောက်ရသည်။ ဂလူးကို့စ်ကို ရေနှင့်အတူ ပုံမှန်နာရီခြားပြီး သောက်ကြရသည်။

ဆီပူလ်ဗီဒါသည် စိတ်ဓာတ်အရ ကြံ့ခိုင်နေသော်လည်း

**အခန်း - ၇**
**အသက်ရှင်ရေး သို့**
**မြန်လည်လူးလွန့်လာခြင်း**

www.burmeseclassic.com

The bookhouse

www.burmeseclassic.com



ခန္ဓာကိုယ်က အတော်ဆိုးဝါးနေပြီ။ ယခု အပေါ်နှင့် အဆက်အသွယ်ရပြီး ဖနီးဖြစ်သူ ကေတီနှင့် စကားပြောရခြင်း၊ တွင်းတူးပိုက်ရောက်လာခြင်းများကြောင့် ခွန်အားများပြည့်လာသည်။ မြေတွင်းထဲမှ ရွံ့နံ့၊ လူတွေ၏ အနံ့များကို ခံသာလာသည်။ အပေါ်မှ အဆက်အသွယ်သည် မြေတွင်းမှစိုစွတ်ခြင်းကိုမူ ဘာအမှုလုပ်မပေးနိုင်သေးပေ။ သူတို့ အဝတ်များ စိုရွှဲနေကြသည်။ အောက်ခံဘောင်းဘီများသာဝတ်ပြီး လျှောက်သွားနေကြသည်။ ညကျလျှင် မြေကြီးပေါ်တွင် ဘေးချင်းယှဉ် အိပ်ကြရလေသည်။

ထိုသို့ အတူယှဉ်ပြီးအိပ်ကြရခြင်းအပေါ် 'ကာမဂုဏ်ခံစားမှု' ပြဿနာ ရှိခဲ့ပါသလားဟု မေးမြန်းသောအခါ ဆီပူလ်ဗီဒါက သူတို့အားလုံး ကာမဂုဏ်ကိစ္စကို မစဉ်းစားနိုင်ခဲ့ကြကြောင်း၊ လိင်တူဆက်ဆံမှုရှိသည်ဟူသော ကောလာဟာလ သတင်းမှာ မဟုတ်မှန်ကြောင်း၊ ခွန်အားမှာ စကားပြောဖို့၊ လမ်းလျှောက်ဖို့ပင် အနိုင်နိုင်ဖြစ်နေခဲ့သဖြင့် ကာမဂုဏ်ကိစ္စသည် သူတို့စိတ်မှ အဝေးကြီးဝေးနေကြောင်း ရှင်းပြပြောဆိုသည်။

ဆီပူလ်ဗီဒါသည် မြေတွင်းအစိုဓာတ်ကို တောင့်ခံရန် မိုင်းစီးဖိနပ်များထဲမှ တခြားတစ်မျိုးကို စီးခဲ့၏။ ထိုဖိနပ်မှာ ခြေထောက်ကို လုံအောင်ထုပ်ထားနိုင်၏။ သို့သော် အနာလေးများပေါက်လာသည်။ ပြည်တည်လာပြီး အရည်စို့လာကာ အမာရွတ်များ ပေါ်လာသည်။ ရေက ညစ်ညမ်းပြီး ပတ်ဝန်းကျင်က စိုထိုင်းသဖြင့် အားလုံး၏ ပါးစပ်မှ မကောင်းသောအနံ့တွေ ထွက်နေသည်။ သူသည် အပေါ်မှ အခြားသောအရာအားလုံးကို သတိမရ။ သူ ပထမဆုံး တောင်းဆိုသည်မှာကား 'သွားပွတ်တံ' ဖြစ်သည်။

■

၁၈ ရက်မြောက်နေ့၊ မြေပေါ်တွင်။

ပီဒရိုဂယ်လိုသည် တစ်ယောက်တည်းလုပ်နေသော ဆက်သွယ်ရေးကုမ္ပဏီပိုင်ရှင် ဖြစ်၏။ သူက ၉၉ မီလီမီတာ ပိုက်ကလေးထဲတွင်ဝင်နိုင်သော တယ်လီဖုန်းအသေးစားလေးကို တီထွင်ခဲ့သည်။ ထိုသူ၏ 'ဂယ်လိုဖုန်း' ကို ဝန်ကြီးဂိုလ်ဘိုနီနှင့် ကယ်ဆယ်ရေးသမားများက ပထမတွင် စိတ်မဝင်စားခဲ့ကြချေ။ နောက် အဆင့်မြင့်နည်းပညာဖြင့် ပြုလုပ်သော စီမံကိန်းများ တစ်ခုပြီးတစ်ခု မအောင်မြင်သည့်အခါ ဂယ်လိုအတွက် အခွင့်အလမ်းပေါ်သွားသည်။ ဝန်ကြီးဂိုလ်ဘိုနီအနေနှင့် မြေအောက်ရှိလုပ်သားများနှင့် စကားပြောရန်လိုသည်။ ထိုအခါ ဂယ်လိုတီထွင်ထားသော အသေးစားဖုန်းကို အမြန်အသုံးပြုရန် အမိန့်ပေးလိုက်၏။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ဂယ်လိုသည် ပြင်ဆင်ချိန် ၂ နာရီသာရခဲ့သည်။ သူ့ဖုန်းကို ပြန်သေးသေးလေးထဲ၌ထည့်ပြီး ဖိုင်ဘာကြိုး ၈၀၀ မီတာနှင့် အတူအောက်သို့ချသည်။ ထိုဖိုင်ဘာကြိုးကို ဂျပန်စက်ရုံတစ်ခုက လှူခြင်းဖြစ်၏။ အပေါ်မှာကား တောင်ကုန်းနံဘေးတွင် ဈေးပေါပေါပေးရသော ပလပ်စတစ်တယ်လီဖုန်းကို ဆင်ထားလိုက်သည်။ အနီးတွင် သမ္မတ၏ လက်ထောက်များ၊ အင်ဂျင်နီယာများက ဝိုင်းအုံနေကြသည်။ ပြွန်ကလေးကို အောက်ချပြီးသောအခါ တီကိုနာနှင့် ကားလို့စ်တို့က ဖုန်းကို ဂျပန်ကေဘယ်လ်ကြိုးသို့ ဆက်လိုက်သည်။ ဤတွင် ဂယ်လိုသည် မြေအောက်မှ အသံဗလံများကို ကြားရလေသည်။ အောက်မှ ပုံတင်သံများမှာ တယ်လီဖုန်းမှတဆင့် မြေပေါ်သို့ ပို့ပေးနိုင်လေပြီ။ သူ တီထွင်ခဲ့သော တယ်လီဖုန်းလေးမှာ ၁၀ ဒေါ်လာပင် တန်ဖိုးမရှိချေ။ ယခုတော့ အောက်နှင့်အပေါ် ဆက်သွယ်ရေးအတွက် အဓိကပစ္စည်းဖြစ်သွားပြီ။ ဂယ်လို အတိုင်းမသိ ပျော်ရွှင်သွားရလေသည်။

တစ်နာရီမကြာမီမှာပင် ဝန်ကြီးချုပ်ဂိုလ်ဘိုနီ ကိုယ်တိုင် မြေပေါ်တယ်လီဖုန်း နားထောင်ခွက်ကို ကောက်ကိုင်ပြီး 'ဟဲလို'။ 'ခင်ဗျားတို့ကို ကျွန်တော်ကြားရတယ်' ဟုပြောလိုက်ရာ ကယ်ဆယ်ရေးလုပ်သားများ ဝိုင်း၍ သြဘာပေးကြတော့သည်။

ထိုအခါ ကြည်လင်၍တည်ငြိမ်သောအသံက မြေအောက်မှ ပေါ်လာသည်။

'အခုစကားပြောနေတာ ဖိုမင် လူးဝစ်အာဇူရာပါ။ ကျွန်တော်တို့အားလုံး ကယ်ဆယ်ရေးကို စောင့်နေကြပါတယ်'

'ကျုပ်တို့လည်း လိုဏ်ခေါင်းတွေ တူးဖို့စနေပြီ။ ပြီးတော့...'

ဂိုလ်ဘိုနီ၏ စကားသံများကား နောက်ထပ် ဂုဏ်ပြုအော်ဟစ်သံများကြား၌ နစ်မြုပ်သွားတော့သည်။ ယခု စကားသံများကမူ မြေအောက်ရှိ လုပ်သားများထံမှဖြစ်၏။ အောက်ကလူများသည် တောင်ပြိုကျစဉ် အပေါ်သို့ ကားမောင်းတက်သွားသော 'လူဝကြီး' ဘေးကင်း မကင်းလည်း မေးကြသည်။ အလုံး ဘေးကင်းကြောင်းပြောသောအခါ အော်ဟစ်ပျော်ရွှင်သံများသည် မြေပေါ်အထိပင် ပဲ့တင်ထပ်ခဲ့လေတော့သည်။

ဝန်ကြီးဖုန်းပြောစဉ် စိတ်ပညာဆရာဝန်ခေါင်းဆောင်က ဘေး၌ရပ်ပြီး မမိတ်မသုန် နားထောင်နေခဲ့၏။ သူကား အတွေ့အကြုံ ကြွယ်ဝသူဖြစ်သည်။ သူ့ အတွေ့အကြုံများဖြင့် လုပ်သားများကို ကူညီရဦးမည်။ လုပ်သားများကျန်းမာရေး ပြန်ကောင်းလာရန် ပြုစုရေးက အလွန်သိမ်မွေ့သော တာဝန်ဖြစ်၏။ အစာငတ်မွတ်မှုသည် ဓာတ်သဘာဝကို ပြုပြင်သည်။ အဆီများလောင်ကျွမ်းပြီး ကြွက်သားများဆုံးရှုံးသွားသောအခါ လူ့ခန္ဓာကိုယ်အား အစာကျွေးရာ၌ အဆုတ်၊ နှလုံးနှင့် ဦးနှောက်တို့ကို ဦးစားပေးရလေသည်။

ယခုအခါ ကျန်းမာရေးဝန်ကြီးဒေါက်တာမာနာလိချ်သည် စာတစ်မျက်နှာအပြည့်ပါသော မေးခွန်းများကို မြေ

The bookhouse
www.burmeseclassic.com

www.burmeseclassic.com



အောက်သို့ပို့၏။ လုပ်သားများ သေလုမျောပါး ဖြစ်နေကြသလား။ မဟုတ်ပါ။ သူတို့သည် အစာငတ်မွတ်ခြင်းကြောင့် ကိုယ်အလေးချိန် လျော့နေလား။ ရှင်းနေပါသည်။ တစ်ယောက်လျှင် အလေးချိန်မည်မျှလျော့ခဲ့သည် ဆိုတာကမူ မသိနိုင်ပါ။ ကိုယ်အလေးချိန်ကို ချိန်တွယ်ရန် 'ကတ္တား'ချပေးဖို့ မဖြစ်နိုင်သေးပါ။ ဈေးမှာ ငါးတွေကိုချိတ်ဆွဲပြီး ချိန်သကဲ့သို့ ချိန်၍လည်း မဖြစ်ပါ။

စသောမေးခွန်းများအားလုံးကို အပြည့်အစုံဖြေကြားပြီး အဖြေများပြန်လာသောအခါ လုပ်သားများ၏ အတွေ့အကြုံတစ်စိတ်တစ်ဒေသကို သိရှိကြရလေသည်။ ဥပမာ မာရီယိုဆီပူလ်ဗီဒါက မီးခိုးခေါင်းတိုင်တက်ခဲ့စဉ် သွားတစ်ချောင်း ကျိုးခဲ့ကြောင်း၊ ဗစ်တာ ဆီဂိုဗီးယားမှာ ပေါက်ကွဲသံကြောင့် နားကိုက်နေကြောင်း၊ မာရီယို ဂိုမက်ဇ်က ဖုန်မှုန့်များ အဆုတ်ထဲဝင်၍ အသက်ရှူကြပ်နေကြောင်း စသဖြင့်သိရှိရသည်။

ထို့ပြင် ဂျိုစီအိုကိုဒါ အပါအဝင် ဆီးချိုရောဂါသည်များလည်း ရောဂါတိုးပွားနေကြောင်း သိရ၏။ ခရမ်းလွန် ရောင်ခြည်မရသဖြင့် ရောဂါပိုးများ၊ ဘက်တီးရီးယားများသည် နေ့စဉ်နှင့်အမျှ ပွံ့နှံ့နေခဲ့သည်။ ထို့ကြောင့် ဆုံဆို့နာနှင့်နမိုးနီးယားရောဂါများ ကာကွယ်ရန် အရေးပေါ်ကာကွယ်ဆေးထိုးဖို့ စီမံကြရ၏။ ရောဂါပိုးရှိသော သွားတစ်ချောင်းကလည်း လူကိုသေစေနိုင်သည်။ ဒေါက်တာ မာနာလိချ်သည် ရောဂါရာဇဝင်များကို ရှာဖွေဖတ်ရှု၏။ ခေတ်သစ် ခွဲစိတ်ကုသမှု မတိုင်ခင်က အူအတက်ရောင်ရောဂါကဲ့သို့ ကိစ္စမျိုးကို မည်သို့ကုသခဲ့ကြောင်း ဖတ်ရလေသည်။

ဒေါက်တာ ဂျော့ချ်ဒိုင်ယာမှာ ဆေးဖက်ဆိုင်ရာ ညွှန်ကြားရေးမှူးတစ်ဦးဖြစ်၏။ ၄င်းက လုပ်သားများအသက်ရှင်နိုင်သည်ဟု မျှော်လင့်ကြောင်း၊ သို့သော်ပြင်းပြင်းထန်ထန် ထိခိုက်မှုရှိပြီး တချို့သေဆုံးပြီဟု ထင်မြင်ခဲ့ကြောင်း၊ မိုင်းလုပ်သားများ အကြမ်းပတမ်းခံနိုင်သည်ကိုမူ သိကြောင်း၊ ထို့ကြောင့် တချို့အသက်ရှင်မည်ဆိုတာ သေချာကြောင်း ပြောကြားသည်။ သူသည် မိုင်းလုပ်သားများကို ၃၂ နှစ်တိုင်တိုင် ဆေးကုသခဲ့သူဖြစ်၍ လုပ်သားများ၏ ဓလေ့ထုံးတမ်း၊ ဘန်းစကား ဘဝကြမ်းများကို ကျွမ်းဝင်သည်။ ယခု သူသည် ထိုဘဝကြမ်းများကို ကုသရေးအတွက် စိန်ခေါ်ခံရလေပြီ။

လုပ်သားများ၏ ကျန်းမာရေးကား တဲတဲလေးသာ ရှိတော့သည်။ တစ်ယောက်မှာ ကိုယ်အလေးချိန်ပေါင် အနည်းဆုံး ၂၀ လျော့နေပြီ။ ရေကောင်းရေသန့်မရခြင်း၊ အစားအစာမစားရသလောက် ဖြစ်ခဲ့ခြင်းကြောင့် ခန္ဓာကိုယ်အလေးချိန် လျော့ခဲ့ခြင်း ဖြစ်သည်။ ဆရာဝန်အဖွဲ့သည် မြေအောက်လုပ်သားများထံ အစားအစာအတုံးလိုက် ပေးပို့ရေးကို ငြင်းပယ်ကြ၏။ ပထမအကြိမ်မှာ အစားအစာအပြည့်အဝ ကျွေးခြင်းသည် သူတို့ကို သတ်ပစ်ခြင်းပင် ဖြစ်လိမ့်မည်။ အစာငတ်မွတ်ခဲ့သော လူကို ကာဗိုဟိုက်ဒရိတ်ကြွယ်ဝသောအစားအစာ အပြည့်အဝကျွေးလျှင် နှလုံးနှင့်ဆက်နေသော သွေးကြောများ၌ ဓာတ်ပြုပြင် ပြောင်းလဲခြင်းဖြစ်ပြီး နှလုံးကို ထိခိုက်စေနိုင်သည်။ ရုတ်တရက် သေဆုံးစေနိုင်သည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် လုပ်သားများအား ပထမဆုံးအဖြစ် ဂလူးကို့စ်နှင့် ရေပုလင်းများကိုသာ ကြိုးဖြင့်ချပေးရ၏။ ဤသို့ ချပေးရသောအချိန်မှာ ၁ နာရီကြာသည်။ နောက်တွင် ပြွန်အကြီးကိုသန့်စင်ပြီး ၄င်းပြွန်မှ ချပေးသောစနစ်ကို ပြုလုပ်ရာ အလုပ်ဖြစ်သွားသည်။ ဤနည်းဖြင့် လူ ၃၃ ယောက်သို့ တစ်ခုခုချပေးလိုပါက ၉၀ မီလီမီတာအချင်းရှိသော ပြွန်ထဲထည့်ပြီး ပေးရလေသည်။ ယခုအခါ မီဒီယာသတင်းများသည် ရေဒီယိုလေလှိုင်းမှ လည်းကောင်း၊ အင်တာနက်များမှ လည်းကောင်း၊ အသေးစိတ်လွှင့် ထုတ်နေပြီဖြစ်ရာ ချီလီပြည်အကြောင်းနှင့် မိုင်းလုပ်သားများသတင်းသည် တစ်ကမ္ဘာလုံးသို့ သတင်းကောင်းပျံ့လျက်ရှိလေပြီ။ 'ပျောက်ဆုံးနေသော ၃၃' ဆိုသည့် ဝေါဟာရက အသစ်အဖြစ် တွင်ကျယ်နေခဲ့သည်။ ၁၉၇၀ ပြည့်လွန် နှစ်များက ချီလီပြည်ကို ရှုမြင်ပုံမှာ လူ့အခွင့်ရေးအလွဲသုံးသူအဖြစ်နှင့် အလွန်အမင်းအရသာရှိသော သဘာဝလွှန်ဝိုင်ထုတ်လုပ်သူအဖြစ်သာတည်း။ ယခုကား ကမ္ဘာ့မျက်လုံးထဲက အမြင်မှာ ပြောင်းလဲခဲ့ပြီ။ ချီလီမြောက်ပိုင်း၌ လာရောက်သူများပြားလှသဖြင့် လေယာဉ်လက်မှတ်များရောင်း၍ မလောက်။ ဟိုတယ်ခန်းများ လူပြည့်သွားကာ မော်တော်ကားအိမ်များကိုလည်း ပြည်ပရုပ်မြင်သံကြား သတင်းဌာနများ ငှားရမ်းကြသဖြင့် ၃၀ ရာခိုင်နှုန်းတိုးမြင့်သွားခဲ့သည်။ ချီလီဒေသတွင်းရှိ အင်္ဂလိပ်လိုဘာသာပြန်စကားပြောနိုင်သူများအားလုံးလည်း ကြိုတင်ငှားရမ်း ရက်ချွဲရယူထားပြီးကြပြီ။ ရာပေါင်းများစွာသော သတင်းထောက်များသည် အခင်းဖြစ်ပွားရာသို့ အပြေးရောက်ရှိလာ၏။ သွေးထွက်သံယိုမရှိ၊ အကြမ်းဖက်ခြင်း မရှိသော ဤရှားပါးမြင်ကွင်းဆီသို့ ကမ္ဘာ့မှန်ပြောင်းများက ချိန်ရွယ်နေခဲ့ကြလေသည်။

ချီလီနိုင်ငံသားတို့သည် ပြင်သစ်ပြည် အီဖယ်မျှော်စင်ထက် နစ်ဆနက်သော မြေအောက်၌ လူများအသက်ရှင်နေသည်ကို ပထမဆုံးအကြိမ်အဖြစ် တွေ့ခဲ့ရပြီ။ ယခု အတော်မဖြစ်နိုင်သော တာဝန်ရှိနေသည်။ ထိုတာဝန်ကား နောက်ထပ် ၄ လမျှ ထိုလူများကို မြေအောက်၌ အသက်ရှင်အောင်ထားရမည့် တာဝန်ဖြစ်၏။ လာမည့် ခရစ္စမတ်နေ့။

ပင်စယ်ဗေးနီးယားပြည်နယ်ရှိ သူဌေးကြီးတစ်ဦးဖြစ်သော 'ဖစ်ရှာ' သည် သူ့ရုံးခန်းတွင် ရုပ်မြင်သံကြားကို တအံ့တဩကြည့်နေ၏။ သူက အသက် ၃၈ နှစ်သာရှိသေးသည်။ သူယခု ကြားနေရသည်ကို မယုံနိုင်ချေ။ ဒီလူတွေကို ကယ်ဖို့ ၃၊ ၄ လတောင် ကြာဦးမည်ဆိုတာ ဖြစ်ပါ့မလား။

သူသည် စင်တာရော့စ်ကုမ္ပဏီဥက္ကဋ္ဌ ဖြစ်၏။ ဤသို့ မိုင်းကုမ္ပဏီဥက္ကဋ္ဌအနေနှင့် တွင်းတူးပြီး လူတွေကိုကယ်ရည့်ကိစ္စကို ကြိုတင်ခန့်မှန်းနိုင်သည်။ ဒေါ်လာ ၁ သန်း အနည်းဆုံးကုန်ကျမည်။ သူ့အနေနှင့်မူ သည်လူတွေကိုကယ်ဖို့ တွင်းတူးစနစ်လိုမည်ဟု မထင်ချေ။ သူ့ကုမ္ပဏီမှာ တစ်စက္ကန့်ကို အကြိမ် ၂၀ ရိုက်ခွဲနိုင်သော တူကြီးများရှိသည်။ ကျောက်တွေကို အစိတ်စိတ်ဖြစ်အောင် ထုနိုင်သည်။

၂၀၀၂ ခုတုန်းက သူသည် 'ကျူခရီ' အမည်ရှိမိုင်းကို ကယ်ဆယ်ရေးလုပ်ရာ၌ ပါဝင်ခဲ့ဖူး၏။ ပင်စယ်ဗေးနီး

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



ယား မိုင်းတစ်ခုတွင်းသို့ ရေလီတာပေါင်း ၂၂၇ သန်း လွှမ်းမိုးစဉ် မိုင်းလုပ်သား ၉ ဦးမိုင်းထဲ၌ ၇၈ နာရီကြာ ပိတ်မိခဲ့ခြင်း ဖြစ်သည်။ ဖစ်ရှာသည် ထိုကိစ္စ၌ ရေမျက်နှာပြင်အထက်၌ တွင်းတူးပြီး လူများနေနိုင်ရေးအတွက် ပါဝင်ဆောင်ရွက်ခဲ့ဖူး၏။ ယခုလည်း မိုင်းတွင်းပိတ်မိသောကိစ္စပေါ်ပြန်ပြီ။ အရေးပေါ်တွင်းတူးကြရမည်။ ဤအခါ စင်တာရော့ ကုမ္ပဏီ၏ အခန်းကဏ္ဍတစ်ခု ဖော်ဆောင်ရန် သူ ချီလီသို့ လေယာဉ်ဖြင့်သွားရမည်။

ထိုညချမ်းတွင်ပင် မိုင်းသူဌေးတစ်ဦးသည်လည်း မျှော်လင့်ခြင်းစခန်းသို့ ကားဖြင့် ရောက်လာသည်။ ချီလီပြည်သူများအဖို့ ဤ ၄၃ နှစ်ရွယ် 'လီယိုနာဒိုဖါးကပ်စ်' ကို မမှတ်မိစရာမရှိချေ။ ဖါးကပ်စ်ကား 'စင်တာဖီး' နှင့် 'စင်တာဘာဘရာ' မိုင်း နှစ်ခု၏ပိုင်ရှင်တည်း။ သူ့မိုင်းများမှာ တွင်းပိတ်များမဟုတ်။ open-pit ခေါ် မျက်နှာပွင့် သံမိုင်းများဖြစ်သည်။ သူ့အား အလုပ်သမားများကို ဦးစားပေးသူ၊ အလုပ်သမားများ၏ လုံခြုံရေးကို ဦးစားပေးသူ၊ လစာကောင်းကောင်းပေးသူ၊ အ ကျိုးအမြတ်ခွဲဝေပေးသူအဖြစ် အသိအမှတ်ပြုထားကြသည်။ ဖါးကပ်စ်ထံ၌ အလုပ်ရလျှင် ထိပ်တန်းနေထိုင်မှုနှင့် အငြိမ်းစားယူပါက အကျိုးအမြတ်ရရှိမှုတို့ကို အာမခံကြောင်း သိကြသည်။ လုပ်သားပေါင်း ၂၀၀၀ ရှိပြီး မိသားစုကြီးသဖွယ်ဖြစ်ကာ မည်သူ့မဆို ထိုနေရာမှာ အလုပ်လုပ်လိုကြသည်ဟု တက္ကစီသမားတစ်ဦးက ပြောဆိုခဲ့လေသည်။

ဖါးကပ်စ်ကား ချီလီနိုင်ငံ မသန်စွမ်းသူများအား ရန်ပုံငွေရှာဖွေပေးသည့် 'တယ်လီတွန်' အဖွဲ့သို့ ဒေါ်လာသန်းနှင့်ချီပြီးလှူခဲ့သဖြင့် ချီလီပြည်သူများအဖို့ ဒဏ္ဍာရီသဖွယ်ဖြစ်နေခဲ့၏။

တက္ကသိုလ်ရေကူးကန်၌ ရေကူးနေသူများမှလည်း အဝဆုံးလူကိုရွေးကာ ဒေါ်လာ ၂၀၀၀ နှင့်ညီမျှသည့် ချီလီပီဆိုတစ်သန်းကို ဆုချဖူးသည်။ ပညာရေး၌ အားကစားသည် အရေးကြီးကြောင်း ဖါးကပ်စ်ကဆိုသည်။ စားသောက်ဆိုင်များတွင်လည်း ဖါးကပ်စ်ကို ပြုစုသောစားပွဲထိုးများအား ဒေါ်လာထောင်နှင့်ချီပြီး ပေးတတ်သူဖြစ်၏။

ယခု သူသည် သူ၏ကားကြီးပေါ်မှဆင်းလာပြီး သားနားပြုံးရွှင်စွာရောက်လာပုံမှာ လာ့စ်ဗီးဂတ်စ်မြို့မှ နာမည်ကြီးအဆိုတော်တစ်ဦး သဲကန္တာရသို့ နေရာမှားပြီး ရောက်လာသည်နှင့်ပင် တူနေသည်။ ဖားကပ်စ်က စာအိတ်အဖြူလေးများကို စတင်ဝေငှ၏။ အိမ်ထောင်စုတစ်စုကို တစ်ကြိမ်ကျဖြစ်သည်။ စာအိတ်ထဲမှာက ချီလီပီဆို ၅ သန်း (အကြမ်းအားဖြင့် ဒေါ်လာ ၁၀၀၀၀) ပါလေသည်။

သူသည် ပထမနေ့ကစ၍ ဆင်းဒဝစ်များကို ကယ်ဆယ်ရေးအဖွဲ့သို့ ဝေငှခဲ့သည်။ ဦးထုပ်များ ဝေငှခဲ့သည်။ သို့သော် လူသိရှင်ကြား မပြောခဲ့ပေ။ ယခုအခါ သူက တွင်းထဲရှိလုပ်သားတစ်ယောက်ချင်းကို ဒေါ်လာတစ်သန်းစီ ဆောင်းပေးကြရန် ဆွယ်တရားဟောသည်။ ၄င်းတို့ နောင်ဘယ်တော့မှ အလုပ်လုပ်ဖို့မလိုတော့အောင် အာမခံဖြစ်၏။ သူတို့ အပြင်ပြန်ရောက်လျှင် စီးပွားရေးသောကတွေမဖြစ်စေချင်ပါဟုလည်း သူက ပြောသည်။ ယခု သူလာခြင်းသည်

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



သူတို့အား အလုပ်ပေးရန် မဟုတ်။ အလုပ်ထက်ကောင်းသောအရာကိုပေးရန်ဟုလည်း ဖါးကပ်စ်ကဆိုသည်။

မိသားစုဝင်များကလည်း ကျေးဇူးတင်စွာဖြင့် သူတို့ရရှိသော ချက်လက်မှတ်များကို စုဆောင်းပေးထားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ကိုယ်တိုင်လာရောက်ပေးခြင်းမှာ ပညာရှိပီသပါပေကြောင်းပြောဆိုကြသည်။ ဤသို့ပြုလုပ်ခြင်းဖြင့် တခြားမလိုလားဖွယ်ကိစ္စများကို ရှောင်ရှားနိုင်ခဲ့၏။ ထိုကဲ့သို့ ဖစ်ရှားနှင့် ဖါးကပ်စ်တို့က သူတို့၏သီးသန့်အကူအညီများကို ပေးနေစဉ် ဆန်ဂျိုးမိုင်း၏ ပူးတွဲပိုင်ရှင်ဖြစ်သူ 'အလီဂျင် ဒရိုဘွန်း'ကမူ ဩဂုတ်လ ၂၃ ရက်တွင် ချီလီရေဒီယို၌ တွေ့ဆုံခန်းလုပ်ခဲ့၏။

သူက ဤကဲ့သို့ အဖြစ်မျိုးမကြုံဖူးကြောင်း၊ လုပ်သားများကို သင်တန်းများပေးထားပြီးဖြစ်ကြောင်း၊ အရေးကြုံလျှင် အသုံးပြုရန် လုံခြုံရေးကိရိယာများလည်း ပေးထားကြောင်း စသည်ဖြင့်ပြောကြားသွားသည်။ ထို့ပြင် သူက ကုမ္ပဏီအနေနှင့် ထိုလူ ၃၃ ယောက်အပြင် နောက်ထပ်လူ ၃၀၀ ကိုပါ လစာမပေးဘဲ ရက်ဆိုင်းထားမည့်အကြောင်း အရိပ်အမြွက်ပြောသွားသည်။ အာဏာပိုင်များကိုလည်း နည်းလမ်းဆက်လက်ရှာဖွေရန် ပြောကြားကြောင်း၊ ယခုတော့ ကယ်ဆယ်ရေးကို သူတို့လည်း မိမိတို့လိုပင် လုပ်ဆောင်နေကြောင်း စသည်ဖြင့်ပြောကြားခဲ့၏။

ဤသို့ဖြစ်ရခြင်းအတွက် လုပ်သားများနှင့် မိသားစုများအား တောင်းပန်ဖို့အစီအစဉ်ရှိမရှိ မေးသောအခါ ဘွန်းက တုံ့ဆိုင်းသွားသည်။ ချီလီလွှတ်တော်မှ စုံစမ်းရေးကော်မတီမဖွဲ့ခင် တရားရုံး၌ကြားနာရေး လုပ်လာခဲ့သော် ဟူသော အချက်ကိုလည်း သူက ငြင်းဆိုလေသည်။

အသံလွှင့်ပြီး မိနစ်ပိုင်းအကြာတွင်မူ သတ္တုတွင်းဝန်ကြီးဂိုလ်ဘိုနီက ဘွန်းကို တိုက်ခိုက်လေသည်။ ယခုကဲ့သို့ မိုင်းပိုင်ရှင်၏စကားများကို ကြားရသောအခါ အံ့သြမိကြောင်း၊ ဆန်ဂျိုးမိုင်းသည်လုံခြုံရေး လျစ်လျူရှုထားရှိခြင်းမပြုသည်ကို အပြစ်တင်ကြောင်း၊ မိုင်းအတွင်းလုံခြုံရေးကို အာရုံမပြုခြင်းမှာ အလွန်အရေးကြီးကြောင်း ဝေဖန်သွားခဲ့သည်။

အထက်လွှတ်တော်အမတ်တစ်ဦးဖြစ်သူ အယ်လ်ဘာတိုအက်စ်ပီနားကလည်း ဘွန်း၏ ဆန်ဂျိုးမိုင်းကို အုပ်ချုပ်စီမံမှုညံ့ဖျင်းခြင်း၊ အလုပ်သမားဥပဒေနှင့်အညီ မပြုလုပ်ခြင်း၊ အခြေအနေကို မထိန်းသည့်ပြင် ခပ်လုမ်းလုမ်းဆုတ်ပြီး ပိုက်ဆံမရှိ၍ လစာမပေးနိုင်ဟုပြောခြင်းများကို စွပ်စွဲခဲ့၏။ 'ဒါဟာ မဖြစ်သင့်'ဟုလည်း ဝေဖန်ခဲ့သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် 'ဖရန့်ဆော်ဘာမူ'ကလည်း မိုင်းပိုင်ရှင်များသည် တာဝန်ခံဖို့ စနစ်တကျ ငြင်းပယ်ကြောင်း အပြစ်တင်သည်။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



၂၀ ရက်မြောက်နေ့၊ ဗုဒ္ဓဟူး၊ ဩဂုတ်လ ၂၅ ရက်။

မြေအောက်၌ ဖိုမင်လူးဝစ် အာစူရာမှာ အထူးပိုမို၍ အလုပ်များနေသည်။ မြေပေါ်မှ လုပ်ပိုင်ခွင့်ရှိသူများသည် ညွှန်ကြားဖွယ်ရှိသည်များအားလုံးကို ဖိုမင်အား သတင်းပို့နေကြသဖြင့် ဖိုမင်မှာ အလုပ်များနေရခြင်းဖြစ်၏။ သမ္မတ ပီနာရာက ဖိုမင် အာစူရာအား ဖုန်းပြောသည်။ သူတို့ ယခုလိုအသက်ရှင်နိုင်ဖို့ မည်သို့ကြိုးစားခဲ့ကြရကြောင်းကို သမ္မတက ကြားချင်သည်ဟု ဆိုသည်။ အာစူရာလည်း ဤငရဲကြီးမှ လွတ်အောင် မည်သို့မည်ပုံ ကြိုးစားခဲ့ရကြောင်း အသေးစိတ် တင်ပြသည်။ မိမိတို့သည် ကျောက်တုံးပင်လယ်ကြီးအောက်တွင် ရက်တရက် အပိခံခဲ့ရပြီး ဤငရဲတွင်းမှ လွတ်မြောက်ဖို့ ချီလီအားလုံးကို စောင့်မျှော်နေပါကြောင်း တင်ပြလိုက်သည်။

ထို့နောက် အစိုးရအတွက် ဗီဒီယိုတစ်ကားလုပ်ပေးရန် အာစူရာက သဘောတူသည်။ ကင်မရာတစ်ခုအောက်ချပေးမည်။ လုပ်သားများက မိမိတို့၏ အမှတ်ရဖွယ်ကမ္ဘာ၌ နေထိုင်ရပုံအခြေအနေများကို ရိုက်ကူးပေးရန်ဖြစ်၏။ စကားအပြန် အလှန်ဆွေးနွေးမှုများ ဆက်လက်လုပ်ဆောင်ရင်းဖြင့် လုပ်သားများလည်း သက်တောင့်သက်သာဖြစ်လာကြပြီး စကားပြောခန်းများသည် ပုံမှန်ဖြစ်လာခဲ့၏။ စက်တင်ဘာ ၁၈ တွင် ကျင်းပရန်ရှိသော ချီလီနိုင်ငံ၏ နှစ် ၂၀၀ ပြည့်အခမ်းအနားတွင် သမ္မတအနေဖြင့် မိမိတို့မြေအောက်သို့ 'ဝိုင်တစ်ခွက်စီ' ပို့ပေးရန်လည်း ပြောဖြစ်ခဲ့သည်။

■

၂၁ ရက်မြောက်နေ့၊ ကြာသပတေး၊ ဩဂုတ်လ ၂၆ ရက်။

မိုင်းတွင်း၌ လုပ်သားများအိပ်ဖို့ ပြင်ဆင်နေစဉ် ချီလီအစိုးရ ရုပ်မြင်သံကြားမှ ၉ မိနစ် ဗီဒီယိုကို ထုတ်လွှင့်ခဲ့၏။ ချီလီ၏သောကြာည ဖြစ်သည်။ မြေအောက်မှ အနေအထားများကို ပြတင်းတစ်ချပ်ဖွင့်ပြခြင်းဖြစ်ပြီး လုပ်သားများ၏ ပထမဆုံး ရုပ်မြင်သံကြားမြင်ကွင်းဖြစ်သည်။ ကမ္ဘာတစ်ဝှမ်းသို့ ထုတ်လွှင့်ခြင်းဖြစ်ရာ တုန့်ပြန်မှုမှာ ထူးထူးခြားခြားဖြစ်၏။ တစ်ကမ္ဘာလုံး အံ့အားသင့်ခဲ့ကြရပေသည်။ အတွင်း၌ ဗီဒီယိုရိုက်သောအခါ ဖလိုရန်စီယိုက ကင်မရာကိုကိုင်သည်။ ဆီပူလ်ဗီဒါက ဖြည်းညင်းစွာလှည့်ပေးသည်။ သူတို့၏ ခိုလှုံရာဂူလေးကို လှည့်ပတ်ရိုက်သည်။ ကြမ်းရှသော နံရံများကို လည်း ပါအောင်ရိုက်သည်။ သံချေးတက်နေသော အောက်ဆီဂျင်စည်များကိုလည်း မြင်ရအောင်ရိုက်သည်။ ရေဒပ်ရသော စည်အတွဲလိုက်ကိုလည်း ရိုက်သည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



လုပ်သားတချို့ကား ကြောက်လန့်နေသော တိရိစ္ဆာန်များပမာ ကင်မရာကိုကြည့်ကြ၏။ ဆီပူလ်ဗီဒါက သူတို့ကို ပျော်ရွှင်အောင် အစုအဖွဲ့စိတ်ပေါ်အောင် ပြရန်ကြိုးစား၏။ လုပ်သားအနည်းငယ်ကသာ ပြသနိုင်သည်။ တချို့က စကားပြောဖို့ ကြိုးစားသည်။ သို့သော် စကားသံက ထွက်မလာချေ။ တချို့မူ ကြမ်းပေါ်ဝပ်ပြီး ကင်မရာထဲမပါအောင် ရှောင်ကြသည်။ သူတို့ကား အင်အားကုန်ခမ်းနေကြ၏။ မျက်လုံးတွေက ဘယ်ကိုမျှ မကြည့်လိုကြပေ။ နောက်ဆုံးတော့ သူတို့သည် ဒဏ်ရာရသောစစ်သားများ၏ ရှေးဟောင်းက အဖြူအမဲ ဓာတ်ပုံနှင့် တူနေတော့သည်။

သူတို့မျက်နှာပြင်ရှိ အမွေးအမျှင်များကလည်း ညစ်ပတ်ရှည်လျားနေကြပြီး မှတ်မိစရာမရှိအောင် ဖြစ်နေသည်။ ကလော်ဒီယိုယန်နီးက မတ်တပ်မရပ်နိုင်။ ရင်ဘတ်က နံရိုးတွေက ပြိုင်းပြိုင်းထနေလေပြီ။ လူအားလုံး၏ ဟန်ပန်မှာ လေးလံသောဒဏ်ရာဒဏ်ချက်တွေ ရှိနေပြီး သေခြင်းနှင့်သေခါနီးပြီဟူသော အသိကြောင့် ဗီဒီယိုမှာ သရဲကားကြည့်ရသည်နှင့်ပင် တူနေတော့၏။

တချို့လူများက လိမ္မော်ရောင်ခေါင်းဆောင်ဦးထုပ်များ ဆောင်းထားကြ၏။ ရှပ်အင်္ကျီဝတ်ထားသူက နည်းသည်။ သူတို့ကိုယ်ခန္ဓာတစ်ခုလုံး ချွေးတွေစီးကျနေကြသည်။ စတုရန်းမီတာ ၅၀ သာကျယ်သော ခိုလှုံရေးစခန်းထဲ၌ ကြပ်သိပ်နေခဲ့ရသဖြင့် မိုင်းလုပ်သားများ၏ပုံမှာ ရှုးကြောင်ကြောင် ဖြစ်နေကြလေသည်။

ဆီပူလ်ဗီဒါက သူ အားပေးနေကျအတိုင်း ဆက်လက်လုပ်ကိုင်၏။ ရယ်စရာတွေပြော၏။ သူတို့သည် အပေါ်မှ မိသားစုနှင့် စကားအနည်းငယ်ပြောခွင့်လည်း ရခဲ့ကြသည်။ စကားများများလည်း မပြောနိုင်ကြပေ။ ဓာမိုရာပြန်ပြောပုံကိုပြောရလျှင် 'မင်းတို့ဟာ တို့အတွက် ဘယ်လိုတိုက်ပွဲဝင်နေခဲ့တယ်ဆိုတာ တို့သိပါတယ်' ဟုပြောရင်း မျက်ရည်သုတ်ရသေးသည်။ ပြီးမှဆက်၍ 'တို့အားလုံးမင်းတို့ကို ချီးကျူးကြပါတယ်' ဟု ပြောရသည်။

ဗီဒီယို၏အဆုံးတွင် မိုင်းလုပ်သားများအားလုံး ချီလီနိုင်ငံတော်သီချင်းကို သီဆိုကြ၏။ ပင်ပန်းအားကုန်နေသည့်ကြားကပင် သူတို့အသံတွေက လွင်၍ကြွ၍ ထွက်လာခဲ့ကြ၏။ လုပ်သားများကို ပထမဆုံးမြင်လိုက်ရသော အခါတွင် လုပ်သားများ စည်းစည်းလုံးလုံးရှိကြပါ့မလားဟု သံသယရှိသူများ ကမ္ဘာကြီးမှာ နည်းပါးသွားသည်။

ဗီဒီယိုသည် မိုင်းလုပ်သားများ၏ လျှို့ဝှက်သော လက်တွေ့ခရီးကို ပြသခဲ့ပေသည်။ လုပ်သားအများက လုံ့လျော့ပျောင်းနေကြပြီး အနည်းငယ် ရှက်သလိုဖြစ်နေကြသော်လည်း ဆီပူလ်ဗီဒါကား သူ့ကိုယ်သူယုံကြည်မှုအပြည့်အဝဖြင့် ရွှင်လန်းတက်ကြွစွာ သရုပ်ဆောင်ခဲ့၏။ သူက သူ့လူများကို မိမိ၏ မိသားစုနှင့် တစ်ဦးချင်း စကားပြောဖို့မျှော်လင့်ချက်နှင့် ရှုတ်ဆက်ဖို့ စီစဉ်ပေးသည်။ ဤဗီဒီယိုမှာ အပေါင်းလက္ခဏာဆောင်သော တုန့်လှုပ်ဖွယ်တည်ရှိနေမှု၊ အသက်ရှင်သန်မှုအတွက် ဂုဏ်ယူဖွယ် ကြေညာချက်ကြီးပင် ဖြစ်လေသည်။

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



ဆီပူလ်ဗီဒါ၏ အခန်းကဏ္ဍမှာ ကံတရား၏ ရိုက်ချက်မဟုတ်။ မီဒီယာနည်းဗျူဟာ ဖြစ်သည်။ သမ္မတပီနာရာ အစိုးရက ဆီပူလ်ဗီဒါအား အိမ်ရှင်သည့်ခံတင်ဆက်သူလုပ်ရန် ခန့်အပ်ခဲ့ခြင်းဖြစ်၏။ ကျန်းမာရေးဝန်ကြီး၏ ပြောပြချက်အရ ဤဗီဒီယိုကို ခက်ခက်ခဲခဲညှိနှိုင်းခဲ့ရကြောင်း သမ္မတပီနာရာက သူလုပ်သားများကို သူရဲကောင်းများအဖြစ် ကမ္ဘာကို ပြလိုသည်။ သူတို့၏ စွမ်းဆောင်ရည်မြင့်မားမှုကို ဖော်ထုတ်ချင်သည်။ ထို့ကြောင့် ဂရုစိုက်ပြီး ကျကျနန 'တည်းဖြတ်'ခဲ့ရသည်ဟုဆိုသည်။ လုပ်သားများ ငိုကြွေးနေပုံမျိုး မပြခဲ့ချေ။

■

၂၂ ရက်မြောက်နေ့၊ သောကြာ၊ ဩဂုတ်လ ၂၇ ရက်။

ယနေ့ မြေအောက်မှစာတွေ တပြုံကြီးရောက်လာသည်။ အားလုံးသည် သူတို့ကမ္ဘာ၏အကြောင်း အသေးစိတ်ရေးထားသောစာများဖြစ်၏။ သူတို့သည် လူ ၃၃ ယောက်ကို ၃ စုခွဲထားပြီး တစ်ခုလျှင် ၁၁ ဦးက ၈ နာရီစီ တာဝန်ယူကြသည်။ အုပ်စုတစ်စုတိုင်းတွင် ခေါင်းဆောင်ခန့်ထားပြီး ၄င်းက တစ်ဖွဲ့လုံး၏ ခေါင်းဆောင်ဖြစ်သော အာဇူရာထံ တိုက်ရိုက်တင်ပြကြရ၏။

သူတို့အနေနဲ့ ခွန်အားပြန်လည်ရရှိကြဖို့ နေ့စဉ်ဇယားကို ဆွဲကြရသည်။ ကယ်ဆယ်ရေးအဖွဲ့များက အောက်ရှိလူများအနေနဲ့ အစားအစာအတွက် မပူရတော့သောအခါ အပျင်းထူပြီး သက်သက်သာသာနေထိုင်ကြမည်ကို စိုးရိမ်သည်။ ထို့ကြောင့် အုပ်စုခေါင်းဆောင်များကို နေ့စဉ်တာဝန်ဇယားချထားစေသည်။ မနက်ပိုင်းတာဝန်ကျသူများသည် ၇း၃၀ တွင် အိပ်ယာမှထကြရမည်။ ၈း၃၀ တွင် နံနက်စာစားကြရမည်။ အလုပ်တာဝန်များဆောင်ရွက်ရမည်။ တချို့တာဝန်များမှာ အပေါ်မှအင်ဂျင်နီယာများက ပေးပို့သော တာဝန်များဖြစ်ပြီး တချို့မှာ မိမိဘာသာစဉ်းစားမိသမျှ လိုက်နာကြရသော အလုပ်များဖြစ်သည်။

ချီလီရှိ ကျွမ်းကျင်လုပ်ငန်းရှင်များရော နာဆာမှလူများကပါ အံ့သြရလောက်အောင် ဤမိုင်းအောက်လုပ်သားများက လုပ်ဆောင်နိုင်သည်ကို တွေ့ကြရ၏။ သူတို့သည် တစ်ဦးချင်းမူလတာဝန်များကို မစွန့်ပစ်ဘဲ သူတို့အသက်ရှင်ရေးအတွက် အသစ်တီထွင်သော စက်မှုဆိုင်ရာကျွမ်းကျင်မှုများ၊ လျှပ်စစ်ဆိုင်ရာကျွမ်းကျင်မှုများကို ဆောင်ရွက်ကြသည်။ ဤသို့ ပုံမှန်အလုပ်တာဝန်များ လုပ်ကိုင်ရခြင်းသည် သူတို့၏အကူအညီမဲ့ဘဝခံစားချက်ကို ဖယ်ရှားခဲ့လေသည်။ အပေါ်မှ ဆရာဝန်တစ်ဦးဖြစ်သူ ဒေါက်တာအယ်လ်ရီးနားက 'ကျွန်တော်တို့ ရည်မှန်းချက်က သူတို့ကို လူနာတွေလို မကုသဘဲ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



သူတို့ဘာသာသူတို့ လုပ်နိုင်အောင်ကူညီဖို့ပါ' ဟုပြောပြသည်။ လုပ်သားများလည်း ခွန်အားပြန်လည်ပြည့်လာသောအခါ ပျက်စီးနေသောနံရံများကို ပြန်၍ခိုင်မာအောင်ပြုပြင်ခြင်း၊ ကျောက်တုံး အမှိုက်သရိုက်များကို ရှင်းလင်းခြင်း၊ သူတို့အိပ်ယာနေရာသို့ စီးလာသောရေများကို အခြားဘက်သို့ လမ်းလွှဲပေးခြင်းတို့ကို ပြုလုပ်ကြသည်။ သူတို့ထံမှ ရေးသားသော စာများတွင် ချေးပေါက်များစွန်းပေခြင်း၊ ရွှံ့များပေကျံခြင်းတို့ ပါလေ့ရှိ၏။ ဤအချက်က မိုင်းထဲတွင် စိုထိုင်းစ ၉၀ ရာခိုင်နှုန်းရှိနေမှုနှင့် အပူချိန် ၃၃ ဒီဂရီဖြစ်နေမှုတို့ကို ဖော်ပြ၏။ သို့သော် ယခုအခါ သူတို့သည် ခေါင်းလျှော်ရည်၊ ဆပ်ပြာ၊ သွားတိုက်ဆေး၊ မျက်နှာသုတ်ပါဝါတို့ကို အဆင့်မြင့်မြင့် ရရှိနေပြီဖြစ်သည်။ သူတို့သည် ဒုတိယအကြိမ် မိုင်းပြန်ပြိုမည်ကို စိုးရိမ်ရသဖြင့် အိပ်သောနေရာနှင့် နေထိုင်သောနေရာများတွင် လုံခြုံရေးတပ်ဖွဲ့များအဖြစ် စည်းရုံးချထားရသည်။ သေးငယ်သော ရေစီးကြောင်းကလေးကပင်လျှင် ကျောက်ဆောင်များကို ပြိုကွဲဖို့ ဖန်တီးနိုင်သဖြင့် သူတို့စိုးရိမ်မကင်းဖြစ်ကြသည်။ ထို့နောက် နေ့စဉ်မိုင်းခေါင်မိုးမှ ကျောက်တုံးကြီးများကို ရှင်းလင်းအောင် နာရီပေါင်းများစွာ ပြုလုပ်ခဲ့ကြ၏။

အပေါ်မှ ပေးပို့မှုများက မိနစ် ၄၀ မှာတစ်ခါ ဖြစ်သည်။ ထိုပေးပို့မှုများကို ဆောင်ယူရန် လူခြောက်ဦးကို တာဝန်ချ၏။ အပေါ်မှနေ၍ သုံးမီတာရှည်သော သတ္တုပြွန်ရောက်လာသည်။ ထိုပြွန်ကို အဖုံးဖွင့်ရသည်။ အထဲမှာပါသည့် အရာများကို ခါချရသည်။ နောက်ဆုံးရစာများ၊ သတင်းများကို ဝေငှရသည်။ ထို့နောက် တိုပီတိုနှင့်တူသော ပြွန်လုံးကြီးကပြန်တက်သွားလေသည်။ ထိုပြွန်လုံးကြီးကို ဖွင့်ခြင်း၊ အထဲမှအရာများကို ထုတ်ယူခြင်းတို့အတွက် စက္ကန့် ၉၀ သာ အချိန်ပေး၏။ ၁၀ မိနစ်အထိ အေးအေးဆေးဆေး ထားနိုင်သော်လည်း ၂ မိနစ်အတွင်း အမြန်အလုပ်ပြီးအောင် လုပ်စေခြင်းသည် လုပ်သားများ ရပ်နားမနေစေရန်ဖြစ်၏။ သူတို့သည် နေ့အခါ အနည်းဆုံး ၈ နာရီ အလုပ်လုပ်နေသင့်သည်ဟု ဆရာဝန်များက ယူဆသည်။

လုပ်သားများက ပြွန်လုံးကြီးကိုဖွင့်ဖို့ တာဝန်မကျသောအချိန်မှာလည်း ပြွန်လုံးကျလာမည့်တွင်းဝတွင် စုရုံးတတ်ကြ၏။ မိမိအတွက်စာပါလျှင်ဟူသော မျှော်လင့်ချက်အပြင် ဘာတွေများပါလေမလဲဟူသော သိချင်စိတ်ကြောင့်လည်း စုဝေးကြခြင်းဖြစ်သည်။

ဤကဲ့သို့ သယ်ယူပို့ဆောင်ရေးအစီအစဉ် ထိရောက်သဖြင့် လေးရက်ကြာပြီးသောအခါ သူတို့သည် ပရိုဂျက်တာ ခေါင်းတပ်မီးအိမ်အသစ်များ၊ ရေသန့်များကို ရခဲ့ကြ၏။ ကယ်ဆယ်ရေးလုပ်သားများက မိုင်းလုပ်သားများအား ရိက္ခာကို ၁၄ ရက်စာ သိုလှောင်ထားရန် နှိုးဆော်ခဲ့သည်။ သူတို့လည်း အစာသိုလှောင်ရေးမဟာဗျူဟာကို စတင်ခဲ့ကြ၏။

အစားအစာများ သယ်ပို့လာသောအချိန်က ထိုနေ့အဖို့ အလုံးအခဲကြီးပင်ဖြစ်၏။ နေ့လည်စာကို နေ့လယ် ၁၂ နာရီတွင် စတင်ပို့သည်။ ထိုနေ့လည်စာပို့ခြင်းက ၁ နာရီခွဲလုံးလုံးကြာသည်။ ထိုနေ့လည်စာ စားပြီးလျှင် သူတို့ အထွေထွေ

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



အစည်းအဝေးလုပ်သည်။ ထိုအစည်းအဝေးမှာပင် ဝတ်ပြုဆုတောင်းခြင်းကို ပြုလုပ်သည်။

ထုံးစံအတိုင်း ဂျူစီဟင်နရီကွစ်က နေ့စဉ်ဝတ်ပြုမှုကို ဦးဆောင်၏။ ယခင်က ဝတ်ပြုအဖွဲ့သေးသေးလေးက စတင်ခဲ့ရာမှ ယခုအခါ အားလုံး အပြည့်အဝတက်ရောက်လာကြ၏။ ဖလိုရန့်စ်ယိုက အုပ်စု၏ တရားဝင်ကင်မရာမင်း ဖြစ်ပြီး တရားဟောပြောမှုကို မှတ်တမ်းတင်သည်။

ပီဒရီနှင့် ကားလို့စ်တို့က အသံဖမ်းစက်ဆရာများအဖြစ် ခန့်အပ်ခြင်းခံရ၏။ ညနေခင်းပိုင်း ဖုန်းခေါ်မှုများကို ကြီးကြပ်ရသည်။ အသက် ၁၉ နှစ်သာ ရှိသေးသော ဂျင်မီဆန်ရှယ်က 'သဘာဝပတ်ဝန်းကျင်ဆိုင်ရာလက်ထောက်' ဖြစ်လာ၏။ သူနှင့်အတူ ဆင်မြူရယ်အေဗာလို့စ် လိုက်ပါကာ အခန်းတစ်လျှောက် အောက်ဆီဂျင်ဘယ်မျှ၊ ကာဗွန်ဒိုင်အောက်ဆိုဒ်ကဘယ်မျှ၊ အပူချိန်ကဘယ်လောက်ရှိကြောင်း လက်ကိုင်ကွန်ပျူတာဖြင့် မှတ်တမ်းယူရသည်။

ထို့နောက် ဆန်ရှယ်နှင့် အေဗာလို့စ်တို့သည် ဖတ်၍ရထားသော မှတ်တမ်းများကို အပေါ်ရှိဆေးပညာအဖွဲ့သို့ အစီရင်ခံရ၏။ အခြေခံလိုအပ်ချက်များဖြစ်သော အစားအစာနှင့် အိပ်ယာများအပါအဝင် သူတို့၏ ရာထူးအမည်များကိုလည်း ဖြည့်ခဲ့ကြသည်။ ဂျူစီအိုဂျီဒါကို အတွင်းရေးမှူးဟုလည်းကောင်း၊ နေ့စဉ်အဖြစ်အပျက်ရေးရသူ ဗစ်တာဆီဂိုဗီးယားကို မှတ်တမ်းတင်အရာရှိဟုလည်းကောင်း ပေးခဲ့ကြလေသည်။

ပထမအစပိုင်း ဆက်သွယ်မှုရချိန်များအတွင်း ကယ်ဆယ်ရေးအရာရှိများသည် 'ယွန်နီးဘားရီးယက်စ်'ကို အုပ်စုဆရာဝန်အဖြစ် ခန့်ထားခဲ့သည်။ ဘားရီးယက်ကိုယ်တိုင်ကလည်း ပထမ ၁၇ ရက် အတွင်းမှာကတည်းက သူ့ကိုယ်သူ အပ်နှင်းခဲ့ပြီးဖြစ်၏။ ယခုတရားဝင်ခန့်အပ်ခံရသောအခါ လက်ထောက်ဆေးမှူးအဖြစ် 'ဒယ်နီယယ်လ်ဟာရီးရာ' ကို အလုပ်ခန့်လိုက်သည်။

အုပ်စုအတွင်း ဆောင်ရွက်နေကြသူများ၌ ဘားရီးယက်စ်က ထူးခြားသည်။ သူကလူအားလုံးကို ဆုံဆို့နာ၊ မေးခိုင်ရောဂါနှင့် နမိုးနီးယား အဆုတ်အအေးမိရောဂါတို့ မဖြစ်ပွားရလေအောင် ကာကွယ်ဆေးထိုးပေးသည်။ ထို့ပြင် မှိုရောဂါပိုးများနှင့် သွားရောဂါများသည် လုပ်သားများအတွက် အဓိကပြဿနာဖြစ်နေသဖြင့် ထိုရောဂါများကို ကုသရန် 'တယ်လီမက်ဒီဆင်' အဖြစ် အောက်မှလူနာများကို အပေါ်မှတယ်လီဖုန်းအဆက်အသွယ်ဖြင့် ကုသရသူ ဖြစ်ခဲ့ရလေသည်။

ဘားရီးယက်စ်သည် နေ့စဉ် ပုံမှန်လှည့်လည်ကြည့်ရှုပြီးနောက် နေ့ခင်းပိုင်းတွင်ကား မီတာ ၇၀၀ အောက်ရှိ လူများထံမှ ကျန်းမာရေးပြဿနာများကို ဖြေရှင်းရ၏။

'ယွန်နီး ခင်ဗျားသွားနှုတ်ဖူးသလား'

'ဟုတ်ကဲ့ ကျွန်တော်ကိုယ်တိုင် သွားတစ်ချောင်း နှုတ်ဖူးပါတယ်'

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



'ဒါဆိုရင် ခင်ဗျားဆီကို ပိုးသတ်ထားတဲ့ သွားနှုတ်ကိရိယာတစ်ခု ပို့ပေးဖို့ ပြောချင်ပါတယ်'

ထိုအခါ အပေါ်မှဆရာဝန်များ တအံ့တသြနှင့် တစ်ဦးကိုတစ်ဦး ကြည့်မိကြ၏။ 'မယ်နာလစ်ချ်' က -

'ယွန်နီး… သတိရပါဗျာ။ လူတွေကို ပြောပြစမ်းပါ။ သူတို့သွားတွေကို မတိုက်ပဲထားရင် မကြာခင် ခွေးရိုုပ်သိုးသွားလိမ့်မည်ဟု စသဖြင့် ဖြေရှင်းရလေသည်။

ဘားရီးယက်စ်တွင် အခြားအရေးကြီးသော တာဝန်တစ်ခုလည်းရှိ၏။ ၄င်းမှာ အောက်ရှိလူများကို တိုင်းတာရန် ဖြစ်၏။ ရည်ရွယ်ချက်မှာ ယခုတူးနေသော လိုဏ်တွင်း၌ အောက်ရှိလူများဆန့်မဆန့်သိရန် ဖြစ်၏။ လူများကို လိုဏ်တွင်းထဲမှ ဆွဲတင်ရန်တည်း။ အပေါ်တွင်လည်း ရှုပ်ထွေးသောလုပ်ငန်းစဉ်များကို လုပ်နေကြရ၏။ အပေါ်တွင် ဘားရီးယက်၏ဇနီးနှင့် ရည်းစားတို့ ရောက်နေကြသည်။ ထိုမိန်းမနှစ်ယောက်က လူကြားထဲတွင် ရန်ဖြစ်နေကြ၏။

ထိုကိစ္စက သတင်းမီဒီယာထဲ ရောက်သွားလေသည်။ ဤကိစ္စနှင့်ပတ်သက်ပြီး မြေအောက်တွင် ဟာသလုပ်မှုမှာ မပြီးနိုင်တော့ချေ။ ဘားရီးယက်ကို မလေးစားကြတော့ဘဲ ရယ်ပွဲဖွဲ့နေကြတော့၏။ သို့သော် မလိုမုန်းထားစိတ် လုံးဝမပါပါ။ ပြောရီးပြောစဉ် ရယ်စရာအဖြစ်သာ ဟာသလုပ်နေကြခြင်းဖြစ်သည်။

■

၂၄ ရက်မြောက်နေ့၊ တနင်္ဂနွေ၊ ဩဂုတ်လ ၂၉ ရက်။

ပီဒရိုဂယ်လို၏ တယ်လီဖုန်းလေးဖြင့် မြေအောက်နှင့် မြေပေါ်ဆက်သွယ်ရေးရရှိပြီး ၆ ရက်အကြာတွင် မြေအောက်မှ တောင်းဆိုမှုများ တိုးပွားလာသည်။ မြေအောက်ရှိလုပ်သားများသည် သူတို့၏ မိသားစုများနှင့် ဆက်သွယ်ဖို့ လိုအပ်လာသည်။ ဆန္ဒရှိလာသည်။ မေတ္တာရပ်ခံလာကြသည်။ ဤတွင် ကယ်ဆယ်ရေးသမားများက ဆယ်သွယ်မှုခပ်တိုတို စီစဉ်ပေးရန် အချိန်ဇယားဆွဲကြရ၏။ မိသားစုတစ်စုစီအတွက် ဆက်သွယ်ချိန်စက္ကန့် ၆၀ ပေးလေသည်။ ၄င်းအတွက် စိတ်ပညာဆရာဝန်က ထောက်ခံရသည်။

လုပ်သားများက သိပ်မကျေနပ်ချေ။ သူတို့သည် သမ္မတပီနာရာ၊ ဝန်ကြီးဂိုလ်ဘိုနီတို့နှင့် စုစုပေါင်းတစ်နာရီခန့် ပြောခဲ့ရပြီးနောက် ယခုအခါ အရေးအကြီးဆုံးကိစ္စအတွက် စုစုပေါင်း ၃၃ မိနစ်သာရမည်ဆိုသည်ကို အားမရကြခြင်းဖြစ်၏။

တယ်လီဖုန်းဆက်သွယ်မှု စတင်လျှင်ပင် ပြဿနာက စတော့သည်။ လုပ်သားတစ်ဦးဖြစ်သော ဆင်မြူရယ်လ်အေဗာလို့စ်က…

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်ဖုန်းပြောနေတုန်း စိတ်ဆရာဝန်က ရပ်တော့ ရပ်တော့လို့ ပြောနေတာ ကြားရတယ်။ ဘာတွေပြောနေလဲလို့ ပြောနေသလိုပဲ။ ပြီးတော့ သူတို့ ပြောသေးတယ်။ ဖြတ်တော့။ မင်းမဖြတ်ရင် ငါဖြတ်မယ် တဲ့။ ဒါဟာ သူ့စိတ်ဓာတ်ကိုပြတာ။ သူ့ အဖွဲ့ကို သူ ကြီးစိုးအနိုင်ကျင့်တာ။ ကျုပ်တို့လက်မခံဘူး။ ကျုပ်တို့က မိသားစုအတွက် ပိုကောင်းသွားအောင် လုပ်နိုင်တယ်။ ပိုဆိုးသွားစေတာလည်း ဖြစ်နိုင်တယ်' ဟုပြောသည်။

ပထမတွင် စိတ်ပညာဆရာနှင့် ဆရာဝန်များထံမှ နေ့စဉ်ကျန်းမာရေးအတွက် စုစုပေါင်း ၂ နာရီဆက်သွယ်ခွင့်ရခဲ့၏။ လုပ်သားများ စိတ်ဓာတ်ပြန်လည်တည်ဆောက်ရန် ကြိုးစားခြင်းဖြစ်သည်။ သူတို့ ပြန်လည်အားပြည့်ပြီး ကိုယ်အလေးချိန်တက်လာသောအခါ သူတို့က သူတို့ ဖျားနာခြင်းမဖြစ်ကြောင်း ထို့ကြောင့် ဆရာဝန်များနှင့် စကားမပြောလိုတော့ကြောင်း ပြောဆိုခဲ့ကြ၏။

ဤတွင် ဆက်သွယ်ရေးကိစ္စအသစ်၌ သဘောထားကွဲလွဲမှုများ၊ ပဋိပက္ခများ ပေါ်လာသည်။ မြေပေါ်ရှိ မိသားစုများ ရန်ပွဲသည့် စာများ စကားပြောဆက်သွယ်မှုများမှ တစ်ဆင့် မြေအောက်လုပ်သားများထံ ရောက်ရှိသွားသည်။ လုပ်သားများ စိတ်ထိခိုက်ပြီး တစ်ယောက်က စိတ်နောက်သွားသည်။ သူက ကျန်လူများကို ကူးစက်နိုင်သဖြင့် ကယ်ဆယ်ရေးအဖွဲ့က စိတ်ပူပန်ရ၏။ ဤကိစ္စ ကူးစက်သွားလျှင် ထိန်းသိမ်း၍ ရတော့မည်မဟုတ်ချေ။

စာ ဒါဇင်ပေါင်းများစွာ မြေအောက်သို့ နေ့စဉ်သွားနေသဖြင့် နောက်ဆုံးတွင် စိတ်ပညာဆရာဝန်နှင့် အဖွဲ့က တင်းကြပ်ရတော့သည်။ အောက်မှပို့သောစာများကို မိသားစုထံမပို့မီ ဆရာဝန်အဖွဲ့က ဖတ်ရှုရန်ဖြစ်၏။ ထိုနည်းတူ မိသားစုများက အောက်သို့ပို့သော စာများကိုလည်း မပို့မီဖတ်ရှုစိစစ်ရန်ဖြစ်သည်။ ဤအခါဆရာဝန်အဖွဲ့မှာ လက်ရေးမှိုးစုံဖြင့် ကျစ်နေအောင် လိပ်ထားသောစာများကို တစ်နေကုန် ဖတ်နေကြရတော့၏။

နာဆာအဖွဲ့၌ အချိန်ကြာမြင့်စွာ အကြံပေးပုဂ္ဂိုလ်လုပ်ခဲ့သော နစ်ကာနာ့စ်ကမူ ဤသို့ ဆင်ဆာဖြတ်ခြင်းအပေါ် ဝေဖန်ခဲ့၏။ ဤသို့ပြုခြင်းဖြင့် မယုံကြည်မှုများဖြစ်လာနိုင်ကြောင်း၊ အောက်မှလုပ်သားများက မိမိတို့အပေါ်က လူများ ဘာတွေဖုံးကွယ်ထားသလဲဟု မေးလာနိုင်ကြောင်း၊ အပေါ်မှကိစ္စများကို အပြည့်အစုံသိရခြင်းအတွက် ယခုဘာ့ကြောင့် ဖုံးကွယ်ထားသလဲဟု သိချင်လာမည်ဖြစ်ကြောင်း စသဖြင့် ပြောဆိုခဲ့၏။

ဤသို့ဖြင့် တင်းမာမှုများ အလျင်အမြန်ဖြစ်လာသည်။ ဂိုမီဇ်အိုဂျီဒါက စာတွေပျောက်သည်ဟု ထင်မြင်ယူဆလာသည်။ 'ဒါဟာ အကျည်းထောင်မဟုတ်ဘူး။ သူတို့က အစစအရာရာ စိစစ်နေတယ်။ တို့အချင်းချင်း ဆက်သွယ်မှုမလုပ်ခင် ဖြတ်ခံနေရတယ်' ဟု သူ့မိသားစုထံ စာရေးသည်။ ထိုစာကို မိသားစုထံမပြတော့ချေ။ စိတ်ပညာဆရာများက ဖျောက်ဖျက်ပစ်လိုက်ကြသည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



မိုင်းလုပ်သား ကားလို့စ်ဘူဝူနီကလည်း…

'တစ်ခါတလေ သူတို့က စကားလုံးတွေ ထပ်ဖြည့်ပေးသေးတယ်' ဟု ပြော၏။ ဆန္ဒပြဖို့ပင် လုပ်သေးသည်။ သူက ဤကိစ္စသည် သူတို့ကို စည်းလုံးစေသည်ဟု ယူဆလိုက်၏။ 'သူတို့ဟာ ကျုပ်တို့ကို အလကားကောင် တွေလို့ ထင်နေတာ။ သူတို့ဟာ ကျုပ်တို့ကို ဘယ်တော့မှနားမလည်ဘူး' ဟုလည်း ပြောခဲ့လေသည်။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



## အခန်း - ၈
## မာရသွန်ပြေးပွဲကြီး

၂၆ ရက်မြောက်နေ့၊ အင်္ဂါ၊ ဩဂုတ်လ ၃၁ ရက်။

မျှော်လင့်ခြင်းစခန်း (Camp Hope) သို့ မီးခိုးရောင် ဗင်န်ကားကြီး မောင်းဝင်လာသည်။ လမ်းတွင် ကင်မရာဆရာများ၊ ဓာတ်ပုံ သတင်းထောက်များက အုပ်စုကြီးအဖြစ် ဝိုင်းနေသည်။ လမ်းဘေး ဝဲယာမှာကား မြေအောက်လုပ်သားများ၏ မိသားစုများက တန်းစီလျက် သူတို့ကို ကြိုဆိုနေကြလေသည်။

နာဆာအဖွဲ့၏ အဆင့်မြင့်တပ်သားများအဖြစ် လေ့ကျင့်မှုရခဲ့သော အမေရိကန်အာကာသအစီအစဉ်၏ အရာရှိများမှာ တအံ့တသြဖြစ်ခဲ့ရ၏။ ဒါဇင်ပေါင်းများစွာသော သတင်းသမားများ၏ စုရုံးလှုပ်ရှားမှုများကို ကြည့်ပြီးတခြားဂြိုဟ်တစ်ခုသို့ ရောက်နေသည်ဟုပင် ခံစားမိကြသည်။

မြေအောက်၌ မိုင်းလုပ်သားများ ၁၇ ရက်ကြာ ပိတ်မိခဲ့သော်လည်း အသက်ရှင်လျက်ရှိနေသောသတင်းသည် ကမ္ဘာကို အံ့အားသင့်စေခဲ့၏။ ထို့အတူ တွင်းတူးပြီး အထဲမှလူများနဲ့ အဆက်အသွယ်ရနေပြီဆိုသော သတင်းသည်လည်း ကမ္ဘာကို တုန်လှုပ်စေခဲ့သည်။

သို့သော် ယခုအခါ လူများအစာစားနိုင်ပြီ၊ ဆေးဝါးရရှိနေပြီဆိုသောအခါ လုံးဝပြောင်းလဲမှုအသစ်သည် ပေါ်ပေါက်လာခဲ့၏။ ထိုအရာကား သူတို့၏ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးတည်း။ ချီလီသမ္မတ ပီနာရာသည် ဆန်ဂိုးမိုင်းပြိုကျမှုနှင့်ပတ်သက်ပြီး ယုံကြည်စိတ်ချရသော အတွေ့အကြုံကြွယ်ဝသည့် အကြံပေးပုဂ္ဂိုလ်များကို ရှာရန် အကူအညီခေါ်ယူခဲ့၏။ ထိုအခါ သမ္မတ၏လေှများသည် ထောက်ခံမှုနှစ်ခုရခဲ့သည်။ အာကာသသူရဲကောင်းများနှင့် ရေငုတ်သင်္ဘောသားများဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ချီလီရှိ အာကာသအစီအစဉ်တွင် လေတပ်မတော်မှ ကဲလပ်စ်ဖွန်းကို ထားရှိခဲ့သည်။ ဖွန်းသည် အကောင်းမြင် တရားသေဝါဒသမားဖြစ်၏။ နာဆာ၏ အာကာသသူရဲကောင်း စာရင်းတွင်သတ်မှတ်ခဲ့ကြသော်လည်း အသင့်အနေအထားဖြင့် ၁၀ နှစ်ကျော်စိတ်ရှည်စွာ စောင့်ခဲ့သူဖြစ်ပြီး ယခုအခါမှာမှ လက်လျှော့ခဲ့ပြီဖြစ်သည်။

ကမ္ဘာ့နက္ခတ်တာရာကြည့်သည့်နေရာကို ချီလီနိုင်ငံ အတာကမာသဲကန္တာရ၌ ရှေ့တန်းမျက်နှာစာဖြစ်သော်လည်း နိုင်ငံရင်းမှ လူများကမူ အာကာသထဲသွားဖို့ အလှမ်းဝေးနေခဲ့၏။ ထို့ကြောင့် ဒေသတွင်းမှလူခေါ်ရန်မရှိဘဲ ဝါရှင်တန်ဒီစီရှိ ချီလီသံရုံးက နာဆာမှအရာရှိများနှင့် အဆက်အသွယ်လုပ်ခဲ့သည်။ နာဆာကလည်း တားမြစ်ခံရသော လူသားများ၏ကိစ္စကို လေ့လာရာ၌ နှစ်သက်သူများဖြစ်သည်။ မျှော်လင့်ခြင်းစခန်း၌ ရှိနေသော စိတ်ပညာဆရာများအဖွဲ့တွင်၊ ဒေါက်တာ အယ်လ်ပော်လန် ပါရှိနေသည်။ ဤပုဂ္ဂိုလ်မှာ ရေခဲမှုပြင်းထန်သော အန္တာတိကဒေသ အပိုလိုကာဝန်အာကာသကိစ္စ သည်တို့တွင် အတွေ့အကြုံ ကျယ်ပြန့်ခဲ့ပြီးဖြစ်၏။

ယခု ချီလီတွင် စုစည်းခဲ့သောအဖွဲ့၌ စိတ်ပိုင်းဆိုင်ရာ ပညာရှင်များ၊ အာဟာရနှင့်ပတ်သက်သည့် ပညာရှင်များ၊ မိုင်းအင်ဂျင်နီယာများ၊ ရေတပ်ဗိုလ်မှူးများပါဝင်သည်။ ရေတပ်ဗိုလ်က 'ရေငုပ်သင်္ဘောတွေမှာက အပြင်မှာရေတွေရှိတယ်။ သတ္တုတွင်းလုပ်သားတွေပေါ်မှာက မီတာ ၇၀၀ မြင့်တဲ့ ကျောက်ထုရှိတယ်။ ဖိစီးထားတာခြင်းအတူတူပါပဲ' ဟုပြောသည်။

မြေအောက်ရှိ လူ ၃၃ ဦး အသက်ရှင်အနေအထားရရှိရေးအတွက် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကိစ္စများ အများအပြားရှိသည်။ ထို့ကြောင့် မိုင်းတွင်လုပ်ကိုင်ဆောင်ရွက်နေကြသော ကယ်ဆယ်ရေးအဖွဲ့၌ ကျွမ်းကျင်သူ ၃၀၀ အထိ တိုးချဲ့ခဲ့ရ၏။ ၎င်းတို့အထဲတွင် ရူပဗေဒပါမောက္ခ၊ မြေပုံကျွမ်းကျင်သူမှအစ အောက်သို့ပေးပို့ရန် ချက်ပြုတ်ဖို့ စားဖိုမှူး ပါဝင်ရသည်။ ယခုရောက်လာသော နာဆာမှပုဂ္ဂိုလ်များမှာ နောက်ဆုံးရောက်လာသော ပြည်ပကျွမ်းကျင်သူများ ဖြစ်၏။ သို့သော် လူ ၃၃ ဦးအတွက် ကျွမ်းကျင်သူ ၃၀၀ (တစ်ဦးလျှင် ၁၀ ဦးနှုန်း) ရှိပင်ရှိငြားသော်လည်း ပြဿနာအများ အပြားကို မရှင်းနိုင်သေးပေ။

နာဆာမှ စိတ်ပိုင်းဆိုင်ရာပညာရှင် မိုက်ကယ်ဒန်ကင်က…

'အခုကိစ္စဟာ ကြိုတင်ပြင်ဆင်ခဲ့ရတဲ့ အခြေအနေနဲ့ ကြီးပမ်းမှုမဟုတ်ဘူး။ ကျွန်တော်သိထားသလောက် သမိုင်းတစ်လျှောက်ပြောရရင် ဒီလောက်နက်တဲ့ မြေတွင်းထဲမှာ ဒီလောက် များတဲ့လူတွေ ပိတ်မိနေတာမျိုး တစ်ခါမှ မကြုံဖူးပါဘူး။ အကြာကြီးနေပြီးမှ အခုလိုတွေ့ရတယ်ဆိုတာ သိပ်ကိုထူးခြားပါတယ်' ဟု ဆန်ဂျိုးစခန်း မိုးကာတဲအတွင်း၌ ပြောကြားခဲ့၏။

နာဆာမှအရာရှိများသည် ချီလီကယ်ဆယ်ရေးအဖွဲ့အား အကူအညီပေးရာတွင် တချို့အသေးအဖွဲပြောင်းလဲမှုများကို ပြုလုပ်ပေးခဲ့၏။ ဥပမာ မြေအောက်၌နေရောင်ခြည်မရသဖြင့် လူ့ခန္ဓာကိုယ်အတွက်လိုအပ်သော ဗီတာမင်ဒီကို ပေးသင့်ကြောင်း

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



အကြံပြုခြင်းဖြစ်သည်။ ထို့ပြင် နေ့စဉ်သာမန်ကိစ္စလေးများကိုလည်း တိုက်တွန်းခဲ့သည်။ ဥပမာ ဖဲကစားခြင်း၊ စာဖတ်ခြင်း၊ ရုပ်ရှင်ကြည့်ခြင်းများသည် အခြားဆိုးဝါးသော ထွက်ပေါက်များကို ရှောင်ရှားစေနိုင်သဖြင့် ထိုကိစ္စများပြုလုပ်ဖို့ အားပေးခြင်းဖြစ်၏။

နာဆာအရာရှိများသည် ၎င်းတို့၏ နောက်ဆုံး ၅ နာရီအကြာ ဆွေးနွေးအကြံပြုပွဲတွင် အသေးစိတ်အချက်များကို သတင်းထုတ်ရန် ငြင်းပယ်ကြသည်။ သို့သော် ထိုဆွေးနွေးပွဲတွင် ပါဝင်ခဲ့ကြသူများ ပြောကြားချက်အရ အမေရိကန်နာဆာအဖွဲ့သည် အောက်ရှိအလုပ်သမားများအား စီမံအုပ်ချုပ်သူများက တင်းတင်းကြပ်ကြပ် စည်းစည်းလုံးလုံးနှင့် စည်းရုံးရန် အရေးကြီးကြောင်း ပြောခဲ့သည်ဟု သိရသည်။ ၁၇ ရက်ကာလတုန်းက မဲပေးခြင်း၊ အုပ်စုလိုက်ဆုံးဖြတ်ချက်ချခြင်းတို့သည် ကောင်းမွန်မှန်ကန်ခဲ့သော်လည်း ယခုအချိန်မှာကား လုပ်သားတို့သည် ပုံစံမျိုးစုံဖြင့် အပြေးပြိုင်နိုင်ဖို့ ပြင်ဆင်ရန်လိုသည်ဟုဆိုသည်။ နာဆာက ပြောသောစကားလုံးမှာ 'မာရသွန်ပြေးပွဲ' ဟူ၍ဖြစ်သည်။

နာဆာမှအရာရှိများသည် ချီလီကယ်ဆယ်ရေးအဖွဲ့အား 'ပုန်ကန်မှုတစ်ခုအတွက်' ပြင်ဆင်ထားရန်လည်း သတိပေးခဲ့သည်။ ၎င်းတို့အတွေ့အကြုံအရ တစ်ခါတုန်းက စကိုင်းလက်ခရီးစဉ်တစ်ခုတွင် အာကာသယာဉ်မှူးများသည် အောက်မှညွှန်ကြားသူများနှင့် အငြင်းအခုံဖြစ်ပြီး အလွန်စိတ်ပျက်သွားသဖြင့် သူတို့ဘက်မှ တစ်ရက်လုံးလုံး အဆက်အသွယ်ဖြတ်တောက်ပစ်ခဲ့ကြောင်း ပြောပြကြလေသည်။

ဤကိစ္စနှင့်ပတ်သက်၍ ချီလီစိတ်ပညာရှင် ဒေါက်တာ 'ဗီဝူရီအာ' ကလည်း သူ့ခံစားချက်ကိုပြောပြသည်။ ဒေါက်တာ ဗီဝူရီအာကား ချီလီပြည်ထဲရေးဝန်ကြီးဌာနမှ ငှားရမ်းခဲ့ခြင်းဖြစ်ပြီး လုပ်သားများ၏ စိတ်ကျန်းမာရေးကို တင်ပြရန်ဖြစ်၏။ ဒေါက်တာဗီဝူရီအာ ပြောပြချက်အရ အတွင်းရှိလုပ်သားများအနက် ၁၅ ရာခိုင်နှုန်းမှာ စိတ်ပိုင်းဆိုင်ရာ ပျက်စီးချို့ယွင်းမှု ရေရှည်ဖြစ်လာဖွယ်ရှိသည်ဟု သိရသည်။ ဤကဲ့သို့ ရေရှည်စိတ်ပိုင်းဆိုင်ရာထိခိုက်မှုကို ကာကွယ်ရန်အတွက် အစိုးရက နိုင်နိုင်မာမာ အထောက်အကူပြုရန်လိုကြောင်း၊ အရေးအကြီးဆုံးမှာ လုပ်သားများက အပေါ်သို့ ဆက်သွယ်ရေးသတင်းများ ပေးပို့နိုင်ရန် အချိန်တစ်ခု သတ်မှတ်ပေးရေးဖြစ်ကြောင်း အကြံပြုခဲ့သည်။

ဆက်သွယ်ရေးစာများသည် အောက်မှလူများအတွက်လည်းကောင်း၊ အပေါ်မှမိသားစုများအတွက်လည်းကောင်း ကြီးမားသော စိတ်ပိုင်းဆိုင်ရာမြှင့်တင်မှုကြီးဖြစ်သည်။ အောက်မှလူများ၏ တောင်းဆိုမှုများတွင် ပထမဆုံး တောင်းဆိုမှုကား စက္ကူနှင့်ဘောလ်ပင်ဖြစ်သည်။ နောက်ပိုင်း ဖုန်းစနစ်တစ်ခုတီထွင်ခဲ့ကြပြီး နောက်ဆုံး ဗီဒီယိုနှင့် အပြန်အလှန်ပြောနိုင်အောင် လုပ်ခဲ့ကြ၏။ သို့သော် အားလုံးရှေ့၌ ပွင့်ပွင့်လင်းလင်းပြောဆိုခြင်းသည် အထိန်းအချုပ်မဲ့ဖြစ်သွားနိုင်သည်။ ဥပမာ အပေါ်ရှိဇနီးက အောက်မှလုပ်သားအား သူ့ကိုကွာရှင်းဖို့ တောင်းဆိုလျှင် ဘယ်လိုရှိမည်နည်း။ အိမ်မှာရှိနေသော ငွေရေး

www.burmeseclassic.com

www.burmeseclassic.com



ကြေးရေး အကြွေးကိစ္စများကိုပြောပြီး ရန်ဖြစ်ကြလျှင် ဘယ်နှယ်နေမည်နည်း။

■

၂၇ ရက်မြောက်နေ့၊ ဗုဒ္ဓဟူး၊ စက်တင်ဘာ ၁ ရက်။

ဆန်ဂျိုးမိုင်းကို အဝေးမှကြည့်လျှင် ဆောက်လုပ်ရေးလုပ်ငန်းရပ်တစ်ခု ရှုးနေပြီဟု ထင်ရနိုင်သည်။ နေ့စဉ်နေ့တိုင်း အလွန်ကြီးမားသော ကရိန်း (ဝန်ချီစက်) များကလည်နေကြသည်မှာ ၂၄ နာရီလုံးလုံးဖြစ်၏။ တစ်ချက်မျှ ရပ်နားခြင်းမရှိ။ သတ္တုပိုက်များကိုလည်း သယ်ယူနေကြ၏။ ဘိလပ်မြေစပ်ထားသော မဆလာသယ်သည့် ထရပ်ကားများ၊ ဘူဒိုဇာများ၊ တွင်းတူးစက်ကြီးများနှင့် စက်ရုပ်ကဲ့သို့ မိုင်းတူးစက်များတို့သည် တောင်ကုန်းပေါ်တွင် လူးလာခေါက်တုံ့သွားနေကြသော ပိုးကောင်များနှင့်ပင် တူနေလေတော့၏။ အလှည့်ကျတာဝန်ယူနေကြသော ဦးထုပ်ဆောင်းအင်ဂျင်နီယာ ကယ်ဆယ်ရေးသမားများ၏ မျက်နှာများက ပြုံးရွှင်နေအောင်နေးနေကြသည်။ ဤမျက်နှာများသည် ၄ ပတ်လုံးလုံး ကြီးမားခက်ခဲသော တာဝန်ကြီးကို ထမ်းဆောင်နေခဲ့ရခြင်း၏ ပြယုဂ်များပေတည်း။ ချက်ပြုတ်စားသောက်ရသော မိုးကာတဲထဲမှာကား ချီလီကယ်ဆယ်ရေး သမားများကို လာရောက်ပူးပေါင်းကူညီနေသည့် ဘရာဇီးလ်၊ တောင်အာဖရိက၊ အမေရိကမှ ရာပေါင်းများစွာသော အဆင့်မြင့်ကျွမ်းကျင် လူများရှိနေသည်။ ဤကယ်ဆယ်ရေးသမားများသည် သူတို့သားသမီးများ၏ မွေးနေ့ပွဲများကိုလည်း လက်လွှတ်ခဲ့ကြရ၏။ သူတို့မိသားစုများကိုလည်း စွန့်ခွာခဲ့ကြပြီး အတာကမာသဲကန္တာရထဲသို့ လေယာဉ်ဖြင့် လာခဲ့ကြရခြင်း ဖြစ်သည်။ သူတို့သည် သူတို့မတွေ့ဖူးသော လူများ၊ သူတို့အသိအကျွမ်းမဟုတ်သော လူများကို ကယ်ဆယ်ရန် ၁၂ နာရီတစ်ဆိုင်း အလှည့်ဖြင့် လုပ်အားပေးနေကြသည်။

အစားအစာများ၊ စက်ပစ္စည်းများ၊ အလှူပစ္စည်းများ တင်ဆောင်လာသော ကားတန်းကြီးများကလည်း မကြာခဏ ဆိုက်ရောက်လာကြ၏။ လေး ငါးရက် တစ်ကြိမ် ဤရာပေါင်းများစွာသောလူများအား ရှိနှင့် အခြားအစားအစာများ ဝေငှနိုင်ခဲ့သည်။ ယခုနှစ်အတွင်း မြေငလျင်လှုပ်ခြင်း၊ မိုင်းပြိုခြင်း ဖြစ်ခဲ့သဖြင့် ဤနိုင်ငံအတွင်း ညီရင်းအစ်ကိုစိတ်ဓာတ်များ ကြီးမားခဲ့သည်။ တစ်နည်းအားဖြင့် ဤနိုင်ငံသည် ယခုနှစ်၌ပို၍ အင်အားကြီးလာသည်ဟု ခံစားရကြောင်း ရိက္ခာကြီး ကြပ်သူတစ်ဦးက ပြောပြသည်။

တောင်ခြေရှိ ရဲစစ်ဆေးရေးဂိတ်အပြင်ဘက်မှာကား မိသားစုဝင်များသည် မီဒီယာသမားများ၏ တစ်စိတ်တစ်ပိုင်း ဖြစ်နေကြပြီ။ ရာပေါင်းများစွာသော သတင်းသမားများသည် မိသားစုများကို တစ်ယောက်ချင်းဖြစ်စေ၊ အစုလိုက်ဖြစ်စေ

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



အင်တာဗျူးခဲ့ကြ၏။ အထဲရှိလုပ်သားဘယ်နှယောက်၌ ချစ်သူတွေရှိသလဲ၊ အောက်မှလုပ်သားများ ကာမခံစားမှုလုပ်ကြသလား၊ ပီနာရာ၏ ကယ်ဆယ်ရေးလုပ်ငန်းချောမောပါ့မလား စသဖြင့် မေးမြန်းလျက်ရှိကြလေသည်။ အကူအညီအထောက်အပံ့များ ပေးနေပါလျက်နှင့် မျှော်လင့်ခြင်းစခန်းမှာ မျက်ရည်တွေကျနေကြသေးသည်။ မိသားစုများ၏ မကျေလည်မှုများရှိနေသည်။ မျှော်လင့်ခြင်းစခန်း၌ တာဝန်ကျနေသော ဒေါက်တာက ဟာသလုပ်ကာ 'ယွန်နီးတစ်ယောက်တော့ မိုင်းထဲက ပြန်မလာချင်တော့ဘူး' ဟုဆိုသည်။ အကြောင်းမှာ သူ၏ ကာလကြာရှည်ပေါင်းသင်းလာသော ဇနီးနှင့် ကြာမြင့်စွာ ဆက်သွယ်မှုရှိခဲ့သော ရည်းစားတို့ မပြီးနိုင်အောင် ရန်ဖြစ်နေကြသောကြောင့်တည်း။ အခြားမိသားစုများမှာလည်း တိုက်ပွဲတွေ ရှိနေကြ၏။ ဖခင်က ပစ်ထား၍ မတွေ့ရတာကြာပြီဖြစ်သော သားသမီးများက ဖခင်ကို တွေ့လိုနေကြသည်။ ကြေကွဲဖွယ် အဖြစ်များသည် သွေးတော်သူများ၌ ဖြစ်ပွားနေကြဆဲဖြစ်၏။

ဒေသအစိုးရက ဤမျှော်လင့်ခြင်းစခန်း အလွန်ကြီးမားလာမည်ကို သဘောပေါက်ကြသည်။ ယခုပင်လျှင် လူစုလူဝေးသည် ၅၀၀ ခန့်ရှိနေပြီ။ တစ်ကမ္ဘာလုံးက စောင့်ကြည့်နေကြသော ဤစိတ်ဝင်စားဖွယ်ကိစ္စကြီးအတွက် အရပ်ရပ်မှ သတင်းသမားများ ရောက်နေဆဲဖြစ်သည်။ ၂၀၀၀ ခုနှစ်တုန်းက ရုရှားရေငုတ်သင်္ဘော နစ်သည်။ သင်္ဘောသား ၁၁၈ ယောက်ပါသွားခဲ့သည်။ သမုဒ္ဒရာကြမ်းပြင်သို့ ကျသွားခဲ့ကြသည်။ ထိုအခါ ကမ္ဘာ့မီဒီယာသမားများသည် သင်္ဘောသားများ၏ ကြေကွဲဖွယ်ဇာတ်လမ်းကို အာရုံစိုက်ခဲ့ကြသည်။ မော့ဆက်သတင်းဌာန၏ သတင်းရယူချက်၌လည်း 'တက်..တက်..တက်..' ဟူသော ရေအောက်ဆက်သွယ်ရေးမှ အသံက ပို၍ပို၍တိုးတိတ်ပျောက်ကွယ်ခဲ့ကြသည်။ ရေငုတ်သင်္ဘောကြီးကိုယ်ထည်အတွင်း သင်္ဘောသားအားလုံးတဖြည်းဖြည်းနဲ့ သေဆုံးသွားခဲ့ကြ၏။

ယခုလည်း ချီလီသတ္တုတွင်းလုပ်သားများ၏ ဝမ်းနည်းဖွယ်ဇာတ်လမ်းသည် ကမ္ဘာ့အကြီးဆုံးစိတ်လှုပ်ရှားကြေကွဲဖွယ် ဖြစ်နေသည်။ ယခုအခါ မိုင်းတွင်းလုပ်သားများထံ ဆက်သွယ်ရေးကိရိယာများ၊ ဒစ်ဂျစ်တယ်ဗီဒီယိုကင်မရာများပေးပို့၍ ရနေသည့်အပြင် ဖျော်ဖြေရေးအဖြစ် MP 3 စက်ကလေးများပါ ပို့နိုင်သဖြင့် လှုသမိုင်း၌ မြေအောက်မှ ပေးပို့သော သတင်းများကို အမြန်ထုတ်လွှင့်နိုင်ခဲ့လေသည်။ မိုင်းပြိုပြီး နှစ်လကြာသောအခါ ချီလီမိုင်းလုပ်သားသတင်းကို 'ဂူဂဲလ်ဝက်ဘ်ဆိုဒ်' တွင် ရှာဖွေသူ ၂၁ သန်းရှိခဲ့သည်။

ယခုအခါ မျှော်လင့်ခြင်းစခန်းတွင် ကလေးများအတွက် 'ဇုန်' များထားရှိနေရပြီ။ အနီးအနားမြို့ကြီးများသို့ ဘတ်စ်ကားအချိန်ဇယားများ ထားရှိသည်။ နိုင်ငံတကာသတင်းဌာနတဲများနှင့် ၃ မီတာအကွာတွင် အသံချဲ့စက်ရှိသော တရားဟောစင်မြင့် ထားရှိသည်။ သတင်းသမားများက သတင်းအသစ်များကို ထုတ်လွှင့်စဉ် ကလေးများ နေနဲ့ ဘာသာတရားအပေါ် ယုံကြည်ကိုးစားရန်နှင့် ဤမြေအောက်၌ '၃၄ ယောက်မြောက် သတ္တုတွင်းအလုပ်သမား' အဖြစ်

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ယေရှုခရစ်တော် ရှိနေကြောင်း၊ မမေ့သင့်ကြောင်း သတိပေးလျက်ရှိပေသည်။

အတွင်းမှလူများကို ထုတ်ယူရေးတွင် ကြီးမားသော စိန်ခေါ်မှုများအဖြစ် နည်းပညာပိုင်းဆိုင်ရာနှင့် သယ်ယူရေးပစ္စည်းကိရိယာရရှိရေး စသောကိစ္စများရှိနေကြောင်း ချီလီအရာရှိများက သတိထားကြသည်။ ဤအတောအတွင်း မြေပေါ်ရှိမိသားစုများက ပျော်ရွှင်ရယ်မောနေကြပြီ။ အသားကင်များလုပ်ဖို့ ပြင်ဆင်နေကြပြီ။ သူတို့မိသားစုဝင်လုပ်သားများ အသက်ရှင်နေကြောင်း သိရကတည်းက ငြိမ်းချမ်းသွားခဲ့ကြလေပြီ။ ညဖက်၌ မီးရှူးမီးပန်းများ ပစ်လွှတ်နေကြသဖြင့် စခန်းသည် ဒုက္ခသည်စခန်းနှင့် မတူတော့ဘဲ ချီလီဂီတပွဲတော်နှင့် တူနေလေတော့၏။ သရုပ်ဖော်ကွက်များကိုလည်း တင်ဆက်နေကြသည်။ ချီလီ၏ နာမည်ကျော်စန္ဒရားဆရာ ရောဘတ်တိုဘရာဗိုကို မိသားစုများက ပတ်လည်ဝိုင်းကာ စန္ဒရားဆရာ၏ သရုပ်ဖော်မှုကို ရှုမြင်ကြသည်။

မြေအောက်ရှိအလုပ်သမား 'ဒါရီယိုဆီဂိုဗီးယား' ၏ အစ်ကိုဖြစ်သူ ပီဒရိုဆီဂိုဗီးယားက

'ကျုပ်ဖြင့် အခုမှပဲ အသက်ဝဝရှူနိုင်တော့တယ်။ အရင်ကဆိုရင် ဒီမြေအောက်မီတာ ၇၀၀ မှာ သူတို့ကိုစက်တွေက ရှာတွေ့နိုင်ပါ့မလားလို့ စိတ်ပူရတယ်ပေါ့များ။ မပြောနိုင်ဘူးပေါ့။ ကျုပ်လည်း အဲဒီမှာ တစ်နှစ်အလုပ်လုပ်ဖူးပါတယ်။ အဲဒီနေရာက အမြဲတမ်း အန္တရာယ်ရှိတဲ့အလုပ်ပဲ။ အဲဒီအောက်ထဲရောက်သွားတဲ့ လူအားလုံးဟာ အပြင်ကို ပြန်ထွက်နိုင်ပါ့မလားလို့ အံ့ဩခဲ့ကြရသူချည်းပါ။ တစ်ခါကဆိုရင် ကျွန်တော့်အပေါ် ကီလို ၁၀၀ လောက်ရှိတဲ့ ကျောက်တုံးကြီး ပိကျခဲ့ဖူးတယ်။ ကံကောင်းလို့ ကျောပေါ်ပဲကျခဲ့လို့ ခံသာသွားခဲ့တယ်'ဟု ပြောပြသည်။

ပီဒရိုဆီဂိုဗီးယားသည် မိသားစုဝင်များနှင့်အတူ၊ မိတ်ဆွေများ စုပေါင်းကာ မိုးကာတဲအတွင်း စောင့်နေခဲ့သူဖြစ်၏။ မိုးကာတဲအတွင်း၌ကား ခရစ်တော်၏ပုံနှင့် မယ်တော်မာရီ၏ပုံထားရှိကာ တုတ်ခိုင်သော ဖယောင်းတိုင်ကို ပူဇော်ထားသည်။ မိသားစုတို့သည် ကြောက်ရွံ့စရာလည်းမရှိ သူခိုးခိုးခံရမည့် အရေးမှာလည်း ဝေးနေသည်။ ဤမျှော်လင့်ခြင်းစခန်းတွင် မီဘိုင်းလ်ဖုန်းများကျပျောက်လျှင်ပင် ပိုင်ရှင်ရှာပြီး ပေးနေကြ၏။ ပီဒရိုဆီဂိုဗီးယားမိသားစုသည် ညအခါအိပ်ကြလျှင် မိသားစုဝင်တစ်ဦးကို မအိပ်စေဘဲ အလှည့်ကျစောင့်စေခဲ့၏။ မြေအောက်တွင် သူတို့၏ညီဖြစ်သူ ဒါရီယိုဆီဂိုဗီးယား ရှိနေသည်ကို လေးစားသောအားဖြင့် မအိပ်ဘဲနေခြင်းဖြစ်သည်။ 'အားလုံးဘယ်အိပ်ပျော်နိုင်ပါ့မလဲ' ဟုဆိုပါသည်။

ဆီဂိုဗီးယားတို့ တဲနှင့် ကပ်လျက်နေရာမှာ ကလေးများကစားနေကြ၏။ ထိုနေရာ၌ သူတို့အဖိုးဖြစ်သူ မာရီယိုပိုးတော်စ်အား ဂုဏ်ပြုသည့် ဖယောင်းတိုင်များထွန်းညှိထားသည်။ ကလေးတို့သည် ခဲတံများ ရောင်စုံခဲဆေးများဖြင့် ကားပုံများ ဆွဲကြ၏။ ပြီးလျှင် ဂိုးမက်စ်၏မာတ်ပုံများ စုပြီးတင်ထားလိုက်ကြ၏။ ထို့နောက် တောင်စောင်းရှိ ကျောက်ပုံများဆီပြေးသွားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မျှောင်လင့်ခြင်းစခန်းကား ယခုအခါ လူ့အဖွဲ့အစည်း အဝန်းအဝိုင်းလေးတစ်ခု ဖြစ်ခဲ့လေပြီ။ မိသားစုတိုင်းသည် မိမိတို့ဘာသာ နေ့စဉ်အလုပ်ကို သီးခြားလုပ်ကိုင်လျက် နေကြစေကာမူ အားလုံး၏ ရည်ရွယ်ချက်မှာ တူညီသဖြင့် ထို ရည်ရွယ်ချက် တူညီမှုက စည်းလုံးမှုကို ပေးထားလေသည်။ သူတို့မိသားစုများ တစ်စုနှင့် တစ်စုကြားတွင် လျှို့ဝှက်ချက်ဟူ၍ အလွန်နည်းပါးပါသည်။ အားနေသောအချိန်များနှင့် တူညီသောခံစားချက်များ ပေါင်းစပ်သောအခါ စခန်းတွင်း၌ သတင်း ဖလှယ်မှုများက ခရီးနှင်နိုင်ကြလေ၏။

■

အလုပ်သမားတစ်ဦးဖြစ်သူ ရောလ် ဘတ်စ်တိုစ်၏ဇနီး ကာရိုလိုင်းနား နာဗေ့စ်ကား ဒုက္ခဆင်းရဲနှင့် ရင်းနှီးကျွမ်း ဝင်ခဲ့သူတည်း။ လွန်ခဲ့သည့် ၆ လခန့်က သူ့ခင်ပွန်းအလုပ်လုပ်သော နေရာတွင် ၈ ဒဿမ ၈ စကေးရှိ ငလျင်လှုပ်ပြီး ဆူနာမီရေလှိုင်း ဖျက်ဆီးခံခဲ့ရ၏။ ယခုကဲ့သို့ ဆန်ကျိုးမိုင်းတွင် သူ့ခင်ပွန်းအလုပ်လာလုပ်ခြင်း၏ ရည်ရွယ်ချက်မှာ ဆူနာမီ ကြောင့် ပျက်စီးသွားခဲ့ရသော အိမ်ကိုပြန်ဆောက်ရန်ဖြစ်သည်။

ကာရိုလိုင်းနား နာဗေ့စ်က ကျောက်တုံးတစ်တုံးပေါ်တွင်ထိုင်၍ စီးကရက်သောက်ရင်း 'ဒီလိုမြေအောက်ထဲမှာ ဘယ်သူမှ အခုလိုမနေခဲ့ကြဖူးပါဘူး။ သူ့ထက်ကျွန်မ ပိုပြီးအားနည်းသူ မဖြစ်နိုင်ဘူး။ သူက ကျွန်မထက် အားနည်းနေရှာ မှာပါ' ဟုပြောခဲ့၏။ နာဗေ့စ်၏ နောက်မှာကား ရောလ် ဘတ်စ်တိုစ်၏ ရုပ်ပုံကို ထောင်ထားသည်။ ဓာတ်ပုံထဲတွင် ရောလ်က အံ့ကိုကြိတ်ပြီးစူးစူးကြီး ကြည့်နေလေသည်။ ဆက်လက်ပြီး နာဗေ့စ်က 'ကျွန်မထင်ပါတယ်။ ပြန်ထွက်လာတဲ့ ရောလ်ဟာ ဝင်သွားတုန်းက ရောလ်နဲ့ တူတော့မှာမဟုတ်ဘူး' ဟု ပြောပါသည်။

စခန်းနှင့် မီတာ ၂၀ အကွာရှိ ကွင်းပြင်လေးတွင် နယ်လီဘူဂွနီသည် မြေတွင်းရောက်သားဖြစ်သူ ဇစ်တာဓာမိုရာ အား ဂုဏ်ပြုသည့်အခမ်းအနား ကျင်းပနေ၏။ သူ့သားသည် အမြဲတမ်း ပြေးလွှားလှုပ်ရှား အာရုံများနေခဲ့ရသဖြင့် ယခု ကဲ့သို့ မြေအောက်မှာ ဘာမျှလှုပ်ရှားခွင့်မရဘဲ နေရခြင်းသည် သူ့ကိုယ်သူအတွင်းစိတ်ကို လေ့လာကြည့်ရှုရန် တွန်းအား ပေးနေလိမ့်မည်ဟု နယ်လီကဆိုသည်။ နယ်လီက သားထံမှ စာများကို ဖတ်ပြီးရင်း ပြန်ဖတ်ရင်းဖြင့် အံ့ဩနေခဲ့သည်။ ကြာရှည်လုပ်ကိုင်လာသော သတ္တုတွင်းလုပ်သားဖြစ်သူ ဇစ်တာသည် တစ်ခါမျှ ဤကဲ့သို့ ရဲရင့်သော၊ ခံစားချက်ပြင်းထန် သော စာမျိုးကို မရေးခဲ့ဖူးချေ။ ယခုဇစ်တာသည် သူမွေးဖွားပြုစုခဲ့သော ယခင်ဇစ်တာမဟုတ်တော့ဟု နယ်လီက ပြောပြပါ သည်။ ဆက်လက်၍ 'သူကသူ့ကိုယ်သူ သိသွားခဲ့ပြီ။ သူဟာ ကဗျာဆရာ တစ်ယောက်ဖြစ်နေမှန်း သူဟာသူ သိသွားခဲ့

the bookhound

www.burmeseclassic.com

www.burmeseclassic.com



ပါပြီ။ ဒီအလုပ်တရားတွေ ဘယ်ကလာသလဲ သူတို့ချက်ချင်းဖြစ်လာတာလား။ ကျွန်မတော့သူကို ဒီတောင်တန်းမှာ နောက်ထပ်အလုပ်မလုပ်စေချင်တော့ဘူး။ သူဟာ သီချင်းတွေရေးသင့်တယ်။ ကဗျာတွေ ရေးသင့်တယ်ဟု ဂုဏ်ယူစွာ ပြောဆိုနေခဲ့သည်။

ကဗျာနိုဘယ်လ်ဆုကိုရရှိခဲ့ကြသော ဂါဘရီလာ၊ မစ္စထရယ်လ်နှင့် ပါဘလိုနီရူဒါတို့ကို မွေးထုတ်ခဲ့သော ချီလီပြည်တွင် ဇာမိုရာသည် သတ္တုတွင်းလုပ်သားများ၏ တရားဝင်ကဗျာဆရာဖြစ်နေသည်မှာ အံ့သြဖွယ်မဟုတ်ချေ။ ဇာမိုရာ၏ ကဗျာကာရန်များသည် မိုင်းလုပ်သားများအတွက် တစ်မျက်နှာစမ္မတေးများဖြစ်ခဲ့ပြီး သူ၏ကဗျာများမှာ မျှော်လင့်ခြင်း၊ ကျေးဇူးတော်သိခြင်းနှင့် ပျော်ရွှင်ဖွယ်တို့ကို ပေါင်းစပ်ထားရာ မြေအောက်မှလာသော သတင်းစကားများအနက် အများဆုံးဖတ်ဖြစ်ကြသော ကဗျာများဖြစ်ခဲ့၏။ ထိုသို့အများအပြားက အပြန်ပြန်အခါခါဖတ်ကြရင်း ပီဒရိုကင်ပါစင်နိုတစ်ယောက် မျက်ရည်စို့ခဲ့ရသေးသည်။ 'သူ့စာကို ပထမဆုံးဖတ်ရတုန်းက ကျွန်တော်ဆက်မဖတ်နိုင်ဘူးဗျာ။ သိပ်ကို ခံစားမှုပြည့်ဝနေတယ်'ဟု ကင်ပါစင်နိုကဆိုသည်။

ယခုကဲ့သို့ မြေအောက်၌ လုပ်သားများကို အသက်ရှင်လျက်တွေ့ခဲ့ရပြီ ဆိုစေကာမူ အင်ဂျင်နီယာများအတွက် ကြီးမားသော စိန်ခေါ်မှုတွေရှိနေသေးသည်။ အောက်၌ပိတ်မိနေသော လူများရှိသည်။ မီတာ ၇၀၀ အနက်အထိ တွင်းတူးပြီး တစ်ယောက်စီ ဆွဲထုတ်တင်နိုင်ဖို့ဆိုသည်မှာ သုံးလေးလ ကြာသွားနိုင်သည်။ လူတွေကို ထုတ်နိုင်ဖို့ နည်းလမ်းရှာရဦးမည်။ ပီနာရာအစိုးရသည် ဤကိစ္စအတွက် ပုံစံအမျိုးမျိုး၊ ဗျူဟာအမျိုးမျိုးကို ရွေးချယ်ရတော့၏။ နောက်ဆုံးစီမံချက် (A)နှင့် စီမံချက် (B) ဟူ၍နှစ်မျိုးကို ရွေးခဲ့သည်။

စီမံချက် (A)မှာ ကမ္ဘာ့အကြီးဆုံး တွင်းတူးနည်းဖြစ်၏။ ဩစတြေးလျမှ နည်းပညာဖြစ်ပြီး တွင်း၏အဝမှာ အချင်း ၆၆ မီလီမီတာကျယ်သည်။ ၂ မိုင်အနက်အထိ တူးနိုင်သည်။ တစ်မီတာတူးရန် ကုန်ကျငွေမှာ ဒေါ်လာ ၃၀၀၀ မှ ၅၀၀၀ ရှိမည်။ ၎င်းစက်မျိုးကလည်း ၆ လုံးသာရှိ၏။ ကမ္ဘာပေါ်၌ စုစုပေါင်း ၆ လုံးရှိခြင်းဖြစ်၏။ ကံကောင်းသည်မှာ ချီလီ၌ တစ်လုံးရှိနေခြင်းတည်း။ ၎င်းစက်ကိုပင် ကယ်ဆယ်ရေးအဖွဲ့က အကူအညီတောင်းခဲ့သည်။

၎င်းစက်က ပထမဦးစွာ ၄၆ စင်တီမီတာ အချင်းရှိသော တွင်းကိုတူး၏။ ထို့နောက် ပို၍ကျယ်အောင်ချဲ့ပြီး လုပ်သားတစ်ယောက်ချင်းကို capsule ခေါ် ထုလုံးရှည်နှင့်ထည့်ကာ ဆွဲတင်ရန်ဖြစ်သည်။ ဤတွင်းတူးမှုက ပို၍နှေးကွေးသည်။ ၄ လကြာမည်။ လာမည့်ခရစ္စမတ်ချိန်ရောက်မှ ပြီးလိမ့်မည်။ သို့ဖြစ်လျှင် အောက်မှလူများ ထိုအချိန်အထိ အသက်ရှင်နေနိုင်ကြပါ့မလား။

ဤတွင် ချီလီအရာရှိများထံ အကြံပြုစာများ စုပြုံရောက်ရှိခဲ့၏။ အရာရှိများလည်း အချိန်မနှေးစေဘဲ ပင်စယ်ဗေး

www.burmeseclassic.com

www.burmeseclassic.com



နီးယားရှိ ကျူးခရီမိုင်းသို့ အပြေးသွားစေခဲ့သည်။ ၎င်းတို့ထံ၌ ပထမတွင်းတူးရန်နှင့် တွင်းချဲ့ရန် စက်ရှိသည်။ T ၁၃၀ ဟုခေါ်သည်။ ဤစက်ဖြင့်ဆိုလျှင် ၂ လအတွင်းကယ်နိုင်မည်။ ဤကား စီမံချက် (B)ဖြစ်၏။ သို့သော် မီတာ ၇၀ ၌ အလုပ်ဖြစ်နိုင်သော တူးစက်သည် ၁၀ ဆပိုသော မီတာ ၇၀၀ အထိ နက်အောင် အာမမခံချေ။

■

၂၉ ရက်မြောက်နေ့၊ သောကြာ၊ စက်တင်ဘာ ၃ ရက်။

ဘာရန်ဒိုဖစ်ရှားသည် စီမံချက် (B) ကို ကူညီညွှန်ကြားနိုင်ရန် တာဝန်ဖြင့် မျှော်လင့်ခြင်းစခန်းသို့ ရောက်လာသည်။ ဤတွင် လွန်ခဲ့သည့် ၈ နှစ်က ပင်စယ်ဗေးနီးယားကျေးလက်မိုင်းတွင်းလုပ်သားများကို ကယ်ဆယ်ခဲ့သောအဖွဲ့နှင့် ပေါင်းစည်းမိ၏။ သူတို့ အောင်မြင်ကြပါ့မလား။

အမေရိကန်ပြည်ထောင်စုမှ ဂျီအိုတက်ဘွိုင်းလ်ဘာရားသားကုမ္ပဏီ၏ ဥက္ကဋ္ဌ ဂျိမ်းစ်စတီဖားနစ်သည် ယခင် ပင်စယ်ဗေးနီးယား၌ သုံးခဲ့သော တွင်းတူးစက်ကို ချီလီမြောက်ပိုင်း 'ဒိုနာအင်းဒီကော်လာဟုစီ' မိုင်း၌ နေရာချထားခဲ့သည်။ T ၁၃၀ စက်ဖြင့် ၄၅၃၅၀ ကီလိုဂရမ်လေးသော ကီရိယာသည် သယ်ယူရလွယ်ကူပြီး ဝင်ရိုး ၅ ခုပါသည်။ သယ်ယူ၍ လွယ်သည့်အပြင် တပ်ဆင်၍လည်းလွယ်သည်။ ထိုစက်ကို ဆန်ဂျိုးမိုင်းသို့ယူရန် စီစဉ်ကြ၏။

စီမံချက် (B) ကား မျက်မမြင်ဟု ဆိုရမည်။ ၎င်းကို လမ်းညွှန်ရန် နည်းလမ်းမရှိချေ။ ဖစ်ရှာသည် အဓိကလူဖြစ်၏။ ပင်စယ်ဗေးနီးယားရှိ သူ့ကုမ္ပဏီသို့ လှမ်းဆက်ပြီး သူနှင့်သူ့လူ ၈ ယောက်တို့က အဖြေရှာကြည့်ရန်ဖြစ်၏။ ၎င်းတို့ အနေနှင့် တွင်းတူးစက်တပ်ဆင်တည်ဆောက်ပြီး တစ်ဆက်တည်းမှာပင် တွင်းကိုချဲ့ရန်ပုံစံထုတ်နိုင်ကြမည်ဟု ယုံကြည်ရပေသည်။

သို့တိုင် စီမံချက် (B) ကို အမျိုးမျိုးအဖုံဖုံ စမ်းသပ်ကြရ၏။ တစ်ချက်မှာ ဤတွင်းတူးစက်ကို အလွန်နက်ရှိုင်းသောနေရာအထိ တစ်ခါမှ မသုံးခဲ့ဖူးသေး၍ ဖြစ်သည်။

'အရေးကြီးဆုံးအချက်တွေထဲက တစ်ခုက ဒီစက်ဟာ ဘယ်လောက်အလေးချိန်ရှိသလဲဆိုတာ သိရမယ်။ အောက်ချလိုက်ရတာက လွယ်တယ်။ ဒါပေမယ့် ပြန်ဆွဲတင်ဖို့၊ အားလုံးပြန်တင်နိုင်ဖို့ သတိရရမယ်' ဟု စီမံချက် (B) မှ အင်ဂျင်နီယာတစ်ဦးက ပြောပြ၏။ အင်ဂျင်နီယာများအားလုံးကမူ ဤတွင်းတူးစက်သည် ၄၈ တန်ခန့် အလေးချိန်ရှိသော စက်အစိတ်အပိုင်းအားလုံးကို ကိုင်တွယ်နိုင်လိမ့်မည်ဟူသော အကောင်းမြင်ရှိကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ဝါရှင်တန်ဒီစီရှိ ချိုလီသံရုံးကလည်း ဂျော်ဂျီယာပြည်နယ်ရှိ ယူနိုက်တက်ပါဆယ်ဆားဗစ်စ်သဘော်ဂကုမ္ပဏီက စက်များအမြန်တင်ပို့ရေးကို ပူးပေါင်းပါဝင်မည်ဟု နားလည်ထားကြသည်။ ဝင်စယ်ဗေးနီးယားမှ ၁၂၀၀ ကီလိုဂရမ်လေးသော တွင်းတူးစက်ကရိယာများကို ဝေးလံသီခေါင်သော အတာကမာသဲကန္တာရသို့ လေယာဉ်ဖြင့် တင်ပို့ကြ၏။ UPS ဖောင်ဒေးရှင်းမှ ကုန်ကျစရိတ်ကျခံပါသည်။

ယခုအခါ စီမံချက် (B) ၏ အဓိကအစိတ်အပိုင်း ပျောက်နေသေးသည်။ စက်မောင်းသူဖြစ်ပါသည်။ နည်းပညာတိုးတက်မှု ရှေ့တန်းရောက်နေစေကာမူ T ၁၃၀ စက်သည် တာဝန်ယူအဖွဲ့ကို ဦးဆောင်ရန် ကပ္ပတိန်ခေါင်းဆောင်လိုအပ်၏။ ဂျီအိုတက်ဘွိုင်းစ်ဘရားသား၏ ဥက္ကဋ္ဌဂျိမ်းစ်စတီးဖားနစ်က သူ မည်သူ့ကို လိုအပ်ကြောင်း အတိအကျ သိပါသည်။ ၎င်းမှာ 'ဂျက်ဖ်ဟာတ်' တည်း။

ဂျက်ဖ်ဟာတ်သည် အသက် ၄၀ အရွယ် ရေနံအလုပ်သားတည်း။ ကော်လိုရာဒိုခင်တာမှ ဖြစ်၏။ သူက မြေမြှုပ်ထားသော ရတနာသိုက်များကို ရှာဖွေရာ၌ ကျွမ်းကျင်သူဖြစ်သည်။ သူသည် ကမ္ဘာ့ဆိုးဝါးသော ချောင်ကြိုချောင်ကြားများသို့ တွင်းတူးရန်ညွှန်ကြားသူအဖြစ် လှုပ်ရှားနေသူလည်းဖြစ်၏။

ယခုဆန်းကျိုးမိုင်းဖြစ်ပွားစဉ် ဂျက်ဖ်သည် အမေရိကန်အစိုးရစစ်တပ်အတွက် အာဖဂန်နစ္စတန်၌ တွင်းတူးနေသည်။ ထိုနိုင်ငံတွင် သဏ္ဌာန်များ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ပေါကြွယ်လှ၏။ သူ့ကိုအာဖဂန်နစ္စတန်မှ မြေအောက်အဖိုးတန်ရတနာများကို တူးဖော်ရန်ငှားရမ်းထားသည်။ ရတနာများအပြင် လောလောဆယ် အာဖဂန်၌ ရွှေဟုဆိုနိုင်သော 'ရေကောင်းရေသန့်' လည်း ရှာဖွေပေးရသည်။

ဂျက်ဖ်ဟာတ်ထံ ပထမဆုံးရောက်ခဲ့သော သတင်းစကားက အတော်အရေးကြီးဖြစ်၏။ 'တောင်အမေရိကတွင် မိုင်းတစ်ခုပြိုသည်။ လူ ၃၃ ယောက် အသက်ရှင်နေသည်။ သို့သော် အနက်မီတာ ၇၀၀ မှာ ဖြစ်နေသည်။ ရွှေနှင့်ကြေးနီမိုင်း၏ အောက်ဆုံးအလွှာမှာဖြစ်သည်။ သူတို့ကို လုံခြုံအောင် ဘေးကင်းစွာ ထုတ်ယူဖို့ လာရောက်ကြိုးစားချင်ပါသလား' ဟူ၍တည်း။

ဂျက်ဖ်က သဘောတူလိုက်ပါသည်။

ထို့နောက် ဂျိမ်းစ်ဘွန်းရုပ်ရှင်ထဲက ဇာတ်လိုက်ပမာ အာဖဂန်တောထဲမှ ထွက်လာကာ ဒူဘိုင်းသို့ လေယာဉ်ဖြင့် ပျံခဲ့ရ၏။ ၎င်းမှတဆင့် အမ်စတာဒမ်(ဟော်လန်)။ ၎င်းနောက် ချီလီသို့ ဖြစ်သည်။ ကုမ္ပဏီဥက္ကဋ္ဌ စတီဖားနစ်အား ဘာကြောင့် ဂျက်ဖ်ကို ရွေးချယ်ရတာလဲဟု မေးသောအခါ သူ့အဖြေက ရှင်းပါသည်။ 'သူကအကောင်းဆုံးမို့' ဟူ၏။

ယခု စီမံချက် (B) ကို ဂျက်ဖ်က ထိန်းသိမ်းရန် တာဝန်ယူလိုက်သောအခါ စီမံချက် (A)နှင့် အပြိုင်ဖြစ်လာသည်။

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



အဖွဲ့နှစ်ဖွဲ့တို့သည် ယှဉ်ပြိုင်ချင်စိတ် မြင့်တက်လာသည်။ နှစ်ဖက်လုံးမှ အင်ဂျင်နီယာများသည် မည်သည့်ကယ်ဆယ်ရေး လုပ်ဆောင်ချက် (အော်ပရေးရှင်း) က အောက်ရှိလုပ်သားများထံ အရင်ရောက်မည်ဆိုသည်ကို အလောင်းအစားလုပ်ကြလေသည်။ စီမံချက် (A)၏ ခေါင်းဆောင်ဖြစ်သူ အရပ်ရှည်ရှည်ကနေဒါလူမျိုး 'ဂလန်ဖောလင်း' က ဤသို့ အပြိုင်အဆိုင်ဖြစ်မှုကို ကြိုဆိုကြောင်း ပြောသည်။ ဆက်လက်၍ ဤကိစ္စနှင့် ပတ်သက်ပြီး တစ်ကမ္ဘာလုံးသို့ SOS အကူအညီတောင်းဆိုထားကြောင်း စေတနာ့ဝန်ထမ်းအကူအညီပေးလိုသူများ သူ့ထံနေ့စဉ် အီးမေးလ်ပို့နေကြောင်း ချီလီသို့ လာချင်ကြကြောင်း၊ သူနှင့်ပြိုင်ဘက်များပင် အကူအညီပေးဖို့ ကမ်းလှမ်းနေကြကြောင်း၊ ဤကိစ္စ၌အားလုံးသည် တစ်ဖွဲ့တည်းဖြစ်သွားကြောင်း ပြောဆိုပါသည်။

■

၃၅ ရက်မြောက်နေ့၊ ကြာသပတေး၊ စက်တင်ဘာ ၉ ရက်။

ဂျက်ဖ်သည် နာရီပေါင်းထောင်ချီပြီး ကိုင်တွယ်ခဲ့ရသော T၁၃၀ စက်ကို ထိန်းချုပ်ရခြင်း၌ အသားကျပြီးဖြစ်၏။ သူက နေရောင်ကာမျက်မှန်ကို အမြဲလိုလို တပ်ထားသည်။ တစ်ခါတလေမှ ဖြုတ်သည်။ သူ့နားရွက်နှစ်ဖက်မှာ အကာအကွယ်ပစ္စည်းတပ်ထားသည်။ သူ၏ဦးထုပ်နောက်မှာ အဝတ်စတစ်စကို ဆွဲထား၏။ အတာကမာ၏ နေရောင်မှ သူ့လည်ပင်းကို ကာကွယ်ရန်ဖြစ်သည်။ သူသည် မတ်တပ်ရပ်လျက် လီဗာကိုင်နေသည်။ သူကား ကမ္ဘာတစ်ဝက်ခန့် ခရီးနှင်ခဲ့ပြီးနောက် ယခုအခါ သူ၏ တန်ဖိုးအကြီးဆုံးပန်းတိုင်၊ အရေးအကြီးဆုံးပစ်မှတ်အတွက် လမ်းကြောင်းပေါ် ရောက်နေလေပြီ။

သူသည် သူ့အလုပ်နေရာ စီမံကိန်း (B) တည်ရှိရာမှ အဝေးသို့ ထွက်ခွာခြင်းမပြုပေ။ ရက်ပေါင်းများစွာ စက်နားမှာပဲ နေခဲ့၏။ နေ့စဉ် ၁၀ နာရီစက်မောင်းပြီး မြေတူးသည်။ သူ့ဘောင်းဘီများမှာ စက်ဆီများ၊ ရွှံ့များဖြင့် ပေကျံလျက်ရှိသည်ကို သက်သေအဖြစ်တွေ့နိုင်၏။ ထို့နောက် စက်တင်ဘာ (၉) ရက်နေ့မှစ၍ လုပ်ငန်းလည်ပတ်မှု ၅ ရက်မြောက်တွင် စက်ကရပ်သွားလေသည်။

ဤအတောအတွင်း စီမံကိန်း (A)က တောင်စောင်းကို ဖြည်းညင်းစွာ ထိုးဖောက်လျက်ရှိ၏။ ကြီးမားသောစက်ကြီးသည် မီတာ ၁၅၀ ရှိကျောက်တုံးများကို ထိုးခုတ်နေသည်။ စီမံကိန်း (B)စက်က ပို၍မြန်သော်လည်း ပထမတွင်းသေးသေးလေးကိုတူးပြီး နောက်မှ လူတစ်ကိုယ်စာဆန့်သော အပေါက်ဖြစ်အောင် ချဲ့ရခြင်းဖြစ်၏။ စီမံကိန်း (A) ကား 'လိပ်' ဖြစ်သည်။ နှေးကွေး၏။ သို့သော် ပုံမှန်သွားသည်။ သူ့စက်က လူတွေဝင်နိုင်လောက်သော တွင်းကို

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ဆက်၍တူးလေသည်။

ဂျက်ဖ်သည် သူ့စက်ကြီး 'လေဖိအား' ကျသွားပြီး ကျောက်ထုထဲသို့ မဝင်နိုင်ဖြစ်သွားသည်ကို ဝေခွဲမရဖြစ်သွားသည်။ စီမံကိန်း (B) ၏ စက်သည် ၂၆၈ မီတာအရောက်တွင် ရပ်သွားခြင်းဖြစ်၏။ အောက်မှ တုံ့ပြန်သံကို သူကြိုးစားရှာဖွေ၏။ အင်ဂျင်နီယာများသည် တွင်းတူးစက်များကို ရပ်ပစ်ရန်မှတစ်ပါး ရွေးချယ်ရန်နည်းလမ်းမရှိချေ။ ထို့ကြောင့် စက်အစိတ်အပိုင်းများကို တစ်ဆင့်ချင်း ဖြုတ်ရ၏။ နောက်ဆုံးတူးစက်၏ 'ဦးခေါင်း' (head) ကို စစ်ဆေးနိုင်ခဲ့သည်။ ဤတွင် တူးစက်၏ဦးခေါင်း ကျိုးသွားခြင်းဖြစ်ကြောင်း တွေ့ရတော့၏။

ဘောလုံးတစ်ခုအရွယ်ရှိသောခေါင်းက စုတ်ပြတ်နေသည်။ ပြုတ်ကျသွားသော အပိုင်းအစများကို အောက်သို့ချပြီး ရိုက်ယူ၍ရသော ဗီဒီယိုကင်မရာက ပြသခဲ့၏။ အောက်တွင်သံကိုယ်ထည်နှင့် ငြိပြီးရောနေတာမြင်ရ၏။ အမှားကား မြေပုံဖြစ်သည်။ အင်ဂျင်နီယာများတူးသော နေရာမှာအောက်ခံအမိုးကို ထောက်ထားသည့် 'သံတိုင်' ကို ထိုးမိခဲ့ခြင်းတည်း။ ယခုထိုသံတိုင်များက လိုဏ်ကိုပိတ်မိသွားပြီ။

■

၃၆ ရက်မြောက်နေ့၊ သောကြာ၊ စက်တင်ဘာလ ၁၀ ရက်။

စီမံကိန်း (B)မှ အင်ဂျင်နီယာများသည် တွင်းထဲသို့ သံလိုက်များချပြီး သံစအကျိုးအပဲ့များကို ဆယ်ထုတ်ရန် ကြိုးစားကြ၏။ သို့သော် မအောင်မြင်ပေ။ ကျောက်များက သတ္တုများနှင့် ကပ်နေကြသည်။

အဖွဲ့ထဲတွင် အသက် ၂၄ နှစ်အရွယ် ချီလီနိုင်ငံသား အင်ဂျင်နီယာလေးတစ်ယောက်ရှိ၏။ သူ့ဦးလေးအင်ဂျင်နီယာခေါင်းဆောင်တစ်ဦး၏ ခေါ်ယူမှုဖြင့် ကယ်ဆယ်ရေးအဖွဲ့ထဲ ရောက်နေခြင်းဖြစ်သည်။ သူက မိုင်းထဲရှိ ကျပျောက်သော သတ္တုများရှာဖွေရယူနည်းကို တက္ကသိုလ်မှာ သင်ခဲ့ရ၏။ ပါးစပ်ဟထားသော သတ္တုမေးရိုးကြီးနှစ်ခုကိုချပြီး သတ္တုများကို ငုံ၍ပါးစပ်ပိတ်လိုက်သော နည်းဖြစ်သည်။ သို့သော် သူ့အကြံပြုချက်ကို ဥပေက္ခာပြုခဲ့ကြလေ၏။ ယခုကဲ့သို့ စီမံကိန်း (B)ကိုရပ်ထားရစဥ်မှာပင် စီမံကိန်း (A)၌လည်း ပြဿနာဖြစ်လာသည်။ ဟိုက်ဒရောလစ်ပြွန် ယိုစိမ့်သွားသောကြောင့်တည်း။ ဤသို့ဖြင့် စီမံကိန်းနှစ်ခုဖြစ်သော (A) ရော (B)ပါ ရပ်ပစ်လိုက်ရတော့သည်။

မြေအောက်ရှိလုပ်သားများ အကြီးအကျယ်ထိတ်လန့်ကြရလေပြီ။ ငြိမ်သက်ခြင်း။

မှန်ပါသည်။ အပေါ်မှ မြေတူးစက်သံ လုံးဝကိုမကြားရတော့ချေ။

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



ဤငြိမ်သက်ခြင်းကား သူတို့ အကြောက်အရွံ့ဆုံးအရာတည်း။

■

၃၇ ရက်မြောက်နေ့၊ စနေ၊ စက်တင်ဘာ ၁၁ ရက်။

စီမံကိန်း (A)ကလည်း မျှော်လင့်ထားသည်ထက် နှေးကွေးနေပြီ။ စီမံကိန်း (B)ကလုံးဝရပ်ထားရသောအခါ စခန်းတစ်ခုလုံးသည် စိုးရိမ်သောကဖြစ်ကြရလေသည်။ အထဲမှလူများ 'ကျိန်စာ' သင့်ရှာသလား။ ဤကြိုးပမ်းမှုသည် မိုင်းလုပ်သားများကို သေခြင်းသို့ မလွဲမသွေပို့ခြင်းသာ အဖတ်တင်တော့မှာလား။

အစိုးရကမူ ကယ်ဆယ်ရေးလုပ်ငန်းကို မဖြစ်မနေ ဆက်လက်ဆောင်ရွက်ရန် ဆုံးဖြတ်ထားသည်။ တတိယကယ်ဆယ်ရေး အဖွဲ့တစ်ဖွဲ့ကိုလည်း ဖိတ်ခေါ်ထားခဲ့ပြီးလေပြီ။ ၄င်းကား စီမံကိန်း (C)။

ထုထည်ကြီးမားသော စက်သုံးစီးဖြင့် တွင်းတူးမှုစတင်ရန် စီမံကိန်း (C) ရောက်လာသောအခါ မျှော်လင့်ခြင်းစခန်း တစ်ခုလုံးတွင်း အလံများလွှင့်ရမ်းခြင်း၊ ကောင်းချီးလက်ခုပ်သြဘာပေးခြင်းများဖြင့် ဆူညံသွားလေသည်။ ကယ်ဆယ်ရေး ကြိုးပမ်းမှုကို တိုက်ရိုက်ရှုမြင်ခြင်းငှာ မစွမ်းသာသော သတင်းသမားများသည်လည်း ရုပ်ရှင်ရိုက်ရန် ပြေးလွှားလာခဲ့ကြ၏။ ကားတန်းကြီးက ၄၂ စီးဖြစ်သည်။ ပိုက်များ၊ တာဝါတိုင်များ၊ စက်များစသည်ဖြင့် ပစ္စည်းများလွှန်းရကား မီတာ ၁၀၀ ရှည်သော ပလက်ဖောင်းကြီးပြည့်သွားသည်။ ဘောလုံးကွင်းတစ်ကွင်းစာခန့်ရှိသည်။ ဤစက်ကိရိယာများကို ကနေဒါကုမ္ပဏီတစ်ခုဖြစ်သော 'Precision Drilling' မှ လှူဒါန်းခြင်းဖြစ်၏။ ၄င်းကုမ္ပဏီသည် နက်ရှိုင်းသော မြေအောက်မှ ရေနံကြောများကိုရှာဖွေရေး အဓိကလုပ်ကိုင်သူဖြစ်သည်။ ဤစက်ကိရိယာများကို ချီလီပြည်၊ ကိုပီယာပိုမြို့မြောက်ဖက် မိုင် ၁၀၀၀ ကွာရှိ ဆိပ်ကမ်းဂိုဒေါင်တွင် သိမ်းထားခဲ့ခြင်းဖြစ်၏။ ကြေးနီအခဲလေးတစ်စကို တစ်ကီလိုလျှင် (၆) ဒေါ်လာဈေးဖြစ်လာသဖြင့် ကမ္ဘာ့ကြေးနီမှုခင်းများ မြင့်တက်လာသည်။ အမေရိကန်နိုင်ငံရှိ တချို့အိမ်ရှင်များသည် သူတို့အိမ်ရှေ့၌ စပရေးဖြင့် ဖြန်းပြီးစာရေးထားကြ၏။ 'ကြေးနီမရှိ TVC ပဲရှိသည်' ဟူ၍ဖြစ်သည်။ ရည်ရွယ်ချက်မှာ ကြေးနီခိုးရန်လာကြမည့် သူခိုးများကို ကြိုတင်အသိပေးရန်တည်း။ (TVC ၏အဓိပ္ပာယ်မှာ တီဗီကင်မရာကို ဆိုလိုသည်။ သူခိုးဖမ်းရန်ဖြစ်၏။)

၁၉၈၄ မတိုင်ခင်က ကြေးနီဖြင့် ပဲနိပြားများပြုလုပ်သုံးစွဲခဲ့ကြရာမှ ယခုအခါ ပဲနိတစ်ပြားထက် ကြေးနီတန်ဖိုးက များစွာမြင့်နေပြီ။ Financial Times သတင်းစာက 'ပဲနိပြားများကို အရည်ကျိုပြီး ဆင့်ပြားများ စတင်ပြုလုပ်သင့်ပြီ'

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းစဉ်ဖြင့် ဆောင်းပါးရေးခဲ့သည်။ သူခိုးများကား ဂိုဒေါင်များကို ဖောက်ထွင်း၍ခိုးနေကြပြီ။ စက်ကိရိယာများမှ ကြေးနီဖြင့် ပြုလုပ်ထားသော အစိတ်အပိုင်းများကို ဖျက်ဆီးချိုးပစ်ပြီး ယူကြသည်။ ဤအဖြစ်ကို စီမံကိန်း (C) မှ လူများ အုံ့သြနေစဉ် အင်ဂျင်နီယာခေါင်းဆောင်က 'ဒါဘာဟုတ်သေးလို့လဲ တချို့နေရာမှာ ကေဘယ်လ်ဓာတ်ကြိုးတွေ အခိုးခံနေရတာ'ဟု ပြောပြလေသည်။ 'ကြိုးတွေအားလုံးပါသွားလို့ လျှပ်စစ်သမားတွေ ဖုန်းဆက်တယ်။ ကြိုးခွေတွေ မှာတယ်။ အခု ဟူစတင်မှာ ထားရတယ်။ တနင်္ဂနွေတွေနဲ့ ညဖက်တွေမှာ အဲဒီကြိုးတွေ ပြန်ဆင်ဖို့ လူအများကြီးနဲ့ ပြန်လုပ်နေရတယ်' ဟုလည်း ပြောပြပါသည်။

■

၃၈ ရက်မြောက်နေ့၊ တနင်္ဂနွေနေ့၊ စက်တင်ဘာ ၁၂ ရက်။

၃၈ ရက်မြောက်နေ့ အရုဏ်တက်မိုးလင်းခါစတွင် ဝန်ကြီးဂိုလ်ဘိုဂီနှင့် အဖွဲ့သည် စီမံကိန်း (B)ကို လွှင့်ပစ်လိုက်ရတော့မည်လောဟု စဉ်းစား၍မရအောင် ဖြစ်နေကြပြီ။

မြေအောက်ရှိလူများအတွက် ပိုက်လိုင်း ၃ ခု သီးခြားစီတူးရန် ပြောခဲ့ပြီးဖြစ်၏။ တစ်ခုက အစားအစာနှင့် ထောက်ပံ့ရေးပစ္စည်းပို့ရန်၊ တစ်ခုက တယ်လီဖုန်းဆက်သွယ်ရေးလုပ်ရန်နှင့် နောက်တစ်ခုမှာ လေကောင်းလေသန့် ပို့ပေးရန်ဖြစ်သည်။ စီမံကိန်း (B)သည် ထို ၃ ခုအနက် တစ်ခုကို ပိတ်မိခဲ့ပြီးပြီ။ ဆက်သွယ်ရေးနှင့် ရေ၊ လေ ပူးတွဲပေးရန် အားဖြည့်ရန်ကြိုးစားခဲ့ခြင်းပါ။ ယခု ပိုက်လိုင်း ၂ခုသာ ကျန်တော့သည်။ နောက်ထပ်တွင်းများတူးဖို့ မည်သည့် အင်ဂျင်နီယာမျှ မဝံ့မရဲကြတော့ချေ။ ပင်စယ်လ်ဗေးနီးယားမှ သယ်ယူလာသော တန်ဖိုးကြီးစက်များကို အစမ်းသပ်ခံအဖြစ် စွန့်စားလိုကြ တော့ပေ။ ယခင်တွင်းထဲမှ အစိတ်အပိုင်းများကို ပြန်ဆယ်မယူနိုင်ပါက တွင်းအသစ် ထပ်တူးရမည်။ ၎င်းကိစ္စက မမြင် မကန်းလုပ်ရမည့် ကိစ္စဖြစ်နေသည်။

စီမံကိန်း (B) တွင် ဂျက်ဖ်ဟတ်ကလည်း စိတ်ညစ်နေပြီ။ သူသည် ကမ္ဘာ့တစ်ခြမ်းလုံးတွင် လှည့်လည်၍ ကျွင်းပိတ်မိသော သတ္တုတွင်းလုပ်သားများကို ကယ်ဆယ်ခဲ့သူပေပဲ။ ယခုတော့ တွင်းတူးစက်က ရပ်သွားပြီ။ အောက်သို့ ပွဲကျသော အပိုင်းအစတွေကို ပြန်ဆယ်၍လည်း မအောင်မြင်ချေ။ ထပ်မံကြိုးစားတိုင်းလည်း ရှုံးသည်ချည်းဖြစ်နေ၏။ ဂျက်ဖ် အတော်စိတ်ဆင်းရဲနေရသည်။ သူ့ခေါင်းထဲမှာ နာရီစက်သံတွေ တစ်ချက်ချက်နှင့် ကြားနေရသည်။ နောင့်နှေးခြင်း တစ်ရက်တစ်ရက်တိုင်းသည် အထဲမှလူ ၃၃ ယောက်အဖို့ တစ်ရက်တစ်ရက်တိုး၍ ဒုက္ခဖြစ်စေလေသည်။

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



ဤအတောအတွင်း စီမံကိန်း (C)ကို တပ်ဆင်နေကြသည်။ ပုံမှန်ဆိုလျှင် ဤစက်များကို တပ်ဆင်မှုသည် ၈ ပတ် ကြာ၏။ ယခုမူ ၄ ပတ်ပင် မကြာချေ။

အချိန်သည် အမြေမရဘဲ ပြေးနေခဲ့၏။ အင်ဂျင်နီယာအငယ်လေးတစ်ဦးဖြစ်သော 'အိုင်ဂေါ' သည် တစ်ညနေ ခင်း၌ ဝန်ကြီးထံ ဝင်ခွင့်တောင်း၏။ နှမ်းလျှအားကုန်နေသောဝန်ကြီးက အင်ဂျင်နီယာလေး၏ စိတ်ကူးကို နားထောင် ပါသည်။ 'စပိုင်ဒါ' (ပင့်ကူသဏ္ဌာန်ဖမ်းသောကိရိယာ) ကို အောက်ချလိုက်၏။ အပေါ်မှ လေဖိအားက သံသတ္တုစဖမ်းမည့် မေးရိုးနှင့် သွားများကို ခွန်အားပေး၏။ အောက်၌ စပိုင်ဒါက လှည့်ပတ်ပြီး သံလိုက်ဖြင့် သတ္တုစများကို ဖမ်းယူသည်။ အတော်ကြာသော် ဖြည်းညှင်းစွာ မတင်သည်။ အပေါ်ရောက်သောအခါ သတ္တုအလုပ်သမားတစ်ဦးက စပိုင်ဒါ၏ ပါးစပ်ကို ဖြတ်ပြီး သွားများကို တစ်ခုချင်းဖယ်ရှားသည်။ စပရေးဖြင့်ပက်ပြီး သတ္တုစများကို ကောက်ယူသည်။ နောက်ဆုံးရရှိသော အရာသည်ကား စပိုင်ဒါ၏ သွားတစ်ချောင်းနှင့် ပျောက်ဆုံးခဲ့သော တွင်းတူးစက်ခေါင်း (head) ပင်ဖြစ်လေသည်။

စုဝေးလာကြသော အင်ဂျင်နီယာများ ပျော်၍မဆုံးတော့ပြီ။ လက်ခုပ်ဩဘာပေးကြသည်။ သည်လိုဆိုတော့ စီမံကိန်း (B)ကြီးသည် လုပ်ငန်းပြန်လည်စတင်ရန် အခွင့်သာသွားပြီ။ စိုးရိမ်ခဲ့ရသလို လမ်းညွှန်အစိတ်အပိုင်းမပါမှာ မပူရတော့ချေ။ စီမံကိန်း (B)သည် အချိန်တွေတော့ အတော်လေးဆုံးရှုံးခဲ့ရ၏။ ရန်သူသည် တောင်တန်းတစ်ခုတည်း မဟုတ်တော့။ အချိန်။ နာရီတိုင်း နာရီတိုင်းသည် အရေးကြီးနေပြီ။ ကယ်ဆယ်ရေးလုပ်သားများလည်း အိပ်ရေးတွေပျက်၊ မှတ်ဆိတ်မွေးတွေ ရှည်လှပြီ။

မြေအောက်ကမ္ဘာမှ လူများသည်လည်း တွင်းတူးသံ ရပ်သွားသည်နှင့် ငြိမ်သွားတတ်ကြသည်။ ကယ်ဆယ်ရေး မအောင်မြင်တော့ပြီလား။ သူတို့အား ဘယ်လိုမျှ မကယ်နိုင်တော့ဘူးထင်ပါရဲ့စသော ပူပန်မှုအသစ်များဖြင့် ထိတ်လန့်တုန် လှုပ်ကြရလေတော့၏။

■


the bookhouse

www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com


www.burmeseclassic.com



တွင်းတူးစက် တစ်ခု



တွင်းတူးစက်ခေါင်း





တွင်းတူးစက်
သယ်ဆောင်လာသော

www.burmeseclassic.com

www.burmeseclassic.com



## အခန်း - ၉
## ရုပ်မြင်သံကြားအစစ်အမှန်

**၄၁ ရက်မြောက်နေ့၊ ဗုဒ္ဓဟူး၊ စက်တင်ဘာ ၁၅ ရက်။**

မြေအောက်ရှိလူများသည် အစားအစာပူပူနွေးနွေး စားရခြင်း၊ သန့်ရှင်းသော အဝတ်အစားများ ဝတ်ရခြင်း၊ အိပ်စင်နဲ့အိပ်ရခြင်း၊ တယ်လီဗီးရှင်းကြည့်ရခြင်း၊ ရုပ်ရှင်ကြည့်ရခြင်းတို့ဖြင့် ရုပ်ပိုင်းဆိုင်ရာ ပြောင်းလဲမှုရရှိခဲ့ပြီ ဖြစ်သော်လည်း ဘယ်တော့မှ အပေါ်ရောက်ပါ့မလဲဟူသော မရေရာသည့် ခံစားချက်ဖြင့် စောင့်နေကြရလေသည်။

နေ့စဉ် ရေပိုက်မှ ရေသန့် ၁၂၀ လီတာ ပို့ပေးသည်။ တစ်နာရီလျှင် လေအေး ၁၂၀၀ ကုဗမီတာပို့ပေးသည်။ သို့သော် မြေအောက်အပူချိန်မှာ ၃၂ ဒီဂရီ မှာရှိနေပြီး လေထုသိပ်သည်းမှုက ၉၅ ရာခိုင်နှုန်း ဖြစ်နေ၏။

အစားအစာများရရှိပြီး ရက်ပေါင်း ၂၀ ကြာသောအခါ သူတို့တွင် ပြဿနာအသစ်တစ်ခု ပေါ်လာပြန်သည်။ ၄င်းမှာ 'အမှိုက်ပုံး' ဖြစ်၏။ ယခင်က သူတို့မှာ စားကြွင်းစားကျန် မရှိခဲ့။ ယခုမူ စားသောက်ပြီး အကြွင်းအကျန်များကို စုထည့်ရန် အမှိုက်ပုံး လိုနေသည်။ အောက်ဘက်မှ လေတစ်ချက်ဝှေ့လာလျှင် သူတို့နေရာမှာ သေးစော်နံလာသည်။ မခံနိုင်လွန်းသောအခါ ပလပ်စတစ် ရေဗူး အလွတ်များထဲသို့ ဆီးသွားပြီး အဖုံးကိုလုံအောင်ပိတ်လျက် အမှိုက်ပုံး များထဲ ထည့်ရ၏။ ထူးထူးခြားခြား အနံ့ကောင်းသွားလေသည်။

အပေါ်ရှိ အင်ဂျင်နီယာများ၊ ကယ်ဆယ်ရေးလုပ်သားများ က အချိန်နှင့်ပိုဆင်းပြီး အလုပ်လုပ်နေကြစဉ် တွင်းထဲရှိ လုပ်သားများ က TV ကိုသာ အချိန်ပြည့်ကြည့်နေကြရတော့၏။ ပုံမှန်တာဝန်များ လည်း မလုပ်ကြ။ စည်းကမ်းလည်း ပျက်လာသည်။ တချို့လူများ ဆိုလျှင် TV ကိုသာ ငေးကြည့်နေတတ်သည်ဟု ဆိုသည်။ သူတို့

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



သည် ညသတင်းများကိုကြည့်ပြီး ကမ္ဘာ့ပြဿနာအစိုင်အခဲဖြစ်နေသော သူတို့ကိစ္စကိုလည်း မြင်ကြရ၏။ ဆီပူလ်ဗီဒါက သူ့အားတွေ့မေးသော ပထမဆုံးဗီဒီယိုနှင့် ကျယ်ကျယ်ပြန့်ပြန့်ပြောဆိုခဲ့ရာ ကမ္ဘာ့မြေပေါ်တွင် သန်းပေါင်းများစွာသော လူများက သူ့ကိုသိနေကြလေပြီ။

ဤသို့ သူ့အား လူသိများလာခြင်းအပေါ် နောလိုမှုများ ဖြစ်လာခဲ့ကြ၏။ ထို့ကြောင့် ဆီပူလ်ဗီဒါမှာ လူအများနေထိုင်သောနေရာမှ ကိုယ်ရောင်ဖျောက်နေရရှာသည်။ နာရီပေါင်းများစွာ လှိုဏ်များအတွင်း လမ်းလျှောက်နေခဲ့ရ၏။ ဝတ်ပြုခြင်းပင် မလုပ်ရချေ။ သို့သော် ထိုကဲ့သို့ အမှောင်ထဲတွင် တစ်ယောက်ထီးထီးနေရခြင်းဖြင့်  ငြိမ်းချမ်းမှုကို ရခဲ့သည်ဟု သူက ဆိုသည်။

TV ကြည့်ခွင့်ရသောအခါ ဘယ်လိုင်းကိုကြည့်မည်ဆိုခြင်းအပေါ် ငြင်းခုန်ရန်ဖြစ်ကြပြန်၏။ အာဇူရာက အပေါ်သို့ ဖုန်းဆက်ပြီး TV သည် သူတို့အဖွဲ့၏ အသင်းစိတ်ဓာတ်ကို ဖျက်ဆီးနေသည်ဟု ညည်းညူသည်။ ထို့ကြောင့် သတင်းချည်း ဩက်သက် လွှင့်ထုတ်ပေးဖို့ တောင်းဆိုသည်။ တစ်ခါတစ်ရံမှသာ ဘောလုံးပွဲနှင့် အခါသင့်အချိန်သင့် ရုပ်ရှင်ပြပေးဖို့ ပြောခဲ့ရလေတော့၏။

ယခင် ၁၇ ရက်လုံးလုံး အစာရေစာပြတ်စဉ်က စည်းလုံးညီညွတ်မှုသည် အစာပြည့်စုံသောအခါ ပြိုကွဲစပြုလာသည်။ တာဝန်ကျသူများလည်း အိပ်နေသူများဆီ လှည့်လည်ပြီး ရင်ဘတ်ကို စမ်းကြရ၏။ အသက်ရှင်နေခြင်းရှိ မရှိ သိရန်ဖြစ်သည်။ မိုင်းထဲတွင် ကာဗွန်မိုနော့ဆိုဒ်ရှိသဖြင့် သေချာအောင် လှည့်လည်စစ်ဆေးရခြင်းဖြစ်၏။ ထိုတာဝန်ကျသူများကို 'ကြီးကြပ်ရေး နတ်သမီးများ' ဟုခေါ်ကြသည်။ ထိုသူများသည် TV လာပြီဆိုလျှင်မူ လှည့်လည်မှု မလုပ်ကြတော့ချေ။ တယ်လီဗီးရှင်း ကြည့်ဖို့ကိုသာ ဦးစားပေးကြတော့၏။

လုပ်သားများထံ ပုံမှန်စာများလည်း ရောက်သည်။ လုပ်သားတိုင်း သူ့နာမည်တပ်ထားသော စာအိတ်နှင့် အထဲမှစာကို စောင့်ကြ၏။ သို့သော် စာအားလုံးသည် အချိန်မီမရောက်ကြောင်း သိသာထင်ရှားလာလေသည်။ မိသားစုများကလည်း အောက်မှပေးပို့သောစာများအနက် တချို့မှာမရောက်ဘဲ အရာရှိများကိုမေးလျှင် 'ပျောက်ဆုံးသည်' ဟု အဖြေပေးခြင်းအတွက် အံ့သြနေကြသည်။ တချို့စာများကို လွှင့်ပစ်လိုက်ခြင်းဟု အပြစ်တင်သူများရှိလာသည်။

စိတ်ပညာရှင်လူငယ်တစ်ယောက်က စာများကိုဖျောက်ခြင်းနှင့် ပတ်သက်၍ ကျန်းမာရေးဌာနကို အရေးဆိုသည်။ ဆင်ဆာလုပ်ခြင်းသည် သိက္ခာမရှိဟုယူဆ၍ ဆန့်ကျင်ခြင်းဖြစ်၏။ ဖုန်းဆက်ခွင့်ရသောအခါများတွင် လုပ်သားများသည် အစိုးရအနေနှင့် မိသားစုဆက်သွယ်ရေးကို အဆင့်လျှော့ချနေသည်ဟု စွပ်စွဲလေတော့၏။ စိတ်ပညာရှင် 'အီတူရာ' ကို အကျဉ်းချဖို့ တောင်းဆိုကြသည်။ မြေပေါ်မှာ ထိုစိတ်ပညာရှင်ကို ဖမ်းဆီးထောင်ချမည့် ရဲသားရှိလျှင် ရွှေဖြင့်ဆုပေးမည်ဟုပင်

www.burmeseclassic.com

www.burmeseclassic.com



ပြောကြ၏။

ဤသို့စာများပျောက်ခြင်း၊ နှောင့်နှေးခြင်းဖြစ်အောင် ဆင်ဆာလုပ်ခြင်းသည် ကြာလာသောအခါ လူအေးတစ်ဦးဖြစ်သော အဲလက်ဗီဂါပင် စိတ်ပညာရှင် အီဘူရာအပေါ် ပေါက်ကွဲခဲ့သည်။ ဗီဂါက ဆဲရေးတိုင်းထွာပြီး စော်ကားရုံမက ခြိမ်းခြောက်သေးသည်။

အပေါ်မှာလည်း တိုက်ပွဲများကြားမှပင် အီဘူရာသည် ချီးကျူးခြင်း၊ ဒဏ်ခတ်ခြင်းကို ဆက်လုပ်နေရ၏။ သူတို့ဆူပူလျှင် TV ပေးထားဖို့ မကောင်းဘူး၊ သူတို့ကောင်းမွန်စွာပြုမူလျှင် TV အပိုထပ်ပေးမည်။ တခြားပျော်ဖြေရေးတွေလည်း ပေးမည်ဟုပြောသည်။ သူတို့အပြုအမူကိုကြည့်ပြီးမှ 'မုန့်လာဥနီပေးမလား၊ တုတ်ချောင်းပေးမလား ဆုံးဖြတ်မည်'ဟု ဆိုလေသည်။ လုပ်သားများကလည်း ဤအချက်သည် ၄င်းတို့ကို ဖိနှိပ်ခြင်းဖြစ်သည်ဟု ယူဆကာ ပုန်ကန်ဖို့ စတင်ကြသည်။ ပထမအင်အားပြသည့် အနေနှင့် နေ့စဉ်ကိုယ်ကာယလေ့ကျင့်ရေးကိစ္စကို ပယ်ချခဲ့ကြလေသည်။

အမည်တပ်၍ သားရေပြားနှင့်လုပ်ထားသော ကော်ပြားဂိမ်းများ ချပေးသောအခါ လုပ်သားများက ပယ်ချကြပြန်သည်။ ၃ ခုတွင် သူတို့အမည်မှားနေကြောင်း ဒေါသနှင့် စာရေးကြသည်။

စိတ်ပညာရှင်အဖွဲ့ခေါင်းဆောင် ဆရာဝန်ကြီး ဒိုင်ယာ့စ်ကမှ သူတို့က ကလေးတွေနဲ့တူနေတယ်။ သူတို့အတွက် အခြေခံလိုအပ်တဲ့ အစာ၊ ရေနှင့်လေ ပေးပြီးပြန်တော့ အဝတ်အစားတောင်းတယ်။ အခုတစ်ခါ အစာတွေကို အရသာကောင်းအောင် လုပ်ပေးဖို့ တောင်းနေကြပြန်ရော။ တစ်နေ့ကဆိုရင် မကြိုက်လို့ဆိုပြီး ပြန်ပို့တယ်' ဟုပြောပြပါသည်။

အောက်ကလူများသောင်းကျန်းသည်ကို တုန့်ပြန်သည့်အနေနှင့် အီဘူရာအဖွဲ့သည် ပြစ်ဒဏ်ပို့၍ပေးကြ၏။

'အိုကေ မင်းတို့က စိတ်ပညာဆရာဝန်နဲ့ စကားမပြောချင်ဘူး ဟုတ်လား။ ကောင်းတယ်။ အဲဒီနေ့ မင်းတို့ TV မရစေဘူး။ သီချင်းလည်း ဖွင့်မပေးဘူး။ ဒါတွေ တို့ အုပ်ချုပ်နေတာပဲ။ မဂ္ဂဇင်း လိုချင်တယ်ဟုတ်လား။ တို့ကိုပြောပေါ့။ ဒါဟာနေ့စဉ်လုပ်ရမယ့် ပြိုင်ပွဲပဲ။ နာဆာအဖွဲ့က ပြောထားတယ်။ ကျွန်တော်တို့ဟာ မြွားတွေကို ယူထားရမယ်တဲ့။ ဒါမှ သူတို့က မြွားတွေနဲ့မပစ်နိုင်မှာ။ ဒီအခါ ကျွန်တော်တို့က ရင်ဘတ်ကို ကော့ပေးထားတယ်။ သူတို့လည်း ဆရာဝန်တွေနဲ့ စိတ်ပညာရှင်တွေကိုပဲ ပစ်မှတ်ထားတော့တယ်' ဟုဆိုသည်။

စိတ်ပညာရှင်တစ်ယောက်ကမူ လုပ်သားများအား ကုသရခြင်းသည် မာတ်ခွဲခန်းထဲမှ ကြွက်ကလေးများနှင့် တူသည်ဟု မြင်၏။ သူတို့ကို တစ်ခုခုလုပ်ပြီးတိုင်း ရလဒ်ကို လေ့လာရသည်။ သူတို့စိတ်ကို မလေ့လာဘဲ တစ်စုံတစ်ရာ ချပ်ပေးခြင်းသည် အန္တရာယ်ရှိလေသည်။ ယခုကိစ္စမှာ လုပ်သားများ၏ ဂုဏ်သိက္ခာကို တိုက်ခိုက်ခြင်းဖြစ်သည်။ ကိုင်တွယ်ရ ခက်သည်ဟု ယူဆရပေသည်။

bookhouse
www.burmeseclassic.com

www.burmeseclassic.com



'သတင်းစာရေးမျက်နှာကို ဖြုတ်ပေးလိုက်လျှင်လည်း လုပ်သားတွေက အော်ဟစ်ကြသည်။ ဆင်ဆာဖြတ်တာကို ကန့်ကွက်ကြ၏။ ထိုသတင်းစာမှာ ကိုပီယာပို ဒေသတွင်းရှိ မိုင်းတစ်ခု မတော်တဆပေါက်ကွဲပြီး လုပ်သားလေးဦး အစိတ်စိတ်အမြွာမြွာ ပြတ်ထွက်သွားသည်ကို ဖော်ပြထားသော ဆောင်းပါးဖြစ်၏။ လုပ်သားတစ်ဦး၏ နောက်ဆုံးအမည်တစ်ခုမှာ တိုက်တိုက်ဆိုင်ဆိုင် အထဲမှလုပ်သားတစ်ဦး၏ အမည်နှင့်တူနေသည်။ သူသည် အောက်ကလူနှင့် ဆွေမျိုးများ တော်နေလေမလား။ ဤတွင် ဟုတ် မဟုတ်မသေချာသဖြင့် ဤသတင်းစာကို မဖတ်မိစေခြင်းတည်း။

'သတင်းမပေးခြင်းနှင့် မရေရာခြင်းတို့သည် လူသားတို့အတွက် အဆိုးဝါးဆုံး စိတ်ပိုင်းဆိုင်ရာ ရန်လိုမှုနှစ်ခုဖြစ်၏' ဟုဆန်ကျိုးမိုင်းကိစ္စ ဝေဖန်ရေးတွင် 'ဗီဝူရို' ကရေးခဲ့သည်။

'မုန်ကန်ခြင်း၊ အချိန်မီခြင်း၊ ရိုးသားခြင်း၊ တကယ့်ဖြစ်ရပ်မှန်ဖြစ်ခြင်းတို့တွင် မဖြစ်မနေလိုအပ်သည့် သတင်းဆိုးမပေးချင်၍ တင်းကျပ်ဖြတ်တောက်ခြင်းသည် အထောက်အကူမဖြစ်ဘဲ ကယ်ဆယ်ရေးသမားများအပေါ် ယုံကြည်မှု လျော့စေသည်' ဟုဆိုသည်။ သို့သော် စိတ်ပညာရှင်များအဖို့လည်း ဤကိစ္စသည် မဖြစ်နိုင်သောကိစ္စဖြစ်နေကြောင်း အသိအမှတ်ပြုရ၏။ လုပ်သားများသည် ခွေးနွေးမခံချင်ကြသူများဖြစ်နေသည်။ သူတို့က သူတို့အားနည်းချက်ကို ဖုံးကွယ်လိုကြသည်။ သူတို့သည် စိတ်ပညာရှင်ကိုသာမက သူတို့ရပ်တည်မှုမှန်သမျှအားလုံးကို ဆန့်ကျင်နေကြခြင်းဖြစ်သည်။

လုပ်သားများနှင့် မိသားစုများ ဗီဒီယိုမှတစ်ဆင့် မျက်နှာချင်းဆိုင် စကားပြောကြသောအခါ ပျော်ပျော်ရွှင်ရွှင် ဖြစ်ခဲ့ရာမှ ယခုအခါမှာမူ စိတ်ပညာရှင်များက သူတို့၏ဆက်သွယ်မှုကို တားမြစ်နေကြသည်ဟူသော ခါးသီးသည့် စိတ်ခတ်များနှင့် နိဂုံးချုပ်ကြတော့သည်။ ဗစ်တာဇာမိုရာ၏ မိသားစုက သူ့ထံ စာ ၁၅ စောင်ရေးကြောင်း သိရပြီး သူကတစ်စောင်သာ ရရှိသဖြင့် မိသားစုသည် သူ့အားတစ်စုံတစ်ရာဖုံးကွယ်ထားပြီဟု တွေးမိတော့၏။ ဗစ်တာသည် သူ့ထံ စာများပို့သည်ကို ပျောက်ဆုံးသဖြင့် အလွန်စိတ်ပျက်သွားကြောင်း၊ ပေါက်ကွဲလုမတတ် စိတ်ဆိုးကြောင်း၊ ဤကိစ္စမှာ အလွန်ရုပ်ပျက်ဆင်းပျက်ဖြစ်ကြောင်း ဗစ်တာ၏တူ ဖြစ်သူကဆိုသည်။

နောက်ပိုင်းတွင် မီဒီယာများကလည်း ဆင်ဆာဖြတ်ခြင်းအပေါ် ဝေဖန်လာကြသည်။ ချီလီအသံလွှင့်သမားတစ်ဦးက အင်တာဗျူးလုပ်ရာတွင် စိတ်ပညာရှင်ခေါင်းဆောင်က မိသားစုများကို အရေးမထားကြောင်း၊ လုပ်သားများကို သူ့ကလေးများဟု သဘောထားကြောင်း ဖော်ပြခဲ့၏။

ထို့နေ့ညနေခင်းပိုင်းမှာပင် လုပ်သား ၁၂ ယောက်တို့သည် ညစဉ်သတင်းကို ကြည့်ရှုနိုင်ခဲ့ကြ၏။ ခါတိုင်းကဲ့သို့ပင် ဆက်သွယ်မှု တီထွင်သူ ပီဒရိုဂယ်လိုက ဗီဒီယိုကို အောက်သို့ချပေးသည်။ သူက အောက်ကမ္ဘာမှ လူများကိုကြည့်ရန် မော်နီတာရှေ့၌ထိုင်သည်။ သူတို့မျက်နှာများကို လေ့လာသည်။ အောက်မှလုပ်သားများသည် စိတ်ပညာရှင်ခေါင်းဆောင်

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



အိတူရာစကားပြောသည်ကို ကြားသောအခါ သူတို့မျက်နှာများ တင်းမာလာကြ၏။ တဆက်တည်းမှာပင် ဖုန်းလာသည်။ ဆိပ္ပလ်ဗီဒါက အိတူရာကို စကားပြောချင်သည်ဟု တောင်းဆိုသည်။ အိတူရာက ထိုအချိန်မှာ အိမ်ပြန်သွားခဲ့ပြီ။ ဆိပ္ပလ်ဗီဒါက ဘာမျှဆက်မပြောသော်လည်း သူအလွန်စိတ်ဆိုးနေသည်ကို သူ့အသံကိုကြားရုံနှင့် သိသာပါသည်။ အိတူရာသည် လုပ်သားမိသားစုကို စော်ကားခဲ့မိပြီ။ လုပ်သားဥပဒေကို ချိုးဖောက်သည်ဟု ပီဒရိုဂယ်လိုက ရှင်းပြသည်။

လုပ်သားများ၏ စည်းလုံးညီညွတ်မှုသည်လည်း တစ်ဦးစိတ်လိုအင်ဆန္ဒ ဦးစားပေးရယူလိုမှုများကြောင့် ပျက်စီးခဲ့ပြီဖြစ်၏။ သူတို့သည် နေ့စဉ်စုဝေးဝတ်ပြုခြင်း။ မွန်းတည့်ချိန် အုပ်စုအစည်းအဝေးတို့ကို မပျက်မကွက် တက်ခြင်းတို့ကို ဆက်လက်လုပ်ကိုင်နေကြသော်လည်း ပါဝင်တက်ရောက်သူ နည်းလာလေသည်။ ရှင်သန်ရေးအတွက် လိုအပ်ချက်များသည် ကယ်ဆယ်ရေးအဖွဲ့ကပေးသော ဆက်ဆံရေးများကြောင့် လျော့ပါးလာရလေပြီ။ လုပ်သားများသည် ဆင်ဆာဆန့်ကျင်ရေး ကိစ္စကဲ့သို့ အရာမျိုး၌မူ လေသံတစ်သံတည်း ထွက်ခဲ့ကြ၏။

■

၄၂ ရက်မြောက်နေ့၊ ကြာသပတေး၊ စက်တင်ဘာ ၁၆ ရက်။

ဤမနက်တွင် ဆိပ္ပလ်ဗီဒါက အိတူရာကို ဖုန်းခေါ်သည်။ ခေါ်ပုံခေါ်နည်းက အရေးတကြီး အလျင်အမြန်ဖြစ်၏။ အိတူရာလည်း ဖုန်းလာ၍ကိုင်သည်။ ပီဒရိုဂယ်လိုလည်း ရှေ့တန်းရောက်လာပြီး ရန်ပွဲပေါက်ကွဲတော့မည်ဟု သိနေသည်။ ဆိပ္ပလ်ဗီဒါက အိတူရာအား လုပ်သားများ၏ 'ရပိုင်ခွင့်' များကိုပြောပြီး စွပ်စွဲသည်။ အိတူရာလည်း စိတ်မသက်မသာနှင့် ငြိမ်နေသည်။ ဆိပ္ပလ်ဗီဒါက တစခန်းထလာပြန်၏။

'ခင်ဗျားကျုပ်အိမ်ထဲမှာ ချေးပါနေဦးမယ်ဆိုရင် ခင်ဗျားကို ဖယ်ရှားပစ်ရလိမ့်မယ်။ ဒါ ခင်ဗျားရဲ့ နောက်ဆုံးအခွင့်အရေးပဲ' ဟုကြိုးဝါးသည်။ ယခုအဖြစ်အပျက်ကို သတ္တုတွင်းဝန်ကြီး ဂိုလ်ဘိုနီထံ တင်ပြမည်ဟုလည်း ခပ်ရှင်းရှင်း ပြောလိုက်သည်။

ထိုနေ့နောက်ပိုင်း လုပ်သားများက နိုင်ငံရေးတာဝန်ရှိသူများထံ တယ်လီဖုန်းများ ဆက်တိုက်ဆက်ရင်း တန်ပြန်တိုက်ခိုက်ရေးလုပ်ကြ၏။ 'သူက ကျုပ်တို့ကိုသူငယ်နှပ်စားလေးတွေလို ဆက်ဆံနေတယ်။ ဒါ့ကြောင့် ဆင်ဆာဖြတ်တာကို ကျုပ်တို့ ကန့်ကွက်ကိုကန့်ကွက်ရလိမ့်မယ်' အဲလက်စ်ဗီဂါကလည်း အထက်ပါကဲ့သို့ တိုက်ခိုက်၏။

ထိုနောက်လုပ်သားများက ခွန့်အားပြည့်ရုံသာ ရှိသေးပါလျက် အစာနှင့် တခြားအထောက်အပံ့များကို လက်ခံ

www.burmeseclassic.com

www.burmeseclassic.com



တော့ဟု ပြောကြလေသည်။ 'သူတို့ ဆင်ဆာဖြတ်ခြင်းကို မရပ်ဆိုင်းလျှင် ကျုပ်တို့ အထောက်အပံ့အားလုံး လက်မခံတော့ဘူးဟု ပြောလိုက်ကြ၏။ အားလုံးက စိတ်ပညာရှင်ခေါင်းဆောင်ကို ဆန့်ကျင်ကြ၏။ သူသည် ကြောက်မက်ဖွယ် အလုပ်ကို လုပ်သည်ဟု စွပ်စွဲကြ၏။ သူ့ကိုဖယ်ရှားမပေးလျှင် အစာမစားဘဲ နေကြမည်ဟု အရေးဆိုသည်။ လုပ်သားကောင်းများကဲ့သို့ ကျုပ်တို့ဆန္ဒပြခြင်းဖြစ်သည်ဟု ဆင်မြူရယ်အေဗာလို့စ်ကဆိုသည်။ သူတို့ကား အစာငတ်၍ သေလုမျောပါးဖြစ်ခဲ့ပြီးနောက် ယခုတော့ 'အစာငတ်ခံဆန္ဒပြရန်' ခြိမ်းခြောက်နေကြခြင်းတည်း။

■

ယခုကဲ့သို့ လုပ်သားများက အစိုးရထံ အရေးဆိုကြသောအခါ အစိုးရလာလုပ်ပေးနိုင်သောအရာ များစွာရှိပါသည်။ အီတူရာကို အလုပ်သမားများကျန်းမာရေးအာမခံ ပုဂ္ဂလိကကုမ္ပဏီမှ ငှားရမ်းခဲ့ခြင်းဖြစ်ရာ အစိုးရထိပ်တန်းအရာရှိတစ်ဦး (အမည်မဖော်လိုသူ)က အီတူရာကို ကြိမ်းမောင်းရန် ကြိုးစားကြောင်း ပြောဆိုသည်။ သို့သော် ဆရာဝန်များကလည်း ပြန်၍ခြိမ်းခြောက်ပြန်သည်။ စိတ်ပိုင်းဆိုင်ရာနှစ်သိမ့်ဆွေးနွေးမှုကို မကိုင်တွယ်ရလျှင် ကယ်ဆယ်ရေး၌ ဆေးဖက်ဆိုင်ရာကိစ္စတွေပြည့်စုံအောင် သူတို့ လုပ်မပေးနိုင်ဟု ဆိုလေသည်။ အစိုးရအရာရှိများလည်း ချောင်ပိတ်မိလေပြီ။

အီတူရာ၏ အခန်းကဏ္ဍက စစ်ပွဲကို ငြိမ်းချမ်းသောနည်းဖြင့် စိတ်လှုပ်ရှားမှုများကို လျှော့ပါးစေခဲ့၏။ 'ကျွန်တော်က သူတို့ကို ပြောပါတယ်။ ကျွန်တော်ဟာ သူတို့ရဲ့ ဖခင်အဖြစ် ရပ်တည်သွားမယ်။ သူတို့ကျွန်တော့်ကို ဒေါသဖြစ်ချင်တယ်ဆိုရင် ဖြစ်ကြပါ။ ဒါပေမယ့် ကျွန်တော်ကတော့ သူတို့ရဲ့ဖခင်အဖြစ် ရပ်တည်သွားမှာပဲ။ ကျွန်တော် သူတို့ကို ပစ်မသွားနိုင်ဘူး။ ကျွန်တော်ဒီမှာပဲ နေမယ်။ ကျွန်တော်ဟာ ယုံကြည်ထိုက်သူပါ' ဟု အီတူရာက ပြောပြပါသည်။

အီတူရာအပေါ် တင်းမာမှုများက ထိန်းမရသိမ်းမရဖြစ်နေသည်။ ဒေါက်တာဒိုင်ယာ့စ်က အီတူရာအား ခေတ္တအနားယူပြီး အရေးကြီးတာဝန်များကို တစ်ပတ်ခန့် လွှတ်ထားရန် အကြံပြုခဲ့၏။ သို့သော် အီတူရာသည် လုပ်သားများထံမှ ဖိအားပေးခြင်းအောက်တွင် တစ်လခန့်ကြာသည်အထိ အပြင်းအထန်ခံနေရ၏။ သူ အိပ်၍လည်းမရခဲ့ချေ။ နောက်ဆုံးတွင် လူ ၃၃ ယောက်တို့၏ စိတ်ချမ်းသာမှုကို ထိန်းထားနိုင်ရေးအတွက် မိုင်းတွင်းမှ တစ်နာရီလျှော့လျှော့ ကားမောင်းရသော တံငါဆိပ်ကမ်းမြို့လေးရှိ သူ့အိမ်သို့ပြန်သွားရန် သဘောတူခဲ့ရလေတော့သည်။

ယခုအခါ အီတူရာ၏လက်ထောက်အဖြစ် ဆောင်ရွက်ခဲ့သော စိတ်ပညာရှင်ကလော်ဒီယိုအိုင်ဗင်နော်စ်က နေ့စဉ်ဆွေးနွေးမှုတာဝန်ကို ယူရ၏။ တော်လှန်သောလုပ်သားများ၊ လုပ်ပိုင်ခွင့်ပေးထားသော လုပ်သားများနှင့် ဆက်ဆံရ

www.burmeseclassic.com

www.burmeseclassic.com



သည်မှာ အလွန်ကြပ်တည်းသော ကာလဖြစ်သည်။ လနှင့်ချီပြီး အပိတ်ခံထားရသော လူများအတွက် ၄င်းတို့ကို ကျန်းမာအောင်၊ ငြိမ်သက်အောင် လုပ်ရသည်မှာ အလွန်ခက်ခဲသည်။ ကယ်ဆယ်ရေးလုပ်ငန်းကလည်း ဒရွတ်တိုက်ဆွဲနေသည်။ တွင်းတူးစက်များက တူးနေသော်လည်း စက်ပိုင်းဆိုင်ရာ အခက်အခဲတွေ ရှိနေသည်။ ဤတွင် အိုင်ဗင်နက်စ်က လိုက်လျောညီထွေစိတ်ရှိသည့်အလျောက် ဆင်ဆာဖြတ်မှုကိုလျှော့ချရန် အပေါင်းလက္ခဏာဆောင်သော စိတ်ပိုင်းဆိုင်ရာအတွက် စာများ၊ ချောထုပ်များကို ရှာဖွေခြင်းမပြုတော့ဟု ဆုံးဖြတ်ခဲ့လေသည်။

■

ကန့်သတ်မှုများမြင့်စဉ်က မိသားစုများသည် လှို့ဝှက်သောလက်ဆောင်များကို ပေးခဲ့ကြ၏။ ဆင်မြူရယ် အေဗာလို့စ်သည် အီတူရာထံမှ ပေးခဲ့သော တရားစာအုပ်များကို ငြီးငွေ့နေခဲ့သည်။ သူက ထူးထူးခြားခြားစာများ ဖတ်ချင်သည်။ လှုပ်လှုပ်ရှားရှားစာများ ဖတ်ချင်သည်။ သို့မှသာ သူ့စိတ်အား မိုင်းတွင်းမှ လွတ်မြောက်စေမည်ဖြစ်၏။ ခင်တီယာဂိုမှ စိတ္တဇလူသတ်သမား၏ အထုပ္ပတ္တိကို ဖတ်ရသောအခါ နှစ်သက်စွာခံစားရပြီး သုံးကြိမ်ပြန်ဖတ်သည်ဟုဆို၏။

မာရီယိုဆီပူလ်ဗီဒါကို လက်ထပ်ခဲ့သူ ကေတီကမူ ထိုသို့သောစာအုပ်များကို ပေးခြင်းသည် အမှားတစ်ခုဟု ယူဆသည်။ သူက ချုပ်ထိန်းရခြင်းကို သဘောကျ ဖြစ်၏။ မိန်းမတစ်ယောက်သည် မြေအောက်မှ သူ့ရည်းစားဖြစ်သူထံ သူ့ကိုယ်ဝန်ရနေပြီဟု စာထဲထည့်ရေးခဲ့သည်။ ထိုကိစ္စကို မယားကြီးက သိသွားသောအခါ အားလုံးစိတ်ဆင်းရဲကြရသည်။ ထိုစာမျိုးကို အောက်သို့ချမပေးသင့်ဟု ကေတီက ပြောဆိုခဲ့သည်။

ယခုအခါ စည်းကမ်းများလျှော့ချလိုက်သဖြင့် အောက်သို့စာများသာမက တခြားပစ္စည်းများပါ ပို့နေကြလေသည်။ မိသားစုများသည် ပါဆယ်ထုပ်ထဲတွင် စီးကရက်များ၊ ဆေးပြားများအပြင် မူးယစ်ဆေးများပင် ထည့်ကြတော့၏။ ဤသို့လွတ်လပ်ဖို့မသင့်ဟု ယူဆသူရှိသည်။ တချို့လုပ်သားများ စိတ်ဆိုးကြသည်။ အက်ဖက်တမင်းဆေးများ ပို့ကြောင်း သိရသည်။ အိုင်ဗင်နက်စ်အနေနှင့် ဤဖြစ်ပျက်မှုကို သိနိုင်သည်ဟု တချို့က မြင်သည်။ ဤအတောအတွင်း အောက်၌အခြေအနေ ဆိုးလာသည်။ အလွန်တင်းကြပ်ရာမှ လုံးဝလျှော့လိုက်၍ ဖြစ်ပေသည်။

ဒေါက်တာ ရိုမန်နိုလီ၏ အဆိုအရ မိမိတို့သတိမပြုမိမီက မိသားစုတို့သည် နိုးပို့နေခဲ့ကြကြောင်း၊ သွားရောဂါ မြင့်မည်စိုးရိမ်၍ မုန့်အချိုများခွင့်မပြုခဲ့သည်ကို ခိုးဝှက်ပြီး ပို့ကြကြောင်း ချောကလက်များ၊ သကြားလုံးများပင် ပို့နေကြောင်း သိရ၏။

www.burmeseclassic.com



လူတစ်ယောက်၏ သွားဖုံးရောင်ရောဂါလေးပင်ဖြစ်စေ၊ ဆီးချိုရောဂါပင်ဖြစ်စေ၊ အမြန်ဆုံး အရေးကြီးကိစ္စဖြစ်သွားနိုင်ပေသည်။ မြေပေါ်မှဆရာဝန်များအနေနှင့် အောက်ရှိလူများကို ပြင်းပြင်းထန်ထန်မဖြစ်စေရန် စဉ်းစားဆုံးဖြတ်ထားကြ၏။ ယွန်းနီဘာရီယိုးစ်အား ခွဲစိတ်ကုသမှုအတွက် လမ်းညွှန်ပေးသည်။ သို့သော် ဘားရီးယက်အား ခွဲစိတ်မှုပြုလုပ်ပေးရန် အတင်းအကျပ်ပြုလုပ်ကြမည်ကိုလည်း ကြောက်ရသေးသည်။ တားမြစ်တားသော အစားအစာများပေးပို့ခြင်းသည် အခြေ အနေကို ပို၍ဆိုးစေနိုင်သည်။

အေဗာလို့စ်က သူ၏အပေါင်းအသင်းအချို့ကို သကာ်မကင်းဖြစ်ဖွယ် သတိထားမိ၏။ သူတို့သည် အုပ်စုမှ ခွဲထွက်ကာ အိမ်သာဘက်သို့ ဆေးလိပ်အတူသောက်ဖို့ ထွက်တတ်ကြသည်။ သူ သံသယဖြစ်လာသည်။ ၄င်းတို့က သူ့ကိုလည်း ဆေးလိပ်တစ်ဖွာလောက်ပင် လောကွတ်မပြုကြချေ။ သူတို့ ၅ ယောက်ခန့် အိမ်သာသွားပြီဆိုလျှင် ဘာလုပ်ကြမည်ဆိုသည်ကို သိနိုင်သည်။ သူ တစ်လခန့် စိတ်ဖိစီးခဲ့ရ၏။ သူတို့တတွေ ဘူဒိုစာရှိရာဘက်၌ 'ဆေးခြောက်' သွားရှူနေကြခြင်းတည်း။ သူတို့သည် ကွယ်ရာ၌ အတူတူဆေးခြောက်ရှူပြီးမှ စီးကရက်ကိုသောက်ကြရာ မည်သူမျှမသိနိုင်အောင် ဖြစ်နေသည်။ ဆေးခြောက်အကြွင်းအကျန်လည်း မတွေ့ရချေ။

သူတို့ ဆက်လက်အသက်ရှင်ရေးအတွက် ရေရှည်ကျန်းမာရန် စဉ်းလုံးညီညွတ်ရေးရှိခဲ့ရာမှ ယာယီသာယာမှုဖြစ်သော အရက်၊ ကိုကင်းနှင့် ဆေးခြောက်တို့သည် သူတို့အတွက် လိုအပ်ချက်နှင့် တိုက်ရိုက်ဆန့်ကျင်ဖက်ဖြစ်နေသည်။ သူတို့ အချင်းချင်း ဆေးခြောက်အနည်းငယ် လှည့်ပေးခြင်းသည် ပို၍တင်းမာစေ၏။ မနာလိုဖြစ်စေ၏။ လူစုလူဝေးနှင့်နေထိုင်မှု ကောင်းမွန်ခြင်းကိုလည်း ခြိမ်းခြောက်ရာကျသည်။ ချီလီမှအစိုးရအရာရှိများကလည်း ဤကိစ္စကို ရိပ်မိသွားကြရာ ပါဆယ် ထုတ်များကို ဖွင့်စစ်၍လည်းမဖြစ်သဖြင့် ဆေးခြောက်နံ့ရ မရကို ဆေးခြောက်အနံ့ခံတတ်သော ခွေးများသုံး၍ နမ်းခိုင်းရတော့ သည်။

အောက်မှလုပ်သားကြီးများအတွက် အကြီးဆုံးလိုအပ်ချက်ကိုကား အောက်သို့ချမပေးနိုင်ကြချေ။ ၄င်းကား 'မိန်းမ' တည်း။ ခန္ဓာကိုယ်ကျန်းမာရေး အမြန်တိုးတက်လာသောအခါ ကာမကိစ္စ ပေါ်လာသည်။ လုပ်သားများအဖွဲ့ရေကယ်ဆယ်ရေးအဖွဲ့မှာပါ ဆွေးနွေးစရာအကြောင်း ဖြစ်လာသည်။ လက်ရှိလုပ်သားများသည် ကာမစိတ်နိုးကြွမှု ဖြစ်မလာကြသေးချေ။ ဤကဲ့သို့ ကာမစိတ်လျော့ပါးအောင် အစာများထဲတွင် တစ်စုံတစ်ရာများထည့်ပေးခဲ့သလားဟုပင် တချို့ကထင်မိ၏။ အမှန်မှာ ကယ်ဆယ်ရေးဆေးအဖွဲ့သည် စီမံချက်တစ်မျိုးကို ကြံဆနေကြပြီးဖြစ်၏။ လုပ်သားများတွင် ကာမခံစားလိုစိတ် တက်ကြွလာပါက ဘယ်လိုငြိမ်းအေးအောင် လုပ်ပေးကြမလဲဟု စဉ်းစားနေကြပြီ။

'လုပ်သားများအတွက် လေနဲ့မှုတ်ပြီး လုပ်ယူရတဲ့ ရာဘာအရုပ်မလေးတွေ ပေးမယ့်လူရှိနေတယ်၊' ခက်တာက

bookhouse

www.burmeseclassic.com

www.burmeseclassic.com



သူမှာအရုပ်မ ၁၀ ခုပဲ ရှိတယ်။ ကျွန်တော်က ၃၃ ခု ပေးနိုင်ရင်ပေး။ မပေးနိုင်ရင် တစ်ခုမှမပေးနဲ့လို့ ပြောပါတယ်။ နို့ မဟုတ်ရင် ဒီအရုပ်မတွေကြောင့် အောက်မှာရန်ပွဲတွေဖြစ်လိမ့်မယ်။ ဘယ်သူ့အလှည့်လဲဆိုပြီး ရန်ဖြစ်ကုန်လိမ့်မယ်။ လုကြလိမ့်မယ်။ ဒါ ငါ့အမျိုးသမီး။ ငါ့အမျိုးသမီးနဲ့ ခင်ဗျားပျော်ပါးနေတယ်စသဖြင့် အငြင်းပွားကုန်လိမ့်မယ်။ သူတို့အောက်မှာ အဲသလို အရုပ်နဲ့ပျော်ပါးဖို့ သီးသန့်နေရာလည်းရှိတယ်။ သူတို့ဆီကို အရုပ်မလေးငါးခုနဲ့ ကွန်ဒုံးတွေပါ ပို့ပေးဖို့လည်း တောင်းထားကြတယ်။ သူတို့ အလှည့်နဲ့ယူကြမယ်ပေါ့။ အားလုံးပြင်ဆင်ပြီးကြပြီ။ တကယ်လို့ အရုပ်မ ၃၃ ခုရှိရင်တော့ ဘာမှပြဿနာမရှိဘူး။ သူ့အရုပ်နဲ့သူ စိတ်ကြိုက်လုပ်ကြလိမ့်မယ်။ အခုတော့ မျှပြီးသုံးကြလို့ပြောရမှာလည်း ခက်နေတယ်..' ဟု ဒေါက်တာ ရှိမန်နီလီက ပြောပြသည်။

လက်တွေ့မှာကား အရုပ်မတစ်ခုမျှ မပို့ဖြစ်ခဲ့ပေ။ အရုပ်မအစား ရာဂစိတ်ကို နှိုးဆွနိုင်သော နံရံကပ်ပိုစတာများ၊ ချီလီနိုင်ငံထုတ် ကောင်မလေးရုပ်ပုံများပါသော နာမည်ကြီး စာစောင်များကိုသာ ပို့ပေးခဲ့၏။ လုပ်သားများက သူတို့လုပ်ချင်တာ လုပ်နိုင်ဖို့ လျှို့ဝှက်လွတ်လပ်နေရာ လိုလာသောအခါ အစိုးရကပေးထားသော ကင်မရာမှန်ဘီလူးကို အဆိုပါနံရံကပ်ပိုစတာဖြင့် ဖုံးထားလိုက်ကြလေသတည်း။

■

၄၄ ရက်မြောက်နေ့၊ စနေ၊ စက်တင်ဘာ ၁၈။

ဤနေ့ကား ချီလီနိုင်ငံ လွတ်လပ်ရေးနေ့ဖြစ်၏။ ထို့ကြောင့် ကယ်ဆယ်ရေးအဖွဲ့များ၊ အလုပ်သမားများ၊ မိသားစုများအားလုံးကို အလုပ်တာဝန်မှ အနားယူခွင့်ပေးသည်။ ဤနေ့ အမျိုးသားလွတ်လပ်ရေးနေ့သည် သာမန်မဟုတ်ပေ။ လွတ်လပ်ရေးရသည့် အနှစ် ၂၀၀ ပြည့်မြောက်နေ့ဖြစ်၏။ ဤတွင် အောက်မှလုပ်သားများသည် အရုပ်မများ တောင်းဆိုခြင်းအစား အစိုးရအဆင့် အခမ်းအနားပြုလုပ်ရန် သဘောတူပြီး အစားအသောက်အကောင်းစားကို စားမည်။ အမျိုးသားသီချင်း သီဆိုကြမည်ဟု ဆိုကြသည်။

ချီလီပြည်၏ အနှစ် ၂၀၀ မြောက် လွတ်လပ်ရေးနေ့ကို ကြာမြင့်စွာ စောင့်မျှော်ခဲ့ကြရာ ယခု တကယ်ကျရောက်သောအခါ လူပျောက် ၃၃ ဦး ကိစ္စက လွှမ်းမိုးခဲ့သည်။ မြေပေါ်တွင် ချီလီရေတပ်မတော်မှ ဗိုလ်မှူးနာဗာရိုသည် သတင်းစာရှင်းလင်းပွဲ ပြုလုပ်နေကျမြေပြင်၌ အလံတင်အခမ်းအနားကို ရေတပ်သားများ ချီတက်၍ ကျင်းပ၏။ အလံ၏ဘေးတွင် မြေအောက်လုပ်သားများ၏ မျက်နှာပါသော အဝတ်စအလံများကို လွှင့်ထူခဲ့လေသည်။

မီတာ ၇၀၀ အောက်တွင်ကား အခမ်းအနား ရိုးရိုးစင်းစင်းလေးတစ်ခု ပြုလုပ်နေသည်။ အိုမာ ရေဂါဒါက

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



ချိုလီအလံငယ်ကို ကြိုးဖြင့် လွှင့်တင်သည်။ လှိုဏ်ခေါင်းထဲတွင် မြင့်နိုင်သမျှ မြင့်အောင်တင်လိုက်ရာ သူ့ဦးခေါင်းထိပ် တစ်မီတာခန့်သာရှိသည်။ ထို့နောက် ဆီပူလ်ဗီဒါက လက်တစ်ဖက်မှာ ခေါင်းဆောင်းဦးထုပ်ကို ကိုင်လျက်၊ တခြားဖက်မှာ မျက်နှာသုတ်ပဝါအဖြူကိုကိုင်လျက် စတင် ကခုန်လေသည်။ သူက ကောင်းဘွိုင်အကကို ကခြင်းဖြစ်၏။ သူတို့၏ရိုးရာ အကဖြစ်ပြီး အနားသားကြီးကြီးနှင့် ငွေရောင်အနားများဖြာနေသော ဦးထုပ်ကိုဆောင်းကာ လှည့်ပတ်ကရ၏။ သူနှင့်အတူ မိန်းကလေးတစ်ယောက်က သူ့ကိုလှည့်ပတ်ကသည်။ မိန်းကလေး၏ကပဟန်မှာ ယောကျ်ားလေးကို ရှောင်ရှားချင်၍ မဟုတ်။ မလိုလား၍ မဟုတ်။ ယောကျ်ားလေး၏ လိင်စိတ်ကို နှိုးဆွအားပေးရန်ဖြစ်သည်။ ယခု ဆီပူလ်ဗီဒါ၏အကမှာမူ စည်းလုံးညီညွတ်မှုကို ပြသောအကဖြစ်၏။

- လုပ်သားများက စင်မြင့်ငယ်တစ်ခုကို ဆောက်ထားကြသည်။ နံရံတွင် ပလပ်စတစ်တာပေါ်လင်စပေါ်၌ သူတို့၏ ကြွေးကြော်သံကို ရေးထားသည်။

ကြွေးကြော်သံ၏ အဓိပ္ပာယ်မှာ -

'ပျောက်ဆုံးနေသော လူ ၃၃ဦး၏အားမာန်' ဟု ဆိုလိုသည်။ ကြွေးကြော်သံရေးထားသော တာပေါ်လင်စကြီး၏ အလယ်တွင် ချိုလီအလံတော်ကို ကပ်ထားသည်။ မျက်နှာကြက်ဆီမှလည်း ချိုလီအလံတော်တွင် ပါဝင်သော အပြာ၊ အဖြူ၊ အနီရောင်များဖြစ်သည့် ဖိတ်စများကို တွဲလွဲချထားကြသည်။ တာပေါ်လင်စ၏ အစွန်းတစ်ဖက်မှာက အုပ်စု ၃ စု၏ အမည်များကို ရေးထားကြ၏။ ယခုအခါ မိုင်းတွင်းဝူကြီးသည် မိုင်းတွင်းနှင့်မတူတော့ဘဲ ကပွဲတင်ဆက်မည့် ဇာတ်စင်ကြီးနှင့် တူနေလေတော့သည်။

လုပ်သားများ၏ ခေါင်းဆောင်ဖြစ်သူ ဆီပူလ်ဗီဒါက ရာဘာအောက်ခံပါသော ရှူးဖိနပ်၊ ခြေအိတ်ဖြူအရှည်၊ အမွေးထူခြေထောက်များဖြင့် ထင်ရှားနေ၏။ သူက စင်ပေါ်တက်လာကာ ဒူးထောက်ထိုင်ချလိုက်သည်။ လက်နှစ်ဖက်ကို ကောင်းကင်သို့ဖြန့်ကားလိုက်ရင်း ဘုရားဖူးခရီးသည်များ ပျော်ရွှင်သောအခါ ပြုလေ့ရှိသည့် အမူအရာကို ပြုလုပ်လေသည်။ အမှန်တော့ သူတို့အာရုံပြုသော ကောင်းကင်ကား ဤနေရာမှ အထက် မီတာ ၈၀၀ ၌သာ ရှိချေသည်။

ထို့နောက် သူက စကားပြောသည်။

'အားလုံးကို ကျေးဇူးတင်ပါတယ်။ အပေါ်မှာ ကျုပ်တို့အတွက် အလုပ်လုပ်နေကြတဲ့၊ ရင်းနှီးတဲ့ လုပ်ဖော်ကိုင်ဖက်တွေကိုလည်း အထူးကျေးဇူးတင်တယ်။ ပြီးစီးခဲ့တဲ့ အလုပ်အတွက်လည်း ကျေးဇူးတင်ပါတယ်'

ဆီပူလ်ဗီဒါ၏အသံက ကွဲအက်လာသည်။ ခေါင်းဆောင်းတစ်ယောက်၏တာဝန်ကို ဖော်ပြခြင်းလည်းဖြစ်သည်။ ရုပ်မြင်ကင်မရာက သူ့လုပ်သားများဖက်သို့ ဝှေ့လိုက်သည်။ လုပ်သားများ၏ မျက်နှာများက ခံစားမှု ကင်းမဲ့နေကြ၏။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



အပြိုးအနည်းအကျဉ်းမျှသာ ပြကြပြီး စိတ်ဝင်စားမှု နည်းနေကြသည်။ အားလုံးကို မြင်ရသည်မှာ မတော်တဆဖြစ်မှု၏ သားကောင်များအဖြစ်မျိုးမဟုတ်ဘဲ ဇာတ်ဆောင်များသဖွယ် ခံစားနေကြပုံရလေသည်။

■

၄၆ ရက်မြောက်နေ့၊ တနင်္လာ၊ အောက်တိုဘာ ၂၀။

မြေပေါ်ရှိ သတ္တုတွင်းဝန်ကြီး ဂိုလ်ဘိုနီသည် နေ့စဉ်နေ့တိုင်း သတင်းစာရှင်းလင်းပွဲ ပြုလုပ်လျက်ရှိပြီး အကောင်းမြင်ဝါဒကို ရှုမြင်လျက်ရှိ၏။

'စီမံကိန်း ၃ ခုလုံးဟာ မျှော်လင့်ထားတဲ့အတိုင်း တိုးတက်မှုရှိနေပါတယ်။ ပြီးခဲ့တဲ့လ ၂၉ ရက်က စခဲ့တဲ့ စီမံကိန်း (A) ဟာ အခုဆိုရင် မြေအောက် ၃၂၅ မီတာကို ရောက်ရှိသွားပါပြီ။ ကျွန်တို့ လူတွေဆီရောက်ဖို့ တစ်ဝက်နီးနီး ဖြစ်နေပြီ။ စီမံကိန်း (B) နှင့် (C) နှစ်ခုစလုံးဟာလည်း တစ်နာရီကို တစ်မီတာနှုန်းနဲ့ သွားနေပါတယ်' ဟု ပြောပြသည်။

မျှော်လင့်ခြင်းစခန်းတွင် မီဒီယာအဖွဲ့များ ပြည့်လျှံနေသဖြင့် မီဒီယာကျွမ်းကျင်သူ 'အလီဂျန်ဒရိုပီနို' က မိုင်းလုပ်သားများအနေနှင့် သူတို့ကိုယ်သူတို့ အသစ်ဖြစ်လာသောအဆင့်အတန်းနှင့် လျော်ညီစွာပြုမူတတ်ရန် နည်းဗျူဟာ တစ်ရပ် ပြုလုပ်လေသည်။ ပီနိုကား အသက် ၆၇ နှစ် ရှိလေပြီ။ သတင်းသမားအဖြစ်လည်းကောင်း၊ ပြည်သူ့ပြောခွင့်ရ ပုဂ္ဂိုလ်အဖြစ်လည်းကောင်း၊ အတွေ့အကြုံ နှစ်ပေါင်း ၅၀ ရှိခဲ့ပြီ။ ယင်းက မီဒီယာနည်းဗျူဟာတစ်ရပ်ကို ၅ နာရီကြာ သင်ကြားပြသ၏။ ၎င်းသင်ကြားမှုထဲတွင် အင်တာဗျူး အတတ်ပညာများ၊ မိမိတို့ သတင်းများရောင်းချနိုင်သော အခွင့်အလမ်းများ၊ ပါပါရာဇီ ထုထည်ကြီးထဲတွင် မည်သို့ရှင်သန်နိုင်မည်ဆိုသော ညွှန်ကြားချက်များ၊ ခက်ခဲသော မေးခွန်းများကို မည်သို့ကိုင်တွယ်ရမည် စသဖြင့်ပါဝင်သည်။

ပီနိုသည် သတင်းသမားအဖြစ် ကြာမြင့်စွာလုပ်ကိုင်လာပြီး ဒေသတွင်းဦးဆောင်သူ ဖြစ်ခဲ့သည်။ သူ့အနေနှင့် မီဒီယာများကို သင်တန်းပေးခြင်းအပေါ် အခကြေးငွေ မရချေ။ မည်သူကမျှ ခိုင်းစေခြင်းလည်း မဟုတ်ပေ။ လူများ၏ အကျိုးသာရေးအတွက် တာဝန်ယူလိုစိတ်ဖြင့် လုပ်ခြင်းသာတည်း။ သူ့အနေနှင့် မိုက်ကရိုဖုန်းများ၊ ကင်မရာများနှင့် ရင်ဆိုင်ရသောအခါ မည်သို့ပြုမူရမည်ဆိုခြင်းကို ကူညီလိုခြင်းလည်း ဖြစ်၏။ ပီနို၏ သင်တန်းများကား ညနေပိုင်းသင်တန်း များဖြစ်၏။ ပထမဆုံး ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ကိုင်နေပုံ၊ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးရေးဖြင့် စတင်သည်။ မြေအောက်လုပ်သားများက သူတို့ပြုလုပ်ထားသော စင်မြင့်တွင် စုရုံးကြ၏။ ပီနိုက လက်ထဲတွင် မိုက်ကရိုဖုန်း

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



ကိုင်လျက် TV အကြီးစားကြီးကိုကြည့်ရင်း စကားပြောသည်။ ထို TV ဖန်သားပေါ်၌ အောက်မှလူများကို မြင်နိုင်ပေသည်။

ပီနီသည် မီဒီယာ၏အန္တရာယ်များကို မြေအောက်လုပ်သားများအား သတိထားရန် မပြောချေ။ မီဒီယာ၏ သတင်းပို့ချတတ်မှုများကိုလည်း မပြောချေ။ သူက တိုက်ရိုက်သာပြောသည်။

'ခင်ဗျားတို့က ကင်မရာကို မကြည့်ဘူးဆိုရင်၊ ပြီးတော့ ငြီးငွေ့စရာကြီး ဖြေနေမယ်ဆိုရင်၊ နောက်ကို ဘယ်သူမှ အင်တာဗျူးဖို့ ဖိတ်ခေါ်မှာမဟုတ်ဘူး။ အခုခင်ဗျားတို့ အခွင့်အရေးရနေတယ်။ ခင်ဗျားတို့အနေနဲ့ ကိုယ်အမူအရာနဲ့ ပြောနည်းကို လည်း သင်ယူနိုင်တယ်'

ပီနီကား ရှက်ရွံ့နေသောလုပ်သားများအား မီဒီယာကြယ်ပွင့်များဖြစ်လာအောင် လက်တွေ့သင်ပေးခဲ့လေသည်။

လုပ်သားများကလည်း ပီနီ၏ နေ့စဉ်လက်ချာပို့ချချက်များကို စိတ်ဝင်စားကြပါသည်။ တချို့လူများကို ကင်မရာ၌ မြင်တွေ့နိုင်ခြင်း မရှိစေကာမူ သူတို့က မေးခွန်းများ ဆက်၍မေးကြသည်။ ပီနီအပေါ် ယုံကြည်ကိုးစားစွာဖြင့် သူတို့၏ စိတ်ကူးစိတ်သန်းများ၊ ဝေဖန်မှုများကို ဖွင့်ပြောကြသည်။ ယခင် စိတ်ပညာဆရာဝန်အား မနှစ်မြို့၊ မယုံကြည်ခဲ့သော အစွဲရှိသူများကမူ ပီနီကို လက်မခံလိုကြချေ။ ယင်းတို့အထဲတွင် ဆင်မြူရယ်အေဗာလို့စ်လည်း ပါသည်။

'အရင် ကျွဲချေးကောင်စိတ်ပညာဆရာဝန်နဲ့ ကတည်းက ကျုပ်တို့က စိတ်ပျက်ခဲ့တာပဲ။ ဒီလိုလူမျိုးတွေနဲ့ စကားမပြောချင်ဘူး။ အဲဒီလို ဆွေးနွေးဖို့ စိတ်ကူးကိုမကြိုက်ဘူး' ဟုဆိုသည်။

တချို့ကလည်း စကားပြောရမည်ကို စိတ်ပျက်ကြခြင်းဖြစ်၏။ သူတို့သည် ပီနီကို အာဏာရှင်စိတ်ပညာရှင်အဖြစ် ခံယူထားကြသည်။ တစ်ခါတစ်ရံ မီဒီယာ ခေါင်းစဉ်ဖြင့် သင်တန်းပေးနေဆဲတန်းလန်းတွင် အသက်ကြီးကြီး လုပ်သား တစ်ယောက်က ခေါင်းစဉ်မှ သွေဖီပြီး ဝင်ပြောပုံမှာ 'အခု အောက်မှာ ကျုပ်သင်ယူ နားလည်လာရတဲ့ အရာတစ်ခုရှိတယ် ဆိုရင် အဲဒါဟာ လွန်ခဲ့တဲ့အနှစ် ၂၀ လုံးလုံးကို ကျုပ် ဖြုန်းပစ်ခဲ့တယ်ဆိုတာပဲ။ ကျုပ်အပေါ်ရောက်လာရင် မယားနဲ့ကွာရှင်း မယ်' ဟူ၍ဖြစ်လေသည်။

အုပ်စုများအတွင်း ကွာဟမှုများလည်း ပေါ်လာပြန်သည်။ ဗစ်တာစာမိုရာအပါအဝင် တချို့လုပ်သားများက ဗီဒီယိုကင်မရာ ရယူခဲ့ကြပြီး တခြားလူများကို ရိုက်နေကြသည်။ မရရှိသူ လူးဝစ်အာဗူရာက မပျော်မရွှင် ဖြစ်နေလေ၏။ ထို့ပြင် 'Ya' အမည်ရှိမဂ္ဂဇင်း ရောက်လာသည်။ ထိုမဂ္ဂဇင်းထဲတွင် ဆီပုလ်ဗီဒါ၏ အင်တာဗျူးပါသည်။ သူ့ကို 'ခေါင်းဆောင်'ဟု သုံးနှုန်းထားသည်။ ထိုကိစ္စကလည်း အဖုအထစ်အဖြစ် မကျေမလည်ဖြစ်သွားသည်။

ဤအဖြစ်အပျက်နှင့် ပတ်သက်၍ ဒေါက်တာရိုမင်နီလီက 'ရန်ဖြစ်တာလေးတွေ၊ ရန်ပွဲလေးတွေတော့ ရှိတယ်။ ဒါပေမဲ့ ပါးစပ်နဲ့ပဲ ခွပ်ကြတာပါ။ ကိုယ်ထိလက်ရောက် ထိုးကြိတ်ကြတာမျိုးတော့ မရှိပါဘူး။ တစ်ယောက်မှ

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆိုးမာန်ဆိုး၊ မထိန်းနိုင်မသိမ်းနိုင် မဖြစ်ပါဘူး'ဟုဆိုသည်။ သူက အပေါ်ရှိ ထိပ်ပိုင်းအင်ဂျင်နီယာထဲမှာ ရန်ပွဲတွေ၊ ထိပ်တိုက်ရင်ဆိုင်မှုတွေကို ဖြေရှင်းနေရသူဖြစ်၏။

'အဲဒါဗျာ ဖြစ်ပုံက အပေါ်ကလူတွေနဲ့ ပြဿနာရှင်းနေရတယ်။ သူတို့က ကျွန်းစာရေးစောင့်ရှောက်မှု အစီအစဉ်ရဲ့ အရေးကြီးပုံကို နားမလည်ကြဘူး။ သူတို့မှာ စီမံကိန်း (A) ရှိတယ်။ စီမံကိန်း (B) ရှိတယ်။ (C) ရှိတယ်။ ဘာစီမံကိန်းကြီးပဲရှိရှိ အောက်ကလူတွေ သေသွားရင် အဲဒီတွေးတာတွေဟာ အလကားပေါ့'

■

၄၇ ရက်မြောက်နေ့၊ အင်္ဂါ၊ စက်တင်ဘာ ၂၁ ရက်။

ပရောဖက်ဆာ 'နစ်ခ်ကားနက်စ်'သည် အာကာသသူရဲကောင်းများကို နှစ်ပေါင်းများစွာ လေ့လာခဲ့သူ ဖြစ်၏။ လူတွေကို အချိန်ကြာမြင့်စွာ ထိန်းချုပ်ထားသောအခါ မည်ကဲ့သို့ စိတ်ဖိစီးမှုရပြီး မည်ကဲ့သို့ ပြုမူတတ်ကြကြောင်း သူ ကောင်းကောင်းသိထားသည်။ ယင်းတို့ကို 'တတိယမြောက် လက္ခဏာများ'ဟု သူက အမည်ပေးခဲ့၏။ အတားဆီးခံရသော လူများသည် တိုး၍တိုး၍ စိတ်သောက ဖြစ်လာမြဲဖြစ်သည်။ မိမိတို့ တာဝန်ပြီးဆုံးသည်အထိ ရောက်ပါ့မလားဟု သံသယ ဖြစ်လာတတ်သည်။ ယခုလည်း ကယ်ဆယ်ရေးအစီအစဉ်ကို ပွမ်လာကြလေပြီ။

ရက်သတ္တ ၆ ပတ်ရှိလာသောအခါ ထိတ်လန့်လာကြသည်။ ကြိုးစားသာ ကြိုးစားနေကြသော်လည်း ရယ်ရယ်မောမော မလုပ်နိုင်ကြတော့ချေ။ ပင်ပန်း အားကုန်လာသည်။ စိုးရိမ်စိတ် များလာသည်။ ပရော်ဖက်ဆာနစ်ခ်ကား ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဖရန်စစ္စကိုရှိ ကယ်လီဖိုးနီးယားတက္ကသိုလ်တွင် အလုပ်လုပ်သူဖြစ်ပြီး နာဆာအဖွဲ့ (NASA) ၏အကြံပေးပုဂ္ဂိုလ်အဖြစ် နှစ်ပေါင်းများစွာ ပြုလုပ်လာသူတည်း။

မြေအောက်မှာ လူတွေနေခဲ့ရသည်မှာ ၄၇ ရက် ရှိလေပြီ။ အပေါ်မှချလာသော ပါဆယ်ထုပ်ကို ဖြေပြီး အစားအစာများ ရယူကြပုံကအစ နိုင်ငံတော်သီချင်းသီဆိုပြီး အလံတော်လွှင့်တင်ကြပုံများ စသဖြင့် ဗီဒီယို ပေပေါင်းများစွာ ရိုက်ကူးပြီးခဲ့ပြီ။ သူတို့ ပိတ်မိနေပုံကို ဗီဒီယိုမှာ ပြသခဲ့ပြီးပြီ။ TV သတင်းထောက်များက ကင်မရာများကို အခါခါအောက်သို့ လျှို့ဝှက်ချပေးခဲ့ကြပြီး လုပ်သားများ၏ မြေအောက်ဘဝကို 'သတင်းကား' အဖြစ်ရိုက်ကူးစေကာ စတင်ထုတ်လုပ်နေကြလေပြီ။

ချီလီနိုင်ငံတွင်းရှိ စုံထောက်များကလည်း ဤကိစ္စနှင့်ပတ်သက်၍ မိုင်းပိုင်ရှင်များကို ရာဇဝတ်မှုနဲ့ အရေးယူနိုင်ရန်

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



အတွက် အသေးစိတ်သက်သေခံပစ္စည်းများကို လိုအပ်နေကြသည်။ ထို့ကြောင့် လုပ်သားများကို မှခင်းအခြေခံနိုင်ရန် ဓာတ်ပုံမြင်ကွင်းများ ရိုက်ကူးပေးဖို့ သင်ပေးကြလေသည်။ တစ်ပတ်လုံးလုံး မိုင်းတွင်းရှိပြစ်ချက်များကို ဓာတ်ပုံရိုက်ကြ၏။ အထူးသဖြင့် လုံခြုံရေးမရှိသော ပြစ်ချက်များဖြစ်သည်။ ဖလိုရန်စီယို အေဗာလို့စ်ဆိုလျှင် အဝေးရှိမိုင်း၏ ထောင့်စွန်းများသို့ သွားပြီး အက်ကြောင်းပေါ်နေသော နံရံများကို ဓာတ်ပုံဗီဒီယို ရိုက်၏။ သံချေးတက်နေသော ပိုက်များကို ရိုက်၏။ မိုင်း၏ အဓိကလမ်းမကြီးဖြစ်သော လမ်းတွင် ပိတ်ဆို့နေကြသည့် ကျောက်တုံးကြီးများကိုလည်း ရိုက်သည်။ ခန့်မှန်းခြေအားဖြင့် ရာဇဝတ်မှုပြုလုပ်နိုင်သော သက်သေပေါင်း ၄၀ ခန့်ကို ရိုက်ကူးပြီး အပေါ်သို့ တင်ပို့ပေးခဲ့ကြလေသည်။

■

၄၈ ရက်မြောက်နေ့၊ ဗုဒ္ဓဟူးနေ့၊ စက်တင်ဘာ ၂၂ ရက်။

တွင်းတူး အစိတ်အပိုင်းတစ်ခု ကျခဲ့ခြင်း။

စက်တင်ဘာလ ၂၂ ရက်တွင် တွင်းအပေါ်မှ ကျလာသောအရာတစ်ခုကို လုပ်သားကြီးများ တအံ့တသြတွေ့လိုက်ကြရ၏။ စီမံကိန်း (B) သည် ၈၉ မီတာ အရောက်တွင် တွင်းတူးစက်မှ ထိပ်ပိုင်းဦးခေါင်း ၄ ခုအနက်၊ တစ်ခုပြုတ်ကျသွားသည်။ ယင်းထိပ်ပိုင်းခေါင်းက တွင်းထဲရှိကြမ်းပြင်ဆီအထိ ကျဆင်းသွားခြင်းဖြစ်၏။ ရှုံ့ထဲကျသဖြင့် မည်သူ့မျှထိခိုက်ခြင်း မရှိပေ။ သို့သော် စီမံကိန်း (B) ကား ရပ်နားလိုက်ရလေပြီ။

ဆီပူလ်ဗီဒါက ကယ်ဆယ်ရေးအဖွဲ့သို့ ချက်ချင်းဖုန်းခေါ်၏။ 'အဲ ခင်ဗျားတို့ဆီက တစ်ခုခုကျလာတယ်လို့ ထင်တယ်။ အဲဒါ တွင်းတူးတဲ့ ထိပ်ခေါင်းပဲလို့ ယူဆတယ်။ တွင်းတူးစက်ရဲ့ ထိပ်ခေါင်းပေါ့။ အဲဒါ ဒီမှာ ဘာလုပ်ဖို့များလဲ'

မိုင်းလုပ်သား တစ်ဦးဖြစ်သူ ဂျူယန်အီလန်စ်က ရှုံ့ထဲမှ ထိပ်ခေါင်းကို ဆယ်ယူသည်။ မိုင်းလုပ်သားများအနေနှင့် ဤကဲ့သို့ စက်ပစ္စည်းများကို ရင်းနှီးပြီးသားဖြစ်၏။ သူတို့ သည်မှာ နေစဉ်ကလည်း နေ့စဉ်နှင့်အမျှ အကျိုးအပဲ့တွေ ကျနေကျဖြစ်သည်။ သို့သော် ယခုကျလာသောအပိုင်းအစကား ထူးခြား၏။ ဤအပိုင်းအစက စတင်ဆုဝေလာသည်။ ဆယ်မြှုရယ် အေဗာလို့စ်က ဒေါသနှင့် ပြော၏။

'သူတို့က တို့ကို ကယ်ဆယ်ဖို့လုပ်နေပြီး ဒီလိုအပျက်အစီးတွေ ဖြစ်နေရသလား။ ဒါဟာ စိတ်ဓာတ်ကျစရာကြီးပဲ။ ဒီလိုဆိုရင် နှစ်ရက်ပိုပြီးကြာမယ်။ ငါးရက် ပိုပြီးကြာနိုင်တယ်။ ကျုပ်တို့ စားစရာပါဆယ်ထုပ်ရနေပေမယ့် အပိတ်ခံနေရတာ။ ထောင်ချောက်မိနေတာ။ ဒါ ကျုပ်တို့ကို သတ်နေတာပဲ'

■

bookhouse
www.burmeseclassic.com

www.burmeseclassic.com



၄၉ ရက်မြောက်နေ့၊ ကြာသပတေး၊ စက်တင်ဘာလ ၂၃။

မြေအောက်တွင် တင်းမာမှုများ အုံကြွလာပြန်သည်။

စိတ်ပညာဆရာဝန် 'အိုင်ဗင်နက်စ်' သည် အောက်မှလူများနှင့် ချစ်ခင်စွာဆက်ဆံမှုရှိခဲ့သူ ဖြစ်၏။ လူအများက သူ၏ သက်သက်သာသာ ဖျောင်းဖျမှုနှင့် အကောင်းမြင်စိတ်ထားကို သဘောကျခဲ့ကြ၏။ သို့သော် ယခုအခါမှာကား စိတ်ပညာဆရာဝန်လည်း ထိန်း၍မရတော့ချေ။ လုပ်ပိုင်ခွင့်များ ပျက်စီးနေမှု၊ အမြဲတမ်း TV ရိုက်ကူးနေမှု၊ အတွင်းသို့ မူးယစ်ဆေးဝါးများ တိတ်တဆိတ် ပို့ပေးနေမှု စသည်တို့ကို လုပ်သားများအနေနှင့် မနှစ်မြို့ချေ။ မှားယွင်းမှုများဟု ယူဆသည်။ ဤတွင် အောက်မှလူများသည် အပေါ်မှညွှန်ကြားချက်များကို မလိုက်နာကြတော့ပေ။ မိမိတို့ဘာသာ ကိုယ်ပိုင် လှုပ်ရှားမှုများကို တီထွင်လာကြတော့၏။

အက်ဒီဆင်ပီနာက လှိုဏ်ခေါင်းများထဲသို့ လေ့လာစူးစမ်းရေး ထွက်သည်။ မိုင်းပြို့မကျခင်က သူသည် ကိုယ်လက်လေ့ကျင့်ခန်း လိုက်စားသူဖြစ်၏။ နေ့စဉ် စက်ဘီးတစ်နာရီစီးပြီး အဝေးကြီးပြေးသည်။ ယခုသူက ၃ မိုင် အပြေးလေ့ကျင့်တော့၏။ သူ၏ မိုင်းတွင်းစီး ဘွတ်ဖိနပ်မှာ တင်းကြပ်သဖြင့် ဝါယာကြိုးဖြတ်သော ကတ်ကြေးဖြင့် ဖိနပ်ကို လှီးရ၏။ ကျောက်တုံးအချွန်များက စူးသည်။ သို့သော် သူဆက်၍ ပြေးသည်။ ကြုံနေရသော အိပ်မက်ဆိုးကြီးမှ လွတ်မြောက်တော့မလို သူ ပြေးနေလေသည်။ ထို့နောက် ပါဗလို ရိုဂျာစ်၊ ဆီပူလ်ဗီဒါ၊ ဖရန်ကလင် လိုဘို့စ်နှင့် ဇားလွို့စ် မာမာနီ တို့သည် ပီနာနှင့် အတူလိုက်ပြေးကြ၏။ သူတို့သည် ချွေးသံရွှဲသောအခါ မိုင်း၏ အနက်ရှိုင်းဆုံးနေရာတွင် အနားယူကြ၏။ သူတို့ဝတ်ထားသော ပလပ်စတစ်အကာအကွယ်ဝတ်စုံ၊ ဝတ်ရုံ စသည်တို့ကို ကြည့်လျှင် အာကာသ သူရဲကောင်းများနှင့်ပင် တူနေသေးတော့သည်။

■

နောက်ပိုင်း ဂိမ်းဆော့ရန်နှင့် စာအုပ်များချပေးကြသည်။ သူတို့သည် ဒိုမီနိုကစားခြင်း၊ ဖဲကစားခြင်းတို့လုပ်ကြ၏။ ညီသို့ပင်ဖြစ်စေ ဖဲကစားခြင်းကို ခွင့်လွှတ်ရမည်ဖြစ်၏။ တခြား ပျော်စရာဂိမ်းများကိုလည်း ပြုလုပ်စေရမည် ဖြစ်သည်။ ဖဲကစားပွဲတွင် ပြိုင်ဖက်ကိုပြောခြင်း၊ နေ့စဉ်အစည်းအဝေးတွင် ပြောခြင်းများ၌ 'လေးစားမှု' ကို တည်ဆောက်ယူကြရသည်။ ပြဿနာဖြစ်လျှင် ငြင်းခုန်ကြ၏။ ထိုးကြိတ်ခြင်းအထိ ကိုယ်ထိလက်ရောက် မဖြစ်ကြချေ။ လုံးဝမရှိဟုလည်း တချို့လုပ်သားများက ပြောဆိုသည်။

www.burmeseclassic.com



ဆီပူလ်ဗီဒါက သူသည် အေရီယယ်လ်တီကိုနှာအား ခေါင်းမှာတပ်သော မီးအိမ်နှင့် ရိုက်မိခဲ့ကြောင်း ဝန်ခံ၏။ တီကိုနှာက ဆီပူလ်ဗီဒါ၏မိခင်ကို တရားဝင်နှုတ်ဖြင့် စော်ကားခဲ့၍ ဖြစ်ကြောင်း၊ ရန်ပွဲတွင် မျက်မြင်သက်သေဖြစ်သူ လုပ်သားတစ်ဦးက ရှင်းပြသည်။ မွန်းကျပ်လှောင်ပိတ်နေသောဘဝတွင်၊ ဤအဆင့်အထိရန်ဖြစ်ခြင်းကို ခွင့်မပြုခဲ့လျှင် လူတချို့ သေသွားနိုင်သည်ဟုလည်း အဆိုပါလုပ်သားက ပြောခဲ့ပေသည်။

စိတ်ပညာဆရာဝန် 'အိုင်ဗင်နက်စ်'က ချီလီ TV ဌာနတစ်ခုမှ သတင်းထောက်တစ်ယောက်ကို မိုင်းလုပ်သားများနှင့် ဗီဒီယိုအင်တာဗျူးလုပ်ရန် စခန်းရှိအခန်းထဲ ခေါ်လာသောအခါ အကြီးအကျယ်ပြဿနာ ဖြစ်ခဲ့ပြန်သည်။ သတင်းထောက်လာရောက်ပုံမှာ တောင်ပေါ်သို့ လုံခြုံသောအလုံကားဖြင့် တက်လာခြင်းဖြစ်ပြီး အစောင့်အရှောက်တွေပါပြီး ကယ်ဆယ်ရေးအဖွဲ့၏ ခွင့်ပြုချက်လက်မှတ် မပါချေ။ စိတ်ပညာဆရာဝန်က သတင်းထောက်များအား အောက်မှလူများနှင့် အင်တာဗျူးလုပ်နည်း သင်ပြပေးပါရန် တောင်းပန်ခဲ့ခြင်းဖြစ်၏။ အောက်မှလူများ ဒေါသဖြစ်သွားကြသည်။ အောက်မှနေ၍ ဖုန်းတဂွမ်ဂွမ်ဆက်ပြီး အော်ကြတော့သည်။ အာရုရာက...

'ဟေ့'တို့နဲ့ ဆက်ထားတဲ့စက်တွေ ခုချက်ချင်းရပ်လိုက်။ ကြားလား။ ခင်ဗျားဘာဖြစ်လို့ သတင်းထောက်ခေါ်လာရတာလဲ။ ဒီမှာတို့ သတင်းထောက် လုံးဝ မလိုချင်ဘူး။ တို့ကိုအမြင် မခံချင်ဘူး။ တို့က အောက်မှာဒုက္ခခံနေရတာ။ ဘာအင်တာဗျူးမှ မလုပ်နိုင်ဘူး။ ဒီကိစ္စငါတို့တိုင်မယ်။ ငါတို့တိုင်ပြောမယ်'ဟုဆိုသည်။

လုပ်သားများက ကယ်ဆယ်ရေးအဖွဲ့မှ ဒုတိယခေါင်းဆောင်ဖြစ်သူ 'ရီနီ အေဂီလာ' ကိုဖုန်းခေါ်၏။ ယင်းပုဂ္ဂိုလ်မှာ အဖွဲ့ခေါင်းဆောင် ဆောင်ဂါရက်၏ ညာလက်ရုံးဖြစ်ပြီး စိတ်ပညာရှင်အဖြစ် အလုပ်လုပ်နေသူလည်းဖြစ်သည်။ ကယ်ဆယ်ရေးလုပ်ငန်းတွင် အေဂီလာသည် ရှေ့တန်းမှ တာဝန်ယူလုပ်ကိုင်နေသူဖြစ်၏။ အေဂီလာ ရောက်လာသောအခါ သူ စိတ်ဆိုးနေသည်။ မျက်နှာ နီရဲနေသည်။ စိတ်ပညာဆရာဝန် အိုင်ဗင်နက်စ်ကို ဒေါသဖြစ်နေခြင်း ဖြစ်ကြောင်း မျက်မြင်သက်သေတစ်ဦးက ပြောပြသည်။

ထို့နောက် သူတို့၏ မူလစိတ်ဆရာဝန် 'အီတူရာ'နှင့် ဆက်ပေးရ၏။ 'အခု အီတူရာ ပြောပါတော့မယ်' ဟု ပြောမှ လုပ်သားများ စုရုံးနားထောင်ကြ၏။

အီတူရာက နေ့စဉ်ပြုနေကျ နှစ်သိမ့်စကားများ ၂ နာရီကြာ ဆွေးနွေးသည်။ ဤအချိန်မှာပင် မိသားစုများနှင့် ပြောနိုင်ကြောင်း စီစဉ်ပေးလိုက်သည်။

ယခုအခါ စာများရောက်ရှိမှုအပေါ် လုပ်သားများဘက်မှာ အသာစီးရရှိသွားသဖြင့် ယခင်က စိစစ်ပြီး ပယ်ချခဲ့သောစာများလည်း ပြန်လည်ပေါ်ထွက်လာကြလေသည်။ ဤကိစ္စနှင့် ပတ်သက်၍ ဗီဒီယိုကြည့်ကြပ်ရေးဆရာ 'ယိုလို'က



www.burmeseclassic.com

www.burmeseclassic.com



ပြောပြခဲ့၏။

'စာတွေ ရောက်လာလိုက်တာ မိုးရွာချသလိုပဲ။ အားလုံးချပေးလိုက်တယ်။ စုစုပေါင်း တစ်ကြိမ်တည်း ချပေးလိုက်တာ ၃၆၀ လောက်လို့ပြောနိုင်ပါတယ်'

■

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



**အခန်း - ၁၀**

**အပြီးသတ်ဖို့ မြင်ရပြီ**

**ရက် ၅၀ မြောက်နေ့၊ သောကြာ၊ စက်တင်ဘာ ၂၄ ရက်။**

စက်တင်ဘာလ ၂၄ ရက်နေ့တွင် မြေအောက်လုပ်သားတို့သည် ပိတ်မိသည့်ရက်ပေါင်း ၅၀ ပြည့်သွားပြီ ဖြစ်လေသည်။ သတ္တုတွင်းသမိုင်း တစ်လျှောက်လုံး မည်သည့်အလုပ်သမားမှ ဤမျှကြာအောင် မြေအောက်၌ ပိတ်မိခြင်း မခံခဲ့ရဖူးချေ။

မျှော်လင့်ခြင်းစခန်းတွင် ဤ ၅၀ ရက်ပြည့်ခြင်းကို မည်သူမျှ အခမ်းအနားပြုလုပ်ခြင်း မရှိပါ။ သို့သော် စိတ်ပျက်လက်ပျက် အနေအထားမှနေ၍ အလင်းရောင် မှိန်ပျပျလေးကို စတင်တွေ့မြင်ကြရ၏။ ဒေါလာသန်းပေါင်းများစွာ အကုန်ခံထားသော တွင်းတူးစက်ကြီးများက သူတို့ချစ်သူများထံ တူးဆွထိုးနက်နေကြ၏။ နာရီအနည်းငယ်ကြာတိုင်း အစားအစာများကို ပို့ပေးနေ၏။ စာပို့ခြင်းကမူ နှောင့်နှေးနေသေးသည်။ တစ်ခါတစ်ရံ ဖြတ်တောက်သေးသည်။ သို့သော် လုပ်ငန်းလည်ပတ်မှု ပုံမှန်ဖြစ်နေပြီ။ ပါဆယ်ထုပ်သေးသေးလေးနဲ့ ဆန့်အောင် ကျစ်လစ်ပြီး ထည့်နေရဆဲဖြစ်သည်။ အဝတ်တွေ လျှော်ဖွပ်ပေးပြီး ပြန်ပို့ရသည်။ ဇနီးမယားအများစုက သူတို့ယောကျ်ားများ၏ အဝတ်ညစ်တွေကို ကိုယ်တိုင်လျှော်ဖွပ် မီးပူတိုက်ပြီး ပြန်ပို့ကြ၏။ တချို့က သူတို့ယောကျ်ားများ၏ ရှပ်အင်္ကျီမှာ သူတို့အနံ့စ်သက်ဆုံးရေမွှေးကို ဆွတ်ဖျန်းပေး လိုက်သေးသည်။ မကြာမီ ပြန်လည်တွေ့ဆုံလျှင် ချစ်ပွဲဝင်ကြဖို့ ရည်ညွှန်းခြင်းဟုပင် ဆိုနိုင်၏။

ယနေ့ သူတို့အိပ်မက်များ လှုပ်ရှားအသက်ဝင်ရန် အဖြစ်တစ်ခု ပေါ်လာလေသည်။ အကြောင်းမှာ 'ဗိုးနစ်ခ်' ခေါ် ထုလုံးရှည်ရောက်လာခြင်း ဖြစ်သည်။ နာဆာအဖွဲ့မှ အထူးညွှန်ကြားချက်များကို အသုံးပြုပြီး ပင်စယ်ဗေးနီးယား ကယ်ဆယ်ရေးအဖွဲ့မှ အောင်



www.burmeseclassic.com

www.burmeseclassic.com



မြင်စွာ ပြုလုပ်ခဲ့ခြင်းတည်း။ ဆန်ဂျိုးကယ်ဆယ်ရေးစခန်းအတွက် ချီလီရေတပ်မတော်က သယ်ဆောင်လာခဲ့ခြင်းဖြစ်၏။ ထိုဒုံးပျံ ပုံသဏ္ဍာန်လုံးကြီးပေါ်တွင် ချီလီနိုင်ငံအလံတော်ပုံကို ဆေးခြယ်ထားသည်။ အလေးချိန် ၄၁၉ ကီလိုဂရမ်ရှိသည်။ အထဲ၌ ၂ မီတာ မြင့်သော အခန်းပါသည်။ ဝန်ကြီးများ၊ ကယ်ဆယ်ရေးအဖွဲ့ဝင်များက အထဲဝင်ပြီး ထိုင်ကြည့်ကြသည်။ မြန်လုံးလုံးကြီးဖြစ်၍ မိသားစုများဝိုင်းအုံလာပြီး အသာထိကြည့်ကြသည်။ ထူးဆန်းသော၊ ရှားပါးသော ရှေးဟောင်းဘိုးဘွားအမွေပစ္စည်းပမာ တယုတယဖြစ်နေကြတော့၏။

ယခုအခါ ဒေါက်တာ ရိုမန်နိုလီကို အားလုံးက ယုံကြည်ထားကြပြီ။ ဆရာဝန်အီတူရာနှင့် အိုင်ဗင်နက်စ်တို့ကိစ္စကို ကိုင်တွယ်နိုင်ခဲ့ပြီးသည့်နောက် ရိုမန်နိုလီကို လူကြိုက်များလာခဲ့သည်။ ယခု ယင်းက ကယ်ဆယ်ရေးတာဝန်ခံအဖွဲ့ကို ဖြင်ဆင်သည်။ အကယ်၍ ဤဒုံးပျံသဏ္ဍာန်အိမ်ကြီးနှင့် ကယ်ထုတ်၍မရခဲ့ပါက တခြားနည်းသုံးရန် စဉ်းစားရသည်။ ကောဘယ်လ်ကြိုးကြီးနှင့် ဆွဲလျှင်ဆွဲရလိမ့်မည်။ မည်သို့ပင်ဖြစ်စေ လုပ်သားများကို အကောင်းဆုံးနည်းဖြင့် ကယ်နိုင်ရန် လိုသည်။ လှေခါးတွေ ဖြစ်ချင်ဖြစ်နိုင်သည်။ ကြိုးတွေနှင့် ဆွဲတက်တာမျိုး ဖြစ်ချင်ဖြစ်မည်။ ယခု ဒုံးပျံသဏ္ဍာန်လုံးကြီးနှင့် ဆိုလျှင်ဖြင့် တစ်နာရီမျှသာရပ်၍၊ ထိုင်၍ လိုက်ရုံဖြစ်လေသည်။

ရိုမန်နိုလီလည်း အောက်မှလူများကို အပေါ်စား ကိုယ်ကာယလေ့ကျင့်ခန်းများလုပ်ရန် စတင်သင်ကြားရ၏။ ၂ ကီလိုမီတာမျှ အပြေးကျင့်ရန် ထောက်ခံသည်။ လုပ်သားများသည် လှိုဏ်အတွင်းကို ၂ ကီလိုမီတာ ပြေးစဉ် အမေရိကန်တပ်မတော်၏ လေ့ကျင့်နည်းအတိုင်း သီချင်းဆိုကြရသည်။ ရိုမန်နိုလီက သီချင်းဆိုခြင်းသည် မိမိတို့၏ နှလုံးခုန်နှုန်းကို စစ်ဆေးရာ၌ လုံခြုံသောကြိုတင်ကာကွယ်မှုဖြစ်သည်ဟု ရှင်းပြ၏။ လူသည် နှလုံးခုန်နှုန်း ၁၄၀ ကျော်လျှင် ပြေးရင်း သီချင်းမဆိုနိုင်ချေ။

လုပ်သားများသည် လုပ်ငန်းစဉ်အသစ်ကို စိတ်ပါဝင်စားနေကြသည်။ လူတွေက ကြံ့ခိုင်ပြီးသားပဲဖြစ်၏။ လက်မောင်းနှင့် ခန္ဓာကိုယ်အပေါ်ပိုင်းကို အသုံးပြုရန် ကျွမ်းကျင်ကြပြီးသား ဖြစ်သည်။ သို့ဖြင့် NASA မှ ကျွမ်းကျင်သူတစ်ဦးဖြစ်သူ မိုက်ကယ်ဒန်ကင်ကလည်း ချီလီသို့ လာရောက်လေ့လာခဲ့ပြီးနောက် ချီလီလူမျိုးများသည် ကယ်တင်ရေးအတွက် မည်သို့ ပြုလုပ်ကြမည်ဆိုသောအကြောင်းကို အခြေခံကျကျ ရေးသားလျက်ရှိကြသည်ဟု မှတ်ချက်ချခဲ့လေသည်။ ဤကဲ့သို့ စိတ်ပိုင်းဆိုင်ရာ၌ ရိုမန်နိုလီ ကိုင်တွယ်မှု အောင်မြင်ပြီးသည့်ပြင် လုပ်သားတို့၏ စီးကရက်တောင်းဆိုမှုကို ထောက်ခံလိုက်သောအခါမှာလည်း လုပ်သားတို့ကို အောင်နိုင်ခဲ့လေသည်။ သူကိုယ်တိုင် ဆေးလိပ်သောက်သူ ဖြစ်၏။ လုပ်သားများဘဝတွင် စိတ်အညစ်ဆုံး အချိန်မှာ စီးကရက်ဖြတ်ရန် ပြောခြင်းဟု သူသိရှိခဲ့ရ၏။ ရိုမန်နိုလီသည် ရိုးရာထုံးတမ်းကို ယုံကြည်မှုရှိသူမဟုတ်။ သူ့အနေနှင့် သဘာဝကျကျတွေးခေါ်မှုကို ယုံကြည်သည်။ စာတွေ့များကိုပင် သူက လက်

www.burmeseclassic.com



တွေ့ကျမှ ယုံကြည်သူဖြစ်၏။

ရိမန်နိုလီသည် တောင်ထိပ်ရှိ ပါဆယ်ဌာနတွင် စားပွဲခုံ၌ ထိုင်ရင်း နေ့စဉ်အလုပ်ဖြစ်သော ဆေးဝါးများပေးပို့ခြင်း၊ လုပ်သားများနှင့် စကားပြောခြင်းတို့ဖြင့် တစ်နေကုန်တာတ်သည်။ ယခုအခါ လုပ်သားများ သက်သက်သာသာ ဖြစ်နေပြီး ဖြစ်ရာ ကြီးကြီးမားမား ကျန်းမာရေးပြဿနာများလည်း မရှိတော့ချေ။ ဤတွင် ရိမန်နိုလီအဖို့ ဘဝတိုးတက်ရေးတို့ကို စဉ်းစားပေးသည်။ အောက်မှလာသော စာတစ်စောင်၌ သူတို့ထံ အတုများနှင့် ပြုလုပ်သော အစာတချို့စားနေရသည်ဟု ဝေဖန်ထားသည်။ နောက်တစ်ယောက်ကမူ ရိမန်နိုလီထံ သူ၏ MP3 ကိုပေးပို့ပြီး သူ့စက်ထဲတွင် 'ဘလူးစ်'များသော ဂျမေကာတေးသီချင်းများ များလွန်းနေပြီး 'ကမ်ဘိုင်ယာဂီတ'နည်းနေကြောင်း ညည်းညူသည်။ ရိမန်နိုလီလည်း ထို MP3 ကို သူတို့အကြိုက် ပြောင်းလဲသွင်းပြီး ပို့ပေးရ၏။ 'ဒီလူတွေ နေမကောင်း မဖြစ်ကြတော့ပါဘူး။ အခုဆို သူတို့က ကျူပ်ကိုသီချင်းသွင်းတဲ့သူလို့တောင် ထင်မှတ်နေကြပြီ' ဟု ရယ်မောရင်း ပြောဆိုခဲ့လေသည်။

■

၅၂ ရက်မြောက်နေ့၊ တနင်္ဂနွေ၊ စက်တင်ဘာ ၂၆ ရက်။

လုပ်သားများက အောက်မှ ဗီဒီယိုမှတ်တမ်းများကို ဆက်လက်ပေးပို့နေရာ ရှေ့တန်းစာတ်ဆောင်များအဖြစ် ဆီပူလ်ဗီဒါနှင့် အာဗုရာတို့ကို ကမ္ဘာက သိနေပြီဖြစ်၏။ တခြားလုပ်သားများက သိပ်မကျေနပ်ပေ။ ဗီဒီယိုမှာ သူတို့မပါရ၍ ဖြစ်ရုံမက အလုပ်ချိန်မှာလည်း သူတို့ကို မမြင်ရ၍ဖြစ်၏။ လုပ်အားပြချင်သူနှင့် ခပ်ဖျင်းဖျင်း ကယ်ဆယ်ရေးစောင့်လိုသူ ဆိုပြီး အုပ်စုနှစ်စုကွဲသွားသည်။ လုပ်သားများက အနားမရဘဲ အလုပ်များနေအောင် ထုထည်နှင့် ကြိုးပမ်းနေသည့်ကြား ထဲကပင် သူတို့ဘဝကား အချိန်သုံးစွဲရာ၌ နည်းနေသေးသည်။ ဤပြဿနာကို NASA က သတိပေးခဲ့ပြီးပြီ။ အားနေခြင်း သည် စိတ်ဖိစီးမှုကို ဖြစ်စေပြီး၊ ပြဿနာဖြစ်စေနိုင်သော ဝန်းကျင်ကို ဖန်တီးပေးခြင်းဖြစ်သည် ဟူ၍တည်း။

အောက်တွင် အလုပ်တာဝန်လုပ်သူများနှင့် အလုပ်မလုပ်သူများကြား ငြင်းခုံမှုများ ပေါ်လာသည်။ ဒါဇင်ဝက် ခန့်လူများက အိပ်ယာပေါ်လှဲရင်း ကျောက်ဆောင်မျက်နှာကြက်ကို ငေးကြည့်နေကြ၏။ မိမိကိုယ်ပိုင် သွင်းယူထားသော တေးဂီတကို နားဆင်နေကြ၏။ သို့မဟုတ် TV ခန်းထဲ၌ မသက်မသာ ကြည့်နေကြ၏။ 'ဒီလူတွေက ပျင်းတွေပဲ။ သူ အလုပ်မှ မလုပ်ကြဘူး' ဟု ဖရန်ကလင်လိုဘို့စ်က ဆိုသည်။

ပထမဆုံး တယ်လီဖေးရှင်း ရောက်လာသောအခါ သူတို့ ဝမ်းသာခဲ့ကြရ၏။ ယခုအခါ ငြီးငွေ့သွားကြပြီး

www.burmeseclassic.com

www.burmeseclassic.com



လုံခြုံမှုရှိမရှိ ခြိမ်းခြောက်မှုက လူ့အုပ်၏ သဟာဇာတဖြစ်မှုကို ခြိမ်းခြောက်နေလေပြီ။ ဆင်မြူရယ်လ် အေဗာလိုစ်ကမူ သူ၏ နေ့စဉ်တာဝန်ဖြစ်သော အပူချိန်တိုင်းတာခြင်း၊ လေထုသိပ်သည်းဆ တိုင်းတာခြင်း၊ မိုင်းတွင်းတွင် ဖြစ်ပေါ်လာနိုင်ခြေရှိသော ဓာတ်ငွေ့ပမာဏ မှန်းဆခြင်းများမှာ နေ့စဉ်လေ့ကျင့်ခန်း ဖြစ်နေသည်ဟုဆိုသည်။ အပူချိန်မှာ အမြဲတမ်းပုံမှန်ဖြစ်ပြီး မပြောင်းလဲချေ။ လေထုသိပ်သည်းဆကလည်း ၉၅ ရာခိုင်နှုန်း ဖြစ်နေသည်။ ဤအပူချိန်က လူများကို ရှူးနှမ်းနှမ်းဖြစ်စေလေ၏။ ဗစ်တာ ဆီဂိုဗီးယားဆိုလျှင် သူ့ကို မီးဖိုထဲထည့်ပြီး အပိတ်ခံရသည်ဟု အိပ်မက်ဆိုးတွေ မက်နေသည်။

■

၅၄ ရက်မြောက်နေ့၊ အင်္ဂါ၊ စက်တင်ဘာ ၂၈ ရက်။

ရက်သတ္တပတ်ပေါင်းများစွာ နည်းပညာဖြည့်ခြင်း၊ ပစ္စည်းလဲလှယ်ခြင်းစသောကိစ္စများ ပြုလုပ်ပြီးနောက် ယခုအခါမှာကား တွင်းတူးမှုသည် အောက်လူများဆီ တဖြည်းဖြည်း ဦးတည်လျက်ရှိနေလေပြီ။ စီမံကိန်း (C) သည်လည်း နောက်ဆုံးလည်ပတ်နေပြီဖြစ်သည်။ မီတာ ၅၀ မြင့်သော ပလက်ဖောင်းပေါ်တွင် သူ၏ ပြိုင်ဖက်များထဲ၌ မားမားရပ်နေသည်။ ကြီးမားသော တွင်းတူးစက်များကို အသုံးပြုပြီး ထိုစက်ကြီးက ဒိုင်နိုဆောနှင့် တူနေသည်။ ဂီယာကြီးများက လက်ဝါးကြီးများနှင့် တူသည်။ စီမံကိန်း (C) ကား အင်ဂျင်နီယာများအတွက် ပြောစရာ ဖြစ်နေ၏။ ရက်ပေါင်း ၂၀ အတွင်း အောက်ရှိလုပ်သားများထံ ရောက်မည်ဟု ခန့်မှန်းထားကြသည်။ မည်သည့်နေ့တွင် ထိရောက်အောင်မြင်မည်ဆိုပြီး အလောင်းအစား လုပ်ကြသည်။ သို့သော် နောက်တစ်ပတ်တွင်မူ ဆန်ဂျိုးမိုင်း၏ ကျောက်ထုမာကျောမှုကို သူတို့ သဘောပေါက်လာကြ၏။ ဂရင်းနိုက်ကျောက်ထက် နှစ်ဆလောက် မာကျစ်သည်။ ထို့ကြောင့် အင်ဂျင်နီယာများ မျှော်လင့်ထားသည်ထက် အဝေးကြီး နေးကွေးနေလေတော့၏။

ဆောင်ဂါရက်လည်း အလွန်သိမ်မွေ့သည့် ဆုံးဖြတ်ချက်နှင့် ရင်ဆိုင်နေရသည်။ လှိုဏ်အားလုံးကို စတီးလ်နံရံများနှင့် ထပ်မံပင့်ထောက်ရန် လို မလို ဆုံးဖြတ်ရေးဖြစ်၏။ ထိုသို့ စတီးအိမ်နံရံများ ထပ်မံအားဖြည့်လိုက်လျှင် ဖိုးနစ်ခ်ခေါ် ဒုံးပျံပုံသတ္တုအိမ်သည် လှိုဏ်နံရံ၌ တွယ်ငြိခြင်းကို ကာကွယ်နိုင်လိမ့်မည်။ ဖိုးနစ်ခ်သည် ပိုက်အတွင်းကျပ်ပြီး တစ်နေခြင်း ဖြစ်မဖြစ် မည်သူမျှ စိတ်မကူးရဲကြ။ နောက်ဆုံးအဆင့်ဖြစ်သော သတ္တုအိမ်နဲ့ ကယ်ထုတ်ရေးကို ကျကျနနလေ့လာခဲ့ကြပြီးပြီ။ သို့သော် ထိုဖိုးနစ်ခ်အိမ်ကို တပ်ဆင်ရေးပင်လျှင် ၃ ရက် သို့မဟုတ် ၇ ရက်ကြာဦးမည်။ ထိုပစ္စည်းက တန် ၄၀၀ လေးသည်။ အဓိပ္ပာယ်မှာ ကရိန်းကို စပယ်ရှယ်ဆင်ရန်ဖြစ်၏။ ကရိန်းကို စင်တီယာဂိုမှ သယ်ရသည်။

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



လိုဏ်ခေါင်းများကို လှေလာသောအခါ မျက်နှာပြင်က ကောင်းရန်နီးစပ်သည်။ သို့သော် ပထမ မီတာ ၁၀၀ မှာ သိပ်ပြီး တူညီခြင်း မရှိ။ အနည်းငယ် ကွဲပြားကြသည်။ ဆောင်ဂါရက်လည်း အဆုံးသတ်အကဲဖြတ်မှုကို မလုပ်တော့ပေ။ လူတွေဆီ အရောက်သွားရန်ကိုသာ အာရုံထားလိုက်တော့၏။ လုပ်သားများ၏ ကိုယ်ရောစိတ်ပါ ကျန်းမာရေးကို ထိန်းထားရန် အရေးကြီးသည်။

■

### ၅၅ ရက်မြောက်နေ့၊ ဗုဒ္ဓဟူး၊ စက်တင်ဘာ ၂၉။

မျှော်လင့်ခြင်းစခန်းတွင် လှုပ်ရှားမှုများက နှေးကွေးနေသည်။ သတင်းထောက် ထောင်ပေါင်းများစွာတို့သည် ဘာလုပ်ရမှန်းမသိ ဖြစ်နေကြ၏။ ကယ်ဆယ်ရေးနေရာအစစ်အမှန်ဆီသို့ လူတိုင်းသွားခွင့်မရှိ။ အစိုးရကင်မရာများသာ သယ်ခွင့်ရှိပြီး အတော်ကံကောင်းသော သတင်းသမားများသာ သွားခွင့်ရ၏။ အတွင်းဝင်ခွင့် ရသူများထဲတွင် 'နစ်ခ် ကာဗာရီ' ချီလီသတင်းကား ရိုက်သူများနှင့် ဤစာအုပ်ရေးသူ ပါဝင်လေသည်။

မီဒီယာများ၏ သတင်းရုပ်ပုံရယူလိုမှု ဘယ်အတိုင်းအတာအထိ ရောက်ရှိကြောင်း သိလိုမှုများအတွက် သမ္မတပီနာရာ၏ သတင်းအဖွဲ့က ဆန်ကိုးမိုင်းအဝင်ဝတွင် စခန်းဖွင့်ထားသည်။ သမ္မတပီနာရာ၏လူများက 'ဆက်သွယ် ရေးဆိုင်ရာ အတွင်းရေးမှူးရုံး' မှနေ၍ လူထုထံတင်ပြရန် သင့် မသင့် ဗီဒီယိုတိပ်ခွေများကို သုံးသပ်ကြသည်။ သတင်းစာ ရှင်းလင်းပွဲပြုလုပ်သည်။ သို့သော် နာရီပေါင်း ရာနှင့်ချီပြီး မပြဘဲ နေချင်နေသည်။ အစိုးရရှေ့နေများက ပြသမှု အတိုင်းအတာကို ငြင်းခုန်ကြသည်။ အကယ်၍ မိုင်းတွင်းသည် သူတို့နေအိမ်ဖြစ်ပါက အစိုးရကင်မရာများ၏ ရိုက်ကူးခြင်း သည် လုပ်ပိုင်ခွင့် ရှိ မရှိ မေးခွန်းတွေရှိသည်။ ကယ်ဆယ်ရေးလုပ်ငန်းနှင့် လိုဏ်ထဲမှ ဘဝများသည် ပုဂ္ဂလိက မြင် ကွင်းတွေလားဟု မေးခွန်းထုတ်သည်။ ဗီဒီယိုအသံလွှင့်ချက်များသည် ပုဂ္ဂလိကဘဝကို ကျူးကျော်ခြင်းဆိုပြီး အစိုးရကို တရားစွဲဖို့ ဦးတည်နေသလောဟု မေးရန်ရှိလာသည်။

သမ္မတပီနာရာ အနေနှင့် ပုဂ္ဂလိကအခွင့်အရေးများနှင့် တိုက်ပွဲဆင်နွှဲစဉ် ကမ္ဘာ့မီဒီယာများကလည်း ချီလီ၌ မည်သည့်အခါကမျှ မမြင်ဖူးခဲ့သော၊ ကမ္ဘာများမှာလည်း မမြင်ဖူးသောနှုန်းဖြင့် ဤစခန်းသို့ ကူးခတ်လာကြလေသည်။ တရားဝင် မှတ်ပုံတင်ပြီးလာရောက်သော သတင်းထောက်ဦးရေသည် ၂၀၀၀ ကျော်သွားသည်။ မိုင်းအနီး ကျောက်ထူသော တောင်ကုန်းတွင် မော်တော်ကားနေအိမ်များဖြင့် ဖုံးလွှမ်းသွားသည်။ မိုးကာတဲများ၊ ဂြိုလ်တုစင်များ၊ အသံလွှင့်ရန်



www.burmeseclassic.com

www.burmeseclassic.com



ဖြုလုပ်ထားသော ယာယီအထပ်သားစင်မြင့်များ စသဖြင့် ပြည့်နေလေသည်။

ဓာတ်ပုံသမားများကလည်း သူတို့၏ တိုင်သုံးချောင်းထောက် ကင်မရာများအား အဓိကအကွက်များကို ရိုက်နိုင်ရန် ပြောင်းလဲတပ်ဆင်ကြ၏။ သို့မှသာ တွင်းတူးနေသော နေရာကို ရှင်းလင်းစွာမြင်နိုင်ရေးကို အာမခံနိုင်မည် ဖြစ်လေသည်။ TV သမားများကလည်း ဂြိုလ်တုမှ လွှင့်ထုတ်ရေးအတွက် တာဝါတိုင်ကို သူ အရင်တောင်းထားကြောင်း အငြင်းပွားကြသည်။ နေ့စဉ်နေ့တိုင်း ဆန်ကျိုးသို့ လူစိမ်းများ ချီတက်လာခဲ့ကြ၏။ သုံးချောင်းထောက် ကင်မရာများ၊ ဖုန်းနံပါတ်အသစ်များနှင့် ရှန်းကန်နေကြလေသည်။

လူစည်ကားထူထပ်သော မိုင်းမြင်ကွင်းနှင့် မနီးမဝေးမှာကား သဲကန္တာရကြီးသည် ရှုလေရာ၌ လွင်တီးခေါင် ဖြစ်နေသည်။ မိုးကုပ်စက်ဝိုင်းတစ်လျှောက် သစ်ပင်ဟူ၍ တစ်ပင်မျှမရှိချေ။ ဒက္ကာနှင့် ပဲရစ်မှ မာရသွန်ပြေးလာကြသော မော်တော်ကားများ၏ လမ်းကြောင်းများကလွဲပြီး ရွှေရောင်တောင်ကုန်းပြင်ကြီးများကိုသာ မြင်နိုင်ပေသည်။

အာဖရိကတိုက်ရှိ နိုင်ငံရေး မငြိမ်သက်မှုများ၏ လိုက်လံခြင်းခံရပြီးနောက် ကြောက်ရွံ့ထိတ်လန့်၍ ပြေးခဲ့ရသော နိုင်ငံခြားမော်တော်ကားများ စည်ကားခဲ့ရာက ယခုအခါမှာမူ ချီလီနိုင်ငံ ထောင့်စွန်းကလေးဖြစ်သော ဝေးလံသီခေါင် သည့်နေရာသို့ ကားပြေးပွဲကြီး လာရောက်နေပြန်သည်။ ရာပေါင်းများစွာသော သတင်းစာဆရာတို့သည် ပြေးပွဲကြီးနှင့် ပါလာကာ တောင်ကုန်းများအနီး စခန်းချနေကြသည်။ ယခု သူတို့ပြိုင်နေရသောအရာကား တခြားမဟုတ်ပါ။ အချိန် နှင့် အပြေးပြိုင်နေရခြင်းတည်း။

ဤမျှ သတင်းဓာတ်ပုံသမား ထူထပ်နေသော နေရာ၌ ကြည်လင်သော ဓာတ်ပုံရရှိရန် ဆိုသည်မှာ မဖြစ်နိုင် ချေ။ အဖိုးတန် မှန်ဘီလူးတွေပေါ်မှာလည်း ဖုံတွေလိမ်းကျံနေကြသည်။ ပိုဆိုးသည်မှာ အကောင်းဆုံးဓာတ်ပုံရိုက်ချက်များ ကို ထောင်နှင့်ချီပြီး ရိုက်ပြီးသွားကြခြင်းဖြစ်၏။ ဒေသအတွင်း သတင်းစာတစ်စောင်က 'ကမ္ဘာ့မီဒီယာ အစုအပုံကြီး' ဟု ကင်ပွန်းတပ်ခဲ့သည်။ ချီလီ CNN မှ စိုက်ထူထားသော စင်မြင့်ရှေ့တည့်တည့်တွင် ချီလီအမျိုးသားအသံလွှင့်ဌာန (TVN) မှ စင်လာဆောက်သောအခါ အပြင်းအထန် ရန်ဖြစ်ကြ၏။ နောက်မှလာသူကို သူ့ဘာသာ နောက်၌စင်ဆောက်ရန် တွန်းပို့ခဲ့ရ၏။ ဤချီလီမှ လက်သမားများလည်း အလုပ်ရှုပ်ခံနေရတော့သည်။ ချီလီလက်သမား 'ဗာဂါရာ' မှာ နေ့စဉ် စင်တစ်ခု ဆောက်ပေးနေရ၏။ ပလက်ဖောင်းတစ်ခုကို ပီဆို ၁၂၀၀၀၀ (ဒေါ်လာ ၂၅၀ခန့်) တောင်းရာ ပေးကြရလေသည်။ ယခုအခါ အောက်ရှိလုပ်သားများ ကျန်းမာရေး ကောင်းမွန်နေကြောင်း သတင်းရရှိကြပြီဖြစ်ရာ တောင်ပေါ်၌ အသင့်ထား ခဲ့သော လူနာတင်ကားလည်း တောင်အောက်သို့ ရောက်သွားခဲ့ပြီ။ ထိခိုက်ဒဏ်ရာရသော သတင်းသမားများကို ပြုစုရန် ဖြစ်သွားသည်။ သတင်းသမားများတွင် မတော်တဆ ထိခိုက်မှု (ကားနှင့်ထိခိုက်မှု) ၁၀ ခုခန့်ရှိကြောင်း သတင်းရရှိ၏။

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



ထိုလူထုထဲတွင် ဖရန့်စီကင်ဘုန်းကြီးများကိုလည်း ဝတ်ရုံကြီးများဖြင့် တွေ့ရပေရာ ဆပ်ကပ်တစ်ခု ကြည့်ရသကဲ့သို့ ခံစားကြရ၏။ 'ခြသေ့်မပါတာပဲ ရှိတယ်' ဟု တီကိုနာက ဆိုသည်။ ကလေးသူငယ်များကလည်း စူပါဟီးရိုးသူရဲကောင်းဝတ်စုံများနှင့် ကစားနေကြလေသည်။ စူပါမင်းဝတ်စုံဝတ်ပြီး တောင်ကုန်းပေါ် ချောက်လိုက်ဆော့နေသောကလေးများကို မြင်ရသည်ကလည်း အဆန်းတကြယ် မဟုတ်တော့ပေ။

ညအခါရောက်တိုင်း မီးရှူးမီးပန်းများ ပစ်တင်နေကြသည်။ သတင်းသမားများ၊ ရဲသားများ၊ နိုင်ငံရေးသမားများ၊ မိသားစုဝင်များအားလုံး မိတ်ဆွေအပေါင်းအသင်းများ ဖြစ်သွားခဲ့ကြပြီး ယခင် သမ္မတဟောင်း၏သမီး အစ္စဘဲလားကိုလည်း CNN က အင်တာဗျူး လုပ်နေသည်ကို မြင်တွေ့နိုင်သည်။ ချီလီနိုင်ငံ၏ နာမည်ကျော်စာရေးဆရာမ ဖြစ်နေသော အစ္စဘဲလားနှင့်အတူ ငါးသေတ္တာဆင်းဒဝစ်ကို အတူစားရင်း စကားစမြည် ပြောနေသည်ကိုလည်း မြင်နိုင်လေသည်။ မုန့်တန်းကြီးတစ်ခုထားပြီး ငါးနှင့်လုပ်သော မက္ကစီကင်အစားအစာတစ်မျိုး ဝေငှနေသည်ကိုလည်း တွေ့ရပါမည်။ ဂက်စ်ဗွေမသုံးဘဲကျင်ထားသော ပင်လယ်စာများ၊ မိမိကိုယ်တိုင်ပြုလုပ်သည့် ရွှပ်ပြုတ်များ၊ ထရပ်ကားကြီးနှင့် သယ်လာသောကွပ်ကီးများနှင့်လည်း လူတိုင်းကို ကျွေးမွေးလေသည်။ တရားဝင်ပြောထားသည်က 'ဤနယ်မြေမှာ အရက်မသောက်ရ' ဟူ၍ဖြစ်၏။ သို့သော် မနက်လင်းသောအခါ ဘီယာဘူးခွံများ၊ ပိုင်နှင့် ပစ်ခ်ကိုပုလင်းခွံများ အစုလိုက် အပြုံလိုက် ဖြစ်ရလေသည်။ ထို့ကြောင့် ဤနယ်မြေကို 'အရက်မရှိ နယ်'ဟု ခေါ်ခြင်းမှာ ပုလင်းများအားလုံး သောက်သုံးပြီး၍ လွတ်နေခြင်းကို အဓိပ္ပာယ်ဖွင့်ရတော့မည်။

■

ကမ္ဘာတစ်ဝန်းလုံးရှိ ရုပ်မြင်သံကြားကြည့်ရှုသူ သန်းပေါင်းများစွာတို့ကလည်း ဤဇာတ်လမ်းကို စွဲလန်းနေကြပြီ။ ဒီလူတွေ အထဲကထွက်နိုင်ပါ့မလား၊ ဘယ်သူက အရင်ဆုံးထွက်လာမှာလဲ စသဖြင့် စိတ်စောနေကြသည်။ ဤအဖြစ်အပျက်သည် ရုပ်မြင်သံကြားအစစ်အမှန် ဇာတ်လမ်းဖြစ်ကာ ဒုက္ခဆင်းရဲကို တိုက်ရိုက်ထုတ်လွှင့်နေခြင်းလည်း ဖြစ်၏။ ပြသမှုအားလုံးကို စိစစ်တည်းဖြတ်ပြီးမှ မီဒီယာသို့ ပေးခြင်းဖြစ်ပြီး တည်းဖြတ်သူများမှာ သမ္မတပီနာရာ၏ ဆက်သွယ်ရေးအဖွဲ့ ဖြစ်လေသည်။

အများမျှော်လင့်ထားသည်က လုပ်သားများသည် စိတ်ဆင်းရဲနေကြမည်။ အကြမ်းဖက် သောင်းကျန်းနေကြမည်။ စိတ်ဝမ်းကွဲနေကြမည်ဟူ၍ ဖြစ်၏။ ယခု TV၌ မြင်ရသည်မှာ လုပ်သားအားလုံး ပျော်ရွှင်နေကြ၏။ စည်းလုံးနေကြ၏။

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



မျှော်လင့်ချက်အပြည့် ရှိကြ၏။ ထို့ပြင် နိုင်မာကြံ့ခိုင် ကြပေသည်။ TV ၏ မှုလကြွေးကြော်သံမှာ 'သွေးထွက်လျှင် ဦးဆောင်နိုင်သည်' ဟူ၍ ဖြစ်ခဲ့ရာက ယခုအခါမှာမူ လုံးဝအကြမ်းဖက်မှုမပါသော မြေအောက်သတ္တဝါများ၏ ဒရာမာ ဇာတ်ကြီး ဖြစ်နေလေတော့၏။

မျှော်လင့်ခြင်းစခန်းမှာလည်း နံနက်အစောကြီးကတည်းက 'ဥာဏ်ပညာရှိသော လိုင်း' များ နီးထကြသည်။ TV ထုတ်လုပ်သူများသည် လုပ်သားများ၏ဇာတ်လမ်းကို ဘဝအခွင့်အရေးတစ်ခုအဖြစ် ရရှိဖို့ တိုက်ပွဲဝင်ကြရ၏။ အထူးသဖြင့် နေ့စဉ်လှုပ်ရှားမှုများကို မှတ်တမ်းတင်ခဲ့သောသူမှာ လုပ်သားကြီး 'ဗစ်တာ ဆီဂိုဗီးယား' ဖြစ်ပြီး သူ၏ မှတ်တမ်းမှာ စာမျက်နှာ ၁၅၀ ရှိ၏။ အမှောင်ဆုံးနေ့များဖြစ်သော ပထမ ၁၇ ရက် အပါအဝင်ဖြစ်သည်။ ဆီဂိုဗီယာ၏ မိသားစုများက ထိုမြေအောက်မှပို့ခဲ့သော မှတ်တမ်းကြီးကို ထုတ်ဝေရေးတိုက်များနှင့် ညှိနှိုင်းရသည်။ စတင်ပေးသော စာမူခမှာ ဒေါ်လာ ၂၅၀၀၀ ဖြစ်၏။ ပေါ့ပ်သတင်းရေးသည့် သတင်းထောက်များက လုပ်သားများမပါဘဲ မိသားစုများနှင့် စကားဆိုကြသည်။ ဓာတ်ပုံပေးကြသည်။ လုပ်သားများ ထွက်လာလျှင် လော့စ်အင်ဂျလိစ်နှင့် မဒရစ်သို့ ခေါ်ပါမည်ဟု မြှူဆွယ်ကြသည်။

ယခုအချိန်အထိ လုပ်သားများ ပိတ်မိနေဆဲဖြစ်စေကာမူ သူတို့အကြောင်း ရုပ်ရှင်ကားကို ရိုက်ကူးခဲ့ပြီးလေပြီ။ အနီးအနားရှိ ပစ်ထားသော မိုင်းဟောင်းကြီးတွင် ချီလီနှင့် မက္ကစီကင် ရုပ်ရှင်သရုပ်ဆောင်များက ရုပ်ရှင်ရိုက်ကြသည်။ မူလအဖြစ်အပျက်တွင် 'အနုပညာလိုင်စင်' ခေါ် လုပ်ပိုင်ခွင့်ကို ပိုပိုမိုမို ဖြည့်စွက်ကာ အောက်ရှိလူများ၏ နေ့စဉ်ဘဝကို အသေးစိတ်ဖော်ပြ ရိုက်ကူးကြသည်။ ချီလီရုပ်ရှင်ဒါရိုက်တာတစ်ဦးဖြစ်သူ 'လီယိုနာဒို ဘာရီရာ' ကလည်း မြေအောက်၌ ပိတ်မိနေသည့် လူများအကြောင်း အခြေခံပြီး လိင်စိတ်ကြွတက်စေသော ရုပ်ရှင်ကားတစ်ကား ရိုက်ကူးမည်ဟု ကြေညာသည်။ ဘာရီရာက သူရိုက်မည့် ရုပ်ရှင်ကားသည် ယစ်ပူဇော်ပွဲ၊ ပျော်ပွဲရွှင်ပွဲနှင့် လိင်ဆက်ဆံရေး စိတ်ကြွစေသော အခန်းများကို အရလိုက်အပြုံလိုက် ထည့်မည်မဟုတ်ဘဲ လုပ်သားများက 'ဗီးနပ်' ခေါ် လိင်စိတ်ဆွဲဆောင်သူမိန်းမများနှင့် ကာမခံစားပုံများကို စနစ်တကျရိုက်ကူးမည်ဖြစ်ကြောင်း ရှင်းပြသည်။ လုပ်သားများကား အမှောင်တွင်းမှ ကယ်ထုတ်ခြင်း ခံရတော့မည်။ မကြာမီ ရုပ်ရှင်နယ် 'ဟောလီဝုဒ်' ၏ အလင်းရောင်ထဲသို့ပင် ဝင်ရောက်ကြပေတော့မည်။ နားချိန်ပင် ရကြမည် မဟုတ်ချေတကား။

■

၅၇ ရက်မြောက်နေ့၊ သောကြာ၊ အောက်တိုဘာ ၁ ရက်။

စက်တင်ဘာ ၃၀ ရက်နေ့တွင် သတ္တုတွင်းရှေ့နေ 'အဂ္ဂါဒို ရီနိုဆို' က ချီလီအစိုးရကို လျော်ကြေး ဒေါ်လာ

The bookhouse

www.burmeseclassic.com

www.burmeseclassic.com



၂၇ သန်း ရလိုမှုဖြင့် တရားစွဲသည်။ ပျက်စီးမှုများကို ပြန်ပြင်ပြီး ဆန်ကျိုမိုင်းကို ပြန်လည်ဖွင့်လှစ်နိုင်ရန်ဖြစ်၏။ ရီနိုဆိုသည် အားလုံးကို ကိုယ်စားပြုပြီး တရားစွဲခြင်းဖြစ်သော်လည်း မိသားစု ၃ စုကို အထူးကိုယ်စားပြုခြင်း ဖြစ်သည်။

လွန်ခဲ့သော တစ်လကပင် ဆန်အီစတာတင်သတ္တုတွင်း၌ ဒေါ်လာ ၂၅၀၀၀၀ သန်း လျော်ကြေးရအောင် သူ ဆောင်ရွက်နိုင်ခဲ့ပြီးပြီ။ မူလက 'ကယ်လ်စီရာ' ခေါ် ကမ်းခြေမြို့လေး၏ မြို့တော်ဝန်က ငှားရမ်းခဲ့ခြင်းဖြစ်သည်။ ငွေများအားလုံး လုပ်သားများကို ပေးလိမ့်မည်ဟု သူက မျှော်လင့်၏။ လုပ်သားများ ရသင့်သော ငွေများဖြစ်လေသည်။ ၂၀၀၇ နှစ်သစ်ကူးပွဲတုန်းကလည်း ဂိုးကျော်တံတား ပြိုကျ၍ လူနှစ်ဦး သေဆုံးခဲ့ခြင်းအတွက် အစိုးရကို သူ တရားစွဲရာ အောင်မြင်ခဲ့ဖူးသည်။ ယခုလည်း သူသည် အစိုးရထံမှ လျော်ကြေးရအောင် လုပ်နိုင်မည်ဟု မျှော်လင့်၏။ တရားစွဲဆိုမှုကို အထောက်အပံ့ပြုသော ကေတီ (မာရီယို ဆီပူလ်ဗီဒါ၏ဇနီး) က 'ကျွန်မတို့ မိသားစုအားလုံးဟာ သူတို့အတွက် ငွေတွေ ရစေချင်တယ်။ ပျက်စီးခဲ့ရတာတွေ အတွက်ပါ။ ကျွန်မတို့ တရားမျှအမှုကို လိုချင်တယ်' ဟု ပြောခဲ့သည်။

သမ္မတပီနာရာ၏ လူများကား ဤရှေ့နေ၏တရားစွဲဆိုမှုကို ပေါ့ပေါ့လေးဟု မြင်ကြ၏။ ၁၉၉၀-၂၀၁၀ ကတည်းကပင် ဆန်ကျိုးမိုင်း၏ မလုံခြုံမှု၊ အန္တရာယ်ကြီးမှုကို ပြောလာခဲ့ကြသူများဖြစ်သည်။ ထိုစဉ်က တာဝန်ရှိသူများ သည် လုပ်သားများကို လုံခြုံမှုအပြည့်အဝ လုပ်မပေးခဲ့သောကြောင့် ဆန်ကျိုးမိုင်းကို အပြီးပိတ်ပစ်ဖို့ ကောင်းကောင်း ပြောခဲ့ကြသူများဖြစ်၏။

လူထုသဘောထား ကောက်ယူသောအခါ မိုင်းပြိုမှုမဖြစ်မီက ၄၆ ရာခိုင်နှုန်းသာ ထောက်ခံခဲ့ရာက ယခု ကယ်ဆယ်ရေးလုပ်နေသော အချိန်တွင် ၅၆ ရာခိုင်နှုန်းသို့ တိုးတက်လာခဲ့သည်။ ဩဂုတ်လတွင် သမ္မတပီနာရာသည် မိုင်းကယ်ဆယ်ရေးကို သူ၏ လုပ်ငန်းများတွင် ရှေ့တန်းတင်ခဲ့၏။ ယခုအခါ တရားစွဲခံရရာ ထိုငွေပမာဏကို ပေးရတော့မည် ဖြစ်သည်။

မိုင်းတွင် သမ္မတပီနာရာကို ဝေဖန်မှုများ ရှိလာသည်။ တချို့ကယ်ဆယ်ရေးလုပ်သားများက သမ္မတ၏ လုပ်ရပ်ကို အံ့အားသင့်ကြ၏။ ယင်းတို့က သမ္မတသည် ဤကယ်ဆယ်ရေးလုပ်ငန်းကို 'နိုင်ငံရေးအမြတ်ထုတ်ခြင်း' ဟု စွပ်စွဲကြသည်။ ဒေါက်တာ ဒိုင်ယာ့စ် (ကယ်ဆယ်ရေး ဆေးအဖွဲ့ခေါင်းဆောင်) က ဆိုလျှင် ဤကိစ္စ၌ သမ္မတနှင့် သတ္တုတွင်းဝန်ကြီးတို့ကို အတော်ကြီးကြီးမားမား ဝေဖန်သည်။ 'ဒီလူတွေက ကင်မရာရှေ့မှာ ကယ်တင်ရှင်ကြီးတွေအဖြစ် ပါချင်နေကြတာ' ဟု ပြောခဲ့၏။ တချို့ကကယ်ဆယ်ရေးလုပ်ငန်းသည် သမ္မတကိုယ်ကျိုးဟု ယူဆသည်။

CNN မှ ထုတ်လွှင့်သော လက်တင်အမေရိက စာမျက်နှာပေါ် ဆောင်းပါးတစ်စောင်တွင်လည်း 'မိသားစုဝင်များက သမ္မတဟာ သူတို့ကို အသုံးချနေတယ်ဟု စွပ်စွဲကြောင်း' ဖော်ပြခဲ့၏။ ဗစ်တာဇာမိုရာ၏ မိခင်ဖြစ်သူ 'နယ်လီ ဘူဂိုနီ'

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ကလည်း 'ဒါတွေအားလုံးဟာ နိုင်ငံရေးကိစ္စပဲ။ တစ်ခုမှမကောင်းဘူး။ ညစ်ပတ်တယ်။ ဒါဟာ နိုင်ငံရေးအရ ဝါဒဖြန့်တာပဲ။ သူတို့က ကျွန်မတို့မိသားစုတွေရဲ့ ခံစားချက်တွေကို ကစားနေတာ' ဝေဖန်ပြောကြားခဲ့သည်။

တခြားမိသားစုများကလည်း သမ္မတပီနာရာကိုရော သူ့နိုင်ငံရေးကိုပါ မနှစ်သက်ကြောင်း၊ သို့သော် သူ့အစိုးရသည် လုပ်သားများကယ်ဆယ်ရေးကို ဖြစ်နိုင်ခြေအားလုံး၌ ကြိုးစားနေကြောင်း ပြောပြကြ၏။ ပုဂ္ဂိုလ်ရေးအနေနှင့် သူ့ဖက်မှ မရပ်တည်နိုင်ကြောင်း၊ သို့သော် သမ္မတပီနာရာသည် မှန်ဖြတ်ကြီးမားသောဆုံးဖြတ်ချက်များကို လုပ်ခဲ့ကြောင်းလည်း ပြောပြကြသည်။ ထို့ပြင် လုပ်သားကြီး ဒယ်နီယယ်၏တူဖြစ်သော 'ဟာရီရာ' ကလည်း အရင်အစိုးရလက်ထက်မှာသာ ဤသို့ဖြစ်လျှင် လုပ်သားအားလုံးသေမှာပဲဟု ဆိုသည်။

အောက်တိုဘာ ၁ ရက်နေ့တွင် သတ္တုတွင်းဝန်ကြီး ဂိုလ်ဘိုနီသည် တစ်လအကြာ လျှို့ဝှက်ထားခဲ့သော သတင်းတစ်ခုကို ဖွင့်ချခဲ့လေသည်။ ထိုသတင်းကား ကယ်ဆယ်ရေးကြိုးပမ်းမှုများအားလုံး လူသိရှင်ကြား သိထားသည်ထက် ပိုမိုလျင်မြန်စွာ ခရီးရောက်နေပြီဆိုသော သတင်းပင်တည်း။

'သတင်းကောင်းကတော့ လုပ်သားတွေကို အောက်တိုဘာလဝက်ကျော်ရင် ကယ်နိုင်တော့မယ်လို့ ခန့်မှန်းနိုင်ပြီဆိုတာပါပဲ'

တွင်းတူးစက်များသည် ကျောက်၏ပထမလွှာထုကို ကျော်လွန်ခဲ့ပြီဖြစ်ပြီး ပိုမိုထူထပ်သိပ်သည်းသောအလွှာကို ရောက်နေသည်။ ဤသို့သိပ်သည်းလွှာ ရောက်နေခြင်းသည် အကောင်းဖက်ကကြည့်လျှင် ပို၍စိတ်ချရသည်ဟုဆိုသည်။ အောက်ရှိလုပ်သားများထံသို့လည်း သတင်းကောင်းကို အကြောင်းကြားခဲ့၏။

လုပ်သားများကယ်ဆယ်မှု အောင်မြင်ရန် နီးကပ်လာသည်နှင့်အတူ ဝေဖန်ငြင်းခုံမှုများလည်း ချီလီတွင် ထွက်ပေါ်နေသည်။

- လုပ်သားများသည် အဘယ့်ကြောင့် ပထမနေရာ၌ ပိတ်မိသလဲ။
- ဒီလောက်ဆိုးဝါးသည့် မိုင်းကို ဘာကြောင့် ဆက်ပြီးလုပ်ကိုင်နေရသလဲ။

ချီလီလွှတ်တော်တွင်လည်း ဆန်ဂိုးမိုင်းအတွင်း ထိခိုက်မှုအကြိမ်ကို ပြသရာ တခြားစက်ရုံများ၌ ဖြစ်နေကျနှုန်းထက် ၃၀၇ ရာခိုင်နှုန်း ပိုနေသည်ကို တွေ့ရ၏။ ထို့ပြင် အသက်အာမခံအတွက် အာမခံငွေ မပေးသည်မှာ ၅ လရှိပြီဟုလည်း သိရသည်။ ယခင်အစိုးရ၏ အလုပ်သမားဝန်ကြီးဖြစ်သူ 'မာရီယာ' ကလည်း ဤဆန်ဂိုးမိုင်းကို ပိတ်ပစ်ဖို့ သူ့အနေနဲ့ ကြိုးစားခဲ့သည်မှာ ၁၀ နှစ်ရှိပြီဟု ဆိုသည်။ စုံစမ်းလေ့လာရေးအဖွဲ့၏ တင်ပြချက်အရ ဆန်ဂိုးမိုင်းအတွင်း၌ ကျောက်တုံးများ ရှိရသလို အဆက်မပြတ်ကျဆင်းနေကြောင်း၊ လုပ်သားများကို ထိခိုက်စေနေကြောင်း သိရ၏။ တချို့ ထိခိုက်မှုများမှာ

www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံတင်ရလောက်အောင် မဖြစ်ကြချေ။ တချို့မှာကား သန်းရှိုင်း၌ အဆုံးသတ်ကြရ၏။

မိုင်းပိုင်ရှင်ကား 'အလီကျန်ဒရိုဘွန်း' ဖြစ်သည်။ သူ့အား မိုင်း၏လုံခြုံမှုနှင့်ပတ်သက်၍ မေးမြန်းသောအခါ လုံခြုံမှုတိုးတက်ရေးသည် သူတို့ကုမ္ပဏီ၌ အထွတ်အမြတ်စည်းမျဉ်းဖြစ်ကြောင်း၊ လုပ်သားများ ထိခိုက်ရခြင်းမှာ မျက်နှာကြက်၌ လုံခြုံရေးပိုက်ကွန်ကို ပြန်၍မထားသဖြင့် ဖြစ်ရကြောင်း၊ ယခုအကြိမ်ဖြစ်ရသည်မှာလည်း အရင်တစ်ခါ ထိခိုက်ခဲ့ဖူးသော တာဝန်ကျလုပ်သားများပင် ဖြစ်သည်ဟု ဆိုသည်။ လုပ်သားများကို အပြစ်ပုံချခြင်းဖြစ်၏။

လေ့လာသူ အများအပြားသည် မိုင်းပိုင်ရှင်၏မှတ်ချက်ကို ကြားရသောအခါ တအံ့တသြဖြစ်ကြရသည်။ လျှပ်စီးလက်ပြီး ထိခိုက်ခံရသူအား ရာဘာအောက်ခံဖိနပ် မစီး၍ဟု အပြစ်တင်သလို ဖြစ်နေသည်။ ဆင်မြူရယ် အေဗာလို့စ် အပြောအရ အမိုးတစ်ခုလုံး အကာအကွယ်မရှိကြောင်း၊ ၂၀ ရာခိုင်နှုန်းခန့်သာ အကာအကွယ်ပိုက်ရှိကြောင်း သိရ၏။

ပီနာရာ၏ အသစ်ခန့်လိုက်သော အလုပ်သမားဝန်ကြီး 'ကမီလာမာရီနို' က မိမိတို့အစိုးရသည် အလုပ်ပတ်ဝန်းကျင် အန္တရာယ်ကို သိပါကြောင်း၊ လုံခြုံမှုပြဿနာများအတွက် ညွှန်ကြားချက်များထားရှိပြီး အထူးဂရုစိုက်၍ အရေးယူမည့်အကြောင်း၊ သို့မှသာ နောင်ထိခိုက်မှု မရှိမှာဖြစ်ကြောင်း ဝန်ခံပြောကြားခဲ့သည်။

ဝန်ကြီးကမီလာ၏ စကားများကိုကြားရသော ဆန့်ကျင်ဘက်သား ဥပဒေပြုသူများက ပို၍အသေးစိတ်ကို တောင်းဆိုကြ၏။ ဆန်ကျိုးတွင် လုံခြုံရေးပြဿနာများအတွက် အပြီးအစီးလုပ်ပြီးပြီလား၊ ပြီးပြီဆိုလျှင် အဖြစ်အပျက်ကို ထိန်းချုပ်နိုင်ပြီလား စသဖြင့်မေးကြ၏။ ကမီလာမာရီနိုက သတင်းအပြည့်အစုံ မရသေးကြောင်း ဖြေကြားရသည်။

ကိုပီယာပိုမြို့ အလုပ်သမားသမဂ္ဂခေါင်းဆောင် ချေဗီးယားကလည်း အလုပ်သမားလုံခြုံမှုနှင့် ပတ်သက်ပြီး အသစ်တွေ့ရှိချက်များကို စိတ်ဝင်စားသည်။ တရားရုံးသို့ အမှုတွဲရာပေါင်းများစွာပို့သည်။ ဒေသတွင်း နိုင်ငံရေးသမားများနှင့် မိုင်းပိုင်ရှင်တို့ကို သတိပေးသည်။ ဆန်ကျိုးရော ဆန်အန်တိုနီယိုပါ အန္တရာယ်ရှိနေပြီ။ ပြိုကျဖို့ အစွန်းရောက်နေပြီဟု သတိပေးခဲ့သည်။

ဆန်ကျိုးမိုင်း အဘယ်ကြောင့်ပြိုကျရသနည်းဟု ကမ္ဘာက အံ့သြနေစဉ် အလုပ်သမားသမဂ္ဂခေါင်းဆောင်က အစိုးရကိုယ်တိုင် ဂရုမစိုက်မှု၊ အမျှော်အမြင်နည်းမှုသည်လည်း ပြိုဆင်းနေပြီဟု ပြသရန်ဆုံးဖြတ်လိုက်သည်။ ၂၀၀၂ ခုနှစ်၌ သမဂ္ဂမှ ရိုက်ကူးခဲ့သော ဗီဒီယိုထဲတွင် အထက်ပါမိုင်းနှစ်ခုလုံး၏ စိတ်မချရမှုနှင့် ပိတ်မိနိုင်ခြေရှိမှုတို့ကို မီးမောင်းထိုးပြခဲ့ပြီးဖြစ်၏။ ထိုဗီဒီယိုခွေကို အထောက်အထားသက်သေအဖြစ် ကွန်ဂရက်စွမ်းစမ်းလေ့လာရေးသို့ တင်ပြခဲ့ပြီးဖြစ်၏။ ၂၀၀၃ မှာ ဆန်အန်တိုနီယို ပြိုကျခဲ့သည်။ ၂၀၀၇ တွင် ဆန်အန်တိုနီယို ပိတ်မိခဲ့ပြန်သည်။ ပြိုကျမှုမှာ ညသ ချက်တီးဖြစ်၍ အထဲတွင် အလုပ်သမားများမရှိသောကြောင့် လျော်ကြေးမပေးခဲ့ပေ။ သမဂ္ဂခေါင်းဆောင် ထုတ်ဖော်ချက်အရ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဆန်အန်တိုနီယိုမိုင်းကို ၂၀၀၇ နှင့် ၂၀၀၈ တစ်စိတ်တစ်ဒေသအတွင်း ပိတ်ထားရန် ဖြစ်လာသည်။ ယခုအခါမှာ အစိုးရစုံစမ်းရေးအဖွဲ့အနေဖြင့် ထိုဆန်အန်တိုနီယိုကို တစ်သက်လုံး ဖွင့်နိုင်ပါ့မလားဟု ပြဿနာဖြစ်လာလေပြီ။

ချီလီနိုင်ငံဥပဒေအရ ဆန်ဂျိုးမိုင်းတွင် ထွက်ပေါက်နှစ်ခု ရှိရမည်။ ပုံမှန်နေ့စဉ် ဝင်ထွက်နေသော လမ်းနှင့် အရေးပေါ် ထွက်ပေါက်တို့ဖြစ်၏။ စုံစမ်းစစ်ဆေးပြီးသောအခါ ချီလီကွန်ဂရက်က သိရသည်ကား ဆန်ဂျိုးတွင် ဘယ်တုန်းကမျှ အရေးပေါ်ထွက်ပေါက် မရှိခဲ့ ဟူ၍ဖြစ်၏။ လှေခါးကဲ့သို့ ကယ်တင်ရန်မျိုးလည်း မရှိချေ။

နောက်ဆုံးပြိုကျမှုမဖြစ်မီ လပိုင်း၊ ရက်ပိုင်းတွင် ဆန်ဂျိုးမိုင်းသည် မနိုင်မာမှု၏ အရိပ်လက္ခဏာများကို ပြခဲ့သည်။ ဇွန်၊ ၂၀၁၀ တွင် ကျောက်တုံး အစိုင်အခဲကြီးများ ကျလာခဲ့၏။ လုပ်သားတစ်ဦး၏ခြေကို ထိမှန်ခဲ့၏။ သက်ဆိုင်ရာက ဆန်ဂျိုးပိုင်ရှင်များအား မိုင်းကို နိုင်မာအောင်လုပ်ဖို့ ပြောခဲ့ပြီးဖြစ်သည်။ ပိုင်ရှင်များက ဂရုမစိုက်ခဲ့ချေ။

■

၁၉ ရက်မြောက်နေ့၊ တနင်္ဂနွေ၊ အောက်တိုဘာ ၃ ရက်။

ကွန်ဂရက်လေ့လာစုံစမ်းရေးများက ဆက်လက်ဆောင်ရွက်နေစဉ် ကယ်ဆယ်ရေးလုပ်ငန်းကလည်း အောင်မြင်ရန် နီးကပ်လာလေပြီ။ ဆန်ဂျိုးမိုင်း၏ တောင်ခြေပတ်လည်တွင် ယာယီဆေးရုံငယ်ကို ဆောက်လုပ်နေကြ၏။ အစိုးရကလည်း မိသားစုဝင်များ ထိုင်နိုင်ရန်ခုံများကိုပင် ပြုလုပ်ပေးနေသည်။ ရုံများတွင် ပန်းတွေဆင်ထားသည်။ ခန်းမတွင်းမှာ အပြာရောင် မီးများကိုလည်း ဆင်နေသည်။ ပထမဆုံးကိစ္စကား ကယ်ယူလာသောလုပ်သားများနှင့် ခဏတာတွေ့ကြရန်တည်း။

မီဒီယာ၌ ထင်ရှားလာပြီဖြစ်သော မြေအောက်ရောက်လုပ်သားများကို မတွေ့ရတာ ကြာပြီဖြစ်သည့် ဆွေမျိုးများကလည်း တွေ့ချင်စောနဲ့ မျှော်လင့်ခြင်းစခန်းသို့ ရောက်လာကြသည်။ သူစိမ်းတွေ များပြားလှသောကြောင့် ချီလီသတင်းစာများက မျှော်လင့်ခြင်းစခန်းမြေပုံကို ထုတ်ဝေပေးကြရသည်။ မြေပုံ၌ 'မိသားစုများ' ဟုလည်းကောင်း နောက်တစ်တန်းတွင် 'မိသားစုဟု ယူဆရသူများ' ဟုလည်းကောင်း ဖော်ပြကြရ၏။

စခန်းရှိ စိတ်ပညာရှင်များသည် မိသားစုဝင်များအား မိမိတို့မသိနိုင်သော ဒဏ်ရာများ ဖြစ်ပေါ်နိုင်ခြင်းအတွက် ကြိုဆင်ထားကြရန် နှိုးဆော်ရ၏။ လုပ်သားများအနေနဲ့ ပျော်သွားမလား။ သို့မဟုတ် ကြောင်နေမလား။ သူတို့က ဓနီးများကို သေတပန်သက်တစ်ဆုံး ပေါင်းပါ့မလား။ ကွာရှင်းချက် တောင်းကြမည်လား။ ယွန်းနီတစ်ယောက် သူငယ်ပေါင်းချစ်သူနှင့် နေမှာလား။ လက်ထပ်ဓနီးနှင့် နေမှာလား။

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



အများအပြားကမူ စိတ်ဓာတ်ကျနေကြမှာ သေချာသည်။ ရေရှည်ဒဏ်ရာများက မည်သို့ သက်ရောက်လာမည်လဲ။ စိတ်ပညာရှင် 'အီတူရာ' တစ်ယောက်လည်း အများဆန္ဒအရ တစ်လမျှ ရှောင်နေခဲ့ရာမှ ယခုတော့ ကြိုးဆိုသူခေါင်းဆောင်အဖြစ် ပြန်လာသည်။ သူက လုပ်သားများနှင့် ရန်ဖြစ်ခြင်းကို ရှောင်လိုက်ပြီး သံတမန်ကဲ့သို့ နေသည်။ မိသားစုများကို ဖြေသိမ့်ပေးသည်။ သတင်းတွေ ပို့ပေးသည်။ လုပ်သားများကို အပြင်ရောက်သည်အထိ အတူအကွ စည်းလုံးစေလိုသဖြင့် 'တစ်နေ့ပို နီးကပ်လာပြီ' ဟူသော ဂါထာကို တတွတ်တွတ် ရွတ်လေသည်။

ဆောင်ဂါရက်နှင့်အဖွဲ့သည် အခိကအတားအဆီးများနှင့် ရင်ဆိုင်နေရ၏။ စီမံကိန်း (A) သည် တွင်းတူးစက်၏ ထိပ်ခေါင်းပြုတ်ကျခဲ့သဖြင့် ပြန်တပ်ရသောကြောင့် နောက်ထပ် ၃ ရက် ကြန့်ကြာခဲ့သည်။ ယခုအခါ စီမံကိန်း (A)သည် လုပ်သားများထံ ၁၀၀ မီတာပင် မကွာတော့။ မူလမှန်းထားသော စံချိန်အတိုင်း ပြိုင်ပွဲအနိုင်ရမည်ဟု အင်ဂျင်နီယာများက လောင်းခဲ့ကြ၏။ နှေးနှေးမှန်မှန် တူးနေသောစက်သည် ယခုပြေးပွဲ၌ တတိယနေရာသာရဖို့ ဦးတည်နေသည်။ တခြားနှစ်ခုက ရှေ့မှပြေးနေဆဲ ဖြစ်၏။

စီမံကိန်း (C) ကလည်း လမ်းကြောင်း လွဲသွားသဖြင့် ပြန်စီစဉ်ရသည်။ မူလလမ်းကြောင်းထဲ ပြန်ဝင်အောင် ဘေးမှာ တွင်းအသေးလေးကပ်ပြီး ဖောက်ရသည်။ လမ်းသည် 'ဖိုးနစ်ခ်' သတ္တုအိမ် ဆန့်ရမည်ဖြစ်သည်။ ဤအခါ တစ်ပတ်ပို၍ကြာမည်။

ထို့ကြောင့် အားလုံးက (B) ကို လောင်းကြေးထပ်ကြ၏။ (B) ကား ယခု ၅၉ ရက်အတွင်း၊ ၄၂၇ မီတာ ရောက်သွားပြီ။ (A)နှင့် (C)က ပြဿနာဖြစ်နေသဖြင့် သမ္မတပီနာရာက သုံးခုလုံးတူးစေခဲ့သည်မှာ အမြော်အမြင်ကြီးသည်ဟု ဆိုရတော့မည်။

ဆောင်ဂါရက်အပါအဝင် ကယ်ဆယ်ရေးအရာရှိများသည် ကယ်ဆယ်နိုင်မည့် နေ့ရက်ကို အတိအကျပြောဖို့ ငြင်းဆန်ကြ၏။ ဂိုလ်ဘိုနီက သတိပြုရန် အမိန့်ပေးထားပြီး ဆောင်ဂါရက်က သဘောတူသည်။ အရာများစွာတို့သည် မှားယွင်းသွားနိုင်သည်ပဲ။ တွင်းတူးမှုများသည် လမ်းကြောင်းယိမ်းယိုင်တတ်၏။ ထိုသို့ဖြစ်လျှင် ပြန်ပြင်ရ၏။ ဖိုးနစ်ခ် ပြွန်အိမ် ကပ်ငြိသွားမှာလည်း ပူရသည်။ အောက်ရောက်ခါနီးမှ တွင်းတစ်ခုက အင်ဂျင်နီယာများကို စိုးရိမ်စေခဲ့သည်။ ဖိုးနစ်ခ်သည် ယခုတွင်းလမ်းကြောင်းနှင့် မဆန့်ပေဟူသော ကောလာဟာလများ ထွက်လာ၍ဖြစ်၏။ အောက်ရှိ ခိုလှုံနေရာဖြစ်သည့် စက်ပြင်ရုံအမိုးကို ဖောက်ထွင်းသောအခါ ချဲ့ဖို့အတွက်လည်း ဒိုင်းနမိုက်နှင့် ဂရုတစိုက် သုံးရဦးမည်။ ဤကိစ္စသည် ကယ်ဆယ်ရေးသမားများကို အိပ်မပျော်နိုင်အောင် ဖြစ်စေခဲ့၏။ အကယ်၍ အမိုးအပေါက် ချဲ့သောအခါ ဖောက်ခွဲမှုအား ပို၍သုံးမိပါလျှင်လည်း အမိုးပြိုကျမှာ ပူရသည်။ တွင်းနံရံများက ဖိုးနစ်ခ်၏ ခရီးတစ်လျှောက် မည်မျှ

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ထိန်းချုပ်ကိုင်တွယ် နိုင်မည်ဆိုသည်ကိုလည်း မည်သူမျှ ကြိုတင်မသိနိုင်ပေ။ ခေတ်ပုံထဲမှာတော့ လှိုဏ်တွင်းသည် ကျောက်ဖြူသားကဲ့သို့ ကြွံနိုင်နေတာ မြင်ရ၏။ သို့သော် ဖိုးနစ်ခ်ကို အသုံးမပြုသေးခင်မှာ ဘယ်လိုနည်းနှင့်မျှ မသိနိုင်ချေ။ သည်ကြားထဲ လျှောင်လှုပ်မှာလည်း ကြောက်နေရသေးသည်။ ချီလီသည် လျှောင်လှုပ်နိုင်သော ကမ္ဘာ့အကြီးဆုံး နေရာ ၅ ခုထဲမှာ ပါဝင်သည်။ ၂၀၀၂ ခုနှစ် ဖေဖော်ဝါရီတုန်းကပင် လျှောင်လှုပ်ခဲ့သေးသည်ကို မှတ်မိနေဆဲတည်း။

ကမ္ဘာကသိထားသည့်အတိုင်း ဆန်ကျိုးမိုင်းမှ ရွှေနှင့် ကြေးနီများ ထုတ်လုပ်ခဲ့ပြီးသဖြင့် တောင်ကုန်းသည် အခေါင်းကြီးဖြစ်လျက်။ အရိုးနှင့်ငေါငေါ ဖြစ်နေချေပြီ။ ဘူမိဗေဒပညာရှင်များကလည်း သိနေသည်။ ဤတောင်ကား အချိန်မရွေး ပြိုဆင်းနိုင်သည်ဟု။ နောက်ထပ်တစ်ခါ ပြိုကျပါက ခက်လိမ့်မည်ဆိုပြီး တိုင်းတာခြင်းလှုပ်ရှားမှုအသေးစား လေးကိုပင် မလုပ်ခဲ့ကြရပေ။

အောက်မှလူများအဖို့မှု သတင်းများက အမျိုးမျိုးဖြစ်နေသည်။ ကယ်ဆယ်ရေးအောင်မြင်ဖို့ ဆိုသည်မှာ အတိအကျ သေချာခြင်းမရှိပေ။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



## အခန်း-၁၁
## နောက်ဆုံးရက်များ

၆၂ ရက်မြောက်နေ့၊ ဇူဒွဟူး၊ အောက်တိုဘာ ၆ ရက်။

စီမံကိန်း (B) ၏ စက်သံကား နီးနီးလေးဟု ထင်ရသည်။ အမှန်မှာ လုပ်သားများထံရောက်ဖို့ မီတာ ၅၀ လိုသေးသည်။ သို့သော် စက်၏ ထုနှက်ထိုးဖောက်သံက အနားကပ်နေသကဲ့သို့ ကြားရသဖြင့် အမိုးကိုဖောက်ပြီး အချိန်မရွေးဝင်လာတော့မည်ဟု ထင်ရလေသည်။ သို့မဟုတ် လှည့်စားခြင်း တစ်ခုလေလား။ တွင်းတူးစက်ပိုက်သည် တစ်ရက်အတွင်း ရောက်နိုင်ပေတော့မည်။ ဒါမှမဟုတ် ၈ ရက်လောက် ကြာလေမလား။

လုပ်သားများအဖို့ အစားအစာသည် နေ့စဉ်သတင်းရရှိရေးလောက် အရေးမပါတော့ချေ။ ည ၉ နာရီထိုးဖို့ ၁၅ မိနစ်အလိုရောက်လျှင် တစ်ယောက်ယောက်က သံဖူးအလွတ်ကို ခေါက်လိုက်သံ ကြားရမည်။ ထို့နောက် '၁၀ မိနစ်ကြာရင် သတင်းလာတော့မယ်။ ၁၀ မိနစ်ကြာရင် သတင်းလာတော့မယ်' ဟု အော်ကြသည်။

ညစဉ် ၉ နာရီသတင်းသည် သူတို့အတွက် အဓိကကျနေပြီ။ မြေအောက်စတူဒီယိုခန်းတွင် ချေးတလုံးလုံးနှင့် ဘောင်းဘီတိုများဝတ်လျက်၊ ရာဘာအောက်ခံရှူးဖိနပ်များ စီးလျက် နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုသတင်းကို နားထောင်ရန် စုဝေးရောက်ရှိလာကြ၏။ မိုင်းကယ်ဆယ်ရေး သတင်းက ည ၉ နာရီသတင်းကို လွှမ်းမိုးထားသည်။ သတင်းပထမပိုင်း မိနစ် ၂၀ သည် မိုင်းကယ်ဆယ်ရေးမစ်ရှင်အတွက်တည်း။

'မိနစ်နှင့်အမျှ ဘာဖြစ်နေပြီဆိုတာ ကျွန်တော်တို့ သိရတယ်' ဟု ဆင်မြူရယ်အေဗာလို့စ်က ဆိုသည်။ ကယ်ဆယ်ရေးသတင်းကို တောက်လျှောက်နားထောင်ပြီး ဘယ်တော့ပြီးဆုံးမလဲဟု တွက်ချက်ကြရသည်။ သတင်းများ၊ ကြည့်ရင်း ငါတို့ကယ်တော့

www.burmeseclassic.com

www.burmeseclassic.com



ထွက်ရမလဲဟု စိုးရိမ်ကြရသည်။ ဤသတင်းတွေသာ မကြည့်ရလျှင် ဘယ်တော့လွတ်မည်ဆိုသည်ကို သိနိုင်မည်မဟုတ်ချေ။ 'ဘယ်သူမှ မအိပ်နိုင်ကြဘူး။ အားလုံး စိတ်ပူနေကြတယ်' ဟု အေဗာလို့စ်ကပြောသည်။ အသံတွေကလည်း ဆူညံ လွန်းလှသည်။ တူးစက်သည် ဟိုဘက်ယိမ်းလိုက် သည်ဘက်ယိမ်းလိုက်နှင့် အားလုံးမသက်မသာ ဖြစ်နေကြ၏။ စိတ်ဓာတ်ကျနေသည်။ ပထမရက်များထက် ဆိုးဝါးနေပြီ။

လူတွေ ဘယ်လောက်စိတ်လှုပ်ရှားနေကြောင်း ပြောနိုင်သည်မှာ အောက်မှစီးကရက်မှာယူမှု ပိုများလာခြင်းကြောင့်ဖြစ်၏။ ယခင်က ဆေးလိပ်သောက်သူ ၉ ယောက်သာရှိရာက ယခု ၁၈ ယောက်ဖြစ်လာသည်။ တစ်နေ့လျှင် ၂ လိပ်မှ ၄ လိပ် သောက်ရာမှ အတိုင်းအဆမရှိ သောက်နေကြသည်။ ဆေးလိပ်တိုသွား၍ အမှိုက်ပုံးထဲ ထည့်လိုက်သည်နှင့် စိတ်လှုပ်ရှားမှုက ရောက်လာပြန်သည်။ ရန်ပွဲတွေ ဖြစ်လုနီးပါးဖြစ်ခဲ့သည်။

ခွင့်ပြုချက်အရ စိတ်ငြိမ်ဆေးများကို ချပေးရ၏။ တချို့လူများအတွက် ဤစိတ်ငြိမ်ဆေးများစားမှ အိပ်ပျော်ကြသည်။ တချို့ကိစ္စများတွင် ဆေးဝါးများသည် စိတ်လှုပ်ရှားမှုလျှော့လျှားခြင်းကို ရပ်စေရန် သုံးခြင်းဖြစ်၏။ လူသိရှင်ကြား အသိအမှတ်ပြုခြင်း မရှိစေကာမူ ဆရာဝန်များ၊ ဆေးပညာရှင်များ၏ အစည်းအဝေးတွင် လုပ်သားများ၏ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကို စိတ်ကျခြင်းဟု ထည့်သွင်းထားသည်။ မိမိကိုယ်မိမိ သေကြောင်းကြံခြင်းအထိပင် ရှိနိုင်သည်။

ထိုကဲ့သို့ စိတ်သောကများ တိုးပွားလာခြင်းကို အာရုံပြောင်းနိုင်ရန်အတွက် အပန်းဖြေရေး နည်းလမ်းတစ်ခုကို လုပ်သားများ တီထွင်ခဲ့ကြ၏။ အပေါ်မှ မြေတူးလုပ်ငန်းသည် ရေများများ စီးကျလေ့ရှိ၏။ ထိုစီးကျလာသော ရေများကို မြောင်းပေးပြီး အောက်ဆုံးလွှာသို့ လမ်းကြောင်းလွှဲပေးကြ၏။ ထိုရေတို့သည် အောက်ခြေ၌ ဝပ်နေသောအခါ ပထမတွင် ရွှံ့နွံများဖြင့် ညစ်ပတ်နေခဲ့သော်လည်း တစ်မီတာအနက် ရှိလာသောအခါ၊ အလျား ၇ မီတာ၊ အနံ ၃ မီတာရှိ ရေကန်လေး ဖြစ်လာတော့၏။ ထိုအခါ ထိုရေကန်၌ သူတို့ရေကူးကြတော့သည်။ လူ ၆ ယောက် ဝတ်လစ်စလစ်ဖြင့် ရေကူးနိုင်ကြသည်။ ယင်းရေကန်ကို သူတို့က 'ကမ်းခြေ' ဟု ချစ်စနိုး အမည်ပေးကြသည်။

'အဲဒီအချိန်မှာ ကျုပ်တို့ အရမ်းပျော်ကြတယ်'ဟု ဆီပူလ်ဗီဒါက ပြော၏။ လုပ်သားတို့သည် ရေကန်ထဲ၌ နာရီပေါင်းများစွာ ကိုယ်ဖော့ရင်း၊ ရယ်မောရင်း အချိန်ဖြုန်းခဲ့ကြလေသည်။

မိုင်းတွင်းထရပ်ကားမောင်းသူ ဗီဒရိုက ရေကူးကန်သို့ ကားဖြင့်ပို့ပေး၏။ မြေအောက်မီတာ ၇၀၀ တွင် လှပသော ပျော်စရာရေကူးကန် ဖြစ်သွားတော့၏။

ထိုသို့ ရေကူးနေကြသော အချိန်တိုလေးများ၌ လုပ်သားကြီးတို့မှာ ဒုက္ခဆင်းရဲ၊ ကြေကွဲဖွယ်များကို မေ့နိုင်ခဲ့ကြ၏။ သူတို့အချင်းချင်း ညီအစ်ကိုစိတ်ဓာတ်ဖြင့် တစ်ယောက်ကိုတစ်ယောက် အသက်ပေးနိုင်သည်အထိ ချစ်ခင်ခဲ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



'သူမျက်လုံးကို ကြည့်ရုံနဲ့ သူ ဘာတွေးနေလဲဆိုတာ သိတယ်'ဟူ၍ပင် ဆင်မြူရယ် အေဗာလိုဗ်က ဆီပူလ်စီဒါအကြောင်းနှင့် ဆက်စပ်ပြောဆိုခဲ့သည်။

သူတို့ကား ဆင်းရဲတော်ပြတ်ခြင်း၏ အစွန်းတစ်ဖက်တွင် သစ္စာရှိခြင်းကို ရရှိခဲ့ကြလေပြီ။ သူတို့သည် သေဆုံးကြခြင်းကို ပယ်ချခဲ့ကြပြီးပြီ။ ခဏတာဖြုတ်နဲ့ ပယ်ချခဲ့ကြခြင်းမဟုတ်။ စည်းလုံးမှု ရက်ပေါင်းများစွာဖြင့် ကျော်ဖြတ်ကြခြင်းတည်း။

'အဲဒီအချိန်မှာ လူသားစားဝါဒအကြောင်း မပြောကြတော့ဘူး။ နောက်ပိုင်းမှာ ရယ်စရာအနေနဲ့ပဲ ပြောဖြစ်တယ်ဟု လုပ်သားရစ်ချာဒ်က ဆိုခဲ့၏။ တစ်ယောက်ကိုတစ်ယောက် သတ်စားမယ်ဟုပြောခြင်းမှာ အလွန်ရင်းနှီး၍ ပြောခြင်းသာဖြစ်လာသည်။ သူတို့အထဲမှ ကဗျာဆရာတွေ ပေါ်လာသည်။ အပြေးလေ့ကျင့်သူတွေ ပေါ်လာသည်။ ဤသည်မှာ သူတို့၏ သေဘေးကို အဝေးသို့နှင်ပစ်ခြင်းမှ ပေါ်ပေါက်လာခြင်းပင်တည်း။

■

၆၃ ရက်မြောက်နေ့၊ ကြာသပတေး၊ အောက်တိုဘာ ၇ ရက်။

လုပ်သားများသည် နှစ်လကြာ ပိတ်မိနေခဲ့သည့်အတောအတွင်း လက်ဆောင်ပစ္စည်းအများအပြား ရရှိခဲ့ကြသည်။ မိန်းမများ၏ ကိုယ်လုံးတီးဓာတ်ပုံများ၊ သမ္မာကျမ်းစာငယ်များ၊ ရာပေါင်းများစွာသော စာများ၊ အဝတ်အစား သစ်များ၊ တစ်ခါတစ်ရံ နီးသွင်းသော ချောကလက်များ စသဖြင့် များပြားလှ၏။

သူတို့အားလုံးသည် မိမိတို့ အိပ်ယာနေရာကို အကျအန ပြင်ဆင်ထားခဲ့ကြ၏။ ကျောက်နံရံနှင့်ဆက်ပြီး ချီလီအလံတော်ကို တပ်ဆင်၏။ မိသားစုဓာတ်ပုံများကို ချိတ်ဆွဲကပ်ထားကြ၏။ စာများနှင့် ရုပ်ပုံများကိုလည်း နေရာချထားကြလေသည်။

'ကျွန်တော့်မှာ ဘုရားသခင်ရော၊ မာရ်နတ်ရောအတွက် နေရာအထူးလုပ်ထားတယ်။ ကျွန်တော်က ကောင်မလေးပုံလည်းထားတယ်။ မာသာထရီစာပုံလည်း ထားတယ်။ အဲဒါတွေက ကျွန်တော့်အတွက် ရှာနိတရားတွေပဲ' ဟု အေဗာလိုဗ်က ပြောပြသည်။

မိုင်းတွင်း၏ အနက်ရှိုင်းဆုံးနေရာမှာပင် ကျော်ကြားသူတို့၏ ပိတ်မိပုံမှာ မြင်သာနေပေသည်။ ယခုအခါမှာ ပါဆယ်ထုပ်တိုင်းတွင် ချီလီအလံများ ပါလာသည်။ ယူနီဗာဆယ်ဘောလုံးအသင်း၊ ကိုဘရာဆယ်ဘောလုံးအသင်း၊

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



ဂျီအိုတက်မြေတူးကုမ္ပဏီ စသည်တို့က အလံများပို့လိုက်ပြီး လုပ်သားတိုင်း လက်မှတ်ရေးထိုးရန်၊ အဖြစ်နိုင်ဆုံး ပြန်ပို့ရန် ဖြစ်သည်။ ချီလီအလံတွေက ဒါဇင်ပေါင်းများစွာ ရောက်လာသည်။ လုပ်သားများ ပျော်ရွှင်စွာစိတ်ပါကြပါသည်။ အပေါ်မှာလည်း အော်တိုမှာ လက်မှတ်ထိုးခိုင်းဖို့ စောင့်နေကြသည်။ သို့သော် လုပ်သားများက ရိုးသားသူများဖြစ်၍ သူတို့မြေအောက်ကမ္ဘာသို့ အပေါ်ကမ္ဘာက ထိုးဖောက်လာခြင်းတွင် မည်သို့သောရှုထောင့်များ ရှိနိုင်သေးကြောင်း နားမလည်ကြပါ။

မြေတူးခြင်းက အတော်ခရီးတွင်နေပြီမို့ လုပ်သားများသည် သူတို့ မြေပြင်ပေါ်ပြောင်းရွှေ့ရေးကို စဉ်းစားလာကြရပြီ။ သူတို့နှင့်အတူ ဘာတွေ သယ်သွားရမည်နည်း။ ဘာတွေ ချန်ထားခဲ့ရမည်နည်း။ တစ်ချိန်က သူတို့၏ ရန်သူဖြစ်ခဲ့သော 'အချိန်' သည် ယခုတော့ မြန်လွန်းစွာ ပြေးနေသည်။ ယခုအချိန်ကား သူတို့အဖို့ အထုပ်အပိုးပြင်ရမည့်အချိန် ပေတည်း။

ရက်တွေကုန်သွားနေစဉ် လုပ်သားများသည် ပါဆယ်ထုပ်သယ်ယူရေးစနစ်ကို ပြောင်းပြန်လုပ်နေကြ၏။ ပါဆယ်ထုပ်ထဲသို့ အမျိုးမျိုးအံဖုံ့ ထည့်ပေးနေရ၏။ အပေါ်ပြန်ပို့ရန် ပစ္စည်းများဖြစ်သည်။ ပါဆယ်ထုပ်တွင် ကျောက်တုံးလေးတွေ စုဆောင်းထားတာလည်းပါသည်။ ဒိုင်ယာရီတွေ၊ အလံတွေ၊ ဥရောပမှ ဘောလုံးသမားအင်္ကျီတွေပင်ပါသည်။ စပိန်မှ ကမ္ဘာ့ဖလားသူရဲကောင်း ဒေးဗစ်ဗီလာ၏ လက်မှတ်ထိုးထားသော ဘောလုံးဂျာစီလည်းပါသည်။ သူ့အဖေနှင့် အဖိုးက သတ္တုတွင်းလုပ်သားများ ဖြစ်၍ဆို၏။

နေ့စဉ် အနည်းဆုံး နှစ်ကြိမ်၊ တစ်ခါတစ်ရံ ထိုထက်ပို၍မြန်စွာ အာစူရာက ကယ်ဆယ်ရေး တိုးတက်မှုများကို ရယူနေသည်။ ပြင်ဆင်ရန်ရှိလျှင်လည်း အကြောင်းကြားကြသည်။ ကယ်ဆယ်ရေးလုပ်ငန်းစဉ် တစ်ခုလုံးမှာ မြေအောက်မှ ပြန်လည်အကြံပြုသတင်းပေးခြင်းကို အဆက်မပြတ်လိုအပ်သည်။ တစ်ခါတရံ ကယ်ဆယ်ရေးစီမံချက်ပြုသူများကို မြင်လိုပါကြောင်း ကင်မရာကို ရွှေ့ပေးရန်မျှပင် အောက်မှ တောင်းဆိုတတ်ကြ၏။ လုပ်သားများက အားနည်းသော အမိုးများကို အထောက်အကူဖြစ်အောင် လေးလံသော ပစ္စည်းများကို ရွှေ့ပေးခြင်း၊ လွတ်ကျနေသော ကျောက်တုံးစများကို ဖယ်ရှားပေးခြင်း၊ ဆက်သွယ်ရေးကိရိယာ ပျက်လျှင်ပြင်ခြင်း စသဖြင့် ပြုလုပ်ကြရသည်။

လုပ်သားတို့သည် ရေပုလင်းအလွတ် ရာကျော်ကို လွှင့်ပစ်ကြရ၏။ မုန့်ထုပ်လာသော ပလပ်စတစ်စများကိုလည်း အောက်ရှိ အမှိုက်ပုံသို့ ပို့ကြ၏။ ကြမ်းပြင်ညစ်ပတ်ခြင်း၊ ဖုန်ထူခြင်းများကိုမူ သန့်ရှင်းရေးလုပ်ဖို့ မဖြစ်နိုင်ပေ။ သို့သော် သူတို့နေထိုင်ခဲ့သောနေရာကို သန့်သန့်ရှင်းရှင်းထားခဲ့ကြရန် သူတို့ကြိုးစားကြခြင်း ဖြစ်လေသည်။

သူတို့၏ ပြင်ဆင်မှုများ တစ်စိတ်တစ်ဒေသတွင် 'သိက္ခာအသစ်' ကို တည်ဆောက်ရေးလည်းပါသည်။ ဆီပူလ်

bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဗီဒါက မြေအောက်ကမ္ဘာ၏ ဗီဒီယိုများတွင် ပြီးပြည့်စုံသောစည့်ခံသူအဖြစ် ပါဝင်ခဲ့ပြီးပြီဖြစ်ရာ မြေပေါ်သို့ ပြန်ရောက်လျှင် တခြားကျွမ်းကျင်မှုတစ်မျိုးရှိသော လူသစ်ကို တင်မြှောက်လိုကြ၏။ ထိုသူသည် ပို၍ထူးခြားရမည်။ တည်ကြည်ရမည်။ ပို၍လည်း ဥပဒေနှံ့စပ်ရမည်ဟု ယူဆကြ၏။ ဆီပူလ်ဗီဒါသည် ကင်မရာရှေ့ ရောက်လွန်းနေပြီ။ နောက်ဆုတ်သင့်သည်ဟု လည်း ထင်မြင်ကြ၏။

သို့ဖြင့် နောက်ဆုံးသောကြာနေ့တွင် အုပ်စု၏ပြောခွင့်ရပုဂ္ဂိုလ်အသစ်ရွေးရန် မဲဆန္ဒပြုကြသည်။ ဆီပူလ်ဗီဒါသည် မီဒီယာမျက်နှာစာ၌ သင့်တော်သူ ဖြစ် မဖြစ် စဉ်းစားကြပြီး တခြားသင့်တော်သူရှိက ရွေးချယ်ရန်ဖြစ်၏။ ထိုသို့ မဲဆန္ဒဖြင့် ပေးကြသောအခါ ဆီပူလ်ဗီဒါ ရှုံးလေသည်။ ပြောခွင့်ရပုဂ္ဂိုလ်အဖြစ်ကို ရွေးချယ်ခဲ့ကြ၏။ ဂျူယန်ကား သူ့ကိုယ်သူ ယုံကြည်မှုခိုင်မာသည်။ ပြေပြစ်သည်။ ဥပဒေ ကျွမ်းကျင်သည်ဟုဆိုသည်။ ဆီပူလ်ဗီဒါလည်း သူ၏ခေါင်းဆောင်မှုကို ပယ်ချခြင်းအတွက် မျက်နှာမှာအရိုက်ခံရသကဲ့သို့ ခံစားရပုံရ၏။ ချက်ချင်း နောက်ဆုတ်သွားကာ မီဒီယာအတွင်းသို့ တစ်ကိုယ်တော်စရီးဆန့်ရင်း အားဖြည့်ရတော့သည်။

■

၆၅ ရက်မြောက်နေ့၊ စနေ၊ အောက်တိုဘာ ၉ ရက်။

တွင်းတူးစက်သည် မီတာ ၁၀၀ သာ လိုတော့သည်ဟု ကယ်ဆယ်ရေး အလုပ်သမားများက အောက်ကလူများသို့ အကြောင်းကြားလိုက်၏။ ဆီပူလ်ဗီဒါလည်း အပေါ်သို့ သတင်းလှမ်းပို့သည်။ 'ကျုပ်တို့အားလုံး တွင်းတူးစက်ရောက်လာမယ့်နေရာ (ကားပြင်ရုံ) ကို သွားရောက်ကြမယ်။ တွင်းတူးစက်ကို စောင့်ကြည့်ကြမယ်။ ရောက်လာရင် တစ်ညလုံး ကကြမယ်။ ဝတ်ပြုကြမယ်။ သူတို့ကို ပြောလိုက်ပါ။ ပါဆယ်ထုပ်တွေ မပို့နဲ့တော့လို့။ အဲဒီပါဆယ်ထုပ်ရောက်မယ့် 'နိုလုံ့ရာစခန်း' မှာ တစ်ယောက်မှ ရှိမှာမဟုတ်ဘူး'

အစားအစာထုပ် (ပါဆယ်) ကား ဂရုစိုက်မခံရဘဲ မရှိချေ။ စိတ်လှုပ်ရှားနေကြရသော အချိန်မှာပင် သူတို့ကို တင်းတင်းကြပ်ကြပ် စောင့်ကြည့်နေကြောင်း သိကြသည်။ ယခု သူတို့သည် မီတာ ၁၀၀ ခန့် ပို၍မြင့်သော လှိုဏ်ထဲရှိ ကားပြင်ရုံသို့ ပြောင်းရွှေ့ရန် ဆုံးဖြတ်ကြ၏။ တွင်းတူးစက်က ကားပြင်ရုံထဲ ဝင်ရောက်လာမည်ဖြစ်သည်။

သူတို့သည် စိတ်သောကများ ခံစားလာကြပြန်၏။ မသေချာခြင်းများဖြင့် အများကြီး မှားယွင်းခဲ့ဖူးသည်လေ။ တွင်းတူးစက်ခေါင်း ကျိုးခဲ့ဖူးသည်။ တွင်းလမ်း ချော်သွားခဲ့ဖူးသည်။ စက်ကြီးကိုယ်တိုင် ရပ်သွားခဲ့ဖူးသည်။ ဒီည်တော့

bookhouse

www.burmeseclassic.com

www.burmeseclassic.com



သူတို့ အသေအချာမသိနိုင်။ အရာရာသည် ဝေခွဲမရ။ အတိအကျ မှတ်၍မဖြစ်။ ကယ်ဆယ်ရေးသည် တကယ်ပဲ နီးလာပြီလား။

သူတို့အားလုံး လှိုဏ်ထဲသို့ ပြေးတက်ကြ၏။

မိတာ ၅၀ ခန့်အကွာတွင် ရေတွေ ဒလဟောစီးကျလာ၏။ ရွံ့တွေ၊ သဲတွေလည်း ရောပါလာသည်။ ထိုအချိန်မှာ အဲလက်စ်ဗီဂါသည် စာရေးနေ၏။ ရေတွေကျလာသဖြင့် သူ့မှတ်စုစာအုပ်ဖြင့် ကာလိုက်ရသည်။ ဆက်လက်ပြီး သူသမိုင်းမှတ်တမ်းကို ရေးသည်။ မိနစ်တိုင်း၊ မိနစ်တိုင်း ဘာတွေဖြစ်ကြောင်း သူ့ဖနီးထံ လိပ်မူပြီး ရေးနေခြင်းဖြစ်၏။

လေထဲမှာတော့ ဖုန်တွေဝေ့ဝဲနေသည်။ တူထုသံတွေက ညံနေသည်။ ကျောက်တုံးအစအခဲတွေက ပြည့်ကျလာသည်။ လုပ်သားအားလုံးတို့ကား မီးနိုးခေါင်းတိုင်မှ ဆင်းသက်လာမည့် 'စင်တာကလော့စ်' ကို စောင့်မျှော်နေသောကလေးများနှင့် တူနေလေတော့၏။

သူတို့ မျက်လုံးတွေက စူးစိုက်နေသည်။

သူတို့ တစ်ကိုယ်လုံး ချွေးရွှဲနေသည်။

ဦးခေါင်းမှာ ဦးထုပ်များကို ခိုင်ခိုင်ချည်ကြသည်။

လက်တွေကို လက်အိတ်ထူထူ စွပ်ထားကြသည်။

သူတို့ကား နောက်ဆုံးရောက်လာမည့် မစ်ရှင်အဖွဲ့အတွက် ကြိုဆိုနေကြလေသည်။

သူတို့အနေနှင့် အပေါ်သို့ စောင့်ကြည့်ရန်မှတစ်ပါး တခြားဘာမျှ လုပ်ရန်မရှိ။ ပီဒရိုကသာ အပေါ်ရှိအင်ဂျင်နီယာများထံ ဖုန်းဖြင့်ပြောနေသည်။ မိနစ်တိုင်း၊ မိနစ်တိုင်း ဖြစ်လာသမျှကို တင်ပြရာ ဘာသာပြန်သူက တွင်းတူးစက်မောင်းဆရာ 'ဂျက်ဖ်ဟာတ်' ကို တဆင့်ပြန်ပြောရသည်။ ဂျက်ဖ်က စက်ကို အရှိန်နှင့်ဖိအား လိုသလိုညှိပေးနေလေ၏။ မြေစာခဲတွေက ဖျံ့ဝဲနေကြဆဲ။ စက်မောင်းသံကြီးက အနားကပ်ပြီး ဆူနေသည်။ အနားမှာ လာထုရိုက်နေသကဲ့သို့ တဂျုန်း ဂျုန်းနှင့်။

နားထောင်ရင်းမှာပင် စက်သံက နှေးသွား၏။ အလွန်နီးလာခါမှ စက်သံပြောင်းသွားသည်။ သတ္တုကို သတ္တုချင်းပွတ်တိုက်သံ ဟီးထွက်လာသည်။ ဂျက်ဖ်ဟာတ်လည်း ထုကြီးကိုဖောက်ဖို့ ကြိုးစားရန်မှတစ်ပါး ရွေးစရာလမ်းမရှိချေ။ အားလုံးကတော့ ယခင် တွင်းတူးစက်ခေါင်းကျိုးပြီး ကျွတ်ကျကာ ၄ ရက် နောက်ကျသွားခဲ့ရသည်ကို သတိရနေကြ၏။ ယခင်ကတူးသော ပုံစံမျိုးဖြစ်နေပြီ။ သတ္တုဖြင့် ပြုလုပ်ထားသော မြေအောက်လှိုဏ်မှ မျက်နှာကြက်နှင့် တိုးနေခြင်းတည်း။ သတ္တုချင်းတွေ့နေပြီ။ ပီဒရိုက အောက်မှဖုန်းကိုင်ထား၏။ အင်ဂျင်နီယာများက အပေါ်ကဖုန်းကို ကိုင်ထားသည်။ အပေါ်ကပြောသည်။ တွင်းသည် သူတို့ဆီရောက်ဖို့ တစ်မီတာပင် မလိုတော့ဟူ၏။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



မြေပေါ်မှာလည်း ဂျက်ဖ်ဟတ်က သတိကြီးစွာထားနေရသည်။ သတ္တုခေါင်းနှင့် သတ္တုမျက်နှာကြက် တွေ့နေပြီ။ ဟတ်က စက်ကိုလျှော့လိုက်၏။ သူ စက်ရှိန်မြင့်လိုက်ပါက စက်သည် အမိုးကို တောက်လျှောက်ဖောက်ထွင်းသွားနိုင်သော်လည်း တစ်၍သွားလိမ့်မည်။ ပိတ်ဆို့သွားလိမ့်မည်။ စက်လျှော့လိုက်ခြင်းဖြင့် လှိုဏ်တွင်းကို ထိခိုက်မှုလျော့မည်။ နောက်ဆုံးလက်မစရီးသည် အကြီးအကျယ် စိတ်ဒုက္ခ၊ စက်ဒုက္ခကို ခံစားရလေသည်။

အနီးအနားမှာ အဖွဲ့ခေါင်းဆောင်ဖြစ်သော ဆောင်ဂါရက်၊ ဝန်ကြီးဂိုလ်ဘိုနီ၊ ထပ်တိုးလာသော ကယ်ဆယ်ရေးသမားများ၊ အစိုးရအရာရှိများက ဝိုင်းအုံစုပြုံလာကြ၏။ ဟတ်က အောက်မှပို့သော ဗီဒီယိုမြင်ကွင်းကို စစ်ဆေးရန်အတွက် စက်ကို ခဏခဏရပ်ရ၏။ ခက်ခက်ခဲခဲ ပျံသန်းနေရသော လေယာဉ်ကို ထိန်းရသည်နှင့်တူသည်။ လုပ်သားများကား တွင်းတူးစက်ကြီး အန္တရာယ်ကင်းရှင်းစွာဖြင့် ဝင်ရောက်လာပါစေဟု ဆုတောင်းနေကြရ၏။

မြေအောက်တွင် စက်သံက နားပင်းလုမတတ် ဟိန်းနေသည်။ နားနှစ်ဖက်မှာ နားကျပ်များ၊ နားရွက်ဖုံးများတပ်ထားပါလျက်နဲ့ စက်တူးသံကြီးနှင့် ထုရိုက်သံတို့သည် အခံရခက်လှအောင် ကျယ်လောင်နေ၏။

နောက်ဆုံးမှာတော့

ည ၈ နာရီတွင် အမိုးကို ထွင်းဖောက်သွားလေ၏။

ကားပြင်ရုံ၏ အမိုးပေါ် စက်၏နပ်တစ်ခု ဝင်သွားခါစမှာပင် ဖုန်တွေအလုံးလိုက်၊ အပြုံလိုက် ကျလာကာ အခန်းတစ်ခုလုံး ဖုံးသွားသည်။ ယခင်က ယခုလို သဲတွေ၊ ဖုန်တွေ ကျလာသောအခါ မိုင်းပြိုကျခဲ့ကြောင်း သူတို့ ပြန်ပြောင်း မှတ်မိကြ၏။ ယခုမူ သဲတွေ၊ ဖုန်တွေသည် လွတ်လပ်ခြင်း၏ တောက်ပသော သရုသကန် လက္ခဏာများပေတကား။

အောက်ရှိလုပ်သားများ အချင်းချင်း ပြေးဖက်ကြလေပြီ။

'တူးစက်ပေါက်သွားပြီ။ ရောက်လာပြီ'

ဟတ်က နောက်သည်။

'ကျုပ် နလုံးသားတွေ ထခုန်နေပြီဗျို့'

ဂိုလ်ဘိုနီနှင့် ဆောင်ဂါရက်တို့ ပြေးဖက်ကြသည်။ ထရပ်ကားတစ်စီးက ဟွန်းအရှည်ကြီး တီးသည်။ နောက်ဆုံးတွင်ကား

စီမံကိန်း (B) ၏ ပလက်ဖောင်းတစ်ခုလုံးတွင် ဦးထုပ်ဆောင်းလူသားများ ထခုန်ကြသည်။ ပြေးဖက်ကြသည်။ ဝိုင်းကြီးပတ်ပတ်လည်ကာ ကခုန်ကြသည်။ ချိုင့်ဝှမ်းတစ်ခွင်လုံး ဟွန်းသံများ၊ ခေါင်းလောင်းသံများ၊ အော်ဟစ်သံများနှင့် ပြည့်လျှံသွားတော့၏။ ၂ လကြာပြီးသောအခါမှာကား ကယ်ဆယ်ရေး လှိုဏ်ခေါင်းသည် လုပ်သားများထံ ရောက်ရှိခဲ့



www.burmeseclassic.com

www.burmeseclassic.com



လေပြီ။

■

ဂျက်ဖ်အဖို့ကား အထုပ်အပိုးပြင်ရပေတော့မည်။ သူ့တာဝန်က ပြီးဆုံးသွားခဲ့ပြီ။ ရှေ့ဆက်လုပ်ရန်မှာ ချီလီနိုင်ငံသားတို့၏ တာဝန်တည်း။ ဟတ်သည် စက်ဆီတွေပေကျံနေသောရုပ်ဖြင့် မျှော်လင့်ခြင်းစခန်းထဲ၌ ဟိုဟိုသည်သည် လျှောက်သွားသည်။ မြေအောက်လုပ်သားများဆီအရောက် သူတူးနိုင်ခဲ့သော တွင်းကို ငေးကြည့်သည်။ သူသည် ချက်ချင်းဆိုသလိုပင် ကျော်ကြားသောပုဂ္ဂိုလ်အနေအထားသို့ ရောက်ရှိလာခြင်းအတွက် မယုံနိုင်သလို ဖြစ်သွားသည်။ အမျိုးသမီးတွေက သူ့ကို ဖက်ကြ၏။ သတင်းထောက်တွေက သူပြောသမျှ တစ်လုံးမကျန် မှတ်တမ်းတင်ကြ၏။ ဂျက်ဖ်ကမူ သူ့ ဉာဏ်ရည်ဉာဏ်သွေးနှင့် ဆောင်ရွက်ချက်ကို ရှင်းမပြတတ်ချေ။ သူ့မျက်လုံးများကသာ

'ခင်ဗျားတို့ နားလည်နိုင်မှာ မဟုတ်ပါဘူး။ ခင်ဗျားတို့ဟာ တွင်းတူးတဲ့လူမဟုတ်ရင် ကျုပ်ကို နားမလည်နိုင်ဘူး။ အဲဒါက မြေကြီးကနေ တုန်ခါလာတဲ့ ကိစ္စပဲ။ ကျုပ်ကတော့ ကျုပ်ခြေထောက်တွေကနေ သိရတယ်။ ဒီအခါ တွင်းဘယ်များ ရောက်နေပြီလို့ သိနိုင်တယ်' ဟု ပြောနေပုံရ၏။

အကယ်၍ သူသာ ၅၀ စင်တီမီတာလောက်တွင် လမ်းချော်သွားခဲ့သော် လိုဏ်ခေါင်းကို ဆုံးရှုံးရမည် ဖြစ်သည်။ သူသည် ကျွဲရိုင်းတစ်ကောင်၏မျက်လုံးများဖြင့် ကြည့်ရှုခဲ့ရ၏။ အဝေးမှ ပုန်းအောင်းပြီး ပစ်မှတ်ကိုပစ်ရသော စစ်သားတစ်ဦးကဲ့သို့ သူ လုပ်ကိုင်ခဲ့ရ၏။ သူ ပြီးမြောက်ခဲ့ပါပြီ။

ဂျက်ဖ်က သူ၏ နောက်ဆုံးတွင်းတူးမှု လုပ်ငန်းစဉ်တွင် အောက်မှလုပ်သားများက အောက်ရှိအခြေအနေကို ဗီဒီယိုဖြင့် ရိုက်ယူပို့သခဲ့ခြင်းဖြင့် ကူညီခဲ့၍သာ အောင်မြင်ကြောင်း အသေးစိတ် ပြောပြပါသည်။

ဂျက်ဖ်က ရယ်ရယ်မောမော ယခုလို ပြောသေးသည်။

'လွန်ခဲ့တဲ့ နှစ်ရက်ကတော့ ကျုပ်တို့က သူတို့ဆီ သတင်းပို့ခဲ့တယ်။ 'ငါတို့ အဲဒီကို ရောက်တော့မယ်' လို့။ အခုတော့ 'တို့ဆီလိုက်ခဲ့ကြဟေ့လို့ ပြောနိုင်ပါပြီ'

မျှော်လင့်ခြင်းစခန်းမှာ ပျော်ရွှင်မှုများ လွှင့်ထုခဲ့ကြ၏။

ကယ်ဆယ်ရေးလုပ်သားများက ဦးထုပ်များဆောင်းလျက် တဲတစ်တဲမှတစ်တဲသို့ လျှောက်သွားကြပြီး မိသားစုဝင်များကို ပြေးဖက်ကြသည်။ မိသားစုဝင်များကလည်း ပြောကြ၊ ဆိုကြသည်။ မာရီယိုဂိုမက်စ်၏ တူတော်သူ အသက်

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



၃၄ နှစ်ရှိ အေလွန်ဆို ဂါလာဒိုက 'အခု ဦးလေးကို စိတ်ငြိမ်ငြိမ်ထားဖို့ နှစ်သိမ့်နေရတယ်။ အဆိုးဆုံးဟာ ပြီးသွားပါပြီ' ဟု ဆိုသည်။

အရင်းနှီးဆုံးမိတ်ဆွေနှစ်ယောက် ပိတ်မိနေသဖြင့်၊ ဤစခန်းသို့ လာရောက်ခဲ့ပြီး ညဘက်၌ တစ်နာရီသာ အိပ်ခဲ့သော အသက် ၂၇ နှစ်အရွယ် ဒယ်နီယယ် ဆန်ဒါဗေကလည်း သူတို့သည် ဤစခန်းအနီး၌ ပျော်ပွဲရွှင်ပွဲပါတီအကြီး ကြီး ကျင်းပမည်ဟု ပြောလေသည်။

ဤဆန်ဂျိုးမိုင်း၌ အလုပ်လုပ်သူဖြစ်သော လူတစ်ဦးဖြစ်သူ ဆန်ဒါဗေက ရက်သတ္တပတ်ပေါင်းများစွာ မြေအောက်ရှိ အဆိုးဝါးဆုံး ဒဏ်ရာဒဏ်ချက်များ အန္တရာယ်များကြားထဲမှ သူ့သူငယ်ချင်းများသည် မိုင်းအတွက် အလုပ်ပြန်လုပ်နိုင်ကြတော့မည်ဟု ဆိုလေသည်။ သူတို့က သူ့ထံ စာရေးပြီး သူတို့အနေနဲ့ မိုင်းအလုပ်အသစ်များ ရှာဖွေကြမည်ဟုပြောကြောင်း၊ သူတို့အားလုံးသည် မိုင်းလုပ်သားများသာဖြစ်ကြောင်း ပြောပြသေးသည်။

'ဒါတွေဟာ အားလုံးစားဖို့ပဲ ဗျို့'

အသက် ၃၉ နှစ်အရွယ် ဂျူယင်ဝိုစာလီက သူ့ မိုးကာတဲထဲတွင် ထောပတ်သီးများကို သွန်ချရင်းပြောခြင်း ဖြစ်၏။ ကျွန်တော်က သူတို့ကို ပြေးဖက်ချင်တာဟုလည်း ပြောသည်။ သူ့ အစ်ကိုနှစ်ယောက်ဖြစ်သော ရေနုန်အန်စယ်မိုနှင့် ဖယ်လိုရန်စီယိုတို့က အထဲမှာဖြစ်၏။ 'သူတို့ကို စိတ်ငြိမ်ငြိမ်ထားဖို့ ပြောရတယ်။ ကျွန်တော်တို့အားလုံး ဒီမှာ စောင့်နေ တယ်လို့ပေါ့' ဟု သူပြောသည်။

သမ္မတပီနာရာကလည်း စကားပြောသည်။

'ဒီနေ့ဟာ အင်္ဂါလား၊ ဗုဒ္ဓဟူးလား၊ ကြာသပတေးလား၊ အရေးမကြီးဘူး။ အရေးကြီးတာက သူတို့ကို အသက်ရှင်လျက် ကယ်ဖို့ပဲ။ အဲဒါအတွက် ခွန်အားမရှန်ဘဲ ကြိုးစားရမယ်'

သမ္မတပီနာရာ ရှင်းမပြသော အချက်တစ်ချက်ရှိ၏။ ၄င်းမှာ အထဲသို့ ချမည့်တွင်းသည် တွင်းသပ်သပ်လော၊ အတွင်း၌ သတ္တုပိုက်တစ်ခု ချဦးမည်လော ဆိုခြင်းပင်ဖြစ်၏။ သတ္တုပိုက်ချလျှင် တွင်းနံရံများ ချော့မွေ့မည်။ ဖိုးနှစ်ခ်ကို ဆွဲတင်ရာ၌ အနှောက်အယှက် ကင်းမည်။ သို့သော် အဆိုပါသတ္တုပိုက်ကို ပြန်စဉ်းစားနေရသည်။ သတ္တုပိုက် သွင်းလိုက်ခြင်း ဖြင့် တွင်းလမ်းကြောင်းသည် အနည်းငယ်တိမ်းစောင်းသွားမည်ကို အင်ဂျင်နီယာများက စိုးရိမ်နေကြ၏။ အကယ်၍ တိမ်းစောင်းပြီး ဖိုးနစ်ခ်တွင်းထဲ 'တစ်' နေလျှင်၊ 'ကပ်ငြိ' နေလျှင် မခက်ပါလော။ သည်တော့ သတ္တုပိုက်သွင်းရေး၊ မသွင်းရေးသည် ပြဿနာ ဖြစ်လာလေသည်။

သတ္တုတွင်းဝန်ကြီး ဂိုလ်ဘိုနီကလည်း သတိပြုဖို့ ပြောလာသည်။ 'ဒါဟာ အရေးကြီးတဲ့ ဆောင်ရွက်ချက်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုပဲ။ အခုဆိုရင် လူတွေကို ကယ်တောင်မကယ်ရသေးဘူး။ နောက်ဆုံး လူတစ်ယောက် အထဲမှာမကျန်တော့မှ ဒီကယ်ဆယ်ရေးက ပြီးဆုံးမှာပါ' ဟုပြောသည်။

ဝန်ကြီးက စကားပြောနေစဉ်ကာမှ မိသားစုဝင်များကား စခန်းပတ်ဝန်းကျင်၌ စုရုံးပြီး မနက်စာကို အပြုံးတဝေဝေဖြင့် စားနေကြလေ၏။ သူစိမ်းများကိုပင် ပွေ့ကြဖက်ကြ၏။ ရာပေါင်းများစွာသော သတင်းသမားများကလည်း 'ပျောက်ဆုံးနေသော လူ ၃၃' ကို လွတ်မြောက်အောင်လုပ်ရာတွင် ခြေတစ်လှမ်းရွှေ့ခဲ့ပြီဟု သတင်းပို့နိုင်ရန် ပြေးလွှားနေကြ၏။

တွင်းထဲမြေအောက်တွင်လည်း 'ကလော်ဒီယို ယန်နီး' က ကယ်ဆယ်ရေး တွင်းခေါင်းကို ဓာတ်ပုံရိုက်သည်။ မှောင်မိုက်နေသဖြင့် လိုဏ်ထဲသို့ မမြင်နိုင်ပေ။ မီးတာ အနည်းငယ်ခန့်သာ မြင်ရသည်။ သူတို့သည် တွင်းခေါင်းထဲဝင်ပြီး ဗီဒီယိုရိုက်ကြ၏။ ကယ်ဆယ်ရေးတွင်းခေါင်းမှာ အကျယ် (အချင်း) ၇၂ စင်တီမီတာရှိ၏။ လိုဏ်ခေါင်းထဲသို့ လေသန့်လေအေးများ ဝင်ရောက်ရန် လွယ်ကူသည်။ လေသန့်ရ၍ သူတို့အလွန်ပျော်ကြရလေသည်။ လိုဏ်ခေါင်းမှ ဝင်လာသောလေသည် လေအေးစက်မှဝင်လာသော လေအေးနှင့် အတော်တူသည်။ ဤလိုဏ်ခေါင်းသည် သူတို့ကို ကယ်တင်ရန် တူးခဲ့ခြင်း မှန်သော်လည်း သေလောက်နိုင်အောင်လည်း ကျဉ်းကျပ်ခြင်း ဖြစ်နိုင်၍ သူတို့ဘာမျှ မပြောနိုင်ချေ။ လိုဏ်ခေါင်းမှဝင်လာသော လေအေးကြောင့် အထဲမှာ အေးခဲလာသည်။ နံရံတွေ ခဲလာသည်။ ဤကဲ့သို့ အပူချိန် ပြင်းပြင်းထန်ထန် ပြောင်းလဲမှုက သူတို့ကို အလွန်သဘောကျစေပြီး မိုင်းတစ်ခုလုံးကိုလည်း မငြိမ်မသက် ဖြစ်စေခဲ့လေသည်။

■

၆၆ ရက်မြောက်နေ့၊ တနင်္ဂနွေ၊ အောက်တိုဘာ ၁၀ ရက်။

မြေအောက်ရှိလူများကား အရင်ကထက်ပင် အနေရခက်လာကြပြန်သည်။ အချိန်ကလည်း ရပ်တန့်နေသလားထင်ရ၏။ နေရောင်မရှိ၊ အာရုဏ်ဦးမရှိ၊ အချိန်မှတ်ဖို့ နည်းလမ်းမရှိ ဖြစ်ရကား သူတို့သည် တစ်ယောက်ကိုတစ်ယောက် မိုးမလင်းသေးဘူးလားဟု ပုံမှန် မေးဖြစ်ခဲ့ကြ၏။

ယခု နံနက် ၆ နာရီတွင် မနက်စောစောငြိမ်းချမ်းမှုလေးသည် အလွန်ကျယ်လောင်သောအသံကြီး ထွက်လာခြင်း၊ နောက်ထပ် ထွက်လာခြင်းတို့ကြောင့် လှုပ်ခါသွားလေသည်။

'ရစ်ချာဒ်က ကျွန်တော့်ခြေထောက်ကို ကန်ပြီးနှိုးတယ်။ တောင်ပြိုကျတော့မယ် လို့ဆိုတယ်' ဟု အေဗာလို့စ်က

bookhouse
www.burmeseclassic.com

www.burmeseclassic.com



ပြောပြသည်။

'မှန်ပါတယ်။ အားလုံး မှောင်မိုက်သွားတယ်။ အုပ်ဆိုင်းသွားတယ်။ အရာအားလုံး အပေါ်က ကျလာတော့မယ်။ ကျလာရင် အားလုံးသွားပြီ။ တောင်တစ်ခုလုံးဟာ မငြိမ်မသက် ဖြစ်နေတယ်။ ဘာမဆို ဖြစ်နိုင်တယ်။ တောင်အော်သံက ရပ်မသွားဘူး။ ဘောင်း…ဘောင်း…ဘောင်း…နဲ့ ပေါက်ကွဲနေတယ်'

ဤအခါ အာဇူရာက အပေါ်ရှိ ဆောင်ဂါရက်ကို ဖုန်းဆက်၏။

'တောင် အက်ကွဲနေတယ်။ အသံတွေ ဟိန်းနေတာပဲ'

သူ ဖုန်းဆက်ဆဲမှာပင် လေရိုင်းနှင့်အတူ သဲတွေပါလာသည်။ ဆောင်ဂါရက်က တောင်ပြိုခြင်းမှာ သူတို့အထက် အဝေးကြီးမှာဖြစ်ကြောင်း ရှင်းပြ၏။ သူတို့အတွက် တိုက်ရိုက်အန္တရာယ်မရှိ ဟုလည်းပြောပြသည်။

ဆင်မြူရယ်အေဗာလို့စ် အနေနဲ့ကား တောင်ပြိုသံ ကြားလိုက်ရသည်နှင့် သူတို့အားလုံး သေပြီဟု ယူဆလိုက်တော့၏။ သေမင်း၏လမ်းသို့ မလွဲမရှောင်သာ လိုက်ကြရတော့မည်။

'အိုမာ ရေဂါဒါ'ကလည်း တောင်ပြိုအက်ခြင်း၊ ပေါက်ကွဲခြင်းသည် အပေါ်မှာဖြစ်ကြောင်း သိလိုက်၏။ သူ့နားထဲတွင် တောင်ပြိုသံကို ဘုရားသခင်၏ အသံဟု ထင်နေသည်။

'ကျုပ်က ခရစ်ယာန်ပဲ။ ဒါဟာ သတိပေးတာလို့ ယူဆတယ်။ ဘုရားသခင်ဟာ ကျုပ်တို့အတွက် ထူးခြားတဲ့ အရာတွေ လုပ်ပေးခဲ့တယ်။ သူ့ကို ယုံဖို့လုပ်ပေးခဲ့တယ်။ ကျုပ်တို့ကို အပြင်ထွက်ခွင့်ရအောင် လုပ်ပေးတဲ့အတွက် ဘုရားသခင်ကို ကျေးဇူးတင်တယ်။ တောင်က ပေါက်ကွဲနေပြီ။ ဒါဟာ ကျုပ်တို့ကို ကတိပြုဖို့ သတိပေးနေတာ ဖြစ်နိုင်တယ်။ တချို့က ပြောနေတယ်။ မိုင်းက ကျုပ်တို့ကို ထွက်မသွားစေချင်ဘူးတဲ့။ ဒီနေရာမှာ လုပ်သားတစ်ယောက်တည်း ချန်ထားချင်တာတဲ့'

ရစ်ချဒ်ဗီလာရိုးကား ငြိမ်နေသည်။

သူက အိပ်ယာထဲမှာ လှဲနေခြင်းဖြစ်၏။

အပေါ်တက်ဖို့ ခွန်အားစုနေခြင်းလည်း ဖြစ်သည်။ ဘယ်အရာကမျှ သူတို့ကို မတားဆီးနိုင်ဟု သူယုံသည်။ သူသည် မကြာခင်မီးဖွားတော့မည့် ချစ်ဇနီးကို တွေ့ချင်လှပြီ။ မွေးဖွားမည့်ရက်က နှစ်ပတ်ပဲလိုတော့သည်။ သူသည် တောင်ပြိုတာ၊ တောင်ပိတ်မိတာ၊ အစာငတ်တာ၊ အပူဒဏ်နှင့် လေထုညစ်ညမ်းတာတွေ ခံခဲ့ပြီးပြီ။ ယခုတော့ သူ မတ်လွှပ်တော့ပြီ။ တောင်အော်သံ၊ အက်ကွဲသံ၊ ပေါက်ကွဲသံတို့ကား သူ့ကို မလှုပ်ရှားစေနိုင်တော့ချေ။ သူကား အသက်ရှင်စို့ ဖြစ်ခဲ့ပြီဟု သူယုံသည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



နေ့ခင်းမွန်းတည့်ချိန်ကျမှ တောင်အက်ကွဲသံက နေးသွားပြီး နောက်ဆုံး၌ရပ်သွားလေသည်။ သို့သော် ငြိမ်ပြီးတိတ်နေခြင်းကပင် ကြောက်စရာဖြစ်သည်။

တောင်သည် ခဏနားနေခြင်းဟု သတိပေးသလို ဖြစ်နေသည်။

ထိုညက လူအနည်းငယ်တို့သာ အိပ်ပျော်နိုင်ခဲ့ကြ၏။

■

www.burmeseclassic.com

www.burmeseclassic.com



## အခန်း - ၁၂
## နောက်ဆုံးပြင်ဆင်မှုများ

**၆၇ ရက်မြောက်နေ့၊ တနင်္လာ၊ အောက်တိုဘာ ၁၁ ရက်။**

လုပ်သားများကား ရောက်ရှိလာတော့မည်ဖြစ်သော ကယ်ဆယ်ရေးထုလုံးကြီးကို ကြိုဆိုရန် ပြင်ဆင်နေကြလေပြီ။ အလင်းရောင် စပေါ့လိုက်များက ဤနေရာကို ပေးနေကြသဖြင့် ကားပြင်ရုံသည် ဇာတ်ရုံအသေးစားလေးသဖွယ် ဖြစ်နေလေ၏။ ကယ်ဆယ်ရေးလှိုဏ်ခေါင်းသည် အထူးမှတ်သားဖွယ်လည်း ကောင်း၏။ ထူးခြားဆန်းကြယ်ခြင်းလည်း ဖြစ်၏။ ပထမအကြိမ် အမှတ်တမဲ့ကြည့်လျှင် မမြင်ရဟုထင်သည်။

မျက်နှာကြက်ထဲရှိ အပေါက်များထဲတွင် တွန့်လိပ်နေသော အပေါက်တစ်ခုဟု ထင်ရသည်။ သို့သော် အပေါက်ကိုသွားကြည့်သော လူတို့ကား ထိုအပေါက်ဝအား အမွန် မြတ်ထားရာ နေရာတစ်ခုအဖြစ် နာရီတိုင်း ကိုးကွယ်နေမိကြလေ၏။ ဤအပေါက်ရှိသော နေရာမှာ လုပ်သား များနေထိုင် ခိုအောင်းခဲ့သော နေရာ၏ အထက်တွင်ရှိသည်။ ခါတိုင်း မှာကား ဤနေရာသည် အခန်းလွတ်ဖြစ်၏။ ယခုအခါ တွင်းတူးခြင်းကိစ္စ ပြီးစီးသွားပြီဖြစ်ရာ တိတ်ဆိတ်ခြင်းက မင်းမူလျက်ရှိ သည်။ တွင်းတူးသည့်နေရာမှ အောက်ရှိကြမ်းပြင်သို့ တစ်စက်စက် အဆက်မပြတ်ကျနေသော ရေကျသံမှတစ်ပါး တိတ်ဆိတ်လျက် ရှိပေသည်။

လုပ်သားများသည် စိတ်လှုပ်ရှားစွာ စကားပြောကြ၏။ ဆေးလိပ်ကို မရပ်မနားသောက်ကြ၏။ အချိန်ကုန်စေရန် ဖြစ်သည်။ သူတို့အချင်းချင်း သဘောတူထားသော အချက်လည်း ရှိသည်။ ၄င်းမှာ သူတို့၏ မြေအောက်ဘဝအကြောင်းကို အသေးစိတ်မပြော ရန်ဖြစ်၏။ အချင်းချင်း တခြားသူကို မဝေဖန်ရန်လည်း သစ္စာဆိုကြ သည်။ သူတို့အနေနှင့် မိမိကိုယ်ပိုင် အတွေ့အကြုံများကို လွတ်လပ်

www.burmeseclassic.com

www.burmeseclassic.com



စွာ ပြောခွင့်ရှိပါ၏။ သို့သော် မီဒီယာကို ဖွင့်ပြောသောအခါ သူတို့၏ တစ်ခါတရံ အတွေ့အကြုံ၊ အဖြစ်အပျက်များကို မပြောဖို့ သဘောတူကြသည်။ ထိုကိစ္စများကို ရုပ်ရှင်ရိုက်သောအခါကျမှ ဖွင့်ပြောရန် ချန်ထားဖို့ ဆုံးဖြတ်ခဲ့ကြသည်။

ယခုကဲ့သို့ ဆွေးနွေးကြသောအခါ ဖရန့်ကလင်လိုဘိုစ်က ရှေ့တန်းက ပါဝင်ဆွေးနွေးခဲ့၏။

လိုဘိုစ်က လုပ်သား များကို စည်းစည်းလုံးလုံးနေကြဖို့ သတိပေးသည်။ သူက အပြင်ရောက်လျှင် အကျိုးအမြတ်မယူသော ဖောင်ဒေးရှင်း တစ်ခု ထူထောင်ရန်လည်း ကြံစည်နေသည်။ သူတို့၏ ဆောင်ရွက်မှုများကို မှတ်တမ်းပြုပြီး ပြတိုက်ထဲမှာ စာတ်ဝင်ခန်း အတွက် သိမ်းထားရန်လည်းပြောသည်။ ရုပ်ရှင်ရိုက်ကူးသောအခါ ရရှိလာမည့် အကျိုးအမြတ်အားလုံးကို ၃၃ ယောက်လုံး ရှယ်ယာခွဲဝေရန် မီဒီယာမှရလျှင်လည်း အကျိုးခံစားမှုအတူရရှိရန် သဘောတူကြသည်။ ဤကဲ့သို့ မပြောဘဲ သိုဝှက်ထားခြင်းသည် သူတို့၏လွတ်လပ်မှုကို ကာကွယ်ရန်လည်းဖြစ်၏။ ထို့ပြင် သူတို့အချင်းချင်း လိင်တူဆက်ဆံသည် ဆိုသော ကောလဟာလသတင်းများ၊ မူးယစ်ဆေး အပျော်စားများ သုံးစွဲသည်ဆိုသောကိစ္စ၊ တစ်ခါတစ်ခါ ကိုယ်ထိလက်ရောက်ရန်ဖြစ်သော အတွေ့အကြုံများမှာ စုပေါင်းဒုက္ခ ခံစားရခြင်းဖြစ်၍ ပျက်စီးခြင်းဖြစ်လျှင်လည်း ညီတူညီမျှ ခွဲဝေယူကြရန်ဖြစ်၏။ ဤစုစည်းမှုသည် ပထမ ၂၄ နာရီပင် မခံဘဲ ပျက်သွားနိုင်တော့သည်။

နောက်ဆုံးနာရီများ ကုန်ပြီးသောအခါ လုပ်သားတို့သည် စီးကရက်များကို ပို၍ပို၍ မှာယူခဲ့ကြ၏။ ဤကား ဆေးလိပ်ဖြတ်ချိန် မဟုတ်ဟု ဒေါက်တာ ရိုမန်နိုလီက ဆိုသည်။ ယခုအခါ သူကယ်ဆယ်ရေး တာဝန်ယူချိန် ဖြစ်ကြောင်း၊ သူတို့အတွက် စီးကရက်တွေ မပေးဘဲနေနိုင်မည်။ နှလုံးသား သူ့မှာ မရှိကြောင်းလည်း ပြောသည်။ လုပ်သားများက ရမ်နှင့် အရက်အရောများကိုပါ တောင်းဆိုလာခြင်းသည် စိတ်ဓာတ်ကောင်းမွန်နေ၍ဖြစ်ကြောင်းလည်း သူက ယူဆလေသည်။

ယခုအခါ ရေစိုခံသော အထူးအဝတ်အစားများလည်း အောက်သို့ချပေးလိုက်ပြီးပြီ။ ဂျပန်နိုင်ငံမှ မှာယူတင်သွင်းသော အဝတ်အထည်များဖြစ်ပြီး အင်္ကျီနှင့်ဘောင်းဘီတစ်ဆက်တည်းချုပ်ထားသော ဝတ်စုံအစိမ်းရောင်များ ဖြစ်သည်။ သန့်ရှင်းသော ခြေအိတ်များကိုလည်း ပို့ပေးသည်။ ဗီတာမင်ဆေးများနှင့်အတူ ရေဒါစတိုင်လ် နေကာမျက်မှန်အနက်များကိုလည်း ပို့လိုက်သည်။

လုပ်သားများက ရှူးဖိနပ်များကို ပေါလစ်ရှိုက်လိုကြောင်းလည်း တောင်းဆိုကြ၏။ ဤသည်မှာ လူသားပီသသော စိတ်ဓာတ်ဖြစ်သည်။ သူတို့သည် ရက်သတ္တပတ်ပေါင်းများစွာ တိရစ္ဆာန်လို နေခဲ့ကြရ၏။ ထိုအခါ ဘက်တီးရီးယားများ၊ မှိုရောဂါများက သူတို့အရေပြားမှာ ဝင်ရောက်လာကြသည်။ ယခုအခါ ကမ္ဘာကကြည့်ရှုခြင်း ခံနေရပြီဖြစ်၍

bookhouse

www.burmeseclassic.com

www.burmeseclassic.com



သူတို့အနေနှင့် လူ့ဂုဏ်သိက္ခာအရ အခြေခံအဆင့်လောက်တော့ ရှိချင်ကြသည်။ သူတို့သည် လန်းဆန်းသောမျက်နှာ၊ သန့်ရှင်းသောဆံပင်နှင့် ပေါလစ်ရှိုက်ထားသောရှူးဖိနပ်များ ဝတ်ဆင်လိုကြခြင်းတည်း။

သူတို့အနေနှင့် ညဖက်မှာ အပြင်ထွက်ရန် ဖျော်လင့်စေကာမူ နေကာမျက်မှန်များ တပ်ခိုင်းရခြင်းကား ထိုနေရာ၌ မီးမောင်းများ ထိုးထားမည်ဖြစ်၍ မီးအလင်းတန်းများမှ ကာကွယ်ရန်ဖြစ်၏။ မိသားစုများကလည်း မီဒီယာများသုံးသော မီးစလောင်းများမှာ လျှပ်တစ်ပြက်မီးများထိုးမှာကို စိုးရိမ်ကြသေးသည်။ ချီလီသတင်းစာတစ်ခုမှ ဆန္ဒကောက်ယူရာတွင် မိသားစုများသည် သူတို့လုပ်သားများအား အပြလွန်ကဲမှာကို ပူပန်ကြကြောင်း သိရ၏။ ထိုသို့ အပြလွန်သွားလျှင် လုပ်သားများ၏ ကိုယ်ကျန်းမာရေးရော စိတ်ကျန်းမာရေးကိုပါ ထိခိုက်နိုင်သည်ဟုဆိုသည်။

တောင်ကုန်းနံဘေး ပါဆယ်ထုပ်ဌာနတွင်လည်း ဒေါက်တာ လီလီယာနာ ဒေးဗီသည် ဖုန်တစ်ခုပေါ်၌ ကွင်းပြင်ဆေးရုံတစ်ခုပုံကို အကြမ်းရေးဆွဲလျက်ရှိသည်။ ရောင်စုံခဲများဖြင့် ပုံစံချနေသည်။ စစ်မြေပြင်သို့ တပ်ထွက်ရန် ပြင်ဆင်နေသော ဗိုလ်ချုပ်တစ်ဦးနှင့်ပင် တူနေလေတော့၏။

'ဒါဟာ ရက်ပေါင်းများစွာအတွင်း လုပ်သားတွေ တစ်ဦးချင်း နေရမယ့်အချိန်ပဲ' ဟု ဆရာဝန်မ လီလီယာနာက ရှင်းပြသည်။ ကယ်ဆယ်ရေးဗိုးနစ်ခ်ထဲဝင်ပြီး အပေါ်သို့တက်ရမည့်အချိန်သည် တကယ်ပင် တစ်ဦးချင်း နေရမည်မို့ အရေးကြီးလှသည်။ အတက်ခရီးအတွင်း လုပ်သားတို့သည် စိတ်လှုပ်ရှားပြီး ဒုက္ခခံစားရနိုင်ဖွယ်ရှိ၏။

ကယ်ဆယ်ရေး လုပ်သားများကလည်း ရက်ပေါင်းများစွာ ဖိုးနစ်ခ်ထဲဝင်ပြီး လေ့ကျင့်စမ်းသပ်ခဲ့ကြပြီးနောက် စိတ်ချရကြောင်း နားလည်ခဲ့ကြရပြီးဖြစ်၏။ ထို့ပြင် လိုက်ပါရသူအဖို့ ကြပ်ကြပ်တည်းတည်း မသက်မသာမဖြစ်ကြောင်း လည်း သိခဲ့ကြရပြီးဖြစ်လေသည်။ ကျောက်နံရံတစ်လျှောက် လျှောပြီးတက်လာချိန်မှာ ၁၅ မိနစ်ကြာမည်ဖြစ်ရာ လုပ်သက်များသော သဘော်သားများပင်လျှင် လှိုင်းမူးသွားနိုင်လောက်ပေသည်။ လိုအပ်လျှင် မျက်စိမှိတ်ထားရန် လိုပေလိမ့်မည်။

ဒေါက်တာ ရိုမန်နီလီက ဝါယာလက်စက်မှနေ၍ လုပ်သားများကို နှုတ်ဖြင့်ညွှန်ကြားနေမည်ဖြစ်၏။ လက်ပ်တော့မှတစ်ဆင့် ဗီဒီရို သို့မဟုတ် ဆရာဝန်တစ်ဦးက လုပ်သားစီးနင်းလာချိန်တွင် စိတ်ငြိမ်အောင် ကြိုးစားညွှန်ကြားကြရန်လည်း စီစဉ်ထားသည်။

လုပ်သားများ၏ ကိုယ်စားလှယ်ကလည်း ၁၅ မိနစ် တစ်ကိုယ်တော်ခရီးတွင် ကြောက်ရွံ့ခြင်း၊ စိတ်မထိန်းနိုင်ခြင်းကို ထိန်းချုပ်ရန်အတွက် အထူးအသံလိုင်းနှင့် သီချင်းဂီတများကို မေတ္တာရပ်ခံခဲ့ကြ၏။ ဗစ်တာဇာမိုရာဆိုလျှင် အဆိုတော် 'ဘော့ပ်မာလေ' ၏ 'ကျွဲ စစ်သည်တော်' သီချင်းကို သူ စီးနင်းလိုက်ပါချိန်၌ ဖွင့်ပေးပါရန် မေတ္တာရပ်ခံ

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



ခဲ့လေသည်။

အကယ်၍ အစီအစဉ်ဖယားအတိုင်း အားလုံးချောမောသွားခဲ့ပါက မိနစ် ၉၀ တွင် တစ်ဦးကျ ဆွဲတင်နိုင်လိမ့်မည်။ အကြမ်းဖျင်းအနေနှင့် စုစုပေါင်း ၂ ရက်ကြာမည်။ နှစ်ရက်အကြာ မာရသွန်ဖြစ်မည်။

ကိုပီယာပိုမြို့ ဆေးရုံကြီးတွင်လည်း အပြင်ရောက်လုပ်သားများကို ဟယ်လီကော့ပ်တာနှင့် သယ်ပြီးထားမည်ဖြစ်၍ ပြင်ဆင်နေကြသည်။ ဆေးရုံအနီး လုံခြုံရေးအတားအဆီးများကို ထူထောင်ထားကြသည်။ နောက်ဖက်တွင်လည်း ဂြိုလ်ထုတပ်ဆင်ရန်၊ အသံလွှင့်သမားများတည်းခိုရန် စသဖြင့် နေရာတွေငှားကြရသည်။ လုပ်သားများ ထားရှိမည့်အဆောင်နှစ်ခုကိုမူ ပြတင်းပေါက်များကို လိုက်ကာထူထူများဖြင့် ကာထားကြ၏။ လုပ်သားများ၏ မျက်လုံးများကိုနေရောင်မှလည်းကောင်း၊ အဝေးမှ လှမ်းရိုက်ကူးမည့် TV မှန်ပြောင်းများမှလည်းကောင်း ကာကွယ်ရန်ဖြစ်ပေသည်။

အာဏာပိုင်များက မီဒီယာများကို မေတ္တာရပ်ခံရသေးသည်။ လုပ်သားများ အပေါ်ရောက်လာလာချင်း သူတို့ချစ်ခင်သော မိသားစုနှင့် လွတ်လွတ်လပ်လပ်တွေ့ခွင့်ပေးဖို့၊ နောက်မှသာ အင်တာဗျူး အပြိုင်အဆိုင် ရယူကြဖို့ဖြစ်၏။

သို့သော် နာခံသူ သတင်းထောက်နည်း၏။ လုပ်သားများ မြေအောက်မှာ နေစဉ်ဆေးဝါးသုံးခဲ့ပါသလား၊ လိင်တူဆက်ဆံ မှုကိစ္စလုပ်ခဲ့တာ မှန်ပါသလားစသော မေးခွန်းတွေလည်း ရှိနိုင်သည်။ မြေပေါ်ရှိ အိမ်ထောင်ရေးကိစ္စကိုလည်း မေးချင် မေးကြဦးမည်။

ဆီပူလ်ဗီဒါက လုပ်သားများအနေနှင့် အပေါ်တက်ချင်တယ်ဟု ပြောလာမည့်သူကို စောင့်ခဲ့ကြောင်း အောက်မှာနေဖို့ ရွေးချယ်သူ ၁၀ ဦးခန့် ရှိမည်ထင်ကြောင်းပြောသည်။

ကိုပီယာပို မြို့လယ်ခေါင်တွင်ကား ဆေးရုံမှ တစ်မိုင်အရှည်အတွင်း၌ လုပ်သားရာပေါင်းများစွာတို့ ချီတက်ဆန္ဒပြနေကြသည်။ ဤလူများသည် 'ဆန်အီစတာဘင်ပရီမီရာမိုင်း' ၌ အလုပ်လုပ်သူများဖြစ်၏။ ဆန်ဂျိုးမိုင်းပိုင်ရှင်ပိုင်သော မိုင်းပင်ဖြစ်သည်။ မိုင်းပိုင်ရှင်အား သတင်းမီဒီယာကလည်း အာရုံစိုက်နေသည်။ တရားစွဲဆိုမှုများလည်း ပြင်ဆင်နေသည်။ ဤအတောအတွင်း တခြားလုပ်သား ၂၅၀ တို့မှာ အလုပ်လက်မဲ့ ဖြစ်နေကြရ၏။ ၄င်းတို့က အလုပ်ပျက်သည့်အတွက် လစာပေးရန် တောင်းဆိုနေကြသည်။ အလုပ်အသစ်ရှာနိုင်ရန် တောင်းဆိုနေကြသည်။

ဟွန်းများကို မှုတ်ကြ၏။ ဆိုင်းဘုတ်များလည်း ကိုင်ဆောင်လာကြ၏။ ဆိုင်းဘုတ်များမှာ '၃၃ ဦးက အဆင်ပြေနေပြီ။ တခြားလူတွေမှာတော့ ဝက်အူရစ်ဖြင့် စုပ်ထားခြင်း ခံနေရပြီ' ဟူ၍ဖြစ်သည်။ ဆန်ဂျိုးပြိုကျပြီးနောက် ပိုမိုကျယ်ပြန့်သော နောက်ဆက်တွဲများဆီဆွဲခေါ်ရန် ကြိုးစားကြခြင်းဖြစ်သည်။

ဒေသသတင်းစာတစ်စောင်ကမူ ဤကိစ္စကို အောက်ပါအတိုင်း ရေးသား၏။ 'မလုပ်ပါဘူး။ အထူးဆက်ဆံ

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



လည်း လုပ်မှာမဟုတ်ဘူး။ သူတို့နဲ့ သူတို့မိသားစုဟာ ပုံမှန်ဘဝဆီ ပြန်ရောက်ဖို့ စောင့်နေရုံပဲ။ သူတို့ရှေ့မှာ ဂုဏ်ရှိတဲ့ အလုပ်ရဖို့ စောင့်နေကြရုံပဲ'

လမ်းပေါ်မှာကား အလုပ်မရသေးသော မိုင်းလုပ်သားများပင်လျှင် ဆန္ဒပြနေကြသည်။

မြေအောက်လုပ်သားများ ၏ ဓနီးများကိုလည်း အထူးအမွှန်းတင်နေကြသည်။ ပြင်ဆင်ပေးနေကြသည်။ ကိုပီယာပိုမြို့တော်ဝန်က မြေအောက်လုပ်သား များ၏ ဓနီးများကို အလှပြင်ဆိုင်များသို့ အခမဲ့ပြင်ဆင်ခွင့်ရအောင် စည်းရုံးသည်။ 'သူတို့ကို အလှပြင်ပေးဖို့ လိုတယ်ဆို ပြီး ကျွန်တော် ဆုံးဖြတ်ခဲ့တာပါ။ အလှပြင်ဆိုင်က ထွက်လာတော့ သူတို့အားလုံး လှလာလိုက်ကြတာ။ သူတို့တအား ထူးထူးခြားခြားလှလာလို့ သူတို့ယောက်ျားတွေတောင် သူတို့ကို မှတ်မိပါ့မလား မသိဘူး'ဟု မြို့တော်ဝန်ကဆိုသည်။

မြေပေါ်ရှိ မိုင်းပတ်ဝန်းကျင်တစ်ခုလုံး အပြည့်အဝ တက်ကြွ၍ နေလေပြီ။ ကယ်ဆယ်ရေးလုပ်သားများက အလုပ်အကြီးအသေးအမျိုးမျိုး ပြင်ဆင်နေကြရ၏။ ချီလီပြည်လေတပ်က ပိုင်းလော့များလည်း အသင့်အနေအထား ဖြစ်နေကြလေပြီ။ စခန်းရှိ ယာယီဆေးရုံမှာလည်း ဆရာဝန်များကို ၂၄ နာရီ တာဝန်ချထားပြီ။

သူနာပြုဆရာ၊ ဆရာမများ၊ ဆေးအကူဝန်ထမ်းများကလည်း သွေးပေါင်ချိန်ရန်၊ ဂလူးကို့စ်သွင်းရန်အပြင် ကျန်းမာရေးစစ်ဆေးရန် အမျိုးစုံကို ပြင်ဆင်ထားကြပြီ။ လုပ်ငန်းတာဝန်အလျောက် လုပ်ငန်း၌ာန ၆ ခုရှိသည်။ ချီလီ ထောက်လှမ်းရေးရဲများကလည်း လုပ်သားများမြေပေါ်ရောက်ရောက်ချင်း ဓာတ်ပုံရိုက်ကူးရန်နှင့် လက်ဗွေပုံစံယူရန် စောင့်ဆိုင်းနေကြသည်။

'အဓိပ္ပာယ်ကတော့ အခု ကယ်လာတဲ့လူတွေဟာ ကျွန်တော်တို့ဆီမှာရှိပြီးသား နာမည်တွေနှင့် အတူတူပဲဆိုတာ ခွဲခြားသိရှိနိုင်ဖို့ပါ' ဟု ရဲအင်စပက်တာက ပြောပြပါသည်။

ရဲသားများက မြင်းစီးလျက်တစ်မျိုး၊ မော်တော်ဆိုင်ကယ်စီးလျက်တစ်မျိုး၊ ခြေလျင်ဖြင့် တစ်သွယ်၊ သတင်းသမားများကို စစ်ဆေးဖြတ်သန်းခွင့် ပြုနေကြ၏။ အစိုးရ၏ ဆက်သွယ်ရေးကမူ အဓိကသတင်းများအတွက်သာ ကန့်သတ်ထားသည်။ ယခင်ရက်များကဆိုလျှင် သတင်းထောက်များက ဝါယာလက်ဆက်သွယ်ရေးများဖြင့် အသုံးပြုကြမည်ကို စိုးရိမ်တကြီး ဖြစ်နေခဲ့ရ၏။

ဒေါက်တာ ရိုမန်နီလီက လတ်တလောအောက်မှတက်လာသော သတင်းသကေတများကို ကွန်ပျူတာ လက်ပ်တော့မှာ ကြည့်နေသည်။ အောက်မှလူများ သွေးပေါင်ချိန်နှင့် နှလုံးခုန်နှုန်းတက်နေတာကို မြင်ရ၏။ မာရီယိုဂိုမက်စ်က အသက်ရှူကြပ်နေတာ တွေ့ရသည်။ ဆီပူလ်ဗီဒါက သူ့ကျန်းမာရေးနှင့် ပတ်သက်ပြီး ဘာမျှမလုပ်ရဘဲ အမြင်အတိုင်း

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ကျန်းမာဖျတ်လတ်လျက်ရှိ၏။ အော့ထ်မင် အေရောယာတစ်ယောက်ကမူ သွားပိုးဝင်သဖြင့် ညည်းနေရသည်။ လုပ်သား အားလုံးကို ကယ်ဆယ်ရေးလိုဏ်ခေါင်းထဲ မဝင်မီ ၈ နာရီကြိုတင်၍ အစားမစားရန် ပြောထား၏။ ခွဲစိတ်ခံရမည့် လူနာများအတိုင်း ဖြစ်လေသည်။ သူတို့အနေနှင့် ဆေးပညာညွှန်ကြားချက်များကို တင်းတင်းကြပ်ကြပ် လိုက်နာရန်လိုပေသည်။

ယွန်းနီ ဘားရီးယက်စ်ကား ဖုန်းခေါ်ခြင်း မပြုနိုင်တော့။ မြေအောက်၌ ပိတ်မိခဲ့ခြင်းဖြစ်သည်။ တခြားသူများအား ကူညီဖို့ သူ့အစွမ်းအစကို ဖျက်ဆီးပစ်ခဲ့ပြီ။ မြေပေါ်မှာ သူ့ဘဝကလည်း ရှုပ်ထွေးနေသည်။ သူ့ဇနီးနှင့် သူ့ရည်းစားတို့က မီဒီယာမှာ လူသိရှင်ကြား ပြောဆိုခဲ့ကြသည်။ ယွန်းနီအဖို့ ခွန်အားတွေ ကုန်ခမ်းနေပြီ။ လုပ်သားများ၏ ကျန်းမာရေးကိုလည်း မကြည့်ရှုနိုင်တော့။ ဆေးဝါးတွေလည်း ဝေငှခြင်း မပြုနိုင်တော့ချေ။

ညနေ ၃း၀၀ နာရီ။

လုပ်သားများ နောက်ဆုံးလုပ်ရမည့် တာဝန်ကြီးတစ်ခုရှိနေသည်။

ကယ်ဆယ်ရေးထုလုံးကြီး (ဖိုးနစ်ခ်) မှာ အလွန်ကျယ်သဖြင့် လုပ်သားများအထဲသို့ တက်နိုင်လောက်အောင် မနိမ့်ချေ။ ၎င်းက နံရံတွင်သွား၍ ကပ်ငြိနေလေ၏။ ထို့ကြောင့် ထိုနံရံကျောက်ထုကို ပေါက်ကွဲစေနိုင်သော အရာများနှင့် ဖောက်ထုတ်ဖို့ အပေါ်ကပြောသည်။ လုပ်သားများအနေနှင့် ဤအတွေ့အကြုံက ရှိပြီးသားဖြစ်၏။ ပါဆယ်ထုပ်တွင် အသေးစား ပေါက်ကွဲစေသည့်အရာများကို ပို့ပေးသည်။ ဖိုးနစ်ခ်ကြီး ဝင်လာနိုင်ရန် ငြိနေသောကျောက်တုံးများကို ဖယ်ရှားရန်တည်း။

လုပ်သားများသည် သူတို့ စတင်အပိတ်ခံရစဉ်က ကယ်တင်ရန် SOS ဆိုသော အသံဖြင့် ဆူညံအော်ဟစ်ခဲ့ကြသည်။ သမ္မတပီနာရာအစိုးရက ဤဆူညံမှုများ၏ သတင်းများကို ငြင်းပယ်ခဲ့၏။ အကြောင်းမှာ ဤကယ်တင်မှု သတင်းနှင့် ပတ်သက်ပြီး မေးခွန်းများကို ကန့်သတ်လို၍တစ်ကြောင်း၊ စိတ်ပျက်အားငယ်နေသော မိသားစုများ၏ စိတ်ရှည်မှုကို မဖျက်ဆီးဘဲ တည်ငြိမ်စေ၍တစ်ကြောင်းဖြစ်၏။

ယခု သူတို့ထံသို့ ပါဆယ်ထုပ်ဖြင့် ပေါက်ကွဲစေသော အရာများကို ချပေးခဲ့လိုက်ပြီ။ ဤတွင် ထိုပစ္စည်းလေးများကို နေရာချရန် နံရံထဲသို့တွင်းတူးရန် လိုအပ်၏။ ပါဆယ်မှာပါခဲ့သော ပိုက်တစ်ခုသည် ဖိအားသုံး လေကိုသယ်နိုင်၏။ ထိုပိုက်ဖြင့် ဆက်လိုက်သောအခါ နံရံထဲသို့ အလွယ်တကူလျှောဝင်သွားသည်။ ဤနည်းဖြင့် တွင်း ၆ ခု တူးပြီး ဒိုင်းနမိုက်စများကို ထည့်သည်။ ယင်းတို့က လျှပ်စစ်ဖျူးစ်တစ်ခု ဆက်ရုံမျှနှင့် ပေါက်ကွဲသွားကြသည်။ သူတို့လည်း လုံခြုံသော ခိုလှုံစခန်းသို့ ပြေးရှောင်ရသည်။ ခေတ္တမျှ အက်ကွဲသံကြားရပြီး ကျောက်တုံးများပေါက်ကွဲကာ သဲဖုန်များ ထလာကြ၏။ ၁၅ မိနစ်ကြာသောအခါ ပိတ်နေသောကျောက်တုံးများ ရှင်းသွားပြီး ဖိုးနစ်ခ်လည်း အောက်သို့ လွတ်လွတ်

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



ကျွတ်ကျွတ်ကျလာတော့သည်။

လုပ်သားများလည်း အမှိုက်များရှင်းပြီး ဖိုးနစ်ခ်ထဲဝင်၍ရရုံအမြင့်အထိ ကျောက်တုံးများကို စုပုံကြ၏။ ထိုအခါ ဖိုးနစ်ခ်ထုလုံးလည်း အပေါ်ပိုင်းကျောက်နံရံအမိုးနှင့် လွတ်သွားပြီ။ သူတို့က တံခါးဖွင့်၍ ဝင်ရုံသာတည်း။ ဖိုးနစ်ခ် ယိမ်းယိုင်မည်ကိုလည်း ပူစရာမရှိတော့ချေ။

ဤသို့ ပြင်ဆင်ရင်း စိတ်ပါဝင်စားနေကြခဲ တောင်က နောက်ထပ်ရွေ့လာပြန်သည်။ သူတို့လုပ်ခဲ့သော ဖောက်ခွဲရေးသည် ပိတ်နေသောကျောက်တုံးများကိုသာ ဖယ်ရှားခဲ့သည်မဟုတ်။ လိုဏ်တစ်လျှောက်မှနေ၍ တောင်ကို တုန်ခါမှုဖြစ်စေခဲ့လေ၏။ ထိုတုန်ခါမှုကြောင့် ကျောက်တုံးများကို ပြိုကျစေသည်။ လိုဏ်ထဲတွင် ကျောက်စကျောက်လွှာ များဖြစ်စေခဲ့သည်။

ရေကန်ရှိသော အောက်ဆုံးလွှာ ပြိုကျခဲ့သည်။ ခိုလှုံစခန်းနှင့် ကားပြင်ရုံကြား ကျောက်များလည်း ထိခိုက်ကြရ၏။ ပင်မလမ်းကြောကြီးထဲသို့ ကျောက်နံရံများ ပြိုကျသွားကြလေသည်။ တောင်ကုန်းကား ငိုကြွေးရန်စတင်ခဲ့လေပြီ။ လုပ်သားများလည်းသူတို့ ခေါင်းဆောင်းဦးထုပ်များကို ဆောင်းကြရ၏။ ယခုအဖြစ်သည် ခဏဒုက္ခဟု မည်သူမျှမပြောနိုင်ပေ။ တောင်ကြီးသည် သူ၏ မျက်ရည်များနှင့်အတူ သူတို့အားလုံးကို ချေမှုန်းကောင်းချေမှုန်းနိုင်သည်။

လူးဝစ် အာဇူရာကား သူ၏မြေအောက်နောက်ဆုံးရက်ကို စီစဉ်နေ၏။ သူသည် ဗိုမင်တစ်ဦးအနေနှင့် နေ့စဉ်ဆုံးဖြတ်ချက်ချမှတ်ရေးတွင် အရေးမပါဖြစ်ခဲ့ရ၏။ ရှေ့ဆောင်ရှေ့ရွက်ပြုရေးတွင် ဆီပူလ်ဗီဒါလောက် စင်မြင့်မရခဲ့ချေ။

သို့သော် သူက ပါဝါလုပ်ပိုင်ခွင့်နှင့် ဂုဏ်သိက္ခာကို အခြေခံပြီး မိုင်းတွင်းအစဉ်အလာကို ထိန်းထားသည်။ လုပ်သားများက အာဇူရာသည် မြေပေါ်သို့တက်ကြသူများထဲတွင် နောက်ဆုံးလူဖြစ်ရမည်ဟု လက်ခံကြ၏။ ဤသည်မှာ သင်္ဘောမာလိန်မှူးများသည် အရေးပေါ်လျှင် သူ့လုပ်သားများကို အရင်လုံခြုံအောင်လုပ်ပြီးမှ သူက နောက်ဆုံးကယ်တင်မှု ယူခြင်းမျိုးဖြစ်သည်။ ယင်းတနင်္လာနေ့တွင် ဂါးဒီးယန်းသတင်းစာနှင့် စကားပြောရာ၌ အာဇူရာက သူ၏ပထမဆုံး အင်တာဗျူးကို ပေးခဲ့၏။

'ကျုပ်တို့ ဘယ်တုန်းကမှ မကြိုစည်ခံဖူးတဲ့ ဘဝမျိုးရောက်ခံရတယ်။ နောင်လည်း ဘယ်တော့မှ မရောက်ပါစေနဲ့လို့ မျှော်လင့်တယ်။ ဒါပေမယ့် ဒါဟာ မိုင်းလုပ်သားတစ်ယောက်ရဲ့ ဘဝပဲ။ ကျုပ်တို့ အမြဲပြောနေကျစကားတစ်ခုရှိတယ်။ ခင်ဗျား မိုင်းတစ်ခုထဲဝင်သွားရင် ခင်ဗျား မိုင်းကို နှုတ်ဆက်မယ်။ ဝင်ပါရစေလို့ ခွင့်တောင်းမယ်။ ပြီးရင် မိုင်းကိုလေးစားသွားလိမ့်မယ်။ အဲဒါနဲ့အတူ အပြင်ပြန်ထွက်ဖို့လည်း မျှော်လင့်ပါလိမ့်မယ်'တဲ့။

■

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



**ဖေ ရက်မြောက်နေ့၊ အင်္ဂါ၊ အောက်တိုဘာ ၁၂ ရက်။**

နံနက် ၇း၀၀ နာရီ။

ခိုလှုံစခန်းတွင်းရှိ မြင်ကွင်းမှာ ဒုက္ခသည်စခန်းနှင့် တူနေသည်။ အဝတ်အစားတွေက ဟိုမှာသည်မှာ ပြန့်ကျဲနေ၏။ အိပ်စင်များပေါ်တွင် အတန်းလိုက်အိပ်နေကြသော လုပ်သားများသည် လူးလိုက်လှိမ့်လိုက်နဲ့ မငြိမ်မသက်ဖြစ်နေကြ၏။ ဘောင်းဘီတိုလေးများသာ ဝတ်ထားကြသော လုပ်သားတို့ကား သူတို့လက်မောင်းများကို ဆန့်ထုတ်လိုက်မည်ဆိုပါက အိပ်စင်များပေါ်ရှိ နှစ်ဖက်လုံးမှလုပ်သားများကို ထိမိတတ်ကြ၏။ ယခုတော့ လက်တွေဆန့်ထုတ်ပြီး အမြဲဖွင့်ထားသော လျှပ်စစ်မီးရောင်ကာကွယ်သည့် အနေဖြင့် မျက်လုံးများကို လက်ဖြင့်ကာထားကြ၏။

နာရီပေါင်းများစွာ ခြေလှမ်းလှေ့ကျင့်ခြင်း၊ ဖဲကစားခြင်းများကြောင့် အများအပြားက အိပ်မောကျသွားခဲ့သည်။ ကလော်ဒီယိုနှင့် ပီဒရိုတို့ကား သူတို့မီးအိမ်လေးများဖြင့် သတင်းစာဖတ်နေကြ၏။ အချိန်ကုန်စေရန်တည်း။ ဗစ်တာစာမိုရာကမူ ရယ်စရာတွေ ပြောနေသည်။

ဖွင့်နေကျ တေးဂီတက ရပ်သွားခဲ့ပြီ။

လွန်ခဲ့သည့်လကစပြီး မြည်ဟီးခဲ့သော တွင်းတူးစက်သံလည်းမရှိတော့။

သူတို့အဖို့ ဤအကြိမ်ငြိမ်သက်မှုသည် ကောင်းမြတ်သော မိတ်ဆွေတည်း။

၂၄ နာရီအတွင်း မနားတမ်းကယ်ဆယ်ရေးယဉ်အရ ကမ္ဘာက စိတ်ဝင်တစားနှင့် စောင့်မျှော်နေကြလေသည်။ မျှော်လင့်ခြင်းစခန်းတွင် တစ်ခုတည်းသောလမ်းမကြီးကို သတင်းသမားများမလာနိုင်အောင် ကြိုးစားပြီးတားဆီးသော်လည်း အချည်းအနှီးပင်။

သတင်းမီဒီယာများသည် ပုံမှန်ဖြစ်နေကျထက်ပင် ရှုပ်ထွေးနေလေ၏။ TV တင်ဆက်သူ အချောအလှမိန်းကလေးများက ကျောက်ဆောင်အစွန်းများပေါ်တွင် ဒေါင်းမလေးများကဲ့သို့ ကိုယ်ဟန်ပြနေကြသည်။ ကမ္ဘာ့ရုပ်မြင်ပရိသတ်သန်းပေါင်းများစွာသို့ သတင်းထုတ်လွှင့်လျက်ရှိကြသည်။ ဤအချောအလှလေးများ ဘယ်ကရောက်လာကြပါလိမ့်။ ညတုန်းကများ လေထီးနှင့် ခုန်ဆင်းခဲ့ကြလေသလား လွန်ခဲ့သောလများကဆိုလျှင် ဤမျှော်လင့်ခြင်းစခန်း၌ အမျိုးသားသတင်းထောက်များသာ ခြေချင်းလိမ်နေခဲ့ကြသည်။ ရေချိုးစရာက ရှားပြီး ဖုန်မှုန့်တွေနှင့်မို့ တောင်တက်သမားများကဲ့သို့သာရှိခဲ့၏။ ယခုကမူ လုံးလုံးလျားလျား ခြားနား၊ သားနားသည့် အသီးအပွင့်များ ရောက်ရှိလာခဲ့ကြလေပြီ။ NBC မှ မော်ဒယ်လေးများသည် မော်ဒယ်အတိုင်းအတာအရ လှပသားနားပြီး သွားတွေတလက်လက်နှင့်။ ဆံပင်စတိုင်လ်အကောင်း

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



စားနှင့်။ လှချင်တိုင်း လှနေကြပါရောလား။

မျှော်လင့်ခြင်းစခန်းတွင် ‘လေလံပွဲ’ စတင်နေပြီ။ သတင်းဂျာနယ်တစ်ခုသို့ မည်သည့်လုပ်သား၏ ဓာတ်လမ်းက အရင်ဆုံးရောင်းရမည်နည်း။ ကောလာဟလသတင်းတွေက ထွက်နှင့်ခဲ့ပြီ။ ဂျာမန်ပေါ့ပ်သတင်းဂျာနယ်တစ်ခုက ဒေါ်လာ ၄၀,၀၀၀ ပေးပြီးဝယ်ထားပြီဆိုပဲ။ အောက်မှ လုပ်သားက စာချုပ်ကို လက်မှတ်တောင်ထိုးပြီပြီတဲ့။ မိသားစုဝင်များက သတင်းသမားများကို မြူဆွယ်နေကြသည်။ လုပ်သားများ၏ ဓာတ်ပုံများ၊ မြေအောက် ဗီဒီယိုရိုက်ချက်များကိုမူ မပေးကြချေ။

လွန်ခဲ့သော ရက်သတ္တပေါင်းများစွာကပင် လူးဝစ်အာရူရာကအောက်တွင် ကင်မရာတွေများနေခြင်းကို ညည်းညူဝေဖန်ခဲ့သည်။

‘ကျွန်မယောက်ျားက စာထဲမှာ ရေးခဲ့တယ်။ ပါဆယ်ထုပ်ထဲမှာ အစစအရာရာ ရှာဖွေစစ်ဆေးနေလို့ သတိထားပါတဲ့။ ဒါနဲ့ ကျွန်မက ခြေအိတ်တစ်စုံထဲမှာ ကင်မရာထည့်ပေးလိုက်ဖို့ စိတ်ကူးရခဲ့တာပေါ့’ ဟု ဇနီးတစ်ဦးက ဆိုသည်။

‘ဓာတ်ပုံတွေက မြေအောက်မှာ အပိတ်ခံခဲ့ရတယ်ဆိုတဲ့ သက်သေအဖြစ်အသုံးဝင်နေပြီ။ အခုစာရေးတိုင်း ကင်မရာ အကြောင်းထည့်ရေးရတယ်။ ကင်မရာကို ကျွန်မတို့က ‘ကစားစရာ’ (တွှိုင်း) လို့စကားဝှက်နဲ့ ရေးတာ’ ဟုလည်း ပြောပြခဲ့သည်။

ကာရိုလိုင်းနားလိုဘိုစ် အတွက်မူ သတင်းဖမ်းစားမှုက အလွန်ကြီးခဲ့၏။ ဤမိန်းမက သတင်းလောကထဲ စောစီးစွာ ဝင်ရောက်ပြီး မွေခဲ့သည်။ ‘မည်သူ့ သန်းကြွယ်သူဌေးဖြစ်ချင်လဲ’ ဟူသော အခန်းမှာပင် အင်တာဗျူးပေါင်း မရေမတွက်နိုင်အောင် လုပ်ခဲ့သည်။ သူကဒေါ်လာ ၂၅,၀၀၀ အပိုင်ရခဲ့ပြီးလေပြီ။ သတင်းလောကကို ပြေးလွှားလျက် ရှိနေလေပြီ။

‘ကျွန်မအဖေက ဘောလုံးသမားပါ။ ဒါပေမယ့် အခုတော့ မိုင်းလုပ်သားဖြစ်နေပြီ။ အဖေက သတင်းထဲမှာ အစွန်းနှစ်ဖက်ရှိတာကို နားလည်တယ်။ အဖေက သူရဲကောင်း ဖြစ်မှာပါ။ ဒါပေမယ့်ကျွန်မက သတင်းကို မလိုချင်ဘူး။ ကျွန်မက မမြင်ရတဲ့နေရာမှာပဲ နေချင်တာ’ ဟုကာရိုလိုင်းနားလိုဘိုစ်က ပြောသေးသည်။ သူက သူ့ဖခင်နှင့် သူ့မိသားစုကို သတင်းထဲမှ လွတ်အောင်လျှော့ပေါ့ကြိုးစည်နေခြင်းဖြစ်၏။

‘အဖေက အားလုံးလုပ်သွားခဲ့ကြတဲ့ ရှုထောင့်ကို စိတ်ပျက်နေတယ်။ တကယ်တော့ အဖေက စိတ်ဒဏ်ရာရနေတဲ့ လူဖြစ်တယ်။ အခုသတင်းတွေက တကယ့်တာဝန်ဖြစ်တဲ့ ကယ်ဆယ်ရေးကိစ္စနဲ့ ဆန့်ကျင်နေတယ်။ အဖေဟာ သူ့ရပ်တည်ချက်ကို ဘယ်တော့မှ အဆုံးရှုံးခံမှာမဟုတ်ဘူး။ ဒီကိစ္စဟာ မတော်တဆထိခိုက်မှုပဲ ဖြစ်တယ်ဆိုတာ အဖေအမြဲတမ်းသို့ဆ တယ်။ ဒါဟာ ပြပွဲတစ်ခုမဟုတ်ဘူးတဲ့’

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် ကယ်ဆယ်ရေးဗိုးနစ်ခ်ကို ၂၄ နာရီအတွင်းစတင်တော့မည်ဟု ဆိုသော်လည်း အဆိုပါ ဗိုးနစ်ခ်ကြီးကား တောင်အမြင့်ပေါ်က ကားပြင်ရုံ၌ မြေပေါ်တွင် တစောင်းလှဲလျက် ရှိနေဆဲတည်း။

အလုပ်သမားများက ဗိုးနစ်ခ်အတွင်း၌ လျှပ်စစ်ဆိုင်ရာပစ္စည်းများကို တပ်ဆင်နေကြ၏။ အမိုး၌ ကင်မရာကိုတပ်၏။ ဗိုးနစ်ခ်က လှိုဏ်ခေါင်းကို ဓာတ်ပုံမရိုက်နိုင်မှာ စိုးရိမ်၍ဖြစ်သည်။ အကယ်၍ ကျောက်များပြိုကျခဲ့သည်ရှိသော် အခြေအနေကို သတင်းပို့ရန် အစက်အခဲရှိနေဆဲတည်း။

ပီဒရိုခေါင်းဆောင်သော ကျွမ်းကျင်သူစက်ဆရာ ၅ ဦးတို့သည် ဗိုးနစ်ခ်၏ဘီးများကိုလည်း စိတ်မချဖြစ်နေကြသေးသည်။ ကင်မရာအသစ်နှင့် အသံဆိုင်ရာဆက်သွယ်ရေးကိရိယာကိုပါ စိုးရိမ်မကင်းဖြစ်ကြ၏။ ဗိုးနစ်ခ်တလုံးသည် ယခင်ကထက် ထူးဆန်းသော ပထမစံပြပစ္စည်းကြီးသဖွယ် ဖြစ်နေတော့၏။

'ဗိုးနစ်ခ်ကြီး ည ၁၁း၀၀ နာရီမှာစပြီး အလုပ်လုပ်နိုင်ပါ့မလား'

မည်သူတစ်ဦးတစ်ယောက်မျှ မမေးရဲကြချေ။

ညနေပိုင်းရောက်လာပြီ။

ကယ်ဆယ်ရေးစီမံချက်ထဲသို့ အောက်လူများက ကန့်လန့်တိုက်သည့်ကိစ္စတစ်ခုကို ပစ်တင်လိုက်ကြလေသည်။ အောက်ထဲမှ ပုန်ကန်သံတွေ ပဲ့တင်လာသည်။ သူတို့သည် ကိုပီယာပိုမြို့သို့ ဟယ်လီကော့ပ်တာနှင့် ပျံသန်းခြင်းကို ကန့်ကွက်ခြင်းတည်း။ သူတို့က တခြားအသွင်အပြင်တစ်ရပ်ကို အကြံတ်အနယ်တင်ပြကြ၏။ သူတို့သည် အပြင်ရောက်သည်နှင့် တစ်ဦးချင်းဟက်လီကော့ပ်တာစီးပြီး မြို့သို့မသွားလိုချေ။ စခန်းရှိဆေးရုံးမှာပဲ ၃၃ ယောက်လုံး လူစုံသည်အထိ စုရုံးနေကြမည်။ ဤတွင် ကောလာဟာလစကားများ ထွက်လာပြန်၏။ လုပ်သားများက တောင်ပေါ်မှနေ၍ တောင်အောက်သို့ အတူတကွ လမ်းလျှောက်ချီတက်ကြမည်။ အောင်ပွဲခံသည့်အနေနှင့် ချီတတ်မည်။ မိုင်းထဲသို့အတူ ဝင်ခဲ့ကြသဖြင့် အတူ ပြန်ထွက်ကြမည် ဟုဖြစ်၏။

ဤတွင် ဆေးအဖွဲ့နှင့် စိတ်ပညာရှင်အဖွဲ့တို့လည်း လုပ်သားများကိုဖြေသိမ့်ရန် ပြေးလွှားကြရပြန်သည်။ လုပ်သားများတစ်ဦးချင်း ကျန်းမာရေးကြံ့ခိုင်နေသည်ဆိုသော်လည်း မြေတွင်း၌ ၁၀ ပတ်လုံးလုံး နေလာပြီးမှ မြေကြီးပေါ် မိုးကုပ်စက်ဝိုင်းဆီသို့ လမ်းလျှောက်မည်ဆိုပါက မမြင်နိုင်သော ပြဿနာအများအပြားရှိလာနိုင်သည်။ အောက်မှာ စမ်းသပ်ခံ ခဲ့မတွေ့ခဲ့ရသော ရောဂါလက္ခဏာများ ရှိနေလေမလား။ လုပ်သားများ၏ ဆန္ဒကို နားလည်နိုင်သော်လည်း မမျှော်လင့်ဘဲ ဖြစ်လာမည့်အန္တရာယ်များကို ဖြည့်ဆည်းပေးဖို့ ကျိုးကြောင်းဆီလျော်ပါ့မလား။ စခန်းရှိဆေးရုံကို လူ ၁၆ ဦးဆန့်ရုံ ဆောက်ထားခြင်းဖြစ်၏။ ၃၃ ယောက်မဆန့်ချေ။

www.burmeseclassic.com

www.burmeseclassic.com



ကယ်ဆယ်ရေးလုပ်ငန်း တာဝန်ရှိသူများသည် ရှေ့နေများနှင့် တိုင်ပင်ရ၏။ အလုပ်သမားကျန်းမာရေးနှင့် လျော်ကြေးအာမခံများ မပေးတော့ဟူ၍ လုပ်သားများကို ခြိမ်းခြောက်ရလျှင် ကောင်းမည်လား။ အဖြေကား မဖြစ်ပါဟူ၍ တည်း။ ထို့ကြောင့် အဖွဲ့ခေါင်းဆောင်က 'လူမှာတင်ယာဉ်'များကို အများအပြား အသင့်လုပ်ခိုင်းလိုက်သည်။ အကယ်၍ လုပ်သားများက ဟက်လီကော့ပ်တာ ဆန့်ကျင်ရေးကို အောင်မြင်စွာလုပ်ခဲ့သော် လူမှာတင်ယာဉ်များနှင့် သယ်ဆောင်ရန် တည်း။

စိတ်ပညာဆရာဝန် 'အီတူရာ'လည်း လုပ်သားများနှင့် နောက်ဆုံးတည်ငြိမ်စွာစကားပြောရသည်။ သူက အောက်တွင် ခေါင်းဆောင်ပြောင်းခိုင်းပြီး လူများကို အလုပ်များနေအောင် လုပ်စေ၏။ တရေးတမော အိပ်စေ၏။ ဤ ညွှန်ကြားချက်သည် သူတို့ ဥပေက္ခာပြုခြင်းခံရသော နောက်ဆုံးအကြိမ်ပင်ဖြစ်၏။

ယခုအခါ ဖိုးနစ်ခ်ကို အမျိုးမျိုးအဖုံဖုံ ချိန်ဆခဲ့ကြပြီးလေပြီ။ နောက်ဖိုးနစ်ခ်ထဲသို့ သဲ ၈၀ ကီလိုဂရမ်ထည့်ပြီး လှိုဏ်ခေါင်းတစ်လျှောက် ချလိုက်တင်လိုက် လုပ်သည်။ အောက်သို့ ၁၀ မိနစ် ချသည်။ အပေါ်သို့ ၁၀ မိနစ် တင်သည်။ ဖိုးနစ်ခ် ဆင်းပုံတက်ပုံမှာ အလွန်ချောမောသဖြင့် လုပ်သားများကယ်ဆယ်ရေးသည် ၄၈ နာရီကြာမည့်အစား အချိန်ထက် ဝက်နှင့် ပြီးနိုင်မည်ဟုထင်ရသည်။

ညဥ့် ၇း၀၀ နာရီ။

အဖွဲ့ခေါင်းဆောင်ဖြစ်သူ ဆောင်ဂါရက်က အောက်ကလူများကို ယနေ့ညသည် ယင်းတို့အတွက် နောက်ဆုံးည ဖြစ်ကြောင်း သတင်းပို့လိုက်၏။ သမ္မတ ပီနာရာသည်လည်း မိုင်းလုပ်သား ၃၃ ဦးကို ကယ်ယူတော့မည်ဖြစ်ကြောင်း ကြေညာရသောအခါ စိတ်ထက်သန်မှုကို မထိန်းနိုင်ပေ။ လွန်ခဲ့သည့် နှစ်လက မိုင်းထဲမှနေ၍ လုပ်သားတစ်ဦးက ဖုန်း လိုင်းဖြင့် တောင်းဆိုခဲ့သည်။ 'တို့ကို ဒီငရဲခန်းထဲက အမြန်ဆုံးထုတ်ပေးပါ' ဟူ၍ဖြစ်၏။ ယနေ့တော့ ပီနာရာသည် ကမ္ဘာအလယ်တွင် ဂုဏ်သတင်းကြီးကာ လူကြိုက်များသွားခဲ့ပါပြီ။

ကမ္ဘာ့လူထု ရုပ်မြင်သံကြားပရိသတ်ကား ယခုကဲ့သို့ ကယ်ဆယ်ရေးမျိုးကို တစ်ခါမျှမမြင်ဖူးခဲ့ကြချေ။ ဖိုးနစ်ခ် သတ္တုအိမ်ကို မိုင်ဝက်ခန့် မြေထဲချပြီး လူတွေကို ကေဘယ်ကြိုးဖြင့် တစ်ယောက်ချင်းဆွဲတင်ကာ လွတ်မြောက်အောင် လုပ်သော ကယ်ဆယ်ရေးမျိုးကား ကမ္ဘာ၌ တစ်ကြိမ်မျှပင် မရှိခဲ့ဖူးချေ။

ရွှေနှင့် ကြေးနီသတ္တုတွင်း အောက်ဆုံးလွှာ၌ တောင်ပြိုကျ၍ပိတ်မိနေခဲ့သော လုပ်သားတို့သည် ယခုအခါ တစ်ဦးချင်း စိန်ခေါ်မှုကို ရင်ဆိုင်ကြရတော့မည်။ ကျည်ဆံပုံကယ်ဆယ်ရေး သတ္တုအိမ် (ဖိုးနစ်ခ်) ထဲဝင်ကာ အကွေ့အ ကောက်များလှသော မြေအောက်အကျဉ်းထောင်မှ လွတ်ရေးအတွက် စွန့်စားကြရတော့မည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



မာရီယို ဆီပူလ်ဗီဒါကို အရင်ဆုံး ကယ်တင်စေချင်သောလူများ လုပ်သားထဲတွင် ရှိနေကြောင်း 'အီတူရာ' (စိတ်ဆရာဝန်)က မီဒီယာများကို စောစောကတည်းက ဖွင့်ပြောခဲ့ပြီးဖြစ်၏။ သို့သော် ဆရာဝန်၏ သဘောထားမှာ ဆီပူလ်ဗီဒါသည် မီဒီယာများကို သူ့လူများအကြောင်း ပြောရမည်ဖြစ်ရာ ပထမဆုံးအလွန်ပင်ပန်းစွာ ရောက်လာပါက သူ မောပန်းနွမ်းလျနေမှုက သူ့ကို တန်ဖိုးလျော့စေမည်ဟူ၍ ဖြစ်သည်။

ချီလီအစိုးရကလည်း မာရီယို ဆီပူလ်ဗီဒါကို ဒုတိယရောက်မည့် လူဖြစ်ရန်ဆုံးဖြတ်၏။ သူသည် အကျော်ကြားဆုံး လူ ဖြစ်နေခြင်းကား မှန်သည်။ သို့သော် ပြဿနာတစ်စုံတစ်ရာ ဖြစ်လာပါက၊ စိတ်လှုပ်ရှားနေသော ဆီပူလ်ဗီဒါသည် ပထမဆုံးသွားရမည့်သူ မဖြစ်နိုင်ချေ။ သူ့အစား လက်ထောက်ဖိုမင် 'ဖလိုရန်စီယို အဗောလို့စ်' ကို ပထမလူအဖြစ်ရွေးသည်။ သူက ဉာဏ်ပညာထက်မြက်သည်။ မိုင်းအတွေ့အကြုံရှိသည်။ ခန္ဓာကိုယ် ကြံ့ခိုင်သည်။ ထို့ကြောင့် သူဖြစ်သင့်သည်ဟု ဆိုလေသည်။

သမ္မတပီနာရာ ဦးဆောင်သော ကယ်ဆယ်ရေးလုပ်သားများသည် အဗောလို့စ်ကို ရွေးချယ်ခြင်းမှာ တစ်စုံတစ်ရာ ချို့ယွင်းပါက အဗောလို့စ်သည် သွေးအေးအေးဖြင့် အပေါ်ရှိလူများကို အကြောင်းကြားနိုင်မည် ဖြစ်ခြင်းကြောင့် ဟုဆိုသည်။

နိုင်ငံရေးအရစဉ်းစားရာတွင် ဗိုလစ်ဗီးယားနိုင်ငံသား လုပ်သားကြီး 'ကားလို့စ် မာမာနီ' ကို ပထမအုပ်စု၌ ထည့်သွင်းရန် ဆုံးဖြတ်ကြ၏။ ကယ်ဆယ်ရေးအဖွဲ့ဝင် တစ်ဦးဖြစ်သော အမည်မဖော်လိုသူ ဆရာဝန်တစ်ဦး၏ ပြောကြားချက်မှာ အောက်ပါကဲ့သို့ဖြစ်သည်။

'ကျုပ်တို့က သူ့ကို ပထဆုံးမှာထားလို့ မဖြစ်ဘူး။ ပထမဆုံးထားလိုက်ရင်လည်း စမ်းသပ်ခံပုဂ္ဂိုလ်လေးလို့ ကျုပ်တို့ကို စွပ်စွဲနိုင်တယ်။ နောက်ချန်ထားပြန်ရင်လည်း လူမျိုးရေးဝါဒနဲ့လုပ်တယ်လို့ ပြောကြလိမ့်မယ်။ ဒါကြောင့် သူ့ကို ပထမအသုတ် ၅ ဦးထဲမှာ ထည့်လိုက်ရတယ်'

ဗိုလစ်ဗီးယားသမ္မတ 'အီဗို မိုရေးစ်' က 'မာမာနီ' ကို လက်ခံရန် စကားဆိုခဲ့သည်။ ချီလီကလည်း စိတ်ပါလက်ပါ သဘောတူလိုက်သည်။ ဗိုလစ်ဗီးယားနိုင်ငံနှင့် ရာစုနှစ်တစ်ခုခန့် ပဋိပက္ခကို ရယူရေးအငြင်းပွားမှုသည် ယခုအခါ ညှိနှိုင်းရယူနိုင်ခဲ့ပြီ။ ရင့်ကျက်သောနားလည်မှုကို တည်ဆောက်နိုင်ခဲ့ပြီ။ ပီနာရာက သမ္မတမိုရေးကို နွေးထွေးစွာ ကြိုဆိုသည်။ မာမာနီကား ဗိုလစ်ဗီးယားနိုင်ငံရေးနှင့် အထူးသဖြင့် သမ္မတ မိုရေးကို မကျေနပ်ခဲ့သူဖြစ်၏။ ယခုမူ မိုရေးက မာမာနီကို လက်ခံပါမည်ဟု ကမ်းလှမ်းသည်။ နားလည်မှု အခွင့်အလမ်း ကြီးပင်တည်း။

အပေါ်မှဆရာဝန်များက လုပ်သားများကို စကားပြောသောအခါ အများအပြားကပင် မိမိသည် နောက်ဆုံးမှ

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



နေလိုကြောင်း ပြောခဲ့ကြ၏။ စည်းလုံးခိုင်မာမှုကို အပြည့်အဝနှင့် လေးလေးစားစားပြခြင်းပင် ဖြစ်ပေသည်ဟု သူကဆို၏။ သို့သော် နောက်ထပ်မေးခွန်းများ မေးသောအခါမှာမူ ကမ္ဘာ့မှတ်တမ်းကြီး၌ မြေအောက်တွင်အကြာဆုံးနေခဲ့သူ မိုင်းလုပ်သားအဖြစ် နေရာရလိုမှုဖြစ်ကြောင်း သိရှိခဲ့ရလေ၏။ ဤကဲ့သို့ ရှုပ်ထွေးနေသောအနေအထားကြောင့် ကမ္ဘာ့မှတ်တမ်းတွင် လူတစ်ယောက်ချင်း မဟုတ်ဘဲ တစ်အုပ်စုလုံးကို မှတ်တမ်း တင်မည့်အကြောင်း ပြောကြားရင်း ဖြေရှင်းခံရလေသည်။

ညဦး ၈း၀၀ နာရီ။

ကယ်ဆယ်ရေးလုပ်သား ၅ ဦးတို့သည် တောင်ပေါ်ရှိ ကွန်တင်နာအဖြူလေးထဲတွင် စကားပြောနေကြ၏။ ဖိုးနစ်ခ်ခရီးကို ဆွေးနွေးနေကြခြင်း ဖြစ်သည်။ သူတို့ စမ်းသပ်ကြည့်စဉ်က အန်နဲ့ခဲ့ရပုံကို တစ်ယောက်က ပြန်ပြောပြသည်။ အထဲမှာ သူတို့ထင်ထားသည်ထက် စိုစွတ်ပြီး မှုန်းကြပ်သည်။ လှိုဏ်ခေါင်းတစ်ဝက်မျှ သွားခဲ့သောသူပင် အဝတ်တွေစိုရွှဲခဲ့ရကြောင်းလည်း ပြောမိကြသည်။

ဆေးအဖွဲ့ခေါင်းဆောင် ဒေါက်တာလီလီယာနာဒေဗီယာကလည်း လုပ်သားများ၏ ကျန်းမာရေးနှင့် ပတ်သက်ပြီး အောက်ပါအတိုင်း ညွှန်ကြားခဲ့၏။ 'တို့က လုပ်သားတွေကို အုပ်စုနှစ်စု ခွဲထားတယ်။ ကျန်းမာတဲ့ လူတွေက တစ်စု မကျန်းမမာဖြစ်နိုင်တဲ့ အလားအလာရှိသူတွေက တစ်အုပ်စုပါ။ တချို့လူတွေဟာ မိသားစုက သိထားတာထက် ပိုပြီး ဆိုးဝါးတဲ့ရောဂါ ရှိနေနိုင်တယ်။ လူတစ်ယောက်ဆိုရင် အရင်က သူ့ကိုယ်သူသေကြောင်း ကြံစည်ဖူးတယ်။ တစ်ယောက်ကတော့ သူ့ကို ချစ်သူ (၇)ယောက် စောင့်နေတယ်လို့တောင် ပြောနေတယ်။ ဒီတော့ တို့အနေနဲ့ အထူးဂရုစိုက်ရလိမ့်မယ်'

ရောဂါအလားအလာရှိသည်ဟု ဒေါက်တာလီလီယာနာ ပြောခဲ့သောအုပ်စုတွင် နှစ်ယောက်မှာ သွားရောဂါခွဲစိတ်ရမည်။ တချို့ကား ရန်လိုနေကြလိမ့်မည်။ ထိုကဲ့သို့သော လူများကို ထိန်းချုပ်ရေးကား အိပ်ယာပေါ်လဲနေအောင် စိတ်ငြိမ်ဆေး ထိုးပေးရန်သာ ဖြစ်ကြောင်း ဆေးထိုးအပ်တော့ အသင့်ပဲ ဟုပြောလေသည်။

ကယ်ဆယ်ရေးစည်းမျဉ်းနှင့် ပတ်သက်၍ ပထမကယ်ဆယ်ရေးသမားသည် ဆရာဝန်လည်းဖြစ်၊ ရဲသားလည်း ဖြစ်ရမည်။ သူက လုပ်သား၏ ကျန်းမာရေးကို စစ်ဆေးပြီး တန်းစီထားရမည်။ အောက်မှ ဗီဒီယိုကင်မရာက အမြဲရိုက်ပို့နေမည်။ အပေါ်မှ ဆရာဝန်များ၊ အင်ဂျီနီယာများက အချိန်မှန်၊ အဖြစ်အပျက်မှန်ကို စောင့်ကြည့်ရန်ဖြစ်သည်။

အကယ်၍ တင်းမာမှုများ ဖြစ်ပေါ်လာပါက ကယ်ဆယ်ရေးလုပ်သားများတွင် လုပ်ပိုင်ခွင့် အပြည့်အဝရှိသည်။ အစီအစဉ်အတိုင်း ဖြစ်အောင် ထိန်းရမည်။ မှားယွင်းမှုမရှိပါက ကယ်ဆယ်ရေးလုပ်သားများက ဖိုးနစ်ခ်၏လုပ်ငန်းစဉ်ကို အကျဉ်းရုံးရှင်းပြပြီး ခါးမှာ ခါးပတ်ပတ်ခိုင်းရန်ဖြစ်၏။ ပြီးလျှင် ခြေအိတ်ရှည်ကြီးများ ဝတ်ရမည်။ ခြေအိတ်ရှည်က ပေါင်ရင်းအထိရှည်မည်။ ကြာကြာ မတ်တပ်ရပ်ရခြင်းက ကိစ္စမရှိ။ ခြေအိတ်ရှည်များက သွေးလှည့်ပတ်မှုကို ထိန်းရန်ဖြစ်၏။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ခါးပတ်က ဖိုးနစ်ခ်ထဲတွင် ယိမ်းယိုင်မှုမဖြစ်အောင် ထိန်းရန်ဖြစ်သည်။

သူတို့ အတွင်းဝင်မိသည်နှင့် တံခါးပိတ်သွားမည်။ အချက်ပြမည်။ လွတ်လပ်ရေးအတွက် ခရီးစတင်မည်။ ၁၅ မိနစ်ကြာ အမြင့်သို့ ခေါ်ဆောင်ခြင်းခံရမည်။

အပေါ်ရောက်သည်နှင့် လုပ်သားတိုင်းကို သတ္တုအိမ်တွင်းမှထုတ်ပြီး သမ္မတပီနာရာနှင့် တွေ့စေမည်။ ပြီးလျှင် မိသားစုနှင့် ခေတ္တနုတ်ဆက် ပွေ့ဖက်နမ်းနိုင်မည်။

ထို့နောက်တွင်မှ သူတို့အား 'လူနာတင်စင်'ဖြင့် စခန်းရှိဆေးရုံသို့ တွန်းသွားမည်။ တာဝန်ရှိသူများက စောင့်ကြပ်လိုက်ပါမည်။ ဆေးရုံက ကယ်ဆယ်ရေးအပေါက်ဝနှင့် မီတာ ၂၀ ပဲဝေးပါသည်။ လုပ်သားများကို ဆေးရုံတွင်းသို့ ဘီးတပ်စင်ဖြင့် တွန်းသွားပြီး ခဏမျှ စစ်ဆေးမည်။ ပြီးလျှင် ရိုးရိုးလေးနှင့်စိမ့်ရှိသော ရေချိုးပေးခြင်း ပြုလုပ်ပါမည်။ ၁၀ ပတ်တွင် ပထမဆုံးသန့်ရှင်းသော ရေချိုးခြင်း။

အကယ်၍ လုပ်သားများက ခန္ဓာအရဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာအရဖြစ်စေ၊ အဆင်မပြေဖြစ်နေပါက ဆေးအဖွဲ့က နာရီတချို့ကြာအောင် စစ်ဆေးရပါမည်။ ထို့နောက် ဒုတိယအဆောင်သို့ ပို့မည်။ ထိုအဆောင်တွင် မိသားစုနှင့် ကြာကြာတွေ့နိုင်ပါမည်။ နောက်ဆုံးအဆင့်ကား ကယ်ဆယ်ရေးလုပ်ငန်း၏ အမြင့်ဆုံးအဆင့်ဖြစ်၏။ တစ်နေရာတွင် ဟယ်လီကော့ပ်တာစီးကာ ကိုပီယာပိုဆေးရုံသို့ သွားရန်တည်း။ အကယ်၍ ကားဖြင့်သွားလျှင် နာရီနှင့် ချီပြီးကြာမည်။ ပါပါရာဇီတွေ ဝိုင်းအုံတာခံရမည်။ ထို့ကြောင့် မိနစ်ပိုင်းဖြင့် ရောက်နိုင်သော ဟယ်လီကော့ပ်တာရဟတ်ယာဉ်နှင့် သွားရခြင်းဖြစ်၏။ ကိုပီယာပိုဆေးရုံရောက်သောအခါ ပိုမိုအသေးစိပ် ဆေးစစ်ခြင်းခံရမည်။ သွေးစစ်ခြင်း၊ ဓာတ်ခွဲခန်းကိစ္စလုပ်ခြင်း အပြင် စိတ်ပိုင်းဆိုင်ရာ စစ်ဆေးခြင်းများလည်း ပြုလုပ်ရမည်ဖြစ်လေသည်။

ကယ်ဆယ်ရေးလုပ်နေစဉ် တစ်လျှောက်လုံး ကျန်းမာရေးအရာရှိများသည် လုပ်သားများအား ကျန်းမာရေး အကူအညီပေးရန် အတင်းအကြပ်လုပ်ခွင့် မရှိကြောင်း နားလည်ထားကြသည်။ အကယ်၍ လုပ်သားတစ်ဦးဦးက ဖိုးနစ်ခ်ထဲမှ ထွက်လာပြီး အိမ်ကို ချက်ချင်းလမ်းလျှောက်ပြန်မည် ဆိုလျှင်လည်း တားဆီးရန်ဥပဒေမရှိချေ။ သို့သော် စိတ်ပိုင်းဆိုင်ရာအရ ပြောရလျှင် လုပ်သားများက ကျေးဇူးတင်ရုံမက ဝမ်းပန်းတသာလက်ခံကြမည်ဟု မျှော်လင့်ရပါသည်။

သေဘေးဆိုးကြီးမှ ကယ်တင်ခဲ့ပြီး ဆက်လက်ဆောင်ရွက်နေခြင်းအပေါ် အခက်အခဲရှိတော့မည်မဟုတ်ပါ။

မြေအောက်မှာတော့ ယခုအခါ 'ပါတီကျင်းပလိုစိတ်' တွေဖြစ်နေသည်။ ကယ်ဆယ်ရေး လုပ်မည့်နေရာတွင် အသံချဲ့စက်အသေးလေးဖြင့် တေးသီချင်းများကို ဖွင့်ထား၏။ ဗီဒီယိုကင်မရာများက နောက်ဆုံးမြင်ကွင်းအသေးစိတ်ကို ရိုက်ကူးနေသည်။ လုပ်သားများက နောက်ဆုံးဓာတ်ပုံများအဖြစ် ကိုယ်ဟန်ပြကြ၏။ သူတို့သည် နောက်ဆုံးညွှန်ကြားချက်ကို

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



နားထောင်ရန် စုရုံးကြသည်။ ဖိုးနစ်ခ် ကယ်ဆယ်ရေးအိမ်၏ကြမ်းပြင်ကို ထွက်၍ရလောက်အောင် လုပ်ထားသည်။ အဆိုးဆုံးကိစ္စကား အကယ်၍ ဖိုးနစ်ခ်က 'ကပ်ငြိ'နေခဲ့သော် စီးနင်းလိုက်ပါသူသည် မိုင်းအောက်ဆုံးလွှာသို့ ဆင်းပြီး အင်ဂျင်နီယာများ စက်ပြင်သည်ကို စောင့်ဆိုင်းကြရန်ဖြစ်၏။

ည ၈း၀၀ နာရီ။

သမ္မတပီနာရာက တောင်ကုန်းအမြင့်တစ်ဝက်တွင် မိုးကာတဲတစ်တဲထားပြီး နေ၏။ ဈေးနည်းနည်းနှင့်လုပ်သော မင်္ဂလာပွဲကဲ့သို့ ရွှေ့ပြောင်း၍ရသော စာပွဲငယ်များ တောင်တန်းဘေးတစ်လျှောက် ခင်းထားသည်။ အပြာရောင်စာပွဲခင်းရှည်များ ခင်းထားသည်။ အချိုရည်ပုလင်းများ၊ သစ်သီးဖျော်ရည်များ၊ မုန့်များ ခင်းထားပြီး မျက်နှာပြင်အပြား TV တစ်စုံကိုလည်း တင်ထားလေသည်။ ဤနေရာတွင် မိသားစုဝင်များသည် သူတို့၏ နောက်ဆုံးနာရီများကို TV ကြည့်ရင်း စောင့်နိုင်သည်။ သမ္မတပီနာရာကား ကြင်ယာတော် စီစီလျာမိုရေးနှင့်အတူ တခြားအဆင့်မြင့်အရာရှိများ ခြံရံလျက် မိသားစုများကို နှုတ်ဆက်ရန် စောင့်နေခြင်းဖြစ်၏။ လိုအပ်ပါက အောက်မှရိုက်ပို့သော ဖြစ်ပေါ်တိုးတက်မှုများကို မော်နီတာဖန်သား၌ စောင့်ကြည့်ရန်လည်း ဖြစ်လေသည်။

တောင်အောက်မှာတော့ မိသားစုများ ထောင်ကျသလို ဖြစ်နေရ၏။ မိသားစုတိုင်းကို သတင်းအုပ်စုကြီးက '၆၉ ရက်လုံးလုံး မိမိတို့ချစ်သူများကို စောင့်ခဲ့ရာ၌ ခံစားရပုံများ' ကို ပိုင်းမေးနေကြသည်။ အေဗာလို့စ်တဲအနီးမှာဆိုလျှင် သတင်းထောက်တစ်ရာကျော် စုပြုံလာ၏။ တဲထဲဝင်ကြသဖြင့် အလဲလဲအပြိုပြို ဖြစ်ကြသည်။ ကြက်ဥတွေ ကွဲကုန်သည်။ စားစရာထားသော စင်တွေနှင့်တိုက်မိပြီး မိသားစုကိုလည်း တိုးမိတွေ့မိကြသည်။ သို့သော် ဘယ်သူမျှ စိတ်မပျက်ကြပါ။ မိသားစုနှင့် သတင်းမီဒီယာတို့က တစ်ဖက်ကိုတစ်ဖက် နားလည်မှုဖြစ်နေကြဖို့ သင်ယူပြီးဖြစ်သည်။ ဘာသာစကားချင်းမတူ ယဉ်ကျေးမှုခြင်း ခြားနားသော်လည်း နားလည်နိုင်ကြပါသည်။ သို့သော် စခန်းသို့လာရောက်ကြသော ဧည့်သည်အားလုံးကိုကား မကြိုဆိုပါ။ သမ္မတပီနာရာ၏ညီဖြစ်သူ မီဂါပီနာရာ ရောက်လာသောအခါ မိသားစုများက ဆန့်ကျင်ခဲ့ကြ၏။ သူ့ကို 'လူမည်း'ဟု နာမည်ပြောင်းပေးထားသည်။ သူ့ဆံပင်က မည်း၍လား။ မိသားစုထဲတွင် 'သိုးမည်း'ဖြစ်၍လားတော့ မသိရချေ။ သူကား နာမည်ကြီးနိုက်ကလပ်တစ်ခုကို ပိုင်ပြီး ညပါတီများ၏ချစ်သူ အဆိုတော်ဖြစ်၏။ သူရောက်လာသောအခါ မိသားစုတစ်ဦးက 'ထွက်သွား။ ငါတို့ဒီလို ရုပ်ပြတာမျိုး မလိုချင်ဘူး'ဟု အာ်ဟစ်မောင်းထုတ်၍ ဇော်ကားလိုက်ကြသည်။

ဟယ်လီကော့ပ်တာနှစ်စီးကလည်း ကွင်းထဲ၌ ဝင်လိုက်ထွက်လိုက် လုပ်ကြသည်။ ကိုပီယာပိုဆေးရုံသို့ အမြဲလေ့ကျင့်နေကြခြင်းတည်း။ ကားဖြင့်သွားလျှင်လမ်းက အကွေ့အကောက်များသည်။ တစ်နာရီ မောင်းရသည်။ ဟယ်လီ

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ကော့ပ်တာနှင့် ဆိုလျှင်တော့ အရေးပေါ်အခန်းသို့ ၅ မိနစ်အတွင်းရောက်ရှိ ကြမည်ဖြစ်သည်။

ထိုနောက် တောင်က သူပုန်ထလာပြန်သည်။

အောက်မှ သတင်းတက်လာသည်။ မိုင်းအမိုးအက်ကွဲပြီး အသံမြည်လာသည်ဟု ဆို၏။ အသံမြည်ဟီးခြင်း၊ ကျောက်တုံးများ ကျလာခြင်းက ဒုက္ခမပြီးသေးကြောင်း သတိပေးနေခြင်းပင်ဖြစ်၏။

နောက်ဆုံးမိနစ်တွင်ကား ချီလီအစိုးရသည် မိုင်းပြိုသည့်သတင်းကို ဆင်ဆာဖြတ်လိုက်သည်။ ယခု မပြောရန် ဖြစ်၏။ အချိန် အလွန်နီးကပ်နေသဖြင့် ဤကဲ့သို့သတင်းဆိုးကို ထုတ်မပြောရန် တားခြင်းဖြစ်သည်။ သို့သော် မိသားစုများ အတွင်းထဲမှ သတင်းလမ်းကြောင်းများက ရှိနေ၏။ သည်အခါ ကောလာဟာလများ ချဲ့ကားပြောဆိုလာကြသည်။ မိုင်း အဝမှလည်း သတင်းထွက်သည်။ အောက်ရှိလုပ်သားများထံမှလည်း သတင်းထွက်သည်။ ထို့ကြောင့် ပီနာရာအစိုးရ လည်း ဘာမျှမထိန်းချုပ်နိုင်တော့ချေ။

တောင်ထိပ်ရှိ ပါဆယ်ဌာနတွင် ကယ်ဆယ်ရေးလုပ်သားများသည် မယုံကြည်မှုဖြင့် စုဝေးနေကြ၏။ လူတွေကို နာရီပိုင်းအတွင်း ကယ်တင်ဖို့ စီမံထားပြီးပြီ။ သို့သော် နတ်ဘုရားများ စိတ်ဆိုးနေလေသလား။ အယူသည်းသောလူများက ဤတောင်ကို နတ်ဘုရားမတစ်ဦးပိုင်သည်ဟု ယုံကြည်ကြသည်။ ဒဏ္ဍာရီအရ တောင်က အကောက်အခွန်တောင်းသည်ဟု ဆိုသည်။ ယခုတောင်းသော အကောက်အခွန်မှာ 'လူ့အသက်'ဖြစ်မည်ဟု ထင်နေကြသည်။ ထို့ကြောင့် ၃၃ ယောက်လုံး အသက်ရှင်လျက် ထွက်လာနိုင်မည်မဟုတ်။

တောင်ကလည်း ဆက်တိုက် အက်ကွဲနေသည်။ လုပ်သားများက ကယ်ဆယ်ခံရဖို့ နာရီပိုင်းပဲလိုတော့သည်။ သို့သော် တောက်လျှောက် အက်ကွဲအော်ဟစ်နေသံက ကြောက်မက်ဖွယ် သတိပေးချက်ဖြစ်နေလေ၏။

လုပ်သားများကမူ တောင်အက်သံကြောင့် မတုန်လှုပ်ကြတော့ပေ။ ယခုအခါ သူတို့က ကျောက်ခဲမိုးရွာသည်ကို အသားကျနေခဲ့ပြီပဲ။ သူတို့နေရာမှာ တိုက်ရိုက်မဟုတ်ခဲ့လျှင် သူတို့မကြောက်တော့ပေ။ တစ်ဦးဦးကို မထိမချင်း မပူကြတော့ချေ။ သူတို့သည် သေခြင်းကို ရှောင်ရှားခဲ့ပြီးပြီ။ စိတ်ပညာရှင်များလည်း အလားတူကြုံဖူးကြ၏။ ပေါက်ကွဲမှု အမျိုးမျိုး ကြားထဲမှလွတ်လာသော စစ်သားများသည် သေနတ်ကျည်ဆံအနားမှာ ဝဲလာလျှင်လည်း သူတို့က ဂရုမစိုက်ရရန်နှင့် လမ်း လျှောက်နိုင်တာ တွေ့ဖူးကြပေသည်။

ချီလီနိုင်ငံ အမျိုးသားရုပ်မြင်သံကြား ဌာနက ကယ်ဆယ်ပုံတစ်ခုလုံးကို အစအဆုံး တိုက်ရိုက်ထုတ်လွှင့်ပြသရန် စီစဉ်ထားသည်။ သူတို့က ကင်မရာ ၇ လုံး ဆင်ထား၏။ ကင်မရာအားလုံး မြင်ကွင်းပြည့်စုံရမည်။ တိုက်ရိုက်ထုတ်လွှင့် ထုတ်ချက်များကို လွှင့်သောအခါ မိသားစုများရော ကမ္ဘာ့ပရိသတ်ကပါ အသေးစိတ်မြင်နိုင်မည် ဖြစ်သည်။ ကမ္ဘာ့လား

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ဘောလုံးပွဲကဲ့သို့တည်း။ ဘယ်ရှုထောင့်မှ မကျန်စေရ။ တစ်ခု စိုးရိမ်နေကြသည်မှာ လုပ်သားများ သတိလစ်ပြီးပါလာမလား။ အော့အန်ရင်းပါလာမလား ဟူ၍ဖြစ်၏။

ချိုလီအစိုးရက အပြည့်အဝထိန်းချုပ်ပြီး ရုပ်ပုံများကို ကမ္ဘာကမြင်နိုင်အောင် ပြမည်ဖြစ်သည်။ ကျန်းမာရေးအရာရှိများကလည်း သူတို့၏အနေအထားကိုပြနိုင်သည်အထိ အောင်မြင်စွာစင်တင်ကြရန် စုဝေးနေသည်။ ကြီးမားသော ချိုလီအလံကြီးက အစိုးရမဟုတ်သော သတင်းသမားများကို မမြင်စေရအောင် လွှင့်ထူထား၏။ ဤတွင် ဆန့်ကျင်အော်ဟစ်သံများ ကြားရတော့၏။

ည ၁၁း၀၀ နာရီ။

သတင်းမီဒီယာများက သူတို့ရိုက်၍မရကြောင်း တိုင်တောလာကြသည်။ မီဒီယာ ဤမျှ အင်အားကြီးသော်လည်း ဖိုးနစ်ခ်အိမ်သည် လျှို့ဝှက်မှုထဲ၌ ရှိနေသေးသည်။ ဖိုးနစ်ခ်ကား ၁၆ နှစ်သား ဉာဏ်ကောင်းသူများ ရေးဆွဲထားသည့် ဒုံးကျည်နှင့် တူသည်။ အမြီးတွင် အမြိတ်ဖျားလေးများရှိပြီး ဘေးတွင် ရွှေ့နိုင်သော ဘီးများပါသည်။ ရှည်မျောမျောပုံစံက ၆၁၀ မီတာ လှိုဏ်ခေါင်းတွင် ချောမောစွာ လျှောတက်လာရန် ဖြစ်၏။ သူတက်လာပုံက ကစားကွင်းရှိ စီးနင်းရသော ယာဉ်နှင့်တူပေလိမ့်မည်။

သမ္မတ ပီနာရာက ကယ်ဆယ်ရေးဖိုးနစ်ခ်အိမ်ကို စိတ်ဝင်စားစွာ ကြည့်၏။ ၁၀၀ ရာခိုင်နှုန်းစိတ်ချရရဲ့လားဟု ဆောင်ဂါရက်ကို မေးသည်။ ဆောင်ဂါရက်ကလည်း စိတ်ပူစရာမရှိပါကြောင်းနှင့် အနည်းငယ်စွန့်စားရတာပါဟု ဖြေသည်။ ပီနာရာက 'ငါ အောက်ကို လိုက်သွားချင်တယ်' ဟုဆိုသည်။ ပီနာရာ စိုးရိမ်တတ်ကြောင်းကို သူကိုယ်ပိုင် ဟယ်လီကော့ပ်တာနှင့် ခရီးသွားဖူးသော သူ့လက်ထောက်များက သိသည်။ သူ့ကို ကြည့်ရင်း ထိုစိတ်ကူးကို ဖယ်ချလိုက်ရန် စီစီလျာက သူ့ယောကျ်ားကို ပြောတော့သည်။ 'ဒီကိစ္စ မစဉ်းစားပါနဲ့'ဟု စီစီလျာက အမိန့်ပေးသည်။ ပီနာရာက သူ့မူလစိတ်နှင့် ဆန့်ကျင်နေစေကာမူ သူ့ဇနီးစကားကို နာခံလိုက်လေသည်။

ပီနာရာက ကယ်ဆယ်ရေးလုပ်သား 'မန်နူယယ်လ် ဂွန်ဇာလီ'တစ်ယောက် ဖိုးနစ်ခ်အိမ်ထဲဝင်ပြီး မြေအောက်လူ ၃၃ ဦးဆီအရောက် ခရီးအပြည့်အစုံကို ပထမဆုံးသွားရောက်ရန် လုပ်သည်ကို အနည်းငယ်မနာလိုစိတ်ဖြင့် ကြည့်သည်။ အပေါ်မှ အဝါရောင်ဘီးကြီး လှိမ့်လိုက်ပြီ။ ကြိုးကြီးကျလာပြီ။ မထိမခိုက် ဖြည်းညှင်းစွာ ကျသွားသည်။ သတ္တုအိမ်၏ အမြီးဖျားများ လှိုဏ်တွင်းထဲဝင်သွားကြပြီ။ ဤတွင် ဖိုးနစ်ခ်လည်း မြင်ကွင်းမှ ပျောက်သွားတော့သည်။ ကမ္ဘာတစ်ခုလုံးကလည်း မမှိတ်မသုန် စောင့်ကြည့်နေကြလေသတည်း။

■

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ကယ်ဆယ်ရေးအတွက်
သီးခြားသုံးတွင်း တူးခဲ့သည်




ဝန်ကြီးဂိုလ်ဘိုနီ သတ္တုဗေဒ ပိနာရာနှင့်
အင်ဂျင်နီယာခေါင်းဆောင် ဆောင်ဂါရက်

www.burmeseclassic.com


www.burmeseclassic.com


တွင်းထဲမှ အထက်သို့ မြင်ရပုံ


“ဖီးနစ်” ကက်ပ်ဆူယ်နောက်ဆုံးရောက်လာပြီ





www.burmeseclassic.com

www.burmeseclassic.com



## အခန်း - ၁၃
## ကယ်ဆယ်ပြီ

နောင်အခါ သူငြင်းကောင်းငြင်းနိုင်သော ကိစ္စတစ်ခုရှိ၏။ ယင်းကား အခြားမဟုတ်။ လုပ်သားတို့ထံ ပေးပို့သော ပါဆယ်ထုပ်ထဲသို့ ချောကလက်နှင့် သကြားလုံးများ ထည့်ပေးသူသည် ပီဒရိုဖြစ်ကြောင်း လုပ်သားများက သစ္စာဆိုရဲသည်ဟူသော ကိစ္စပင်ဖြစ်၏။ ဤကဲ့သို့ ပီဒရိုသည် လုပ်သားများအပေါ် သစ္စာရှိကြောင်း သိရှိကြသဖြင့် လုပ်သားများ၏ အမြင်တွင် ပီဒရိုကား ကောင်းမြတ်သောသူတော်စင်တစ်ဦး ဖြစ်နေလေသည်။

ယခုအခါ ကယ်ဆယ်ရေးလုပ်သား ၅ ဦးစုရုံးမိကြပြီ။ အောက်သို့ဆင်းရန် အသင့်ဖြစ်ကြလေပြီ။ နှစ်ယောက်မှာ ဆေးဝါးအထူးကျွမ်းကျင်သူ ရေတပ်သားဖြစ်၏။ နှစ်ယောက်မှာ 'ကိုဒီကို'မှ ကယ်ဆယ်ရေးသမားများ ဖြစ်ပြီး ကျန်တစ်ယောက်မှာ ချီလီရဲဌာနမှ အထူလုပ်ငန်းအဖွဲ့ဝင် ဖြစ်သည်။ မိုင်းပြိုပြီးခါစ ၄၈ နာရီအတွင်း အန္တရာယ်ရှိသော မိုင်းထဲသို့ ဆင်းခဲ့သူဖြစ်၏။

ဖိုးနှစ်ခ်ကား အောက်ရှိ ကားပြင်ရုံအမိုးမှ ဝင်လာမည် ဖြစ်သည်။ မိုင်းလုပ်ငန်းများ ဆောင်ရွက်နေချိန်မှာ ကားပြင်ရုံသည် ယာဉ်များ၊ စက်များ ပြင်ဆင်တပ်ဆင်သော နေရာဖြစ်ခဲ့၏။ မိုင်းပိတ်မိချိန်မှ စ၍နောက်ပိုင်းမှာမူ ကားပြင်ရုံသည် အလွန်စိတ်မချရသော မငြိမ်သက်သော နေရာအဖြစ် သဘောထားခဲ့ကြသည်။ အိပ်ရန်မသင့်တော်ဟု သတ်မှတ်ခဲ့ကြသည်။ သူတို့ အိပ်သောနေရာမှ မီတာ ၃၈၀ အမြင့်မှာရှိသည့် ဤကားပြင်ရုံသို့ လုပ်သားများ တက်လေ့မရှိကြပေ။ ယခုမူ ထိုအန္တရာယ်ရှိသည်ဆိုသော နေရာသည် ၁၀ ပတ်လုံးလုံး အိပ်မက်ဆိုးကြီး၏ အရေးအပါဆုံး၊ နောက်ဆုံးနေရာဖြစ်လာပြီ။ ဤတွင် သူတို့သည် အိပ်စင်များ၊ အဝတ်အစားများကို ကားပြင်ရုံအနားသို့ ပြောင်းရွှေ့ခဲ့ကြ၏။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ထွက်ရတော့မည် ဆိုသော်လည်း ပုံမှန်တာဝန်များကို ထိန်းထားဆဲဖြစ်သည်။ နောက်ဆုံးမိနစ်အထိ တစ်ဦးဦးက ပါဆယ်ထုပ်ကို လက်ခံရမည်။ နောက်ဆုံးအချိန် လုပ်သားများအတွက် အစားအစာများ ရပ်လိုက်ပြီဆိုလျှင်တောင် ကယ်ဆယ်ရေးသမားများ တစ်နေ့လုံး ရှိနေရဦးမည်ဖြစ်ရာ ထိုလူများအတွက် ပူပူနွေးနွေးအစားအစာများကို ပါဆယ်ဖြင့် ချပေးရဦးမည်။ ဒါမှသာ ကယ်ဆယ်ရေးသမားများ လန်းဆန်းကြလိမ့်မည်။ ပါဆယ်ကို နောက်ဆုံးကယ်ဆယ်ရေး ရက်အထိ တာဝန်ချထားမည်ဖြစ်ပြီး နောက်ဆုံးပါဆယ်ကို တာဝန်ယူရသူသည် 'ဖရန့်ကလင် လိုဘိုစ့်'ဖြစ်၏။ ဤတာဝန်ကား လိုဘိုစ့်အဖို့ အသက်နှင့်ရင်းရသော တာဝန်ပင် ဖြစ်တော့သည်။

ညဉ့် ၁၁း၃၇ နာရီ။

ဖိုးနစ်ခ်ကို မျှော်နေသော လုပ်သားများကို အသံလွင်လွင်က လှုပ်ခါလိုက်သည်။ အနီရောင် အမြိတ်ဖွားလေးများသည် အမိုးပေါ်က အနေးပြကွက်သဖွယ် ဆင်းလာ၏။ ဖိုးနစ်ခ်အိမ် တစ်ဆင့်ပြီးတစ်ဆင့်နှင့် ဆင်းလာပုံသည်၊ အခြားဂြိုဟ်တစ်ခုမှ ဧည့်သည်တစ်ဦး ရောက်လာပုံနှင့် တူနေသည်။ လုပ်သားများသည် ရုတ်တရက် ကြက်သေသေသွားကြ၏။ သူတို့ အိပ်မက် မှန်လာပါပြီကော။

'ယွန်းနီ'က အရင်ဆုံး ချဉ်းကပ်သွားသည်။ ထို့နောက် ဖိုးနစ်ခ်အတွင်းသို့ ချောင်းကြည့်လိုက်သည်။ အထဲမှာ အထူးကျွမ်းကျင်သူ ကယ်ဆယ်ရေးသမား 'မန်နူယယ်လ် ဂွန်ဇာလီ' ကိုမြင်ရတော့၏။ ၆၉ ရက်အတွင်း မိုင်းထဲသို့ လူသားတစ်ဦး နောက်ထပ်ရောက်လာခြင်းပါတကား။

ဂွန်ဇာလီက ဖိုးနစ်ခ်တံခါးကို ဖွင့်ပြီးအောက်သို့ ဆင်းနေသည်ကို လူ ၃၃ ယောက်တို့သည် အံ့သြခြင်း၊ တုန်လှုပ်ခြင်းအပြင် လေးစားခြင်းနှင့်ပါ ကြည့်နေကြလေ၏။ ဂွန်ဇာလီက အောက်ရောက်ရောက်ချင်း အနားလာကပ်သူ 'ယွန်းနီ'ကို ပွေ့ဖက်လိုက်လေသည်။ ဤတွင်မှ ဘောင်းဘီတိုနှင့် ကိုယ်လုံးတီးနီးပါး လုပ်သားများက ဂွန်ဇာလီကို နှုတ်ဆက်ပွေ့ဖက်ရန် အပြေးအလွှား သွားကြတော့၏။

ယခုအခါ လုပ်သားတစ်ဦးဖြစ်သော 'ဖလိုရန့်စီယိုအေဗာလို့စ်' အတွက် လွတ်မြောက်ခြင်းသည် မိနစ်ပိုင်းသာ ကျန်တော့သည်။

အေဗာလို့စ်က အသင့်ဖြစ်နေ၏။ အစိမ်းရောင်ဘောင်းဘီအင်္ကျီအတွဲလိုက်ဝတ်စုံကို သူဝတ်ထားပြီးပြီ။ ရင်ဘတ်မှာ သူ့နာမည်ရေးထိုးထားသော ဝတ်စုံဖြစ်သည်။ နေကာမျက်မှန်အစုံကိုလည်း သူ့မျက်လုံးတွေကို ကာကွယ်ဖို့ တပ်ထားပြီး သူ့ညာဖက်လက်ကောက်ဝတ်မှာက သူ့နှလုံးခုန်နှုန်းကို တိုင်းတာပြီး လက်ရှိအခြေအနေကို အပေါ်ရှိ ကယ်ဆယ်ရေးအဖွဲ့သို့ သတင်းပို့မည့် မော်နီတာ ရှိနေသည်။

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



သူ၏ ဘယ်ဘက်လက်ညှိုးမှာက သူ့သေွးထဲရှိ အောက်ဆီဂျင်အတိုင်းအတာကို တိုင်းရန် ပစ္စည်းကိရိယာလေး တစ်ခုကို ကပ်ထား၏။ သူ့ ရင်ဘတ်ကိုတော့ မော်နီတာတစ်ခုနှင့် တင်းနေအောင် ပတ်ထားသည်။ ဤမော်နီတာက မြေပေါ်မှ ဒေါက်တာများ၊ စက်ဆရာများထံ သင်္ကေတ ၆ မျိုးကို ပေးပို့မည်ဖြစ်၏။

အခြားလုပ်သားများက ဝိုင်းကြည့်ကြသည်။ ဓာတ်ပုံရိုက်ကြသည်။ အိမ်သုံး ဗီဒီယိုရိုက်ကြသည်။ အားလုံး စိတ်လှုပ်ရှားနေကြစေကာမူ အခန်းတွင်းမှာ ထူးဆန်းစွာတိတ်ဆိတ်ငြိမ်သက်နေလေ၏။ သူတို့သည် တောင်ပြိုကျခဲ့ခြင်း၏ ထိတ်လန့်ဖွယ်များကို မေ့သွားကြသည်။ ဤအလွှာအောက်မှ 'ကင်ဘီယာ တေးဂီတ' ကလွှင့်ပျံ့လာသဖြင့် ပါတီပွဲတစ်ခုနှင့်ပင် ပို၍တူနေလေပြီ။ ကြမ်းပြင်ပေါ်တွင် ပူဖောင်းအဖြူများက ခုန်ပေါက်နေကြစဉ် သန့်ရှင်းသော ဘောင်းဘီတိုအဖြူများသာ ဝတ်ထားသော လုပ်သားများကား စိတ်လှုပ်ရှားခြင်းများစွာဖြင့် မြင်းခုန်သလို ခုန်ဆွခုန်ဆွ လုပ်နေကြလေသည်။

လုပ်သားများသည် ယခုအခါ ၁၀ ပတ်လုံးလုံး တောင်တန်းကြီးနှင့် စစ်တိုက်ခဲ့ရာမှ မိမိတို့ အမှန်တကယ် အနိုင်ရပြီဟု ခံစားကြရ၏။ မဲမှောင်နေသော လိုဏ်ခေါင်းများ တလျှောက်၊ အသေးစား ဖောက်ခွဲမှုလေးများကို နောက်ဆုံး အကြိမ်အဖြစ် လုပ်လိုက်ကြသည်။ အဝေးတွင် မီးရောင်တို့က ကခုန်နေကြတော့၏။

ဝွန်ဇာလီက အေဗာလို့စ်၏ လည်ပင်းတွင် အဖြူရောင်ဂုဏ်ပြုအမှတ်တံဆိပ်ကို ဆွဲပေးလိုက်သည်။ ကယ်ဆယ် ရေး လုပ်ငန်းစဉ်ကို လုပ်ထုံးလုပ်နည်းအတိုင်း စနစ်တကျပြုလုပ်ခြင်းဖြစ်၏။ အစစအရာအရာ အသေးစိတ်ကိစ္စများကို ရက်သတ္တပေါင်းများစွာ အစမ်းလေ့ကျင့်ခဲ့ပြီးဖြစ်သည်။ သို့တိုင်အောင် တောင်တန်းကြီးက အနှောင့်အယှက်ပေးနေ နိုင်သေးသည်။ မြေအောက် မီတာ ၇၀၀ ရှိ အလေးနက်ဆုံးငြိမ်သက်မှုပင်လျှင် ထိတ်လန့်ကြောက်ရွံ့မှု အမှန်တရားမှ ထူးထူးခြားခြား အမြင့်မားဆုံးလွတ်မြောက်မှု ဖြစ်နေလေတော့၏။

ညဉ့် ၁၁း၅၃ နာရီ။

အေဗာလို့စ်က ဖိုးနစ်ခ်ထဲသို့ လှမ်းတက်ဝင်ရောက်သည်။

ကယ်ဆယ်ရေးလုပ်သားများက တံခါးဂျက်ကို ပိတ်ပေးကြသည်။ အပေါ်မှ ထိန်းချုပ်သူ 'အော်တို' နှင့် အောက်မှ 'ပီဒရို' တို့အကြား စကားအပြန်အလှန် ပြောကြသည်ကို လုပ်သားများက စိတ်ရှည်လက်ရှည် နားထောင်ကြ၏။ ဤအတောအတွင်း အေဗာလို့စ်က သူ့မိသားစုနှင့် ပြန်တွေ့ရတော့မည်ဟူ၍ ကြိုတင်ပျော်ရွှင်နေသည်။ သူ့တွင် သားနှစ်ယောက်ရှိသည်။ သူတို့ဖခင်ကို မမြင်မတွေ့ရသည်မှာ နှစ်လရှိပြီ။ သူ့ဇနီးက စာတွေရေးနေခဲ့သည်။ ဗီဒီယိုထဲမှာ ကြည့်နေခဲ့သည်။ သို့သော် သူ့ခင်ပွန်းကို ထိတွေ့ခွင့်မရခဲ့။ သူ့ယောကျ်ား၏ မျက်လုံးထဲသို့ ကြည့်ခွင့်မရခဲ့။ အေဗာလို့စ်သည် အလုပ်ခွင်သို့ အေးစက်သောဆောင်းနံနက်မှာ လာခဲ့ခြင်းပါ။ ယခု နွေဦးရောက်ပြီ။

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



ဟော… ဖိုးနစ်အိမ်ကြီး အထက်သို့လျှောတက်ပြီ။

အေဗာလို့စ်က တစ်ချက်အော်လိုက်မိသည်။

ပြီးတော့ ပျော်သွားသည်။

နောက်တော့ ငါတစ်ယောက်တည်းပါလားဟု ချက်ချင်းအသိဝင်လာပြန်သည်။ အေဗာလို့စ်ကား ၁၅ မိနစ်လုံးလုံး သတ္တုအိမ် ဖိုးနစ်ခ်အတွင်းရှိ ရာဇမတ်ကွက်အပေါက်ကလေးများမှ ချောင်းကြည့်နေခဲ့၏။ ဖိုးနစ်ခ်က လျှောပြီးတက်နေသည်။ စပရိန်တပ်ထားသော ဘီးများက 'ကလပ် ကလပ်'နှင့် မြည်နေသည်။ အတွင်းရှိအလင်းရောင်က စိုစွတ်ချောမွေ့သော ကျောက်နံရံများကို ပြသနေသည်။ ဖိုးနစ်ခ်ကား အေဗာလို့စ်ကို လွတ်မြောက်ခြင်းဆီ လှိုဏ်ခေါင်းအတိုင်း ခေါ်ဆောင်လေပြီ။

အပေါ်ရောက်ရန် မီတာ ၂၀ အကွာတွင် အလင်းရောင်ကို မြင်ရ၏။ ပထမဆုံးအလင်းရောင်နှင့် ပထမဆုံး အသံများပေပဲ။ အပေါ်မှ ကယ်ဆယ်ရေးလုပ်သားများက အဆင်ပြေရဲ့လားဟု အော်ဟစ်မေးနေကြ၏။ နောက်တော့ မြန့်းဆို သူ့အလင်းထဲရောက်လာသည်။

စောင့်မျှော်နေသော ကမ္ဘာ့အတွက် သူ့ရဲကောင်းတစ်ဦး။

ငိုကြွေးနေသော သားများအတွက် ဖခင်တစ်ဦး။

ရှေ့တန်းမှာစောင့်နေသော သမ္မတပီနာရာအတွက် လူထုဆန္ဒကောက်ယူပွဲ၌ အကြီးအကျယ်မြင့်တက်စေမည့် လူ။

■

အေဗာလို့စ်အား ဖိုးနစ်ခ်သတ္တုအိမ်တွင်းမှ ဆွဲယူလိုက်စဉ် သူ၏ ၉ နှစ်ရွယ်သားလေး 'ဘိုင်ရွန်'က မျက်ရည် တွေကျလာသည်။ ကယ်ဆယ်ရေးလုပ်သားများက ခုန်ပေါက်ကြသည်။ မြူးတူးစွာ အောင်ပွဲခံကြသည်။ ကင်မရာတွေက တဖျတ်ဖျတ်နှင့် ရိုက်ကြသည်။ ၉ နှစ်သားလေးခမျာ စိတ်လှုပ်ရှားမှုကြားမှာ ခေတ္တတော့ တစ်ယောက်တည်း နစ်မျောနေ သည်။

ဤတွင် သမ္မတကတော် စီစီလျာမိုရေး၊ ကျန်းမာရေးဝန်ကြီး မန်နာလီ၊ ကယ်ဆယ်ရေးအဖွဲ့ ဒုတိယခေါင်းဆောင် ရီနီး အင်ဂျလာတို့ ပြေးလာကာ ကလေးကို နှစ်သိမ့်ချော့မော့ကြသည်။ ထို့နောက်တွင်ကား စစ်မှန်သောနှစ်သိမ့်မှုရောက်ရှိ လာလေသည်။ သူ့ဖခင်၏ ပွေ့ဖက်မှုပါ။

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



ဤလှပသော မြင်ကွင်းကိုကြည့်ရင်း ဝန်ကြီးများ၊ ဦးထုပ်ဆောင်းကယ်ဆယ်ရေး လုပ်သားများ၊ ဆရာဝန်များ၊ သတင်းထောက်များ အားလုံးပင် ပွင့်ပွင့်လင်းလင်းကြီး ငိုကြွေးခဲ့ကြပါသည်။

ဤမိုင်းတွင်း ပိတ်မိသူလုပ်သားများကို 'ပျောက်ဆုံးနေသော ၃၃'ဟု အစပိုင်းယ်ဖွင့်ဆိုခဲ့ရာမှ ယခုအခါမှာတော့ ကမ္ဘာက အမည်ပေးလိုက်ပြီ။ 'ချစ်သော အစုအဖွဲ့'ဟူ၍ ဖြစ်၏။ အဖွဲ့တစ်ဖွဲ့အနေနှင့် လုပ်နိုင်သော စွမ်းဆောင်မှုအတွက် နာမည်ရခဲ့ခြင်းဖြစ်သည်။

ဤနိုင်ငံကား သွေးစွန်းမှုများ၊ တစ်ဦးချင်း၏ အတ္တများအတွက် မကြာခဏအထင်အမြင်ခံရသော်လည်း ပျောက်ဆုံးနေသော ၃၃ တို့ကား ဆက်လက်စည်းလုံးနေကြောင်း၊ ဂူပိတ်ခံရသောအခါမှာပင် စည်းလုံးခဲ့ကြောင်း၊ အလုပ်သမား လူတန်းစား သူရဲကောင်းများ၏ ညီအစ်ကိုစိတ်ဓာတ်ရှိကြောင်း ကမ္ဘာကို ပြနိုင်ခဲ့လေပြီ။ အဖွဲ့လိုက်ဆောင်ရွက်မှုက သူတို့အား အသက်ရှင်စေခဲ့ပြီ။ အခု သူတို့အားလုံးကို အတူတကွ ကယ်တင်နိုင်တော့မည်။

ဖလိုရန့်စီယို အေဗာလို့စ်သည် ပထမ သူ့မိသားစုကို ပွေ့ဖက်၏။ ထို့နောက် သမ္မတပီနာရာကို ပွေ့ဖက်၏။ ထို့နောက် ကယ်ဆယ်ရေး လုပ်သားများကို ပွေ့ဖက်သည်။ နောက်တော့ သူ့ကို လူနာတင်လှည်းပေါ် တင်လိုက်ကြသည်။ ပြီးတော့ စခန်းတွင်းဆေးရုံသို့ တွန်း၍ခေါ်ဆောင်သွားကြလေ၏။

ဆေးရုံတစ်ရုံလုံးမှ ဝန်ထမ်းများက လက်ခုပ်သြဘာပေးပြီး တစ်ခဲနက်ကြိုဆိုကြသည်။ ယင်းတို့က အေဗာလို့စ်ကို ကျန်းမာသည်ဟု ယူဆကြပါသည်။ သူ့ကို ပထမဆုံးလူအဖြစ် ရွေးချယ်ရခြင်းတွင် ကိုယ်ခန္ဓာအရရော စိတ်ပိုင်းဆိုင်ရာ အရပါ ခွန်အားတောင့်တင်းသောကြောင့် ဆိုသောအချက်ပါဝင်သည်။

သို့သော် မည်သို့ပင်ဖြစ်စေ သူ့ကို ဂလူးကို့စ်သွင်းပေးသည်။ သွေးပေါင်ချိန်တိုင်းသည်။ အေဗာလို့စ်ကား သွေးပေါင်ချိန်တိုင်းရန် အိပ်ယာထက်၌ လှဲနေစဉ် မြေအောက်၌ ကျန်နေဆဲဖြစ်သော သူ့ညီအကြောင်းကို တွေးနေမိလေသည်။

■

**ကြာသပတေး၊ အောက်တိုဘာ ၁၄၊ နံနက် ၁ နာရီ။**

'ပျောက်ဆုံးနေသော ၃၃'၏ ခေါင်းဆောင် ဆီပူလ်ဗီဒါကား ၆၉ ရက်လုံးလုံး ဝန်ထုပ်ဝန်ပိုးကို သူ၏ ပခုံးပေါ်တွင် ထမ်းထားခဲ့သူဖြစ်၏။ မီဒီယာနှင့် စကားပြောလျှင် အားလုံးကိုယ်စားပြောခဲ့သည်။ အားလုံးနှင့် မငြင်းမခုံဘဲ သင့်တင့်စွာ နေခဲ့သည်။ အုပ်စုကို ဦးဆောင်ရာတွင် ဟာသနှောပြီးပြောရန် ဝန်မလေးခဲ့ချေ။ မမြင်ရသော ဘုရင်များ၊

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



အသင်းများက အထက်မှအမိန့်ပေးကာ လူရှင်တော်အဖြစ် အမှုထမ်းစေခဲ့သည်ဟုပင် ဆိုနိုင်သည်။

ဆီပူလ်ဗီဒါတွင် ဇာတိစိတ်အရ စွမ်းဆောင်ရည်ရှိ၏။ အုပ်စုပြင်းထန်မှုကို အလိုလိုသိ၏။ ကိုယ်ထိလက်ရောက် အကြမ်းဖက်လာလျှင် မည်သို့ခြောက်လှန့်ရမည်ဆိုသော အချက်ကိုသိ၏။ လိုအပ်လျှင် လိုအပ်သလို ဖြေရှင်းတတ်သည်။ ဤကဲ့သို့ ခေါင်းဆောင်နိုင်သော အရည်အချင်းနှင့် တာဝန်သိစိတ်ကြောင့် သူသည် အလင်းမှိန်မှိန်တွင် ပွင့်လန်းလုလုရှိခဲ့၏။

ယခု ဆီပူလ်ဗီဒါ အလှည့်ရောက်ပြီ။

သူက ဖိုးနစ်ခ်လုံးထဲ မဝင်မီ သူ၏ နောက်ဆုံးဟာသတချို့ကို ပြောခဲ့သေးသည်။ နံနက် ၁း၀၉ မိနစ်၌ ဖိုးနစ်ခ်သည် အပေါ်သို့ နီးကပ်လာ၏။ သူက သူ့အားကယ်တင်ပုံကို သတင်းအနေနှင့် တင်ဆက်နေခဲ့သည်။

'ဟေး အဘွားကြီး'

ဒါက အသက် ၃၃ နှစ်အရွယ် ဇနီးကေတီကို ခေါ်လိုက်ခြင်းပါ။

အသံလုံနေသောကြားကပင် ရယ်သံကို သူ ကြားရ၏။ အပေါ်ရောက်၍ ဖိုးနစ်ခ်ထဲမှ ထွက်လျှင်ထွက်ချင်း သူ့ကိုယ်ပေါ်မှ တန်ဆာပလာ၊ လုံခြုံရေးအင်္ကျီတို့ကို ကယ်ဆယ်ရေးလုပ်သားများ မချွတ်ပေးခင်မှာ သမ္မတပီနာရာဆီ ခုန်၍သွားလိုက်သည်။ လက်ဆောင်အဖြစ် သူ၏အိမ်တွင်းဖြစ် လွယ်အိတ်အဝါသေးသေးလေးထဲမှ လက်တစ်ဆုပ်စာ ကျောက်ခဲများ၊ ရွှေရောင်တောက်နေသော သတ္တုစများကို ထုတ်သည်။ သမ္မတအတွက် ကျောက်တုံးတစ်တုံး၊ ဝန်ကြီးအတွက် ကျောက်တုံးတစ်တုံး ပေးအပ်သည်။ ပစ္စည်းလက်ခံရရှိသူများက ရယ်မောရင်း ကျောက်တုံးများကို ဆုပ်ကိုင်ကြသည်။ ဆီပူလ်ဗီဒါက မှင်တက်မိနေသော ပီနာရာကို ၃ ကြိမ် ပွေ့ဖက်သည်။

ထို့နောက် သူ့ဇနီးကို ကျိုးစယ်နောက်ပြောင် သည်။ သူတို့နှစ်ယောက် ကာမဂုဏ်ခံစားကြမည်။ နှစ်ယောက်စလုံး လမ်းမလျှောက်နိုင်လောက်အောင် အကြာကြီး ခံစားကြမည်ဟု ရွတ်နောက်သည်။ ဘီးတပ်ကုလားထိုင် အသင့်ပြင်ထားဟု နောက်နေသေးသည်။

ထို့နောက် သူက ပီဒရိုဂယ်လိုအား ပွေ့ဖက်ရန် ကွေ့ပတ်၍လာသည်။ ပီဒရိုအား တင်းတင်းကြီးဖက်လျက် လုပ်သားများကို ကယ်တင်ရန်လုပ်ခဲ့သော လုပ်ရပ်များအတွက် အလေးအနက် ချီးကျူးသည်။ ပီဒရို ငိုသည်။ ပရိသတ်က သြဘာပေးကြ၏။ ဂါးဒီးယန်းသတင်းစာက ဤမြင်ကွင်းကို 'ကမ္ဘာလုံးဆိုင်ရာ ပျော်ပွဲအလင်းတန်း' ဟု အမည်ပြုခဲ့သည်။

မျှော်လင့်ခြင်းစခန်းတွင် မထိန်းနိုင်၊ မသိမ်းနိုင် စိတ်လှုပ်ရှားမှုသည် ခဏမျှသာဖြစ်၏။ ပထမကယ်ဆယ်မှု နှစ်ခုကို မိသားစုများက အောင်ပွဲခံပြီးသောအခါ လူအားလုံး မလွတ်မချင်း မည်သည့်အရာကမျှ အမှန်ပျော်စရာ မရှိတော့။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



သေခြင်းနှင့် ရှင်ခြင်းကို ခွဲခြားပေးနေသော ကေဘယ်လ်ကြိုးကြီးကို အားလုံးမြင်နေရဆဲပင်။

ဖိုးနစ်ခ်က တွင်းထဲ ဆင်းဝင်သွားသောအခါ အေဗာလို့စ်နှင့် ဆီပူလ်ဗီဒါတို့ကို ဟယ်လီကော့ပ်တာရှိရာ တောင်ထိပ်သို့ ခေါ်သွားကြသည်။ ခေတ်မီပန်းများဖြင့် အလှဆင်ထားသော၊ မီးရောင်အပြာ ထွန်းထားသော ပတ်ဝန်းကျင်ကား ညကလပ်နှင့်ပင် တူနေသေးတော့၏။ ဤနေရာတွင် ဆေးနံ့မရှိ။ အဖျားအနာမရှိ။ ဒဏ်ရာဒဏ်ချက် မရှိ။ ဤနေရာကား ချီလီ စိတ်ပိုင်းဆိုင်ရာကျန်းမာရေးအထူးကုများ ဖန်တီးထားသော ဧည့်ခန်းမကြီးပင် ဖြစ်လေသည်။

ကြိုဆိုရေးခန်းမကြီးထဲတွင် အေဗာလို့စ်သည် သူ့သားနှစ်ယောက်နှင့်လည်းကောင်း၊ သမ္မတပီနာရာနှင့်လည်းကောင်း၊ သူ့ဇနီးနှင့်လည်းကောင်း၊ ပျော်ရွှင်စွာ နှုတ်ဆက်သည်။ ဟိုတစ်ဖက်တွင်လည်း ဆီပူလ်ဗီဒါက မိသားစုစိတ်ခတ်တွေ ပြည့်လျှံနေလေ၏။ ရယ်လိုက်၊ ဖက်လိုက်၊ နမ်းလိုက်နှင့်ပါ။

ထို့နောက် ပီနာရာက ဆီပူလ်ဗီဒါကို ဆွဲခေါ်ပြီး ခန်းမအစွန်းတွင် စောင့်နေသော TV လုပ်သားများနှင့် အင်တာဗျူးအကျဉ်းချုပ် လုပ်စေသည်။ ဆီပူလ်ဗီဒါလည်း ရွေးစရာများများမရှိချေ။ သမ္မတကို နာခံရန်သာရှိ၏။ ထို့ကြောင့် ဆီပူလ်ဗီဒါက ကင်မရာရှေ့တွင် ထိုင်ပြီး အတွေ့အကြုံများကို အကောင်းဖက်ကပြောသည်။

'ကျွန်တော်ကတော့ ဒီလိုဖြစ်သွားတာ သိပ်ကျေနပ်တယ်။ ဘာ့ကြောင့်လဲဆိုတော့ ဒီအချိန်က ကျွန်တော့်ဘဝကို ပြောင်းလဲရမယ့်အချိန်မို့ပါ။ ကျွန်တော်ဟာ ကျွန်တော့်အပေါ်မှာ တိုက်ခိုက်နေကြတဲ့ ဘုရားသခင်နဲ့ မာရ်နတ်ကို တွေ့ခဲ့ရတယ်။ ဘုရားသခင်က အနိုင်ရခဲ့တယ်။ ကျွန်တော်လည်း အကောင်းဆုံးလက်ကို ယူလိုက်တယ်။ ဘုရားသခင်ရဲ့ လက်ပေါ့။ ဘုရားသခင်က မိုင်းထဲကနေ ကျွန်တော့်ကို ထုတ်ပေးနိုင်ပါ့မလားဆိုတဲ့သံသယ လုံးဝမရှိခဲ့ဘူး။ ကျွန်တော် အမြဲသိပါတယ်'

ထို့နောက် ဆီပူလ်ဗီဒါက အေဗာလို့စ်ကိုဖက်ရန် ပြေးသည်။ သူတို့နှစ်ဦး ဖက်ကြသည်။ မျက်နှာမှာ အပြုံးတွေကိုယ်စီနှင့်။ အပေါ်သို့ အားလုံးမရောက်မချင်း ၃၃ ယောက် စည်းလုံးကြပါ့မလားဟု ခြိမ်းခြောက်မှုကို မေ့သွားကြပြီ။ ကယ်ဆယ်ရေးလုပ်သားများ၏ ပြင်ဆင်မှုများ၊ ရှေ့နေများ၏ နှစ်သိမ့်ဆွေးနွေးမှုများ၊ ကျန်းမာရေးစောင့်ရှောက်မှုကိုရပ်ရန် ခြိမ်းခြောက်မှုများ ၃၃ ယောက်ကို ကုန်းလမ်းမှ ခေါ်သွားရန် လှုနာတင်ယာဉ်တန်းများ အားလုံး အားလုံး မလိုအပ်တော့ချေ။

ဆီပူလ်ဗီဒါနှင့် အေဗာလို့စ်တို့က ဟယ်လီကော့ပ်တာဆီသို့ ခြေလှမ်းကြဲဖြင့် ဂုဏ်ယူဝင့်ကြွားစွာ လျှောက်ခဲ့ကြသည်။ ဤအချိန်၌ သူတို့ခံစားရသော စိတ်လှုပ်ရှားမှုများနှင့် ကျေးဇူးတင်မှုများက မိုင်းလုပ်သားများ သူပုန်ထကြလိမ့်မည်ဟူသော ကြိုတင်မှန်းဆချက်များကို ချေဖျက်လိုက်ကြပြီ ဖြစ်ပေသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



-ဂျူယန် အီလန်စ်
-ကားလို့စ် မာမာနီ
-ဂျင်မီ ဆန်ရှယ်
-အော့စ်မင် အာရာယာ
-ဂျိုစီ အိုဂျီဒါ
-ကလော်ဒီယို ယန်နီး
-မာရီယို ဂိုမက်စ်
-အဲလက်စ် ဗီဂါ
-ဂျော့ချ် ဂယ်လီဂူလို့စ်
-အက်ဒီဆင် ပီနာ
-ကားလို့စ် ဘားရီးယက်စ်
-ဗစ်တာ ဇာမိုရာ
-ဗစ်တာ ဆီဂိုဗီးယား
-ဒယ်နီယယ် ဟားရီးရာ

တစ်ယောက်ပြီးတစ်ယောက် စစ်တပ်အစောင့်အရှောက်ဖြင့် ကယ်တင်ခဲ့ကြပြီ။ တစ်ယောက်ချင်း ကိုယ်စီကိုယ်ငှ ကိုယ့်ဇာတ်လမ်းနှင့်ကိုယ် ရှိကြ၏။ သူ့မိသားစုနှင့် စိတ်လှုပ်ရှားစွာတွေ့ကြ။ ပြေးဖက်ကြ။ ပြီးတော့ ပထမဆုံးအနမ်းများ။ တချို့က မြေပေါ်တွင် ဒူးထောက်ထိုင်ချပြီး ဝတ်ပြုကြသည်။ တချို့လည်း ငိုကြသည်။ တစ်ကမ္ဘာလုံးက တအံ့တဩ ကြည့်နေကြသည်။ မကြည့်ဘဲ မနေနိုင်ကြချေ။

တစ်နာရီပြီးတစ်နာရီ ကရုဏာစိတ်များ၏ ဖမ်းစားခြင်း ခံကြရလေသည်။ ဖိုးနစ်ခ်ကိုယ်တိုင်ကလည်း ချီလီအလံ ခြယ်ထားသော မြင်းသည်တော်အဖြစ် ခေတ်မီလုပ်သား မြင်းတစ်စီးအဖြစ် ခိုင်မာဆဲ။ အရှုံးမပေးဘဲ သစ္စာရှိစွာ တိုက်ပွဲဝင်ခဲ့လေသည်။

လုပ်သားများက တစ်ယောက်ပြီးတစ်ယောက် ဖိုးနစ်ခ်အိမ်ထဲ လှမ်းတက်ခဲ့ကြ၏။ ထို့နောက် လွတ်မြောက်ရေးသို့ စီးနင်းလိုက်ပါခဲ့ကြ၏။ သူတို့အား ဖမ်းဆီးခေါ်ဆောင်သွားသောနေရာမှ မွေးပုံ့သောယာဉ်ဖြင့် မိမိဘာသာ ဆွဲထုတ်နိုင်ခဲ့

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ကြလေသည်။ သူတို့သည် မွေးပျံ့သောရနံ့အတွက် ချွေတာမှုလည်း မလုပ်ခဲ့ကြရပေ။ 'သတ္တုအိမ်က သိပ်မွှေးတာပဲ။ ဘယ်လိုပဲဖြစ်ဖြစ် သူတို့အားလုံးဟာ ရေမွှေးတံဆိပ်တစ်မျိုးတည်းကို သုံးခဲ့ကြတာပေါ့။ သိပ်ကောင်းတာပဲ' ဟု ကယ်ဆယ်ရေးလုပ်သား တစ်ဦးကဆိုသည်။

ရတ်ချာ့ဒ်ဗီလာရီးက သူ မထွက်ခင် နောက်ဆုံးဓာတ်ပုံရိုက်ချက်များကို ယူသည်။ သူတို့ ဒုက္ခသည်စခန်း၏ နောက်ဆုံးပုံရိပ်များကို ဖမ်းယူခဲ့ချင်သည်။ သူ့အိပ်ယာ၊ သူ့သူငယ်ချင်းများ ဖက်နေကြပုံ၊ ပြုံးနေကြပုံ၊ ကိုယ်ဟန်ပြနေကြပုံ စသဖြင့် အမျိုးမျိုးကို ရိုက်ယူသည်။ သူတို့က သူတို့၏ စခန်းကို ပြတိုက်သဖွယ် တန်ဆာဆင်ခဲ့ကြ၏။ နံရံများတွင် သူတို့အကြိုက်ဆုံး ဘောလုံးသင်းအလံများကို ချိတ်ဆွဲခဲ့ကြသည်။ ကယ်ဆယ်ရေးအဖွဲ့အား ကျေးဇူးတင်ကြောင်း မှတ်စုများကိုလည်း နံရံမှာ ရေးမှတ်ခဲ့ကြသည်။

ဗီလာရီးက သတ္တုအိမ်ထဲလှမ်းဝင်ပြီး နားကြပ်ကို နားရွက်မှာ တပ်လိုက်သောအခါ ရီကာဒိုအာဂျီနာ၏ တေးက သူ့ခေါင်းထဲ ဝင်လာသည်။ သူ့ခေါင်းထဲမှာ ရီကာဒို သီချင်းဆိုနေသည်။ ဗီလာရီးလ် ဝမ်းနည်းလာ၏။ 'ဪ ငါက ထွက်ခဲ့ပြီ။ ငါထွက်တော့မယ်ဆိုတော့ ငါ့သူငယ်ချင်းတွေ အောက်မှာကျန်ခဲ့တာကို မြင်ရတာ သိပ်ကိုဝမ်းနည်းမိတယ်'ဟု သူခံစားရသည်။ သို့သော် အပေါ်ရောက်ခါနီးသောအခါ ဗီလာရီး တစ်ယောက် ပျော်လွန်း၍ အော်ဟစ်မိ၏။ သူက မိုင်းတွင်းကို ကျိန်ဆဲလိုက်၏။

'နောက်တော့ လေထဲမှာ ပြောင်းလဲမှုတစ်ခု ခံစားလိုက်ရတယ်။ လတ်ဆတ်တဲ့လေပေါ့။ ဟုတ်ပါတယ်။ အဲဒီအချိန်ဟာ ကျွန်တော်အကြိုက်ဆုံး အချိန်ပဲ။ တအားကို ထူးခြားတယ်' ဟု သူဆိုသည်။

တစ်ကမ္ဘာလုံးမှ ရုပ်မြင်သံကြားကြည့်သူ သန်း ၁၀၀၀ ခန့်အဖို့ ချီလီသတ္တုတွင်း ကယ်ဆယ်ရေးအစီအစဉ်သည် ပြီးပြည့်စုံသော ရုပ်ရှင်ကားပေတည်း။ မြေအောက်မှရိုက်ပြသော ရိုက်ချက်များက တခြားဂြိုဟ်တစ်ခုမှ လွှင့်ထုတ်မှုများဟု ထင်ရသည်။ ရုပ်မြင်ကြည့် ပရိသတ်များအဖို့ ထူးခြားထွေလာ စိတ်လှုပ်ရှားဖွယ် မြင်ကွင်းတို့သည် ၁၉၆၉ ခုနှစ်က 'အပိုလို' လဆင်းယာဉ်ဖြင့် 'နီးလ်အမ်းမ်စထရောင်း' က ကျော်ကြားသည့် ပထမဆုံးခြေရာချခဲ့ခြင်းကို ကြည့်ရသည်နှင့် တူနေသည်။

မိုင်းအောက်ဆုံးတွင်မူ ဓာတ်ညွှန်းက မပြီးဆုံးသေးချေ။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ညနေ ၁း၃၀ နာရီ။

နံပါတ် ၁၇ လုပ်သား 'အိုမာရေဂါဒါ' အလှည့်ဖြစ်၏။ လှိုဏ်တွင်းမှ စူးရှသော အက်ကွဲသံကြီး ပေါ်လာသည်။ နောက်တော့ ကျောက်ခဲအစအနများနှင့် အမှိုက်များ ကျလာသည်။ ကယ်ဆယ်ရေးလုပ်ငန်း ရိုက်ကူးနေသော ကင်မရာလည်း မှောင်ကျသွားလေသည်။

အပေါ်မှ ပီဒရိုဂယ်လိုက အတွင်းဆက်သွယ်ရေး တယ်လီဖုန်းဖြင့် အောက်သို့ခေါ်သည်။ မြေအောက်ဆက်သွယ်ရေး ဝါယာကြိုးများ တပ်ဆင်သူ 'ကိုတီ' ကိုမေးသည်။ စုံစမ်းခိုင်းသည်။ ကိုတီ ခေတ္တစဉ်းစား၏။ ဖိုင်ဘာကေဘယ်လ်ကြိုးသည် ယခုဖြစ်နေသော နေရာနှင့် နီး၏။ သဲတွေ၊ အမှိုက်တွေက ကျနေတုန်းဖြစ်သည်။ ပီဒရိုက သူ့ကို အန္တရာယ်ကြီး လှသော အဆိုပါလှိုဏ်ထဲသို့ ဆင်းခိုင်းလေသည်။

'ဟင် ခင်ဗျားက ကျုပ်ကို ဆင်းခိုင်းတယ် ဟုတ်လား။ စိတ်မချရဘူးဆိုတာ ခင်ဗျားသိတယ်။ နောက်ထပ်အပျက်နှစ်ခု ဖြစ်သွားမယ်' ကိုတီက ဒေါသနှင့် ပြန်ပြောသည်။ ယခုနှစ်စောစောပိုင်းကပင် သူသည် မိုင်းထဲ၌ လက်ချောင်းတစ်ချောင်း ပြတ်ခဲ့ဖူးသည်။ ယခုနောက်ထပ် စွန့်စားဖို့ ပြောတာခံနေရပြန်ပြီဟု သူ စိတ်ဆိုးသည်။

တိုက်ရိုက်ဗီဒီယိုလွှင့်မှုက အရေးကြီးသည်။ လုပ်ငန်းကို သိမြင်နေဖို့လိုသည်။ သို့မှသာ အောက်သို့ ချောမောစွာဆင်းအောင် လမ်းညွှန်နိုင်လိမ့်မည်။ ဒရုံကြမ်းလိမ့်ဆင်းသွားလျှင် လှိုဏ်ခေါင်းကို ပျက်စီးစေနိုင်သည်။ ပိတ်ဆို့၍လည်း သွားနိုင်သည်။ သမ္မတပီနာရာနှင့် လူကြီး ၄ ယောက်အနက် တစ်ဦးက စောင့်ကြည့်နေသည်။

ကိုတီလည်း မဆင်းချင်ဘဲနှင့် ဆင်းကြည့်ရန် သဘောတူလိုက်ရ၏။ မကြာမီက ပြိုကျခဲ့သော အမိုးသည် နံရံများအက်ကွဲနေကာ ရွှံ့တွေကျနေတာ မြင်ရ၏။ သူက ကေဘယ်လ်ကြိုးအတိုင်း လျှောက်ကြည့်ရာ ပြဿနာအစကို တွေ့ရလေသည်။ ကျလာသော ကျောက်တုံးက ကေဘယ်လ်ကြိုးကို ဖြတ်လိုက်ခြင်းတည်း။

ပျက်စီးသွားမှုကို ပြန်လည်ပြင်ဆင်ရန် မဖြစ်နိုင်ချေ။ ရာပေါင်းများစွာပေါင်ချိန်ရှိသည့် ကျောက်တုံးများက ကေဘယ်လ်လိုင်းကို ဖျက်ဆီးပစ်ခဲ့ပြီ။ ပီဒရိုက ခဏစဉ်းစားသည်။ ထို့နောက် ချက်ချင်းပင် အဖြေတစ်ခုရလိုက်၏။ အောက်မှာထားမည့် ကင်မရာကို အားဖြည့်ရန် ကေဘယ်လ်ကြိုးတစ်ခုရှိသည်။ ၃၀၅ မီတာအကွာတွင် ဖြစ်၏။ ထိုကေဘယ်လ်က ကင်မရာနှင့်ဆက်မထားချေ။ ထိုကေဘယ်လ်ကို အဓိကရိုက်နေသော ကင်မရာဖြင့် လုပ်သားများကို ဆက်ခိုင်းရန်ဖြစ်၏။

ပီဒရိုက ဒုက္ခသည်ခိုလှုံရာတွင်ရှိသော ဖုန်းကိုဆက်သည်။ ချက်ချင်းပင် ဖုန်းကိုင်သူကို တွေ့ရသည်။ သူ အံ့သြသွားရ၏။ ဖုန်းကိုင်သူကား 'ဖရန်ကလင်လိုဘို့စ်' ဖြစ်သည်။ နေရာကား လောလောဆယ် ပျက်စီးမှုနှစ်ခုဖြစ်နေသော

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



နေရာဖြစ်သည်။

'ဖရန်ကလင်။ ခင်ဗျား အဲဒီနေရာမှာ ဘာလုပ်နေတာလဲ'

'ကျွန်တော့်အလှည့်လေ။ ကယ်ဆယ်ရေးလုပ်သားတွေအတွက် အစားအစာပါဆယ် စောင့်နေတာ'

ဖရန်ကလင် အသံကား သစ္စာရှိမှုအပြည့်နှင့်ဖြစ်၏။

'တာဝန်ဟာ တာဝန်ပဲ။ အခု ကျုပ်အလှည့်။ ပြီးအောင် လုပ်ရမှာပဲ'

'အဘိုးကြီး။ ခင်ဗျားသေတော့မှာပဲ။ အဲဒီမှာ ပြိုကျတာ နှစ်ခါရှိပြီ။ အဲဒီနေရာက ထွက်ခဲ့'

ပီဒရိုက ဖုန်းထဲသို့ အော်ဟစ်သည်။

'ဒါပေမယ့် အစားအသောက်တွေ အတွက်ရော။ ကယ်ဆယ်ရေးသမားတွေအတွက် အစားအသောက်တွေလေ'

ဖရန့်ကလင်ကား စည်းကမ်းကို အတိအကျလိုက်နာနေသူဖြစ်၏။ ရောက်လာမည့် အန္တရာယ်ကို မသိတာလား။ ဂရုမစိုက်တာလား။

'အဲဒါကို မေ့ပစ်လိုက်။ အစားအသောက်တွေ ဖိုးနစ်ခ်ိနဲ့ ထည့်ပေးလိုက်မယ်။ အခု ထွက်ခဲ့'

ပီဒရိုက အော်ဟစ်ဟိန်းဟောက်ရ၏။

ယခုကဲ့သို့ ပီဒရိုက ဖိုင်ဘာကေဘယ်လ်ကြိုးလဲဖို့ ကြိုးစားနေစဉ် သမ္မတပီနာရာနှင့် နိုင်ငံပိုင် ရုပ်မြင်သံကြား အော်ပရေတာက အရေးတကြီး မေးခွန်းတစ်ခုကို မေးနေကြလေသည်။

'ရုပ်ပုံတွေ ဘာဖြစ်သွားတာလဲ'

ပီဒရိုက ပီနာရာနှင့်အော့တို့ကို အမှန်အတိုင်းပြောလိုက်သည်။ သူတို့ အချက်ပြစနစ် ပျက်သွားကြောင်း၊ ပြန်လည်ထူထောင်နေကြောင်း၊ အောက်မှ လုပ်သားများ၏ တိုက်ရိုက်အသံလွှင့်ချက် ပြုလုပ်ရန် ကြိုးစားနေကြောင်း စသဖြင့် ပြောပြသည်။ အမျိုးသား TV ဌာနသို့ကား ယခင်က ရိုက်ထားသော ပြကွက်များကို တင်ပေးလိုက်သည်။ ပုံများရကြောင်း ပြေကြား၏။

ကမ္ဘာ့ရုပ်မြင်ပရိသတ် သန်းပေါင်းများစွာတို့သည် အလှည့်စားခံလိုက်ရလေသည်။ ယခု သူတို့ကြည့်နေရသော မြင်ကွင်းများမှာ ချီလီနိုင်ငံအနေနှင့် အလွန်စွန့်စားရသည့် ပြကွက်များကို ကမ္ဘာအား မမြင်စေလိုသဖြင့် အစားထိုး ပြန်လည်ပြသနေခြင်းဖြစ်ကြောင်း မသိလိုက်ကြချေ။

အိုမာရေဂါဒါကစပြီး လုပ်သား ၃ ယောက် ကယ်တင်သည့်မြင်ကွင်းကို တိုက်ရိုက်မပြသနိုင်ခဲ့ပေ။

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



\

ရေဂါဒါက သူ့အတွေ့အကြုံကို ပြောပြရာ၌…

'ကျွန်တော်အပေါ်ကို စီးနင်းရတဲ့ပုံက အတော်လေးစိတ်ပူဖို့ ကောင်းတယ်ဗျ။ ကျွန်တော် ဖိုးနစ်ခ်ထဲ ဝင်ဖို့ ပြင်တဲ့အခါ ကယ်ဆယ်ရေးလုပ်သားတွေက တံခါးဖွင့်လို့မရကြဘူး။ ခရိုဘားနဲ့ ဖွင့်မှပွင့်သွားတယ်။ မိုင်းက ကျွန်တော့်ကို မသွားစေချင်ဘူး ထင်ပါရဲ့လို့ တွေးမိတယ်။ တံခါးဖွင့်ပြီးတော့လည်း ပြန်ပိတ်လို့မရ ဖြစ်နေပြန်ရော။ ဒါနဲ့ ပလပ်စတစ် အစတစ်ခုနဲ့ ကာရတယ်။ ကျွန်တော်လည်း တံခါးပွင့်ထွက်မသွားအောင် တံခါးကို ကိုင်ထားရပါတယ်' ဟုဆိုသည်။

သူ အပေါ်ရောက်သောအခါ အောက်မှလူများကို အော်ပြောခဲ့သေး၏။ 'ဟေ့လူတွေ ငါတော့ အပြင်ရောက်ပြီ။ ငါ လုပ်နိုင်ခဲ့တယ်။ ငါ လုပ်နိုင်ခဲ့တယ်။ ငါ လုပ်နိုင်ခဲ့တယ်' ဟု အော်ခြင်းဖြစ်သည်။

သူသည် ပျော်နေသည့်ကြားကပင် မြေအောက်ကမ္ဘာကို လွမ်းသလို ဖြစ်နေသည်။ ကျွန်တော်တို့နောက်မှာ တစ်စုံတစ်ရာကို ချန်ထားခဲ့ရသလိုပဲ။ အဲဒီမှာ အကြာကြီးနေခဲ့ရတာလေ။ ကျွန်တော့်ကိုယ်တစ်စိတ်တစ်ပိုင်း အဲဒီမှာ ကျန်ခဲ့တယ်လို့ ခံစားရတယ်။ အားလုံး ၆၉ ရက်ပဲ။ ကျန်ခဲ့တဲ့ အစိတ်အပိုင်းက မကောင်းတဲ့စရိုက်တွေ ဖြစ်ပါလိမ့်မယ်။ အပေါ်ကို ပြန်သယ်လာတာကတော့ ကောင်းတဲ့စရိုက်တွေပေါ့ ဟုလည်း သူပြောသည်။

ရေဂါဒါကား မုဆိုးဖိုဖြစ်၏။ သူက 'မျောက်ကလေးတွေ'ဟုခေါ်သော သူ့မြေးတွေကို ပြေးဖက်ချင်သည်။ အပေါ်ရောက်ခါနီးတွင် သူက ကယ်ဆယ်ရေးသမားများကို အော်လိုက်၏။ 'ချီ‥ ချီ‥ ချီ‥' ဟု သူ အသံထွက်သော အခါ ပြန်လာသောအသံက 'လီ‥လီ‥ လီ' ဟူ၍ဖြစ်၏။ အိုကေရဲ့လားဟု မေးသံကြားသောအခါ 'နင့်အမေအလွှား… အိုကေတယ်'ဟု သူဖြေလိုက်၏။ နောက်မှ အပေါ်မှာ သမ္မတကြီး စောင့်နေတာကို သတိရလေသည်။ ရေဂါဒါက သူ့မြေးတွေနှင့် ဖက်နေစဉ်အတွင်း ပီဒရိုသည် ကိုတီအား သေလုမျောပါး တာဝန်တစ်ခု ထပ်ပေးပြန်လေသည်။ ဤအကြိမ်တွင် လုံခြုံစိတ်ချရသောခိုလှုံရာစခန်း အထိသွားပြီး ကင်မရာကို ကေဘယ်လ်နှင့် မဆက်ဘဲ ဝါယာနှင့်ဆက်ရန် ခိုင်းခြင်းဖြစ်၏။

ကိုတီက 'ကျုပ်ကို နောက်ထပ် မခိုင်းပါနဲ့တော့' ဟု တောင်းပန်ရှာသည်။ နောက်တော့လည်း နားထောင်ရသည် သာဖြစ်၏။ သို့သော် သူက 'ဂွတ်ဘိုင်' ဟု နှုတ်ဆက်ချင်နေပြီ။ တစ်ခုခုဖြစ်ရင်တော့ ဒါနောက်ဆုံးပဲဟု ဒုတိယ ကင်မရာရှိရာ မြေအောက်မှ ပြောခဲ့သည်။

ပီဒရိုလည်း ကြောက်စိတ်ဖြင့် တုန်လာသည်။ သူသည် ကိုတီအား တာဝန်ပေးမိပြီ။ အခု သူက ကံကြမ္မာဆို သည်ကို သတိရလာသည်။ အကယ်၍ ကိုတီ သေသွားခဲ့သော် သူ့မှာ တာဝန်ရှိနေသည်။

နှစ်ခါပျက်ကျခဲ့သော ကျောက်များက လှိုဏ်ခေါင်းကို မပိတ်မိခဲ့ချေ။ သက်သေအဖြစ်ပြရလျှင် မောကြီးပင်ကြီး နှင့် ဖရန်ကလင်လိုဘိုစ် ပြန်တက်လာသောကြောင့်ဖြစ်၏။ သူက ကိုတီကို ကံကောင်းပါစေဟု ဆုတောင်းခဲ့ပြီး သူ့ကိုယ်သူ

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လွတ်ရုန်းခဲ့ရသည်။ ကိုတီက အမိန့်ကိုမဖီဆန်ဘဲ ဘုရားသာအာရုံပြုလိုက်၏။ ပြီးတော့ ဒုက္ခသည် ခိုလှုံရာသို့ နောက်ဆုံးခရီးအဖြစ် ဆင်းသွားရလေသည်။

မိုင်းဆိုသည်မှာ လုပ်သားများကို စားနေကျဖြစ်ရာ ကိုတီလည်း ဒုတိယအကြိမ် ဘုရားတ၍သွားရ၏။ ပုံမှန် အနေမှာပင် တောင်ကပြိုကျပြီး လူသေစေတတ်သည်မို့ ယခုကဲ့သို့ မငြိမ်မသက်ဖြစ်နေချိန်မှာ ပို၍အန္တရာယ်ကြီးသည်။ ကိုတီသည် နာရီပိုင်းကြာသောခရီးကို သွားရောက်ပြီး ဘေးမသီရန်မခ ပြန်ရောက်လာခဲ့ပါ၏။

'ကျွန်တော့်လက်ထဲမှာ သူ့အသက်ရှိနေတယ်' ဟု ပီဒရိုက ဝန်ခံသည်။ 'ဒါပေမဲ့ ဒါဟာ တာဝန်ပဲ။ သူ လုပ် ရမှာပဲ' ဟု ထပ်ပြော၏။

လက်ထဲမှာ ကေဘယ်လ်ကြိုးရသောအခါ ကိုတီနှင့် တီကိုနာတို့က ကင်မရာနှင့် ဆက်ကြသည်။ ယခုအခါ တိုက်ရိုက်လွှင့်ချက် ရရှိသွားသည်။

လုပ်သားများ ကယ်တင်ခန်း ပြန်ပေါ်လာ၏။ သူတို့ သတိမထားမိကြဘူးဟု ပီဒရိုက ဂုဏ်ယူစွာ ပြောလေ၏။

ယခု တောင်၏မငြိမ်သက်မှု တိုးလာသဖြင့် ကယ်ဆယ်ရေးကို အရှိန်မြှင့်ရသည်။ အနားမထားဘဲ အလျင်အမြန် လုပ်သည်။ ပထမ လူ ၁၆ ယောက် အပေါ်တင်ပြီးသောအခါ ချီလီ၏ လုပ်နိုင်မှုနှင့် အပြည်ပြည်ဆိုင်ရာ၏ ပူးပေါင်းကူညီမှု ကို ပြသခဲ့ပြီးဖြစ်၏။ ယခုအခါ တောင်ကလှုပ်နေသေးရကား တိုက်တင်းနစ်သင်္ဘော မြုပ်သကဲ့သို့ အစုလိုက်အပြုံလိုက် ကြေကွဲဖွယ်ဆီသို့ ဆွဲခေါ်နေသည်။ မိုင်းထဲရှိ အနေအထားက ပျော်စရာရှိနေဆဲပါ။ ဂီတသံကလည်း လွှင့်နေသည်။ ပူဖောင်းတွေလည်း နံရံမှာ ခုန်ပေါက်နေသည်။ သို့သော် ခံစားချက်များက အားမရှိဖွယ်။

-အက်စ်တင်ဘင် ရိုဂျာ့စ်
-ပါဗလို ရိုဂျာ့စ်
-ဒါရီယို ဆီဂိုဗီးယား
-ယွန်းနီ ဘားရီးယက်စ်
-ဆင်မြူရယ် အေဗာလို့စ်
-ကားလို့စ် ဘူဗွနီ
-ဂျိုစီ ဟင်နရီကွစ်
-ရေနန် အေဗာလို့စ်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



-ဆင်မြူရယ် အေကုနာ

ကယ်ဆယ်ရေးစီမံကိန်းကား ကယ်ဆယ်ရေးလုပ်သားများကို တောင်တက်သော နည်းများရော၊ စစ်မြေပြင် ဆေးဝါးကိစ္စကိုပါ လေ့ကျင့်ပေးရန် ပါဝင်သည်။ ချီလီရေတပ်မှ အထူးတပ်သား ကွန်မန်ဒိုနှစ်ဦးကို စေလွှတ်ခဲ့၏။ ယင်းတို့က အရေးပေါ်ဆေးဝါးကုသမှုကို ကိုင်တွယ်နိုင်၏။ မော်ဖိန်းမှအစ စိတ်ငြိမ်ဆေးထိုးခြင်းကိုပါ နိုင်နင်းသည်။ သို့သော် သတ္တုတွင်းဝန်ကြီး ဂိုလ်ဘိုနီက နောက်ဆုံးအချိန်ကျမှ စည်းကမ်းချိုးဖောက်ပြီး ရီဗီရို အောက်သို့ဆင်းပြီးကူညီရန် ခိုင်းလေ၏။ အမှန်မှာ ကယ်ဆယ်ရေးအုပ်စု၌ 'ရီဗီရို'သည် အစောပိုင်း၌ လုပ်သားများရှာဖွေရေးတွင် စွန့် စားခဲ့သူဖြစ်ပြီး ဒေသတွင်းကယ်ဆယ်ရေးကျွမ်းကျင်ပုံများတွင် သူ၏ သတ္တိကို မည်သူမျှ စောဒကမတက်နိုင်ပေ။ သူ၏ အချိန်တွက်ပုံမှာ ပို၍ဆိုးမသွားနိုင်ပါ။ စစ်တပ်ကဲ့သို့ တင်းတင်းကြပ်ကြပ်လုပ်ပြီး ကယ်ဆယ်ရေးစည်းမျဉ်း အားလုံးကို ဆုံးဖြတ်ခဲ့၏။ ယခု ရီဗီရိုအား စေခိုင်းခြင်းသည် လုပ်ထုံးလုပ်နည်းနှင့် မညီချေ။

ရီဗီရိုက ဖိုးနစ်ခ်အိမ်ထဲမှ ထွက်လိုက်ပြီး ချက်ချင်းပင် ပြဿနာဖြစ်စေခဲ့၏။ သူက ကင်မရာကိုဆွဲခါပြီး မိုင်းအောက်ရှိ အနက်ရှိုင်းဆုံးနေရာများကို ရိုက်ကူးသည်။ နှစ်ကြိမ်ပြိုကျခဲ့သော လှိုဏ်ကို ရိုက်ခြင်းဖြစ်၏။ ဂိုလ်ဘိုနီ၏ စည်းမျဉ်းအရ ရီဗီရို၏တာဝန်မှာ ဒုက္ခသည်ခိုလှုံစခန်း၏ နောက်ဆုံးမြင်ကွင်းကိုသာ ရိုက်ရန်ဖြစ်၏။ ဤကိစ္စကို လုပ်သားများရော ကယ်ဆယ်ရေးသမားပါ မနှစ်သက်ကြပေ။ သူတို့အဖွဲ့၏ ဆောင်ပုဒ်မှာ 'ကယ်ဆယ်ရေးသမားကို မကယ်ရ' ဟူ၍ဖြစ်သည်။ ကျောက်တောင်ပြိုပျက်မှုတွေက ခြိမ်းခြောက်နေပြီဖြစ်သည့် ကြားထဲတွင် ရီဗာရိုလုပ်ပုံက အရူးလိုဖြစ်နေလေသည်။ ရီ ဗီရို၏လုပ်ပုံမှာ နိုင်ငံတော်ပုန်ကန်မှုနား နီးနေလေပြီ။

ငြင်းခုံမှုများ ပေါ်လာသည်။ ရေတပ်သားများက ရီဗီရိုအား ဖိုးနစ်ခ်ထဲအတင်းဝင်ဖို့ ခြိမ်းခြောက်ကြ၏။ ကိုတီက ဖုန်းဆက်မှုများနှင့် ပတ်သက်ပြီး ပီဒရိုအား ကူညီခဲ့သူဖြစ်၍ ဤဖြစ်ရပ်ကို အံ့သြနေသည်။ ဘာတွေဖြစ်နေတာလဲဟု ကိုတီက ပီဒရိုကိုမေး၏။ 'သူတို့ ငြင်းခုံနေကြတာပါ။ ကယ်ဆယ်ရေးသမား အချင်းချင်း ငြင်းကြတာ။ သူတို့ဟာ တို့ကို ကယ်ဖို့မလာကြဘူးလား'ဟု ပြောရတော့သည်။

ဤတွင် ဝန်ကြီးဂိုလ်ဘိုနီထံမှ ဖုန်း အောက်သို့ရောက်လာ၏။ ရီဗီရိုအား အပေါ်မှအာဏာပိုင်များကို တော်လှန်သဖြင့် ထုချေလွှာတင်ရန် အမိန့်ဖြစ်၏။ ရီဗီရိုက ဖုန်းမကိုင်ဘဲ တင်းခံနေသည်။ ပီဒရိုလည်း ရေတပ်ကွန်မန်ဒိုများက ရီဗီရိုအား ဖိုးနစ်ခ်ထဲ တွန်းထည့်လိုက်မလားဟု တွေးမိ၏။ နောက်ဆုံးမှာတော့ စကားအရာဖြင့် ပြီးသွားပါသည်။

ရီဗီရိုက တုန့်ဆိုင်းတုန့်ဆိုင်းနှင့် ဖိုးနစ်ခ်နားရောက်လာစဉ် ကွန်မန်ဒိုများက သူယူလာသော လက်ဆောင်ထုပ်၊ ကျောက်တုံးများ၊ သတ္တုများပါသော အိတ်ကို ဆွဲယူလိုက်ကြသည်။ ကျောက်ခဲတွေကို သွန်ချကြသည်။ အိတ်ကို ရှင်းပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပေးကြသည်။ နောက်ဆုံး ရီဗီရိုတစ်ယောက် မြင်ကွင်းမှ ပျောက်အောင် ကြည့်လိုက်ကြလေ၏။

ရီဗီရိုလည်း သူ့ဟာသူပင် ဖိုးနစ်ခ်ထဲဝင်ရ၏။ တံခါးပိတ်၏။ လုပ်သားများလည်း ရီဗီရိုအပေါ်တက်သွားပြီး မြင်ကွင်းမှ ပျောက်သွားသည်ကို စောင့်ကြည့်ကြ၏။ ကင်မရာ ၇ လုံး၏ ကျေးဇူးနှင့် ပီဒရို၏ တည်းဖြတ်မှုအရ ကမ္ဘာကမှ သူ စင်ပေါ်၌ နေရာယူခြင်းကို တစ်စက္ကန့်မျှပင် မမြင်လိုက်ရချေ။

ယခုအခါ ကယ်ဆယ်ရေးလုပ်ငန်း နောက်ဆုံးအပိုင်းရောက်လာပြီ။ ဖရန်ကလင် လိုဘို့စ်က ၂၇ ယောက်မြောက် အပေါ်တက်ရမည့်သူ ဖြစ်၏။ ဖိုးနစ်ခ်အိမ် အပေါ်တက်စဉ် အသံကြီးတစ်ခု လိမ့်ဝင်လာတာ ကြားရသည်။ ကျောက်တုံးအက် သံဖြစ်၏။ မိမိနေရာနှင့် ဘယ်လောက်နီးသလဲ သူမသိရ။ မိုင်းတွင်းကိစ္စများက ထွေပြားလှည့်စားလေ့ရှိသည်။ တစ်ခါတရံမှာ စကားပြောသံတစ်ခုက တီးတိုးလေးမျှ ကြားရ၏။ တစ်ခါတရံမှာမူ ဘာမျှမရှိသော လေဟာနယ်သည် အနီးရှိ လုပ်ဖော်ကိုင်ဖက်တို့၏ ပြောစကားများကိုပင် စုပ်ယူထွက်ပြေးတတ်၏။ ယခုကြားရသော အက်ကွဲမှုသည် သူနှင့်နီးသည်ဟု လိုဘို့စ်က မှတ်ယူသည်။ အဆင့်တစ်ခုလုံး ပြိုကျလာသည်နှင့် တူကြောင်း သူကပြန်ပြော၏။

ညဥ့် ၇း၂၀ တွင်း လိုဘိုစ်သည် အပေါ်သို့ အန္တရာယ်ကင်းစွာ ရောက်ရှိသွားသည်။ သူ့သမီးကာရီလိုင်းနားကို မြင်တော့ သူရူးမတတ်ဖြစ်သွားရ၏။ သမီးကို တင်းတင်းကြီး ဖက်ထားမိ၏။ သမီးကသူ့လက်ဝါးပြင်နှင့် ဖခင်၏မျက်နှာကို စမ်းသည်။ သူတို့ တစ်ယောက်ကိုတစ်ယောက် ခဏမျှ ကြည့်နေမိကြလေသည်။ သမီးကာရီလိုင်းနားက သူ့ဖခင်အား ဘောလုံးအသစ်တစ်လုံး ပေး၏။ လိုဘို့စ်က ယူလိုက်ပြီး ခြေက ကသည်။ လိုဘို့စ်၏ ဘဝသစ်စတော့မည်။ သို့မဟုတ် စခဲ့ပြီ။ သူ ဘယ်တော့မှ မိုင်းထဲဝင်တော့မည် မဟုတ်။ လွန်ခဲ့သော ၁၀ ပတ်က မိုင်းထဲ ဝင်ခဲ့သလိုမျိုး ဘယ်တော့မှ ပြန်ဝင်ဖြစ်တော့မည် မဟုတ်။ အသေးဆုံး ပြနေကျအစဉ်အလာလေးပင်လျှင် ယခုတော့ ချိုမြိန်လှပေသည်။

ဆေးရုံတွင်းမှာလည်း နံရံတစ်ခုလုံး၌ လုပ်သားများနှင့် ကယ်ဆယ်ရေးသမားများ၏ နာမည်တွေ ရေးကပ်ထားသည်။ ဖိုးနစ်ခ် တစ်ကြိမ်ရောက်တိုင်း အမည်ကို စစ်ဆေးကြသည်။ အခမ်းအနားလုပ်သည်။

မိသားစုဝင်များက အိပ်ယာဘေးမှာ စုပြုံထိုင်ကြရင်း၊ ယခုထိ ငေးကြောင်နေသော လုပ်သားများ၏ လက်ကို ဆုပ်ကိုင်ကြ၏။ မိုဘိုင်းလ်ဖုန်းမြည်သံများ၊ ကျောပုတ်၍ ဖက်ပွေ့သံများဖြင့် စခန်းရှိဆေးခန်းမှာ လူတွေ ရာနှင့်ချီနေသည်။ နာရီဝက်ကြာတိုင်း ကြိုဆိုသံများ သံပြိုင်ထွက်လာသည်။ ဆရာဝန်တွေက F-၁၆ လေယာဉ်မှူးများကို ဖက်၏။ သူနာပြုဆရာမများက ရေတပ်ဗိုလ်များနှင့် တွဲလျက်ကိုယ်ဟန်ပြ၏။ ဆေးအကူများ၊ ဘူမိဗေဒပညာရှင်များ၊ မြေပုံထုတ်သူများ၊ အားလုံးပွေ့ကြ၊ ဖက်ကြသည်။ လနှင့်ချီပြီး အဖွဲ့လိုက် မနားတမ်းဆက်ဆံခဲ့ရသော တိုက်ပွဲကား ပြီးခါနီးလေပြီ။

-ရစ်ချာ့ဒ် ဗီလာရီး

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



-ဂျူယန် အဂျီလာ

-ရောလ် ဘတ်စ်တိုစ်

-ပီဒရို ကောတစ်

-အေရီယယ်လ် တီကိုနာ

အောင်မြင်စွာကယ်တင်မှုများ စာရင်းဆက်၍ လာနေသည်။ ည ၉း၃၀ မှာကား တစ်ယောက်သာ ကျန်တော့၏။

ဖိုးနစ်ခ်လည်း မြေအောက်မိုင်းအနက်ထဲသို့ ဆင်းရပြန်လေသည်။ မိုင်းအောက်ဆုံး ကြမ်းပြင်မှာကား 'အာဗူရာ' ရှိနေသည်။ သူက ဖိုးနစ်ခ်ထဲသို့ ဂရုတစိုက် သတိထားပြီးလှမ်းတက်သည်။ ပတ်ဝန်းကျင်ကို တစ်ချက်ငဲ့ကြည့်လိုက်သည်။ သူ့တာဝန် ပြီးပြည့်စုံခါနီးလေပြီ။

သမ္မတ ပီနာရာနှင့် လက်ထောက်ဟုထင်ရသည့် ဒါဇင်ပေါင်းများစွာသော လူတို့သည် ကယ်ဆယ်ရေးအဝင်ဝ၌ စုပြုံနေကြ၏။ တင်းကြပ်ခဲ့သော ရဲအစောင့်အရှောက်များလည်း ပျောက်လွင့်ကုန်ကြပြီ။ အင်စပက်တာရဲများလည်း နေရာအနှံ့ ရောက်သွားကြရပြီ။ မျှော်လင့်ခြင်းစခန်း အောက်ခြေတွင်လည်း တင်းမာမှုများ ပေါက်ကွဲလုနီးပါးဖြစ်နေပြီ။ ကမ္ဘာတစ်ဝှမ်း လုံးရှိ သန်းပေါင်းထောင်ချီနေသည့် ရုပ်မြင်ကြည့်ပရိသတ်ကလည်း မယုံကြည်နိုင်လောက်သောစိတ်ဖြင့် ငေးစိုက်ကြည့် နေကြလေသည်။ သေပြီဟု ယူဆရသော မိုင်းလုပ်သားများကို မှတ်မိဖွယ်၊ သတိရဖွယ်အကောင်းဆုံး ကယ်ဆယ်မှုဖြင့် သမိုင်း၌ ပြန်လည်ရေးသားကြရလေတော့မည်။

လူ ၃၃ ယောက်။

မီတာ ၇၀၀။

၆၉ ရက်။

အေးခဲသော အဖြစ်မှန်များက သေလောက်၏။

ယခု အသက်ရှင်လျက် 'အာဗူရာ' ရောက်လာခြင်းသည် နတ်သမီးပုံပြင်နှင့် တူနေလေတော့သည်။

မျှော်လင့်ခြင်းစခန်း၌လည်း ရှန်ပိန်များ၊ ပူဖောင်းများ၊ ပျော်ရွှင်ဟစ်ကြွေးသံများသည် အေးချမ်းသော ကြယ်စုံည ကို ကြွယ်ဝစေလေ၏။ ယုံကြည်ခြင်း၊ ဆင်ခြင်ဆုံးဖြတ် စဉ်းစားခြင်းများဖြင့် တည်ဆောက်ခဲ့သော လူ့အဖွဲ့အစည်းသည် ထူးဆန်းဆိုးဝါးမှုများကို ရိုက်ချိုးပစ်ခဲ့ပြီ။

အာဗူရာက ဖိုးနစ်ခ်တွင်းမှလှမ်းထွက်ကာ သမ္မတ ပီနာရာကို လက်ဆွဲနှုတ်ဆက်သည်။ မိုင်းများ၏ သက်တမ်းနှင့် အမျှလုပ်သက်ရှိခဲ့သော ပုဂ္ဂိုလ်အနေနှင့် မိုင်း၏ရှေးထုံးအစဉ်အလာအတိုင်း သူ၏တာဝန်ကို သင်္ကေတဖြင့် လွှဲပြောင်းပေး

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



လေသည်။

'သမ္မတကြီးခင်ဗျား။ ကျွန်တော့် တာဝန်အလှည့် ပြီးသွားပါပြီ'

အာဇူရာသည် စခန်းဆေးရုံသို့ လှေနာတင်စင်ဖြင့် သွားနေစဉ် သူ၏ ရင်ဘတ်ပေါ်၌ လက်များကို ယှက်ထားလိုက်သည်။ သူ့မျက်နှာမှာ မုတ်ဆိတ်မွေးများ ဖုံးလွှမ်းရစ်ပတ်လျက်ရှိ၏။ သူကား ကမ္ဘာ့နောက်ဆုံးပေါ် သူရဲကောင်းတည်း။

လွန်ခဲ့သည့် ၁၀ ပတ်က သူသည် ဆန်ကျီးမိုင်းထဲ ဝင်ခဲ့၏။ တာဝန်အဆိုင်း ကြီးကြပ်သူအဖြစ် သူတာဝန်ယူခဲ့၏။ ယခုမူ သူကား ကမ္ဘာလုံးဆိုင်ရာကောင်းချီးပေးမှု၏ သင်္ကေတဖြစ်လာခဲ့လေပြီ။ သေမင်းနှင့် နပန်းလုံးခဲ့ပြီးနောက် လူသားများအဖို့ အိပ်မက်စိတ်ကူးယဉ်ခြင်းသာ ဖြစ်နိုင်သော အဆင့်သို့ 'ရှင်ပြန်ထမြောက်' လာခဲ့ပြီဖြစ်ပေသည်။ အာဇူရာတစ်ယောက် ပျော်ရွှင်စွာအောင်ပွဲခံနေစဉ် ဖိုးနစ်ခ်ကြီးကား အလုပ်လုပ်နေရသေးသည်။ ကယ်ဆယ်ရေးသမားများကို တစ်ယောက်ချင်း ပြန်သယ်နေရခြင်းပင် ဖြစ်၏။

ဤကဲ့သို့ ကယ်ဆယ်နိုင်ခဲ့ခြင်းမှာ တစ်ကမ္ဘာလုံးက ကြင်နာမှုများ သွန်းလောင်းခဲ့၍လည်းဖြစ်သည်။ ရာနှင့်ချီသော အလုပ်သမားများသည် လုပ်သားများကိုကယ်ရန် သူတို့ဘဝကို ဓောက်ထိုးမိုးမျှော်ဖြစ်အောင် ရင်းခဲ့ရ၏။ တချို့က တွင်းတူးသည်။ တချို့က ၄၅၀ ကီလိုဂရမ်လေးသော တွင်းတူးစက်အစိတ်အပိုင်းတွေကို သင်္ဘောဖြင့် သယ်လာသည်။ တချို့က တွင်းတူးမှုကို ညွှန်ကြားသည်။ ဖြစ်နိုင်ခြေရှိသော ဖြေရှင်းမှုကို ပီနာရာက စောစီးစွာ ဆုံးဖြတ်ခဲ့ခြင်းသည်လည်း အရေးပါလေသည်။ ထိုဆုံးဖြတ်ချက်ကား ကမ္ဘာကို အကူအညီတောင်းရန်ဖြစ်၏။ နောက်ပိုင်း သူမှတ်ချက်ချပုံမှာ သူသည် ရုရှားရေငုတ်သင်္ဘော 'kursk' သမုဒ္ဒရာ ကြမ်းပြင်သို့ ကျသွားစဉ်က အကူအညီတောင်းရန်ငြင်းခဲ့သော ရုရှားအစိုးရ၏ ခေါင်းမာမှုကို သတိရခဲ့ခြင်းဟုဆိုသည်။ ရုရှားသည် အင်္ဂလန်မှ နည်းပညာအကူအညီကို တောင်းသင့်သည်။ သို့သော် သူတို့က အကူအညီမတောင်းခဲ့ချေ။ ကျုပ်ကတော့ ကျုပ်သိသမျှ သမ္မတတွေကို ကိုယ်တိုင်ဖုန်းဆက်ပြီး နည်းပညာဆိုင်ရာ အဖြေတွေရှာခဲ့တယ်ဟု ပီနာရာက ဆိုသည်။

ကယ်ဆယ်ရေးသမားများထဲတွင် နောက်ဆုံးမှ တက်လာရသူ 'ဂွန်ဇာလီ'ကလည်း သူသည် ကွင်းဆက်ကြီးထဲ၌ အဆက်ကလေးတစ်ခုမျှသာ ဖြစ်ပါသည်ဟု ဆို၏။ သူသည် ဖိုးနစ်ခ်ထဲပြန်မဝင်ရမီ အောက်၌ လုပ်သားတစ်ဦး ထားပစ်ခဲ့သော စာအုပ်တစ်အုပ်ကို ဖတ်ခဲ့ကြောင်း၊ မထွက်ခွာမီမှာ နောက်ဆုံးဆန္ဒက မီးတွေပိတ်ပစ်ချင်ခဲ့ကြောင်း၊ သို့သော် သူ့ကို လုပ်ခွင့်ပြုမည်မဟုတ်ကြောင်း ပြောပြသည်။

လုပ်သားအများအပြားက ဤအတွေ့အကြုံကို ပြည့်ဖုံးကားချချင်ကြသည်။ အလွန်နာကျည်းဖွယ်ကောင်းပြီး ဝေဖန်မှုအပြည့်နှင့် အနီးကပ်စောင့်ကြည့်ခံရခြင်းသည် အလွန်စိတ်ပင်ပန်းရဆဲဖြစ်သည်ဟု ဆိုသည်။

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



ဂွန်ဓာလီကို ဆန်ဂျိုးမိုင်းထဲမှ နောက်ဆုံး ပြန်လည်မတင်ပြီးသောအခါ ဝန်ချီစက်ကို ရပ်လိုက်သည်။ ဆူညံနေသော မော်တာသံတွေလည်း ရပ်သွားသည်။ ၁၀ ပတ်လုံးလုံး ဒုက္ခဆင်းရဲခံကာ ရှန်းကန်ခဲ့ရပြီးနောက် မျှော်လင့်ခြင်းစခန်းသည် ပျော်ရွှင်မှုများစီးမျောကာ ပြီးပြည့်စုံသည့်အချိန် ဖြစ်သွားလေတော့သည်။

နောက်ဆုံးအသုတ် ဟယ်လီကော့ပ်တာက ကိုပီယာပိုဆေးရုံသို့ စတင်ပျံသန်းသောအခါ ဝီဒရိုက မှုန်မှိုင်းနေသော ကန္တာရမိုးကောင်းကင်သို့ မော့ကြည့်သည်။ ထောင်ပေါင်းများစွာသော ကြယ်တို့က လင်းလက်နေကြ၏။ ခဏမျှအတွင်းမှာ ကောင်းကင်ဘုံသည် ပို၍နီးလာသည်ဟု ထင်မှတ်ရလေသည်။

'သူတို့ဟာ ဒီနေရာမှာ လှပတဲ့အရာတစ်ခုကို ထာဝရမှတ်တမ်းအဖြစ် ထားခဲ့ကြပြီ'

■

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဟူး၊ အောက်တိုဘာ ၁၃၊ ဘ၀သစ် တစ်ခု။

ဟယ်လီကော့ပ်တာထဲတွင် ဆင်မြူရယ် အေဗာလို့စ်က မယုံနိုင်သောစိတ်ဖြင့် ငေးစိုက်ကြည့်နေသည်။ စက်တွေ၊ စင်မြင့်တွေ၊ မိုးကာတဲတွေ၊ လမ်းမတွေ၊ ကားတွေ မနည်းမနောပါလား။ သူနှင့် အခြားလုပ်သား ၇ ဦးတို့ ဟယ်လီကော့ပ်တာ စီးလာကြခြင်း ဖြစ်၏။ သူတို့သည် အောက်မှာနေစဉ်ကပင် ကယ်ဆယ်ရေးအစီအစဉ်ကို ဂရုတစိုက်ကြည့်ခဲ့ကြသော်လည်း တောင်စောင်းရှိ အပြောင်းအလဲမှာ ယုံနိုင်ဖွယ်မရှိချေ။ လုပ်သားများက လေယာဉ်မှူးအား ကယ်ဆယ်ရေးစခန်းကို ထပ်၍ကွေ့ပတ်ပြပါရန် တောင်းဆိုကြသည်။ တံခါးများဖွင့်လျက်သားနှင့် ဟယ်လီကော့ပ်တာက လှည့်လိုက်၏။ ခပ်ကြမ်းကြမ်း စောင်းသွားသည်။ မြင်ကွင်းကိုကြည့်ရှုရင်း၊ ဆန်လိုရင်းဇိုးအော်ပရေးရှင်း၏ အတိုင်းအတာကို လုပ်သားများ သဘောပေါက်သွားကြရသည်။

ဟယ်လီကော့ပ်တာက စခန်းမှထွက်ပြီးနောက် လွန်ခဲ့သော ၁၀ ပတ်က သူတို့ မနက်ပိုင်းအဆိုင်း အလုပ်ဆင်းရန်လာခဲ့ကြသောလမ်းအတိုင်း ခပ်နိမ့်နိမ့်ပျံလေသည်။ လေယာဉ်ထဲတွင် ချီလီလေတပ်မှ အရာရှိနှစ်ဦးက လုပ်သားများအား စောင့်ရှောက်ရင်းဓာတ်ပုံတောင်းကြ၏။ အော်တိုဂရပ်ဖ် ရေးခိုင်းကြ၏။ တကယ့်နာမည်ကျော်များကဲ့သို့ ဆက်ဆံကြလေသည်။

လုပ်သားများကလည်း မျက်မှန်အနက်ကြီးများ တပ်ဆင်လျက်နှင့် လေတပ်အခြေစိုက်စခန်းသို့ ဆင်းလာကြပုံမှာ ရုပ်ရှင်ဓာတ်လိုက်များနှင့် တကယ်ပင်တူနေသည်။ လူစုလူဝေးများက ခြံဝင်းစည်းရိုးများပေါ် တက်၍ကြည့်ကြ၏။ တဝုန်းဝုန်းနှင့်

အခန်း - ၁၄
လွတ်မြောက်ခြင်း၏
ပထမနေ့ရက်များ

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



လက်ခုပ်ဩဘာပေးကာ ကြိုခဲ့ကြလေသည်။

လေတပ်အခြေစိုက်စခန်းမှ ဆေးရုံသို့ ကားဖြင့်သွားကြသောအခါမှာလည်း လူစုလူဝေးကြီးက လမ်းဘေးဝဲယာတွင် တန်းစီပြီးကြိုကြသည်။ အလံများ ဝှေ့ရမ်းကြသည်။ ပန်းတွေ ကြဲပက်ကြသည်။ လက်ဖြင့် သင်္ကေတ ပြကြသည်။ လုပ်သားများမှာ မှင်တက်မိနေကြတော့၏။ ယခု သူတို့ကို မိုင်းထဲ ဝင်လိုက်ထွက်လိုက်လုပ်သူများအဖြစ် လူတွေက မမြင်နိုင်ခဲ့ကြပေ။

'ကျွန်တော့်အဖို့ သိပ်ကိုထူးဆန်းနေတယ်။ ကျွန်တော်တို့ ဘယ်ကိုပဲသွားသွား လူတွေက ဩဘာပေးနေကြတယ်။ ဘာဖြစ်နေမှန်းတောင် သိပ်နားမလည်ဘူး။ စိတ်ထဲမှာ ဝေခွဲနေရတယ်။ ပြန်ပြီး စုစည်းနေရတယ်။ ဒါတွေအားလုံး ကျွန်တော် လုပ်နိုင်စွမ်းမရှိပါဘူး။ အဓိပ္ပါယ် မဖွင့်တတ်ပါဘူး'

ဟု ဆင်မြူရယ် အေဗာလို့စ်က ပြန်ပြောပြသည်။

ကိုပီယာပို ဆေးရုံအဝင်ဝတွင်လည်း လုပ်သားများကိုသယ်ဆောင်လာသော ဗင်ကားကို လူတွေ သောင်းသောင်းဖျဖျကြိုကြသည်မှာ ရဲဖြင့်ရှင်းယူရသည်။ ဆေးရုံတွင်းမှာတော့ ညွှန်ကြားရေးမှူး 'ဒေါက်တာ မာရီယာ ခရစ်တီနား မီနာဖရာ'က ကြိုဆိုပြီး ယင်းတို့အား ဆေးဝါးစောင့်ရှောက်မှုပေးရခြင်းသည် ဂုဏ်ယူဖွယ်တစ်ခု ဖြစ်ကြောင်းပြောဆိုသည်။

ကိုပီယာပိုဆေးရုံ၏ တတိယထပ်တွင် သူတို့ကို နေရာချပေး၏။ အဝင်ဝကို လက်နက်ကိုင်ရဲများက စောင့်သည်။ ဆေးရုံဝန်ထမ်းများကိုပင် စစ်ဆေးပြီးမှ ဝင်ခွင့်ရှိသူမှသာ ဝင်စေသည်။ မိသားစုဝင်များကိုမူ ဝင်ရန်ခွင့်ပြု၏။ သို့သော် နာရီအချိန်သီးသန့် သတ်မှတ်ထားသည်။ ယခု သူတို့အား သွေးစစ်ခြင်း၊ ဓာတ်မှန်ရိုက်ခြင်း၊ စိတ်ပိုင်းဆိုင်ရာ မေးမြန်းခြင်းများကို ပြုလုပ်သည်။

ရေကောင်းကောင်းချိုးရခြင်း၊ အိပ်ယာကောင်းကောင်း အိပ်ရခြင်းကဲ့သို့ သာမန်စိတ်ပျော်စရာများ တွေ့ရ၍ စိတ်ချမ်းသာသကဲ့သို့ မီဒီယာ၏ အတိုင်းအတာကိုလည်း နားလည်ကြရသည်။ အဲလက်စ်ဗီဂါနှင့် တစ်ခန်းတည်းနေရသော ဆင်မြူရယ် အေဗာလို့စ်သည်၊ ပြတင်းပေါက်လိုက်ကာများကို ဆွဲဖယ်ပြီး အပြင်သို့ကြည့်ရာ မိုက်ကရိုဖုန်းများ၊ တယ်လီဖိုတိုမှန်ဘီလူးများနှင့် ဟိုသည်လှမ်းနေကြသော သတင်းထောက်များကို မြင်ရသည်။ 'ပြတင်းပေါက်က ကြည့်တဲ့အခါ နေရာအနှံ့မှာ လူတွေကို မြင်ရတယ်။ လူတွေက ကျွန်တော်တို့ကို ကြည့်ဖို့ အပြင်မှာ အိပ်ပြီးစောင့်ကြတယ်'ဟုလည်း ဆင်မြူရယ် အေဗာလို့စ်က ပြောပြသည်။

သူတို့သည် ဆေးရုံမှာနေရင်း TV ကြည့်နိုင်သည်။ မရပ်မနား ပြသနေသော ကယ်ဆယ်ရေးအစီအစဉ် ဝေဖန်ချက်ကို နားထောင်ကြရသည်။ သူတို့ဘယ်အချိန် လွတ်မည်ဆိုခြင်းနှင့် ဟောလိဝုဒ်နှင့် TV ထုတ်လုပ်သူများက သူတို့ဆီ

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လာတွေသန်းချီပြီးပေးရန် အသင့်ရှိနေကြောင်း ကြားရသည်။

မိုင်းဆီသို့ ပြန်ကြည့်လျှင် မျှော်လင့်ခြင်းစခန်း၌ အုပ်စုနှစ်စုတို့က ပစ္စည်းတွေခွဲယူနေကြတာကို မြင်နိုင်သည်။ တစ်အုပ်စုမှာ ကုမ္ပဏီဝန်ထမ်းများဖြစ်ပြီး တခြားအုပ်စုက ကယ်ဆယ်ရေးလုပ်သားများနှင့် အစိုးရအရာရှိများဖြစ်၏။ ကုမ္ပဏီဝန်ထမ်းများက စက်ပစ္စည်းများ၊ ထောက်ပို့ပစ္စည်းများကို စုပုံ၍ ထုတ်ပိုးနေကြသည်။ လျှောက်သွားနေကြသော ကယ်ဆယ်ရေးလုပ်သားများနှင့် အစိုးရအရာရှိများက လက်ဆောင်ပစ္စည်းများ ပါဆယ်ထဲ ထည့်ပို့ခဲ့သော ခေတ်ဖူးက အစ တွင်းတူးစက် အစိတ်အပိုင်းများ၊ ကီလိုဂရမ် ၁၀၀ လေးသော စက်ပစ္စည်းများ အစုံကောက်သိမ်းနေကြလေသည်။ မျှော်လင့်ခြင်းစခန်းကြီးသည်လည်း နာရီပိုင်းအတွင်းမှာပင် ဘာလင်တံတိုင်းကြီးကဲ့သို့ အစိတ်စိတ်အပိုင်းပိုင်း ခွဲယူထုတ်ပိုးသွားခြင်း ခံခဲ့ရလေသည်။

ကယ်ဆယ်ရေးတွင်းကိုမူ ပိုက်ဝမှနေ၍ သတ္တုအပိုင်းတစ်ခုနှင့် ပိတ်လိုက်ကြ၏။ စူးစမ်းလိုသူများ၊ တိုးရစ်များ၊ ခြေသလုံးအိမ်တိုင် လျှောက်သွားနေသူများက အထဲသို့ ဆင်းမှာ စိုးရိမ်၍ဖြစ်သည်။ အနီးအနားတွင် အဓိကဝင်ပေါက်များကိုလည်း ရဲတပ်ဖွဲ့ချထားသည်။ မိုင်းအဝကြီးကိုကား ဥပေက္ခာပြုလိုက်ကြပြီ။ ဘာအတားအဆီးမျှ မထားတော့ချေ။ ဆေးရုံသို့ ပြန်ကြည့်လိုက်မည်ဆိုလျှင် လုပ်သားများသည် လေကောင်းလေသန့်ကို တဝကြီးရှူရှိုက်ရနေကြ၏။

လိမ္မော်သီးတွေ၊ အနမ်းတွေ ပြီးတော့ သူတို့အိပ်ပျော်နေစဉ်ပြုကျရန် မြိမ်းခြောက်မှုမလုပ်သော နိုင်မာသည့် အမိုးအောက်မှာ ဖြစ်နေသည်။ အဆက်မပြတ်ကျူနေသော တွင်းတူးမှုရေသံလည်း မကြားရတော့ချေ။ ထိုအဆက်မပြတ် ရေသံကို လွမ်းသလိုပင်ဖြစ်နေကြောင်း လုပ်သားများက ပြောကြား၏။ နေ့စဉ် အချိန်ဇယားကလည်း အလွန် သာယာချမ်းမြေ့နေသည်။ သစ်ပင်စိမ်းစိမ်းများနှင့် ကောင်းကင်ကို မြင်ရခြင်းသည်ပင် အံ့သြစရာနှစ်လိုဖွယ် ဖြစ်နေကြောင်း အေဗာလို့စ်က ပြောသည်။

'မိုးကုတ်စက်ဝိုင်းကို လှမ်းကြည့်လိုက်တဲ့အခါ ကျွန်တော့်ဦးနှောက်ဟာ ဖြန့်းဆို အတွေးတွေဖွံ့ဖြိုးလာပြီး သတင်းအချက်အလက်တွေကို စုရုံးလို့ရနေတယ်လို့ ခံစားရတယ်' ဟုလည်း ယင်းက ဆိုသည်။ တခြားသူများ နားမလည်နိုင်သော နည်းတစ်မျိုးဖြင့် ဘဝကိုနှစ်သက်လာမိကြောင်း မြင်ကွင်းကျယ်ဖြင့် မြင်လာခဲ့ကြောင်းလည်း ဆက်၍ပြောပြ၏။

ဂျာမနီမှ ပေါ်ပ်သတင်းထောက်များသည် အတင်းအဖျင်းများဖြင့် ဖျက်ဆီးနေကြသည်။ ဘယ်ဇနီးကဖြင့် သူ့ယောက်ျားကို လိမ်ညာခဲ့သလဲ။ အထဲမှာတုန်းက လိင်တူဆက်ဆံခဲ့သူ ရှိသလား။ ၃၃ ထဲမှာ ဘယ်သူက ဘယ်သူ့ကို လက်သီးနဲ့ ထိုးခဲ့သလဲ စသဖြင့် သတင်းအချက်အလက်များကို ချဲ့ကားခြင်း၊ တိုင်းတာခြင်း၊ မှန်းဆခြင်းများဖြင့် '၃

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



ခဲ့ကြသည်။ အပေါ်နှင့်အောက် အပြန်အလှန်ပေးစာများကို ဝယ်ယူကြပြီး မိသားစုများကို ဆွဲဆောင်ကာ အဆုံးစွန် အရှက်ရစရာများကို ရှာဖွေခဲ့ကြသည်။ ယင်းတို့အထဲတွင် သိက္ခာရှိပါသည်ဆိုသော BBC လည်းပါသည်။

စပိန်မှ El Pais လည်းပါသည်။ New York Times လည်းပါသည်။ ကမ္ဘာတစ်ဝှမ်းလုံးမှ မီဒီယာသမားများသည် လုပ်သားများရှိရာ ဆေးရုံထဲသို့ ဝင်ဖို့ကြိုးစားကြသည်။ လုပ်သားများကို တခြားသူများမရှိသော အချိန်မျိုးရှာပြီး မေးဖို့ဖြစ်၏။ ချီလီစာရေးဆရာတစ်ဦးဖြစ်သူ 'ဟာနန်ရီဗီရာ လီတီလိုင်းယား' က လုပ်သားများကို သတိပေးရန် ရေးခဲ့သည်။

'လုပ်သားကြီးများ။ ခင်ဗျားတို့ဆီ ကင်မရာတွေ၊ မီးရောင်တွေ ထိုးလာတာဟာ ခပ်ပေါ့ပေါ့လေး ဖြစ်နိုင်ပါတယ်။ ခင်ဗျားတို့ ငရဲကျနေခဲ့ရရာက ရှင်သန်လာကြတာ မှန်ပါတယ်။ ဒါပေမဲ့ အားလုံးပြီးသွားတဲ့အခါ အခုငရဲဖြစ်နေပြီ။ သိတယ်ဟုတ်လား။ ခင်ဗျားတို့ဆီ ဦးတည်လာတဲ့ မိတ်ဆွေဆိုတာတွေဟာ ခင်ဗျားတို့မကြုံဖူးတဲ့ ငရဲပဲ။ ပြသတဲ့ ငရဲပေါ့။ TV ရိုက်တဲ့ ငရဲပဲပေါ့။ ကျုပ် ခင်ဗျားတို့ကို ပြောစရာ တစ်ခုပဲရှိတယ်။ မိတ်ဆွေတို့ မိသားစုနဲ့ ပူးကပ်ထားကြပါ။

သူတို့ကို ဘယ်မှလျှောက်မသွားစေနဲ့။ ခင်ဗျားမျက်စိအောက်က မပျောက်စေနဲ့။ သူတို့ကို ပစ်မထားနဲ့။ ခင်ဗျားတို့ ဖိုးနစ်ခ်အိမ်ထဲမှာနေတုန်း မြဲမြဲကိုင်ထားတဲ့နည်းအတိုင်း ခင်ဗျားတို့မိသားစုကို ဆုပ်ကိုင်ထားကြပါ။ အဲဒါဟာ ခင်ဗျားတို့ဆီ မိုးရွာသလိုဝိုင်းအုံလာမယ့် မီဒီယာဘေးက ထွက်ပြေးလွတ်မြောက်ဖို့ တစ်ခုတည်းသော လမ်းပဲ'

ပေါ့ပ်သတင်းဂျာနယ်များအတွက်ကား ဤအဖြစ်အပျက် ဇာတ်လမ်းသည် လူ့ဂုဏ်သိက္ခာ၊ လူ့အကျင့်စရိုက်၊ လူ့စိတ်ထားမွန်မြတ်မှုများကို အနှောက်အယှက် ပေးနေခြင်းပင်ဖြစ်၏။ ဤဇာတ်လမ်းတွင် လူသေအလောင်းမရှိ။ မာရ်နတ် မကောင်းဆိုးဝါးမရှိ။ သွေးထွက်သံယိုမရှိ။ ကမ္ဘာ့ရုပ်မြင်ပရိသတ်ကို ဆွဲဆောင်ပြသဖို့ အတိုအကျဉ်းမျှပင် ဘာမှဆိုးဝါးတာတွေ မရှိ။ ဤအခါ စာဖတ်ပရိသတ်များ သိဖို့လိုအပ်သောကိစ္စအဖြစ် ဂျာနယ်မျက်နှာဖုံးတွင် ထည့်သွင်းနိုင်ရေးအတွက် မီဒီယာတို့သည် အနိမ့်ဆုံးအရာများကိုသာချယ်မှုန်းဖို့ အစီအစဉ်များကို တွန်းတင်ကြရလေတော့၏။

သူတို့၏ ချယ်မှုန်းမှုများသည် 'လူသားများအား အဆိုးဝါးဆုံးစိတ်ဖိစီးမှု ဖြစ်လာလျှင် လူရိုင်းများကဲ့သို့ မလွှဲသာမရှောင်သာ ပြုကျင့်တတ်ကြသည်' ဟု ယုံကြည်သွားဖို့ လူ့သိက္ခာကို ဖျက်ဆီးခြင်းပင်တည်း။ ဤကဲ့သို့ ဘက်လိုက်ပြီး ထင်ရာရေးကြသဖြင့် မီဒီယာ၏အကြီးမားဆုံး အခြေခံတာဝန်ဖြစ်သော 'လူထုကို ပညာပေးရန်နှင့် သတင်းပေးရန်' ကိစ္စ ပျက်ကွက်သွားခဲ့ကြလေသည်။ ဆေးရုံထဲတွင်လည်း လုပ်သားများမှာ ဝေခွဲမရ ဖြစ်နေကြရ၏။ သူတို့က သူတို့ကိုယ်သူတို့ ကိုယ်ခန္ဓာရော စိတ်ပိုင်းဆိုင်ရာပါ မကျန်းမမာဖြစ်နေသည်ဟု မည်သည့်အခါကမျှ မခံစားရ ခဲ့ကြပေ။ သွားနာခြင်းမျိုး၊ နားအနည်းငယ် မကြားရတာမျိုး၊ ကြွက်သားတွေ ထုံကျဉ်တာမျိုးလေးများကလွဲ၍ သူတို့



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြန်ရန် အသင့်ဖြစ်နေကြပြီ။ သို့သော် ဆရာဝန်များက ခွင့်မပြုချေ။ ဆေးပညာအရ သူတို့ကို ကာကွယ်ချင်စိတ်ရှိနေကြဆဲဖြစ်သည်။ သူတို့ အလွန်ကျန်းမာနေကြောင်း ဆရာဝန် အနည်းစုကသာ ယုံကြည်ကြလေသည်။

■

**ကြာသပတေး၊ အောက်တိုဘာ ၁၄။**

မနက် ၈း၀၀နာရီ။

သမ္မတ ပီနာရာသည် မိုင်းလုပ်သားများနှင့်တွေ့ဆုံရန် ဆေးရုံသို့ရောက်လာသည်။ သမ္မတအနေနှင့် လုပ်သားများအား အလုပ်အကိုင်များ ထူးထူးခြားခြားပြန်လည်ဖွဲ့စည်းပေးမည်ဖြစ်ကြောင်း ကတိပေးသည်။ မိုင်းလုပ်ငန်း၌သာမက ပို့ဆောင်ရေးဌာနများ၊ ငါးလုပ်ငန်းဌာနများတွင်လည်း နေရာချပေးနိုင်ကြောင်း ကတိပေးလေသည်။

'ကျွန်တော်တို့ နိုင်ငံမှာ ခင်ဗျားတို့ အခုလုပ်ခဲ့ရတဲ့ မလုံခြုံတဲ့နေရာမျိုး၊ လူသားမဆန်တဲ့ နေရာမျိုး ဘယ်တော့မှ ခွင့်မပြုတော့ဘူးဆိုတာ ကျွန်တော် အာမခံပါတယ်။ နောက်လာမယ့် နေ့တွေမှာ တိုင်းပြည်ကို အလုပ်သမားတွေနဲ့ သဘောတူညီချက် အသစ်ကြေငြာပါ့မယ်' ဟု ပီနာရာကပြောသည်။ ထို့နောက် ပီနာရာက ရယ်စရာပြောသည်။

သမ္မတ၏ အရာရှိများနှင့် မိုင်းလုပ်သားများ တစ်ဖက်စီနေပြီး ဘောလုံးကစားကြမည်။ နိုင်သည့်အသင်းက 'လာမိုနီဒါမြို့' မှာ နေရမည်။ ရှုံးသည့်အသင်းက မိုင်းတွင်းသို့ ပြန်သွားရမည် ဟူ၍ဖြစ်၏။ လုပ်သားများက ရယ်ကြပြီး နားလည်မှုရှိသောသမ္မတနှင့် စကားစမြည် ပြောဆိုကြလေသည်။ လုပ်သားများသည် လက်တွေ့ဒုက္ခများ ခံစားခဲ့ရသည့်ကြားကပင် မိုင်းတွင်း၌ အသက်မွေးဝမ်းကျောင်း ပြန်လုပ်ရန်ဆန္ဒရှိကြကြောင်း ဆွေးနွေးကြ၏။

'ဟုတ်ပါတယ်။ ကျွန်တော်တို့ အလုပ်ပြန်လုပ်ရမယ်။ ဒါဟာ ကျွန်တော်တို့ဘဝရဲ့ တစ်စိတ်တစ်ဒေသပဲ' ဟု အော့စ်မင်အာရာယာကပြောပြီး 'ကျုပ်လည်းပြန်သွားချင်တယ်။ ကျုပ်က နှလုံးသားမှာ မိုင်းလုပ်သားဖြစ်ဆဲပြီးသား။ ဒါဟာ သွေးထဲမှာရှိနေတဲ့ အရာပဲ' ဟု အဲလက်စ်ဗီဂါက ထောက်ခံလေသည်။

■

**သောကြာနေ့၊ အောက်တိုဘာ ၁၅။**

လုပ်သားများသည် စိုးရိမ်စွာ နိုးလာ၏။ မိုင်းတွင်းမှအိပ်မက်ဆိုးများက သူတို့၏ အိပ်ပျော်ခြင်းကို ပျက်စေ

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



ခဲ့သည်။ တစ်ယောက်ဆိုလျှင် ညလယ်မှာနိုးလာပြီး ခန်းမထဲ၌ လမ်းထလျှောက်၏။ ပါဆယ်ထုပ်ကို ရှာ၏။ ထိုအချိန်မှာ သူ့တာဝန်အလှည့်ဆိုပြီး တာဝန်ထမ်းဆောင်ရန် ပြင်ဆင်ခြင်းဖြစ်သည်။ တချို့ကလည်း မိုင်းထဲမှာ တာဝန်တွေရှိသေးသည်ဟု တွေးနေကြဆဲဖြစ်၏။

မိသားစုများက သူတို့လူများကို အိမ်ခေါ်သွားချင်လေပြီ။ ထိုအခါ လုပ်သားများကလည်း လွတ်လွတ်လပ်လပ် နေရဖို့ ဖိအားပေးကြ၏။ ဆရာဝန်များကမူ စိတ်ဖိစီးမှု၊ စိတ်ကစဉ့်ကလျားဖြစ်မှု၏ နောက်ဆက်တွဲဒဏ်ရာသည် လူတချို့အတွက်သာ စိတ်ချရသေးသည်။

ဆီပူလ်ဗီဒါက သူ့ဉာဏ်ရည်ဖြင့် ဤအရေးအခင်းတွင် ခေါင်းဆောင်ဖြစ်အောင် လုပ်နိုင်ခဲ့သော်လည်း အက်ဒီဆင်ပီနာကမူ ဒဏ်ရာတွေမှလွတ်အောင် မလုပ်နိုင်သေး။ ကြမ်းပေါ်သို့ သတ္တုခွက်ကလေးလွတ်ကျသံကြားလျှင်ပင် ထခုန်မိနေဆဲဖြစ်သည်။ လူအများအပြားက မီးဖွင့်ပြီးအိပ်ကြသည်။ တချို့ကမူ ဦးနှောက်ငြိမ်သက်ရန် အိပ်ဆေးသောက်နေရသေးသည်။

စိတ်ပညာဆရာဝန် 'ဖီဂူရိုဝါ' က လုပ်သားများ၏ ၁၅ ရာခိုင်နှုန်းမှာ စိတ်ပိုင်း ဆိုင်ရာ ရောဂါပြင်းပြင်းထန်ထန်ဖြစ်လာနိုင်သည်ဟု ခန့်မှန်း၏။ ၁၅ ရာခိုင်နှုန်းသည် ပို၍တောင့်တင်းလာမည်။ ကျန်လူများက အလယ်အလတ် အဆင့်ရှိသည်ဟုဆိုသည်။ နှိုင်းယှဉ်ပြစရာ သမိုင်းသက်သေကား မရှိပေ။ စိတ်ဒဏ်ရာ ရသွားခဲ့ကြသော စစ်သားများ၊ လေယာဉ်ပျက်ကျခဲ့ရာမှ အသက်မသေကျန်ရစ်သူများကို နှစ်သိမ့်သော ကိစ္စများမှာ စိတ်ပညာဆရာဝန်များအတွက် သင်ခန်းစာအမြောက်အမြား ရရှိနိုင်သည်။ ချီလီမိုင်းသားကောင်များ ကြီးမားသောဒုက္ခမှ အသက်ရှင်ကြသော လူများအတွက် စိတ်ကျန်းမာရေး စည်းမျဉ်းများဟူ၍ကား အသုံးချရန် အနည်းငယ်မျှသာရှိသည်။

လုပ်သားများ၏ စိတ်ပိုင်းဆိုင်ရာ တည်ငြိမ်မှုမှာ မသေချာသေးသည့်ကြားမှ၊ အောက်တိုဘာ ၁၅ ရက်၊ သောကြာနေ့၊ ညနေ ၄း၀၀ နာရီမှာတော့ လုပ်သား ၂၈ ယောက်ကို ဆေးရုံမှဆင်းစေခဲ့၏။ ကမ္ဘာ့သတင်းမီဒီယာများ ရှေ့မှောက်မှာပင် လုပ်သားများကို အမှောင်ချပြီးခေါ်ဆောင်သွားရန် ဂရုတစိုက် ပြုခဲ့ကြ၏။ သို့သော် လူနာတင်ကားအရှေ့ဂိတ်ကို လွှန်သည်နှင့် အထဲမှလုပ်သားများက နောက်ဖက်တံခါးမှ တွားပြီးထွက်ဖို့ကြိုးစားကြသည်။ ယင်းတို့ကို မည်ကဲ့သို့ စည်းရုံးလိုက်ရပါသလဲဟု မေးသောအခါ ဒေါက်တာ ဂျော့ချ်ဒိုင်ယာလ်က 'ကျွန်တော့်အနေနှင့် ဉာဏ်သုံးပြီး လုပ်လေ့ရှိပါတယ် ဟု ပြုံးရင်းပြောပြခဲ့လေသည်။ သူ့ ဉာဏ်ဆင်ပုံမှာ ဤကဲ့သို့ဖြစ်၏။

အိုမာရေဂါဒါကို ရဲစုံထောက်ဝတ်စုံ ဝတ်စေ၏။ သူက ရဲစုံထောက်အဖြစ် အောင်မြင်စွာ သရုပ်ဆောင်သွားသည်။ သတင်းထောက်များကိုပင် ဓာတ်ပုံရိုက်သွားခဲ့သေးသည်။ တခြားလုပ်သားများက သူတို့အဝတ်အစားများ၊ နေကာမျက်မှန်များကို ပြောင်းလဲပြီး အယောင်ဆောင်မိန်းမများနှင့် သူတို့ဇနီးများအဖြစ် လက်ချင်းတွဲကာ ဆေးရုံတွင်းမှ ထွက်ခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ စကားတပြောပြော၊ ရယ်ရယ်မောမောနှင့် ဘယ်သူမှ သတိမထားမိကြဘဲ မိမိတို့အိမ် သို့မဟုတ် ဟိုတယ်များသို့ ရောက်ရှိသွားကြလေတော့သည်။

ဆင်မြူရယ်အေဗာလို့စ်က ဘော်ဒါဆောင်တစ်ခုသို့ သွားသည်။ ထိုနေရာမှာ သီးသန့်ခန်းနှင့် ရေချိုးခန်းပါသည်။ သူ့ဇနီးက သူ့ကို စိတ်ပါလက်ပါနှင့် စောင့်နေလေ၏။

'ကျွန်တော် မိန်းမကို တွေ့ထိရင်ဆိုင်ရတယ်။ အကြာကြီးပဲ။ ကျွန်တော်ဟာ ယုန်လေးလို ဖြစ်သွားတယ်။ ဒါပေမဲ့ ကျွန်တော် မအိပ်နိုင်ဘူး။ ကျွန်တော့်ခေါင်းတွေ ပတ်ချာလည်နေတယ်။ ဘယ်ဘက်လက်မောင်းက လိမ်နေတယ်။ ခန္ဓာကိုယ်က သက်သက်သာသာ မရှိဘူး။ လုံး၀ကို တောင့်တင်းနေတယ်။ ကျွန်တော်ဟာ ကျွန်တော်မဟုတ်တော့ဘူး။ ကျွန်တော့်ခန္ဓာကိုယ်ကို ထိကြည့်တော့ ထူးဆန်းနေတယ်။ မှန်ထဲကြည့်လိုက်တော့ အဲဒီမျက်လုံးတွေဟာ ကျွန်တော့် မျက်လုံးတွေ မဟုတ်ဘူး'

ဆင်မြူရယ်အေဗာလို့စ် ပြောပြခြင်းဖြစ်သည်။

လုပ်သားများသည် ဆေးရုံမှ ဆင်းပြီးသောအခါ သူတို့အား ဂုဏ်ပြုပွဲများပြုလုပ်ကြခြင်းကို အံ့သြနေကြ၏။ အက်ဒီဆင်ကလည်း 'အဲသလို ပြန်လုပ်နိုင်လိမ့်မယ်လို့ မထင်ဘူး။ ဒီဧည့်ခံဂုဏ်ပြုပွဲတွေက ကျွန်တော့်စိတ်ကို တကယ့်ကို ရပ်သွားစေတယ်။ ကျွန်တော်တို့ သိပ်ကိုဒုက္ခဖြစ်ခဲ့တာပဲ' ဟုဆိုကာ မျက်ရည်မကျအောင် ထိန်းထားသည်။

သာမန်နေအိမ်လေးများ အပြင်ဘက်တွင်လည်း မီဒီယာများက တန်းစီနေကြ၏။ သတင်းစီးပွားရေး လုပ်ခြင်းဖြစ်၏။ ဗိုလစ်ဗီးယားနိုင်ငံသား 'ကားလို့စ်မာမာနီ' က မေးခွန်းတစ်ခုကိုဘယ်လောက်ဟူ၍ သတ်မှတ်သည်။ တခြားလုပ်သားများကလည်း ဒေါ်လာထောင်နှင့်ချီပြီး တောင်းကြသည်။ သို့သော် ပိတ်မိစဉ်ကအကြောင်း အသေးစိတ်ကို ပြောပြရန်ကား ငြင်းဆိုကြ၏။ သူတို့ ငွေယူတာ တရားသည်ဟုလည်း ယူဆကြသည်။

ယွန်းနီတစ်ယောက်ကား အိမ်ကို ပြန်ခြင်းမပြုတော့ချေ။ သူ့ဇာတ်လမ်းကိုရေးရန် မီဒီယာများ ဝိုင်းလာသည်။ သူ့အပေါင်းအဖော် ၃၂ ဦးကို ကျန်းမာရေး စောင့်ရှောက်ခဲ့ကြောင်း ပြောပြလိုသော်လည်း သူ၏ အချစ်ဇာတ်လမ်းကိုသာ စာလုံးကြီးဖြင့် ဖော်ပြကြ၏။ သူ့မယားကြီးနှင့် ချစ်သူ 'စူဆန်ဗာလင်ဇူလာ' တို့က သူ့ကိုသာ သဘောကျရွေးခိုင်းကြ၏။ ယွန်းနီက ဗာလင်ဇူလာကို သူ၏ထာဝရအဖော်အဖြစ် ရွေးချယ်လိုက်သည်။ မီဒီယာများကို အတိုချုံးပြောဆိုရာ၌ မျက်ရည်တွေတွေကျရင်း ကျွန်တော်က အောက်မှာ ကိုယ့်အလုပ်ပဲကိုယ်လုပ်ခဲ့တယ်။ အခု မိတ်ဆွေကောင်း ဖြစ်နေတဲ့ လုပ်ဖော်ကိုင်ဖက်တွေကို အတတ်နိုင်ဆုံးကူညီခဲ့တယ်ဟု ဆိုသည်။

ပထမ ၁၇ ရက်အကြောင်း အသေးစိတ်ပြောပြရန် မေးသောအခါ ယွန်းနီက ငြင်းသည်။ ထုတ်မပြောကြေး

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



သဘောတူထားသည်ကို သစ္စာရှိခြင်းဖြစ်၏။ အငယ်ဆုံးလုပ်သား ဂျင်မီ ဆန့်ရှယ်ကလည်း အာဇူရာကို ကံဆိုးသောခေါင်းဆောင်ဟု အသိအမှတ်ပြုသည်။

ဆီပူလ်ဗီဒါ ဘယ်ရောက်နေလဲ။ သတင်းသမားများက မေးခွန်းမေးနေပြီ။

ဆေးရုံ လူထုထံမှ ထုတ်ပြန်ချက်အရဆိုလျှင် ဆီပူလ်ဗီဒါသည် ခန္ဓာကိုယ်ရော စိတ်ပိုင်းဆိုင်ရာပါ အားနည်းနေသဖြင့် အနားယူရန်လိုသည်ဟု ဆိုသည်။ သို့သော် တခြားသူများ ပြောစကားများအရကား ဆီပူလ်ဗီဒါကို မီဒီယာများနှင့် မတွေ့စေလို၍ ဆရာဝန်များကတားမြစ်ခြင်းဖြစ်ကြောင်း၊ မီဒီယာများ၏ဖိအားကို မခံနိုင်မှာစိုးရိမ်၍ဖြစ်ကြောင်း၊ ဆီပူလ်ဗီဒါ၏ ဆန္ဒကမူ ဆရာဝန်များတားမြစ်ခြင်းနှင့် ဆန့်ကျင်နေကြောင်း စသဖြင့်ကြားကြရ၏။ ဤသို့ဖြင့် ဆီပူလ်ဗီဒါ နောက်ထပ်ပြန်၍ ပိတ်မိနေတော့၏။ ဤကစ်ချိန်ကား မိုင်းပိတ်ခြင်းမဟုတ်ဘဲ၊ ကယ်ဆယ်ရေးသမားများကို ပိတ်ခြင်းပေတည်း။

ဆီပူလ်ဗီဒါကမူ ဆေးရုံမှ ဆင်းချင်လှပြီ။

ဒေါက်တာ ရိုမန်နီလီက ဆီပူလ်ဗီဒါကို လာရောက်တွေ့ဆုံသောအခါ 'ကျုပ်ကို ဒီကနေထွက်ခွင့်ပေးပါ။ ဒီမှာနေရတာ ရူးချင်နေပြီ။ သူတို့ ကျုပ်ကို ဒုက္ခပေးနေကြတယ်'ဟု ဆရာဝန်ကို တောင်းပန်သည်။ သူကား မူးယစ်ဆေး၏ အစွမ်းဖြင့် အိပ်ငိုက်နေပြီ။ စိတ်မငြိမ်မသက်ဖြစ်နေသည်။ သူ့ကို ငြိမ်သက်အောင် ဆေးထိုးထားခြင်း ဖြစ်၏။ ထိုဆေးမှာ ပြင်းလွန်းသဖြင့် လူနာကို လဲကျစေနိုင်သည်။

စိတ်ပညာဆရာဝန်က ဆက်လက်၍ 'သူ့ကို ဒိုင်ယာဇီပင် ထိုးထားတာပါ။ သူ တအားစိတ်ဓာတ်ကျနေလို့ ထိန်းဖို့လိုနေတာ' ဟု ရှင်းပြသည်။ သို့သော် ယခုအချိန် သူ့ကိုလွှတ်ပေးမှ ဖြစ်တော့မည်။ ထို့ကြောင့် 'အီတူရာ'အား ရိုမန်နီလီက ပြောရ၏။

'သူ့ကို ထုတ်လိုက်တော့။ မဟုတ်ရင် ပြဿနာကြီး ဖြစ်လိမ့်မယ်။ ပျော်ရွှင်ခြင်းကို ရောဂါလို ဆက်ဆံဖို့ မလိုဘူး'

ဤသို့ဖြင့် ဆီပူလ်ဗီဒါအား လူနာတင်ကားဖြင့် ဆေးရုံမှထုတ်ကာ အနီးရှိဆေးခန်းသို့ ပို့ရ၏။ ထိုဆေးခန်းအနီး သတင်းသမားများ ဝိုင်းလာပြန်သည်။ နောက်ဆုံးမှ ဆီပူလ်ဗီဒါမှာ လွတ်မြောက်ရေးနှုတ်ခမ်းဝသို့ ရောက်ရ၏။ သူ့ဇနီး 'ကေတီ'က သူ့ခင်ပွန်းသည် ကြွက်သားများ အဆက်မပြတ် ရောင်ရမ်းလာသဖြင့် စကားတွေပုံမမှန်ဘဲပြောခြင်းဖြစ်ကြောင်း သူတို့က မာရီယိုဆီပူလ်ဗီဒါကို နားမလည်ကြခြင်းသာ ဖြစ်ကြောင်း၊ မာရီယိုက အမြဲတမ်းဒီလိုပါပဲဟု ရှင်းပြလေသည်။

■

www.burmeseclassic.com

www.burmeseclassic.com



**စနေ၊ အောက်တိုဘာ ၁၆။**

အောက်တိုဘာ ၁၆ ရက် စနေနေ့တွင် လုပ်သား ၃၁ ယောက်ကို ကိုပီယာပို ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်သည်။ သို့သော် ဆီပူလ်ဗီဒါနှင့် ဇာမိုရာတို့ကိုကား တားမြစ်ထားဆဲဖြစ်၏။ ဇစ်တာဇာမိုရာက သွားပိုးဝင်နေရာ အခြေအနေအတော်ဆိုး နေသည်။

နံနက် ၁၀း၀၀ နာရီရောက်သောအခါ ဆီပူလ်ဗီဒါကို လွှတ်ပေးလိုက်၏။ သူက ချက်ချင်းပင် ငှားရမ်းထားသော တိုက်ခန်းသို့သွား၏။ ထိုအခန်းမှာ သူ့မိသားစုက မွေးနေ့ပွဲ ကျင်းပရန် စောင့်နေကြသည်။ သူ အတော်နောက်ကျပြီးမှ ရောက်သွားခဲ့၏။ သူ၏မွေးနေ့ကား အောက်တိုဘာ ၃ ရက်ဖြစ်၏။ ထိုနေ့တွင် သူ မြေအောက်မှာ ရှိနေခဲ့၏။ သူ၏ အသက် ၄၀ ပြည့် မွေးနေ့ဖြစ်ပြီး ယနေ့မှပဲ သူ့ဇနီး၊ သူ့ကလေးများနှင့် မွေးနေ့ပွဲ ကျင်းပဖြစ်တော့သည်။

ကြွက်သားများရောင်နေသော ဆီပူလ်ဗီဒါက မွေးနေ့စားသောက်စားပွဲမှာ ခဏသာထိုင်နိုင်၏။ ပြီးတော့ နောက်ဖက်ခန်းသို့ ဦးတည်လိုက်၏။ ပျောက်နေသောကစားစရာများ ပြန်တွေ့ရသည့် ကလေးတစ်ယောက်ကဲ့သို့ မိုင်းတွင်းမှ သူထုပ်ပိုးပြီးပို့ခဲ့သော အထုပ်များကို ဖြည်လေသည်။

ဘော့စ်ဘောရိုက်တန်အရွယ်ပိုက်များကို တင်းတင်းပတ်ထားသည့် အထုပ်ကို ဧည့်ခန်းသို့မလာပြီး ဘလိတ်ဓားဖြင့် ခွဲချသည်။ အထဲမှာပါသော အရာများကို မြင်ရသောအခါ သူပျော်သွား၏။ ဆွဲထုတ်လိုက်သော အရာများကား ပလတ်စတစ်ပုလင်းများဖြစ်ကာ အထဲမှာ သတ္တုစလေးများ၊ ကျောက်သလင်းတုံးလေးများဖြင့်သာ ပြည့်နေလေသည်။ မိုင်းထဲမှာ သူစုဆောင်းခဲ့သော အရာများတည်း။

'ဒါတွေက စပြီးပေါက်ကွဲတော့ ကျလာတဲ့ဟာတွေပဲ။ အဲဒီတုန်းက တို့ကို ဘယ်သူမှမကြားနိုင်ခဲ့ဘူး။ ဒါဟာ ငါတို့ရဲ့ မျှော်လင့်ချက်နဲ့ ငါတို့ရဲ့ လွတ်မြောက်ရေးအတွက် ကြိုးပမ်းမှုပဲ။ ဒါတွေကို ငါ့အတွက် အရေးပါတဲ့ လူတွေကိုပဲ လက်ဆောင်ပေးမယ်' ဟုဆိုသည်။

ထိုနောက် ဆီပူလ်ဗီဒါက သူ အောက်မှာနေစဉ် လက်ခံရရှိခဲ့သောစာများကို ဆွဲထုတ်၏။ စာများကို ဖတ်နေစဉ် သူ့မျက်နှာထား ပြောင်းလာသည်။ သူ့အပြုံးက ပျောက်ကွယ်သွားသည်။ သူ့မျက်နှာပေါ်သို့ မျက်ရည်တွေ စီးကျလာသည်။ သူ့ခေါင်းထဲရှိ ကြမ်းတမ်းခက်ထန်သော အမှတ်ရဖွယ်ရာများကို ပြန်ပြောရန်ကြိုးစားစဉ် သူ့အသံတွေတုန်ခါလာသည်။ ထိုနောက် သူက ကြေညာလိုက်၏။ သူ ခရီးထွက်ချင်သည်ဟု။ ယခုပင် ထွက်ချင်သည်။ ဘယ်နေရာလဲဟုမေးလျှင် အပိတ်ခံနေရစဉ်က စိတ်ကူးအိပ်မက်ခဲ့ရသော နေရာပါ။ ပင်လယ်ကမ်းခြေတည်း။

ပင်လယ်ကမ်းခြေသို့ ကားမောင်းသွားစဉ် ဆီပူလ်ဗီဒါသည် ထောင်မှလွတ်လာသူကဲ့သို့ စကားတွေပြောနေသည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



အရာရာသည် သူ့ကို ဖမ်းစားနေကြ၏။ ကားသံတွေကိုလည်း သူ သဘောကျစွာ ခံစားသည်။ အစားအစာ အလွယ်တကူ ဝယ်၍ရခြင်းကိုလည်း သူ ဘဝင်ကျနေသည်။ အချိုရည်ပုလင်းကို ရွေးပြီး သောက်နိုင်သည်။ သူက လွတ်လပ်စွာ သွားလာလှုပ်ရှားသည်။

ကားထဲမှ ပလက်စတစ်ရေပုလင်းအလွတ်နှစ်လုံးကို ကောက်ယူလိုက်ပြီး 'အခု ငါ အားလုံးကို တန်ဖိုးထား တယ်။ ဒါတွေကို ကြည့်ကြစမ်း။ ဒီပုလင်းနှစ်လုံးနဲ့ မင်းတို့ ရေချိုးလို့ရတယ်။ တစ်လုံးနဲ့ ဆပ်ပြာတိုက်မယ်။ နောက်တစ်လုံးနဲ့ ပြန်ချိုးမယ်' ဟု အလေးအနက်ဆိုသည်။

'ကယ်လ်ဒီရာ' ရွာအနီးရှိ ကမ်းခြေကား လှရှင်းနေသည်။

နေလုံးက တိမ်စညိုညိုများနောက်မှာ ပုန်းနေသည်။ ပင်လယ်ဘက်မှ လေနွေးနွေးတိုက်လာသည်။ ရေစပ်မှာကား ပင်လယ်စင်ရော်တစ်အုပ်က မုန့်အစအနများကို ရှာဖွေနေကြ၏။

ဆီပွလ်ဗီဒါက သူ့သားများနှင့် ဘောလုံးကန်သည်။

ထိုနောက် ဤအချိန်ကို အမှန်းတင်ရန် ခဏရပ်သည်။

'ငါ အပိတ်ခံနေခဲ့ရတုန်းက ငါ ဘာတွေအမြဲတွေးပြီး စိတ်ကူးယဉ်ခဲ့တယ်ဆိုတာ သိလား။ အခု ဒါဟာ ငါ့ရဲ့ အဖိုးတန်ဆုံးအိပ်မက်ပဲ။ ပင်လယ်ကမ်းခြေမှာ ရေချိုးဖို့'

သူ စကားပြောနေစဉ်မှာ နေရောင်ခြည်က တိမ်များကိုထိုးခွဲလိုက်ရာ ပင်လယ်ပြင်ပေါ်မှာ ရွှေရောင်တိမ်ကွက် လေးများ ထင်ဟပ်လာကြ၏။ 'ဒါဟာ ဘုရားသခင်ပေးတဲ့ အလင်းရောင်ပဲ။ မျှော်လင့်ခြင်း အလင်းရောင်ပေါ့' ဆီပွလ်ဗီဒါ က မှတ်ချက်ချသည်။

'တို့အောက်မှာရှိတုန်းက ပထမဆုံးပါဆယ်ထုပ်ရောက်လာတော့ လိုဏ်ခေါင်းကို ငါ့အပေါင်းအသင်းတွေကို ညွှန်ရင်း ဒါဟာ အလင်းရောင်နဲ့ မျှော်လင့်ချက်ပေးတဲ့ တံခါးပဲ။ အပေါ်မှာတော့ တို့သူငယ်ချင်းတွေအတွက် ကောင်းကင် ဘုံပဲလို့ ငါပြောခဲ့တယ်' ဟု ဆက်၍ပြောနေသည်။

'ငါကလေ ငါတို့ဆီကနေ ကမ္ဘာကြီးက သင်ယူစေချင်တယ်။ ဘယ်လိုနေထိုင်ကြမလဲဆိုတာ သင်ယူဖို့ပေါ့။ ငါတို့မှာ ကောင်းတာတွေရော ဆိုးတာတွေရော ရှိတယ်။ ကောင်းတာတွေကို ပျိုးထောင်ဖို့ လိုတယ်'

'မင်းတို့ စဉ်းစားကြည့်စမ်း။ မင်းတို့ဘဝဟာ နှစ်မိနစ်အတွင်း ဆုံးသွားနိုင်တယ်။ မင်းသေပြီဆိုရင် မင်းပိုက် ဆံတွေကို ဘာလုပ်ရဦးမလဲ။ ငါ့ကိုကြည့်စမ်း။ ငါပျော်နေတယ်။ နှစ်လလုံးလုံး ပိုက်ဆံတစ်ပြားမှ မရှိခဲ့ဘူး။ ဒါပေမယ့် ငါပျော်တယ်' ဆီပွလ်ဗီဒါက ပင်လယ်လှိုင်းများနှင့် ကောင်းကင်ကြီးကို ညွှန်ပြရင်း 'ဒါဟာ ဘဝပဲ' ဟုဆိုလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆီပူလ်ဗီဒါက ဘောလုံးတစ်လုံးကို မြှောက်တင်လိုက်သည်။ သူ့သားများနှင့် ကမ်းခြေမှာပြေးသည်။ ပင်လယ်စင်ရော်များကို လိုက်သည်။ ထို့နောက် သူ့ရှပ်အင်္ကျီကို ချွတ်ပစ်၏။ ရှူးဖိနပ်များကို ကန်ထုတ်လိုက်၏။ ဘောင်းဘီတိုကို ပုံချွတ်ရင်း ပင်လယ်လှိုင်းထိပ်သို့ ပြေးဝင်လေသည်။ သူ့ခြေကျင်းဝတ်များ ပတ်လည်၌ ရေလှိုင်းများက ဖွေ့ရမ်းကြစဉ် သူ့မိသားစုက လက်ခုပ်တီးပြီးသြဘာပေးကြလေသည်။

မာရီယိုဆီပူလ်ဗီဒါ (ပျောက်ဆုံးနေသော ၃၃ ၏ ခေါင်းဆောင်)ကား ကလေးတစ်ယောက်လို ဟိုမှသည်မှ မြူးတူးကူးခပ်လျက် ရေချိုးနေလေပြီ။

■

**တနင်္ဂနွေ၊ အောက်တိုဘာ ၁၇ ရက်။**

ဒဏ်ရာဒဏ်ချက်များကို ကုစားရန် ကြိုးစားသည့်အနေနှင့် အတွေ့အကြုံဟောင်းကို ငြိမ်းချမ်းရေးပေးခြင်းလည်း ဖြစ်စေရန်ဆိုပြီး လုပ်သား ၁၂ ဦးတို့သည် ကယ်ဆယ်ရေးအပြီး ၄ ရက်အတွင်း ဆန်ဂိုးမိုင်းသို့ ပြန်ခဲ့ကြ၏။ မျှော်လင့်ခြင်းစခန်းတွင် ဘာသာရေးအရ ကျေးဇူးတော်ချီးမြှင့်ပွဲလုပ်ရန် စီစဉ်ထားသည်။ နိုင်ငံရေးသမားများ ကယ်ဆယ်ရေးလုပ်သားများလည်း အဆိုးတွေအဆုံးသတ်ရန် စုဝေးလာကြသည်။

ရဲအရာရှိများက မိုးကာတဲတစ်ခု၌ ရှိနေ၏။ ချက်ချင်းပင် ဆုတောင်းပွဲအတွင်း ဝင်ခွင့်မရသော ဆန်ဂိုးလုပ်သားများက ရဲများကို အော်ဟစ်တိုက်ခိုက်ကြလေသည်။ အစိုးရ၏ လမ်းညွှန်ချက်အရ ဝတ်ပြုပွဲသို့ ပျောက်ဆုံးသူ ၃၃ ဦးကိုသာ ဖိတ်ကြားခဲ့၏။ ဆန်ဂိုးမိုင်းမှ တခြားလုပ်သားများကို မဖိတ်ကြားခဲ့ချေ။ အမှန်မှာ သူတို့လည်း လုပ်အားပေးခဲ့ကြသည်။ ဤနေရာသည် သူတို့၏ အလုပ်ခွင်ဖြစ်၏။ သူတို့ချွေးတွေ တောင်စောင်းမှာ ရှိနေသည်။ ယခုကဲ့သို့ သူတို့ကို အဝင်မခံရခြင်းအပေါ် သူတို့အား သူစိမ်းများအဖြစ်ဆက်ဆံခြင်းဟု သူတို့ခံစားရသည်။ ဤတွင် ရဲများနှင့် ရန်းရင်းဆန်ခတ်ဖြစ်တော့၏။ ပြီးတော့ မိုင်းလုပ်သားများက မိုင်းပိုင်ရှင်များအား သူတို့အလုပ်မဆင်းခဲ့ရသော ရက်များအတွက် 'နောက်ကြောင်းလစာ' ပြန်ပေးရန် တောင်းဆိုကြလေသည်။

ရဲများက အလုပ်သမားသမဂ္ဂကိုယ်စားလှယ်များကိုလည်း အဝင်မခံချေ။ ကိုယ်စားလှယ်များက ညှိနှိုင်းဖို့ ရောက်လာခြင်းဖြစ်သည်။ မိုင်းပိုင်ရှင်များကား ကိုယ်ယောင်ဖျောက်နေကြ၏။ တရားစွဲဆိုမှုကို ခုခံရန်လည်း သူတို့ကြံစည်နေသည်။ တရားရုံးမှာ ရင်ဆိုင်ခြင်းက နှစ်နှင့်ချီပြီး ကြာဦးမည်။ သူတို့ထောင်ကျမလား ဒဏ်တပ်မလား၊

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



အဖြေကို တရားရုံးက အချိန်ယူပြီးရှာဖွေလိမ့်မည်။

သတ္တုတွင်း အလုပ်သမားသမဂ္ဂမှ ပြောခွင့်ရပုဂ္ဂိုလ် 'အိဗ်လင်'က ဆန်ဂျိုးမိုင်းပိုင်ရှင်များကို ဝေဖန်ပြောကြားရာ၌ 'သူတို့က နောက်ကြောင်းပြန်လုပ်ခတွေကို ၁၁ လခွဲပြီး အရစ်ကျပေးချင်ကြတယ်။ ကျွန်မတို့က အခုလိုချင်တာ' ဟု ရှင်းပြ၏။ နောက်ဆုံးမှာကား အဆက်မပြတ်ဖိအားပေးကြသဖြင့် နောက်ကြောင်းပြန်လစာများ တဖြည်းဖြည်းနှင့် ပေးရန် သဘောတူညီမှု ရရှိခဲ့ပါသည်။

ဒေသခံသမဂ္ဂခေါင်းဆောင်တစ်ဦးဖြစ်သော 'ဂျာဗီးယား ကက်စ်တီလို'ကလည်း 'ကျုပ်တို့ လုပ်သားတွေ အသက်ရှင်နေမယ်ဆိုတာ ဘယ်သူမှမထင်ဘူး။ ကျုပ်တို့အားလုံး ဒီကိုရောက်လာကြတယ်။ အလုပ်သမားအားလုံး လာကြတယ်။ သူတို့ အသက်ရှင်နေကြောင်း သိရတယ်။ ဒီအခါ ကျုပ်တို့ စည်းစည်းလုံးလုံးနဲ့ ယုံကြည်မှုနဲ့ လုပ်ခဲ့ကြတယ်။ အခုဆိုရင် အားလုံးပြန်ပြီး ရှင်လာကြပြီဆိုတော့ ခါတိုင်းလိုပဲ အလုပ်လုပ်ကြမယ်။ တချို့ကိုတော့ သူတို့က ပိတ်ထားကြတယ်။ အဲဒါ နာကျည်းစရာပဲ' ဟု ရှင်းပြသည်။

ကက်စ်တီလိုသည် ဆန်ဂျိုးမိုင်းကိုပိတ်ပစ်ရန် ကြာမြင့်စွာတိုက်ပွဲဝင်ခဲ့သူဖြစ်၏။ ၁၀ နှစ်တာမျှ ပြင်းထန်သော ထိခိုက်မှုများကို သူ မြင်ခဲ့ရသည်။ အလုပ်သမားတွေ သေခဲ့ရတာကို မြင်ခဲ့ရသည်။ သေကြေမှု စာရင်းကား အနည်းငယ်မျှသာ ဖြစ်၏။ အဖိုးတန်ရွှေနှင့် ကြေးနီများကို တောင်ထဲရှိအိုးကြီးထဲမှထုတ်ယူပြီး ထရပ်ကားများနှင့်သယ်နေကြသည်ဟု ထင်နေကြပုံရ၏။ နောက်ထပ်လုံခြုံစိတ်ချဖို့အတွက် အခြေအနေများ အသေးစိတ်လုပ်ရန် သိလာသောအခါ မိုင်းပိုင်ရှင်များ အား ဆန့်ကျင်မည့် ရုတ်တရက်တိုက်ခိုက်မှုများ ဖြစ်ပေါ်လာခဲ့သည်။

မိုင်းတွင်းသို့ ကယ်ဆယ်ရေးအတွက် ပထမဆုံးဆင်းခဲ့သူ 'မန်နူယယ် ဂွန်ဇာလီ'ကလည်း မိုင်းတွင်း အခြေအနေကို TV သို့ အောက်ပါအတိုင်း ပြောပြခဲ့သည်။ 'အထဲမှာ အခြေခံရှိရမယ့် အရာတောင်မရှိဘူး။ ကျုပ်က အောက်မှာ ၂၅ နာရီကြာ ၄၀ အအေးဓာတ်ထဲနေခဲ့ရတာ။ လေထုသိပ်သည်းခြင်းက ၁၀၀ ရာခိုင်နှုန်း ရှိနေတယ်။ ၁၇ ရက်လုံးလုံး ဘာမှမသိဘဲ နေခဲ့ရတာ အတော်ကြောက်စရာ ကောင်းမှာပဲ'

ဆင်မြူရယ်အေဗာလို့စ်ကမူ မီဒီယာများနှင့် သတင်းပေးအစည်းအဝေး ပြောပြီးသောအခါ သူ့ကိုယ်သူ ရုပ်ဖျက်ပြီး မျှော်လင့်ခြင်းစခန်းသို့ လှေ့လာရန်ထွက်သွားခဲ့၏။ စခန်းသည် ပြည်ပကမ္ဘာဖြစ်နေသည်။ တောင်မပြိုခင်လများတုန်းက သူနေ့စဉ် ဤနေရာသို့ ကားမောင်းခဲ့သည်။ ကျောက်တုံးတွေ ထူထပ်သည်။ ယခုမူ ထောင့်တိုင်းမှာ ကေဘယ်လ်ကြိုးတွေကို ထုပ်ပိုးထားကြသည်။ မော်တော်ကားအိမ်တွေ ရှိနေသည်။ အေဗလို့စ်သည် သူ့ကို ကယ်ထုတ်ခဲ့သော တွင်းပေါက်ကို တွေ့ခွင့်ပါမစ် ရခဲ့၏။ တွင်းကို ကြည့်ပြီး သူပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



'တွင်းပေါက်က သေးသေးလေးပဲ။ ကျွန်တော် အဲဒီအပေါက်ထဲက ထွက်လာခဲ့တယ်ဆိုတာ ခုထိရှင်းမပြနိုင်ဘူး။ ကျွန်တော် နားမလည်ဘူးဗျ။ ဒါဟာ ပြန်ဆောက်ထားတာဖြစ်မယ်။ သံသယ မဖြစ်နိုင်ဘူး။' ထို့နောက်သူက တောင်ကို အပြစ်ဖို့လိုက်၏။

'ဒီမိုင်းဟာ မကောင်းဆိုးဝါးတောင်ပဲ။ သူ့ကို စော်ကားရင် သူက ကျောက်တုံးတွေနဲ့ ခင်ဗျားကို ပစ်ပေါက်လိမ့်မယ်။ သူက အသက်ရှင်တဲ့တောင်လည်းဖြစ်တယ်။ ဒါနဲ့ ကျုပ် အဲဒီမိုင်းကို သေးနဲ့ပန်းခဲ့တယ်။ အဲသလိုလုပ်တာဟာ သူ့ကို စော်ကားလိုက်တာပဲ။ သူ့ကို ဆဲလိုက်တာပဲ' ဟုပြောသည်။

သို့သော် သူသည် မိုင်းကို အလေးအနက်ရှိသေပါသည်။ မိုင်းက ကျုပ်ကို သတ်ချင်တယ်ဆိုရင် သတ်နိုင်ပါတယ်။ ကျုပ် အပြင်ရောက်နေတာတောင် သတ်လို့ရပါတယ်' မိုင်းမှာ ပါဝါရှိတယ်ဟု သူ မှတ်ချက်ချခဲ့၏။ တခြားကယ်ဆယ်ရေးသမားများလည်း မီဒီယာအစည်းအဝေးပြီးသောအခါ မိုင်း၏ အဝင်ပေါက်သို့ လာခဲ့ကြသည်။ အပေါက်ဝတွင် မတ်တပ်ရပ်ရင်း ပါးစပ်ဟနေသောတွင်းဝကြီးကို စူးစိုက်ကြည့်ကြ၏။ ထို့နောက် ကျောက်ခဲလက်တစ်ဆုပ်စာမျှ ကောက်ယူပြီး အပေါက်ဝထဲသို့ ကျိန်ဆဲရင်း ပစ်ထည့်ကြလေသည်။ ခဏတော့ သူတို့ အနိုင်ရခဲ့ပြီ။

မိုင်းတွင်းမှာမူ ပြန်ပြောရန် အဖြေမရှိချေတကား။

■

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



## မျှော်လင့်ခြင်းအောင်ပွဲ

၂၀၁၀ ခုနှစ်၊ ဩဂုတ်လ ၅ ရက်နေ့က ဆန်ဂျိုးမိုင်းထဲသို့ လုပ်သား ၃၃ ဦးဝင်ရောက်ခဲ့ခြင်းသည် ကံကြမ္မာနှင့် နောက်ဆုံးမိနစ် ဆုံးဖြတ်ချက်တို့ ပေါင်းစပ်ထားခြင်းဖြစ်၏။ မာရီယိုဆီပူလ်ဗီဒါသည် အလုပ်သွားရန် ဘတ်စ်ကား လွတ်သွားခဲ့သည်။ ထိုမနက်က သူ လမ်းပေါ်မှာလျှောက်နေခဲ့သည်။ အလုပ်ရောက်ဖို့ နောက်ကျနေပြီ။ ဆင်မြူရယ်အေဗာလို့စ်ဆိုလျှင် မိုင်းလုပ်သားမဟုတ်ပေ။ သူက ချီလီမြို့ငယ်လေးတစ်မြို့မှာ ပင်လယ်စားပြများယူခဲ့သော ဓာတ်ပြားများကို လျှောက်ရောင်းသူဖြစ်သည်။ သူ၏ ဆွေမျိုးတစ်ယောက်က အလုပ်ကောင်းသည်ဆိုပြီး ဆန်ဂျိုးမိုင်းထဲသို့ ခေါ်လာခဲ့သည်။ ကားလို့စ်မာမာနီဆိုလျှင်လည်း ဆန်ဂျိုးမိုင်းထဲမှာ အလုပ်လုပ်ဖို့ စာချုပ်ခဲ့သူမဟုတ်။ သူ့သမီး အထွေးဆုံးလေးအတွက် အပိုငွေရရန် လာလုပ်ခြင်းသာဖြစ်သည်။


ဆန်ဂျိုးမိုင်းတွင် လုပ်သားတာဝန်အဆိုင်းပြောင်းတိုင်း အချိန်မရွေးပန်းခွေစွပ်ခြင်းခံရနိုင်သည့် ကမ္ဘာသို့ဝင်ခြင်းဟု သိထားကြ၏။ ပျောက်ဆုံးနေသော ၃၃ သည် ပုံမှန်အလုပ်ဆင်းနေကျလူများမဟုတ်ပေ။ သူတို့သည် တောင်မပြိုမီကပင် သားကောင်များဖြစ်ခဲ့သည်။

ယင်း ၃၃ ဦးအနက် မတော်တဆ ထိခိုက်မှုများသည် နေ့စဉ်လောင်းကစားမှုများ၏ အစိတ်အပိုင်းများဖြစ်၏။ လူတစ်ယောက်သည် မသေမပျောက်၊ မထိမခိုက်ဘဲ ၂၄ နာရီအဆိုင်းကို ပြီးအောင် လုပ်နိုင်ခဲ့လျှင် အမေရိကန် ၇၅ ဒေါ်လာရ၏။ တစ်ပတ်လုံးအသက်ရှင်အောင် ထိန်းနိုင်ခဲ့သော် ၅၂၅ ဒေါ်လာရမည်။ နေ့အပိုင်းကြေး၊ အိုဗာတိုင်ကြေးများနှင့် ပေါင်းလျှင်၊ တစ်လ ဒေါ်လာ ၂,၀၀၀ ရနိုင်သည်။ ဆန်ဂျိုးမိုင်းက အနီးအနားရှိ မိုင်းများမှာထက်

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

လက်စ်ဇီဂါ | အဲအဂီယယ်လ်ဟီကိုနာ | | | | နီဘာရီးယက်စ် | ကလော်ဒီယို



ယယ်လ်ဟာရီနာ | အီရီယယ်ဆီဂိုဗီးယား | အက်ဒီဆင်ပီနာ | အက်စ်တာဗင်ဆင်ရိုဂျက် | ဖလော်ရင်စီယိုအဗားလိုစ် | ဖရန်ကလင်လိုဘိုစ် | ဂျော့ဂျ်ဂယ်လီ



ဟင်နရီကွင် | ဂျိမ်မီဆန်ချက်ဇ် | ဂျွာယန်အဲလနိုဟာ | ဂျွာယန်ဒီလနိုစ် | ဂျင်ဒီဆန်ဂျုယ် | လူဝစ်အာဂူရာ | မာရီယို



ဆီပူလ်ဗီဒါ | အိုမာအာရီနီ | အော့စ်မင်အာရာယာ | ပါဘလိုရိုဂျက် | ပီဒရိုကော်တက် | ရေးလ်ဘက်ဘ်ပိုဗိုဒ် | ရေနန်



ရစ်ချာ့ဗီဗီယာကို | ဆင်မြူယယ်အေဗာလိုစ် | ဗစ်တာဆီဂိုဗီးယား | ဗစ်တာဇာမိုရာ | ယွန်နီဘာရီးယက်စ်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ခကို အကြမ်းအားဖြင့် ၃၀ ရာခိုင်နှုန်းပိုပေးသည်။

ဩဂုတ်လ ၅ ရက်နေ့ မိုင်းပြိုကျသောအခါ လူတွေသေလောက်၏။ တခြား အစုလိုက်အပြုံလိုက် တောင်ပြိုလျှင် အောက်၌ပိတ်မိနေပါက သေသည်ချည်းဖြစ်၏။

သို့သော် ဤအကြိမ် တောင်အက်ချိန်မှာ နေ့လယ်ထမင်းစားချိန်ဖြစ်ပြီး ဒုက္ခခိုလှုံရာနေရာကျယ်ကျယ်၌ ထမင်းစားဖို့ သွားရန်ပြင်ချိန်ဖြစ်ရာ သူတို့ အပိတ်ခံလိုက်ရသောအချိန်မှာ အစားအစာမရှိ။ လွတ်လမ်းမရှိ။

သူတို့ ၁၇ ရက်လုံးလုံး အစာငတ်ပြီး သေလုမျောပါးဖြစ်နေစဉ် သူတို့ကိုယ်သူတို့ ကျိန်ဆဲမိကြသည်။ တ ဖြည်းဖြည်းနှင့် သေခြင်းသို့ သွားနေရသောအခါ သူတို့သည် သူတို့ဘဝကို ပြန်လည်စစ်ဆေးချိန် ရခဲ့ကြသည်။ သူတို့ ကောင်းမှုလုပ်ခဲ့ခြင်းများ၊ ဆိုးရွားမှုများစသည်ဖြင့် မိသားစုများ၊ ပြန်တွေးချိန်ရကြသည်။ သူတို့က‌ား သားမယားနှင့် ကလေးများ၊ ချစ်သူရည်းစားများကို ထားရစ်ခဲ့ပြီး ဈေးပေါပေါ၊ လုပ်ခနည်းနည်းရရာသို့ ရောက်နေကြ၏။ တချို့က အရက်စွဲခဲ့သည်။ တချို့က ဆေးစွဲခဲ့သည်။ အုပ်စုထဲတွင် ကြင်နာမှုကို သတိမရနိုင်။

မိုင်းထဲ၌ အလုပ်လုပ်ခြင်းသည် မိမိကိုယ်မိမိ တိုးတက်အောင် လုပ်ခွင့်မရှိ။ နေ့စဉ်ထိရှမှုများသဖြင့် ၇ ရက်ကြာ လျှင် တခြားလုပ်ခနည်းသော အလုပ်သို့ပြောင်းရန် စဉ်းစားကြ၏။ သို့သော် ယခုပြဿနာတွင် ထူးထူးဆန်းဆန်း ဖြစ်ခဲ့ ပုံမှာ မိုင်းပိ၍ လူကြမ်းများဖြစ်သွားရမည့်အစား လူသားစိတ်ဓာတ်ကို ဆုပ်ကိုင်နိုင်ခဲ့ကြသည်။ ဤစိတ်ကို ဘယ်တော့မှ လည်း လွှတ်မချကြတော့ချေ။

ငါးသေတ္တာလေးတစ်ကောင်အတွက် ရန်ဖြစ်ရမည့်အစား လက်မတစ်ခုစာပဲရရ ခွဲဝေစားခဲ့ကြသည်။ ပဲတစ်ဖုံးကို တစ်အုပ်စုလုံးစားနိုင်အောင် လုပ်ခဲ့ကြသည်။ ရန်ဖြစ်နေမည့်အစား နေ့စဉ် အစည်းအဝေးလုပ်ပြီး အဓိကဆုံးဖြတ်ချက်ကို ချနိုင်ခဲ့ကြသည်။ ငြင်းခုံရင်း မဲပေးစနစ် လုပ်နိုင်ခဲ့သည်။ ဟာသလုပ်ခြင်းနှင့် ဒီမိုကရေစီသဘောတရားတို့က သူတို့အား မြေအောက်၌ ခေါင်းဆောင်နိုင်မှုကို ပေးခဲ့သည်။

မိသားစုများကလည်း ထိခိုက်မှုဖြစ်ပြီးနာရီပိုင်းအတွင်း ရောက်လာကြကာ ကိုးကွယ်မှုဆိုင်ရာ လုပ်ခဲ့ကြသည်။ နိုင်ငံရေးသမားများက မျှော်လင့်ချက်လုံးဝမလျှော့ဘဲ ဖြစ်နိုင်ခြေကို စုစည်းခဲ့ကြသည်။ လူတွေမသေသေးဟု နှလုံးသား နှင့် သိထားကြသည်။ တစ်ခုပဲ သံသယရှိ၏။ ဘယ်လောက်ကြာမလဲ ဆိုခြင်းပါ။

၁၀ ပတ်လုံးလုံး ၃၃ ယောက်တို့ စည်းလုံးစွာ တိုက်ပွဲဝင်ခဲ့ကြသည်။ မီတာ ၇၀၀ တောင်အောက်ထဲမှာ အသက်ရှင်ဖို့အတွက် အဖွဲ့အစည်းစိတ်ဓာတ်တည်ဆောက်ခဲ့ကြသည်။ ချီလီအစိုးရသည် ဈာပနအစီအစဉ်များနှင့် တောင် စောင်း၌ သေဆုံးသူများအမှတ်တရ လက်ဝါးကပ်တိုင်အဖြူများစိုက်ရန် ဒီဇိုင်းစဉ်းစားခဲ့ကြပြီ။ သမ္မတပီနာရာအား

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



စာရင်းတင်ပြရာတွင် အသက်ရှင်နိုင်သူ ၂ ရာခိုင်နှုန်းသာရှိမည်ဟု တွက်ချက်ခဲ့ကြသည်။

ယုံကြည်မှုနှင့် နည်းပညာတို့သည် အဆုံးစွန်စုစည်းကာ တောင်ကိုရွှေ့စေခဲ့သည်။ မိသားစုများ၊ မိုင်းလုပ်သားများ၊ ကယ်ဆယ်ရေးသမားများ၊ ကမ္ဘာ့မီဒီယာများသည် အားလုံးကောင်းစားရေးအတွက် အရည်အသွေးကို ပြသခဲ့ကြသည်။

ကယ်ဆယ်ရေးအတွက် ကုန်ကျစရိတ်မှာ နောက်ဆုံးတွက်ချက်မှုအရ ဒေါ်လာ သန်း၂၀ ဖြစ်၏။ လုပ်သားတစ်ဦးလျှင် ဒေါ်လာ ၆၀၀၀၀၀ ကျသည်။ တချို့ကိစ္စများအတွက် ဘီလ်စာရွက်များ မရောက်၍ တွက်ချက်ရာတွင် မပါပေ။ သတ္တုတွင်း ကုမ္ပဏီများဖြစ်သော Precision Drilling, Minera Santa Fe, Center Rock, Anglo American, Geotec, Codelco, Collahuasi စသည်တို့က မိမိတို့အိတ်ထဲမှ စိုက်ထုတ်ခဲ့ကြသည်။

ကယ်ဆယ်ရေး စတင်သောအခါ ဂျပန်၊ ကနေဒါ၊ ဘရာဇီးလ်၊ ဂျာမဏီ၊ တောင်အာဖရိက၊ အမေရိကန်ပြည်ထောင်စုတို့က အလှူများ ထည့်ဝင်ခဲ့ကြသည်။ ယူနိုက်တက်ပါဆယ်ဆားဗစ်က ကီလိုဂရမ် ၁၁၈၀၀ လေးသော တွင်းတူးကိရိယာကို အခမဲ့ပေးပို့ခဲ့သည်။ Oakley မှ နေကာမျက်မှန် ၃၃ စုံ ပေးပို့ခဲ့သည်။ ပင်ဆယ်ဗေးနီးယားမှ စက်ဆရာများ ကူညီသည်။ လုပ်သားတစ်ဦးအတွက် လူ ၃၀ မှ ၅၀ အချိန်ပြည့် ကယ်ဆယ်ရေး လုပ်ခဲ့ရသည်။ နေ့လယ်စာ စားချိန်များမှာဆိုလျှင် မျှော်လင့်ခြင်းစခန်းရှိ စားသောက်ခန်းတွင် ရေနံလုပ်သားများ၊ NASA မှ ဒေါက်တာများ၊ ချီလီမှ မီးသတ်သမားများ ကော်လိုရာဒိုမှ အတော်ဆုံး တွင်းတူးသမား စသဖြင့် လူအမျိုးစုံစွာ ပြည့်နှက်နေခဲ့သည်။

ဤပိတ်မိမှုနှင့်ပတ်သက်၍ သင်ခန်းစာယူရန်မေးသောအခါ ဆင်မြူရယ် အေဗာလို့စ်က အောက်ပါအတိုင်း ပြောခဲ့သည်။

'ကျုပ်တို့ဟာ စက္ကန့်နှင့်အမျှ အားနည်းခဲ့ကြတယ်။ အခုတော့ အားလုံးပြီးသွားပြီ။ ရှင်သန်မှု၊ ပျော်ရွှင်မှုတွေ အခုရလာပြီ။ ချက်ချင်းလေးပဲ။ အချိန်ပိုင်းလေးပဲ။ အစီအစဉ်တွေ အများကြီးမလုပ်ကြပါနဲ့။ ကျုပ်တို့ နေခဲ့ရတာနဲ့ယှဉ်ရင် ခင်ဗျားတို့ ပြဿနာဟာ သေးသေးလေးပါ။ ကျော်လွှားနိုင်အောင် အင်အားစုစည်းထားပါ။ တခြားလူတွေကို ကူညီနိုင်အောင် အမြဲစုထားပါ'

စိတ်ဓာတ်ကျနေသော လုပ်သားများနှင့် မိသားစုများသည် အဘယ်ကြောင့် ကြင်နာတတ်သော၊ စိတ်လှုပ်ရှားစွာသော ပညာအရည်အသွေးများ ပြသနိုင်ခဲ့သနည်း။ အဖြေမှာကား တချို့လူများသည် ပညာကောင်းစွာ တတ်သူများဖြစ်၏။ သူတို့အလုပ်၌ အောင်မြင်ပြီး မိသားစုကို အရည်အသွေးရှိအောင် လုပ်နိုင်ကြ၏ ဟူ၍ဖြစ်သည်။

၂၀၁၁ ခုနှစ်တွင် ကမ္ဘာ့ကုန်သွယ်ရေးစင်တာကို စစ်သွေးကြွအုပ်စုက တိုက်ခဲ့စဉ် တစ်ကမ္ဘာလုံး ချက်ချင်း အဆုတ်အဖြဲခံလိုက်ရသလို ဖြစ်ခဲ့ရ၏။ အကြောင်းပြချက်များ၏ အဆိုးဆုံးကား နားလည်မှုကို ဖျက်ဆီးခဲ့ခြင်းဖြစ်သည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



လူမျိုးရေးဝါဒ။

လူမျိုးစုအပေါ် သစ္စာရှိရေးဝါဒ။

ထိုအခါ ထိုစစ်သွေးကြွအုပ်စုနှင့် အမေရိကန်အကြား တစ်ကမ္ဘာလုံးဆိုင်ရာ သဘောတူညီမှု ပျက်စီးခဲ့သည်။ ဤတွင် ပြင်သစ်သတင်းစာ 'Le Monde' က ခေါင်းကြီးပိုင်းမှနေ၍ 'We are all Americans' ဟု ရေးခဲ့သည်။ ဤကား နိုပ်ကွပ်ရန် ကြေညာစာတမ်းပင်တည်း။ အရိုင်းကိုပို၍ ရိုင်းခြင်းဖြင့် တားဆီးရန်အချိန် ဖြစ်လာသည်။ 'ဂွမ်တာနာမို' စစ်စခန်းသည် အမှောင်ခေတ်အသစ်တစ်ခု၏ သင်္ကေတဖြစ်ခဲ့တော့သည်။

ချီလီသတ္တုတွင်း ကယ်ဆယ်ရေးကား ၉/၁၁ (စက်တင်ဘာ ၉ရက်) ကို ဆန့်ကျင်ခြင်းတည်း။ လူသားတို့၏ ကြင်နာမှု၊ ညီအစ်ကိုဖြစ်မှု၊ ကမ္ဘာ့ရွာကြီးဖြစ်မှုတို့ကို တည်ဆောက်ခြင်းတည်း။ ချီလီမိုင်းသတင်းသည် တခြားစစ်သတင်းများ၊ လူသတ်ပွဲသတင်းများ၊ ရာသီဥတု ပြင်းထန်မှုသတင်းများကို ကျော်လွှမ်းခဲ့သည်။

BURMESE CLASSIC

ချီလီသတ္တုတွင်း အလုပ်သမားများကို တစ်ကမ္ဘာလုံးက ပွေ့ဖက်ခဲ့ခြင်းသည် ကမ္ဘာ့အရေးဖြစ်ခဲ့သည်။ ပိတ်မိသူများ၏ ကြမ္မာသည် ကမ္ဘာ့ကြမ္မာဖြစ်ခဲ့သည်။ နှစ်စဉ်နှစ်တိုင်း ထောင်ပေါင်းများစွာသော သတ္တုတွင်းအလုပ်သမားများ တွင်းပိပြီး သေခဲ့ကြသည်။ ကယ်နိုင်သည်က ရာဂဏန်းမျှသာဖြစ်၏။ ကမ္ဘာ့သတင်းစာများသည် ကမ္ဘာ့ကောင်းသတင်း ဖာတ်လမ်းများကို မပြတ်စေခဲ့ချေ။ အယ်ဒီတာများ၊ သတင်းထောက်များက ရှာဖွေရန် အချိန်ယူနိုင်လျှင် သူရဲကောင်းများကို တွေ့နိုင်ပါသည်။ ဝေဖန်ရေးဆရာများက 'The Age of Terror' (ကြောက်မက်ဖွယ်ခေတ်) ဟု ခေါ်ခဲ့သော အဖြစ်၏ ဆယ်စုနှစ်ဖြစ်ခါနီးတွင် ၂၀၁၀ ဩဂုတ်လ၌ ကမ္ဘာကြီးသည် မျှော်လင့်ချက်ကို ဆာလောင်နေသည်ဟု ထင်ရ၏။ သို့သော် လူ ၃၃ ဦး၏ ရဲရင့်မှု၊ ကယ်ဆယ်ရေးသမားများ၏ ကြင်နာမှု၊ အတူတကွ ခိုင်မာစွာ ပူးပေါင်းမှုများ က ကမ္ဘာကြီးကို အတူတွဲစေခဲ့ပါပြီ။

အနည်းဆုံး ခဏလောက်တော့ ကျွန်ုပ်တို့ ပြောနိုင်ပါပြီ။ 'We are all Chilean'

■

www.burmeseclassic.com

www.burmeseclassic.com

THE REAL LIVES®
REAL STORIES

## သာမန်ထက် ပိုမိုထူးခြားတဲ့ စိတ်ဝင်စားဖွယ် ဘဝဖြတ်သန်းမှုအတွေ့အကြုံများနဲ့ အမှန်တကယ် ဖြစ်ရပ်စာမူများအလိုရှိ သည်။

ကျွန်တော်တို့တင်ဆက်နေတဲ့ Real Lives, Real Stories (ဖေဖော်ဝါရီ-ဧပြီ-ဇွန်-ဩဂုတ်-အောက်တိုဘာ-ဒီဇင်ဘာ) စာအုပ်စီးရီးအတွက် သာမန်ထက်ပိုမို ထူးခြားတဲ့စိတ်ဝင်စားဖွယ် ဘဝဖြတ်သန်းမှု အတွေ့အကြုံများနဲ့ ဖြစ်ရပ်မှန်စာမူများ အလိုရှိပါတယ်။ သင့်ပတ်ဝန်းကျင်မှာ ဖြစ်ပျက်ခဲ့တဲ့ ဒါမှမဟုတ် ဖြစ်ပျက်နေတဲ့ စိတ်ဝင်စားဖွယ် ဖြစ်ရပ်တွေနဲ့ အတွေ့အကြုံတွေကို ဖေါ်ထုတ်ပြီး ရေးသားပေးပို့နိုင်ပါတယ်။

ကျွန်တော်တို့လိုချင်တာက.

(၁) အမှန်တကယ်ဖြစ်ရပ်တွေနဲ့ အတွေ့အကြုံတွေပဲ ဖြစ်ရမယ်။ (၂) သာမန်ထက်လဲ ထူးခြားပြီး စိတ်ဝင် စားဖွယ် ဖြစ်ရမယ်။ (၃) ရသမြောက် ရေးဖွဲ့တင်ပြ နိုင်ရမယ်။ (၄) အတွေးအခေါ်တွေပါရမယ်၊ ရုန်းကန် ဖြတ်သန်းနေတဲ့ဘဝတွေနဲ့ စိတ်ခံစားမှုတွေ ထင်ဟပ်မှု ရှိရမယ်။ (၅) ဟာသဘဲဖြစ်စေ၊ ဂမ္ဘီရပဲဖြစ်စေ၊ ဝိဉာဉ်လောကပဲဖြစ်စေ၊ ရှေ့နေလောက၊ ကားသမား လောကထဲက ဖြစ်စေ၊ အကျဉ်းထောင်တွင်းက စိတ်ဝင်စားဖွယ်အကြောင်းပဲ ဖြစ်စေ၊ ဘာပဲဖြစ်စေ ဖြစ်ရပ်မှန်ဖြစ်ဖို့ပဲ လိုအပ်ပါတယ်။ (၆) ဖြစ်ရပ်မှန်ဖြစ်ကြောင်း ဝန်ခံချက်တော့ ပါရှိရမယ်။ (၇) ရွေးချယ်မှုမခံရတဲ့ စာမူများကို ပြန်လည်ပေးပို့မှာ မဟုတ်ပါ။

## စာမရေးတတ်ပေမယ့် သင့်မှာသာမန်ထက် ထူးခြားတဲ့ အတွေ့အကြုံတွေ ရှိနေတယ်ဆိုရင်လဲ

သင့်မှာပြောပြစရာ သာမန်ထက်ထူးခြားတဲ့ စိတ်ဝင်စားဖွယ်ဖြစ်ရပ်တွေ၊ အတွေ့အကြုံဆန်းတွေ၊ ရယ်စရာ ဟာသတွေရှိနေတယ်ဆိုရင် ကျွန်တော်တို့ကိုပြောပြဖို့ စိတ်ဝင်စားတယ်ဆိုရင် ကျွန်တော်တို့ထံ ဆက်သွယ်နိုင်ပါတယ်။

## ကျွန်တော်တို့နှင့်အတူ လက်တွဲဆောင်ရွက်လိုတဲ့ တက်ကြွဖြတ်လတ်တဲ့ လူငယ်စာရေးဆရာများ ဆက်သွယ်ပါ။

BURMESE CLASSIC

လိုအပ်တာက

(၁) စာဖတ်ဝါသနာပါသူဖြစ်ရမည်။ (၂) အခြေခံ သတင်းအမြင်လည်းရှိရမယ်။ (၃) အင်တာဗျူးမေးခွန်းများကိုလည်း တည်ဆောက်နိုင် ရမယ်။ (၄) ဒါ့အပြင် ရသမြောက်စာမူကိုလည်း ရေးဖွဲ့နိုင်ရမယ်။ (၅) ကျွန်တော်တို့သတ်မှတ်ပေးမယ့် assignment အင်တာဗျူးများကို တွေ့ဆုံမေးမြန်းပြီး ရသမြောက်စာမူအဖြစ် ပြောင်းလဲတင်ဆက်နိုင်သူလည်း ဖြစ်ရမယ်။ (၆) မိမိကိုယ်တိုင် ရေးဖွဲ့ထားတဲ့ ရသမြောက် အမှန်တကယ် ဖြစ်ရပ်စာမူတစ်ပုဒ်နှင့်အတူ (ဆက်သွယ်ရန်လိပ်စာအပြည့်အစုံဖြင့်) ကျွန်တော်တို့ထံ ပေးပို့ပြီး ဆက်သွယ်ပါ။

---

**ဆက်သွယ်ရန်လိပ်စာ**


■ ၉၂ Avenue ၊၁၀-ခ၊ မဂ္ဂင်လမ်း၊
၁၄ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊
၀၉-၅၀၀-၈၇၂၇၊ ၀၉-၅၀၁-၀၈၅၁

**အသေးစိတ်သိချင်ရင်**
၀၉-၅၀၀-၈၇၂၇ သို့ ဆက်သွယ်မေးမြန်းနိုင်ပါတယ်။

the bookhouse
၀၉ ၅၀၀ ၈၇၂၇

www.burmeseclassic.com

www.burmeseclassic.com




■ ဆိတ်ကျောင်းရင်းနဲ့ ဆိတ်ရောင်း၊ ဆိတ်သတ်ပြီးတော့ ဆိတ်ဝင့်လည်ခဲ့တဲ့ ကိုဖိုးဆိတ်

■ နေမျိုးဆေးရဲ့ ရင်တွင်းရတနာသုံးခု (သို့မဟုတ်) ပန်းချီ-ဒီဇိုင်း-decoration

■ MRTV - 4 ၏ အစီအစဉ်တင်ဆက်သူ ဇင်အောင် ဒါမှမဟုတ် ငယ်ဘဝ အိပ်မက်များကိုအကောင်အထည်ဖော်ခဲ့သူ

■ မြန်မာ့သိုင်းဆရာကြီး မင်းယက္ခနှင့် သူပြောပြတဲ့ မြန်မာ့သိုင်းလောက

■ ထောင်ဒဏ် နှစ် ၁၈၀ ကျခံရသည့် အကျဉ်းသားတစ်ဦး

■ အဖေကို အဖေလို့ မခေါ်ခဲ့ဘူးသူ ဒဂုန်တာရာနှင့် ကဗျာဆရာတစ်ဦး၏ ငယ်ဘဝ

■ ဆရာထက်မြက်၏ ကျွန်တော်သိသော အင်းစိန်ထောင်

■ တိုးရစ်ဂိုက်တစ်ဦး၏ဘဝနှင့် ကမ္ဘာလှည့် ခရီးသွားလောကမှ ကိုယ်တွေ့အဖြစ်များ

၂၀၁၂၊ ဧပြီလ၊ ၃၀ရက်နေ့ ထွက်ပြီ

volume - 8




■ နောက်ဘဝသာရှိခဲ့လျှင် ယောကျ်ားလည်း မဖြစ်ချင်ဘူး၊ မိန်းမလည်း မဖြစ်ချင်ဘူး၊ ဒီဘဝလို မိန်းမလျှာပဲ ဖြစ်ချင်တဲ့ နာမည်ကျော် မိတ်ကပ်ပညာရှင် ခင်စန်းဝင်း

■ ပင်လယ်ကြီး ရှိနေသရွေ့ ပင်လယ်ကြီးကို အိမ်လုပ်မည့် ပင်လယ်လုပ်သားများ

■ ဟစ်ဟော့(ပ်) အဆိုရှင် ရသပြောတဲ့ ယနေ့ခေတ်လူငယ်တစ်ယောက်၏ ခံယူချက်၊ ခံစားချက်

■ ထောင်မှူးဟောင်း တစ်ယောက်ရေးတဲ့ ထောင်ထဲက လူမိုက်များ

■ မြောက်ဦးမြို့အနီး ချင်းရွာမှ ဥရောပ ပုံစံတူကလေးများ ■ ရာဟုလာကို ရုပ်ရှင်ရိုက်ပြတဲ့ ရှင်ဒေဝီ

■ ဒေါက်တာအောင်ကျော်မြင့်၏ သူငါပျော်ဖို့ ဘူတာကျော်ကျော် ■ ချောက်မြို့က မြင်းလှည်းနံပါတ် ၇၂

■ စာရေးဆရာမ ခွေကူမနှင်းရဲ့ ဘာသာပြန်စာရေးဆရာ တစ်ယောက်၏ မြေလှမ်းများ

၂၀၁၂၊ ဇွန်လ၊ ၃၀ရက်နေ့ ထွက်မည်

volume - 9

www.burmeseclassic.com